
NEW IDEA
စိတ်ကူးသစ်တပေ
နေစိုးသော်
ရှေ့ နေ မ လေး မေဝံရှား နှင့်
ဘဏ္ဍပ်ပြောက် ဘဏ္ဍားဆုတ်
သေနှစ်မှားသောဏား




## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော၊ ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၈၀၇၁၁၀၈
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၇၄၉၁၂၀၈

■

စီစဉ်သူ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ၂၀၀၉၊ ဇန္ဓဝါရီလ
အုပ်ရေ ၅၀၀
မျက်နှာဖုံး မြတ်မင်းဟန်
ကွန်ပျူတာစာစီ *Welfare*
အတွင်းဖလင် *Quality*

■

ပုံနှိပ်သူ
ဦးမန်းနော်တင် (ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

ထုတ်ဝေသူ

ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး – ၂၅၀၀ ကျပ်

# အပိုင်း(၁)

ငွားငွားစွင့်စွင့်ပွင့်ဖူးစ အလှဆုံးပန်းကလေးတစ်ပွင့်..။
ပန်းခြွေမုဆိုး၏ လက်ကြမ်းကြီးက ရဲရဲတင်းတင်း ခူးခြွေလိုက်သည်။
ပြီးတော့..
အာသာငမ်းငမ်း ဟမ်းတမ်းမက်မက် နမ်းရှိုက်လိုက်သည်။
နောက်ပြီးတော့..
မြေပေါ်ကို ပစ်ချလိုက်သည်။
ထို့နောက်တွင်..
မြေပြင်ပေါ်မှ ပန်းကလေးကို ခြေဖြင့်နင်းခြေလိုက်သည်။
ပန်းကလေး၏ဘဝကား..။

❦ ❦ ❦ ❦ ❦



မှောင်နေပြီ..။
မှောင်သည်မှ ညဉ့်ကိုးနာရီထိုးတော့မည်။
ဦးထွေး နေမထိထိုင်မသာ ဖြစ်နေရလေပြီ။ အိမ်ဝမှထွက်မျှော်လိုက်၊ အိမ်ထဲပြန်ဝင်လိုက်၊ ထိုင်၍မနေနိုင်သဖြင့် အိမ်ရှေ့ပြန်ထွက်လိုက်၊ လမ်းပေါ်ကို မျှော်ကြည့်လိုက်..။
ရင်ထဲမှာ ပူနေသည်။ စိုးရိမ်ကြောင့်ကြနေသည်။
သမီးလေး ဘာဖြစ်နေသလဲ။
ဘာကြောင့် ခုထိ ပြန်မရောက်သေးတာလဲ။
ခါတိုင်း သည်လိုနောက်ကျလေ့မရှိ။ သည်လိုလည်း မိုးချုပ်အောင် အပြင်မှာနေတတ်သောဇလေ့ သမီးလေးမှာ မရှိ။
သမီးလေး အန္တရာယ်တစ်ခုခု ရှိနေပြီလား။
"မဖြစ်ဘူး..။ သီတာ့ကို သွားမေးမှပါပဲ"
ဦးထွေး ဆုံးဖြတ်ချက်နှင့်အတူ အိမ်ပေါ်မှဆင်းလိုက်သည်။ တံခါးကို သော့ခတ်ရင်း..
"မလှမြင့်ရေ.. ကျွန်တော် သမီးလေးကို သွားကြို့လိုက်ဦးမယ်။

ကျွန်တော်နဲ့လွဲပြီး သူပြန်ရောက်လာရင် ခဏခေါ်ထားပေးပါ''

ခြေရင်းအိမ်မှ မလှမြင့်ကို အော်၍မှာသည်။

''ဟုတ်ကဲ့ အစ်ကိုကြီး..။ စိတ်ချပါ''

ဦးထွေး ခြံဝိုင်းလေးထဲမှ အလောတကြီးထွက်သွားသည်။

လောကမှာ အဖေတစ်ခု၊ သမီးတစ်ခု နေကြသည့်ဘဝ။

သူ့အမေက သမီးလေးမွေးဖွားပြီး မကြာခင်မှာပင် လူ့လောကကို ကျောခိုင်းသွားခဲ့သည်။ သည်တော့ မွေးကင်စကလေး ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ်မှ စတင်၍ ဖခင်ဖြစ်သူ ဦးထွေး ပြုစုပျိုးထောင်လာရသည်။

ယခု ပျိုဖော်ဝင်နေပြီ။

သမီးလေးအတွက် ငဲ့ညှာပြီး ဦးထွေး နောက်အိမ်ထောင်မထူခဲ့။ သမီးလေး၏မိခင်နေရာကို အစားမထိုးခဲ့။ တစ်နည်းအားဖြင့် သမီးလေးကို ဖခင်လိုရော၊ မိခင်လိုပါ ချစ်ခဲ့ရသည်။ မိမိအချစ်၊ မိမိဘဝကို သမီးလေးအတွက်ပဲ ထားခဲ့သည်။ အခြား မည်သူ့ကိုမှ မိမိအချစ်၊ မိမိဘဝကို ဖဲ့မပေးနိုင်။ မိမိနှင့် သမီးလေးကြားသို့ မည်သူမျှ အဝင်မခံနိုင်။

သမီးလေးကလည်း လိမ္မာရေးခြားရှိလှသည်။ ကျောင်းစာမှာလည်း တော်လှသည်။ အနေအထိုင်လည်း ပိရိသည်။ ဖခင်ကိုသိတတ်သည်မှာလည်း မပြောနှင့်။ ပြုစုသည်မှာလည်း အစွမ်းကုန်။

ဖခင်အလုပ်မှပြန်လာလျှင် ထမင်းပွဲက အသင့်။ ထမင်းစားပြီးလျှင် ဖခင်ကို နင်းနှိပ်ပေးသည်။ အိပ်ရာခင်းပေးသည်။ နောက်နေ့မနက် ဖခင်အိပ်ရာထလျှင် စားဖို့ရာအသင့်။ အလုပ်ကို ယူသွားဖို့ ထမင်းချိုင့်အသင့်။ ဝတ်ရန် အဝတ်အသင့်။

''သမီးလေး..ဖေကြီးအတွက် ပင်ပန်းနေပြီကွယ်''

''အို..ဖေကြီးကလည်း။ ဘာပင်ပန်းစရာရှိလဲ။ သမီးမှာ ချစ်ဖို့၊ ပြုစုဖို့ ဒီအဖေပဲရှိတာ''

''သမီးလေး လိမ္မာလို့ ဖေကြီး စိတ်ချမ်းသာလှပါတယ်။ ဒါပေမဲ့ သမီးလေးရဲ့ဘဝကို တင့်တင့်တယ်တယ်၊ လှလှပပ မထားပေးနိုင်တာ ဖေကြီး စိတ်မကောင်းပါဘူးကွယ်''

''အဲဒီလိုမပြောပါနဲ့ ဖေကြီးရယ်။ ဖေကြီး သမီးကိုချစ်တဲ့ အချစ်တွေနဲ့ပဲ သမီးဘဝ လုံခြုံနွေးထွေးနေပါပြီ။ သမီး ပျော်လည်း အရမ်းပျော်ပါတယ်။ သမီးအနေနဲ့ကတော့ ချမ်းသာတယ်လို့ ထင်တာပဲ''





''ပြောတတ်လိုက်တာ သမီးလေးရယ်။ ဖေကြီး စိတ်ချမ်းမြေ့အောင် ပြောတတ်တယ်''

အပြောနှင့်အလုပ် ညီလှသော သမီးကလေး။

ချို့ငဲ့သောဘဝမှာ တစ်စက်မညည်းညူခဲ့။ ဖခင်ကြီးကို ပြုစုရင်း ကျောင်းတက်ပြီး ပညာရည်နှို့ သောက်စို့သည်။ ယခု နဝမတန်းပင်ရောက်နေပြီ။ သူ့ခများ အဝတ်အစားလှလှတွေဝယ်ဖို့ ဖခင်ကို မပူဆာဖူးခဲ့။ အပျော်အပါးတွေကို မတောင်းဆိုဖူးခဲ့။

ဦးထွေးက လက်သမားအလုပ်ဖြင့်သာ အသက်မွေးရသည်မို့ သမီးလေးပညာရေးအတွက်လည်း များစွာမပံ့ပိုးနိုင်ခဲ့။ သမီးလေးကို ကျူရှင်လခပင်မတတ်နိုင်၍ ကျူရှင်မထားနိုင်ခဲ့။ သို့သော် သမီးလေးကိုချစ်သော ကျောင်းမှ ဆရာ၊ ဆရာမများ သမီးလေးကို ခေါ်ယူစာသင်ပေးခဲ့သည်။

ယနေ့လည်း ဆရာမသင်သော အင်္ဂလိပ်စာသင်ယူရန် သမီးလေးသွားသည်တဲ့။ သမီးလေးမှာခဲ့၍ ခြေရင်းအိမ်မှ မလှမြင့်က ပြောသည်။

သို့သော် ယခုအချိန်ထိ သမီးလေးပြန်ရောက်မလာ။

''သမီးလေး လူဆိုးသူခိုးများနဲ့ မတွေ့ပါစေနဲ့။ အန္တရာယ်မကြုံတွေ့ပါစေနဲ့''

ပူလောင်သောရင်ဖြင့် ဆုတောင်းရင်း ခြေလှမ်းများက အပြေးတစ်ပိုင်းနှင်လျက်ရှိ၏။ မျက်လုံးများကလည်း လမ်းတစ်လျှောက် မျှော်ကြည့်လျက်..။

သည်ညမှ မီးကလည်း မလာ။

လမ်းတစ်လျှောက်လုံး အမှောင်..။ အိမ်များမှ ဖြာကျလာသော အလင်းတချို့သာ လမ်းပေါ်မှာ ပြောက်တိပြောက်ကျားကျလျက်ရှိ၏။

အို..လမိုက်ညပါတကား။

❦ ❦ ❦ ❦ ❦

မီးခိုးရောင်ပါဂျဲရိုးကားပေါ်၌ သောင်းထိုက်သည် ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်လျက်ရှိသည်။

လူက ငြိမ်သက်တိတ်ဆိတ်နေသော်လည်း စိတ်တို့က တုန်လှုပ်ချောက်ချားလျက်ရှိ၏။ မျက်နှာ၌ သွေးမရှိသလို ဖြူရော်နေပြီး ချွေးစေးတွေပြန်နေသည်။ မျက်လုံးများမှာ စိုးရိမ်ကြောက်လန့်ခြင်းများဖြင့် ဂနာမငြိမ်ဖြစ်နေ၏။ သူ့ရင်ခုန်သံ သူပြန်၍ကြားနေရသည်။ ရထားကြီး အရှိန်ပြင်းစွာ မောင်းခုတ်နေသည့်ပမာ။

ဂိုဒေါင်တံခါး ပွင့်လာ၏။

အတွင်းမှ ရဲကောင်းမြတ်ထွက်လာသည်။

အစာဝသောကျား။ ဝတ်ရည်ကို တစ်ဝကြီးသောက်ထားသည့် ပျားပိတုန်းအပြိုးက ရမ္ဗက်ငွေ့များ မပြယ်သေး။ မျက်လုံးတွေက ဘီယာရှိန်များနှင့် ရာဂအရှိန်များဖြင့် နီနေဆဲ။ အဆီတွေဝင်းပြန်နေသည့် မျက်နှာကြီးက စပ်ဖြီးဖြီးနှင့်။

"ဟေ့ကောင်.. မင်းကို အလှည့်ပေးမယ်"

ကားနားကိုကပ်၍ ရဲကောင်းမြတ်ပြောသည်။





"ဟာ.. ငါ.. ငါ.. မလုပ်ဘူး.. မဖြစ်ဘူး"

သောင်းထိုက် လက်ခါခါ၊ ခေါင်းခါခါ ငြင်းသည်။

"ဟား.. ဟား.. အတော်တုံးတဲ့အကောင်။ မင်း ယောကျ်ားမှ ဟုတ်ရဲ့လားကွာ သောင်းထိုက်ရာ။ ဒါမျိုးက ပိုက်ဆံရှိလို့တောင် ဝယ်လို့ရနိုင်တာမျိုးမဟုတ်ဘူး။ အသစ်စက်စက်လေး..။ ယင်ဖိုကောင်မသမ်းဖူးတဲ့ဟာလေးကွ။ ဟား.. ဟား.. ဟား.. အပြတ်မိုက်တယ်ကွာ"

ရဲကောင်းမြတ်အသိစိတ်တွေကို တဏှာဖုံးနေပြီဟု သောင်းထိုက်ကတွေးသည်။

"သူ သတိရနေလား"

တုန်တုန်ရင်ရင်ဖြင့် သောင်းထိုက်မေးသည်။

"မရသေးဘူး။ မေ့ဆေးရှိန်က နာရီဝက်လောက်နဲ့ ပြယ်ဦးမယ်မထင်ဘူး"

"ပြဿနာနော် ရဲကောင်းမြတ်..။ ပြဿနာ.."

"ပြဿနာ.. ဘာပြဿနာလဲ.. ဘာပြဿနာလဲ..။ ငါ့အဖေ ဘယ်သူလဲ မင်းသိတယ်။ ဒါနဲ့ရှင်းလိုက်ရင် ဘာဖြစ်မှာလဲ"

ရဲကောင်းမြတ်က ရင်ကိုကော့လျက် လက်ညှိုးနှင့်လက်မကို ဝိုင်းပြသည်။ 'ငွေ' ဟူသည့်သဘော။

"မင်းထင်သလို မလွယ်ဘူးထင်တယ်"

"ဟေ့ကောင်.. မိန်းမလျာ၊ အခြောက်၊ လုံးပြား..။ အဲဒါတွေ ခေါက်ထားလိုက်စမ်း။ ပြော.. မင်းအလှည့်။ ယူမှာလား"

"ဟင့်အင်း.."

"ကောင်းတယ်..။ ငါလည်း သူ့ကို မင်းကိုမပေးချင်ပါဘူးကွာ။ ငါ့အသည်းလေးပါ။ ဟဲ.. ဟဲ.. ဟဲ.. မာနခဲလေးမို့သာ ခပ်ကြမ်းကြမ်းဇာတ်ထမ်းလေး က,လိုက်ရတာ"

"ရဲကောင်းမြတ်"

"ဘာလဲ"

သောင်းထိုက်က ချီတုံချတုံ တုံ့ဆိုင်းဆိုင်းရှိနေပြီးမှ..

"သူသတိရလာရင် ဘယ်လိုလုပ်မလဲ"

မေးသည်။

"မရသေးပါဘူးကွာ"

"ဟာ.. ငါပြောတာ အဲဒီလိုမဟုတ်ဘူး။ ငါတို့ သူ့ကို မေ့ဆေးနဲ့အုပ်ပြီး ဖမ်းခေါ်လာတာ မှန်ပေမယ့် မင်းတို့၊ ငါတို့ဆိုတာ သူသိနေတယ်။ သူ သတိပြန်ရလာရင် မင်းနဲ့ငါ့ကို ဖော်မှာပဲ။ ငါတို့တော့ ထောင်ထဲဝင်ကိန်းပဲ"

"ဟေ့ကောင်.. မင်းအမူးပြေသွားပြီလား။ အမူးပြေသွားလို့ ကြောက်စိတ်ဝင်လာတာလား။ ထပ်ချမလား"

"မချဘူး..။ ငါတော့ ကြောက်နေတာ အမှန်ပဲ"

ရဲကောင်းမြတ်က ကျွတ်ခနဲအသံပြုသည်။

စိတ်ပျက်စွာသော မျက်လုံးများဖြင့် ကြည့်သည်။

"ငတုံး.. လုံးပြား..။ မင်း ငါ့သူငယ်ချင်းလုပ်ဖို့ မကောင်းဘူး ဒီမှာကြည့်..။ ရဲကောင်းမြတ်တို့က ဒါမျိုးရိုးနေပြီ။ ဖြစ်လာတာကို ရှင်းရဲမှ သူရဲကောင်းကွ။ သူ ငါတို့ကို သိတယ်။ သတိရလာရင် ငါတို့ သူ့ကို မတရား ကျင့်ပါတယ်လို့ တိုင်နိုင်တယ်။ ဒီတော့ မတိုင်နိုင်အောင် လုပ်ရမှာပေါ့ကွာ"

"ဟာ.. မင်း.. မင်း.. ဘာထပ်လုပ်ဦးမှာလဲ"

သောင်းထိုက် အကြီးအကျယ်တုန်လှုပ်သွားသည်။

"ရှင်းပစ်ရမှာပေါ့ကွ"

ရဲကောင်းမြတ်က လက်ဝါးစောင်းဖြင့် လေထဲတွင် ဝှစ်ခနဲလုပ်ပြ၏

"မ.. မလုပ်ပါနဲ့ကွာ။ ပြဿနာပိုကြီးသွားမယ်"

"ဒါဖြင့်.. မင်း မုဒိမ်းမှုနဲ့ ထောင်ထဲဝင်မလား"

"ဟာ.. ငါမပါဘူးလေကွာ"

"မင်းမပါလို့ ရမလား။ သူ့ကိုခေါ်လာတာ မင်းနဲ့ငါ အတူတူ မင်းကိုလည်း သူမြင်တာပဲ။ သိနေတာပဲ။ မင်း သူ့ကို ဘယ်လိုငြင်းမလဲ"

သောင်းထိုက် ပါးစပ်ကြီးဟောင်းလောင်းဖြစ်နေပြီး စကားသံက ထွက်မလာ။

ရဲကောင်းမြတ်က သောင်းထိုက်၏ပခုံးကို ပုတ်လိုက်သည်။ ရယ်၍..

"ကဲပါကွာ..။ မင်းလည်း ငါ့အမှုတွဲထဲ ပါနေပါပြီ။ သူတော်ကောင်း စိတ်တွေ ဝင်မနေနဲ့တော့။ အဲ.. မင်းသတ္တိကြောင်နေရင်တော့ အသာပဲနေ ငါ့ဘာသာပဲ အားလုံးရှင်းမယ်။ တစ်ခုပဲ.."

သောင်းထိုက်က ရဲကောင်းမြတ်၏လက်ညှိုး သူ့မျက်နှာရှေ့တွင် ဝဲလာသည်ကို ပြူးကြောင်ကြောင်ဖြင့် ကြည့်နေ၏။

ရဲကောင်းမြတ်မျက်လုံးတွေ အနီရောင်ထဲမှာ အစိမ်းတွေယှက်ဖြ





နေ၏။

"ပါးစပ်တော့ ပိတ်ထား"

ရဲကောင်းမြတ်စကားလုံးတွေက မာ၏။ တောက်၏။ ပြတ်၏။

"မပိတ်ရင်တော့ မင်းလည်း သူ့နောက်လိုက်ရမှာပဲ"

"ဟာ.. ငါ.. ငါ.."

ရဲကောင်းမြတ်က လက်ကာပြီး ဂိုဒေါင်တွင်း ပြန်ဝင်သွားသည်။

သောင်းထိုက် မတားလိုက်နိုင်။

တကယ်ဆို တားလည်းမတားရဲ။ အမေပြောဖူးသည်။ အပေါင်းမှားရင် ခေါင်းပြားမယ်ဟူသော စကားကို ဖျပ်ခနဲသတိရလိုက်၏။

မှားခဲ့ပြီ..။

မိမိမကျူးလွန်သော်လည်း မပြေးသော် ကန်ရာရှိခဲ့ပြီ။

ယခုအချိန်မှာ ရုန်းထွက်၍မရတော့။

ပြီးတော့..

ရဲကောင်းမြတ်၏စက်ကွင်းက သူမည်သို့ရှောင်ပြေး၍ ရနိုင်ပါမည်နည်း။

ရဲကောင်းမြတ်၏စကား အနံအလျားက ကျယ်ပါဘီ။

"ပါးစပ်မပိတ်ရင်တော့ ငါ ကောင်မလေးနောက် လိုက်ရမှာပဲ။ ဘုရား.. ဘုရား.."

ခလုတ်ထိမှ အမိတ၊ သေမင်းတွေ့မှ ဘုရားတ၊ လူမိုက်နောင်တနှောင်းလေစွတည့်။

❦ ❦ ❦ ❦ ❦

# ၄

"ဆရာမဆီကနေ သမီးနဲ့သူ အတူတူပြန်လာတာ ဦးလေး။ မိုးချုပ်ခါစလေးပဲရှိသေးတယ်။ မှောင်တောင် သိပ်မမှောင်သေးဘူး။ လမ်းဆုံကျမှ သူနဲ့သမီး လမ်းခွဲခဲ့တာ။ သမီးကတောင် အိမ်ကောင်းကောင်းပြန်၊ ဟိုခြံဝင်စား၊ ဒီခြံဝင်စား မလုပ်နဲ့လို့ နောက်လိုက်သေးတယ်"

"ဟင်.."

သီတာ၏စကားက ဦးထွေးရင်ကို မီးစနှင့်ထိုးလိုက်သည်သို့ဖြစ်သည်။ ပူခနဲ.. စူးခနဲ..။

မိုးချုပ်ခါစကနေ ယခုအချိန်အထိဆိုလျှင် သုံးနာရီခန့်ရှိနေပြီ။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်ဖြင့် ရောက်နိုင်သော အိမ်ပြန်ခရီးမှာ အဘယ့်ကြောင့် ဤမျှကြာနေပါသနည်း။

"သေ.. သေချာတယ်နော် သမီး"

"သေချာတယ် ဦးလေး"

"သူ့အမူအရာက ထူးခြားနေတာတွေ၊ ဘာတွေ ရှိလားဟင် သမီး၊ သမီးသတိထားမိလား"

သီတာ့မေမေက စိတ်ပူစွာ ဝင်မေးသည်။





"ဘာမှထူးခြားမှုမရှိဘူး မေမေ။ ခါတိုင်းလိုပါပဲ။ ပြုံးလို့ ပျော်လို့ပါပဲ။ အိမ်မှာ ဖေကြီးများ ရောက်နေနှင့်မလားမသိဘူး၊ မြန်မြန်ပြန်မယ်လို့တောင် ပြောသွားပါသေးတယ်"

"ဒါဆို လမ်းမှာများ တစ်ခုခုဖြစ်နေပြီလား မသိဘူးနော်"

သီတာ့မေမေ၏စကား..။

"ဒုက္ခပါပဲ။ ကဲ.. ဦးလေးအိမ်ပြန်မယ်။ အိမ်မှာများ ပြန်ရောက်နေလား မသိဘူး။ ပြန်မရောက်ရင်တော့ ရဲစခန်းကို တိုင်ရမှာပဲ"

"သမီးပါလိုက်ခဲ့မယ် ဦးလေး။ သမီးလည်း သူ့အတွက် စိတ်ပူတယ်။ မေမေ.. သမီးခဏလိုက်သွားမယ်နော်"

"အေး.. အေး.. သွား.."

သီတာ့မေမေက သမီးချင်းစာနာစွာ မျက်နှာအပျက်ပျက်နှင့် ကျန်ခဲ့သည်။ ဦးထွေး အလောတကြီးပြန်ထွက်လာရာနောက်မှ သီတာပြေးလိုက်လာသည်။

"ဟိုကောင်တွေများ နှောင့်ယှက်လို့လား မသိဘူး"

သီတာ့စကားကြောင့် ဦးထွေးခြေလှမ်းများ တံ့သွားသည်။ သီတာ့ကို ပြန်ငဲ့ကြည့်ကာ..

"ဘယ်သူတွေလဲ"

"ရဲကောင်းမြတ်တို့"

"ဘယ်က ရဲကောင်းမြတ်လဲ"

"ဦးလေးသိမလား မပြောတတ်ဘူး။ ကမ္ဘာကျော်ကုမ္ပဏီပိုင်ရှင် ဦးကျော်မြတ်ရဲ့သား.."

ဦးထွေး သိလိုက်ပြီ။ ကမ္ဘာကျော်ဦးကျော်မြတ်ကိုမသိဘဲ ဘယ်နေပါ့မလဲ။ နာမည်ကြီးပဲ။ ငွေကြေး အရှိန်အဝါ၊ ဩဇာက ဖိန့်ဖိန့်တုန်လောက်အောင်ကြီးမားနေသူပဲ။

"သူ့သားက ဘာဖြစ်လို့လဲ"

"မာလာ့ကိုကြိုက်လို့ လိုက်လိုက်နေတာ လေးငါးခါရှိပြီ။ မာလာက ငြင်းထုတ်တယ်။ ငြင်းဆို အဲဒီကောင်က ဖအေ့အရှိန်အဝါနဲ့ ဆိုးချင်တိုင်းဆိုးနေတဲ့ကောင်"

ဦးထွေး အပူတွေ ပိုများလာသည်။

သမီးကလေး မတော်တရော်အပြုခံရပြီလား။ အရှက်တကွဲ အကျိုး

နှင်း ဖြစ်ရပြီလား။ မဖြစ်ပါစေနှင့်။
ဆုတောင်းသည်။
ဆုတောင်းပြည့်ပါ့မလားမူ မသိနိုင်။

❦ ❦ ❦ ❦ ❦

# ၅

စက်ဘီးများနှင့် ပတ္တရောင်လှည်းလာသော နယ်ထိန်းရဲတပ်ကြပ်ကြီး အုန်းသန်းနှင့် အဖွဲ့ဝင်နှစ်ဦးတို့သည် လမ်းမကြီးမှနေ၍ချီးကာ လမ်းသွယ်လေး အတိုင်း ဝင်လာခဲ့၏။

ရှေ့တွင် ရပ်ကွက်တစ်ခုရှိသည်။ လူနေများသည်။ ပုံကျလုပ်ကိုင်စား သူများ အများစုနေကြသည်။ မကြာခဏ မူခင်းများဖြစ်တတ်သည်။ ရိုက်မှု နှက်မှုများ ဖြစ်တတ်သည်။ လူဆိုးစာရင်းဝင်အချို့လည်း ရှိသည်။ ထို့ကြောင့် ထိုရပ်ကွက်ကို ဂရုစိုက်ရသည်။

အရက်ဆိုင်တွေမှာ စနည်းနာရသည်။ အရက်ဆိုင်မှရသော သတင်း များအရ ပြစ်မှုများကို မဖြစ်အောင် ကြိုတင်ကာကွယ်နိုင်ခဲ့သည်မှာ များခဲ့ပြီ။

"ငါတို့ ဆိုးပေအရက်ဆိုင်ကို လှည့်ဝင်ကြမယ်။ မင်းတို့နှစ်ယောက် ဆိုင်ကိုဝင်ပြီး သတင်းယူ။ ငါက ရုံးကိုဝင်ပြီး ဥက္ကဋ္ဌနဲ့တွေ့မယ်"

ရဲတပ်ကြပ်ကြီးအုန်းသန်းက စီစဉ်သည်။

"ဟုတ်ကဲ့"

"ပြီးမှ ငါတို့ စံတော်ချိန်လက်ဖက်ရည်ဆိုင်ရှေ့မှာ ပြန်ဆုံမယ်"

သူတို့သည် စက်ဘီးကိုခပ်သွက်သွက်နင်းကာ ရပ်ကွက်အတွင်းသို့

ဝင်သွားကြသည်။ ရဲတပ်ကြပ်ကြီးအုန်းသန်းက ရုံးဘက်သို့။ ရဲတပ်သားနှစ်ဦးက ဆိုးပေအရက်ဆိုင်သို့။

"ဥက္ကဋ္ဌကြီး.. ဘာထူးသေးလဲ"

"ဟော.. နယ်ထိန်းကြီးပါလား။ အေးအေးချမ်းချမ်းပါပဲဗျာ။ မထူးပါဘူး"

"ဒါဆို ကျွန်တော်တို့ ဆက်ပြီးကင်းလှည့်လိုက်ဦးမယ်"

"ကောင်းပါပြီ"

စံတော်ချိန်လက်ဖက်ရည်ဆိုင်ရှေ့မှာ သူတို့သုံးဦး ပြန်ဆုံကြ၏။

"ဆိုင်မှာလည်း အေးအေးဆေးဆေးပဲ ဆရာ။ ဘာမှမထူးဘူး။ စံဖေနဲ့လည်း တွေ့ခဲ့တယ်။ ဘာသတင်းမှ မရှိဘူးတဲ့"

အရက်ဆိုင်မှ ပြန်လာသူများက သတင်းပို့သည်။

စံဖေဆိုသည်က အမာခံသတင်းပေးဖြစ်သည်။ သူ့ဆီက ထူးခြားသတင်းများ ရတတ်၏။ ယခုညအဖို့တော့ စိတ်အေးရပြီဖြစ်သည်။

"ဒါဆို တို့ ဘောလုံးကွင်းဘက်ကဖြတ်ပြီး ဟိုဘက်ရပ်ကွက်ဘက်လှည့်မယ်"

"ကောင်းပြီဆရာ"

"သွားကြစို့"

နယ်ထိန်းနှင့်အဖွဲ့သည် စက်ဘီးများကိုနင်းကာ ရပ်ကွက်ထဲမှ ထွက်လာခဲ့ကြ၏။ ဘောလုံးကွင်းက ရပ်ကွက်နှစ်ခုကြားမှာဖြစ်သည်။ လူနေအိမ်ခြေမရှိသလောက် ကျဲပါးသည်။ ခြံဝန်းကျယ်များရှိသည်။ ထိုခြံဝန်းကျယ်များကလည်း လူမရှိသော ခြံဝန်းကျယ်များဖြစ်၏။ ထိုနေရာမှာ မကြာခဏ မှုခင်းများဖြစ်တတ်သည်။ ထို့ကြောင့် နယ်မြေကိုကျွမ်းကျင်ပြီးသားဖြစ်သော နယ်ထိန်းကြီးက ဤလမ်းကို ရွေးချယ်လိုက်ခြင်းဖြစ်သည်။

"ဟိုမှာ ကားတစ်စီးဆရာ"

ရဲတပ်သားဝင်းလှိုင်က လှမ်းပြော၏။

ရဲတပ်ကြပ်ကြီးအုန်းသန်း လှမ်းမြင်လိုက်သည်။

သို့သော် ညအခါကလည်းဖြစ်၊ မီးကလည်းမရှိ။ လက သာလည်းမသာ။ ပြီးတော့ အလွန်လှမ်းဝေးနေသည်မို့ ကားကို သဲကွဲစွာမမြင်ရ။ ဘာကားလဲ၊ ဘာရောင်လဲ မသိနိုင်။

ကားနောက်မီးနီနီကလေးကိုသာ မြင်ရသဖြင့် ကျောခိုင်းထွက်သွား





သော ကားဖြစ်ကြောင်း ယူဆနိုင်သည်။

သူတို့ စက်ဘီးကို အရှိန်မြှင့်နင်းလာကြသည်။

"ဒီနားက တိုက်တွေတာတွေ မရှိပါဘူး။ ဘယ်က ကားက အချိန်မတော် ဒီဘက်ကိုလာတာလဲ မသိဘူး"

ရဲတပ်ကြပ်ကြီးအုန်းသန်း၏ မှန်းဆချက်..။

"တက္ကစီလားမှ မသိတာ"

ဝင်းလှိုင်၏ အပြော..။

"တက္ကစီဆိုရင် အတွင်းမီးဖွင့်ထားမယ်။ အပေါ်က TAXI ဆိုင်းဘုတ်လေးမှာ မီးပါမယ်။ အခုဟာက ကိုယ်ပိုင်ကားပုံစံပဲ"

ရဲတပ်ကြပ်ကြီးအုန်းသန်း၏ အတွေးအဆ..။

"ဆရာ.. ဟိုဘက်မှာ ဘာလဲမသိဘူး။ လူများလား မသိဘူး"

"ဟော.. ဘယ်မှာလဲ"

"ဟိုချုံပုတ်အစပ်မှာ ဆရာ"

"ကဲ.. မြန်မြန်ဆင်းကွာ။ သွားကြည့်မယ်"

စက်ဘီးများကို အလျင်စလိုထိုးရပ်ကာ သူတို့သုံးဦး လက်နှိပ်မီးများထိုး၍ ခပ်သုတ်သုတ်လျှောက်သွားလိုက်ကြ၏။ မြက်များ၊ ချုံများရှိနေ၍ ခရီးက အတန်ငယ်ဖင့်နှေးသည်။

"ဟိုမှာ ဆရာ"

ရဲတပ်သားဝင်းလှိုင်က လက်နှိပ်မီးဖြင့် ထိုးပြသည်။

"ဟာ.."

ရဲတပ်ကြပ်ကြီးအုန်းသန်း မျက်လုံးပြူးသွားသည်။

"မိန်းကလေးတစ်ယောက်ပါလား။ သွေးတွေနဲ့..။ အသက်ရှိသေးလားမသိဘူး ဝင်းလှိုင်။ မင်း ဟိုရှေ့ရပ်ကွက်ထိပ်က စတိုးဆိုင်ကနေ စခန်းကို ဖုန်းသတင်းသွားပို့။ ငါတို့ ဒီကနေ စောင့်နေမယ်"

❦ ❦ ❦ ❦ ❦

# ၆

တာဝန်မှူး ဒုရဲအုပ်ဖြိုးကြီးက တိုင်တန်းချက်ကို မေးမြန်းမှတ်တမ်းတင်နေသည်။ သူ့ရှေ့မှာ ဦးထွေးနှင့် သီတာ။ ပြီးတော့ လူငယ်တစ်ယောက်..။

"မာလာနဲ့ ဒီကလေးမ သီတာက ဆရာမဆီမှာ စာသင်ပြီး အတူတူပြန်လာကြတာ ဆရာ။ လမ်းဆုံရောက်မှ သူတို့နှစ်ယောက် လမ်းခွဲပြီး ကိုယ့်အိမ်ကိုယ်ပြန်ကြတာတဲ့။ အဲဒါ သီတာက အိမ်ပြန်ရောက်တယ်။ ကျွန်တော့်သမီး မာလာက အိမ်ပြန်ရောက်မလာဘူး ဆရာ"

"သူတို့ လမ်းခွဲပြီး ပြန်တာ ဘယ်အချိန်လောက်ရှိမလဲ"

"ခြောက်နာရီခွဲလောက် ရှိမယ်ထင်တယ် ဆရာ။ မိုးချုပ်စပြုနေပြီ။ ကျွန်မတို့ ဆရာမတို့အိမ်ကပြန်လာတော့ ခြောက်နာရီထိုးပြီးစပဲ"

သီတာက ဝင်ဖြေ၏။

"ကလေးမလေးက တခြားဘယ်ကိုသွားတတ်သေးလဲ"

"မသွားတတ်ပါဘူး။ သူသွားလေ့သွားထရှိတဲ့အိမ် မရှိပါဘူး။ ဆွေမျိုးလည်း မရှိပါဘူး"

ဦးထွေး၏အဖြေ..။

ဖြေသံမှာ တုန်ခတ်နေပြီး မျက်နှာမှာ ပူပန်မှုတို့ဖြင့် သွေးပျက်နေဟန်





ပေါ်နေ၏။

"သမီးက သူ့သူငယ်ချင်းလား"

"ဟုတ်ပါတယ်"

"သူ့မှာ သူ့ဖခင်မသိတဲ့ ကိုယ်ရေးကိုယ်တာကိစ္စများ ရှိလား"

"ရှင်.. ကျွန်မနားမလည်ဘူး"

"ဩော်.. သူ့မှာ ချစ်သူတွေဘာတွေများ ရှိသလားလို့ မေးတာပါ"

"မ.. မရှိပါဘူး။ သူ့မှာ ချစ်သူမရှိပါဘူး။ ဒါပေမဲ့.."

"ဒါပေမဲ့ ဘာဖြစ်လဲ"

"သူ့ကို ကြိုက်လို့ လိုက်နေတဲ့သူတော့ ရှိတယ်"

"ဘယ်သူလဲ"

"ရဲကောင်းမြတ်ပါ"

"ရဲကောင်းမြတ်ဆိုတာက.."

"ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းစုကြီးနဲ့ ကုမ္ပဏီပိုင်ရှင် ဦးကျော်မြတ်ရဲ့ သားပါ"

"သူနဲ့ ဘယ်လိုအခြေအနေရှိလဲ"

"သူက လိုက်တာပါ။ မာလာက ပြန်မကြိုက်ပါဘူး။ မကြိုက်ဆိုသူက အတော့်ကိုရှုပ်ပါတယ်။ မိန်းကလေးတွေ ထည်လဲတွဲတဲ့သူပါ။ ဒါကြောင့် မာလာက သူ့ကို လုံးဝဆို လုံးဝပါပဲ"

"သူနဲ့ ပြဿနာဖြစ်ဖူးလား"

"မဖြစ်ဖူးပါဘူး။ ဒါပေမဲ့ မာလာ့ကို သူစကားလိုက်ပြောတာ မာလာက လက်မခံလို့ မင်းဘယ်လောက်ခေါင်းမာမာ တစ်နေ့ ငါ့လက်ထဲရောက်မှာပါလို့ ကြိမ်းသွားတယ်"

"အဲဒါ မာလာက ပြန်ပြောတာလား"

"ကျွန်မကိုယ်တိုင် ကြားတာပါ"

ဦးထွေးက ဝင်၍..

"ဒါနဲ့ ဆက်စပ်မှုရှိမယ်ထင်ပါတယ် ဆရာ။ ဟောဒီ မောင်သူရက သတင်းတစ်ခု ရထားပါတယ်"

ပြောသည်။

ဒုရဲအုပ်ဖြိုးကြီးက လူငယ်ကိုကြည့်ကာ..

"ပြောပါဦး.. မင်းရထားတဲ့သတင်း"

မေးလိုက်သည်။

"ဒီညနေ ကျွန်တော်အလုပ်လုပ်နေတုန်း သူတို့ပြောတဲ့စကားကို ကြားရတာပါ"

"[illegible] သူရရယ်..။ ရှင်းရှင်းလင်းလင်းပြောပါ။ မင်းက ဘယ်မှာ လုပ်တာလဲ။ သူတို့ဆိုတာက ဘယ်သူတွေလဲ"

"ကျွန်တော်လောသွားလို့ပါ ဆရာ။ ကျွန်တော်က မြယမုံစားသောက်ဆိုင်မှာ စားပွဲထိုးလုပ်ပါတယ်။ ဒီညနေက ကျွန်တော်စားပွဲထိုးလုပ်ရတဲ့စားပွဲမှာ ရဲကောင်းမြတ်နဲ့သူ့သူငယ်ချင်း ထိုင်ပြီး ဘီယာသောက်ပါတယ်။ ကျွန်တော့်ကို အမြည်းထပ်မှာလို့ သွားပို့တော့ သူတို့ပြောနေတာ တစ်စွန်းတစ်စကြားရတာပါ"

"ဘာတွေပြောနေကြတာလဲ"

"သူက မာနခဲလေးကွ။ အဲဒီမာနခဲလေးရဲ့အလံကို ငါက ရိုက်ချိုးမှာလို့ ရဲကောင်းမြတ်က ပြောပါတယ်။ ကျန်တစ်ယောက်က အချစ်ဆိုတာ ဓားပြတိုက်ယူလို့ မရဘူးကွလို့ ပြန်ပြောတော့ ရဲကောင်းမြတ်က ရယ်ပြီး ဒူးထောက်သွားရတဲ့နည်းလမ်းတွေ ရှိပါတယ်ကွာ။ ဒီည ကြည့်..။ သူ့ကျူရှင်အပြန်မှာ ငါ့လက်ခုပ်ထဲကရေဖြစ်အောင် လုပ်ပြမယ်လို့ ပြောပါတယ်။ မာလာက လှတော့အတော်လှတာကွ။ ဒါပေမဲ့ မင်းမရနိုင်ပါဘူးကွာ။ မလုပ်ပါနဲ့..။ သူက ကျွန်ဒြေသိကွာရှိတဲ့မိန်းကလေးကွလို့ သူ့သူငယ်ချင်းက ပြောတော့ ရဲကောင်းမြတ်က ဟော့ကောင်.. သောက်မှာသာ သောက်။ ပြီးရင် ငါနဲ့လိုက်ခဲ့။ မင်း ငါ့ကို ဆရာတင်သွားရမယ်။ ငါစီစဉ်ပြီးသား။ ဒီည ပွဲသိမ်းပဲလို့ ပြန်ပြောပါတယ်။ အဲဒီနောက်တော့ သူတို့ စားသောက်ပြီး ကားနဲ့ထွက်သွားကြပါတယ်"

"ဘာကားလဲ"

"ပါဂျဲရိုးပါ။ မီးခိုးရောင်ပါ"

"ရဲကောင်းမြတ်ကား နေမှာပေါ့"

"ဟုတ်ပါတယ်။ သူစီးနေကျ ကားပါ။ ကျွန်တော်တို့ဆိုင်ကို အဲဒီကားနဲ့ သူလာနေကျပါ။ နောက်တစ်ယောက်က နွမ်းပါးပုံရှိပါတယ်"

"အဲဒီသူ့သူငယ်ချင်းရဲ့နာမည်က ဘယ်သူလဲ"

"အဲဒါတော့ ကျွန်တော်မသိပါဘူး။ လူကိုတော့ မြင်ဖူးပါတယ်"

"သူတို့ပြောတဲ့စကားထဲမှာ မာလာဆိုတာ ပါတယ်နော်"

"ပါပါတယ်"

"ဆရာ.. သူတို့လက်ချက် ဖြစ်နိုင်ပါတယ်။ ဆရာတို့ အမြန်ဆုံး





ဆောင်ရွက်ပေးပါ။ သမီးလေးကို အမြန်ဆုံးရှာပေးကြပါခင်ဗျာ။ သမီးလေး ဒုက္ခရောက်နေပြီလား မသိဘူး။ ဘုရားကယ်တော်မူပါ"

ငိုသံပါကြီးနှင့် ဦးထွေးဝင်ပြောသည်။ ဒုရဲအုပ်ဖြိုးကြီးကိုလည်း ရှိခိုးမတတ် တောင်းပန်နေသည်။

"စိတ်အေးအေးထားပါ ဦးလေး။ ကျွန်တော်တို့ ချက်ချင်းဆောင်ရွက်ပါမယ်"

ဒုရဲအုပ်ဖြိုးကြီးက နေရာမှထ၍ ခပ်လှမ်းလှမ်းစားပွဲမှ ထိုင်၍နားထောင်နေသော ရဲအုပ်အောင်မင်းထံ ကပ်သွားလိုက်သည်။

"ဆရာ.."

"အေး.. ငါအားလုံးကြားတယ်။ ဒီကိစ္စ အရေးကြီးတယ်။ အခုစခန်းမှာရှိတဲ့သူတွေကို ခေါ်လိုက်။ မြို့ထဲမှာ အဖွဲ့ခွဲပြီး ရှာကြမယ်။ ပြီးတော့ ငါ တခြားမြို့နယ်တွေကို ဖုန်းနဲ့လှမ်းပြီးသတင်းပို့ထားမယ်။ မြန်မြန်လုပ်"

"ဟုတ်.."

ဒုရဲအုပ်ဖြိုးကြီးက စခန်းတွင်တာဝန်ကျ အသင့်ရှိဆောရဲများကို စုစည်းရန် အပြင်ထွက်သွားခိုက် ရဲအုပ်အောင်မင်းက အခြားမြို့နယ်များသို့ သတင်းပို့သည်။

ပတ်ဝန်းကျင်မြို့နယ်စခန်းများသို့ သတင်းပေးပို့ပြီး ဖုန်းပြန်အချတွင် ဖုန်းခေါ်သံက မြည်လာ၏။

"ဟဲလို.."

"ဆရာ.. ကျွန်တော် ဝင်းလှိုင်ပါ ဆရာ။ သတင်းထူးပို့တာပါ"

"အေး.. ပြော"

"ကျွန်တော်တို့ ဒီမှာ ဒဏ်ရာနဲ့လဲနေတဲ့ မိန်းကလေးတစ်ယောက်ကို တွေ့ထားတယ်ဆရာ။ အသက်ရှင်နေတုန်းပဲ"

"ဟေ.."

ရဲအုပ်အောင်မင်းမျက်လုံးများ ပြူးကျယ်သွားသည်။ ဦးထွေးတို့ရှိရာကိုလည်း ဖျတ်ခနဲလှမ်းကြည့်လိုက်၏။ မျက်နှာငယ်လေးနှင့် နေမထိထိုင်မသာဖြစ်နေသော ဦးထွေးကို တွေ့လိုက်ရသည်။

ရဲတပ်သားဝင်းလှိုင်၏ သတင်းပို့မှုအဆုံးတွင်..

"အေး.. ငါ အခုပဲလာခဲ့မယ်။ မင်းတို့ အနီးပတ်ဝန်းကျင်ကို လေ့လာထား"

ရဲအုပ်အောင်မင်း ဖုန်းကိုချကာ ချက်ချင်းပင် ထိုင်ရာမှ ထလိုက်သည်။ ပင့်သက်လည်း ချလိုက်သည်။

သူ့မျက်လုံးများ အုံ့ဆိုင်းမှုန်မှိုင်း၍နေသည်။ ဘယ်အချိန်ကျမှများ သည်လိုစိတ်မချမ်းမြေ့စရာအဖြစ်များကို မမြင်ဘဲ၊ မတွေ့ဘဲ နေနိုင်ပါမည်နည်း။

❦ ❦ ❦ ❦ ❦



# ၇

ပါဂျဲရိုးကားက အိမ်ကလေးတစ်လုံးရှေ့မှာ ထိုးရပ်သည်။ အိမ်ကလေးက မှောင်ထဲမှာ ငုတ်တုတ်ရှိနေ၏။ မီးရောင် မမြင်ရ။ အားလုံး အိပ်ပျော်ကုန်ကြပြီထင်၏။ လမ်းမီးကတော့ ထိန်ထိန်လင်းလျက်။

"မင်း အိမ်ကိုတန်းပြန်မှာမဟုတ်လား"

သောင်းထိုက်က ကားတံခါးဖွင့်ဆင်းရန် လက်လှမ်းရင်း မေးသည်။

"အေး.."

ရဲကောင်းမြတ်၏ တိုတိုတုတ်တုတ်အဖြေ။ သူက ပကတိအေးဆေးဟန် ဖမ်းထားသော်လည်း မျက်နှာက ဖြူဖျော့နေ၏။

"ခုထိ ငါရင်တွေတုန်နေတယ်။ လက်ဖျား၊ ခြေဖျားတွေ အေးစက်နေတယ်"

"ငတုံး..၊ လုံးပြား..။ ဘာမှ စိတ်ထဲမထားနဲ့။ ပြီးသွားပြီ။ ပုံမှန်အတိုင်းသာနေ"

ဆရာကြီးလေသံဖြင့် ရဲကောင်းမြတ်ပြောသည်။

"ငါကြောက်နေတယ်ကွာ"

သောင်းထိုက် အမှန်တကယ်ပင် တုန်နေဆဲ။

"ဘာကြောက်တာလဲ။ မင်းရှေ့မှာ ငါတစ်ယောက်လုံးရှိတယ်။ မပူ

စမ်းပါနဲ့။ ဒါပေမဲ့ ငါပြောပြီးပြီနော်။ မင်းပါးစပ်ပိတ်ထား။ မပိတ်ရင်တော့ ငါ့အဆိုးမဆိုနဲ့''

''အေးပါကွာ..။ အခုအချိန်မှာ မင်းနဲ့ငါက ကောင်းတူဆိုးဖက်ပါ။ သေဖော်သေဖက်ပါ''

''ကဲ.. သွားတော့။ မင်းအမေမေးရင် ငါခေါ်သွားလို့လို့ပြော။ ဟုတ်ပြီလား''

ရဲကောင်းမြတ်က မှာစရာများကို မှာသည်။

သောင်းထိုက် ကားတံခါးဖွင့် ဆင်းလိုက်သည်။

''ဟို.. သွေးပေနေတဲ့အင်္ကျီ''

သောင်းထိုက်က စိတ်မချသလို ကားအတွင်း ခေါင်းဝင်ကာ တိုးတိုးသတိပေးသည်။

ရဲကောင်းမြတ်က ကားစက်ကိုနှိုးရင်း..

''ဒါ.. ငါ့အလုပ်ပါ။ မင်း အေးဆေးသာနေ။ မနက်ဖြန် ငါတို့ဆုံနေကျ လက်ဖက်ရည်ဆိုင်မှာ ဆုံမယ်''

ပြောသည်။ ပြောရင်း ကားမောင်းထွက်သည်။

သောင်းထိုက် အိမ်ထဲဝင်လာသည်ကတိတ်တိတ်ဆိတ်ဆိတ်။ သို့သော် ခြေရင်းအိမ်မှ တက္ကသိုလ်ကျောင်းသူလေး တိမ်ပြာက စာဖတ်ရင်းမှနေ၍ လှမ်းကြည့်လိုက်သည်ကို သူမမြင်။

❦ ❦ ❦ ❦ ❦



အရေးပေါ်လူနာတင်ကားပေါ်သို့ မာလာ၏ကိုယ်ကလေးကို ထမ်းစင်ဖြင့် မ,ချိုကာ တင်လိုက်ကြသည်။

''ဖြူးကြီး.. မင်းပါလိုက်သွား။ ဆရာဝန်ကြီးရဲ့ဆေးစာပါ ရအောင်လုပ်ခဲ့''

ရဲအုပ်အောင်မင်းက မှာသည်။

''ဆရာ.. ကျွန်တော်ပါ လိုက်သွားမယ်''

ဦးထွေးက ဝင်၍ခွင့်တောင်းသည်။

''ဟုတ်ကဲ့.. လိုက်သွားပါ။ သမီးအတွက် စိတ်သိပ်မပူပါနဲ့။ အသက်အန္တရာယ် မရှိနိုင်ပါဘူး''

ရဲအုပ်အောင်မင်းက ခွင့်ပြုရင်း စာနာစွာနှစ်သိမ့်လိုက်သည်။

''ကျေးဇူးတင်ပါတယ် ဆရာရယ်''

ဆေးရုံကား ထွက်သွားသည်။

သီတာက ဆေးရုံကို လိုက်မသွား။ သီတာ့ကို အိမ်အရောက်လိုက်ပို့ရန် ရဲအုပ်အောင်မင်းက တာဝန်ယူလိုက်၏။

ရဲတပ်ကြပ်ကြီးက လုပ်စရာရဲလုပ်ငန်းများကို အပြီးသတ်လုပ်နေစဉ် ရဲအုပ်အောင်မင်းက ပတ်ဝန်းကျင်အခြေအနေကို လေ့လာသည်။

"ဒီနေရာမှာ ကားတစ်စီးရပ်သွားပုံပဲ။ မြေက မြေမာဖြစ်နေတော့ ကားဘီးရာကို မတွေ့နိုင်ဘူး"

"ဟုတ်တယ်ဆရာ..။ ကျွန်တော်တို့ စက်ဘီးတွေနဲ့လာတော့ ထွက်သွားတဲ့ကားပဲ ဖြစ်ရမယ်"

"ကားကို သေသေချာချာမတွေ့လိုက်ဘူးလား"

"မတွေ့လိုက်ရဘူးဆရာ။ ဝေးတာရော၊ မှောင်တာရောပေါ့ ဆရာရယ်။ နောက်က မီးနီလေးပဲ မြင်လိုက်ရတယ်"

"တခြားတစ်နေရာရာမှာ ပြစ်မှုကျူးလွန်ပြီး ဒီမှာလာပစ်သွားတာပဲ ဆရာကြီးရဲ့"

"ဟုတ်တယ်ဆရာ"

မာလာ၏အခြေအနေကို သေရေး၊ ရှင်ရေး ငါးဆယ်၊ ငါးဆယ် ရာခိုင်နှုန်းဟုပင် ရဲအုပ်အောင်မင်း မှန်းဆသည်။ သေမင်းဘက်တစ်ဝက်၊ ကိုယ့်ဘက်တစ်ဝက်သာ။

ဒဏ်ရာ၏အခြေအနေက ဆိုးသည်။

ခေါင်းကို မာကျောသောအရာတစ်ခုခု၊ တုတ် သို့မဟုတ် ကျောက်တုံးတစ်ခုခုဖြင့် ထုရိုက်ထားရာ မည်မျှအထိ ထိခိုက်သည်ဟု အပြင်ပန်းအားဖြင့် မပြောနိုင်။ ဦးခွံကွဲနိုင်၏။ သွေးများ ဦးနှောက်အတွင်းရောက်ပါက အသက်ရှင်ရန် မလွယ်။

နောက်တစ်ခုမှာ မိန်းကလေးသည် အဓမ္မပြုကျင့်ခံထားရဟန် လက္ခဏာရှိ၏။ အကျီ၊ ထဘီများ ဖရိုဖရဲ ပုံပျက်ပန်းပျက်ဖြစ်နေသည်။ ပြီးတော့ ထဘီတွင်လည်း သွေးကွက်များရှိနေ၏။

မိန်းကလေး၏ မျက်နှာနှင့်အကျီမှ သွေးညှိနှံ့နှင့်အတူ ကလိုရိုဖောင်းဆေးနှံ့ကို အတွေ့အကြုံကြွယ်နေပြီဖြစ်သော ရဲအုပ်အောင်မင်း ရလိုက်သည်။

အရာရာကို ဆက်စပ်ကြည့်လိုက်သော်..

တစ်စုံတစ်ယောက်သည် မိန်းကလေးကို မေ့ဆေးဖြင့်အုပ်၍ ကားဖြင့် တင်ခေါ်သွားသည်။

တစ်နေရာရာတွင် သူသည် မိန်းကလေးအား အဓမ္မပြုကျင့်သည်။

ပြီးလျှင် မိန်းကလေးအား သေစိမ့်သောငှာ ခေါင်းကိုထုရိုက်သည်။

မိန်းကလေးကို သေပြီအထင်နှင့် ကားဖြင့်ယူဆောင်လာကာ ဤနေရာတွင် ပစ်ချသွားခဲ့သည်။





ယင်းကို ကွင်းဆက်ပြု၍ ကောက်ချက်ဆွဲလျှင်..

မိန်းကလေးကို အဓမ္မပြုကျင့်သူသည် မိန်းကလေးက သိနေသောသူဖြစ်ရမည်။ ထို့ကြောင့်ပင် မိန်းကလေးကို နှုတ်ပိတ်ရန် ကြံစည်ပြုမူခဲ့ခြင်းမဟုတ်ပါလား။

သူသည် မည်သူနည်း။

ရဲစခန်းတွင် မောင်သူရထွက်ဆိုခဲ့သောစကားအရ ရဲကောင်းမြတ်ဖြစ်နိုင်ဖွယ်ရှိ၏။ သို့သော် ပိုမိုတိကျခိုင်မာသော သက်သေအထောက်အထားရဖို့ လိုအပ်သည်။ မခိုင်မာဘဲ အမှုတည်ဆောက်၍ မရ။

ပြီးတော့..

ရဲကောင်းမြတ်ဖခင် ကမ္ဘာကျော်စီးပွားရေးလုပ်ငန်းစုကြီးပိုင်ရှင် ဦးကျော်မြတ်ဆိုသည်က နှယ်နှယ်ရရမဟုတ်။ သူသည် မြို့နယ်တွင်သာမက နိုင်ငံတွင်ပါ လူသိများထင်ရှားသောလူတစ်ဦးဖြစ်သည်။ သြဇာလည်း ကြီးလှသည်။ ထက်လည်း ထက်မြက်သည်။ အရာရောက်မှုမှာလည်း မျက်စိဖြင့်မမြင်သာအောင်ပင်။ အရှိန်အဝါလက်တံကလည်း ကျယ်လွန်းစွ။

သည်တော့..

မပိုင်ဘဲနှင့် ရဲကောင်းမြတ်ကို ထိ၍မရ။

သို့သော်..

ရဲအုပ်အောင်မင်းဆိုသည်ကလည်း ငွေကြေးတံစိုးလက်ဆောင်ကို လုံးဝလက်မခံသော၊ အမှန်တရားကို မြတ်နိုးသည့် အများအကျိုးသယ်ပိုးရန် ခံယူချက်ပြင်းထန်သော နိုင်ငံသားကောင်းတစ်ယောက်ဖြစ်သည်။ တစ်နည်းအားဖြင့် ဥပဒေ၏ဘက်တော်သားစစ်စစ်။

ယခုတော့ ကျားနှင့်ဆင် လယ်ပြင်မှာတွေ့ကြတော့မည်လားမသိ။

"တရားမျှတမှုအဖြစ်ဆုံး၊ အမှန်ဆုံးဖြစ်အောင်တော့ ငါကြိုးစားရမှာပဲ"

သည်သို့ ရဲအုပ်အောင်မင်းဆုံးဖြတ်သည်။

"ပြီးပြီဆရာ"

ရဲတပ်ကြပ်ကြီးအုန်းသန်းက သတင်းပို့သည်။

"ကဲ..ဒါဆို စခန်းပြန်ကြမယ်။ မနက်ဖြန်ကျရင် ဒီနားတစ်ဝိုက်မှာ အခင်းဖြစ်မယ်လို့ မှန်းဆရတဲ့အချိန် မျက်မြင်သက်သေ ကျွန်တော်တို့ရှာရလိမ့်မယ်။ သမီး..လာ..တို့ကားနဲ့ လိုက်ပို့မယ်"

ရဲအုပ်အောင်မင်းက သီတာကိုခေါ်၍ ကားပေါ်တက်လိုက်သည်။

စက်ဘီးများနှင့် ထွက်ခွာသူက ထွက်ခွာသည်။ ကျန်ရဲသားများ အားလုံး ကားပေါ်ရောက်သည်နှင့် ရဲကားပြာလေးက ထိုနေရာမှ ဝူးခနဲပြေး ထွက်လာ၏။

အမှောင်သည် ကြီးစိုးမင်းမူကျန်ရစ်သည်။

❦ ❦ ❦ ❦ ❦

# ၉

ခွဲစိတ်ခန်းထဲမှ ထွက်လာသောအချိန်တွင် သမီးလေးမာလာ သတိမရသေး။ သူမကို အထူးကြပ်မတ်ကုသဆောင်အတွင်းသို့ ပို့လိုက်သည်။ ပိုက်များ၊ ဆေးပုလင်းများ ဝိုင်းရံနေသော သမီးလေး၊ ဆရာဝန်များ၊ သူနာပြုများ ပျာယာခတ်ပြုစုနေသော သမီးလေးကိုကြည့်၍ ဖခင်ဖြစ်သူဦးထွေး မျက်ရည်တွေတတွေတွေစီးကျနေသည်။

ဖြစ်မှဖြစ်ရလေ သမီးလေးရယ်။

ဖေကြီးက သမီးလေးကို ပန်းလေးတစ်ပွင့်လို အလှဆုံး၊ အမွှေးဆုံး ဖြစ်ဖို့ ပြုစုပျိုးထောင်လာခဲ့တာ။ ခုတော့ မသမာသူရဲ့လက်ချက်နဲ့ သမီးလေး ပန်းကောင်းအညွန့်ကျိုးခဲ့ရပြီ။

ဘဝပျက်ခဲ့ရုံမက အသက်ပင် မဆုံးရှုံးရုံတစ်မည်မျှဖြစ်သည်။

"တောက်.. ရက်စက်ယုတ်မာလိုက်တဲ့ကောင်"

ရင်ထဲမှာ တောက်ခတ်ပြီး အကြိတ်အခဲကို ဖြေလျှော့ပစ်ရသည်။ ယခုအချိန်တွင် ထိုလူယုတ်မာကိုတွေ့လျှင် ဦးထွေး နတ်နတ်စင်း၍ သတ်ချင်လှသည်။

သမီးလေးအဖြစ်ကိုကြည့်လေ၊ ရင်ထုမနာဖြစ်ရလေ။

ရင်ထဲတွင် တစ်စစီကွဲကြေ ပဲ့ကြွေလျက်။

"အသက်အန္တရာယ်က ကင်းလွတ်သွားပါပြီ"

ဆရာဝန်ကြီး၏စကားက ဦးထွေးကို သက်သာရာရစေသည်မှန်သော်လည်း သမီးလေးပုံမှန်ပြန်ဖြစ်ဖို့ ကာလမည်မျှကြာ ကုသရဦးမည်မသိ။ နဂိုကလို သမီးလေး ပုံမှန်ပြန်ဖြစ်လာပါ့မလားပင် မသိ။

သူနာပြုဆရာမလေးများ၏ စကားအရ..

သတိပြန်ရလာဖို့ ကာလအတန်ကြာအောင် စောင့်ရမည်။ သတိပြန်လည်ရလာလျှင် ဦးနှောက်နှင့်အသိ ပကတိပြန်ကောင်း၊ မကောင်း စောင့်ကြည့်ရမည်တဲ့။

သမီးလေး တစ်သက်လုံး လူလုံးမလှဖြစ်ခဲ့လျှင်..

အတွေးတွေနှင့် ရင်ကျိုးရပေပြီ။

ဆရာဝန်ကြီးများနှင့် ဆရာဝန်များ၊ သူနာပြုဆရာမများကို ကျေးဇူးတင်ရပါသည်။ သူတို့သည် သမီးကလေး ဆေးရုံရောက်ပြီးပြီးချင်း အစီအစဉ်တွေချ၊ စစ်ဆေးပြီးနောက် ခွဲစိတ်ခန်းဝင်ခဲ့ကြ၏။ နာရီအတော်ကြာ သေမင်းနှင့် အားပြိုင်ပြီး သမီးကလေးကို လုယူခဲ့ကြသည်။ မိမိဘက်သို့ပါလာအောင် ကြိုးစားပေးခဲ့သည့်အတွက် ဦးထွေးပြောမပြတတ်အောင်ကျေးဇူးတင်ရပါ၏။ ကျေးဇူးတင်ကြောင်းလည်း အကြိမ်ကြိမ်ပြောမိပါ၏။

အထူးကြပ်မတ်ကုသဆောင်၌ သမီးကလေးကို အေးဆေးစွာနေရာယူစေပြီး အောက်စီဂျင်များ၊ သွေးများပေးခြင်း၊ နှလုံးခုန်စမ်းသပ်ခြင်း၊ ဆေးသွင်းခြင်း စသည်များ လုပ်ဆောင်ပေးချိန်တွင် မိုးပင်စင်စင်မလင်းတတ်သေး။

ဒုရဲအုပ်ဖြိုးကြီးက..

"ဦးလေး.. ကျွန်တော် စခန်းကို ပြန်ပါဦးမယ်။ ဆရာဝန်ကြီးရဲ့ဆေးစာကို အမှုစစ်အရာရှိကို ပြန်လည်တင်ပြရမှာမို့ပါ"

ဟု လာပြောသည်။

"ဆရာဝန်ကြီးက ဘာတွေရေးထားလဲ"

ဒုရဲအုပ်ဖြိုးကြီး အဖြေရခက်သွား၏။ လျှော့လျှော့ပေါ့ပေါ့ဖြေမှ ဖြစ်မည်ဟူသော အတွေးရှိသော်လည်း အမှန်ကို လုံးဝဖုံးကွယ်၍ကား မရနိုင်။

"စိတ်မကောင်းတော့မဖြစ်ပါနဲ့ ဦးလေးရယ်။ မိန်းကလေးဟာ အမွေပြုကျင့်ခံရကြောင်းနဲ့ ခေါင်းကို သေစေလောက်တဲ့တိုင် အကြိမ်ကြိမ်ထုရိုက်ခံရကြောင်း ရေးထားပါတယ်"

ဦးထွေး အံကို ကျိခနဲမြည်အောင် ကြိတ်လိုက်မိ၏။ မေးရိုးကြီးများ





ထောင်ထသွား၏။ မျက်ရည်များပြည့်လျှံနေသော မျက်ဝန်းများမှ အခိုးအလျှံများထွက်လာသည်ထင်ရ၏။

"စိတ်အေးအေးထားပါ ဦးလေး။ ကျွန်တော်တို့ အမှုမှန်ကို အမြန်ဆုံးပေါ်အောင် ကြိုးစားမှာပါ။ တရားခံကို အပြစ်ပေးနိုင်စေရပါ့မယ်"

ဒုရဲအုပ်ဖြိုးကြီးက စိတ်ရင်းမှန်ဖြင့် နှစ်သိမ့်သည်။ ကတိလည်းပေးသည်။

"ကျေးဇူးတင်ပါတယ်ဆရာရယ်။ သမီးကလေးကို မတရားအနိုင်အထက်ပြုတဲ့သူကို တရားဥပဒေအရ ညီမျှတဲ့အပြစ်ဒဏ်ကို ပေးနိုင်အောင် ကူညီပါနော်"

ဒုရဲအုပ်ဖြိုးကြီးလက်ကိုကိုင်၍ ဦးထွေးက တောင်းပန်စကားကို ခခယယဆိုလေသည်။

❦ ❦ ❦ ❦ ❦

ရဲကောင်းမြတ်က မျက်လုံးမဖွင့်ဘဲ ပြန်ပြောသည်။

"အဲဒါလည်း မာမီမကြာမကြာပြောတယ်။ အပေါင်းအသင်းကို ကြည့်ပေါင်းပါလို့။ အပေါင်းကြောင့် ဂုဏ်တက်သတဲ့။ အပေါင်းကြောင့် ဂုဏ်ပျက်သတဲ့။ ကိုယ်နဲ့အဆင့်အတန်းမတူတဲ့ အောက်တန်းစားတွေနဲ့ပေါင်းရင် ကိုယ်လည်း အောက်တန်းစားအဆင့် ဝင်သွားမယ်။ အကျင့်မကောင်းတဲ့သူနဲ့ပေါင်းရင် ကိုယ်ပါ အကျင့်ပျက်မယ်"

ဒေါ်ခင်ခင်ကြီးက သား၏ဆံပင်တွေကိုသပ်ရင်း ငံ့ကာ ပြောသည်။

"မာမီကလည်း..။ သားက အဲဒါတွေအထာကျွမ်းပြီးသားပါ။ ဒယ်ဒီတို့ မာမီတို့ သားပဲဗျာ။ သားကို ဘယ်သူကလာပြီး ဖျံကျလို့ရမှာလဲ"

"ဟဲ့.. သားကို ဖျံကျမှာစိုးလို့ ပြောတာမဟုတ်ဘူး။ သူတို့ရဲ့ အောက်တန်းကျတဲ့စရိုက်တွေ သားကိုကူးစက်ရင် သားရဲ့သိက္ခာကို ထိမှာစိုးလို့ ပြောတာ။ ဒယ်ဒီတို့ မာမီတို့အဆင့်ကို သားလည်းသိတာပဲ။ ဘယ်သူက မော်ကြည့်ရဲ့လဲ"

"အင်းလေ.. အဲဒါကြောင့် သားကလည်း သွားရဲလာရဲ လုပ်ရဲကိုင်ရဲတာပေါ့"

"သိပ်အတင့်မရဲနဲ့။ သားကိစ္စတွေ သားဒယ်ဒီက လိုက်ရှင်းရတာများနေပြီ။ ဒယ်ဒီစိတ်တိုနေပြီ"

"အိုဗျာ.. သားက ဒယ်ဒီ့သားပဲဟာ။ သားကိစ္စကို ဒယ်ဒီရှင်းရမှာပေါ့။ ဒယ်ဒီ့အဖို့ ဘာခက်တာမှတ်လို့လဲ။ ဖုန်းကလေးတစ်ချက် ဆက်လိုက်တာနဲ့ ပြီးသွားတာပဲဟာ"

ဒေါ်ခင်ခင်ကြီးက သက်ပြင်းချသည်။

"လောကမှာ တစ်ခါတစ်ရံ ငွေနဲ့ ဩဇာအရှိန်အဝါနဲ့ ရှင်းလို့မရတာတွေ ရှိတယ်သားရဲ့"

"နားပူတယ် မာမီရာ။ သား ဆက်အိပ်ပါရစေဦး။ တော်ပြီ"

ရဲကောင်းမြတ်က ခေါင်းအုံးကို ခေါင်းပေါ်တင်ကာဖိရင်း ပြောသည်။ ဒေါ်ခင်ခင်ကြီးက ထိုင်ရာမှထလိုက်ရင်း မငြိုငြင်သောမျက်နှာဖြင့်..

"ပြောလိုက်ရင် အဲဒါပဲ။ မာမီက စိုးရိမ်လို့ ပြောနေတာ။ သားကို မာမီက ပိုးကလေးလို မွေးထားတာမဟုတ်လား။ သူများတကာ တွေက စိတ်ထိခိုက်အောင်လုပ်မှာ မပြောနဲ့။ လက်ညှိုးထိုးတောင် ခံချင်တာမဟုတ်ဘူး။ ကဲ.. ကဲ.. အိပ်ချင် ဆက်အိပ်"



# ၁၀

"ဟဲ့.. သားလေး။ ထတော့လေ။ နေမြင့်လှပြီ။ တကတည်း အိပ်အိပ်နိုင်လွန်းလှတယ်"

မိခင်ဖြစ်သူ ဒေါ်ခင်ခင်ကြီးက ရဲကောင်းမြတ်၏နဖူးကိုနမ်း၍ နှိုးလိုက်သည်။ ရဲကောင်းမြတ်က အိပ်ရာမှ လူးလွန့်လူပ်ရှားလာပြီး..

"မာမီကလည်းဗျာ.. ညက အိပ်တာနောက်ကျလို့ အိပ်ရေးက မဝချင်သေးဘူး"

ခပ်ခွဲခွဲပြန်ပြောရင်း တစ်ဖက်သို့စောင်းလှည့်ပြီး ပြန်အိပ်သည်။

"ညဘက်တွေလည်း လျှောက်လျှောက်မသွားပါနဲ့လို့ မာမီ ခဏခဏ ပြောတာ မရဘူး။ လူတွေက အကျင့်ကောင်းကြတာမဟုတ်ဘူး။ လုမယ့်ယက်မယ့်၊ ဆိုးမယ့်ခိုးမယ့်သူတွေက အပုံရယ်"

ဒေါ်ခင်ခင်ကြီးက အိစက်ညက်ညောသောအိပ်ရာစွန်းတွင် ဝင်ထိုင်ရင်း ပြောသည်။ ဆံပင်ကို ခေတ်ဆန်ဆန်ကောက်၍ ပုံသွင်းထားပုံနှင့် မျက်နှာတွင်လိမ်းခြယ်ထားသည်များမှာ သူမ၏အသက်အရွယ်နှင့် မလိုက်။ မော်ဒယ်မလေးများဟုပင် သူမကိုယ်သူမ မှတ်နေလေရော့သလား မသိ။

"သားက တစ်ယောက်တည်းသွားတာမှ မဟုတ်ဘဲ။ သူငယ်ချင်းပါပါတယ်"

ပြောပြီး အခန်းတွင်းမှ ထွက်သွားသည်။

ရဲကောင်းမြတ်က အိပ်ရာပေါ်မှာ စန့်စန့်ကြီးလူးလွန့်ရင်း ညး
အရသာလေးတွေ ပြန်ပြီးခံစားနေတာ မာမီလာရှုပ်တာနဲ့ ဘယ်ရောက်သွားမှ
တောင်မသိဘူးဟု ညည်းလိုက်လေသည်။

❦ ❦ ❦ ❦ ❦

# ၁၁

"ဟာ.."

အိမ်ရှေ့ဆီမှ စက်ဘီးဖြင့်ဖြတ်သွားသော ရဲသားနှစ်ဦးကို မြင်လိုက်ရ
သဖြင့် တုန်လှုပ်ချောက်ချားကာ အပြင်ထွက်မည့်ဆဲဆဲ သောင်းထိုက်သည်
အိမ်ရှေ့မှ အိမ်ပေါ်သို့ ခပ်သုတ်သုတ်ပြန်ပြေးတက်လာခဲ့သည်။

"ဟဲ့သား.. ဘာဖြစ်တာလဲ"

မိခင်ဖြစ်သူ ဒေါ်မြနှစ်က မျက်နှာအပျက်ပျက်နှင့် တုန်တုန်ရင်ရင်ဖြစ်
နေသော သားဖြစ်သူကို လှမ်းမေးလိုက်သည်။

"ဘာ.. ဘာမှမဖြစ်ပါဘူးအမေ"

သောင်းထိုက်အသံတို့ တုန်နေဆဲ။

"ဘာမှမဖြစ်ဘူးသာဆိုတယ်။ လူက တုန်တုန်ယင်ယင်နဲ့။ အသံက
ချောက်တိချောက်ချားနဲ့။ တစ္ဆေသရဲတွေ့တာ ကျနေတာပဲ"

အိမ်ရှေ့ဝရန်တာတွင် စာဖတ်နေသော ညီမငယ်ဖြစ်သူ ရီရီထိုက်က
ရယ်၍..

"အမေရေ.. အစ်ကိုက တစ္ဆေသရဲတွေ့လို့ မဟုတ်ဘူး။ ရဲတွေကိုတွေ့
လို့ အိမ်ပေါ်ပြန်ပြေးတက်တာ။ ကောင်္ခ အစ်ကို ဘာမဟုတ်တာလုပ်ထားလဲမသိ
ဘူး"

ဟု လှမ်းပြောသည်။

သောင်းထိုက် ပို၍မျက်နှာပျက်သွားသည်။

"ဟာ.. မဟုတ်ဘူးအမေ။ သား ဘာမှမဟုတ်တာမလုပ်ဘူး။ ရီရီနော်.. မဟုတ်တာတွေ လျှောက်မပြောနဲ့။ စကားနောက် တရားပါ"

"ဒါဖြင့် အစ်ကိုက ဘာဖြစ်လို့ အိမ်ပေါ်ပြန်ပြေးတက်ရတာလဲ"

"အဲ.. အဲဒါက ဟို.. ငါ.. အပြင်ထွက်မလို့လုပ်ပြီးမှ.. ဟို.. ပိုက်ဆံကျန်တာ သတိရလို့.."

"ဟုတ်မှလည်းလုပ်ပါ အစ်ကိုရယ်။ ပြောရင်လည်း ယုတ္တိရှိရှိပြောရတယ်။ ညီမလေးက မမြင်လိုက်တာ ကျနေတာပဲ။ ရဲတွေမြင်လို့ မျက်လုံးပြူး မျက်ဆံပြူး အိမ်ပေါ်တက်ပြေးပြီးတော့များ.."

မိခင်ဖြစ်သူ ဒေါ်မြနှစ်က အလုပ်သွားရန် ထမင်းချိုင့်ပြင်နေရာမှ သောင်းထိုက်ကို အကဲခတ်ကြည့်နေသည်။ ပြီးမှ..

"သား.. အမေ့ကို မှန်မှန်ပြောစမ်း။ သား ညက အိမ်ပြန်တာလည်း နောက်ကျတယ်။ ရန်တွေဘာတွေများ ဖြစ်လာလား"

မေးသည်။ စူးစမ်းသည်။

"မ.. မဖြစ်ပါဘူး အမေ။ သားက ဘာလို့ ရန်ဖြစ်ရမှာလဲ။ သားမှ ရန်မဖြစ်တတ်တာ"

"ဒါဖြင့် ညက ဘာကြောင့် နောက်ကျတာလဲ"

"ရဲကောင်းမြတ်နဲ့လိုက်သွားလို့ပါ အမေ။ သူက ကျွေးလို့ စားရင်း သောက်ရင်း ဘောလုံးပွဲကြည့်နေလို့ နောက်ကျသွားတာပါ"

မိခင်ဒေါ်မြနှစ်က အပြည့်အဝမယုံကြည်ဟန်ဖြင့်..

"ရဲကောင်းမြတ်ဟာ ဂုဏ်သရေရှိ သူဌေးကြီးတစ်ဦးရဲ့သားမို့ သူနဲ့ ပေါင်းတာ သားဂုဏ်မနိမ့်ပေမယ့် သူ့လိုတော့ လိုက်မတုနဲ့နော်။ ဖားတုလို့ ခရုခုန်ရင် အိုင်ပျက်ရုံရှိလိမ့်မယ်။ သားက အဖေမရှိဘူး။ အမေမုဆိုးမလုပ်စာနဲ့ ရှင်သန်နေတာ။ ဘဝမမေ့ပါနဲ့"

ဆုံးမစကားဆိုသည်။

"ဟုတ်ကဲ့ပါ"

"သားအနေနဲ့ ဥစ္စာကို အားကိုးလို့ မရဘူး။ ပညာကို အားကိုးရမှာ။ အဝေးသင်တက်နေတယ်ဆိုပေမယ့် သားအလုပ်မရှိသေးဘူး။ တကယ်ဆို သား အလုပ်တစ်ခုခုရှာသင့်ပြီ။ အခုတော့ သူဌေးသားနဲ့ပေါင်းပြီး သား





စိတ်ကြီးဝင်နေသလိုပဲ။ ပြီးတော့ အမေကြားနေတာတွေရှိတယ်။ ရဲကောင်းမြတ်က အဖေအရှိန်နဲ့ အတော့်ကိုဆိုးနေတာတဲ့"

"သူက စိတ်ရင်းမဆိုးပါဘူးအမေ"

"အေးလေ..။ အမေက သူတစ်ပါးသားသမီးကို အပြစ်ပြောတာ မဟုတ်ပါဘူး။ သားကိုပဲ အမြင်မှန်ရစေချင်လို့ ပြောတာပါ။ သားက အပေါင်းအသင်းခင်တွယ်တတ်တယ်ဆိုတာ အမေသိတယ်။ အမေခဏခဏပြောသလို အပေါင်းမှားရင် ခေါင်းပြားမယ်ဆိုတာ မမေ့ပါနဲ့"

"ဟုတ်ကဲ့ပါ"

"ခု သားဘယ်သွားဦးမှာလဲ"

"လက်ဖက်ရည်ဆိုင်ပါ အမေ။ ဒါပေမဲ့ သားမသွားတော့ပါဘူး"

"အေး.. ဒါဆို အိမ်မှာနေ။ အမေက အလုပ်သွားရမှာ။ အိမ်မှာ သားတို့မောင်နှမပဲရှိမှာ။ တော်ကြာနေရင် သမီးက ကျူရှင်သွားရမယ်။ ပြောတက်စနဲ့ပြောရဦးမယ်။ ညီမလေးကိုလည်း စောင့်ရှောက်နော်။ သမီးက အရွယ်လေးရလာပြီ။ အနှောင့်အယှက်တွေ လောကမှာအပုံ။ ပန်းကောင်းအညွန့်ကျိုးမဖြစ်အောင် အမေတို့။ သားတို့က စောင့်ရှောက်ရမှာ"

"ဟုတ်ကဲ့ပါ"

မိခင်က ပြောပြီးသည်နှင့် ထမင်းချိုင့်ဆွဲကာ အလုပ်သို့ ထွက်သွားသည်။ စာကျက်နေသော ညီမလေးရီရီထိုက်ကို လှမ်းကြည့်ရင်း မာလာ့ကို သောင်းထိုက်သတိရနေသည်။

'မာလာက ညီမလေးနဲ့ ရွယ်တူပဲ။ ငါ့ညီမလေးသာ မာလာ့လိုဖြစ်ခဲ့ရင်' ဟူသောအတွေးကြောင့် ရင်တွေကတုန်ကယင်ဖြစ်လာပြန်သည်။

'ခုတလော ရဲကောင်းမြတ်နဲ့ ငါမတွေ့ဘဲနေတာ ကောင်းမယ်'

သောင်းထိုက် ဆုံးဖြတ်ချက်ချလိုက်၏။

❦ ❦ ❦ ❦ ❦

# ၁၂

စခန်းမှူးက ရဲအုပ်အောင်မင်းအစီရင်ခံတင်ပြချက်များကို နားစိုက်ထောင်နေပြီးနောက် ရဲအုပ်အောင်မင်း၏ စကားဆုံးလျှင် သက်ပြင်းချလိုက်သည်။

"အတော့်ကို အကျည်းတန်ရိုင်းစိုင်းတဲ့အဖြစ်ပဲ။ ဒါမျိုးကို လက်ပိုက်ကြည့်နေလို့ မဖြစ်ဘူး။ ထိထိရောက်ရောက် အရေးယူရမှာပဲ။ ဒါပေမဲ့ ဦးကျော်မြတ်ကလည်း မင်းသိတဲ့အတိုင်းပဲ အောင်မင်း။ မြွေပွေးကြီးကွ..။ အဆိပ်ပြင်းတယ်။ ကိုင်ရင် ပိုင်အောင်ကိုင်။ မကိုင်တတ်ရင် ပြန်ပေါက်မှာပဲ။ သတိတော့ ကြီးကြီးထားဟေ့"

စခန်းမှူးက သူ့သဘောထားကိုပြောရင်း သတိပေးသည်။

"စိတ်ချပါ စခန်းမှူး။ ကျွန်တော် သက်သေအထောက်အထားခိုင်လုံအောင်ရှာပြီးမှ အမှုတည်ဆောက်ယူမှာပါ"

ရဲအုပ်အောင်မင်းကလည်း မိမိကိုယ်ကို ယုံကြည်စိတ်ချစွာ ပြန်ပြောသည်။

"မင်းအလုပ်လုပ်တာ သေချာတယ်ဆိုတာ ငါယုံကြည်ပြီးသားပါ။ ပြီးတော့ မင်းက ငါ့ညီလိုပါပဲ။ အမှန်အတိုင်းပြောရရင် ကမ္ဘာကျော်ဦးကျော်မြတ်ရဲ့သား ရဲကောင်းမြတ်ကို အရေးယူနိုင်ဖို့က တော်ရုံနဲ့တော့ မလွယ်လှဘူး"





"ကျွန်တော်တို့ဘက်မှာ အမှန်တရားရှိပါတယ် စခန်းမှူး။ ဥပဒေကလည်း ကျွန်တော်တို့ဘက်ကပါ"

"မှန်ပါတယ်။ ဒါပေမဲ့ ငါဘာကိုဆိုလိုသလဲဆိုတာလည်း မင်းသိပါတယ်"

ရဲအုပ်အောင်မင်း ပြုံးသည်။

"ဗုံလုံတစ်လှည့်၊ ငါးပျံတစ်လှည့်ပါ ဆရာ။ အမြဲတမ်းနိုင်နေတဲ့သူမရှိပါဘူး။ အချိန်တန်လာရင် ဇောက်ထိုးကျသွားရမှာပါပဲ။ မမှန်တာလုပ်လို့ကတော့ လောကက ကြည့်မနေပါဘူး။ ဥပဒေကလည်း မျက်ကွယ်ပြုမထားပါဘူး"

"အေးလေ..။ လုပ်စရာရှိတာကိုတော့ ရဲရဲဝံ့ဝံ့သာလုပ်ပါ။ ငါပြောတာက သတိတော့ ကြီးကြီးထားဖို့ပါ။ မင်းဘက်မှာ ငါရှိပါတယ်။ တစ်ခုပဲ..။ လောကက ပြတတ်တဲ့ မျက်လှည့်ကို မျက်လှည့်မှန်းသိလျက်နဲ့ ငါတို့အလိမ်မခံရဖို့ပဲ အရေးကြီးတာပါ။ ကဲ..လုပ်စရာရှိတာ ဆက်လုပ်ပါ"

ရဲအုပ်အောင်မင်းက စခန်းမှူးကို သတိဆွဲ၍ အလေးပြုလိုက်သည်။

"လေးစားပါတယ်"

စခန်းမှူးက အပြုံးဖြင့် ပြော၏။ သဘောကျကျေနပ်စွာ ရဲအုပ်အောင်မင်းကိုကြည့်ရင်း ကျန်ရစ်၏။

ရဲအုပ်အောင်မင်း စခန်းမှူးအခန်းမှ ထွက်လာပြီး မိမိ၏စားပွဲတွင် ပြန်ထိုင်လိုက်ကာ ဆရာဝန်ကြီး၏ဆေးစာကို ပြန်ဖတ်သည်။ ရိုက်ထားသောတတ်ပုံများကား မရသေး။

သီတာ၏ပြောစကား၊ မောင်သူရ၏ထွက်ဆိုချက်မျှဖြင့် ရဲကောင်းမြတ်ကို ကိုင်တွယ်၍မရနိုင်သေးသည်ကို သူကောင်းကောင်းသဘောပေါက်ပါသည်။ ထို့ထက် တိကျခိုင်မာသော သက်သေရဖို့ လိုသည်။

ထိုအချိန်တွင် ဒုရဲအုပ်ဖြိုးကြီး အခန်းတွင်းဝင်လာသည်။ သူ့နောက်တွင် အမျိုးသမီးတစ်ဦး ပါလာသည်။

"ဆရာ"

"ဘာလဲ ဖြိုးကြီး။ ဘာထူးလဲ"

"ဒီမှာ သက်သေတစ်ယောက် ရလာတယ်ဆရာ"

ရဲအုပ်အောင်မင်း အားတက်စွာဖြင့် အမျိုးသမီးကို လှမ်းကြည့်၏။ အသားညိုညို၊ လုံးကြီးပေါက်လှ အမျိုးသမီးတစ်ဦးဖြစ်၏။ အသက်သုံးဆယ့်ငါးနှစ်ခန့်။ ပညာတတ်လူတန်းစားထဲကတော့ ဖြစ်ဟန်မတူ။ သာမန်လက်လုပ်

လက်စားထဲက ဖြစ်နိုင်၏။

"သူ့နာမည်က မသန်းမူပါ ဆရာ။ သူက ကွမ်းယာရောင်းပါတယ်။ မာလာနွယ်နဲ့ပတ်သက်ပြီး သူ့မှာ ပေးစရာသတင်းတစ်ခု ရှိပါတယ်"

"ဟုတ်လား။ သိပ်ကောင်းတာပေါ့ကွာ။ ကဲ.. မသန်းနု.. ထိုင်ဗျာ။ ခင်ဗျားတွေ့တာ၊ မြင်တာ အေးအေးဆေးဆေးပြောပြပါ။ ကျွန်တော်တို့အဖို့ သိပ်အဖိုးတန်တဲ့ သတင်းမျိုးဖြစ်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"

မသန်းမူက ရဲအုပ်အောင်မင်းရှေ့ခုံတွင် ဝင်ထိုင်သည်။ မဝံ့မရဲပါပဲ။ ကြည့်ရသည်မှာ ရဲစခန်းတို့၊ ရုံးပြင်ကနားတို့နှင့် သူမ အတွေ့အကြုံရှိပုံမရ။ ဒုရဲအုပ်ဖြိုးကြီးက ဘေးမှာရပ်လျက်..။

"ကျွန်မ.. ကျွန်မ ဘယ်က စပြီး ပြောရမလဲ"

"ပြောချင်တဲ့နေရာက စပြောဗျာ။ ကျွန်တော်တို့က လိုတာ မေးမယ်"

"ဟုတ်ကဲ့..။ ကျွန်မက ကွမ်းယာရောင်းပါတယ်။ လမ်းဆုံမှာပါ။ ခါတိုင်းက ညရှစ်နာရီ၊ ကိုးနာရီလောက်မှ ကျွန်မ ဆိုင်ကိုသိမ်းပါတယ်။ ညကတော့ ကျွန်မယောက်ျား အဖျားကြီးနေတာနဲ့.. အဟိ"

မသန်းမူက ပြောရင်းမှ ရပ်သွား၏။ သူမစကားကို သူမအတွေးပေါက်ပြီး ပြုံးစေ့စေ့ဖြစ်သွား၏။ မလုံမလဲကြည့်ပြီး ခေါင်းငုံ့လိုက်၏။

"ဆက်ပြောပါ"

ရဲအုပ်အောင်မင်းက ထောက်ပေးသည်။

"အဲ.. ကျွန်မယောက်ျား ဖျားနေလို့ ကျွန်မ ဆိုင်စောစောသိမ်းပါတယ်။ ဒါကလည်း ဒီလိုရှင့်။ ခါတိုင်း ကျွန်မယောက်ျားက ကျွန်မ ကွမ်းယာဆိုင်ကို မိုးချုပ်ရင် လိုက်လာပြီး ကူရောင်းပါတယ်။ သူက နေ့ခင်းဘက်မှာ တခြားအလုပ်ရှိပါတယ်။ ညကိုတော့ လူရှုပ်တွေ ဆိုင်ကိုလာတတ်တယ်ရှင့်။ အဲ.. ဆိုင်ကိုလာပြီး ကျွန်မကို ထိကပါးရိကပါးလုပ်တတ်လေတော့ ကျွန်မယောက်ျားက ကျွန်မကိုစိတ်မချဘူးရှင့်။ ပြောလို့ပြောတာ မဟုတ်ဘူး။ ကျွန်မယောက်ျားက ကျွန်မကို သိပ်ချစ်တာ"

ရဲအုပ်အောင်မင်း စိတ်ညစ်သွားသည်။ ဒုရဲအုပ်ဖြိုးကြီးက ပြုံးနေ၏။

"ဟိုးထားမသန်းမူ..။ ခင်ဗျားစကားတွေ ဘေးချော်သွားပြီ။ ခင်ဗျားယောက်ျား ခင်ဗျားကိုချစ်တာ နောက်မှပြောဗျာ။ ကျွန်တော်တို့ အေးအေးဆေးဆေး နားထောင်ပေးမယ်။ အခုတော့ ညကအဖြစ်အပျက်ကိုပြော"

"ဟုတ်.. ဟုတ်ကဲ့.. ဒီလိုပါရှင်..။ ကျွန်မက ညက ဆိုင်ကို ကျွန်မ





ယောက်ျားလည်းမရှိတာနဲ့ မိုးချုပ်စမှာပဲ သိမ်းလိုက်ပါတယ်။ သိမ်းပြီးတော့ အိမ်ပြန်ပါတယ်။ အဲဒီမှာ.. အင်း.. မှောင်တော့ နည်းနည်းမှောင်နေပြီရှင့်။ ဒါပေမဲ့ လူလုံးတော့ သဲကွဲပါသေးတယ်။ လမ်းကြားမှာ ကားတစ်စီးရပ်ထားတာ တွေ့ရပြီး ကားဘေးမှာ ကောင်မလေးတစ်ယောက်ကို ကောင်လေးတစ်ယောက်က ဆွဲပြီး ကားပေါ်တင်လိုက်တာ တွေ့ရပါတယ်"

"ကောင်မလေးက မအော်ဘူးလား"

"မအော်ဘူးရှင့်..။ အဲ.. မဟုတ်ဘူး။ ဂူးဂူးဝါးဝါးတော့ အော်တယ်ထင်တာပဲ။ ကောင်လေးက ကောင်မလေးပါးစပ်ကိုပိတ်ပြီး ကားပေါ်ဆွဲတင်ပုံပဲ။ ပြီးတော့ ကားမောင်းထွက်သွားတယ်"

"ကားက ဘာကားလဲ"

"ဘာကားလဲတော့ မသိဘူး။ ခပ်လှလှပဲ။ မီးခိုးရောင်လား၊ အနက်ရောင်လား.. တစ်ခုခုပဲ"

"ကောင်မလေးကို ခင်ဗျားသိလား"

"မြင်တော့ မြင်ဖူးနေတယ်။ မသိဘူး။ သူ ကျွန်မရဲ့ကွမ်းယာဆိုင်ရှေ့ကနေ လွယ်အိတ်လေးနဲ့ ဖြတ်ဖြတ်သွားတာ တွေ့ဖူးတယ်"

ထိုအချိန်တွင် ရဲတပ်ကြပ်ကြီးအုန်းသန်းက စားပွဲရှေ့မှာ လာရပ်ကာ အလေးပြုသည်။

"ဆရာ.."

"ဘာလဲ ဆရာကြီး"

"ဒီမှာ ဓာတ်ပုံတွေ ရလာပါပြီ"

ပြောရင်း ဓာတ်ပုံစက္ကူအိတ်ကို စားပွဲပေါ်ချပေးသည်။

"ဟာ.. အတော်ပဲဗျာ"

ရဲအုပ်အောင်မင်းက ဓာတ်ပုံစက္ကူအိတ်ထဲမှ ဓာတ်ပုံများဆွဲထုတ်ကာ တစ်ပုံကို မသန်းမူရှေ့သို့ ချပေးလိုက်သည်။

"ခင်ဗျားတွေ့လိုက်တာ သူလား"

မသန်းမူက ဓာတ်ပုံကို ယူကြည့်သည်။

"ဟုတ်တယ်။ သူပဲ..။ သူမှ သူအစစ်ပဲ"

"ဟုတ်ပြီ။ ဒါဆို ကောင်လေးကိုရော ခင်ဗျားသိလား"

"သိပါတယ်။ ကျွန်မယောက်ျားပြောဖူးလို့ သိနေပါတယ်။ ကျွန်မဆီမှာတောင် ကွမ်းယာဝယ်ဖူးပါတယ်။ လူချောလေးပါ။ ဗီဒီယိုမင်းသား နေတိုးနဲ့

ခပ်ဆင်ဆင်ပါ။ သူ့နာမည်က ဘယ်သူ။ အဲ.. ရဲအောင်.. အဲ.. မဟုတ်ပါဘူး။ ရဲကောင်းမြတ်.. ဟုတ်တယ်.. ရဲကောင်းမြတ်ပါ။ ကမ္ဘာကျော်သူဌေးကြီးရဲ့ သားတဲ့''

ရဲအုပ်အောင်မင်း၏မျက်နှာ ဝင်းလက်သွားကာ လက်ဖျောက်တစ် ချက်တီးလိုက်သည်။

''ဟုတ်ပြီ။ ဒါ.. သိပ်အရေးကြီးတဲ့သက်သေပဲ ဖြိုးကြီးရေ၊ ကဲ.. ဒီလို လုပ်ရအောင်။ ကျွန်တော်တို့ မသန်းမူရဲ့ သက်သေထွက်ချက်ကို ရေးယူပါမယ်။ အစကနေ ခပ်ဖြည်းဖြည်းပြန်စရအောင်။ ရေးရင်းနဲ့ ကျွန်တော်တို့မေးတာကို တိတိကျကျပြောပေးပါ။ ပြီးရင် မသန်းမူရဲ့ထွက်ချက်ကို ကျွန်တော်တို့ပြန်ဖတ် ပြမယ်။ မှန်ကန်ရင် လက်မှတ်ထိုးပါ''

''ဟုတ်ကဲ့''

''မသန်းမူရဲ့ အဘအမည်၊ နိုင်ငံသားမှတ်ပုံတင်အမှတ်နဲ့ နေရပ်လိပ် စာအပြည့်အစုံကို အရင်ဆုံးပြောပါ''

❦ ❦ ❦ ❦ ❦

# ၁၃

အထူးကြပ်မတ်ကုသခန်းထဲမှ ပိုက်များ၊ ဆေးပုလင်းများ၊ နှလုံးခုန် ဘိုင်းစက်ဖြင့် ဝန်းရံနေသော ခုတင်ထက်၌ ပက်လက်အနေအထားဖြင့် မလှုပ် မယှက်ရှိနေသော သမီးကလေးမာလာကို မှန်မှတစ်ဆင့်ဖြတ်၍ မြင်နေရသည်။

သမီးကလေးကိုကြည့်ရင်း ဦးထွေးရင်မှာ ဆို့နေ၏။

သမီးကလေး ယခုထိ သတိမရသေး။

အဖြစ်အပျက်များ ဖြစ်ခဲ့သည်မှာ တစ်ရက်တစ်ညရှိခဲ့ပြီ။ ခွဲစိတ်ခန်းမှ ထွက်လာကတည်းက ယခုထိ သတိမေ့မြောနေဆဲ။

''သူ အသက်ရှူပုံ မှန်တယ်။ နှလုံးခုန်မှု မှန်တယ်။ မစိုးရိမ်ပါနဲ့။ သတိရလာမှာပါ''

Round လှည့်လာသော ဆရာဝန်ကြီးက သမီးလေးကို ကြည့်ရှုစစ် ဆေးပြီး ဦးထွေးကို နှစ်သိမ့်မှုပေးခဲ့သည်။

''သမီးလေး ဘယ်တော့သတိရလာနိုင်မလဲ ဆရာကြီး''

သမီးကလေး ယခုထိ သတိမရသေး။

''သတိရလာမှာပါ။ အနှေးနဲ့အမြန်ပါပဲ။ အားလုံး အခြေအနေ ကောင်းပါတယ်''

ဆရာဝန်ကြီးက စာနာစွာနှစ်သိမ့်နေခြင်းမျှသာဖြစ်မည်ဟု တွေးမိပြီး

ဦးထွေးရင်ပူလျော့မသွား။

ဦးထွေး အိမ်မပြန်နိုင်။ သမီးလေးကို ဆေးရုံပို့သည်။ ညမှ စ၍ ဆေးရုံမှာပင် ဦးထွေးရှိနေခဲ့သည်။ သမီးကလေးဘေးမှာပင် ရှိနေခဲ့သည်။ သမီးကလေးကို မျက်ခြည်မပြတ်၊ စက္ကန့်မလပ် ကြည့်နေခဲ့သည်။

အိပ်၍မရ။ စား၍မရ။

သမီးကလေးကို ထိုမျှပူပန်စိုးနှောင့်စွာရှိနေသော ဦးထွေးကို ဆရာဝန်များ သူနာပြုဆရာမများကလည်း ကိုယ်ချင်းစာခဲ့ကြသည်။ သားအဖနှစ်ဦး အဖြစ်ကို ရင်နာမဆုံးဖြစ်ခဲ့ကြသည်။

"ဒီလူယုတ်မာ ထောင်များများကျပါစေရှင်"

အချို့သော သူနာပြုဆရာမများနှုတ်မှ ကြိတ်မနိုင်ခဲမရ အန်ကျလာသော ခံစားမှုများက နှလုံးသားရှိသည့်၊ အကြင်နာကရုဏာရှိသည့်၊ လူသားဆန်သည့်သူများဖြစ်ကြောင်း ထင်ရှားနေသည်။

ခြေရင်းအိမ်မှ မလှမြင့်တို့လင်မယားက သမီးလေးကို ဆေးရုံပို့ပြီး နောက်မနက်မှာ ရောက်လာကာ သတင်းမေးသည်။ မိတ်ဆွေသင်္ဂဟများလည်း ရောက်လာကာ ဦးထွေးကို အားပေးသည်။

မလှမြင့်က ထမင်းချိုင့်နှင့် စားစရာများကို မနက်ရော၊ ညပါ လာပို့သည်။ ဆွေမျိုးမတော်သော်ငြား တစ်သွေးတစ်သားတည်းရှိကြသည့် ရပ်ဆွေရပ်မျိုး သို့မဟုတ် မိတ်ဆွေကောင်းများဟု ဦးထွေး သဘောပေါက်နားလည်ရသည်။ အရေးအကြောင်းကြုံမှ မိတ်ဆွေကောင်းကို ခွဲခြားသိမြင်ရသည် မဟုတ်ပါလား။

"အစ်ကိုကြီး ခဏလောက် အိမ်ပြန်နားလိုက်ပါလား။ တစ်ရေးလောက် အိပ်လိုက်ပါလား။ ကျွန်မ ဒီမှာစောင့်နေပါ့မယ်"

မလှမြင့်က ဦးထွေးကို ဖျောင်းဖျသည်။ ဦးထွေး ခေါင်းကိုယမ်းသည်။

"အိပ်လို့ရမှာ မဟုတ်ပါဘူး မလှမြင့်ရယ်။ စိတ်တွေက ပူလောင်နေတာ"

"မဟုတ်ဘူးလေ အစ်ကိုကြီးရဲ့။ ဒါက တစ်ခဏလေး၊ ရက်တိုတိုလေးနဲ့ ပြီးချင်မှပြီးသွားမှာ။ ဒီလိုချည်း အစ်ကိုကြီး အိပ်မရ၊ စားမရ ဖြစ်နေလို့ ဘယ်ဖြစ်ပါ့မလဲ။ တော်ကြာ အစ်ကိုကြီးပါလဲနေမှ ဘိုးသူတော်ကို တောင်ဝှေးမကယ်နိုင်၊ တောင်ဝှေးကို ဘိုးသူတော်မကယ်နိုင် ဖြစ်နေမယ်"

"မှန်တယ် ဦးလေး။ ဒီကအစ်မကြီးပြောတာ မှန်တယ်။ ဦးလေးစိတ်





ကို ဖြေသိမ့်ပြီး ဦးလေးကိုယ်ကိုလည်း စောင့်ရှောက်ဖို့လိုတယ်"

ဆေးရုံသို့ရောက်လာသော သမီးကလေး၏ဆရာမကလည်း ဝင်၍ တိုက်တွန်းရှင်းလင်းပြသည်။

"မလှမြင့်ပြောတာရော၊ ဆရာမပြောတာရော ကျွန်တော်နားလည် သဘောပေါက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်စိတ်ကို ကျွန်တော်သိနေတယ်။ ကျွန်တော် ဘယ်လိုမှ နေလို့မရဘူးဗျာ။ သမီးကလေးအတွက် ရင်ထဲမှာ ဆို့နင့်မွန်းကျပ်နေတယ်။ ကံကြမ္မာက ရက်စက်လွန်းပါတယ်။ ကျွန်တော်နဲ့သမီးလေးတို့ ဘယ်သူ့အပေါ်မှ မကောင်းစိတ်မမွေး၊ မကောင်းတာမပြုခဲ့ပါဘူး။ ဒါနဲ့တောင်မှ.."

ဦးထွေး ပြောရင်း မျက်ရည်ကျ၊ ငိုသံနှင့်ပြောရာက အသံတွေဆို့နင့် တိမ်ဝင်ပျောက်ကွယ်သွားသည်။ အသက်ငါးဆယ်ဝန်းကျင်ယောကျ်ားကြီးတစ်ယောက် ဖြေမဆည်နိုင်စွာ ရှိုက်ကြီးတငင်ဝိုနေသည်ကိုကြည့်၍ ဘေးလူများလည်း စိတ်မထိခိုက်ဘဲ မနေနိုင်။

မလှမြင့်က ဦးထွေး၏လက်မောင်းကို ဆုပ်ကိုင်အားပေးနေသော်လည်း သူမကိုယ်တိုင်က မျက်ရည်များဖြင့်..။

"မာလာကလေးကို ကျွန်မကလည်း သမီးကလေးလိုချစ်တာပါ။ သူက သိပ်လိမ္မာတဲ့ ကလေးမလေးပါ။ သူတစ်ပါးအပေါ်လည်း သိပ်ပြီးသိတတ်တဲ့ ကလေးမလေးပါ။ သိပ်ချစ်ဖို့ကောင်းတဲ့ ကလေးပါ"

မလှမြင့်က ငိုသံနှင့် ပြောသည်။

ဆရာမက..

"ကျွန်မတို့ အတိတ်ဘဝက ကံအကျိုးပေးကို ခုဘဝမှာ ဆက်ခံကြရဘာပါ။ ဝင့်ကြွေးလို့ပဲ ဖြေသိမ့်ပါ ဦးလေးရယ်။ ဒါပေမဲ့ ခုဘဝမှာပြုတဲ့ကောင်းမှု၊ မိမိရဲ့ ရိုးသားဖြူစင်တဲ့စိတ်ထားတွေက ကိုယ့်ကို ကောင်းကျိုးပေးလာမှာပါ။ လူကောင်းကို နတ်ကောင်းမ,မှာပါ ဦးလေးရယ်။ ဒုက္ခဆိုတာ အခိုက်အတန့်ပါ"

တရားနှင့် ဖြေသိမ့်စကားဆိုသည်။

"ရဲတွေကရော ဘာပြောသေးလဲ"

"ဒီကို ရဲအုပ်ကြီး မကြာခဏလာပါတယ်။ သိပ်ပြီးသဘောကောင်းတဲ့ ရဲအုပ်ကြီးပါ။ သူပြောတာကတော့ သက်သေတွေ ရသင့်သလောက် ရနေပါပြီ။ ကာယကံရှင်ဖြစ်တဲ့ သမီးလေးသတိရလာတာကို သူတို့စောင့်နေတာတဲ့။ သမီးကလေး သတိရလို့ စကားပြောနိုင်ရင် သမီးကလေးပြောပြမယ့် ထွက်ချက်တွေ

နဲ့ပေါင်းပြီး တရားခံကို အမြန်ဆုံးဖမ်းမှာပါတဲ့။ တရားရုံး အမြန်ဆုံးတင်မှာပါတဲ့''

''ပုဒ်မကြီးကြီးတပ်ပြီး အပြစ်ကြီးကြီးပေးပါလို့ အစ်ကိုကြီးက မပြောဘူးလားဟင်''

မလှမြင့်က နာကြည်းခံပြင်းစိတ်ဖြင့် မထိန်းမချုပ် ဖွင့်ပြောသည်။

''ထိုက်သင့်တဲ့ပြစ်ဒဏ်တော့ ကျမှာပေါ့ မလှမြင့်ရယ်။ ရဲအုပ်ကြီးပြောတာတော့ အဝမ္မကျင့်ပြုမှုရော၊ ပြင်းထန်စွာနာကျင်စေမှုရော နှစ်မှုတပ်ပြီး တရားရုံးတင်မှာတဲ့''

''အဲဒီ ရဲကောင်းမြတ်ဆိုတဲ့ကောင်က လူရမ်းကားလေးလို့ လူပြောများတယ်။ ဖအေ့အရှိန်နဲ့ ထင်တိုင်းကြေနေတဲ့ ကောင်လေးတဲ့''

မလှမြင့် ဝေဖန်ချက်...။

ဆရာမက..

''ကမ္ဘာကျော်ဦးကျော်မြတ်ကတော့ နာမည်ကြီးပဲ။ တရားရုံးကျရင်တော့ သူ့ဘက်က အင်အားသုံးပြီး အမှုကလွှတ်အောင် လုပ်လိမ့်မယ်ထင်တယ်''

ချင့်ချင့်ချိန်ချိန်၊ တွေးတွေးဆဆ ပြောသည်။

''ရဲအုပ်ကြီးကလည်း အဲဒီလိုပြောတယ်။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် အမှန်တရားဘက်ကလူက ကြောက်စရာမရှိပါဘူးလို့ ပြောပါတယ်''

''ဟုတ်ပါတယ် ဦးလေး။ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကလည်း စောင့်ရှောက်မှာပါ။ ဘုရားကလည်း ကြည့်မနေပါဘူး''

သူနှာပြုဆရာမကလေးတစ်ယောက် အထူးကြပ်မတ်ခန်းတွင်းမှ ပြေးထွက်လာသည်။

''ဦးလေး။ ဦးလေးသမီး သတိရလာပြီ''

ဦးထွေးအပါအဝင် အားလုံး ဝမ်းသာသွားကြသည်။ နေရာမှ ထ၍ အခန်းတွင်း ပြေးဝင်သွားကြသည်။

❦ ❦ ❦ ❦ ❦



ရဲကောင်းမြတ် ကားပေါ်ကဆင်းပြီး စားသောက်ဆိုင်ထဲဝင်လိုက်သည်နှင့် စောင့်ကြည့်နေသော မျက်လုံးတစ်စုံကို သတိပြုလိုက်မိ၏။ သို့သော် မြင်ဟန်ပြုလိုက်သည်။

စိတ်ထဲ ထင့်ခနဲဖြစ်သွားသော်လည်း ဘာမျှမဖြစ်သလို ဟန်ဆောင်ကာ ရဲရဲဝံ့ဝံ့ပင် ဆိုင်တွင်းဝင်လာခဲ့၏။

ဆိုင်တွင်းရှိ လူအချို့၏အကြည့်များကလည်း သူ့ထံရောက်လာသည်။

သည်ဆိုင်ကို သည်နေ့မှ ပြန်လာခြင်းဖြစ်သည်။ ဟိုတစ်နေ့မှ စ၍ သည်ဆိုင်ဘက်ကို ခြေဦးမလှည့်ခဲ့သည်မှာ ယခုထိ။ ပြီးတော့ သောင်းထိုက်ကသည်း ယခုတလော အပြင်မထွက်။ မိမိထံသို့လည်း အဆက်အသွယ်မလုပ်။ သည်ကောင် ကြောက်နေပုံရသည်။

စားပွဲတစ်ခုမှာ ဝင်ထိုင်လိုက်သည်နှင့် ခါတိုင်းဆုံနေကျ စားပွဲထိုးကလေးကို လက်လှမ်းပြကာ စားစရာများနှင့် ဘီယာမှာသည်။

စောစောက ကားပေါ်မှ မိမိဆင်းချိန်တုန်းက စောင့်ကြည့်နေခဲ့သော သူကလည်း ဆိုင်တွင်းသို့ဝင်လာကာ စားပွဲတစ်ခုမှာ ဝင်ထိုင်သည်။ အရပ်တန့်ဖြစ်သော်လည်း ရဲဖြစ်မည်ဟု ရဲကောင်းမြတ်တွေးမိ၏။ ထိုသူက မိမိနှင့်ဘေး

တစောင်းထိုင်နေသော်လည်း မိမိထံသို့ မျက်လုံးထောင့်စွန်းမှ ကြည့်နေလိမ့်မည်ဟု ရဲကောင်းမြတ်သိသည်။

သူတို့ မိမိနောက်သို့ ရှဲဒိုးလိုက်နေလေသလား။

ရဲကောင်းမြတ် တစ်ကိုယ်တည်း ကျိတ်၍ပြုံးမိ၏။

ရဲကောင်းမြတ် မမှုပါ။ သူတို့ မိမိကို မည်သို့ထိပါးရဲပါမည်နည်း။ မိမိသည် ကမ္ဘာကျော်ဦးကျော်မြတ်၏ တစ်ဦးတည်းသောသား။ ကမ္ဘာကျော်ဦးကျော်မြတ်ဆိုသည်က သာမန်လူမှ မဟုတ်ပေပဲလေ။

ပြီးတော့ မိမိကိစ္စက မည်သူမျှမျက်မြင်သက်သေမရှိသော ကိစ္စပေပဲ။

တစ်ခုတော့ ရှိသည်။

မာလာ..။

သင်းကလေးကား အသက်ပြင်းလှသည်။ မိမိက ကိစ္စတုံးဟူ၍ လုပ်ခဲ့သော်ငြား သင်းကလေးက မသေဘူးတဲ့။ အသက်ရှင်နေသေးသတဲ့။ ဆေးရုံရောက်နေသတဲ့။ သတိတော့ မရသေးဘူးတဲ့။

မာလာသတိရလာလျှင်တော့..

သို့သော် ရဲကောင်းမြတ် သိပ်မပူပါ။ မာလာသည် ခေါင်းကို ပြင်းစွာထုရိုက်ခံထားရသည်ပဲ။ ဘာကိုမျှမှတ်မိနိုင်စရာမရှိ။ မာလာ ဘာကိုမျှမမှတ်မိလျှင် ပွဲက ပြီးသွားပြီ။ သိကြားမင်းကိုယ်ထင်ပြပြီး သက်သေလိုက်မှာတဲ့လား။

မာလာ့သတင်းကိုတော့ ဆက်၍စုံစမ်းခိုင်းထားသည်။ တစ်စုံတစ်ခုထူးခြားလာလျှင် မိမိသိရမည်။

သူရက ဘီယာနှင့် မှာထားသောအစားအစာများ လာချသည်။

"ဒီနေ့ အစ်ကိုတစ်ယောက်တည်းလား။ အစ်ကို့သူငယ်ချင်း မပါဘူးလား"

ဘီယာကိုချရင်း မေးသည်။

ရဲကောင်းမြတ် သူရကို ခပ်တည်တည်မော့ကြည့်လိုက်သည်။ သူဘာမေးစရာလိုလဲ။ သူ့ကို ရဲက စုံစမ်းခိုင်းတာလား။ သူက မိမိကို ဒုက္ခပေးနိုင်သူလား။ ရဲကောင်းမြတ် အတွေးတွေ တစ်ခုပြီးတစ်ခုပေါ်လာ၏။

"မင်း တစ်ယောက်တည်းမြင်တယ်မဟုတ်လား။ တစ်ယောက်တည်းပေါ့။ ဘာလဲ..။ အဖော်မပါရင် မင်းတို့ဆိုင်က ဘီယာမရောင်းဘူးလား"

ခွစကား ပြောပစ်လိုက်သည်။

သူရ ပျာပျာသလဲဖြစ်သွားကာ တောင်းပန်သည်။





"ဟာ.. အဲဒီသဘောမဟုတ်ပါဘူး အစ်ကို။ ခါတိုင်း အစ်ကိုနဲ့အတူ သူငယ်ချင်းတစ်ယောက် ပါလာတတ်တယ်လေ။ ဒီနေ့ တစ်ယောက်တည်းမို့ မေးကြည့်တာပါ။ ဆောရီးနော် အစ်ကို"

"အေး.. ဒီနေ့ ငါတစ်ယောက်တည်း။ ဒါပေမဲ့.. တစ်ယောက်တည်းမို့ အထင်တော့ မသေးနဲ့။ တစ်ကောင်တည်း.. ဒါပေမဲ့ ခြသေ့်ကွ"

"ဟုတ်.. ဟုတ်ကဲ့.. ဟုတ်ကဲ့.."

သူရ အနားမှ ပြန်လစ်သွားသည်။

စောစောက မိမိကိုအကဲခတ်နေသောသူကမူ ဘီယာမသောက်။ အအေးတစ်ပုလင်းနှင့် ဟိုငေးသည်ငေး။

စားပွဲတချို့မှ လူများကလည်း မိမိထံအာရုံရောက်နေသည်ကို ရဲကောင်းမြတ်သတိပြုမိပြန်၏။ ပတ်ဝန်းကျင်မှာ သတင်းပျံ့နေသလား။ ထိုသတင်းမှာ မိမိအကြောင်း ပါနေသလား။

ထိုအခိုက်မှာ ဟန်းဖုန်းက အသံမြည်လာ၏။

ဖုန်းကို ထုတ်ယူကာ ကြည့်လိုက်သည်။

နားမှာကပ်လိုက်တော့..

"ကျွန်တော် ငတိုးပါ ကိုရဲ"

ရဲကောင်းမြတ်၏ သတင်းပေးအင်ဖော်မာထံမှဖြစ်၏။

"အေး.. ပြော"

"မာလာ့သတင်း ပို့တာပါ။ မာလာသတိရလာပြီတဲ့"

❦ ❦ ❦ ❦ ❦

# ၁၅

"သတိရလာပြီ.. ဟုတ်လား ဦးလေး"

"ဟုတ်ပါတယ်"

"စကားကောင်းကောင်းပြောနိုင်ပြီလား"

တစ်ဖက်မှအသံ တစ်ခဏပြတ်သွားသည်။ အသံတိတ်သွားခြင်းဖြစ်သည်။

"ဦးလေး မာလာစကားပြောနိုင်ပြီလား"

တစ်ဖက်မှ ဆို့နှင့်ကြေကွဲသံ ဖြည်းလေးစွာပေါ်လာသည်။

"သတိရလာပေမယ့် ဘာစကားမှ သေသေချာချာမပြောနိုင်သေးဘူး။ ဘာမှမှတ်မိပုံမရဘူး။ သမီးကလေး.. သမီးကလေးလေ အားလုံးကို.. အတိတ်ကို မေ့သွားပုံရတယ်။ ကျွန်တော့်ကိုတောင် မ.. မသိ.. မသိတော့ဘူး"

"ဟာ.."

ရဲအုပ်အောင်မင်းရင်မှာ ပြင်းစွာထိခိုက်သွားသည်။ ရင်မှ နာကျင်မှုကြောင့် ဖြစ်လာသော တုန်လှုပ်မှုအာမေဋိတ်ကို မထိန်းလိုက်နိုင်။

အခြေအနေက ထင်သည်ထက် ဆိုးနေပါကလား။ မျှော်လင့်သည်ထက် ပိုမိုခက်ခဲသွားပါပကော။





မာလာ့ဖခင် ဦးထွေး၏ အသက်ပြင်းပြင်းရှူသံကို ဖုန်းထဲမှ ကြားနေရသည်။

"ကျွန်တော်အခုလာခဲ့မယ် ဦးလေး။ ဦးလေး ဘာမှစိတ်မပူပါနဲ့။ သတိရလာပြီဆိုတော့ အခြေအနေကောင်းလာပါပြီ။ ခေါင်းကိုထိထားတာဆိုတော့ ရုတ်တရက်မမှတ်မိတာ နေမှာပါ။ ခဏနေရင် ပုံမှန်ပြန်ဖြစ်လာမှာပါ"

ဖြေသိမ့်စကားကို ဆိုလိုက်ရသော်လည်း..

ရဲအုပ်အောင်မင်းစိတ်ထဲမှာမူ ကြိုသိနေလေပြီ။ မာလာကား တော်ရုံနှင့် အတိတ်မေ့ခြင်းမှ ပုံမှန်ပြန်ဖြစ်လာဖို့ မလွယ်။ ခွဲစိတ်ကုဆရာဝန်ကြီးကလည်း ပြောခဲ့သည်လေ။ "အသက်ကိုပြန်လုယူနိုင်တာ ကံကောင်းတယ်။ ဦးနှောက်ကို ထိခိုက်ပျက်စီးမှုတချို့ ရှိနေလို့ စိတ်ပုံမှန်ပြန်ဖြစ်ဖို့ မလွယ်လှဘူး။ ဒါထက် ပိုပြီး ကိုယ်လက်အင်္ဂါလှုပ်ရှားမှုတချို့ လေးလံတုံ့ဆိုင်းသွားနိုင်တယ်။ စကားပြော နည်းနည်းဆွံ့သွားနိုင်တယ်".. တဲ့။

ဖုန်းကိုချလိုက်ပြီး ရဲအုပ်အောင်မင်း ငိုင်နေမိသည်။ ဖုန်းနားထောင်ပြီး မျက်နှာမကောင်းဖြစ်သွားသော ရဲအုပ်အောင်မင်းကိုကြည့်၍ ဒုရဲအုပ်ဖြိုးကြီးက နေရာမှ ထလာသည်။

"ဆရာ.. ဆေးရုံက ဖုန်းလား"

"ဟုတ်တယ်"

"ဘာတဲ့လဲ ဆရာ။ ကောင်မလေး သတိရပြီလား"

"ရပြီတဲ့။ ဒါပေမဲ့.."

"ဒါပေမဲ့ ဘာဖြစ်လဲ ဆရာ"

"အတိတ်မေ့နေတယ်"

"ဟာ.."

ဒုရဲအုပ်ဖြိုးကြီးလည်း တုန်လှုပ်သွားသည်။ ပြီးမှ..

"ဒါ.. ဒါဆို ကျွန်တော်တို့ သူ့ဆီက ဘာမှထွက်ချက်မရနိုင်တော့ဘူး။ ပြဿနာပဲ"

ညည်းတွားသံ ထွက်လာ၏။

"ဟုတ်တယ်..။ ဒီလိုကိစ္စမျိုးက အခင်းဖြစ်နေတာကို မျက်မြင်သက်သေ ရှိတတ်တာမဟုတ်ဘူး။ ကာယကံရှင်ရဲ့ ထွက်ဆိုချက်ကို အားပြုပြီး အမှုတည်ဆောက်ရတာ။ ခုတော့ ကာယကံရှင်က ဘာမှပြောနိုင်မှာမဟုတ်ဘူး။ လူတန်းစီပြရင်လည်း ဟိုကောင့်ကို ရွေးထုတ်ပြနိုင်မှာ မဟုတ်ဘူး"

"ဒါဆို ဘယ်လိုဆက်လုပ်မလဲ"

"တခြားသက်သေတွေနဲ့ အမှုကို ကွင်းဆက်လုပ်ပြီး တည်ဆောက်ရမှာပဲ။ သူရတို့၊ မသန်းမူတို့နဲ့ပေါ့ဗျာ။ အဓိကကတော့ မသန်းမူပဲ။ ဒါနဲ့ ဆရာကြီးအုန်းသန်းတို့ ကောင်မလေးကိုတွေ့တဲ့နေရာနားက ရပ်ကွက်ကိုသွားတာ ပြန်မလာကြသေးဘူးလား။ ဟိုညကထွက်သွားတဲ့ကားဟာ ရဲကောင်းမြတ်ကားဆိုတာ သေချာစေနိုင်တဲ့ သက်သေရရင် ကောင်းမယ်"

တိုက်တိုက်ဆိုင်ဆိုင် ရဲတပ်ကြပ်ကြီးအုန်းသန်း အခန်းတွင်း ပြန်ဝင်လာသည်။ လူတစ်ယောက် ပါလာသည်။ လူကြီးတစ်ဦးဖြစ်သည်။ အသက်ငါးဆယ်ခန့်။ ပိန်ပိန်ပါးပါး..။ ကြည့်ရသည်မှာ အရက်သမားတစ်ဦး ဖြစ်ဟန်ရှိသည်။

"ဆရာ..ဒီမှာ သက်သေတစ်ယောက် ရလာပြီ။ ဆရာလိုချင်တဲ့ သက်သေပဲ"

"ဟိုညက ကားကို တွေ့လိုက်တဲ့လူလား"

"ဟုတ်တယ်ဆရာ။ ကျွန်တော်တို့တွေ့လိုက်တဲ့ကားကို သူလည်းတွေ့လိုက်တယ်။ သူက မျက်နှာချင်းဆိုင်တွေ့လိုက်တာ"

ရဲအုပ်အောင်မင်းက ထိုသူကို ထိုင်စေပြီး..

"ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ"

"တင်ဦးပါ"

ယခုအချိန်၌လည်း သူအနည်းငယ်ထွေနေဟန်ရှိ၏။

"အင်္ဂါနေ့ညက ခင်ဗျားဘာတွေ့ခဲ့လဲ"

အင်္ဂါနေ့ညဆိုသည်မှာ အခင်းဖြစ်ညဖြစ်သည်။

"ဟုတ်ကဲ့..။ အဲဒီညက ကျွန်တော်က အလုပ်ကအပြန် ဝင်သောက်ပြီး ဘော်ဒါတွေနဲ့လေကန်နေလို့ အိမ်ပြန်နောက်ကျတယ်။ ကျွန်တော်အိမ်ပြန်တော့ ကိုးနာရီခွဲလောက်ရှိပြီထင်တယ်။ လမ်းကြားလေးကနေ ဖြတ်ပြန်လာတာ။ ရပ်ကွက်ဘက်ကို ထွက်လိုက်တော့ တစ်ဖက်က ခြံကျယ်တွေဘက်ကနေ ကားတစ်စီးမောင်းလာတာတွေ့တယ်။ ကျွန်တော်က လမ်းပေါ်ကနေ မရှောင်ဘဲ လျှောက်လာလို့ ကားမောင်းတဲ့သူက ကျွန်တော့်ကို ကားရပ်ပြီး ဆဲသွားတယ်"

"ဟုတ်ပြီ..။ ကားက ဘာကားအမျိုးအစားလဲ"

"ပါဂျဲရိုး မီးခိုးရောင်"





"သေချာလား။ ခင်ဗျားက မူးနေတာဆိုတော့.."

ကိုတင်ဦးက ရယ်ပြီး..

"ကျွန်တော်က မူးရင် အားလုံးကို မှတ်မိတယ်။ နေလို့ထိုင်လို့ ကောင်းတယ်။ မမူးရင်သာ ဟိုမေ့သည်မေ့ဖြစ်တာ"

"ကဲ..ဆက်ပြောပါဦး။ ခင်ဗျား ကားနံပါတ်ရော မှတ်မိလား"

"ဟာ..အဲဒါတော့ မသိဘူး။ ကျွန်တော် မကြည့်မိဘူး"

"ခင်ဗျားကို ဆဲတဲ့လူကို သိလား"

"သိတော့မသိဘူး။ လူငယ်ပဲ။ အသက်နှစ်ဆယ်ကျော်လောက်ပဲ။ ဆံပင်ရှည်ရှည်နဲ့။ ပုံက ရုပ်ရှင်မင်းသားနေတိုးပုံမျိုး"

"ဟာ..တိကျလှချည်လား"

"ကျွန်တော်ပြောခဲ့ပါပကော။ ကျွန်တော်က မူးရင် သတိပိုကောင်းပါတယ်လို့။ ဟဲ..ဟဲ.."

"ခင်ဗျား သူ့ကို လူတွေ့ရင် မှတ်မိနိုင်လား"

"မှတ်မိနိုင်တယ်"

"ကဲ..ဟုတ်ပါပြီ။ ဒီတော့ ခင်ဗျားရဲ့ထွက်ဆိုချက်တွေကို ကျွန်တော်တို့ အသေးစိတ်မှတ်တမ်းတင်ရအောင်။ ဖြိုးကြီးရေ..မင်းဆက်လုပ်လိုက်ကွာ။ ငါဆေးရုံလိုက်သွားဦးမယ်။ ကျေးဇူးပဲနော် ကိုတင်ဦး။ ခင်ဗျား မြင်တာ၊ တွေ့တာ အသေအချာပြောပြဗျာ။ ဆရာကြီးအုန်းသန်း..ခင်ဗျားကိုတော့ ကျွန်တော်အားမှ တစ်ပွဲကျွေးမယ်"

ရဲအုပ်အောင်မင်းက ထိုင်ရာမှထရင်း မှာစရာရှိတာမှာ၊ ပြောစရာရှိသည်ကိုပြော၊ ရဲတပ်ကြပ်ကြီးအုန်းသန်းကို ပခုံးပုတ်ပြီး နေရာမှ ထွက်လာခဲ့သည်။

ဆေးရုံသွားရမည်။

မာလာ့ကို တွေ့ရမည်။

❦ ❦ ❦ ❦ ❦

# ၁၆

ဒေါ်ခင်ခင်ကြီးက သူ့ကိုဖက်ထားသော ရာဇာ၏ကိုယ်ကို တွန်းခွာလိုက်ပြီး ခုတင်ပေါ်မှ ထလိုက်သည်။ ပြီးလျှင် အဝတ်အစားများကို နေသားတကျ ပြန်လည်ပြုပြင်ဝတ်ဆင်လိုက်သည်။ ပြီးတော့ နှုတ်ခမ်းနီဆိုးသည်။ မိတ်ကပ်လိမ်းသည်။ ဆံပင်များကို ပြုပြင်သည်။ ခုတင်ထက်မှနေ၍ ရာဇာက ပက်လက်လှန်ရင်း ဒေါ်ခင်ခင်ကြီးကို လှမ်းကြည့်နေ၏။

အရွယ်တော်တစ်ဆိတ်ဟိုင်းသော်လည်း ခန္ဓာကိုယ်အလှက မျက်စိသေး။ ထို့အတူ ငယ်မူငယ်သွေးကလည်း တက်ကြွဆဲ။ အဘိုးကြီးဦးကျော်မြတ်က ထိုအလှတရားတို့ကို ဂရုမထားတော့သည့်အတွက် ဒေါ်ခင်ခင်ကြီး၏ လိုအပ်သောကွက်လပ်တွင် သူက ပါဝင်လာရ၏။

အချစ်တော့ မဟုတ်။

အချစ်ဟု မဆည်။

အချစ်ဟု နာမည်မတပ်နိုင်။

ဒေါ်ခင်ခင်ကြီးကလည်း သူ့ကိုမချစ်။ သူကလည်း ဒေါ်ခင်ခင်ကြီးကို မချစ်ပါ။ ဒေါ်ခင်ခင်ကြီးလိုလားသည်က အာသာဆန္ဒ။ သူလိုလားသည်က ငွေကြေး။





သူတို့လောကမှာ သည်လိုအဖြစ်မျိုးတွေက မဆန်းတော့။

''ကဲ.. မမခင်ပြန်မယ်''

ဒေါ်ခင်ခင်ကြီးက အပြုံးဖွဖွကလေးနှင့် ခပ်ညည်ညည်လှည့်ပြောသည်။ ရာဇာက ခုတင်မှဆင်းလိုက်ပြီး ဒေါ်ခင်ခင်ကြီးကို သိုင်းဖက်လိုက်ကာ ပါးကို နမ်းသည်။

''ညော်.. မမခင်ကို သတင်းတစ်ခုပြောရဦးမယ်''

''ဘာလဲ ရာဇာ''

''ကျွန်တော် တစ်နေရာက ရခဲ့တဲ့ သတင်းပါ။ မမခင်ရဲ့သား ရဲကောင်းမြတ်နဲ့ ပတ်သက်တာ''

''သားနဲ့ပတ်သက်တာ.. ဟုတ်လား။ ဘာများလဲ''

ဒေါ်ခင်ခင်ကြီး အနည်းငယ်စိတ်လှုပ်ရှားသွားသည်။ ရာဇာ့မျက်နှာကို ကြည့်၍ အလောတကြီးပြန်မေးသည်။

''အတိအကျတော့ မဟုတ်ဘူး။ မှန်၊ မမှန်လည်း မသိဘူး။ တိုးတိုးတိတ်တိတ်ဖြစ်နေတဲ့ သတင်းတစ်ပုဒ်ပဲ''

''ပြော.. ပြောစမ်းပါဟယ် ရာဇာကလည်း..။ မြန်မြန်..''

''ရဲကောင်းမြတ်က ကောင်မလေးတစ်ယောက်ကို အဝမ္မကျင့်လို့တဲ့''

''ဘာ..''

''ကောင်မလေးကို အဝမ္မကျင့်ပြီးတော့ နှုတ်ပိတ်တဲ့အနေနဲ့ အပြတ်ရှင်းဖို့ လုပ်ခဲ့တယ်တဲ့။ ဒါပေမဲ့ ကောင်မလေးက မသေဘူးတဲ့။ ရဲတွေက လိုက်နေတယ်လို့ ကြားတယ်''

''ဟာ.. မဖြစ်နိုင်တာ။ ဒါ.. လုံးဝမဖြစ်နိုင်တာပဲ။ ဒါ.. တမင်သက်သက် မမခင်တို့မိသားစုကို မလိုလို့ မမှန်သတင်းလွှင့်တာ နေမှာပဲ''

''အဲဒါတော့ ကျွန်တော်မသိဘူး မမခင်။ ကြားတာကို ပြောပြတာပါ''

''အေးလေ.. ကျေးဇူးပါပဲ ရာဇာရယ်။ မဟုတ်ပေမယ့် သတင်းကို ကြိုသိထားတော့ ကောင်းတာပေါ့။ လိုအပ်ရင် လိုအပ်သလို လုပ်ရတာပေါ့။ မဟုတ်တာလျှောက်ပြောတဲ့သူကိုတွေ့လို့ကတော့ ပါးရိုက်ပစ်မယ်။ ပြီးမှ ငွေနဲ့ ပေါက်ပြီး ထိုင်ကန်တော့ခိုင်းမယ်''

ရာဇာ တစ်ချက်မဲ့လိုက်မိ၏။

သူ၏မိတ်ဆွေကြီးကတော့ ငွေစကားပြောလွန်းလှသည်ပဲ။ မာနကလည်း မိုးထက်မြင့်လွန်းလှ၏။ အရာရာကို ငွေနှင့်ဝယ်ယူလဲလှယ်၍ရသည်ဟု

အထင်ရောက်နေသလား မဆိုနိုင်။

လောကတွင် ငွေနှင့်ဝယ်ယူ၍မရသောအရာများ ရှိသည်ကို သူ သိပါလေစဟု ရာဇာက တွေးသည်။

''သွားပြီ ရာဇာ။ နောက်မှ မမခင်ဖုန်းဆက်လိုက်မယ်''

''ဟုတ်ကဲ့''

လှပကြွရွစွာထွက်သွားသော ဒေါ်ခင်ခင်ကြီး၏ နောက်ပိုင်းအလှကို လှမ်းကြည့်ရင်း ရာဇာကျန်ခဲ့၏။

သူတို့အဖြစ်က မည်သူသည်ကျား၊ မည်သူသည်သမင်ဟု ပြောရ မည်နည်း။ ရာဇာ့ခေါင်းထဲမှာ အတွေးများဖြင့်...။



# ၁၇

အောက်စီဂျင်ပိုက်များ၊ ဆေးပိုက်များကို ဖြုတ်လိုက်ပြီဖြစ်၏။

ဆရာဝန်ကြီးက သမီးကလေးကို သေချာစွာ ဂရုတစိုက်စစ်ဆေးပြီး နောက်...

''သမီးကလေး နေကောင်းလာပြီ။ အေးအေးဆေးဆေး အနားယူ။ ဘာမှမတွေးနဲ့''

ဟု မှာသည်။

ဆရာဝန်ကြီးက သူနာပြုဆရာမအား တိုက်ရန်ဆေးနှင့် ထိုးရန်ဆေးများ ညွှန်ကြားမှာကြားပြီး ထွက်သွားသည်အထိ ဖခင်ဦးထွေးက ငြိမ်သက်စွာ စောင့်မှကြည့်နေခဲ့သည်။ ဦးထွေးဘေးဘက်မှာ ရဲအုပ်အောင်မင်း ရှိနေသည်။

ရဲအုပ်အောင်မင်းမျက်နှာတွင် စိတ်မကောင်းဟန်များ အုံ့ဆိုင်းလျက်ရှိကြောင်း ဦးထွေးတွေ့ရ၏။

သမီးကလေးနှာသို့ကပ်ကာ လက်ကို ဆုပ်ကိုင်လိုက်သည်။

''သမီးလေး''

သမီးလေး မာလာက မျက်လုံးကြောင့်တောင်တောင်ကလေးနှင့် ခေါင်ဖြစ်သူကို ပြန်ကြည့်နေ၏။ ထိုအကြည့်၊ ထိုမျက်ဝန်းထဲမှာ အသိစိတ်

တတ်များ မပါ။ အသိကင်းမဲ့နေသူတစ်ဦး၏ ကြည့်ခြင်းမျိုးဖြစ်ကြောင်း ဦးထွေး သိနေသည်။

"ဖေကြီး သမီးလေးဘေးမှာရှိတယ်နော်။ သမီးလေး နေကောင်းအောင်နေ။ ဘာမှအားမငယ်နဲ့"

ဦးထွေးအသံများ တုန်ခါနေ၏။ မျက်ရည်များကို သမီးလေးမြင်လျှင် အားငယ်မည်စိုး၍ အားတင်းကာ ထိန်းထားရသည်။ သမီးကလေးထံမှ မည်သည့်တုံ့ပြန်မှုမျှ မရ။

မိမိစကားကို သမီးကလေး နားလည်ပါရဲ့လား။ သမီးလေး ခံစားရပါရဲ့လား။ မသိ.. မသိနိုင်။

ဖခင်ဖြစ်သူ ဆုပ်ထားသောလက်ကို မရှန်းဖယ်လင့်ကစား အသံဖြင့်လည်း မတုံ့ပြန်။ အကြည့်ဖြင့်လည်း မတုံ့ပြန်။

သမီးလေးသည် သတိရလာပြီးနောက်ပိုင်း ဆရာဝန်နှင့် သူနာပြုဆရာမများ ပြုစုကုသမှုကို မငြင်းမပယ်။ ငြိမ်သက်အေးဆေးစွာခံယူ၏။ ဆေးတိုက်လျှင် သောက်၏။ ဆန်ပြုတ်၊ စွပ်ပြုတ်များတိုက်လျှင် သောက်သည်။ သို့သော် သမီးကလေးနှုတ်မှ အင်း.. အင်း.. အဲ.. အဲ.. အသံများသာ ထွက်သေး၏။ စကားတို့ ပီပီသသမထွက်လာသေး။ ဆာသည်လည်းမပြော။ အပေါ့အပါးသွားချင်သည်လည်း မပြော။ ဖေကြီးလည်း မခေါ်။ ဆရာမတို့ သီတာတို့ မလှမြင့်တို့ကိုလည်း သိသည့်လက္ခဏာ မပြ။

ထို့ပြင် သမီးကလေး၏ လက်များ၊ ခြေများ၏ လှုပ်ရှားမှုက မသွက်တော့။ လေးလေးလံလံ၊ တုံ့တုံ့ဆိုင်းဆိုင်းဖြစ်နေ၏။

သမီးလေးသည် လူစဉ်မမီ၊ နှုတ်တို့ဆွံ့အ၊ အသိစိတ်များကင်းမဲ့နေသည့် ဒုက္ခိတမလေး ဖြစ်သွားလေပြီလား မသိ။

သမီးကလေး ယခင်လိုမှ ပြန်ကောင်းပါမည်လား။

သမီးကလေး မည်သည့်အချိန်ကျမှ ပြန်ကောင်းမည်နည်း။

ဘာတစ်ခုမှ မသေချာ၊ မရေရာ။

ဦးထွေးရင်ထဲတွင် ဆို့နေ၏။

ယုတ်မာစွာပြုကျင့်ခံရသည်ဒဏ်၊ ရက်စက်စွာရိုက်နှက်ခြင်းခံရသည့် ဒဏ်ချက်တို့ကြောင့် သမီးကလေး၏ ခန္ဓာကိုယ်ရော၊ စိတ်နှလုံးပါ ကြီးစွာသောဝေဒနာများ ရခဲ့ပေပြီ။

သည်မျှ လူမဆန်စွာပြုမူခဲ့သူကို နတ်ဒေဝတာများ ကြည့်မနေပါနှင့်။





အပြစ်ပေးတော်မူပါ။

ဦးထွေးက ရဲအုပ်အောင်မင်းကို လှည့်ကြည့်၏။

ရဲအုပ်အောင်မင်းက မာလာလေးကို မျက်တောင်မခတ်ကြည့်နေသည်။ သူ့အနေဖြင့် မာလာအား တစ်စုံတစ်ရာမျှ မေး၍ရမည်မဟုတ်ကြောင်း သေချာစွာသိနေ၏။ မာလာသည် အဖြစ်အပျက်ကို မှတ်မိသိရှိဖို့ဝေးစွ။ ဖခင်ကိုပင် မသိတော့။ သူမကိုယ် သူမပင်လျှင် မသိတော့။

ရဲအုပ်အောင်မင်း ခေါင်းကိုခါယမ်းကာ စိတ်မကောင်းခြင်းကြီးစွာဖြင့် အခန်းတွင်းမှ ပြန်လှည့်ထွက်လာသောအခါ ဦးထွေး နောက်မှ ထလိုက်လာသည်။

စကြံတွင် ရဲအုပ်အောင်မင်းက ရပ်၍ ဦးထွေးအား မျက်နှာချင်းဆိုင်လိုက်သည်။

"ဦးလေး.. ဦးလေးဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော်လည်း ကျွန်တော့်ညီမလေးတစ်ယောက်ဖြစ်သလို ခံစားနေရပါတယ်။ ဒါကို ယုံပါ။ ကျွန်တော် ဘယ်လိုမှမခံနိုင်လောက်အောင် ခံပြင်းနေတယ် ဦးလေး။ ဒီအမှုကို ကျွန်တော် ပေါ်လွင်အောင် ကြိုးစားပြီး တရားရုံးတင်ပါ့မယ်"

"ရဲအုပ်ကြီး.. သမီးလေးက ဘာမှမပြောနိုင်တော့ ရဲအုပ်ကြီးတို့ ဘယ်လိုလုပ်မှာလဲ"

"ပတ်ဝန်းကျင်သက်သေတွေနဲ့ပဲ အမှုကို ခိုင်မာအောင်တည်ဆောက်ရမှာပါ။ ဥပဒေအကြံပေးလည်း တောင်းခံထားပါတယ်။ ကျွန်တော်က မာလာ သတိရလာချိန်ကို စောင့်နေခဲ့တာပါ။ သူ သတိရလို့ အဖြစ်အပျက်ကို ပြန်ပြောနိုင်ရင် အမှုက သိပ်ပြီးပြည့်စုံသွားမှာပါ။ ခုတော့ ဒီလိုမဖြစ်တော့ဘူးလေ။ မာလာ သတိကောင်းကောင်းရဖို့ဆိုတာကလည်း အချိန်ကာလဘယ်လောက်ကြာအောင် စောင့်ရမလဲ မသိနိုင်ပါဘူး။ ဒီတော့ လက်ရှိအနေအထားမှာပဲ လုပ်သင့်တာ လုပ်ရတော့မှာပဲ"

"ရဲအုပ်ကြီးရယ်.. သမီးကလေးအဖြစ်က ဘယ်လောက်ရင်နာစရာကောင်းသလဲဆိုတာ ရဲအုပ်ကြီးမျက်မြင်ကိုယ်တွေ့ပါပဲ။ တရားမျှတမှုဖြစ်အောင် ကြိုးစားပေးပါခင်ဗျာ။ ရဲအုပ်ကြီးကျေးဇူးကို မမေ့ပါဘူး"

ဦးထွေးက ရုတ်ခြည်း ကြမ်းပြင်ပေါ်ထိုင်ချကာ ရဲအုပ်အောင်မင်းကို ခြေသလုံးဖက် တောင်းပန်လိုက်သဖြင့် ရဲအုပ်အောင်မင်း ပျာပျာသလဲဖြင့်

ဦးထွေးအား ဆွဲထူလိုက်ရသည်။

"ဟာ.. ဦးလေး။ အဲဒီလိုမလုပ်ပါနဲ့။ ရပ်ပါ"

ဟု အတင်းရပ်စေပြီးမှ ဆက်၍..

"စိတ်ချပါ..။ ကျွန်တော် ကတိပေးပါတယ်။ အမှုမှန်အတိုင်း ဖြစ်စေ ရပါမယ်"

ဟု ပြတ်သားစွာ ကတိပြုစကား ဆိုလိုက်လေ၏။

ဦးထွေး၏ လေးစားသော၊ ကြည်ညိုသော မျက်လုံးထဲမှာ မျက်ရည်များအပြည့်။ ခေါင်းအညိတ်မှာ မျက်ရည်များက ပါးပြင်ပေါ်စီးကျလာ၏။

မိဘမေတ္တာဆိုသည်မှာ ထိုသို့ပါတကား။

❦ ❦ ❦ ❦ ❦

# ၁၈

ညဉ့်သုံးယံကေတီဗီခန်းထဲမှ ရဲကောင်းမြတ်ထွက်လာသည်။ သူ့သက်ကို တွယ်ချိတ်၍ မျှော့တစ်ကောင်လိုကပ်ပါလာသော မိန်းကလေးတစ်ဦးရှိ၏။ သူမကား ချစ်မဝဖြစ်၏။

သည်ဆိုင်သို့လာတိုင်း ရဲကောင်းမြတ်ကို ချစ်မဝက ဧည့်ခံနေကျ။

ယခုညအဖို့တော့ ဘီယာနှင့် သီချင်းများကဏ္ဍ ပြီးမြောက်ခဲ့ပြီမို့ အပြင်ထွက်ဖို့ သူတို့ထွက်လာခဲ့ကြခြင်းဖြစ်သည်။ တည်းခိုခန်းတစ်ခုခုသို့ သူတို့ခြေဦးတည့်ကြမည်ဖြစ်၏။

အချိန်က ညရှစ်နာရီသာသာပင် ရှိဦးမည်။

"ကိုရဲ.."

"ဟင်.."

"ချစ်မဝက မိုးလင်းမှ ပြန်လို့ဖြစ်မှာနော်။ ဟိုတစ်ခါလို ညကြီးမိုးချုပ် ပြန်မလွှတ်နဲ့"

"အင်းပါ"

အဆောက်အဦထဲမှ သူတို့ထွက်လာကြ၏။ ခန္ဓာကိုယ်နှစ်ခုက တစ်ခုတည်းပမာ။ ချစ်မဝ၏ ရယ်သံလွင်လွင်ကလေးက ခြေလှမ်းများကို စည်းချက်

ညှိပေးနေသည့်နှယ်။

အဆောက်အဦရှေ့တွင် ရပ်ထားသော ပါဂျဲရိုးကားဆီသို့ သူတို့ခြေ အလှမ်းတွင် ကားနား၌ ရပ်စောင့်နေသူနှစ်ဦးရှိနေသည်ကို တွေ့ရ၏။

ထိုသူနှစ်ဦးမှာ ရဲအုပ်အောင်မင်းနှင့် ရဲတပ်ကြပ်ကြီးအုန်းသန်းဖြစ်သည်။

ရဲဝတ်စုံများနှင့် တွေ့လိုက်ရသောကြောင့် ရဲကောင်းမြတ် ခြေလှမ်းတွေတုံ့သွား၏။ သို့သော် ဟန်ကိုယ့်ဖို့အမူအရာဖြင့် ခပ်တည်တည်ဖြင့် ရှေ့သို့ ဆက်လှမ်းလိုက်သည်။

ချစ်မဝကား ဘာမှန်းမသိ။

"ငါ့ညီ အစ်ကိုတို့နဲ့ လိုက်ခဲ့ပါ"

ရဲအုပ်အောင်မင်းက ချိုသာကြည်လင်သော်လည်း ဩဇာပါသော အသံဖြင့် တည်ငြိမ်စွာ ဆီးကြို၍ပြောသည်။

"ဘာဖြစ်လို့ လိုက်ရမှာလဲ။ ခင်ဗျားက ဘာမို့လို့လဲ"

ရဲကောင်းမြတ်က မျက်နှာတည်တည်ဖြင့် ပြန်ဟောက်သည်။

ရဲအုပ်အောင်မင်း ပြုံးလိုက်၏။

"အစ်ကိုတို့ယူနီဖောင်းကိုကြည့်ရင် ဘယ်သူလဲဆိုတာ ပြောဖို့လိုမယ် မထင်ပါဘူး။ အဲ.. ပြောဖို့လိုမယ်ဆိုရင်တော့ အစ်ကိုက ရဲအုပ်အောင်မင်းပါ။ မင်းရဲ့အမှုကိစ္စကို ကိုင်တွယ်တဲ့ အမှုစစ်အရာရှိပဲပေါ့"

ချစ်မဝ မျက်လုံးပြူးကျယ်သွားကာ ရဲကောင်းမြတ်ဘေးမှ ဆတ်ခနဲ ခွာလိုက်သည်။

"ခင်ဗျားပြောတာ ကျွန်တော်နားမလည်ဘူး။ ဘာအမှုကိစ္စလဲ"

"မင်း မသိချင်ဟန်ဆောင်နေတာလား ရဲကောင်းမြတ်။ မိန်းကလေး တစ်ယောက်ကို အဓမ္မကျင့်ပြီး သတ်ဖြတ်ဖို့ ကြိုးစားတဲ့အမှုလေ"

"ဟင်.."

ချစ်မဝ ပါးစပ်အဟောင်းသားနှင့်။

ရဲကောင်းမြတ် မျက်နှာပျက်သွားသည်။

"အဓိပ္ပာယ်မရှိတာတွေ လာမပြောနဲ့။ ကျွန်တော် ဘာမှမသိဘူး။ ခင်ဗျား ဘေးဖယ်ပါ။ ကျွန်တော့်ကို မနှောင့်ယှက်ပါနဲ့။ ကျွန်တော့်ကို မတရား လာဖမ်းရင် ခင်ဗျားနောင်တရသွားမယ်။ ကျွန်တော်ဘယ်သူလဲဆိုတာ ခင်ဗျား သိတယ်မဟုတ်လား"





ရဲတပ်ကြပ်ကြီးအုန်းသွင် ဒေါပွသွား၍ ရှေ့ကိုတိုးလိုက်ရာ ရဲအုပ်အောင်မင်းက လှမ်းတားလိုက်သည်။ ရဲအုပ်အောင်မင်းက ပြုံး၍..

"မင်း ဘယ်သူဖြစ်ဖြစ် ငါဂရုမစိုက်ဘူး။ ဘယ်သူမဆို ဥပဒေကို ဘျူးလွန်ဖောက်ဖျက်ရင် တရားခံပဲ။ ငါတို့က တရားခံကို ဖမ်းတာ"

"ခင်ဗျား.."

ရဲကောင်းမြတ်က ဒေါသဖြင့်အော်လိုက်ပြီးမှ ဖခင်ထံ ဖုန်းဆက်ရန် သတိရပြီး ခါးမှဖုန်းကို ဖြုတ်လိုက်သည်။ ချစ်မဝကား ဘေးတွင် စက်ရုပ်တစ်ရုပ်လို အကြောင်သားရပ်လျက်..။

ရဲအုပ်အောင်မင်းက အချက်ပြလိုက်ရာ ရဲတပ်ကြပ်ကြီးအုန်းသန်းက သက်ထိတ်ဖြင့် ရဲကောင်းမြတ်ကို ချပ်ခနဲခတ်လိုက်သည်။

ရဲကောင်းမြတ်မျက်လုံးများ လင်းကွင်းလောက် ပြူးကျယ်သွား၏။ လူလည်း တုန်သွား၏။

"ဒါ.. ဒါ.. ဘာလုပ်တာလဲ"

ချစ်မဝကား အဆောက်အဦတွင်း ပြန်ဝင်ပြေးသွားခဲ့ပေပြီ။

ရဲအုပ်အောင်မင်း ဘာမှမပြောတော့။ ပြောဖို့လည်း မလိုတော့ပြီ။ သူသည် ရှေ့မှဦးဆောင်၍ ရဲကားရှိရာသို့လျှောက်သွားလိုက်ရာ နောက်မှနေ၍ ရဲတပ်ကြပ်ကြီးအုန်းသန်းက ရဲကောင်းမြတ်ကိုဆွဲ၍ လိုက်သွားသည်။

ရဲကောင်းမြတ် ရုန်းရင်းကန်ရင်း၊ အော်ဟစ်ဆဲဆိုရင်း ပါသွား၏။

အတွင်းမှ လွင့်ပျံ့လာနေသော တေးသံက ရုတ်ခြည်းရပ်သွားသည်။

❦ ❦ ❦ ❦ ❦

# ၁၉

"အဲဒီကိစ္စကို အစ်ကိုကြီး ပေါ့ပေါ့မထားနဲ့နော်။ ခင်ခင် စိတ်ပူတယ်"

"မဖြစ်နိုင်ပါဘူးကွာ။ အဓိဟ္ပာယ်မရှိတဲ့သတင်းပါ။ ဒီကောင် ဒီလောက်ထိ မမိုက်ပါဘူး။ သူ့ဝန်းကျင်မှာ သူလိုချင်ရင် ငွေနဲ့ပေါက်ယူလို့ရတဲ့ အလှအပလေးတွေ အပုံပဲ။ ဘာကြောင့် ခုလိုလုပ်ရမှာလဲ။ လူသတ်ဖို့အထိဆိုတာက ပိုပြီးတော့တောင် မဖြစ်နိုင်သေးတာ"

"ခင်ခင်တော့ ရင်ထဲမှာ မတင်မကျနဲ့။ မနေ့ညက အိပ်လို့တောင် မရဘူး။ အစ်ကိုကြီးကသာ အေးနေတယ်"

"ဘာပူစရာရှိလဲကွာ။ အလကား ကြံဖန်ပြီး.."

"ပူရတာပေါ့ အစ်ကိုကြီးရယ်။ ခင်ခင်က ဝမ်းနဲ့လွယ်မွေးပြီး အရိပ်လိုကြည့်လာခဲ့ရတဲ့ သားလေးပဲဟာ"

"သူက အစ်ကိုကြီးရဲ့ သားပါကွာ။ ဖခင်တစ်ယောက်အနေနဲ့ အစ်ကိုကြီးလည်း ပူတော့ပူတာပေါ့။ ဒါပေမဲ့ တချို့ကိစ္စတွေက ပူနေရုံနဲ့ ပြီးတာမှ မဟုတ်တာ"

"အဲဒါဆို အစ်ကိုကြီး ဘယ်လိုလုပ်မလဲ"

"စောင့်ကြည့်ရမှာပေါ့။ မဟုတ်ရင် ပြီးပြီ။ ဟုတ်တယ်ဆိုရင်တော့



လိုက်ရှင်းရမှာပေါ့"

"သား.. ထောင်တွေဘာတွေ.."

ဒေါ်ခင်ခင်ကြီးစကားကို ဖြတ်ကာ..

"တော်စမ်း ခင်ခင်။ မဟုတ်တာတွေ လျှောက်မပြောနဲ့။ နိမိတ်မရှိ နမာမရှိ။ ဒီမှာ မြဲမြဲမှတ်ထား။ ကမ္ဘာကျော် ကျော်မြတ်ဆိုတာ သာမညလူ မဟုတ်ဘူး။ မာရ်နတ်လို လက်ဆယ်ချောင်း လက်နက်အပြည့်နဲ့"

ဦးကျော်မြတ်က အော်လိုက်သည်။ ဒေါ်ခင်ခင်ကြီးသည် ဦးကျော်မြတ်၏ ခက်ထန်သောမျက်နှာကိုကြည့်၍ စကားကို ရပ်ပစ်လိုက်၏။ ရှေ့ဆက်ဖို့လည်း မဝံ့ရဲတော့။ သို့သော် ဦးကျော်မြတ်စကားကြောင့် ရင်ပူတော့ သက်သာသွားသည်။

ထိုအခိုက်မှာပင်..

ဖုန်းခေါ်သံက မြည်လာ၏။

ဆက်တီတွင်ထိုင်ရင်း ရုပ်မြင်သံကြားသို့ အကြည့်ရောက်နေသော ဦးကျော်မြတ်က ဖုန်းကို လှမ်းယူ၏။

"ဟဲလို.."

"....."

"သား.. မင်း ဘယ်ကဆက်တာလဲ။ ပြန်မလာသေးဘူးလား။ မိုးချုပ်လှပြီ။ ဒီမှာ မင်းအမေတောင် မင်းကြောင့် စိတ်ပူနေရပြီ"

"....."

"ဘာကွ.. ဘာ.."

"....."

ဦးကျော်မြတ် ဖုန်းကိုဆောင့်ချလိုက်ကာ ဝုန်းခနဲ ထရပ်သည်။ မီးတောင်ပေါက်ကွဲသလို ပြင်းထန်လှသော ဦးကျော်မြတ်အမူအရာကြောင့် ဒေါ်ခင်ခင်ကြီး ရင်ကို မီးစနှင့်ထိုးလိုက်သလိုပင်။

"အစ်ကိုကြီး.. သား.. သားက ဘာပြော.."

"နောက်မှမေး..။ လာ.. စခန်းကို လိုက်သွားမယ်"

"ရှင်.."

❦ ❦ ❦ ❦ ❦

# ၂၀

ဦးကျော်မြတ်ကိုယ်တိုင်မောင်းလာသော လင့်ခရူဆာကျောက်စိမ်းရောင်က ရဲစခန်းတွင်း အရှိန်ဖြင့်ဝင်လာကာ စခန်းဝတွင် အရှိန်ဖြင့် တုံ့ခနဲထိုးရပ်၏။

ပြီးလျှင်..

ကားတံခါး ဝုန်းခနဲပွင့်လာပြီး ဦးကျော်မြတ် ဒေါသတကြီးဆင်းလာ၏။ တစ်ဖက်မှဆင်းလာသူက ဒေါ်ခင်ခင်ကြီး..။

ဦးကျော်မြတ်နှင့် ဒေါ်ခင်ခင်ကြီးတို့ ရှေ့ဆင့်နောက်ဆင့် ရဲစခန်းတွင်းသို့ ဒေါင်းတိမောင်းတိ ဝင်သွားကြ၏။

စခန်းရှေ့မှ ရဲတပ်သားနှစ်ဦးက နားမလည်စွာဖြင့် သူတို့နောက်မှ လိုက်ဝင်သွားကြသည်။

တာဝန်မှူးစားပွဲတွင်ရှိနေသော ဒုရဲအုပ်ဖြိုးကြီးက ဝင်လာသူနှစ်ဦးကို မော့ကြည့်သည်။

"ဘာကိစ္စပါလဲခင်ဗျာ"

တလေးတစား မေးလိုက်၏။

"ဘယ်မှာလဲ စခန်းမှူး"





ဒုရဲအုပ်ဖြိုးကြီး၏အမေးကို ဦးကျော်မြတ်က မဖြေဘဲ မေးခွန်းတစ်ခုကို ပြန်မေးသည်။ စခန်းမှူးအခန်းဘက်သို့လည်း လှမ်းကြည့်သည်။ မျက်နှာကား မုန်တိုင်းကောင်းကင်။

"စခန်းမှူး အိမ်ပြန်သွားပါတယ်။ ကိစ္စကို ပြောပါ။ ကျွန်တော်က တာဝန်မှူးပါ"

ဒုရဲအုပ်ဖြိုးကြီးက ပြေလည်စွာပြော၏။

"မင်းနဲ့ မပြောချင်ဘူး။ စခန်းမှူးမရှိရင် ဒီမှာ ဘယ်သူ တာဝန်အရှိဆုံးလဲ။ သူနဲ့ပြောမယ်"

ဒုရဲအုပ်ဖြိုးကြီး၏မျက်နှာ တည်သွား၏။

သည်လူကြီး၏စကားက စော်ကားမော်ကားနိုင်လှသည်ဟု သူတွေးမိခြင်းကြောင့်ဖြစ်၏။

"ဖြိုးကြီးရေ.. ဒီကိုလွှတ်လိုက်ပါကွာ"

ရဲအုပ်အောင်မင်းက သူ၏စားပွဲမှ အေးဆေးစွာလှမ်းပြောလိုက်သည်။ သူက ဦးကျော်မြတ်ကို လူချင်းမတွေ့ဖူးသော်လည်း ဓာတ်ပုံထဲမှာ မြင်ဖူးထားသည်။ ပြီးတော့ ရဲကောင်းမြတ်ကို စောစောက သူဖုန်းဆက်ခွင့်ပေးလိုက်သည်မို့ ယခုရောက်လာသူများမှာ ဦးကျော်မြတ်တို့လင်မယားမှလွဲလျှင် မည်သူမျှမဖြစ်နိုင်ဟု တွက်ဆလိုက်ပြီးဖြစ်သည်။

"မင်းက ဘာလဲ။ ရဲအုပ်လား"

ဦးကျော်မြတ်က ရဲအုပ်အောင်မင်း၏စားပွဲရှေ့သို့ တိုးသွားကာ မေးသည်။ ဒေါ်ခင်ခင်ကြီးက နောက်ပါးမှ ထက်ကြပ်မကွာ။

"ဟုတ်ကဲ့.. ရဲအုပ်အောင်မင်းပါ။ ဦး ဘာကိစ္စများ ရှိပါသလဲ။ ကျွန်တော် ဘာကူညီရမလဲ"

ရဲအုပ်အောင်မင်းက အပြုံးဖြင့် ပြောလိုက်သည်။

ဦးကျော်မြတ်ရော၊ သူတို့လာရင်းကိစ္စရော မသိဟန်ဆောင်၍ ပြောလိုက်ခြင်းဖြစ်၏။

"ငါ့သား ဘယ်မှာလဲ။ ငါ့သားကို ဘာကြောင့်ဖမ်းတာလဲ"

ငွေကြေး၊ အရှိန်အဝါ၊ သြဇာ စသော နောက်ခံအကြောင်းတရားများအားကိုးဖြင့် မောက်မောက်မာမာ၊ ရင့်ရင့်သီးသီး ပြောလိုက်သည်ကို ရဲအုပ်အောင်မင်းက နားလည်သော်လည်း သည်းခံစိတ်ဖြင့်..

"ဩော်.. မောင်ရဲကောင်းမြတ်ရဲ့ မိဘတွေထင်တယ်။ ထိုင်ကြပါ..

ထိုင်ကြပါ။ ထိုင်ပြီး အေးအေးဆေးဆေးပြောကြတာပေါ့''

ထိုင်ရန် ညွှန်ပြပြီး အေးချမ်းစွာ စကားဆိုလိုက်၏။

သို့သော် ဦးကျော်မြတ်က မထိုင်။

''ထိုင်ဖို့ မလိုဘူး။ ငါမေးတာ ဖြေပါ''

''ဟုတ်ကဲ့။ အဲဒါက မောင်ရဲကောင်းမြတ်ဟာ အဓမ္မကျူးလွန်မှု ပြင်းထန်စွာနာကျင်စေမှု အမှုနှစ်ခုနဲ့ ကျွန်တော်တို့က တာဝန်အတိုင်း ဆောင်ရွက်ထားတာပါ။ ဒီနေ့က သောကြာနေ့ဖြစ်လေတော့ တနင်္လာနေ့ကျရင် တရားရုံးတင်ဖို့ စီစဉ်ထားပါတယ်။ လောလောဆယ် ဒီက အချုပ်မှာပဲ ရှိပါတယ်''

''ဘာမှုလဲ.. မင်းပြောတာ''

''အဓမ္မမှုနဲ့ ပြင်းထန်စွာနာကျင်စေမှုပါ''

''ငါ့သားကျူးလွန်တာလို့ မင်းက ဘာကြောင့်ပြောနိုင်တာလဲ''

''ကျွန်တော်တို့ဆီမှာ အထောက်အထားတွေ ခိုင်ခိုင်မာမာရရှိထားပါတယ်။ သက်သေတွေလည်း ရှိပါတယ်''

''မဖြစ်နိုင်ဘူး''

''အပြစ်မဲ့တဲ့သူတစ်ဦးကို အကြောင်းမဲ့ ကျွန်တော်တို့က မဖမ်းဆီး မချုပ်နှောင်ပါဘူး ဦး''

''ငါ.. ဘယ်သူလဲ မင်းသိလား''

ရဲအုပ်အောင်မင်း ပြုံးလိုက်၏။

''ရဲကောင်းမြတ်ရဲ့ ဖခင်ပါ''

''ငါ ကမ္ဘာကျော် ဦးကျော်မြတ်ကွ''

''ရဲကောင်းမြတ်ရဲ့ အမှုနှစ်ခုက ဦးနဲ့မပတ်သက်ပါဘူး''

''ဘာကြောင့် မပတ်သက်ရမှာလဲ။ ရဲကောင်းမြတ်က ငါ့သား''

''ဥပဒေက ဘယ်သူ့သား၊ ဘယ်ဝါ့သားဆိုပြီး မျက်နှာလိုက်လို့ မရပါဘူး''

''သူ့ကို လွှတ်ပေးပါကွယ်။ မင်းတို့ သံသယရှိရင်လည်း တရားရုံးမှာ ရှင်းတာပေါ့။ သူ အိမ်ကနေ တရားရုံးကို လာပါ့မယ်။ ဒေါ်ဒေါ်တို့ အာမခံပါ့မယ်''

ဒေါ်ခင်ခင်ကြီးက လေပျော့တစ်ဝက်၊ မာတစ်ဝက်နှင့် ဝင်ပြော၏။

''မရပါဘူးခင်ဗျာ..။ ဒီအမှုက ကြီးပါတယ်။ ကျွန်တော်တို့ ရဲက အာမခံပေးလို့ မရပါဘူး''





ဦးကျော်မြတ်က ရဲအုပ်အောင်မင်းကို စိုက်ကြည့်နေသည်။ အရပ်အမောင်းကောင်းကောင်း၊ မျက်ခုံးကောင်းကောင်း၊ နှာတံပေါ်ပေါ်၊ မေးရိုးကားကားနှင့် ယောကျ်ားပီသသော သည်ရဲအရာရှိက စိတ်ဓာတ်လည်းခိုင်မာပြတ်သားပုံရသည်ဟု သူတွေးသည်။

ဦးကျော်မြတ်က ခြသေ့်လို ဟိန်းကြည့်၏။ ဟောက်ကြည့်၏။ သူက မဖြို့။ မမှု။ အပြုံးပင်မပျက်။

တခြားနည်းလမ်းဖြင့် လှည့်၍ကိုင်မှဟု ဦးကျော်မြတ်အကြံရသည်။

''မင်း ဦးအကြောင်း မသိသေးလို့ပါ။ နောက်တော့ ဒီကိစ္စက ရှင်းသွားမှာပါ။ မင်းပြောသလို တရားရုံးကို ဦးတို့ လာပြီးရင်ဆိုင်ပါ့မယ်။ ဦးဇနီးပြောတဲ့ကိစ္စကို စဉ်းစားပေးပါ။ အာမခံရယ်လို့ မဟုတ်ဘူးလေ။ မင်းတို့အနေနဲ့ သူ့ကို အခုမဖမ်းသေးဘူးဆိုတဲ့သဘောနဲ့။ အဲ.. အဲဒါကိုလည်း ဦးတို့ဘက်က မင်းတို့ကို ကျေးဇူး..''

ရဲအုပ်အောင်မင်း မျက်နှာတည်သွား၏။ သည်စကားကိုတော့ အပြုံးဖြင့်ရင်မဆိုင်သင့်ဟု သူယူဆသည်။

''ဝမ်းနည်းပါတယ် ဦး။ ကျွန်တော်တို့က ရဲကောင်းမြတ်ကို ဖမ်းဆီးပြီးဖြစ်ကြောင်း စခန်းမှူးကိုရော၊ မြို့နယ်မှူးကိုရော အစီရင်ခံ တင်ပြပြီးပါပြီ။ တာဝန်အရ ဆောင်ရွက်ရတာကို နားလည်ပေးပါ''

လေသံမှာ မတင်းမာသော်လည်း စကားလုံးများကို တိကျသေသပ်အောင် ကြိုးစား၍ ရဲအုပ်အောင်မင်းပြောသည်။

ဦးကျော်မြတ်မျက်နှာ ညိုမည်းသွား၏။

''မင်းက အတော့်ကို ခေါင်းမာပါလား''

ရဲအုပ်အောင်မင်း ဘာမှပြန်မပြော။ ပြန်ပြောစရာမလိုသောကြောင့်ဖြစ်သည်။

''ကျွန်မတို့ သားနဲ့ တွေ့ပါရစေ။ တွေ့ခွင့်ပေးပါ''

ဒေါ်ခင်ခင်ကြီးက ဝင်ရောက်တောင်းဆို၏။

''ဟုတ်ကဲ့..။ ဒါကိုတော့ ကျွန်တော်ခွင့်ပြုနိုင်ပါတယ်။ မောင်မိုးနဲ့ငြိမ်းအောင်.. သူတို့ကို ရဲကောင်းမြတ်နဲ့ တွေ့ခွင့်ပေးလိုက်ပါ''

ရဲကောင်းမြတ်က အနားတွင်ရှိသော ရဲတပ်သားနှစ်ဦးကို လှမ်း၍ ပြောလိုက်၏။

''သူတို့နဲ့ လိုက်သွားပါခင်ဗျာ''

ဦးကျော်မြတ်နှင့်ဒေါ်ခင်ခင်ကြီးတို့ ရဲသားနှစ်ဦးနှင့်အတူ အချုပ်ခန်းရှိရာသို့ လိုက်သွားသည်။

ဒုရဲအုပ်ဖြိုးကြီးက..

"အတော်ရင့်တဲ့ လူကြီးပဲ။ ဆရာမို့ သည်းခံပြီး ရှင်းပြနေတယ်"

ဟု အနားကပ်၍ မကျေမနပ်ပြောသည်။

"ငါမျှော်လင့်ပြီးသားပါ။ ဒါပေမဲ့ ဒီနေရာမှာ ငါတို့က အရှုံးအနိုင်ထပ်ရမှာ မဟုတ်ဘူးလေ။ ငါတို့က ဥပဒေအတိုင်း အလုပ်လုပ်ရမှာ။ ရဲဆိုတာ ပြည်သူတွေရဲ့ကြည်ညိုမှုရအောင် နေရမယ့် ဝန်ထမ်းတွေကွ ဖြိုးကြီးရ"

"ကျွန်တော်ကတော့ ဟိုကောင့်ကို တရားရုံးက မှတ်လောက်သားလောက်အောင် လုပ်ချပစ်လိုက်စေချင်တယ်"

"အဲဒီလိုပဲဖြစ်မှာပါ။ ဒါပေမဲ့ ငါတို့က စီရင်ချက်ချတဲ့အပိုင်းနဲ့ မဆိုင်ဘူးလေ။ အမှုကို စွဲဆိုတင်ပို့ဖို့ပဲ တာဝန်ရှိတာကလား။ မင်းပြောတဲ့အပိုင်းကတော့ ပိတ်ကားပေါ်မှာ ဆက်ကြည့်ရမှာပဲပေါ့"

ဆယ့်ငါးမိနစ်ခန့်အကြာတွင် ဦးကျော်မြတ်တို့လင်မယား ပြန်ထွက်လာသည်။

"သားက သူဘာမှမသိဘူး။ သူလုပ်တာ မဟုတ်ဘူးလို့ ပြောတယ်။ အဲဒါ ဘယ်လိုဖြစ်တာလဲ"

ဦးကျော်မြတ်အမေး..။

"ဒါကို တရားရုံးက ဆုံးဖြတ်မှာပါ ဦး"

ရဲအုပ်အောင်မင်းက တည်ငြိမ်စွာပင်ပြန်၍ဖြေသည်။ တိုတိုနှင့် ထိထိပါပဲ။

"မင်းတို့မှားယွင်းဖမ်းတယ်ဆိုရင်တော့ မလွယ်ဘူးနော်။ ငါက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး။ အခုဟာကတော့ မင်းတို့ခွင်ထဲ ရောက်နေပြီဆိုတော့ ငါ ဘာမှမတတ်နိုင်ဘူးပေါ့ကွာ။ တရားရုံးဆုံးဖြတ်ချက်ကျပြီးရင်တော့ မင်းနဲ့ငါ တွေ့ရမှာပဲ။ အသရေဖျက်မှုနဲ့ ရင်ဆိုင်ဖို့ ပြင်ထားပေါ့ကွာ"

ဦးကျော်မြတ်နှုတ်ခမ်းဖျားမှ ထွက်လာသော ခြိမ်းခြောက်မှု။ မျက်လုံးများက မီးဝင်းဝင်းတောက်နေ၏။

ရဲအုပ်အောင်မင်း အပြုံးမပျက်။ မီးကို မဖြုံသော ရေသီတာ။

"မှန်ကန်ဖြောင့်မတ်သူမှန်သမျှ နောက်ကျောလုံပါတယ် ဦး"

"တောက်.."





ဦးကျော်မြတ် ဒေါသတွေပေါက်ကွဲကာ တောက်တစ်ချက်ပြင်းပြင်း ခေါက်လျက် စခန်းတွင်းမှ ခြေလှမ်းကျဲကြီးများဖြင့် ရှူးရှူးရှားရှားထွက်သွားသည်။ နောက်မှ ဒေါ်ခင်ခင်ကြီး အပြေးတစ်ပိုင်း ပါသွား၏။

ရဲအုပ်အောင်မင်း ခေါင်းတညိတ်ညိတ်နှင့်..

"ခုမှ ပွဲက ကြည့်ကောင်းလာပြီ ဆရာရေ"

❦ ❦ ❦ ❦ ❦

# ၂၁

"ဆရာကြီးရယ်.. သမီးကလေးက တစ်သက်လုံး ဒီလိုပဲဖြစ်သွားတော့မှာလားခင်ဗျာ"

ဆရာဝန်ကြီးက သမီးလေးကို စမ်းသပ်စစ်ဆေးပြီး ဆေးများညွှန်ကြားပြီးစီးသောအခါ ဦးထွေးက မေးလိုက်သည်။

ဆရာဝန်ကြီးက သက်ပြင်းချသည်။

"သိပ်လည်း စိတ်ပူမနေပါနဲ့ဗျာ။ အခုဖြစ်ရတာက ဦးခေါင်းကို ပြင်းပြင်းထန်ထန်ထိခိုက်မိခဲ့လို့ပါ။ ဦးနှောက်ရဲ့ အစိတ်အပိုင်းအနည်းငယ်လည်း ပျက်စီးခဲ့တာကြောင့်ပါ။ ဒါပေမဲ့ တဖြည်းဖြည်း တိုးတက်မှုရလာပါပြီ။ တိုးတက်မှုနှေးကွေးပေမယ့် တစ်ချိန်ချိန်မှာ လူကောင်းပကတိ ပြန်ဖြစ်လာမှာပါ။ အချိန်နည်းနည်းတော့ စောင့်ရပါ့မယ်။ ကျွန်တော်အကြံပေးချင်တာကတော့ သမီးလေးရဲ့ ကြည်နူးစရာ ငယ်ငယ်ကအကြောင်းလေးတွေကို များများပြောပေးစေချင်တယ်။ သူကြိုက်နှစ်သက်တဲ့အရာတွေ ပေးစေချင်တယ်။ ဒါဆိုရင် တဖြည်းဖြည်းနဲ့ သူ အားလုံးကို သတိရလာမှာပါ"

ဆရာဝန်ကြီးက အသေးစိတ်မှာကြားပြီး နှစ်သိမ့်မှုပေးသွားသည်။

သို့သော် ဆရာဝန်ကြီးပြောသလို သမီးကလေး လူကောင်းပကတိ





ပြန်ဖြစ်ဖို့မှာ မသေချာဟု ဦးထွေးစိတ်ထဲမှာ ထင်နေ၏။

ဆရာဝန်ကြီးက တိုးတက်မှုရလာပြီဟု ဆိုသည့်တိုင် ဦးထွေးအနေနှင့် သမီးကလေး တိုးတက်မှုရရှိလာသည်ကို မတွေ့သေး။

အရုပ်တစ်ရုပ် သို့မဟုတ် စက်ရုပ်တစ်ရုပ်ပမာ သမီးကလေးလှုပ်ရှားနေရုံမျှသာရှိသည်။ အသိမပါသေး။ ခံစားချက်မဝင်သေး။ ကျွေးလျှင် စား၏။ ပြုစုလျှင် မငြင်းမဆန် ခံယူ၏။ နေရာရွှေ့လျှင် ရွှေ့၏။

သူမစိတ်ထဲရှိသည်ကို မပြောနိုင်၊ မပြနိုင်သေး။

စကားလည်း မဆိုနိုင်သေး။

"အင်း.. အင်း.. အဲ.. အဲ.. ဖြင့်လည်းကောင်း၊ လက်ညှိုးထိုး၍ လည်းကောင်း တစ်ခါတစ်ရံ ပြုမူတတ်သည်မှအပ အချိန်ပြည့် မျက်လုံးကြောင်တောင်ဖြင့်သာ။

ဖခင်ကိုလည်း မမှတ်မိ။ ဆရာမကိုလည်း မမှတ်မိ။ သူငယ်ချင်းကိုလည်း မမှတ်မိ။

စကားကောင်းကောင်း မပြောနိုင်၊ ခြောက်လက်ကောင်းကောင်း မလှုပ်ရှားနိုင်၊ အသိကောင်းကောင်း မရှိနိုင်သော အနေအထားဖြင့် သမီးလေး၏ဘဝ နိဂုံးချုပ်ရတော့မည်လော။

ဦးထွေးမှာလည်း အလုပ်မဆင်းနိုင်သဖြင့် စုဆောင်းထားသမျှလည်း ကုန်။ ရှိစုမဲ့စု ရွှေလေးလည်း ရောင်းချ။ ထို့ပြင်မက ကြွေးတွေက ဝိုင်းလာသည်။ မိတ်ဆွေများ၊ သမီးလေး၏သူငယ်ချင်းများ၊ အိမ်နီးချင်းများနှင့် ရဲအရာရှိများက ဝိုင်းဝန်းထောက်ပံ့ကြပါ၏။ သို့သော် ရေရှည်တွင် မည်သို့စခန်းသွားရပါမည်နည်း။

"သမီးလေး"

ဦးထွေးက သမီးလေးမာလာ၏လက်ကို နွေးနွေးထွေးထွေး၊ ယုယုယယဆုပ်ကိုင်ကာ မျက်နှာကို ကြင်နာစွာကြည့်၍ ခေါ်လိုက်၏။

သမီးကလေးပြန်ကြည့်နေသည်က အသက်မပါ။

နှုတ်ခမ်းတွေ မလှုပ်။

"သမီးလေး မှတ်မိသေးလား။ သမီးလေး ပထမဆုံး ကျောင်းစတက်တဲ့ နေ့ကလေ။ ဖေကြီးက သမီးလေးကို ကျောပိုးပြီး လိုက်ပို့တာ။ သမီးလေးက ကျောင်းမှာ တစ်ယောက်တည်းမနေခဲ့ဘူးလို့ဆိုပြီး ငိုတယ်လေ။ ဆရာမချော့တာ မရဘူး။ မုန့်ဝယ်ကျွေးလည်း မရဘူး။ ဖေကြီးနေမှ စာသင်မယ်ဆိုလို့ ဖေကြီးက

သမီးလေးဘေးမှာ တစ်နေ့လုံးအတူနေပြီး ကျောင်းတက်ခဲ့ရတာလေ။ ဟား.. တား.. သမီးကလေး သိပ်ဆိုးတာလေ။ အို.. မဟုတ်သေးဘူး။ အဲဒါ သမီးလေးက ဖေကြီးကို သိပ်ချစ်တာ။ ဟုတ်တယ်မဟုတ်လား။ သမီးလေး မှတ်မိတယ်နော်''

သမီးကလေး ကြောင်၍ကြည့်နေဆဲ။

သမီးကလေး၏မျက်လုံးများမှ မျက်နှက်ဆံကလေးသည် အရွေ့အလျားကင်းစွာ.. ။

အခန်းတွင်းသို့ တိတ်တဆိတ်ဝင်လာပြီး ဖခင်နှင့်သမီးကို ကြေကွဲစွာကြည့်နေသော ရဲအုပ်အောင်မင်း၏မျက်လုံးများမှာ မျက်ရည်စို့နေ၏။

သူတို့သားအဖ၏ ရင်နာစရာအဖြစ်က သူ့ရင်ကို ဆတူထပ်မျှ ဖိစီးနှိပ်စက်လျက်ရှိသည်။

ဦးထွေးက သမီးလေးကို မျက်ရည်တလည်လည်နှင့် ကြည့်လျက်..

''သမီးကလေးကြိုက်တဲ့ ဂျေဒိုးနပ်မုန့် ဖေကြီးဝယ်ထားတယ်။ စားမလားဟင်''

မေးသည်။

သမီးကလေး ဘာမှပြန်မပြော။ ခေါင်းမညိတ်၊ ခေါင်းမခါ။

ဦးထွေးက ခုတင်ဘေးရှိ စားပွဲပုကလေးထဲမှ မုန့်ကိုထုတ်ယူကာ သမီးကလေးကို ခွဲ့ကျွေးသည်။

''စား.. သမီး.. စား..''

မုန့်ကို နှုတ်ခမ်းနားကပ်ပေးသည့်အတွက် သမီးလေး၏နှုတ်ခမ်းများက ပွင့်လာ၏။ မုန့်ကို ပါးစပ်တွင်းထည့်ပေးသောအခါ တဖြည်းဖြည်းစားသည်။

သမီးကလေးမုန့်စားသည်ကိုကြည့်၍ ဦးထွေးကျေနပ်နေ၏။

ပြီးတော့ ရေခွက်ကလေးနှင့် ရေတိုက်သည်။ ရေတိုက်တော့လည်း သောက်ပါ၏။

သို့သော် မုန့်အစအနများနှင့် ရေစက်များက ပါးစပ်တွင်းမှ စီးကျကာ ရင်ဘတ်ပေါ်သို့ ဆင်းသွားသည်ကို တွေ့ရ၏။

''ဩော်.. ရဲအုပ်ကြီးရောက်နေတာကိုး''

ဦးထွေး ရေခွက်ကို စားပွဲပေါ်ပြန်အချတွင် တိတ်ဆိတ်စွာရပ်ကြည့်နေသော ရဲအုပ်အောင်မင်းကို တွေ့သွားသည်။

''ဟုတ်ကဲ့.. ။ သမီးကလေး သက်သာလာပုံရတယ်နော်''





ဖြေသိမ့်စကား.. ။

''ဆရာဝန်ကြီးကတော့ တိုးတက်မှုရှိလာတယ်လို့ ပြောပါတယ်''

''မကြာခင် ကောင်းသွားမှာပါ ဦးလေးရယ်။ စောစောကလို သူမှတ်မိနိုင်တဲ့ အကြောင်းလေးတွေ များများပြောပေးပါ။ သူနှစ်သက်တဲ့ ပစ္စည်းလေးတွေ အိမ်က ယူလာပေးပါ''

''ဟုတ်ကဲ့''

''အမှုကတော့ တရားရုံးတင်လိုက်ပါပြီ။ မနက်ဖြန် စတင်စစ်ဆေးပါမယ်။ ကျွန်တော်က အရင်ဆုံးတင်ပြရမှာပါ။ တရားရုံးကို သမီးလေးတော့ လာနိုင်မှာမဟုတ်ဘူး။ ဦးလေးတော့ လာခဲ့ပေးပါ''

''ရဲအုပ်ကြီးရယ်.. ကျွန်တော်က ရှေ့နေမဌားနိုင်လေတော့..''

''အဲဒါ မပူပါနဲ့ ဦးလေးရယ်။ အားလုံးစီစဉ်ထားပြီးပါပြီ။ နိုင်ငံတော်က ရှေ့နေငှားပေးပါတယ်။ သမီးကလေးဘက်က လိုက်ပေးမှာပါ''

''ဟို.. ဟိုဘက်က..''

''ဟုတ်ကဲ့.. ဟိုဘက်ကတော့ နာမည်ကြီးရှေ့နေကို ငှားတာပေါ့ ဦးလေးရယ်။ ဒါ.. ကိစ္စမရှိပါဘူး။ အမှုရဲ့အမှန်တရားက လိုရင်းပါ''

ရဲအုပ်အောင်မင်း အတန်ကြာအောင် အမှုကိစ္စနှင့်ပတ်သက်ပြီး သိသင့်သိထိုက်သည်များကို ပြောပြပြီးနောက် ပြန်သွားသည်။

ဦးထွေး ခုံတစ်လုံးပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်၏။

သမီးကလေးက အိပ်ပျော်သွားပြီဖြစ်သည်။

''အမှုမှန်ပေါ်ပါစေ''

ဟု ဦးထွေးဆုတောင်းမိသော်လည်း ရင်ထဲမှာကား အပူတွေများနေသည်။ သမီးကလေးနေကောင်းဖို့ အပူပေါ်မှာ တရားရုံးအပူက ဆင့်လောင်းလာပြန်သည် မဟုတ်ပါလား။

❦ ❦ ❦ ❦ ❦

# ၂၂

အသည်းလေးက ကန့်ကလျ အနားမှာထိုင်ချသည်။ ကိုင်လာသော ဖန်ခွက်ကို စားပွဲပုလေးပေါ်တင်သည်။ ကိုယ်ချင်းထိလျက် မျက်လုံးကလေး တလက်လက်နှင့် ပြောသည်။

"အစ်ကိုကြီး.. သောက်လိုက်ဦးနော်။ ပူပူနွေးနွေးလေးသောက်မှ ကောင်းတာ။ အသည်းလေး ရှယ်လုပ်ထားတာနော်"

ဖန်ခွက်ထဲမှာ နွားနို့။ နွားနို့ထဲမှာ ကြက်ဥ။

ဦးကျော်မြတ်က ပြုံးဖြီးဖြီးနှင့် အသည်းလေးကို ဖက်လိုက်၏။ ရင်ခွင်ကျယ်ကြီးအတွင်း အသည်းလေးက အလိုက်သင့်ဝင်လာသည်။ လူးလူးလွန့်လွန့်။

ဦးကျော်မြတ်အသက်က ခြောက်ဆယ်သီသီစွန်းနေပြီး အသည်းလေးက နှစ်ဆယ်ကျော်ဆိုတော့ ဒွေးချိုးလေးတိုးဆိုသော ကဗျာကလေးလိုပင်။ မော်ဒယ်လ်တစ်ယောက်လည်းဖြစ်၍ ဗီဒီယိုမင်းသမီးအဖြစ် ခြေချလျက်ရှိသော အသည်းကလေးသည် ဦးကျော်မြတ်၏ နံပါတ်မည်မျှမြောက်သော တရားမဝင်ဇနီးလဲ မသိနိုင်။

သို့သော် သူတို့အဖို့က ထိုအချက်သည် အရေးကြီးပုံမရ။





ဗီဒီယိုကားများတွင် သရုပ်ဆောင်မှုမကောင်းသော်လည်း မင်းသားကြီးဦးကျော်မြတ်နှင့်ကား အမှုအနွဲ့၊ အချွဲအပျစ် ကောင်းလှသည့်အတွက် မင်းသားကြီးကား အသည်းစွဲ၍နေ၏။ အသည်းလေးဆိုသည်မှာပင် ဦးကျော်မြတ်ပေးထားသောနာမည်။

နွားနို့ဖန်ခွက်ကိုယူ၍ ဦးကျော်မြတ်တစ်ငုံနှစ်ငုံသောက်ပြီး ပြန်အချမှာပင် တံခါးခေါက်သံပေါ်လာ၏။

"ဒါ.. လမ်းမတော်ဖိုးတုတ်ထင်တယ်။ အသည်းလေး.. တံခါးဖွင့်ပေးလိုက်ပါ။ အစ်ကိုကြီးမှာထားလို့ သူလာတာ"

ဦးကျော်မြတ်၏ အမိန့်အရ အသည်းလေးက ထိုင်ရာမှ ထသွားကာ တိုက်ခန်းတံခါးကို ဖွင့်ပေးလိုက်သည်။

အမှန်ပင်..။ ဝင်လာသူမှာ လမ်းမတော်ဖိုးတုတ်ဖြစ်၏။

ဆံပင်တိုတို၊ လူက ဂင်တိုတိုနှင့် လူမိုက်ဖြစ်ကြောင်း မပြောဘဲနှင့် သိနိုင်သည့် သူကောင့်သား။ စင်စစ် သူ့နာမည်ရင်းက တခြားဖြစ်၏။ ရာဇဝင်ထဲက နာမည်ကျော်လူမိုက်ကြီးနာမည်ကို သူက ယူထားခြင်းဖြစ်သည်။ သူကသည်း လမ်းမတော်မှာ မွေးခဲ့သူလေ။

"လာ.. ထိုင်.. ဖိုးတုတ်"

ဖိုးတုတ်က လူမိုက်ကြီးဖြစ်သော်လည်း ဦးကောင်းမြတ်ရှေ့မှာတော့ ကျားရှေ့က သတ္တဝါငယ်မျှသာ။ သူသည် ရိုရိုကျိုးကျိုးပင် ဦးကျော်မြတ်ရှေ့မှာ ဝင်ထိုင်၏။

ဦးကျော်မြတ်က အနီးရှိ သေတ္တာမည်းမည်းပြားပြားကလေးထဲမှ ငွေစက္ကူအထပ်များကို ဆွဲထုတ်သည်။ အသည်းလေးက သူ့ဘေးမှထိုင်ကာ ငေးနေ၏။ သူမနှင့် မဆိုင်သည်မို့ ဘာမှဝင်မစွက်။

"ရော့.. ဒါ.. မင်းအတွက် စရံ။ အလုပ်ပြီးရင် ထပ်ပေးမယ်။ ငါခိုင်းတာတော့ တိကျပစေနော်။ ပြီးတော့ ငါကခိုင်းတာ မဖြစ်စေရဘူး။ မင်းသဘောနဲ့ မင်းလုပ်တာ။ ပြဿနာပေါ်လာရင် မင်းဘာ့သာရှင်း။ လိုအပ်ရင်တော့ ငါက နောက်က ထောက်ပံ့မယ်"

"စိတ်ချပါ ဆရာကြီး။ ဆရာကြီးနဲ့ ကျွန်တော်က အရင်ကတည်းက အလုပ်တွဲလုပ်လာတာ။ ကျွန်တော်က လူမိုက်လုပ်စားပေမယ့် သစ္စာရှိပါတယ်"

"ဒီနေ့ တရားရုံးစတယ်။ အမှုက ငါ့သားကို ပစ်မှတ်ထားတာ။ ဒါပေမဲ့ အဲဒါတွေ ငါ မင်းကို အကြမ်းဖျင်းပြောပြီးပြီ။ အဓိကက နိုင်ဖို့ပဲ။ ငါ့

ဘက်က လုပ်သင့်တာ လုပ်ပြီးပြီ။ ငါ့သားဘက်ကလိုက်မယ့် ရှေ့နေကြီးရဲ့ အကြံပေးချက်အရ မင်းကို အလုပ်တာဝန်ပေးတာ။ ဟိုဘက်က ပြတဲ့ သက်သေတွေကို နှုတ်ပိတ်ဖို့ပဲ။ နှုတ်ပိတ်တယ်ဆိုတာ အပြတ်ရှင်းခိုင်းတာ မဟုတ်ဘူးနော်။ ပါးစပ်ကို ပိတ်ခိုင်းတာ။ သူတို့ကို ဒါပေး။ ပြီးရင် တရားခွင်မှာ ပါးစပ်ပိတ်ဖို့ပြော။ ပြောတဲ့အတိုင်း မလုပ်ရင် အနည်းဆုံးဒဏ်ကြေးက သူတို့အသက်အနုတ်ခံရမယ်လို့ခြောက်။ ဆုပေး၊ ဒဏ်ပေးပေါ့။ ဆုမလိုချင်ဘူးဆိုရင်တော့ နောက်တစ်ဆင့် ပြစ်ဒဏ်ပေါ့။ ရှင်းတယ်နော်''

''ရှင်းပါတယ်''

''အဓိကပါးစပ်ပိတ်ရမယ့်သက်သေက ကွမ်းယာရောင်းတဲ့မိန်းမမသန်းမူ။ လမ်းဆုံမှာ ကွမ်းယာရောင်းတာ သိတယ်မဟုတ်လား''

''သိပါတယ်''

''ဒုတိယက ယမုံစားသောက်ဆိုင်က စားပွဲထိုးသူရ''

''ဟုတ်ကဲ့..''

''ဓာတိယက ငမူးတင်ဦး''

''သူ့ကိုလည်း သိပါတယ်။ ဒီကောင်က အချဉ်ပါ''

''ကဲ..ဒါတွေယူသွား။ သွားတော့..။ ချက်ချင်းလူပ်ရှား။ ပြီးရင်သတင်းပို့''

''ဟုတ်..''

လမ်းမတော်ဖိုးတုတ် ငွေထုပ်တွေကိုယူကာ နေရာမှ ထွက်သွားသည်။ အသည်းလေးက လိုက်၍တံခါးပိတ်သည်။

ထိုစဉ် ဖုန်းက မြည်လာသည်။ ဟန်းဖုန်းဖြစ်သည်။

''ဟဲလို..''

''.....''

''ရှေ့နေကြီးလား..။ ကျွန်တော့်ဘက်က အားလုံးပြီးပြီ။ ခင်ဗျားဘက်ကရော''

''.....''

''ဟုတ်ပါပြီ။ ခင်ဗျားကိုလည်း ယုံပါတယ်။ ငွေကုန်တာ ကျွန်တော်က မနှမြောဘူးနော်။ နိုင်ဖို့ပဲ လိုတာ။ ဒါ..လိုရင်းပဲ။ လိုအပ်တာ ကျွန်တော်ဖြည့်ဆည်းပေးမယ်။ ကမ္ဘာကျော် ကျော်မြတ်ဟာ ဘယ်တုန်းကမှ ရှုံးဖူးခဲ့တဲ့ကောင် မဟုတ်ဘူး''





''.....''

''သားကိုလည်း ခင်ဗျား မှာစရာရှိတာ မှာပြီးပြီနော်။ ကောင်းပါပြီ။ တရားရုံးမှာပဲ တွေ့ကြတာပေါ့''

ဖုန်းပြန်ပိတ်ပြီး ချလိုက်တော့ အသည်းလေးက ဦးကျော်မြတ်ကို သိုင်းဖက်လိုက်ရင်း..

''အစ်ကိုကြီးအလုပ်တွေကလည်း ရှုပ်လိုက်တာ။ အသည်းလေးဆီလာတာတောင် နောက်က အလုပ်တွေက လိုက်လာသေးတယ်။ အေးအေးဆေးဆေးကို မရှိဘူး''

ခပ်ခွဲခွဲကလေး ပြောသည်။

ဦးကျော်မြတ်က တဟဲဟဲရယ်သည်။

''ဒီလိုပါပဲကွယ်..။ အသည်းလေးကိုတောင် အားနာသွားရပြီ။ ဟိုကောင် ရှုပ်ရှုပ်ယှက်ယှက်လုပ်ထားတာကို လိုက်ရှင်းနေရတာ''

''ဘယ်သူလဲ..။ အစ်ကိုကြီးသားလား''

''ဟုတ်တယ်''

''ဘာဖြစ်လို့လဲ''

''ကောင်မလေးတစ်ယောက်ကို အဓမ္မသွားလုပ်လို့။ အဲဒါ..''

''ဟင်း..ဟင်း..အစ်ကိုကြီးသားပဲကိုး။ ဒီလောက်တော့ ရှိမှာပေါ့''

''အသည်းလေးကတော့ ပြောပြီ''

''မဟုတ်ဘူးလား..။ အစ်ကိုကြီးအကြောင်း အသည်းလေးက ကိုယ်တွေ့''

''အဲဒါက ချစ်တာ''

''အစ်ကိုကြီးချစ်တာကြီးတော့ ကြောက်ပါတယ်''

အသည်းလေးက ကိုယ်လုံးလေးကို ဟန်လုပ်၍ တွန့်ပြသည်။ မင်းသားကြီးက တဟားဟားဖြင့် သဘောကျစွာအော်ရယ်သည်။

ပြီးလျှင် ကျန်နေသောနွားနို့ခွက်ကို လှမ်းယူကာ အပြီးသတ်မော့သောက်သည်။

ပြီးလျှင် မင်းသားကြီး ကမ္ဘာကျော်ဦးကျော်မြတ်သည် မင်းသမီးလေး အသည်းလေး၏ ခါးကျင်ကျင်လေးကိုဖက်လိုက်ကာ နေရာမှထ၍ အတွင်းသို့ ဝင်သွားလေသည်။

❦ ❦ ❦ ❦ ❦

# ၂၃

သောင်းထိုက်သည် မိခင်ဖြစ်သူဒေါ်မြနှစ်ရှေ့တွင် ခေါင်းကိုငုံ၍ ထိုင်နေသည်။ သူ့မျက်လုံးများက ကြမ်းပြင်မှာ။ သူ့ရင်တွေ နိမ့်လိုက်၊ မြင့်လိုက်နှင့်..။

"ရဲကောင်းမြတ် အဖမ်းခံထားရတယ်။ တရားစွဲခံနေရတယ်။ မုဒိမ်းမှုတဲ့..။ အဲဒါ သားပါဝင်ပတ်သတ်သလား"

ဒေါ်မြနှစ်က သားကိုစိုက်ကြည့်ကာ မျက်နှာထားတင်းတင်းဖြင့် မေးသည်။

"သား မပါပါဘူး"

"အမေ့ကို မလိမ်နဲ့နော်။ သားမူပျက်နေတာ အမေသိတယ်။ ပြီးတော့ အဲဒီပြဿနာဖြစ်တဲ့ရက်က သားတို့နှစ်ယောက် တပူးတွဲတွဲနဲ့။ ခုရက်မှ သားခြေငြိမ်နေတာ"

မိခင်က စကားလုံးပြတ်ပြတ်နှင့် တိတိကျကျထောက်မေးသည်။ မိခင်ကို ဘယ်တုန်းကမျှ မလိမ်ရဲသော၊ မလိမ်ဖူးသော သောင်းထိုက် ချွေးတွေ ပြန်လာသည်။

"သား မပါပါဘူး။ သားပါရင် သားပါအဖမ်းခံရမှာပေါ့"





"သားမပါဘူးဆိုတာက ကျူးလွန်ရာမှာ မပါတာကို ပြောတာမဟုတ်ဘူး။ ပူးပေါင်းပါဝင်တာ ရှိသလား"

သောင်းထိုက်ထံမှ အဖြေစကား ထွက်မလာ။

ဒေါ်မြနှစ်က စူးရဲသောမျက်လုံးများဖြင့်..

"ပြောစမ်းသောင်းထိုက်။ မင်း အတူပါသလား"

ခပ်မာမာမေးသည်။

သောင်းထိုက် မျက်လုံးလှန်ကြည့်သည်။ မိခင်၏ ဒေါသရိပ်ထင်နေသော မျက်နှာနီနီကို မြင်ရသဖြင့် တုန်လှုပ်သွားသည်။

"ဖြေလေ"

"ဟို.. ဟို.. သူခေါ်လို့.. ပါ.. ပါသွားပါတယ်"

"ဘာ.. ပါသွားတယ်.. ဟုတ်လား။ ဒါဆို မင်းက အလိုတူအလိုပါ.. ဟုတ်လား"

ဒေါ်မြနှစ် အသံပို၍မာသွားသည်။

သောင်းထိုက်က လက်ကာကာ၊ ခေါင်းခါခါနှင့်..

"ကျွန်.. ကျွန်တော် အလိုတူအလိုပါ မဟုတ်ဘူးအမေ။ သူအတင်းခေါ်လို့ ပါသွားကာ။ ဒါပေမဲ့ သား ဘာမှမကျူးလွန်ဘူး။ ကောင်မလေးကို ကိုင်ရုံတောင် မထိ.."

"ဖျန်း.."

သောင်းထိုက်စကား မဆုံးလိုက်။ ဒေါ်မြနှစ်၏ လက်ဝါးချက်က သောင်းထိုက်၏ပါးပြင်ပေါ် ကျသွား၏။

"ဟင်.. မင်းလည်း ယုတ်မာပက်စက်တာပဲ။ မင်းကို အမေ ဘယ်လို ပြောတာမျိုးတွေ ပုံသွင်းခဲ့လဲ။ ဒီလို ယုတ်ယုတ်မာမာတွေလုပ်ဖို့ ဘယ်တုန်းက ပြောခဲ့လဲ။ မင်းစိတ်တတ်တွေ နိမ့်ကျလှချေလား သောင်းထိုက်။ မင်းအမေပါလို့ ဒီလိုမှာတောင် ငါရှက်တယ်"

"အမေ.. ကျွန်တော်.. မှား.."

"ဘာမှားတာလဲ.. ဘာမှားတာလဲ.. ဘာ ခုမှ မှားတယ်လို့ ပြောရဲ့လဲ။ နဂိုကတည်းက မင်းမပါရမှာ။ ဝေးဝေးရှောင်ရမှာ။ သူက ဒီလိုဆိုရင် ဘောင် မင်းက တားရမှာ၊ ဆီးရမှာ။ ဘယ်ကွာ..။ နှမချင်းမစာမနာ..။ ဒီလိုမလေးကို သူတစ်ပါးက ခုလိုလုပ်ရင် မင်းဘယ်လိုခံစားရမလဲ။ ဟင်.. သောင်းထိုက်.. ပြောစမ်း။ ခုတော့ မင်းလည်း မုဒိမ်းကောင်ပဲ"

"မဟုတ်ဘူးအမေ။ ကျွန်တော်တားပါတယ်။ မရလို့.."

"တော်စမ်း..။ မင်းတို့အမှားက ပြန်ပြင်လို့မရတဲ့အမှား ဖြစ်နေပြီ။ ကလေးမလေးက ဆေးရုံမှာ ဒုက္ခိတလေးဖြစ်နေပြီ။ မင်းအမေဖြစ်ရတာ ငါ့မျက်နှာကို ငါ တားနဲ့လိုးပစ်ချင်တယ်။ ကြံရာပါမုဒိမ်းကောင်ရဲ့ အမေလို့ လူတွေကို ငါဘယ်လိုမျက်နှာပြရမလဲ"

"ကျွန်တော်မှားသွားမှန်း သိပါတယ်အမေ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

သောင်းထိုက်က ကြမ်းပြင်မှာထိုင်ချပြီး မိခင်၏ခြေသလုံးကိုဖက်ကာ တောင်းပန်သည်။

မိခင်မှာ ဒေါသမျက်ရည်တွေ တတွေတွေဖြစ်နေသလို သူ့မှာလည်း နောင်တမျက်ရည်များဖြင့်..။

ဒေါ်မြနှစ် အံကြိတ်သည်။

"မင်း..ငါ့ကိုတောင်းပန်ရမှာ မဟုတ်ဘူး။ တရားရုံးမှာ မင်းဝန်ခံရမှာ"

"ဗျာ..ကျွန်တော်.."

"မင်းမပါဘူး မဟုတ်လား။ အဲဒါဆို မင်းတရားရုံးမှာ အမှန်ကို ထုတ်ပြောပေါ့"

"မ..မဖြစ်ဘူးအမေ။ လုံးဝမဖြစ်ဘူး"

"ဘာဖြစ်လို့မဖြစ်ရမှာလဲ။ မင်းအမှားကို တာဝန်ယူတဲ့အနေနဲ့ မင်းဝန်ခံရမှာပေါ့။ သက်သေအဖြစ် ထွက်ဆိုပေါ့"

"မဖြစ်ဘူးအမေ..မဖြစ်ဘူး..အဲဒီလိုလုပ်လို့ မဖြစ်ဘူး။ အဲဒီလိုလုပ်ရင် ကျွန်တော့်ကို သူတို့သတ်မှာ။ အမေ့ကိုရော၊ ညီမလေးကိုရော သူတို့ဒုက္ခပေးမှာ"

"ဘာ.."

ဒေါ်မြနှစ်ဒေါသများ ပို၍မြင့်တက်သွားသည်။ မယုံကြည်နိုင်ခြင်း မခံချိမခံသာဖြစ်ခြင်းများဖြင့် အသားများဆတ်ဆတ်တုန်လာသည်။

"ရဲကောင်းမြတ်အဖေ ဦးကျော်မြတ်ကိုယ်တိုင် ကျွန်တော့်ကိုခေါ်တွေ့ပြီး ပြောတာအမေ"

❦ ❦ ❦



"ဒီကိစ္စမှာ မင်းလည်း အလိုတူအလိုပါ ပါဝင်နေတာ မင်းအသိပဲ။ မင်းမကျူးလွန်ပေမယ့် အမှုတွဲထဲမှာ မင်းပါနေတယ်။ ဒါကို ငါတို့က မင်းပါတာကို ဖျောက်ထားတယ်။ မင်းနားလည်ပါ။ ဒါကြောင့် မင်းကလည်း ဒီကိစ္စကို ဘာမှမသိသလို နေပေးပါ။ အဓိကကတော့ မင်းပါးစပ်ကို ပိတ်ထားဖို့ပဲ။ မပိတ်ဘူးဆိုရင်တော့ နောက်ဆက်တွဲဆိုးကျိုးတွေ ပေါ်ထွက်လာလိမ့်မယ်။ ပြောရတာ စိတ်မကောင်းပါဘူး။ ငါတို့အနေအထားကို မင်းသိတယ်။ နံရံကို ခေါင်းနဲ့တိုက်ဖို့တော့ စိတ်မကူးနဲ့။ မင်းအသက်ကို နှမြောရင်၊ မင်းညီမလေးရဲ့ အရှက်ကို ကာကွယ်ထိန်းသိမ်းချင်ရင်၊ မင်းအမေရဲ့နောင်ရေးကို မပျက်စီးစေချင်ရင် ငါပြောသလို လိမ်လိမ်မာမာနေ။ အဲဒီလိုမှ မဟုတ်ဘူးဆိုရင်တော့ ငါ့အဆိုးမဆိုနဲ့ သောင်းထိုက်"

❦ ❦ ❦

"အဲဒါ ခြိမ်းခြောက်တာပဲ။ ဟင်း.."

ဒေါ်မြနှစ် အံကိုကြိတ်သည်။ မျက်လုံးများ စူးစူးရဲရဲ။

သောင်းထိုက်က မိခင်ကိုဖက်၍ တတွတ်တွတ်တောင်းပန်သည်။

"အမေ..ကျွန်တော်တောင်းပန်ပါတယ်။ အမေဘာမှမသိသလို နေပေးပါ။ ကျွန်တော်လည်း သူတို့နဲ့ ဝေးဝေးနေမယ် အမေ။ အဲဒီလိုမှမဟုတ်ရင် ကျွန်တော်တို့အားလုံး ဒုက္ခရောက်မှာ။ သူတို့အကြောင်း ကျွန်တော်သိတယ်။ နော်..အမေ..နော်"

အိပ်ခန်းထဲမှ ရီရီထိုက်သည် မိမိနှင့်အစ်ကိုဖြစ်သူ၏ ပြောစကားများကို အတိုင်းသားကြားနေရ၏။ ရင်တွေဖိုလှိုက်နေ၏။ ဘာရယ်မသိ..။ ငိုချင်သလိုလည်း ဖြစ်နေ၏။

❦ ❦ ❦ ❦ ❦

၂၄

တရားခွင်တစ်ခုလုံး အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်နေ၏။

တရားသူကြီးက နားစိုက်ထောင်နေသည်။

တရားလိုအကျိုးဆောင်ရှေ့နေကြီးက တရားလိုပြသက်သေများကို စစ်မေးနေသည်။

"မင်းနာမည် မောင်သူရနော်"

"ဟုတ်ပါတယ်"

"မင်းက အလုပ်ဘယ်မှာလုပ်တာလဲ"

"ယမုံစားသောက်ဆိုင်မှာပါ"

"အလုပ်တာဝန်က.."

"စားပွဲထိုးပါ"

"အခင်းဖြစ်ပွားတဲ့အင်္ဂါနေ့ (..၊ ..၊ ၂၀၀၇) ရက်နေ့ ညနေက မင်းတို့ယမုံစားသောက်ဆိုင်ကို ဟောဟိုမှာထိုင်နေတဲ့ မောင်ရဲကောင်းမြတ်နဲ့ သူငယ်ချင်းတစ်ယောက် လာပြီးစားသောက်တယ်ဆိုတာ မှန်သလား"

"မှန်ပါတယ်"

စိတ်ကူးသစ်စာပေ



"မင်းက သူတို့စားပွဲကို စားပွဲထိုးပေးရတယ်ဆိုတာကော မှန်သလား"

"မှန်ပါတယ်"

"ရဲကောင်းမြတ်နဲ့ သူ့သူငယ်ချင်းဟာ မာလာ့အကြောင်း ပြောကြတယ်ဆိုတာ မှန်ပါသလား"

"ဟုတ်ကဲ့။ မာလာလားဘာလားတော မသိပါဘူး။ မိန်းကလေးတစ်ယောက်အကြောင်းတော့ ပြောနေတာ နားစွန်နားဖျားကြားမိပါတယ်"

"သူတို့ပြောနေတဲ့အထဲမှာ ရဲကောင်းမြတ်က 'ဒီည ကြည့်..။ သူ့ကျူရှင်အပြန်မှာ ငါ့လက်ခုပ်ထဲကရေဖြစ်အောင် လုပ်ပြမယ်' လို့ ပြောတာ မှန်သလား"

"မဟုတ်ပါဘူး။ ကျွန်တော် အဲဒီလို ဘာမှသေသေချာချာမကြားရပါဘူး။ ကျွန်တော်က သူတို့ကို ဘီယာနဲ့စားစရာတွေ ချပေးပြီး ခပ်ဝေးဝေးကို ပြန်ထွက်သွားရပါတယ်"

"သူ့သူငယ်ချင်းက မင်းမရနိုင်ပါဘူး။ သူက ကျွန်တော်မှာရှိတယ်ကွတို့ပြောတော့ ရဲကောင်းမြတ်က 'ဟေ့ကောင်.. သောက်မှာသာ သောက်။ ပြီးရင် ငါနဲ့လိုက်ခဲ့။ မင်း ငါ့ကို ဆရာတင်သွားရမယ်။ ငါစီစဉ်ပြီးသား။ ဒီည ပြဲသိမ်းပဲ' လို့ ပြန်ဖြေတယ်မဟုတ်လား"

"မသိပါဘူး..။ ကျွန်တော်မကြားမိပါဘူး"

တရားခံအကျိုးဆောင်ရှေ့နေကြီးက တရားခံခုံမှ ရဲကောင်းမြတ်ကို တစ်ချက်ဝေ့ကြည့်၏။ ရဲကောင်းမြတ် အပြုံးယဲ့ယဲ့ဖြင့်..။

"သူတို့ စားသောက်ပြီး ဘယ်အချိန်ထွက်သွားကြလဲ"

"အချိန်အတိအကျမသိပါဘူး။ မိုးမချုပ်ခင်လေးပါပဲ"

❦ ❦ ❦ ❦ ❦

"ဟုတ်ကဲ့။ ကျွန်မက လမ်းဆုံမှာ ကွမ်းယာရောင်းပါတယ်။ နာမည်က မသန်းမူ ဟုတ်ပါတယ်"

"(..၊..၊ ၂၀၀၇) အင်္ဂါနေ့ညက မသန်းမူဟာ ခါတိုင်းလိုမဟုတ်ဘဲ မိုးချုပ်စမှာ ဆိုင်သိမ်းတယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်။ ကျွန်မယောက်ျား အဖျား..အဲ..ဖျားနေလို့ပါ။ ယောက်ျားက သူမရှိရင် ကျွန်မကို ကောင်လေးတွေထိကပါးရိကပါးလုပ်မှာစိုးလို့ သူမလာနိုင်တာနဲ့ ဆိုင်စောစောသိမ်းရပါတယ်။ ယောက်ျားက ကျွန်မကို သိပ်ချစ်လို့ သဝန်တိုတယ်ရှင့်"

"လိုရင်းဖြေရင် ရပါတယ် မသန်းမူ။ မသန်းမူဆိုင်သိမ်းတာ ဘယ်အချိန်လဲ"

"မိုးချုပ်စပဲရှင့်။ ကျွန်မမှာ နာရီမရှိလို့ အတိအကျတော့ အချိန်မသိပါဘူး"

"မသန်းမူအိမ်ပြန်လာတော့ သိပ်မမှောင်သေးဘူး။ လူလုံးကွဲကွဲမြင်နိုင်သေးတယ် မဟုတ်လား"

"နည်းနည်းတော့ မြင်ရပါသေးတယ်"

"လမ်းကြားလေးထဲမှာ ကားတစ်စီးရပ်ထားတာ တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ်"

"ကားက ပါဂျဲရိုးမီးခိုးရောင် မဟုတ်လား"

"ကားအမျိုးအစား မသိပါဘူး။ ကားအရောင်က..အဲ..အမှောင်နဲ့ဆိုတော့ အပြာထင်တာပဲ"

"မီးခိုးရောင်ဖြစ်မှာပါ"

"မီးခိုးရောင်တော့ လုံးဝမဟုတ်ဘူးရှင့်"

"အဲဒီကားဘေးမှာ ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို ပါးစပ်ပိတ်ပြီး ကားပေါ်ဆွဲတင်တာကို တွေ့ရတယ်ဆိုတာ မှန်သလား"

"မှန်ပါတယ်"

"အဲဒီကောင်မလေးက ဟောဒီကောင်မလေး မဟုတ်လား"

တရားလိုအကျိုးဆောင်ရှေ့နေကြီးက ဓာတ်ပုံပြသည်။ မာလာ၏ ဓာတ်ပုံဖြစ်သည်။ မာလာက ဆေးရုံမှ တရားခွင်သို့ မလာနိုင်၍ဖြစ်သည်။





"မဟုတ်ဘူးရှင့်"

"သေသေချာချာကြည့်ပါဦး မသန်းမူ"

"သေချာပါတယ်။ သူမဟုတ်တာ သေချာပါတယ်"

"ကားပေါ်ဆွဲတင်တဲ့ ကောင်လေးကို မသန်းမူသိတယ်မဟုတ်လား"

"မသိပါဘူး"

"ဗီဒီယိုမင်းသား နေတိုးလို လူပုံချောချောလေး မဟုတ်လား"

"ထင်ရတာပဲရှင့်။ ချောတယ်ထင်တာပဲ"

"အဲဒီကောင်လေးဟာ ဟောဟိုမှာထိုင်နေတဲ့သူ မဟုတ်လား"

ရှေ့နေကြီးက ရဲကောင်းမြတ်ကို ညွှန်ပြ၍ မေးသည်။

"သူမဟုတ်ပါဘူး"

"သေသေချာချာကြည့်ပြီး သေသေချာချာစဉ်းစားဖြေဆိုပါ မသန်းမူ။ ခင်ဗျားတွေ့ခဲ့တာ သူမှန်ပါတယ်နော်"

"မဟုတ်ပါဘူး။ သူမဟုတ်တာ တကယ့်ကိုသေချာပါတယ်ရှင့်"

❦ ❦ ❦ ❦ ❦

ကျွန်တော်က အဲဒီညက အရက်သောက်၊ ဘော်ဒါတွေနဲ့ လေကန်ပြီး အိမ်ပြန်လာပါတယ်။ အချိန်တော့ အတိအကျမသိပါဘူး"

"ဆယ်နာရီခွဲလောက် မဟုတ်လား"

"ဟုတ်မှာပေါ့။ ဟုတ်မယ်ထင်တာပါပဲ"

"လမ်းကြားလေးကနေ ခင်ဗျားတို့ရပ်ကွက်ဘက်ကို ထွက်လိုက်ရင် တခြားဘက်၊ အဲဒီတခြားဘက်က ခြံဝန်းအကျယ်ကြီးတွေရှိတယ်။ လူမနေဘူး။ အဆောက်အဦတွေ မရှိဘူး။ ဟုတ်တယ်နော်"

"ဟုတ်ကဲ့"

"အဲဒီဘက်ကနေ ကားတစ်စီးမောင်းလာတာကို ခင်ဗျားတွေ့လိုက်တယ်မဟုတ်လား"

"ဟုတ်တယ်"

"ကားက ပါဂျဲရိုးမီးခိုးရောင် မဟုတ်လား"

"ဟား.. မှောင်နေတာဗျာ။ ကျွန်တော်ကလည်း မူးနေတာ။ ကားဆို တာတောင် မှန်းပြောရတာ။ နွားလှည်းမဟုတ်တာတော့ သေချာပါတယ်။ ဘာကားလဲ၊ ဘာရောင်လဲဆိုတာတော့ ဘယ်မှတ်မိနိုင်မှာလဲ"

"မဟုတ်ဘူးလေ။ ခင်ဗျားက မူးနေရင် သတိပိုကောင်းတဲ့သူပဲ မဟုတ်လား"

"ဟာ.. ရှေ့နေကြီးက ရယ်စရာလျှောက်ပြောတယ်။ မူးနေမှတော့ ဘယ်မှာသတိကောင်းတော့မှာလဲဗျ"

"ခင်ဗျားက ကားလမ်းပေါ်မှာ ယိုင်ထိုးလျှောက်လာတော့ ကား မောင်းတဲ့လူက ခေါင်းပြူပြီး ခင်ဗျားကိုဆဲတယ်မဟုတ်လား"

"ဆဲတာမဟုတ်ဘူး။ တောင်းပန်တာ။ အစ်ကိုကြီးရယ်.. လမ်းဘေး ကို နည်းနည်းကပ်ပေးပါတဲ့"

"ထားပါ..။ အဲဒီလို ခင်ဗျားကို ဆဲ.. အဲ.. ခင်ဗျားပြောသလို ခင်ဗျားကို တောင်းပန်တဲ့သူကို ခင်ဗျားသေသေချာချာတွေ့လိုက်တယ်မဟုတ် လား"

"တွေ့တာပေါ့"

"သူက ဆံပင်ရှည်ရှည်၊ အသားဖြူဖြူ၊ အသက်က နှစ်ဆယ်ကျော် လောက်။ မျက်နှာက နေတိုးနဲ့ခပ်ဆင်ဆင်။ ဟုတ်တယ်မဟုတ်လား"

"ကျွန်တော်ကတော့ နေတိုးကိုကြိုက်လို့လား မသိဘူး။ မူးနေရင် အားလုံးကို နေတိုးလို့မြင်တာပဲ။ အခုတောင် မမူးသေးလို့။ မူးနေရင် ရှေ့နေ ကြီးကိုတောင် နေတိုးလို့ပြောမှာ"

"ကိုတင်ဦး.. တရားခွင်ကို အရက်ဆိုင်မှာ စကားပြောသလို မထေမဲ့ မြင်မလုပ်ပါနဲ့။ မေးတာကိုပဲ တိုတိုနဲ့ တိတိကျကျဖြေပေးပါ။ ခင်ဗျားတွေ့လိုက် တဲ့ကားပေါ်က ခင်ဗျားကိုခေါင်းပြူပြီးဆဲသွားတဲ့လူငယ်ဟာ ဟောဟိုကထိုင် နေတဲ့လူငယ် မဟုတ်လား"

တရားလိုအကျိုးဆောင်ရှေ့နေကြီးက ရဲကောင်းမြတ်ကို ညွှန်ပြသည်။

ကိုတင်ဦးက လှမ်းကြည့်ပြီး ခေါင်းခါ၏။

"မဟုတ်ဘူး.. သူမဟုတ်ဘူး.. သူ လုံးဝမဟုတ်ဘူး"

❦ ❦ ❦ ❦ ❦



"ဝုန်း"

ရဲအုပ်အောင်မင်းက ကိုင်လာသောဖိုင်တွဲကို စားပွဲပေါ်သို့ ပစ်ချလိုက် သည်။ ပြီးတော့ စိတ်ပျက်လက်ပျက်နှင့် ထိုင်ခုံမှာ ဝင်ထိုင်သည်။ လေပူကြီး တစ်ချက် လေးတွဲ့စွာမှုတ်ထုတ်သည်။ ခေါင်းတွေကို တယမ်းယမ်းလုပ်လျက် သက်ပြင်းကိုပြန်ရှိုက်သည်။

"ဆရာ.."

ဒုရဲအုပ်ဖြိုးကြီးက အနားကိုကပ်လာ၏။

ရဲအုပ်အောင်မင်း မထူးနိုင်။ ခေါင်းမှဆံပင်များကြားသို့ လက်ချောင်း များကိုထိုးသွင်းကာ ခပ်ကြမ်းကြမ်းဖွထုတ်ပစ်လိုက်သည်။

"ဒီနေ့ တရားခွင်မှာ အခြေအနေမကောင်းဘူးဆို"

ရဲအုပ်အောင်မင်း လေးပင်စွာခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ် ဖြိုးကြီး"

"ဘယ်လိုဖြစ်လို့လဲ ဆရာ"

"ဘယ်လိုဖြစ်တယ်ဆိုတာ ငါဘယ်လိုပြောရမှန်းကို မသိတော့ဘူး။ ငါတင်ပြထားတဲ့ တရားလိုသက်သေတွေက ဒီမှာတုန်းကတော့ ကောင်းတိ

ကောင်းလျက်နဲ့ အသေအချာထွက်ဆိုထားခဲ့ပြီးတော့ ဒီနေ့ တရားခွင်လည်း ရောက်ရော မသိပါဘူး၊ သူတို့တွေ့တာ ရဲကောင်းမြတ်မဟုတ်ပါဘူးချည်း ဘူးခဲ့ငြင်းကုန်ကြတယ်။ သုံးယောက်လုံး လုံးဝ ပြောင်းပြန်တွေ ထွက်ဆိုကုန်ကြတယ်''

ဒုရဲအုပ်ဖြိုးကြီး တွေသွားသည်။

''အဲဒါ ထူးခြားချက်ပဲ ဆရာ။ သက်သေအားလုံးက ဘူးကွယ်ထွက်ဆိုကြတာ သဘာဝမကျဘူး။ ဒါ.. အကြောင်းတစ်ခုခုရှိလိုပဲ''

''မှန်တာပေါ့။ ငါလည်း အဲဒီလိုတွေးမိတယ်။ ငါတွေးမိတာက သူတို့ကို ဦးကျော်မြတ်က ကြိုးကိုင်လိုက်တာပဲ''

''ဘယ်လိုကြိုးကိုင်တာလဲ ဆရာ''

''ငွေပေးပြီးစည်းရုံးတဲ့နည်းနဲ့ ကြိုးကိုင်တာ၊ ဒါမှမဟုတ် ခြိမ်းခြောက်တာ၊ ဒါမှမဟုတ် ငွေလည်းပေး၊ ခြိမ်းလည်းခြိမ်းခြောက်တာမျိုးပေါ့''

''ဖြစ်နိုင်တယ်ဆရာ။ ဒီလူကြီးက ငွေကို ရေလိုသုံးနိုင်တဲ့လူ။ ပြီးတော့ နယ်ပယ်စုံ ဩဇာကြီးတဲ့လူ။ သူ့မှာ လူဆိုးလူမိုက်တပည့်တွေ ရှိချင်ရှိနေမှာ''

ရဲအုပ်အောင်မင်း အားမလိုအားမရဖြင့် စားပွဲကို လက်ဝါးဖြင့်ဖျန်းခနဲပုတ်ကာ နေရာမှလည်း ဝုန်းခနဲထရပ်သည်။

''ငါ လောကြီးသွားသလိုပဲ ဖြိုးကြီးရာ။ ငါက ပိုင်ပြီးဆိုပြီး လုပ်လိုက်တာ။ သူတို့က တစ်ကွက်ကျော်သွားပြီ''

''ဟာ.. ဆရာရယ်။ ဒီလူကြီးက 'သေနင်္ကျမ်းတဲ့ကျား' ဆရာရဲ့။ တော်ရုံမုဆိုးဆို ကိုက်သတ်နေကျလို့ စခန်းမှူးက မနက်ကတင် ပြောနေသေးတယ်''

ရဲအုပ်အောင်မင်းက ဆောက်တည်ရာမရသလို စားပွဲပေါ်ရှိ ဖိုင်များကို တိုလှန်သည်လှန်၊ ဟိုရွေ့သည်ရွေ့လုပ်ရင်း..

''ဒီလိုအမှုမျိုးက မျက်မြင်သက်သေမရှိနိုင်တာ မင်းအသိပဲ ဖြိုးကြီးရ။ ဒါကြောင့် ကာယကံရှင်မိန်းကလေးရဲ့ ထွက်ဆိုချက်ကို ပဓာနပြုကြရတာ။ အခု မာလာက ဘာမှလည်းမမှတ်မိ၊ ဘာမှလည်းမပြောနိုင် ဖြစ်နေတာမို့ ငါတို့မှာ စကားတည်းက အားပျော့နေခဲ့တာ''

''အဲဒါ ကျွန်တော်သိတယ် ဆရာ''

''နောက်တစ်ခု ငါ့မှာ ကံမကောင်းတာက.. အဲ.. ဟိုကောင် ကံကောင်းနေတဲ့အချက်က မာလာရဲ့ထဘီမှာ ဟိုကောင်ရဲ့ အမွေးအမျှင်တွေ





ဘာတွေ မတွေ့ရခြင်းပဲ။ တချို့ကိစ္စတွေမှာ ငါတို့က လူသက်သေမရပေမယ့် သက်မဲ့သက်သေနဲ့ အမှုတည်ဆောက်နိုင်တယ်။ မင်းမှတ်မိလား။ မြကန်သာအိမ်နာက မုဒိမ်းကျင့် လူသတ်မှု..''

ဒုရဲအုပ်ဖြိုးကြီးက စဉ်းစားပြီး..

''မှတ်မိတယ် ဆရာ''

ဟု ဖြေသည်။

''အဲဒီအမှုမှာတုန်းက မိန်းကလေးဟာ အခုလိုပဲ အဝမ္မပြုကျင့်ပြီး အသတ်ခံရတာ။ မိန်းကလေးက မာလာ့လိုပဲ ကျောင်းသူလေးလေ။ နေသိပ်မကောင်းလို့ ဆေးသောက်ပြီး အိပ်နေတာ။ မိခင်က အပြင်သွားစရာရှိလို့ အိမ်ခန်းကို အပြင်ကနေ သော့ခတ်ပြီး သွားတယ်။ ဒီအချိန်မှာ နောက်ဖေးအပို်က်သွန်ချတဲ့အပေါက်ကနေ တရားခံက တက်လာတယ်။ ရည်ရွယ်ချက်က မစွဉ်းဝိုးဖို့ပဲ။ ဒါပေမဲ့ အိပ်ခန်းထဲမှာ ပိုးလိုးပက်လက်အိပ်ပျော်နေတဲ့ မိန်းကလေးကိုမြင်တော့ လမ်းကြောင်းပြောင်းသွားတယ်။ ဒါနဲ့ ကောင်မလေးကို မုဒိမ်းကျင့်တယ်။ ပြီးတော့ လူသိမှို့ အမှုပေါ်မှာစိုးတာနဲ့ ကြိုးနဲ့တုပ်ပြီး ရေချိုးခန်းထဲက ရေကန်မှာ ရေနှစ်သတ်ခဲ့တယ်။ အဲဒီအမှုမှာ တရားလို ကာယကံရှင်မိန်းကလေး မရှိတော့ပေမယ့် အိပ်ရာထဲကတွေ့ရတဲ့ အမွေးအမျှင်တွေကို ငါတို့ ရခဲ့တယ်။ အဲဒါနဲ့ တရားခံရဲ့အမွေးအမျှင်တွေနဲ့ တိုက်ဆိုင်စစ်ဆေးတဲ့အခါ တရားခံ ငြင်းမရတော့ဘူး။ ပြီးတော့ တရားခံရဲ့ကိုယ်ပေါ်က ဒဏ်ရာတွေ..။ သေသူမိန်းကလေးက ကြောက်ကြောက်လန့်လန့် ရုန်းကန်ရင်း ကုတ်ခြစ်လို့ လက်သည်းထဲမှာရှိနေတဲ့ အသားစတွေနဲ့ တရားခံရဲ့ အသားစနဲ့ကို ဓာတုဗေဒစစ်ဆေးကြည့်ပြီး သက်သေထူနိုင်တယ်။ ဒါကြောင့် တရားခံကို အပြစ်ပေးနိုင်ခဲ့တာပဲ''

''အခုအမှုမှာ အဲဒါတွေမှ မရတာ ဆရာရဲ့''

''ဟုတ်တယ်လေ။ မိန်းကလေးဟာ မေ့ဆေးကြောင့် အိပ်ပျော်နေတုန်း အဝမ္မပြုကျင့်ခံရတာမို့ ရုန်းကန်ကုတ်ခြစ်မှုမရှိခဲ့ဘူး။ ဒါကြောင့် တရားခံရဲ့ကိုယ်မှာ ဒဏ်ရာ၊ ကုတ်ရာခြစ်ရာ မတွေ့ရဘူး။ မိန်းကလေးရဲ့ လက်သည်းထဲမှာလည်း ဘာမှမတွေ့ရဘူး။ စောစောကပြောသလို မိန်းကလေးရဲ့ ထဘီ၊ အင်္ကျီတွေမှာ တရားခံရဲ့ အမွေးအမျှင်တွေ ဘာမှမတွေ့ရဘူး''

''ဆရာဝန်ကြီးရဲ့ ဆေးစာကို ဆရာတင်ပြတယ်မဟုတ်လား။ အဲဒါကလည်း အရေးပါတာပဲဟာ''

''တင်ပြတာပေါ့။ ဆေးစာမှာ မိန်းကလေးဟာ အဝမ္မပြုကျင့်ခြင်းခံရကြောင်း ဖော်ပြတယ်။ မိန်းကလေးရဲ့ အပျိုရည်မျှေး စုတ်ပြဲပြီး အင်္ဂါမှာ ပွန်းပဲ့ဒဏ်ရာတွေတွေ့ရကြောင်း အတိအကျဖော်ပြတယ်။ ဒါ့အပြင် မိန်းကလေးရဲ့ မိန်းမကိုယ်ထဲက သုက်ရည်၊ ထဘီမှာတွေ့ရတဲ့ သုက်ရည်ကို DNA စစ် တာ့ အိုသွေးဆိုတာ သိရတယ်။ ရဲကောင်းမြတ်ကလည်း အိုသွေးပဲ။ ဒီအချက်တွေက ရဲကောင်းမြတ်ကို ကြိုးကွင်းစွပ်နိုင်ပြီလို့ ငါယူဆခဲ့တာ။ ခု တော့..''

''ပွဲကတော့ မပြီးသေးပါဘူး ဆရာ။ သက်သေတွေကို နူတ်ပိတ်နေစေပေမယ့် တရားသူကြီးက ဖြစ်စဉ်ကို ယထာဘူတကျကျစဉ်းစားရင် အဖြေက ဆက်စပ်ပြီး ပေါ်လာမှာပါ''

ရဲအုပ်အောင်မင်း ခေါင်းယမ်းသည်။

''ငါထင်တယ်။ ဦးကျော်မြတ်က အဲဒါကိုလည်း တွေးမိပြီးသားပဲ။ သူအဓိကနူတ်ပိတ်မှာက သက်သေတင်ဘယ်ကမလဲကွာ။ မင်းကလည်း..''

❦ ❦ ❦ ❦ ❦



''တရားသူကြီးခင်ဗျား..။

ဒီအမှုဟာ ခုတ်ရာတခြား။ ရှရာတလွဲဖြစ်နေတယ်ဆိုတာ ထင်းထင်းကြီးပေါ်လွင်နေပါတယ်။ ကျွန်တော့်ရဲ့အမှုသည်ဟာ မတရားစွပ်စွဲခံနေရကြောင်းလည်း ထင်ရှားနေပါတယ်။

တရားလိုဖြစ်တဲ့မိန်းကလေး မာလာဟာ အဝမ္မပြုကျင့်ခံရကြောင်းနဲ့ ဦးခေါင်းမှာ ပြင်းထန်စွာရိုက်နှက်ခံရကြောင်း မှန်ကန်တယ်လို့ ကျွန်တော်လည်း သုံးသပ်ပါတယ်။ ဆရာဝန်ကြီးရဲ့ ဆေးစာအရနဲ့ မိန်းကလေးရဲ့ လက်ရှိကျန်းမာရေးအနေအထားတွေအရ ဒီအချက်ကို မှန်ကန်ကြောင်း လက်ခံနိုင်ပါတယ်။

ဒါပေမဲ့ အဲဒီမိန်းကလေးကို မတရားပြုကျင့်ပြီး ရိုက်နှက်ခဲ့တဲ့ ယုတ်မာဖက်စက်သူ တရားခံဟာ ကျွန်တော့်ရဲ့အမှုသည်နဲ့ ဘာမှမဆက်ဆိုင်ကြောင်း ကျွန်တော်တင်ပြလိုပါတယ်။

ကျွန်တော့်အမှုသည် မောင်ရဲကောင်းမြတ်ဟာ ကမ္ဘာကျော်ကုမ္ပဏီဖြစ်ရှင် ဦးကျော်မြတ်ရဲ့ တစ်ဦးတည်းသောသား ဖြစ်ပါတယ်။ ဦးကျော်မြတ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတာကို မြန်မာပြည်တစ်နံတစ်လျား သိကြပါတယ်။ ဂုဏ်သရေရှိ၊ အလှူဒါနရက်ရောပြီး လူမှုလုပ်ငန်းတွေမှာ တက်ကြွစွာပါဝင်တဲ့

လူမှုထူးချွန်ဆုရ ပုဂ္ဂိုလ်ကြီးပါ။ သူ့ရဲ့သားဖြစ်တဲ့ မောင်ရဲကောင်းမြတ်ဟာလည်း လူငယ်သဘာဝနဲ့အညီ နေထိုင်ပေမယ့် မိကောင်းဖခင်ရဲ့သားပီပီ ကြင်နာကရုဏာကြီးပြီး ယဉ်ကျေးသိမ်မွေ့တဲ့သူတစ်ဦးပါ။ နွမ်းပါးတဲ့သူငယ်ချင်းတွေကို ပညာရေးထောက်ပံ့မှုတွေ ပေးနေတဲ့ လူငယ်လေးပါ။

အခုတော့ မောင်ရဲကောင်းမြတ်ဟာ အထင်နဲ့ စွပ်စွဲခံနေရပါတယ်။ မောင်ရဲကောင်းမြတ်ဟာ မာလာကို မြတ်နိုးမှုရှိခဲ့တာ မှန်ပါတယ်။ မာလာက လက်ခံရင် လက်ထပ်ယူဖို့ ချစ်ခွင့်ပန်ခဲ့တာလည်း အမှန်ပဲဖြစ်ပါတယ်။ ဒါကို ထောက်ရင် တရားသူကြီးမင်း ချင့်ချိန်ကြည့်လို့ ရနိုင်ပါလိမ့်မယ်။ အဘယ်သူဟာ ကိုယ်ချစ်တဲ့၊ ကိုယ်မြတ်နိုးတဲ့ မိန်းကလေးကို ရက်ရက်စက်စက်၊ ယုတ်ယုတ်မာမာ ပြုပါ့မလဲ။ အချစ်ဆိုတာ အင်မတန်နူးညံ့သိမ်မွေ့တဲ့အရာဖြစ်ပြီး ပေးဆပ်ဖို့ကိုပဲ ရှေ့တန်းတင်တဲ့ ခံစားမှုမျိုးဆိုတာ နှလုံးသားရှိတဲ့ တရားသူကြီးမင်းရော၊ ကြွရောက်လာကြတဲ့ တရားခွင်ရှိ ပုဂ္ဂိုလ်အားလုံး လက်ခံကြမှာပါ။

တရားသူကြီးမင်းခင်ဗျား..။

တရားလိုဘက်က တင်ပြခဲ့တဲ့ တရားလိုပြသက်သေ (၁) ဖြစ်တဲ့ မောင်သူရကလည်း ယမုံစားသောက်ဆိုင်မှာ မောင်ရဲကောင်းမြတ်နဲ့ သူ့သူငယ်ချင်းတစ်ဦးတို့ စကားပြောတဲ့အကြောင်းနဲ့ပတ်သက်ပြီး ထုတ်ဖော်အစစ်ဆေးခံခဲ့ရာမှာ တရားသူကြီးမင်းသိပြီးဖြစ်တဲ့အတိုင်း မာလာ့ကို မတော်မတရားကြီစည်ဖို့အကြောင်း မပါခဲ့တာ လယ်ပြင် ဆင်သွားသလို ထင်ရှားပြီးဖြစ်ပါတယ်။

တစ်ခါ တရားလိုပြသက်သေ (၂) ဖြစ်တဲ့ မသန်းမူဟာလည်း အခင်းဖြစ်တဲ့ညနေခင်း မိုးချုပ်စမှာ အိမ်အပြန် မာလာ့ကို လူတစ်ယောက်ကဆွဲပြီး ကားပေါ်တင်သွားတာကို မြင်လိုက်ရတယ်လို့ ထွက်ဆိုခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီလူငယ်ဟာ မောင်ရဲကောင်းမြတ်မဟုတ်ကြောင်းနဲ့ ကားဟာလည်း မောင်ရဲကောင်းမြတ်စီးတဲ့ ပါဂျဲရိုးကားမီးခိုးရောင် မဟုတ်ကြောင်း ထုတ်ဖော်ထွက်ဆိုခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် မာလာ့ကိုဆွဲခေါ်ပြီး ကားပေါ်တင်ခေါ်သွားသူဟာ ကျွန်တော့်ရဲ့အမှုသည် မောင်ရဲကောင်းမြတ်မဟုတ်ကြောင်း၊ တခြားတစ်ဦးသာ ဖြစ်ကြောင်း သေချာခိုင်မာနေပါတယ်။

ထို့အတူပဲ အခင်းဖြစ်ညက မာလာရဲ့ခန္ဓာကိုယ်ကို တွေ့ရှိရာ ခြံဝန်းကျယ်တွေဘက်က လာတဲ့ကားကို တွေ့လိုက်တယ်ဆိုတဲ့ တရားလိုပြသက်သေ (၃) ကိုတင်ဦးရဲ့ ထွက်ဆိုချက်မှာလည်း ကားဟာ ပါဂျဲရိုးမဟုတ်သလို ကားမောင်းသူဟာလည်း ကျွန်တော့်ရဲ့အမှုသည် မောင်ရဲကောင်းမြတ်မဟုတ်ကြောင်း





ပါဝင်ခဲ့တာမို့ ကျွန်တော့်ရဲ့အမှုသည် မောင်ရဲကောင်းမြတ်ဟာ စွဲချက်နဲ့ကင်းလွတ်နေတယ်ဆိုတာ ထင်ရှားပေါ်လွင်လှပါတယ်။

တကယ်တော့ အခင်းဖြစ်တဲ့နေ့ (..၊..၊ ၂၀၀၇) အင်္ဂါနေ့ညနေက မောင်ရဲကောင်းမြတ်ဟာ သူငယ်ချင်းက ဘီယာတိုက်ခိုင်းလို့ ယမုံစားသောက်ဆိုင်မှာ သူငယ်ချင်းကို ဘီယာတိုက်ပြီး အပြန်မှာ ဖခင်ဖြစ်သူ ဦးကျော်မြတ်က သူ့ရဲ့လုပ်ငန်းပါတနာမိတ်ဆွေတွေကို Queen ဟိုတယ်မှာ ငည့်ခံပွဲရှိနေလို့ လာခဲ့ဖို့ ဖုန်းနဲ့လှမ်းခေါ်တာနဲ့ မောင်ရဲကောင်းမြတ်ဟာ သူငယ်ချင်းကို အိမ်ပို့ပြီး Queen ဟိုတယ်ကို သွားခဲ့ပါတယ်။ အဲဒီဟိုတယ်မှာ ဦးကျော်မြတ်က သူ့ရဲ့ပါတနာမိတ်ဆွေများဖြစ်တဲ့ Gol-den Arrow ကုမ္ပဏီပိုင်ရှင် ဦးသူရိယနဲ့ Top ကုမ္ပဏီပိုင်ရှင် ဦးဇာဂရတို့နဲ့ သားဖြစ်သူ မောင်ရဲကောင်းမြတ်ကို မိတ်ဆက်ပေးပြီး နောက်ပိုင်းလုပ်ငန်းကိစ္စတချို့မှာ မောင်ရဲကောင်းမြတ်က ဆက်ခံဆောင်ရွက်မှာဖြစ်ကြောင်း အသိပေးခဲ့ပါတယ်။ ဒီပွဲမှာ မောင်ရဲကောင်းမြတ်ဟာ ညနေ (၆) နာရီခွဲကနေ ည (၁၀) နာရီထိ ရှိနေခဲ့ပြီး ပွဲအပြီးမှာ ဖခင်ဦးကျော်မြတ်နဲ့အတူ အိမ်ကိုပြန်ခဲ့တာဖြစ်ပါတယ်။ ဒါကိုလည်း တရားခံပြသက်အဖြစ်နဲ့ ဦးသူရိယနဲ့ဦးဇာဂရတို့ကို တရားရုံးမှာ တင်ပြပြီး စစ်ဆေးခံခဲ့တာ တရားသူကြီးကိုယ်တိုင် တွေ့မြင်ပြီးဖြစ်ပါတယ်။

ဒါကြောင့် အခင်းဖြစ်တဲ့အချိန်က မောင်ရဲကောင်းမြတ်ဟာ ဖခင်နဲ့အတူ လူကြီးလူကောင်း ကုမ္ပဏီပိုင်ရှင်များနဲ့ လုပ်ငန်းကိစ္စဆွေးနွေးပွဲမှာ ရှိနေခဲ့တဲ့အတွက် မိန်းကလေးမာလာ အဓမ္မပြုကျင့်ခံရပြီး ရိုက်နှက်ခံရတဲ့အမှုကိစ္စဟာ မောင်ရဲကောင်းမြတ်နဲ့ လုံးဝ (လုံးဝ) ပတ်သက်ဆက်နွယ်ခြင်းမရှိကြောင်း အထင်အရှားပေါ်လွင်နေပါတယ်။

တရားသူကြီးမင်းခင်ဗျား..။

တရားလိုဖြစ်တဲ့ မိန်းကလေး မာလာဟာ မတရားပြုကျင့်ခံရပြီး ပြင်းထန်စွာအရိုက်အနှက်ခံခဲ့ရတာဟာ အမှန်ဖြစ်ပေမယ့် အဲဒီအမှုကိစ္စကို ပြုမှုကျူးလွန်သူပါလို့ တရားရုံးမှာ တင်ပြစွပ်စွဲခံရတဲ့ ကျွန်တော့်ရဲ့အမှုသည် မောင်ရဲကောင်းမြတ်ဟာ အစမှာတင်ပြခဲ့သလို တလွဲဖြစ်နေတာကြောင့် ခုတ်ရာတခြား၊ ရှုရာတလွဲ ဖြစ်ကြောင်းကို စစ်ဆေးခဲ့ပြီးသော သက်သေများ၊ တင်ပြချက်များက ခိုင်မာတိကျစွာ ဖော်ပြနေပါတယ်။ ဒါကြောင့် မတရားပြုကျင့်မှု ပုဒ်မ (၃၇၆) နဲ့ ပြင်းထန်စွာနာကျင်စေမှု ပုဒ်မ (၃၂၄/၃၂၆) အရ စွပ်စွဲခံနေရတဲ့ ကျွန်တော့်ရဲ့အမှုသည် မောင်ရဲကောင်းမြတ်ဟာ အပြစ်လုံးဝမရှိတဲ့အတွက်

အမှုမှ တရားသေ ကွင်းလုံးကျွတ် လွတ်သင့်ပါကြောင်း လေးစားရိုသေစွာ တင်ပြလျှောက်ထားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား''

တရားခံအကျိုးဆောင်ရွေ့နေကြီး ပြန်ထိုင်သွားသည်။

တရားခံခုံမှ အပြုံးမဲ့မဲ့ဖြင့်ရှိနေသော ရဲကောင်းမြတ်နှင့် ညီပရိသတ်ထဲမှ ဝင့်ဝင့်ကြွားကြွား၊ မျက်နှာတင်းတင်းရှိနေသော ဦးကျော်မြတ်။ မျက်နှာညိုရာမှ အိုစာသွားကာ ရင်၌ ပြင်းစွာထိရှသွားသည့် ဦးထွေး။

သူတို့ကား ဆန့်ကျင်ဘက်အနေအထား ခံစားမှုများဖြင့်..။

တရားသူကြီးက နောက်တစ်ပတ်တွင် စီရင်ချက်အမိန့်ချမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ယင်းတို့ကို တရားခွင်နောက်ဘက် အခန်းဝမှနေ၍ အစမှအဆုံး ကြည့်ရှုနားထောင်ကာ ဘဝင်မကျဖြစ်နေသောသူတစ်ဦး ရှိနေသည်။

ထိုသူမှာ မိန်းကလေးတစ်ဦးဖြစ်၏။

ထိုထက်အတိအကျဆိုရသော်..

ရွေ့နေမကလေးတစ်ဦး ဖြစ်၏။

ယင်းတို့ထက် ပို၍တိကျခိုင်မာစွာ ဆိုရပါလျှင်..

အမှန်တရားအတွက်မွေးဖွားလာကာ မတရားမှုမှန်သမျှကို ကရုဏာသံမထိန်လုံးသားဖြင့် အပြတ်အသတ်ချေမှုန်းတိုက်ခိုက်ပြီး အဖိနှိပ်ခံလူတန်းစားဘက်မှ ရဲရဲဝံ့ဝံ့ရှေ့ဆောင်နေသော လောကပါလသတို့သမီးကလေး မေစံရှားပင် ဖြစ်လေသည်။

❦ ❦ ❦ ❦ ❦

# အပိုင်း(၂)

# ၂၇

"ဒါဆိုရင် ဒီအမှုက အမှုမှန်က ရှုံးနိမ့်သွားရမယ့်အနေအထားမှာ ရှိနေတယ်ပေါ့။ ဟုတ်လား ရှား"

အယ်ဒီတာ စာရေးဆရာကိုနေသော်က လောကဇာတ်ခုံထဲမှ တစ်ဖက်စောင်းနင်းဖြစ်ရပ်များကိုမြင်တိုင်း အသည်းနှလုံးက ဆတ်ဆတ်တုန်တတ်သည့် သူ့ချစ်သူရှေ့နေမလေး၏မျက်နှာကို တစူးတစိုက်ကြည့်ကာ မေးလိုက်သည်။

ရှေ့နေမလေး မေစံရှားမှာ ငယ်ရွယ်နုပျိုသလောက် ထက်မြက်ထူသော ရှေ့နေမလေးတစ်ဦးဖြစ်ပြီး တရားဥပဒေလောက၌ တစ်ဟုန်ထိုး ထွင်းဖောက်နာမည်ကျော်လာသူဖြစ်သည်။

မေစံရှားထင်ပေါ်ကျော်ကြားရသည်မှာ အလှကြောင့် မဟုတ်ပါ။ မေစံရှားသည် ဝါရည်သွေး နုညက်ညက်အသားအရေ၊ ကျစ်လျစ်သွယ်လျမ်လက်ရာမြောက်ပန်းပုရုပ်တုလေးလို အချိုးအဆစ်ကျနသောခန္ဓာကိုယ်၊ ရှည်လျားနက်မှောင်သော ဆံပင်ရှည်၊ တောက်ပစူးရှသော၊ အရာရာကိုထွင်းဖောက်မြင်နိုင်စွမ်းရှိသည့် စိန်ပွင့်များနှင့်ပမာညီသော မျက်လုံးများ၊ ပိရိသေသပ်လှပမှ်ကောင်းမြတ်မှန်ကန်သောစကားများသာ ဆိုတတ်သည့် နှုတ်ခမ်းလွှာတို့က





သူမ၏အပြင်ဗဟိဒ္ဓအလှဖြစ်၏။

သို့သော် ထိုဗဟိဒ္ဓအလှကြောင့် မေစံရှားကို အများသူငါချစ်ကြသည် မဟုတ်။

သူမ၏ ဖြူစင်ရှင်းသန့်သော စိတ်စေတနာကြောင့် ချစ်ကြခြင်းဖြစ်သည်။

သူမ၏ ရဲရဲတောက်ခံယူချက်ကြောင့် ချစ်ကြခြင်းဖြစ်သည်။

သူမ၏ နူးညံ့ပျော့ပျောင်းသော မေတ္တာ၊ ကရုဏာနှင့် မုဒိတာတရားတို့ ပြည့်ဝသည့်နှလုံးသားကြောင့် ချစ်ကြခြင်းဖြစ်သည်။

သူမ၏ သူမတူအောင်ထူးချွန်ထက်မြက်သည့် ပင်ကိုပါရမီနှင့် စွမ်းရည်ကြောင့် ချစ်ကြခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် သူမ၏ ဖိတ်ဖိတ်တောက်သော အဇ္ဈတ္တအလှတရားတို့ကြောင့် အများသူငါတို့ ချစ်ကြ၊ ခင်ကြ၊ မြတ်နိုးကြ၊ လေးစားကြ၊ ကြည်ညိုကြခြင်း ဖြစ်ပေသည်။

"မှန်တယ်ကိုကို၊ ရှားလေ့လာကြည့်ပြီးသလောက်ပြောရရင် ငွေကြေး၊ အသိုင်းအဝန်း၊ အရှိန်အဝါ၊ ညြဇာတွေက ဒီအမှုကို အမှန်ကနေ အမှားဖြစ်အောင် ပြောင်းလဲပစ်လိုက်တာပဲ၊ တရားခွင်မှာ ဒီအမှုဟာ မှန်ကန်နေပါလျက်နဲ့ မရှုမလှအရေးနိမ့်သွားဖို့ သေချာနေပြီ ကိုကို"

ကြည်လင်မြဲ မေစံရှား၏မျက်နှာတွင် ခံစားရသော စာနာမှုတရားကြောင့် အုံ့မှိုင်းညို့ပျလျက်ရှိပြီး တောက်ပမြဲမျက်လုံးကလေးတွေ မှိန်ဖျော့နေ၏။ အားလုံးအပေါ် ပေးအပ်မြဲဖြစ်သော သူမ၏ ခွန်အားပြည့်နူးညံ့သိမ်မွေ့သော အပြုံးကလေးသည်ပင် ယခုအချိန်၌ ပျောက်ဆုံးနေ၏။

ပင့်သက်မျှဉ်းမျှဉ်းရှိက်လိုက်သည်ကို ကိုနေသော်သတိပြုမိသည်။

ချစ်သူအပေါ် နားလည်မှုရှိသော နှစ်ကိုယ့်တစ်စိတ်ဟုဆိုနိုင်သည့် ကိုနေသော်က မေစံရှား၏အရိပ်အကဲကို ဆံခြည်မလပ်ကြည့်ပြီး ခံစားမှုများ ကူးယှက်လက်ခံကာ..

"ကိုကိုလည်း စိတ်ဝင်စားတယ်။ ကိုကို့ကို အသေးစိတ် ပြန်ပြောပါဦး၊ ကိုကိုလည်း ချိန်ထိုးဝေဖန်ပေးရတာပေါ့"

ဟု ပြောလိုက်သည်။

အအေးခန်းထဲမှာ ကော်ဖီပန်းကန်တွေ ကိုယ်စီရှေ့ချလျက် မသောက်နိုင်ဘဲ အတွေးတွေ၊ အငေးတွေနှင့် သူတို့နှစ်ဦးရှိနေကြ၏။ မေစံရှားသည်

ကော်ဖီပန်းကန်လေးကိုမျှ မကြည့်မိဘဲ မှန်ချပ်ကြီးကိုဖြတ်ကာ လမ်းမပေါ်မှ ဥဒဟိုဖြတ်သန်းနေကြသောလူတို့ကို ငေးကြည့်နေရင်းမှ..

"မိန်းကလေးမို့ ရှား မာလာ့ကို ကိုယ်ချင်းစာမိတယ်လို့ပြောရင် မလုံလောက်သေးဘူး။ ဒီကလေးမလေးအဖြစ်က သိပ်ကိုဆိုးဝါးတာ။ သိပ်ကို ရင်နာစရာကောင်းတာ ကိုကို။ လူယုတ်မာရဲ့ မတရားအဓမ္မပြုကျင့်ခြင်းကို ခံရတယ်။ ကြည့်ရတာ အဲဒီလူက မာလာကျူရှင်ကအပြန်မှာ မေ့ဆေးနဲ့အုပ်ပြီး ကားနဲ့ခေါ်သွားတယ်။ တစ်နေရာရာမှာ သတိမေ့နေတဲ့ မာလာ့ကို မတရားစော်ကားတယ်။ ပြီးတော့ မာလာ့က သူ့ကိုဖော်မှာစိုးလို့ မာလာ့ကို အပြတ်ရှင်းတဲ့ အနေနဲ့ ခေါင်းကို တစ်ခုခုနဲ့ထုရိုက်ပြီး သတ်တယ်။ သေပြီဆိုပြီး ကားနဲ့တင်၊ ချောင်ကျကျတစ်နေရာရာမှာ သွားပစ်တယ်။ ကံဖေးမလို့ မာလာဟာ မသေခဲ့ဘူး။ ဒါပေမဲ့ ဆေးရုံရောက်လို့ ခွဲစိတ်ကုသပြီး အသက်ကိုလုယူနိုင်ခဲ့ပေမယ့် ဦးနှောက်နဲ့အာရုံကြောကို ထိခိုက်ခဲ့လို့ အတိတ်ကိုမေ့၊ စကားမပြောနိုင်၊ လက်တွေခြေတွေကောင်းကောင်းမလှုပ်ရှားနိုင်တဲ့ ဒုက္ခိတမလေး ဖြစ်နေရပြီ"

"အို.. ဖြစ်မှဖြစ်ရလေ"

"သူ့အဖေကြီးကလည်း သနားစရာပဲ။ သူတို့က ဆွေမျိုးက မရှိ။ သားအဖနှစ်ဦးတည်း။ တစ်ဦးကိုတစ်ဦး အပြန်အလှန်မှီခိုပြီးနေကြတာ။ ဆင်းရဲတယ်။ ဒါပေမဲ့ သူတို့ဘဝက ဒီအဖြစ်ဆိုးကြီးမကြုံတွေ့မီအထိ ပျော်ရွှင်ချမ်းမြေ့စရာကမ္ဘာလေး ဖြစ်ခဲ့တယ်။ အခုတော့ ဒီပျော်ရွှင်ချမ်းမြေ့စရာကမ္ဘာလေး ပျက်စီးသွားပြီ။ ပျက်စီးသွားရုံ မကဘူး။ ဒုက္ခတွေ၊ မျက်ရည်တွေ၊ နာကျင်မှုတွေနဲ့ပြည့်နေတဲ့ ဘဝဆိုးကြီးဖြစ်သွားပြီ။ အင်မတန်ရိုးသားပြီး သမီးကို အသက်လောက်ချစ်တဲ့ ဖခင်ကြီးရဲ့အဖြစ်ကို မြင်ရတာလည်း မြင်ရသူရင်ထဲမှာ မချိစရာပါပဲ"

"မှန်တာပေါ့။ ကိုကိုတောင် ကြားရတာနဲ့တင် စိတ်ထိခိုက်မိတယ်"

"ရှားက ခရိုင်တရားရုံးမှာ ရှားအမှုတစ်ခုအတွက်သွားရင်း ဒီအမှုကို တွေ့တာ။ လေ့လာကြည့်တော့ အခုလိုအဖြစ်တွေ သိရတာပဲ။ ရှား ဆေးရုံကို တောင်ရောက်ပြီး မာလာကလေးကို ကြည့်ခဲ့ပြီးပြီ။ တစ်နေ့က တရားရုံးမှာ တရားခံရဲ့အကျိုးဆောင်ကြီးက လျှောက်လဲနေတာကို ရှား အစအဆုံးနားထောင်ခဲ့တယ်။ လွတ်မှာပါပဲ။ လွတ်သွားမှာပါပဲ ကိုကို"

"ဘယ်လိုကြောင့်လဲ ရှား"

"အမှုရဲ့ တရားလိုဖြစ်တဲ့ ကာယကံရှင်မိန်းကလေးက အတိတ်မေ့





နေပြီး စကားမပြောနိုင်လေတော့ တရားခံကို မဖော်ထုတ်နိုင်ဘူး။ ဒါက အမှုရဲ့ ပဓာနကံဆိုးချက်ပဲ။ အမှုလိုက်ရဲအရာရှိက သေသေချာချာစုံစမ်းစစ်ဆေးပြီး ရရှိတဲ့ ဆေးစာတွေ၊ သက်သေတွေနဲ့ အမှုကို တည်ဆောက်ပြီး တရားရုံးကိုတင်ခဲ့တာ မှန်ပေမယ့် တစ်ဖက်က ကျူးလွန်သူက နှယ်နှယ်ရရ မဟုတ်ပြန်ဘူး။ သိပ်ကိုအရှိန်အဝါကြီးမားသူရဲ့ မိသားစုဖြစ်နေတယ်။ ဒါက ဒုတိယအဓိကကျတဲ့ အချက်ပဲ။ သက်သေတွေက တရားရုံးလည်းရောက်ရော အဖြစ်မှန်တွေကို ဖုံးကွယ်ပြီး ထွက်ဆိုကုန်ကြရောလေ။ ဒီတော့ ဘယ်လိုမှ အမှုက မခိုင်မာတော့ဘူး။ တရားခံအကျိုးဆောင်ရှေ့နေကြီးဆိုတာက ဒီလို မှဒိမ်းမှုတွေလိုက်ရာမှာ နာမည်ကြီးတဲ့ ဦးမင်းထွေးနောင်လေ ကိုကိုရဲ့။ ဒီအမှုရဲ့ အားနည်းချက်တွေကို အသုံးချပြီး သူက အမှုကို လမ်းကြောင်းလွှဲပစ်တယ်"

"ဘယ်လိုလွှဲတာလဲ ရှား"

"ပြစ်မှုကျူးလွန်ခံရသူ မိန်းကလေးရဲ့အဖြစ်ကို မငြင်းဘူး။ ဒါပေမဲ့ သူ့အမှုသည် ကျူးလွန်တာ မဟုတ်ဘူးပေါ့။ တခြားတစ်ယောက် ဖြစ်မယ်ပေါ့။ သူ့အမှုသည်က အခင်းဖြစ်ချိန်မှာ လူကြီးလူကောင်းတွေနဲ့ ဘယ်မှာရှိနေပါတယ်ဆိုပြီး အလီဘိုင်ပြတယ်လေ"

ကိုနေသော် သက်ပြင်းချသည်။

"အမှုတွေမှာ ကိုကိုတွေ့နေရတာက သက်သေက အမှန်မထွက်ဆိုတာရယ်၊ မမှန်သက်သေတွေ ပေါ်လာတာရယ် အရမ်းအရုပ်ဆိုးတာပဲ။ တရားဥပဒေလမ်းကြောင်းကို သူတို့ဖျက်နေတာ"

မေစံရှားက ခေါင်းညိတ်သည်။

"ရှေ့နေဆိုတာကတော့ ကိုယ့်အမှုသည်နိုင်အောင် လုပ်ကြ၊ ကြိုးစားကြတာချည်းပဲပေါ့။ ဒါပေမဲ့ အဲဒီလိုကြိုးစားရာမှာ မသမာတဲ့နည်းတွေပါသုံးလာကြတာ စိတ်ပျက်စရာပါပဲ။ အထူးသဖြင့် ငွေကြေး၊ အရှိန်အဝါနဲ့ဖိပြီး လုပ်ကြတာမျိုးတွေလေ။ ရင်နာနာနဲ့ ဘေးကကြည့်နေရတဲ့အမှုတွေ အများကြီးပါပဲ ကိုကို"

"မာလာ့အမှုလည်း ဒီလိုပဲနေမှာပေါ့"

"ဟုတ်တယ် ကိုကို။ ရှားစိတ်ထဲမှာ အမှုက မရှုမလှရှုံးနိမ့်သွားပြီးရင် အဲဒီရဲ့ အကျိုးဆက်ဖြစ်တဲ့ နောက်ထပ်ဆိုးကျိုးတစ်ခု ပေါ်ပေါက်လာလိမ့်မယ်လို့ ကြိုသိနေတယ်။ ပြောရရင် တရားဥပဒေရဲ့အနှစ်သာရဟာ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးဆို့ဆိုတာနဲ့တင် မကုံလုံ၊ မလုံလောက်နိုင်ဘူး ကိုကို။ ပြစ်မှုမကျူးလွန်အောင်၊ ပြစ်မှုမဖြစ်

အောင် ကြိုတင်ကာကွယ်နိုင်ခြင်းကသာ အနှစ်သာရအစစ်အမှန်ပါ။ ရှားတော့ ဒီလိုပဲခံယူတယ်။ တရားဥပဒေက အားနည်းပျော့ညံ့သွားရင် အမှုတစ်ခုဟာ နိဂုံးချုပ်ပြီးသွားရမယ့်အစား နောက်ထပ်ပြစ်မှုတစ်ခုကို အစပျိုးပေးလိုက်သလို ဖြစ်သွားနိုင်တယ်။ ရှားစိုးရိမ်တာ အဲဒါပဲ''

''ဒါဆို ရှားဘာလုပ်မလဲ''

''လက်ရှိအနေအထားမှာတော့ ရှား ဘာမှပါဝင်လို့မရဘူး။ ဒါပေမဲ့ ဖြစ်လာမယ့်ရလဒ်အနေအထားပေါ်မူတည်ပြီး လိုအပ်တာ ရှား ဆက်ပြီးပါဝင်လှုပ်ရှားနိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ထားတယ်''

မေစံရှားက လေးလေးနက်နက်ဆိုသည်။

''ကိုကို ရှားဘက်မှာ ရှိတယ်နော်''

ကိုနေသော်က စားပွဲပေါ်တင်ထားသော မေစံရှား၏လက်ကလေးကို လှမ်း၍ဆုပ်ကိုင်ကာ အားဖြည့်စကားပြောသည်။

မေစံရှား ပြုံးလိုက်၏။

''ကျေးဇူးပဲကိုကို။ ရှား ပိုအားရှိသွားပြီ''

''ရှားအဖို့ ခက်ခဲမယ်၊ အကျပ်အတည်းတွေ့မယ်၊ ထွက်ပေါက်ပိတ်နေအောင် ရင်ဆိုင်ရမယ်ဆိုတာ ကိုကိုတွေးမိတယ်။ ဒါပေမဲ့ အားမွေးထားရှားရေ၊ ကိုကိုက ရှားကိုယ်မှားပဲ''

''တရားရုံးဆုံးဖြတ်ချက်ချတဲ့နေ့ ရှားသွားမယ်။ ကိုကိုလိုက်မလား''

''ဖဝါးခြေထပ်ပေါ့ ရှားရယ်''

ကိုနေသော်က အရယ်ကလေးစွက်၍ ပြောသည်။ ချစ်သူ၏ နွမ်းလျသောနှလုံးသားကို ရွှင်ပျစေဖို့ ကြိုးစားလိုက်ခြင်းပဲဖြစ်၏။

''ကဲ.. ကိုကို ကော်ဖီသောက်''

''အင်း.. ကော်ဖီပူက ကော်ဖီအေးဘဝ ပြောင်းသွားပြီထင်ပါရဲ့ ရှားရယ်''

❦ ❦ ❦ ❦ ❦

# ၂၈

သမီးကလေးမာလာ၏ ပါးစပ်ထဲသို့ ဦးထွေးက ထမင်းကို ဇွန်းဖြင့် ညင်သာယုယစွာ ခွဲ၍ကျွေးသည်။

သမီးကလေးက မငြင်းမဆန် ပါးစပ်ကို ဟ,ပေး၏။ သို့သော် ထမင်းကိုဝါးစားရာ၌မူ သမီးကလေးသည် ကလေးငယ်တစ်ဦးလို မသေမသပ်ဖြစ်နေသည်။ ထမင်းတချို့က ဝါးရင်း ပါးစပ်ထောင့်စွန်းမှ ပြန်ထွက်လာ၏။

ဦးထွေးက လက်သုတ်ပဝါဖြင့် သုတ်ပေးရသည်။

ရေခွက်ဖြင့် ရေတိုက်တော့လည်း ရေများက ပါးစပ်မှယိုစီးကျလာကာ မေးစေ့မှတစ်ဆင့် ရင်ဘတ်ပေါ်ထိ စီးကျကုန်သည်။

ဦးထွေးက သမီးကလေးကို စိတ်ရှည်စွာပြုစုနေရသော်လည်း ရင်ထဲ၌ မကောင်း။ သမီးကလေး၏အဖြစ်ကား ရှင်လျက်သေနေသူပမာ ဖြစ်နေသည်မှာ မချိအောင်ခံစားနေရ၏။

ဆရာဝန်ကြီးက ခွင့်မပြုသေး၍ ဆေးရုံမှ မဆင်းနိုင်သေး။

သည်ရက်များမှာ ဦးထွေးအဖို့ ပင်ပန်းလှသည်။ ပင်ပန်းသည်မှာ စိတ်ရော၊ လူရော ဖြစ်၏။

ဆေးရုံမှာ သမီးကလေးကို ပြုစုလိုက်၊ တရားရုံးကိုပြေးလိုက်၊ အလုပ်

ကို ပြေးလိုက်နှင့်။

ဦးထွေးအဖို့ တစ်ခုကံကောင်းသည်ကား စိတ်ထားလှကြသော ဘဝတူများ၏ ပံ့ပိုးကူညီမှုရခြင်းပင်။ ဦးထွေး တရားရုံးသွားလျှင် သို့မဟုတ် အလုပ်သွားလျှင် ခြေရင်းအိမ်မှ မလှမြင့်က သမီးကလေးကို စောင့်ပေးသည်။ သမီးကလေး၏သူငယ်ချင်း သီတာကလည်း ရံဖန်ရံခါ လာစောင့်သည်။

အလုပ်မှာကျပြန်တော့လည်း လုပ်ဖော်ကိုင်ဖက်များက ဦးထွေးကို နားလည်စွာဖြင့် အလုပ်ဆင်းသည်ဟု လက်ခံပြီး ဆေးရုံကိုပြန်ရန်သာ တိုက်တွန်းကြ၏။ သူတို့ကူညီနိုင်သည်မှာ ထိုမျှသာဖြစ်သည်ဟုလည်း စိတ်မကောင်းစွာ၊ စာနာစွာ ဆိုကြ၏။ ဦးထွေး သူတို့စေတနာကို မျက်ရည်လည်မျှ ခံစားရပါသည်။

သမီးကလေးကို ပြုစုစောင့်ရှောက်ရသည့်အတွက် စိတ်ပန်းလူပန်းဖြစ်ရုံမက အိပ်ရေးပျက်၊ အစားပျက်လည်း ဖြစ်ခဲ့ရ၏။ တရားရုံးမှာ ရင်ဆိုင်ရတော့လည်း အမှုက အလားအလာမကောင်းသည်ကို ဦးထွေးသတိပြုမိ၏။ အမှုစစ်ရဲအရာရှိ၏ အားပေးမှုရသော်ငြား သမီးကလေးကို ကျူးလွန်စော်ကားသူသည် အပြစ်မှကင်းလွတ်သွားမည့်အနေအထားမှာ ရှိနေ၏။

'ငါတို့ဘဝက နိမ့်ကျပြီး ငွေမရှိ၊ ဂုဏ်မရှိ၊ အဆင့်မရှိ၊ အသိုင်းအဝန်းမရှိ၊ ဩဇာမရှိလို့ အမှုမှန်ဖြစ်နေတာတောင် တရားရုံးရမှာပါလား' ဟူ၍လည်း တွေးကာ မိမိတို့ဘဝကို မကျေမနပ်ဖြင့် နာကြည်းနေမိ၏။

အမှုကို စီရင်ချက်ချမည့်နေ့ကား နီးကပ်လာပေပြီ။

"အစ်ကိုကြီး နားလိုက်ဦး။ ဆေးကြောစရာတွေ ကျွန်မလုပ်မယ်"

သမီးကလေးကို ထမင်းကျွေးအပြီးမှာ မလှမြင့်က ဝင်ပြောသည်။ နဂိုက ပိန်သည့် ဦးထွေးမှာ ယခု မျက်တွင်းချောင်၊ အရိုးဂေါင်ဂင်နှင့် မလဲရုံတစ်မယ်ရှိနေသည့်အတွက် မလှမြင့် ကြည့်ရင်း စိတ်မချမ်းမသာဖြစ်ရ၏။ သမီးကလေးအတွက်ဟူသော စိတ်ဆောင်နေ၍သာ ဦးထွေး ဗုန်းဗုန်းလဲမကျသွားခြင်းဖြစ်သည်။

ဦးထွေးက မလှမြင့်ပြောသည့်အတိုင်း ချိုင့်များ၊ ဇွန်းနှင့် ရေခွက်တို့ကို မလှမြင့်ကိုလက်ဆင့်ကမ်းပေးပြီး နေရာမှ ထ,လိုက်သည်။ သမီးကလေးကို ခုတင်ခေါင်းရင်း သံတန်းအား ခေါင်းအုံးမှီခု၍ ထိုင်စေသည်။

"သမီးလေး မအိပ်နဲ့ဦးနော်။ အစာကြေအောင် ခဏထိုင်ဦး"

သမီးကလေးမျက်နှာနားကပ်၍ ကြင်နာစွာပြောသည်။ သမီးကလေး





က ကြောင်စီစီကြည့်နေသည်မှတစ်ပါး ခေါင်းမညိတ်၊ ခေါင်းမခါ။ ထားသည့်အတိုင်းမူ မငြင်းမဆန်နေရှာပါ၏။

ခေါင်းမှ ပတ်တီးများဖြေခဲ့ပြီးဖြစ်သော်လည်း ဆံပင်များ ကွက်၍ရိတ်ထားရသဖြင့် ပင်ကိုကလို သမီးကလေး မလှနိုင်။ လူက ပိန်ကျသွားပြီး အသားအရေတွေ လျော့လျည်းဖျော့တော့သွားသည်။ မျက်ကွင်းချောင်ကလေးနှင့် ဆံပင်တွေဖရိုဖရဲနှင့် ဖြစ်နေသော မျက်နှာနုနုကလေးမှာ မြင်ရသူအဖို့ ရင်ဆို့စရာ။

ဦးထွေး သက်ပြင်းချပြီး ခုတင်နားမှ ခွာလိုက်သည်။

"အစ်ကိုကြီးလည်း ထမင်းစားလေ"

မလှမြင့်က လှမ်းပြော၏။

"ခဏနေမှ စားပါ့မယ်"

ဟု စကားပြန်ပြီး တစ်ဆက်တည်းပင်..

"ကျွန်တော်တို့သားအဖကြောင့် မလှမြင့်လည်း အရမ်းပင်ပန်းနေပြီ။ ကျွန်တော်အားနာတယ်ဗျာ"

ဟု ဦးထွေးပြောသည်။

"ဘာအားနာစရာရှိလဲ အစ်ကိုကြီးရယ်။ အစ်ကိုကြီးနဲ့ ကျွန်မတို့က ဆွေမျိုးတွေလို ဖြစ်နေကြတာပဲဟာ။ ပြီးတော့ မာလာလေးကလည်း ကျွန်မတို့ သမီးကလေးလိုပါပဲ"

"ဒါပေမဲ့ ကျွန်တော်တို့က ဒုက္ခပေးသလို ဖြစ်နေလို့.."

"မဟုတ်တာ အစ်ကိုကြီးရယ်။ အစ်ကိုကြီးတို့ ကြုံတွေ့နေရတာကို ကျွန်မတို့က ဖြစ်နိုင်ရင် ဝင်ပြီးတောင်ယူချင်ပါတယ်။ ခုလိုကူညီရတာလောက်ကို မပြောပါနဲ့"

"မလှမြင့်တို့ကျေးဇူးကို မမေ့ပါဘူးဗျာ"

တရားရုံးအခြေအနေကိုတော့ မလှမြင့်လည်း ကြားနေ၊ သိနေရ၍ မမေးတော့။ အခြေမလှသည်ကို စကားစဖော်မပေးချင်တော့။ အမှုနိုင်ပါစေဟု ကိုတ်၍ဆုတောင်းသည်။ အမှုရုံးလိုက်မည်ဆိုလျှင် ဦးထွေး ဗိုင်းခနဲလဲသွားမည်သား မဆိုနိုင်ပေ။

ဦးထွေးသည် စိတ်ကောင်းနှလုံးကောင်းရှိ၍ အလွန်ရိုးစင်းဖြောင့်မတ်လှသူဖြစ်သည်။ လူဖြောင့်စိတ်တို ဆိုသည့်အတိုင်း စိတ်တိုတတ်သည်မှ အပ ဦးထွေးတွင် ပြောစရာ အပြစ်မရှိ။ မလှမြင့်တို့လင်မယား ညားခါစ

ဦးထွေးတို့အိမ်ခြေရင်းကို ရောက်လာပြီး အခြေမကျဖြစ်နေစဉ်က ဦးထွေးသည် အစ်ကိုကြီးသဖွယ် စောင့်ရှောက်ကူညီခဲ့သည်ကို မလှမြင့်မမေ့နိုင်သေးပါ။ မာလာကလေးကလည်း စားစရာရှိလျှင် မပေးဘဲမနေနိုင်သူဖြစ်သည်။ အပြော အဆိုလေးကလည်း လိမ္မာယဉ်ကျေး၏။

သည်လို သူတော်ကောင်းသားအဖကိုမှ ကံကြမ္မာက ရက်စက်နိုင်လေခြင်းဟု မလှမြင့် ဝမ်းပန်းတနည်းတွေးမိ၏။

"ကျွန်တော် အပြင်ထွက်၊ ဆေးလိပ်သောက်ဦးမယ်နော် မလှမြင့်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဦးထွေးက အလုပ်သွားလျှင် ယူသွားလေ့ရှိသည့် လွယ်အိတ်စုတ်ကြီးထဲမှ ဆေးလိပ်နှိုက်နေစဉ် မလှမြင့်က လက်ကိုင်ပဝါဖြင့် မာလာလေး၏နဖူးမှ ချွေးများကို သုတ်ရန် ပြင်လိုက်သည်။

သူမ၏မျက်နှာပေါ်သို့ဝဲလာသော မလှမြင့်၏လက်မှ လက်ကိုင်ပဝါကို မြင်လိုက်သော မာလာ၏မျက်လုံးများ လှုပ်ခနဲဖြစ်သွားသည်။ ကြောက်လန့်ခြင်းအရိပ်တစ်ခု ပေါ်လာသည်။

ဒါကို မလှမြင့် သတိမမူမိလိုက်။

ချွေးသုတ်ရန် နဖူးပေါ်တင်လိုက်တော့ မလှမြင့်လက်မှ လက်ကိုင်ပဝါကို မာလာ၏လက်က တုန်တုန်ချည့်ချည့်ဖြင့် မြှောက်လာကာ ရိုက်၍ ဖယ်ချလိုက်သည်။

"အူး.. အူး.."

မာလာ့နှုတ်မှလည်း အော်လိုက်သည်။

"မာလာ"

"သမီး.. သမီးကလေး"

မလှမြင့်ရော၊ ဦးထွေးပါ ထိတ်လန့်သွားသည်။ မလှမြင့် နားမလည်နိုင်သလို ဦးထွေးက စိုးရိမ်စွာဖြင့် သမီးကလေးနားသို့ ပြေးကပ်လာသည်။

"သမီးကလေး ဘာဖြစ်လို့လဲ"

မာလာက နောက်ကို တိုး၍တိုး၍ဆုတ်ရင်း မလှမြင့်ကို အလန့်တကြားကြည့်နေကာ နှုတ်မှလည်း တအူးအူးအော်နေသည်။

"မာလာ.. ဒေါ်လေးလေ မာလာရဲ့။ မာလာ့ကို ဒေါ်လေးက ချွေးသုတ်ပေးမလို့ပါ"

"ဟုတ်တယ်လေ သမီးကလေးရဲ့။ ဒေါ်လေး လှမြင့်လေ။ သမီ





ကလေး မှတ်မိတယ်မဟုတ်လား"

ဦးထွေးကလည်း မလှမြင့်ကို မမှတ်မိ၍ သမီးကလေး ရုန်းဖယ်သည်ထင်ပြီး ချော့ပြောသည်။ သမီးကလေးကား တအူးအူးအော်ဆဲ။

"ဘာဖြစ်လို့လဲ"

လူနာများလှည့်လည်ကြည့်ရှုနေသော ဆရာဝန်မကလေး ပြေးလာပြီးမေးသည်။

မလှမြင့်က အကျိုးအကြောင်း ဝင်ရှင်းပြ၏။ မလှမြင့်၏ ရှင်းပြမှုအဆုံးတွင် ဆရာဝန်မကလေးမျက်နှာတွင် အပြုံးတစ်ပွင့် ပွင့်လာသည်။

"ဦးလေးရေ.. ဝမ်းသာတော့။ ဒါ.. ဦးလေးရဲ့သမီးကလေး တိုးတက်လာတာပဲ။ သူ့ဦးနှောက်က တစ်ခုခုတို့ပြန်လာတာ။ ကျွန်မအထင် ပြောရရင် သူတွေ့ကြုံခဲ့ရတဲ့ ကြောက်လန့်စရာတစ်ခုခုကို ပြန်ပြီးအမှတ်ရလိုက်တဲ့သဘောပဲ"

"ဆရာဝန်မလေးက ရှင်းပြသည်။

ဦးထွေးနှင့် မလှမြင့်တို့ လှုပ်ရှားသွားကြသည်။

"ဒါ.. ဒါဆို သမီးကလေး ပြန်ကောင်းလာဖို့ နီးလာပြီပေါ့နော်"

ဆရာဝန်မလေးကို ဝိုင်း၍ အားတက်သရောလည်း ပြန်မေးမိ၏။

"ဟုတ်ကဲ့..။ နီးလာပြီလို့ ပြောရမှာပါပဲ။ ကဲ.. ကဲ.. ခုတော့ ကျွန်မ သူစိတ်ငြိမ်အောင် ဆေးတစ်လုံးထိုးပေးခဲ့မယ်"

ဒုက္ခအမှောင်တွင်းမှ လွတ်မြောက်ဖို့ သမီးကလေး လမ်းစတွေ့လာပြီဟု ဦးထွေး အတိုင်းမသိဝမ်းသာသွားမိလေ၏။

❦ ❦ ❦ ❦ ❦

# ၂၉

"ရဲကောင်းမြတ်အမှုက အမိန့်ချတော့မယ်တဲ့ အမေ။ မနက်ဖြန် အမိန့်ချမှာတဲ့"

မီးဖိုထဲဝင်လာကာ မိခင်ဖြစ်သူဒေါ်မြနှစ် ထမင်းချက်နေရာသို့ ကပ်၍ သောင်းထိုက်က သတင်းပေးသည်။

ဒေါ်မြနှစ်၏ အလုပ်လုပ်နေသောလက်များ တန့်သွားသည်။

"အခြေအနေ ဘာကြားလဲ"

ပြန်မေးလိုက်သော မေးခွန်း။

"ရဲကောင်းမြတ်တို့ နိုင်ဖို့ သေချာတယ်တဲ့။ ရဲကောင်းမြတ် လွတ်မှာ သေချာတယ်တဲ့"

သောင်းထိုက်၏အဖြေမှာ လေးလေးတွဲ့တွဲ့ဖြစ်၏။ သူငယ်ချင်းဖြစ်သူ ဘက်က နိုင်သည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရမှုမျိုးကို သူမခံစားရ သူ့မျက်လုံးထဲမှာ မာလာ၏အဖြစ်ဆိုးကို ပြန်မြင်နေသည်။ ယုတ်မာပက်စက်မှုကို မရှုမလှခံစားလိုက်ရသော မာလာ၏ သနားဖွယ်ရာမြင်ကွင်းကို သူ ဘယ်လိုမှ မမေ့ဖျောက်နိုင်။ ဒေါ်မြနှစ်က သောင်းထိုက်ကိုကြည့်ပြီး..

"သားစိတ်ထဲမှာ ဘယ်လိုနေလဲ"





မေးလိုက်သည်။

"အမေ ဘာကိုမေးတာလဲ"

"ဩော်.. မင်းသူငယ်ချင်း အမှုက လွတ်တော့မယ်လေ။ မင်းလည်း ပြဿနာနောက်ကြောင်း လုံးဝအေးသွားတော့မယ်လေ။ အဲဒီတော့ မင်းမပျော်သွားဘူးလား"

စူးစမ်းအကြည့်ဖြင့် ဒေါ်မြနှစ်က ကြည့်နေ၏။ သားဖြစ်သူ၏သဘောကို တီးခေါက်လိုက်ခြင်းလည်း ဖြစ်၏။

သောင်းထိုက် သက်ပြင်းချသည်။

"ကျွန်တော် နောက်ကြောင်းအေးသွားပြီဆိုတာကြောင့်ရော၊ ရဲကောင်းမြတ်လွတ်တော့မယ်ဆိုတာကြောင့်ရော ကျွန်တော် စိတ်သက်သာရာရတာ မှန်တော့မှန်ပါတယ်။ ဒါပေမဲ့ ကျွန်တော်မပျော်ဘူးအမေ။ ကျွန်တော် မာလာရဲ့ သနားစရာပုံစံလေးကို မြင်နေတယ်။ ညဘက်ဆိုရင်လည်း အိပ်မက်တွေ မက်တယ်။ မာလာက အိပ်မက်ထဲမှာ ကျွန်တော့်ကို အသနားခံသလိုကြည့်နေတယ်။ ကျွန်တော် သူ့ကို သနားနေတယ်အမေ။ သူ မတရားခံရတာ။ ဒါပေမဲ့ သူ အမှုလည်းရှုံးရတယ်ဆိုရင် ပိုပြီးမတရားရာကျတာပဲ"

ဒေါ်မြနှစ်က သားဖြစ်သူကို ဖက်လိုက်သည်။ လက်တစ်ဖက်ဖြင့် သား၏ကျောကို ပွတ်သပ်ပေးသည်။

"ဒါ.. အမေမျှော်လင့်တဲ့ သားရဲ့နှလုံးသားပဲ။ သား.. လူဆိုတာ အတ္တသတ္တဝါဖြစ်ပေမယ့် အတ္တကြီးမားလွန်းရင် လူမပီသတော့ဘူး။ 'လု' ဆိုတဲ့ သူတစ်ပါးရဲ့လွတ်လပ်မှု၊ သူတစ်ပါးရဲ့ပျော်ရွှင်မှုကို လုယူတဲ့သူ ဖြစ်သွားပြီ။ 'လူး' ဆိုတဲ့ မကောင်းမှုရှုံ့ပုပ်ထဲမှာ လူးတဲ့ ကျွဲတွေ၊ နွားတွေ ဖြစ်သွားပြီ။ ကိုယ်ချင်းစာတရား ကင်းမဲ့သူဟာ ဘယ်လောက်ပဲ ငွေကြေးဥစ္စာ၊ အရှိန်အဝါတွေ မြင့်မားနေပါစေ။ အမေ့အမြင်မှာတော့ အောက်တန်းကျတဲ့သူပဲ"

စိတ်ရှည်စွာ၊ ပီသကြည်မြစွာ ဒေါ်မြနှစ်ပြောသမျှကို သောင်းထိုက် ငြိမ်၍နားထောင်နေသည်။

ဒေါ်မြနှစ် စကားဆက်သည်။

"အခုကိစ္စမှာ သားဟာ ဖိနှိပ်မှုတစ်ခုကြောင့် အမှန်တရားကို ရင်မဆိုင်ရဲခဲ့ဘူး။ အမှန်တရားဘက်က ရပ်တည်လို့ ဖြစ်ပေါ်လာမယ့် အခက်အခဲဘက္ခတွေကို ကြောက်ပြီး ရှောင်ပုန်းနေခဲ့တယ်။ အမေ အပြစ်မပြောလိုပါဘူး။ ဒါပေမဲ့ အမေ့ရင်ထဲမှာ မကျေနပ်ဘူး သား။ သားလိုပဲ အမေလည်း ခံစားရ

တယ်။ မာလာကလေးကို အမေ သမီးချင်း ကိုယ်ချင်းစာတယ်''

''ကျွန်တော်လည်း ညီမလေးချင်း ကိုယ်ချင်းစာပါတယ် အမေ''

''ဘယ်လိုပဲဖြစ်ဖြစ် အမေယုံကြည်တာကတော့ အမှန်တရားက ရုံးနိုမ့်နေရင် ခဏဆိုတာပါပဲ။ တစ်ချိန်ချိန်မှာ အမှန်တရားဘက်က နိုင်လာမှာပါ။ ကောင်းသူနဲ့ မကောင်းသူဆိုတာ မကောင်းသူက အမြဲအနိုင်ဘက်မှာရှိနေရင် လောကကြီးက ဘယ်မျှတပါ့မလဲ။ ဒါပေမဲ့ လောကသဘာဝဆိုတာ ဘယ်တော့မှ တစ်သမတ်တည်း တစ်ဖက်စောင်းနင်းဖြစ်မနေဘူး။ ဒီတော့ သားမှာသာ အမှန်တရားအတွက် ရပ်တည်ဖို့ လိုအပ်တဲ့အခြေအနေရောက်လာရင် သားစိတ်ဓာတ်ကို ခိုင်မာအောင် ကြိုးစားပါ။ အမေ သားဘက်မှာရှိတယ်။ အမေတို့ လက်တွဲပြီး ရင်ဆိုင်ကြတာပေါ့''

သောင်းထိုက်က မိခင်၏မျက်နှာကို လှုချင်းခွာ၍ စေ့စေ့ကြည့်သည်။

''အမေက ကျွန်တော့်ကို အမှန်ဖော်ထုတ်စေချင်တာလား အမေ'' မေးသည်။

ကြည်စင်သော အပြုံးနှင့်အတူ ဒေါ်မြနှစ်ခေါင်းညိတ်သည်။

''ဟိုရက်တွေက အမေကိုယ်တိုင် ပျော့ညံ့ပြီး သားကို အခုလိုအားမပေးနိုင်ခဲ့တာ အမေနောင်တရနေမိတယ် သား။ အမေတို့ဟာ မကောင်းသူကို သွယ်ဝိုက်ကူညီရာ ရောက်နေတယ်။ အထူးသဖြင့် သားဟာ ဒီအမှုမှာ အနေအပါဆုံးလူပဲ။ သားရဲ့ရပ်တည်မှုကြောင့် ဒီအမှု အမှန်ကနေ အမှားဖြစ်သွားရတာလို့ အမေထင်တယ်။ သားရယ်.. ခံရတဲ့သူဟာ မာလာမဟုတ်ဘဲ အမေတို့သမီးလေး၊ သားရဲ့ညီမလေးသာ ဖြစ်နေခဲ့ရင် သားဘယ်လိုခံစားနေရမလဲ၊ အဲဒီလိုတွေးရမယ် သား''

''မှန်ပါတယ်အမေ။ ကျွန်တော့်ကိုယ်လည်း ကျွန်တော်မကျေနပ်ပါဘူး။ စကတည်းက ကျွန်တော် ရဲကောင်းမြတ်ကို အပြတ်အသတ်တားခဲ့ရမှာ။ မတားနိုင်ခဲ့တာ ကျွန်တော့်အပြစ်ပဲ။ ဖြစ်လာပြန်တော့လည်း ကျွန်တော်က ဘေးထွက်ပြီး ရှောင်ပုန်းနေခဲ့မိတယ်။ ကျွန်တော်လူညံ့ပဲ။ အသုံးမကျတဲ့ကောင်ပဲ''

သောင်းထိုက်က ပြောရင်း ငိုသံပါလာသည်။ မချိတင်ကဲပြောရင်းက မိခင်ရင်ခွင်တွင်း တိုးဝင်ကာ အံကြိတ်ပြီး ရှိုက်နေသည်။

ဦးဖိုမှ ရပ်၍နားထောင်နေသော ရီရီထိုက်မှာလည်း မျက်နှာငယ်လေးနှင့်၊ မျက်ရည်တလည်လည်နှင့်ပါတကား။

❦ ❦ ❦ ❦ ❦

# ၃၀

တရားရုံးမှ ထွက်ပေါက်အနီးတွင် လက်ဖက်ရည်ဆိုင်ရှိ၏။ လက်ဖက်ရည်ဆိုင်မှာ တရားရုံးလာသူများအတွက် ရည်ရွယ်ဖွင့်ထားသော ယာယီလက်ဖက်ရည်ဆိုင်မျိုးဖြစ်၏။ မြေပြင်ပေါ်မှာ ခုံပုကလေးများချ၍ ခင်းထားပြီး ညှောက်လျှင် အားလုံးပြန်သိမ်းကြရသောဆိုင်။

လက်ဖက်ရည်မှာလည်း ခပ်ညံ့ညံ့ဖြစ်၏။

ထိုဆိုင်၏ တစ်ခုသောစားပွဲခုံကလေးမှာ ရှေ့နေမလေးဖြစ်သော မေစံရှားနှင့် သူ့ချစ်သူကိုနေသော်တို့ ဘေးချင်းယှဉ်ထိုင်နေကြ၏။ သူတို့မျက်နှာများသည် တရားရုံးထွက်ပေါက်ဖြစ်သည်။

နှစ်ဦးစလုံး၏ မျက်နှာများသည် ညှိုးချုံးတည်ငြိမ်လျက်ရှိသည်။ သူတို့ရင်တွင် ထိရှမ်းနိမ့်ကျပ်နေမှုများဖြင့် မလူးမလွန့်သာအောင် နှောင်ဖွဲ့ခံနေကြောင်း သူတို့မျက်နှာကိုကြည့်၍ သိနိုင်၏။

သည်နေ့သည် မာလာကလေး၏အမှု သို့မဟုတ် ရဲကောင်းမြတ်အမှုကို စီရင်ချက်ချမည့်နေ့ဖြစ်သည်။

တရားရုံးမှ အတွင်းစကားအချို့အရ ရဲကောင်းမြတ် တရားသေလွတ်ဒဏ်ခံမည်ဟု မေစံရှားကြို၍ကြားထားသည်။ ဒါကလည်း နဝိုက မေစံရှား၏ကြို

တင်ခန့်မှန်းချက်လည်းဖြစ်သည်။

တရားခွင်မှာ ရှုံးနိမ့်သူတို့၏ခံစားချက်ကို မေစံရှားမြင်တွေ့ခဲ့ရဖူးပေါင်းများလှပြီ။ ယင်းတို့အနက် အမှုမှန်ပါလျက် ရှုံးနိမ့်ရသူများ၏ မြင်ကွင်းအချို့ကိုလည်း ရင်နာစွာဖြင့် တွေ့ခဲ့၊ ဝေဒနာကူးစက်ခံစားခဲ့ဖူး၏။

သည်တော့..

သည်ကနေ့ မာလာ၏ အမှုစီရင်ချက်ကို မေစံရှားနားမထောင်ရဲပါ။ နားမထောင်ရက်ပါ။

သို့ကြောင့်လည်း တရားခွင်တွင် ဝင်မထိုင်ဘဲ သည်လက်ဖက်ရည်ဆိုင်မှာ ထိုင်နေမိခြင်းဖြစ်သည်။

''စီရင်ချက်ချနေပြီထင်တယ်''

ကိုနေသော်က ခပ်တိုးတိုးပြောသည်။

''ဟုတ်တယ် ကိုကို''

တရားရုံးဆီသို့ လှမ်းမျှော်ကြည့်ရင်း မေစံရှားက နှုတ်ခမ်းလှုပ်ရုံမျှဖြင့် ဖြေလိုက်၏။ ပြီးလျှင် ဘေးခုံတွင်ချထားသော သားရေလက်ဆွဲအိတ်ကို ယူကာ ဇစ်ကိုဖွင့်လျက် အထဲမှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။

ကင်မရာလေးတစ်လုံးပဲ ဖြစ်ပါ၏။ Digital ကင်မရာလေး ဖြစ်သည်။ နောက်ဆုံးပေါ်ဒီဇိုင်းကလေး ဖြစ်၏။ သူမ၏အမှုသည်တစ်ဦးဖြစ်ခဲ့သူက ဂျပန်သို့ရောက်ရှိစဉ် မေစံရှားအတွက် ဝယ်ယူလာကာ လက်ဆောင်ပေးခဲ့သော ကင်မရာလေး။

အမျိုးအစားက Nikon Coolpix ဖြစ်သည်။ အနက်ရောင်ကလေးဖြစ်ပြီး ယင်း၏ထူးခြားသောစွမ်းဆောင်ရည်မှာ ပုံသေဓာတ်ပုံများသာမက Movie အဖြစ် (၂၆) မိနစ်ရိုက်နိုင်ခြင်းဖြစ်သည်။

''ဒါ.. ရှားရဲ့မိတ်ဆွေပေးတဲ့ကင်မရာ မဟုတ်လား''

''ဟုတ်တယ် ကိုကို''

''အဲဒီတုန်းက ကင်မရာအပြင် ဟန်းဖုန်း Hand Set ပါ ပေးတာ မဟုတ်လား''

''ဟုတ်တယ်။ အခု ရှားသုံးနေတဲ့ ဟန်းဖုန်း Hand Set ပေါ့''

''ရှား ဘာရိုက်မလို့လဲ''

မေစံရှားက ကိုနေသော်ကို မျက်လုံးချင်းဆုံလျက်..

''ကိုကို့ကို ရိုက်ခိုင်းမှာ''





ပြောသည်။

''ဘာရိုက်ရမှာလဲ။ ရှားပုံလား''

''ဟင့်အင်း.. ။ ကိုကို့က ဇာတ်ညွှန်းတွေ ရေးနေတဲ့သူပဲ။ ဒါကြောင့် ဒီဒယိုရိုက်ခိုင်းမှာ''

ကိုနေသော် နားမလည်။

''ဘာကို ဒီဒီယိုရိုက်ရမှာလဲ''

ပြန်မေးသည်။

''မကြာခင် စီရင်ချက်ချပြီးရင် လူတွေထွက်လာတော့မယ်။ အဲဒီမှာ အမှုရှုံးခဲ့တဲ့ မာလာကလေးရဲ့ဖခင် ပါလာမယ်။ အမှုနိုင်တဲ့ ရဲကောင်းမြတ်တို့သားအဖ ပါလာမယ်။ သူတို့ရဲ့မျက်နှာမှာ သူတို့ရဲ့ခံစားမှုတွေ ထင်ထင်ရှားရှား ပေါ်နေလိမ့်မယ်။ အဲဒါ.. ကိုကို့အတွက် ဝတ္ထုပဲ။ ပြီးတော့ ရှားအတွက်လည်း အသုံးဝင်လိမ့်မယ်''

''ကိုကို့အတွက်ကတော့ ဟုတ်ပါပြီ။ ရှားအတွက်ဆိုတာက..''

''ရှားစိတ်ထဲမှာ တစ်ခုခုစိုးရိမ်နေတယ် ကိုကို့။ ဟိုတစ်နေ့က ရှားကိုကို့ကို့ပြောခဲ့သလို ဒီအမှုဟာ အကျည်းတန်တဲ့ ဆိုးကျိုးတစ်ခု ဆက်ဖြစ်လာနိုင်တယ်''

ကိုနေသော်က ပြုံးသည်။

''ရှေ့နေမလေးက အကြားအမြင်လည်း ရနေတာကိုး''

မေစံရှား ဘာမှပြန်မပြောပါ။

စင်စစ် မေစံရှားမှာ ထူးခြားသောအာရုံတစ်ခုကတော့ ရှိနေသည်မှာ အမှန်ဖြစ်၏။ မနောမှာ ဖြူစင်နေခြင်းကြောင့်လည်းတစ်ကြောင်း၊ ပုတီးစိပ်၊ တရားထိုင်ခြင်းအလုပ်ကို စွဲစွဲမြဲမြံဝင်စားလုပ်ဆောင်ခြင်းကြောင့်လည်းတစ်ကြောင်း ဖြစ်မည်ထင်သည်။

မေစံရှားစိတ်ထဲက ကြိုတင်ထင်မြင်နေတတ်သည်များမှာ အမှန်ထက်ဖြစ်လာတတ်ကြသည်။

မြန်မာတို့က အကြားအမြင်ဟုပြောနေကြသောကိစ္စမှာ အနောက်နိုင်ငံနောသုတေသီတို့၏ အယူအဆများအရ ဆဋ္ဌမအာရုံ သို့မဟုတ် အပိုအာရုံ (Sixth Sense) ဖြစ်သည်။ အချို့က တတိယမျက်လုံးဟု တင်စားကြသည်။

လူတစ်ဦး၏ နာမ်ခန္ဓာက အာရုံငါးပါးကိုသာ သာမန်ခံစားရရှိနိုင်သော်လည်း ထိုအာရုံငါးပါးထက် ပိုလွန်၍ အသိရခက်စွာ သဘာဝလွန်ရရှိလာသော

အာရုံတစ်မျိုးဖြစ်၏။

မနောသုတေသီများက E.S.P ခေါ် Extra Sensory Perception ကို သုံးစွဲလာကြရာ ယခုတိုင်ခေတ်စားလက်ခံနေသောဝေါဟာရ ဖြစ်နေသည်။

ယင်းသို့သော အာရုံတစ်မျိုးကို မေစံရှားသည် အထင်အရှား၊ အပီအပြင်ကြီးဟု မဆိုနိုင်စေကာမူ အရိပ်အယောင်သဘောမျှ ကြိုတင်သိမြင်နေတတ်၏။ မေစံရှားကမူ အတွေ့အကြုံများနှင့် သိမှုအာရုံတို့ ပေါင်းစပ်ကာ ဖြစ်လာမည်ကို ကြိုတင်မှန်းဆခြင်းသာဖြစ်သည်ဟု ရိုးရိုးကလေးခံယူပါသည်။

"အခုထိုင်နေတဲ့နေရာက ရိုက်ရင်တော့ သူများတွေ မြင်လိမ့်မယ်။ မကောင်းဘူး ကိုကို"

ကိုနေသော်က မေစံရှားစကားကြောင့် ဆိုင်တွင်းကို ဝေ့ဝဲအကဲခတ်လိုက်ပြီး..

"ရတယ်..။ ကိုကို ဆိုင်ကောင်တာစားပွဲမှာ သွားထိုင်မယ်။ ဆိုင်ရှင်က ကိုကိုနဲ့ ရင်းနှီးတယ်။ သူနဲ့စကားပြောရင်း ရိုက်မယ်"

"ကိုကို.. အရေးပါတဲ့ မျက်နှာနဲ့ ခံစားမှုတွေပါအောင် ရိုက်နော်"

"စိတ်ချပါ ရှားရယ်။ ကိုကိုက ဇာတ်ညွှန်းရေးရုံမကဘူး။ ရုပ်မြင်သံကြားဇာတ်လမ်းပိုင်းတွေ ရိုက်ဖူးတာ ရှားသိသားပဲ"

ပြောပြောဆိုဆို ကိုနေသော် ထိုင်ရာမှ ထသည်။

"လူသံတွေ ဆူညံလာတယ် ရှား။ စီရင်ချက်ပြီးသွားပြီထင်တယ်။ ကိုကိုနေရာပြောင်းတော့မယ်"

မေစံရှား တရားရုံးအဝကို လှမ်းကြည့်နေစဉ် ကိုနေသော်က ကင်မရာကိုယူ၍ ကောင်တာရှိရာသို့ ထွက်သွားသည်။

"အဓိဟ္ဟာယ်မရှိတာကွာ..။ တရားသူကြီးက ဘယ်လိုဆုံးဖြတ်လိုက်တာလဲ မသိဘူး"

"ငါထင်တဲ့အတိုင်းပါပဲ။ ရေများရင် နိုင်တယ်ကွ"

ရှေ့မှထွက်လာသူအချို့က ထင်ရာမြင်ရာ ဝေဖန်လာကြ၏။ သူတို့ ဝေဖန်ချက်များကိုကြည့်၍ စီရင်ချက်ကို ဘဝင်မကျကြောင်း သိနိုင်သလို မေစံရှားခန့်မှန်းတွက်ဆသည့်အတိုင်း စီရင်ချက်ချလိုက်ပြီဆိုသည်မှာ မလွဲတော့။

မိန်းမတစ်အုပ် ထွက်လာတော့လည်း ပွစိ ပွစိ။ မကျေနပ်သံများဖြင့်..။





ထို့နောက်.. လူအချို့..။

မေစံရှားအာရုံက တရားရုံးမှထွက်လာမည့် တရားလို၊ တရားခံများကို စူးစိုက်လျက်ရှိသည်။ ကိုနေသော်က ကောင်တာမှာထိုင်ရင်း ကင်မရာဖြင့် ရိုက်နေပေပြီ။

ထိုအချိန်မှာပင်..

မာလာ၏ဖခင် ဦးထွေးကို မလှမြင့်နှင့်သီတာက လက်ကို တစ်ဖက်စီမှတွဲကာ ထွက်လာသည်။ ဦးထွေး၏မျက်နှာမှာ ပြိုကျတော့မည့်ကောင်းကင်လိုညို့မှိုင်းအုံ့ဆိုင်းလျက်။ အားအင်ကုန်ခန်းကာ ခြေလက်ကို့ကိုပင် မသယ်နိုင်တော့သည့်ပုံသဏ္ဌာန် ဖြစ်နေသည်။ မျက်လုံးထဲမှာ မျက်ရည်တွေပြည့်နေ၏။

သူ၏ရင်ထဲမှာ မီးတောင်ကြီးပေါက်ကွဲနေပုံပင်။

မလှမြင့်မျက်နှာမှာ နီရဲလျက်ရှိပြီး ဒေါသနှင့်နာကျင်မှုများ အုပ်မိုးလျက်ရှိ၏။ သီတာမှာလည်း မျက်နှာငယ်ကလေးနှင့်။

"အစ်ကိုကြီး.. ခဏလောက်ထိုင်ပြီး နားလိုက်ပါဦးလား။ အအေးလေးဘာလေး သောက်ပြီးမှ ပြန်တာပေါ့"

မလှမြင့်က ဦးထွေးကို ဖြေသိမ့်စေလိုသောသဘောဖြင့် ပြောသည်။

"ဟုတ်တယ် ဦးလေး။ လူတွေလည်း ရှုပ်ယှက်ခတ်နေတာ။ ခဏလောက် ထိုင်နားပါ"

သီတာကလည်း မလှမြင့်အဆိုကို ထောက်ခံသည်။

ဦးထွေးကမူ ခေါင်းခါ၏။

"မထိုင်တော့ဘူး။ သမီးလေးဆီ ပြန်မယ်။ ဆေးရုံကို ပြန်မယ်။ ဒါပေမဲ့.."

ဦးထွေးအသံ တိမ်ဝင်သွားသည်။ ပြီးမှ အသံအက်အက်ဖြင့် ဆက်၍..

"ဒါပေမဲ့ သမီးကလေးရဲ့မျက်နှာကို ကျွန်တော်ဘယ်လိုကြည့်ရမလဲ မလှမြင့်ရယ်။ သမီးကလေးဟာ မတော်မတရားပြုကျင့်တာ ခံခဲ့ရတယ်။ အခုသူရုံးနိမ့်သွားပြန်ပြီ။ သမီးကလေးနားမလည်နိုင်ပေမယ့် သနားစရာ သူ့မျက်နှာလေးကို ကျွန်တော်မကြည့်ရဲဘူးဗျာ။ သူ့အဖေဟာ သမီးလေးအတွက် တရားမှုတအောင် မစွမ်းဆောင်နိုင်ခဲ့ဘူးလေဗျာ"

ငိုသံပါကြီးဖြင့် ပြောသည်။ ပြောရင်းပြောရင်း မထိန်းနိုင်ဘဲ တအီးအီးငိုချလိုက်သည်။

"အစ်ကိုကြီး.."

"ဦးလေး.."

မလှမြင့်နှင့် သီတာတို့ မည်သို့နှစ်သိမ့်ရမှန်းမသိ။

ထိုစဉ် ရယ်မောသံတချို့နှင့်အတူ တရားရုံးထဲမှ လူတစ်စုထွက်လာပြန်၏။ ပြိုးပျော်နေကြသောမျက်နှာများဖြင့် ဖြစ်၏။

သူတို့ကား ရဲကောင်းမြတ်၊ ဖခင် ဦးကျော်မြတ်၊ မိခင် ဒေါ်ခင်ခင်ကြီးနှင့် သူတို့မိတ်ဆွေများ။

ရဲကောင်းမြတ်က လက်ဖက်ရည်ဆိုင်ရှေ့တွင် ယူကျုံးမရ၊ ဖြေမဆည်နိုင်အောင်ဖြစ်နေသော ဦးထွေးတို့ရှေ့အရောက်တွင် ရပ်လိုက်သည်။

ရှေ့တွင်ရပ်လာသူကြောင့် ဦးထွေး၊ မလှမြင့်နှင့် သီတာတို့ မော့ကြည့်လိုက်ကြ၏။ သူတို့အားလုံး၏ မျက်နှာများသည် နာကြည်းဒေါသများဖြင့် ညိုမည်းသွားသည်။

ရဲကောင်းမြတ်က ဦးထွေးအား ကြည့်၍..

"စိတ်မကောင်းပါဘူး"

အောင်နိုင်သောမျက်နှာပေး၊ နှုတ်ခမ်းထောင့်စွန်းကလေး ကွေးကျရုံအပြုံးဖြင့် ပြောလိုက်သည်။

မဲ့ပြုံး၊ လှောင်ပြုံး၊ သရော်ပြုံး..။

ရိစကား၊ ခနဲ့စကား၊ အနာကိုဆွလိုက်သောစကား..။

ဦးထွေး၏မျက်နှာ ရုတ်ခြည်းပင် အရောင်တွေအမျိုးမျိုးပြောင်းသွားသည်။ ဝမ်းနည်းခြင်း၊ နာကျင်ခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း၊ ဒေါသဖြစ်ခြင်း၊ မုန်းတီးစက်ဆုပ်ခြင်းအရောင်များ တစ်ခုပြီးတစ်ခု ဆင့်ကဲဆင့်ကဲဖြစ်ပေါ်သွားသည်။

မျက်လုံးများ ပြူးကျယ်စူးရဲသွားသည်။

ဆံပင်တွေ ထိုးထိုးထောင်ထောင်ဖြစ်သွားသည်။

ခန္ဓာကိုယ်ကို မီးဟပ်လိုက်သလို ဖြစ်သွားသည်။

"အား.."

အသံနက်ကြီးဖြင့် အော်လိုက်သည်။ သူ့ကိုတွဲထားသော မလှမြင့်နှင့် သီတာတို့၏ လက်များမှ ဆောင့်ရုန်းလိုက်သည်။

ပြီးလျှင်..

ရဲကောင်းမြတ်ဆီသို့ တစ်ဟုန်ထိုးပြေးကပ်ကာ သူ၏လက်များဖြင့်





ရဲကောင်းမြတ်၏လည်ပင်းကို ဖျစ်ညှစ်လိုက်သည်။

"အစ်ကိုကြီး.."

"ဦးလေး.."

"ဟော့လူ.. ဟော့လူ.."

ဘေးမှ အသံများ ဆူညံသွားသည်။

ဦးထွေး ဘာမျှ မမြင်တော့။ မကြားတော့..။

ရဲကောင်းမြတ်လည်ပင်းကို ဦးထွေး၏လက်များက အားကုန်ညှစ်ထိုက်ရာ ရဲကောင်းမြတ်က ဦးထွေး၏လက်များကို သူ့လက်များဖြင့် ဆွဲဖယ်ရင်း နှုတ်မှလည်း ဂူးဂူးဝါးဝါးအော်လိုက်သည်။ နောက်ကိုလည်း ဆုတ်လိုက်သည်။

ထိုအခါ နောက်မှလူများကို တိုက်မိပြီး ဦးထွေးရော၊ ရဲကောင်းမြတ်ပါ မြေပေါ်သို့လဲကျသွားကြသည်။ ရဲကောင်းမြတ်က အောက်က။ ဦးထွေးကအပေါ်မှ..။

"ဦးလေး.. မလုပ်နဲ့"

မေစံရှား အသိဝင်လာကာ နေရာမှထ,ရင်း လှမ်းအော်ပြီး သတိပေးလိုက်သည်။

မေစံရှားအော်သံ နောက်ကျသွားခဲ့ပြီ။

ဦးထွေးသည် အနီးရှိ အုတ်ခဲကျိုးပိုင်းတစ်ခုကို လှမ်းယူကာ ရဲကောင်းမြတ်၏ခေါင်းကို ထုချလိုက်၏။

"ခွပ်.."

"အား.."

"ဟော့လူ.. မလုပ်နဲ့"

"ဦးလေး.."

"အစ်ကိုကြီး.."

မလှမြင့်၊ သီတာနှင့် အနားမှလူများရော၊ မေစံရှားပါ ဦးထွေးအားကြည့်၍ဆွဲကာ ရဲကောင်းမြတ်ပေါ်မှ ဆွဲထူလိုက်ကြသည်။ အုတ်ခဲကျိုးကိုကိုင်လျက် ဦးထွေးသည် အရူးကြီးလို ဒေါသတကြီးအော်လျက် ရုန်းကန်နေ၏။

"ဦးလေး.. စိတ်ကိုလျှော့ပါ.. လျှော့လိုက်ပါ"

မေစံရှားက ဦးထွေး၏လက်မောင်းကို ဆွဲထားရင်း တတွတ်တွတ်ပြောသည်။ ပြောရင်း ရဲကောင်းမြတ်တို့နှင့်ဝေးရာသို့ ဆွဲခေါ်သည်။

ရဲကောင်းမြတ်ကား ပက်လက်ဖြစ်နေပြီး မထနိုင်။

ခေါင်းတွင် သွေးများ..။

ဦးကျော်မြတ်နှင့် ဒေါ်ခင်ခင်ကြီးက ပူပန်စိုးရိမ်စွာ သားကိုပြေးမွေ့လိုက်ကြသည်။

"သား.. ရဲကောင်းမြတ်"

"သားလေး.. သားလေးဘာဖြစ်သွားလဲ"

"ဟေ့.. အဲဒီလူကို ဖမ်းထား.. ဖမ်းထားစမ်း။ မလွတ်စေနဲ့"

ဦးကျော်မြတ်၏ အသံကုန်ကျဲးအော်သံ ထွက်လာ၏။

မေစံရှားကြီးတင်သိမြင်ထားသလို အကျည်းတန်အဖြစ်ဆိုးကြီးကား ဖြစ်ပွားခဲ့လေပြီတည်း။

❦ ❦ ❦ ❦ ❦

# ၃၁

"ဦးလေး.. ဦးလေးကို ကျွန်တော် ဘယ်လိုပြောရမှန်းတောင် မသိတော့ပါဘူးဗျာ။ ကျွန်တော်စိတ်မကောင်းပါဘူး။ ဦးလေးလည်း တရားလိုဘဝကနေ တရားခံဘဝ ရောက်ရပြန်ပြီ။ ကျွန်တော့်ကို နားလည်ပေးပါဗျာ"

ရဲအုပ်အောင်မင်းက ဦးထွေး၏လက်များအား ဆုပ်ကိုင်ဖျစ်ညှစ်ငင်း ပြောလိုက်သော သူ့စကား၊ သူ့အပြုအမူမှာ နှစ်သိမ့်ခြင်းသဘောများဖြစ်ပြီး တကယ်ပင် ရင်ထဲက လှိုက်လှိုက်လဲ့လဲ့ပြောလိုက်ခြင်းလည်းဖြစ်၏။

ဦးထွေးက နာကျင်စွာပြုံးလျက်..

"စိတ်မကောင်းမဖြစ်ပါနဲ့ ဆရာရယ်။ ဆရာ့အပြစ် မဟုတ်ပါဘူး။ ကွန်တော့်အပြစ်ပါ"

အေးဆေးစွာ ပြန်ပြောသည်။

ရဲအုပ်အောင်မင်း သက်ပြင်းရှိုက်လိုက်၏။

"ဆရာကြီးအုန်းသန်းရေ.. ဒီဦးလေးကို အထဲထည့်လိုက်ပါဗျာ"

"ဟုတ်ကဲ့"

အနားရှိ ရဲတပ်ကြပ်ကြီးအုန်းသန်းကို လှမ်းပြောလိုက်သဖြင့် ရဲတပ်ကြပ်ကြီးက ဦးထွေးအား အချုပ်ခန်းဆီသို့ ခေါ်ဆောင်သွားသည်။

ရဲအုပ်အောင်မင်း ထိုင်ခုံမှာ ခြေပစ်လက်ပစ်ထိုင်ချပြီး လေပူကြီး တစ်ချက်ကို မှုတ်ထုတ်သည်။ သို့သော် ရင်ထဲက ပူလောင်ပြင်းပြမှုများက လျော့ပါးမသွား။

မိမိအနေဖြင့် အဖြစ်မှန်ဟု ခိုင်မာစွာယုံကြည်လျက် အမှုတည် ဆောက်ကာ တရားရုံးတင်ခဲ့သောအမှုသည် အပြစ်မရှိ၊ တရားသေလွတ် ခြင်းဖြင့် အဆုံးသတ်သွား၏။ တရားခံအက်မှ လမ်းကြောင်းလွဲကာ လျှောခဲ့ လူးလွန့်ရှောင်ထွက်သွားနိုင်ခဲ့၏။

မိမိလည်း သိက္ခာကျခဲ့ရသည်။

မတရားကျူးလွန်ခံခဲ့ရသည့် ကာယကံရှင်များမှာသည်း နာကျင်မှု များ၊ ကြောက်မှုများ၊ အခံရခက်မှုများဖြင့် ဖြေဆည်မရအောင် ဖြစ်ခဲ့ရသည် ထိုမျှမက ပေါက်ကွဲကာ မဖြစ်သင့်သည်များ ဖြစ်ခဲ့ရ၏။

ဘယ်မှာလဲ အမှန်တရား..။

အမှန်တရားကို မည်သူမျက်ကွယ်ပြုသနည်း..။

အမှန်တရားကို မည်သူပြောင်းပြန်လှန်ပစ်သနည်း..။

တဆစ်ဆစ်နာကျင်ကိုက်ခဲမှုနှင့်အတူ နှလုံး၌ ပြင်းစွာခုန်လျက်ရှိ၏

''ဆရာ.. ဒီမှာ ညှော်သည်လာတယ်။ ဆရာနဲ့ တွေ့ချင်လို့တဲ့''

တာဝန်မှူးဒုရဲအုပ်ဖြိုးကြီး လှမ်း၍သတင်းပို့သံကြောင့် ရဲအုပ်အောင် မင်း၏အကြည့်များ ဒုရဲအုပ်ဖြိုးကြီးရှိရာသို့ ရောက်သွားသည်။

ရှေ့နေကုတ်အနက်ကလေးနှင့် မြန်မာဆန်စွာ လှပယဉ်ကျေးပြီး တည်ငြိမ်သိက္ခာရှိလှသည့် အမျိုးသမီးတစ်ဦးနှင့် လွယ်အိတ်တစ်လုံးကိုလွယ် လျက် မျက်မှန်တပ်ထားသော အမျိုးသားတစ်ဦးကို တွေ့လိုက်ရသည်။

သူတို့ကို ရဲအုပ်အောင်မင်း မသိပါ။

သို့သော် ရှေ့နေမလေးဟု သူယူဆလိုက်သော အမျိုးသမီးလေး ငယ်ရွယ်သော်လည်း စူးရှဝင်းလက်သောမျက်လုံးများဖြင့် ထက်မြက်သူတ ဦးဖြစ်မည်ဟု အတွေ့အကြုံများအရ ရုတ်ခြည်းပင် သူဆုံးဖြတ်လိုက်၏ သူ့ဘေးမှ အမျိုးသားမှာမူ ခပ်အေးအေးပင်။

''ဟုတ်ကဲ့.. ဒီကိုကြွပါခင်ဗျာ''

ရဲအုပ်အောင်မင်းက လှမ်း၍ဖိတ်ခေါ်သည်။ ပျူငှာဖော်ရွေမှုမှာ ရဲအုပ် အောင်မင်း၏ ပင်ကိုစရိုက်ပင်။

ညှော်သည်နှစ်ဦးသည် ရဲအုပ်အောင်မင်း၏စားပွဲရှေ့သို့ ကပ်ခြေ





ဆောက်လာကြ၏။

''ကျွန်မက ရှေ့နေမေစံရွှေးပါ။ သူက အယ်ဒီတာ၊ စာရေးဆရာ ကိုနေသော်ပါ''

မေစံရွှေးက စတင်၍ သူမကိုယ်သူမ မိတ်ဆက်သည်။ အပြုံးသန့်သန့် ချိုချိုကလေးနှင့် ဖြစ်၏။ အပြုံးမှာ ခွန်အားပါလှသည်ဟု ရဲအုပ်အောင်မင်း ထင်၏။ ရင်ထဲသို့တိုင် ဝင်ရောက်သွားသော အပြုံးဖြစ်၏။

မေစံရွှေး.. တဲ့။

သည်နာမည်ကို သူကြားဖူးခဲ့သည်မှာ ကြာပြီ။ ရင်းနှီးနေသည်မှာ ကြာပြီ။ လူချင်း မတွေ့ဖူး၍သာ။

သူမ၏သတင်းကား မွှေးပျံ့လှ၏။ ပန်းသတင်းလေညင်းဆောင် ဆို သကဲ့သို့ ဥပဒေနှင့်ထာဝရဆက်နွယ်နေသော သူတို့မှုခင်းလောကမှာ သူမ၏ အကြောင်းကား လိုင်၍နေသည်ပဲ။

ထက်မြက်သတဲ့..။

စိတ်ဓာတ်တည်ကြည်ခိုင်မာသတဲ့..။

အမှန်တရားကို မြတ်နိုးသတဲ့..။

အားနည်းနွမ်းပါးသူဘက်က အမြဲရပ်တည်သတဲ့..။

ငွေမျက်နှာကို မကြည့်။ သစ္စာတရားကိုသာ ကြည့်သတဲ့..။

ပန်းကလေးလို နူးညံ့သိမ်မွေ့ လှပသလို လိုအပ်လာလျှင် သံမဏိ လိုလည်း မာကျောခိုင်ကျည်သတဲ့..။

ရဲအုပ်အောင်မင်း နေရာမှ ထမိလျက်သား ဖြစ်သွား၏။

''ထိုင်ပါခင်ဗျာ.. ထိုင်ကြပါ''

တလေးတစားလည်း ပြောမိ၏။

မေစံရွှေးနှင့်ကိုနေသော်တို့ ဝင်ထိုင်ပြီးမှ သူလည်း ထိုင်ခုံမှာပြန်ထိုင် သည်။ ပြန်ထိုင်ရင်း..

''ဒေါ်မေစံရွှေးကို နာမည်တော့ ကြားဖူးနေတာ၊ ရင်းနှီးနေတာ ကြာပါပြီ။ လူချင်းတော့ ခုမှတွေ့ဖူးတယ်။ ကျွန်တော်က နယ်ကပြောင်းလာ တာ တစ်နှစ်ကျော်ကျော်ပဲရှိသေးလို့ ဒေါ်မေစံရွှေးနဲ့ မဆုံဖြစ်ကြသေးတာပါ။ ကျွန်တော် ရဲအုပ်အောင်မင်းပါ''

တရင်းတနှီးပြောလိုက်သည်။

မေစံရွှေးက ရှိမြဲအပြုံးနှင့်ပင် တည်ငြိမ်စွာ..

အေးဆေးစွာ ပြောသည်။

"ဦးထွေးအတွက်.. ဟုတ်လား"

ရဲအုပ်အောင်မင်းက တအံ့တသြပြန်မေးသည်။

"ဟုတ်ပါတယ်..။ ဦးထွေးက ရဲကောင်းမြတ်ကို လုံးထွေးသတ်ပုတ်ပြီး အနားမှာရှိတဲ့အုတ်ခဲနဲ့ ထုခဲ့တယ်။ ဒါကို ရဲကောင်းမြတ်ဖခင် ဦးကျော်မြတ်က ချက်ချင်းတိုင်ကြားတယ်။ ဦးထွေးကို ရဲအုပ်ကြီးဖမ်းခဲ့ရတယ်။ ဒါဟာ ရည်ရွယ်ချက်တစ်ခုနဲ့ ပြုခဲ့တာမဟုတ်သလို ထက်မြတဲ့ ဓား။ မီး။ အဆိပ်စတဲ့လက်နက်ကိရိယာတွေနဲ့ ရန်ပြုခဲ့တာမဟုတ်ကြောင်းလည်း ရဲအုပ်ကြီးသိပါတယ်။ အမှတ်မထင်ပေါက်ကွဲပြီး ဖြစ်ခဲ့ရတာပါ။ ဒါကြောင့် ရဲအုပ်ကြီး ဦးထွေးကို ဖမ်းဆီးခဲ့ရတာဟာ သာမန်နာကျင်စေမှုနဲ့ပဲမဟုတ်လား"

မေစံရှားက ရှေ့နေပီပီ စကားပြောလျှင် အကျိုးအကြောင်းကျနခိုင်လုံစွာ တင်ပြတတ်သည့်အတိုင်း ရေလည်ရှင်းလင်းစွာ တင်ပြသည်။

"ဟုတ်ပါတယ်"

"ဒီအမှုဟာ ရဲက အာမခံပေးလို့ရတဲ့ ပုဒ်မမို့ ဦးထွေးကို အာမခံပေးဖို့ပါ။ ကျွန်မတို့နှစ်ယောက် အာမခံပါ့မယ်"

ရဲအုပ်အောင်မင်းက မေစံရှားကို တလေးတစားကြည့်နေသည်။

"ဒေါ်မေစံရှားနဲ့ ဦးထွေးက ဆွေမျိုးတွေလား"

"မဟုတ်ပါဘူး"

"အသိအကျွမ်း မိတ်ဆွေတွေလား"

"မဟုတ်ပါဘူး"

"ဒါဖြင့် ဘာကြောင့်.."

"ဦးထွေးရိုးသားတာကို သိနေလို့ပါ။ ပြီးတော့ ဦးထွေးတို့ [illegible] ရဲ့ဝမ်းနည်းကြေကွဲစရာအဖြစ်ကို သိနေလို့ပါ"

ရဲအုပ်အောင်မင်း ကျေနပ်စွာပြုံးလိုက်သည်။

"ကျေးဇူးပဲဗျာ.. ကျေးဇူးပဲ ဒေါ်မေစံရှား"

"ပြီးတော့ ရဲအုပ်ကြီးရဲ့အကူအညီလည်း လိုချင်ပါတယ်"

"ဟုတ်ကဲ့.. ပြောပါ။ ကျွန်တော်ဘာကူညီရမလဲ"

"မာလာရဲ့အမှုအကြောင်း ကျွန်မကို အသေးစိတ်ပြောပြပါ။ မာလာ့အတွက် ကျွန်မ တိုင်းတရားရုံးကို အယူခံတင်ချင်ပါတယ်"

ရဲအုပ်အောင်မင်း ထိုင်နေရာမှ ထရပ်မိမလိုပင် ဖြစ်သွား၏။





"ဟုတ်ကဲ့..။ ရဲအုပ်ကြီးအကြောင်းလည်း ကျွန်မကြားမိပါတယ်။ သိပ်ပြီးရဲရင့်ထက်မြက်တယ်တဲ့"

ပြန်ပြောသည်။

ရဲအုပ်အောင်မင်း ရှက်သွားသည်။

"ဟာဗျာ.. အဲဒီလိုကျွန်တော့်ကိုမပြောပါနဲ့ ဒေါ်မေစံရှားရယ်။ ကျွန်တော်ညံ့တာကို ကျွန်တော် အခုခံစားမိပြီး ကိုယ့်ကိုယ်ကိုယ်မကျေမနပ်ဖြစ်နေတာပါ"

"ရဲအုပ်ကြီးက မာလာ့အမှုကို ဆိုလိုတာလား"

"ဟုတ်ပါတယ်။ ကျွန်တော်ညံ့သွားလို့ တရားခံက ယွတ်သွားတယ်"

မေစံရှားက ခေါင်းခါလိုက်သည်။ ကိုနေသော်ကမူ ကစ်လုံးတစ်ပါဒ ဝင်မပြောဘဲ မေစံရှား၏မျက်နှာကလေးကိုသာ ကြည့်နေ၏။ ထိုအကြည့်မှာ မြတ်နိုးမဝခြင်းများ ပေါ်လွင်နေသည်။

"မဟုတ်ပါဘူး.. ရဲအုပ်ကြီးညံ့လို့ မဟုတ်ပါဘူး။ ရဲအုပ်ကြီးရဲ့အပြစ်လည်း မဟုတ်ပါဘူး။ အမှုရဲ့အနေအထား အားပျော့ချက်ကို နင်းပြီး တစ်ဖက်က အားတွေနဲ့ အနိုင်ရအောင် လုပ်သွားတာပါ"

ရဲအုပ်အောင်မင်းက မေစံရှားစကား၊ မေစံရှားသုံးသပ်မှုကြောင့် မေစံရှား၏မျက်နှာကို စူးစိုက်ကြည့်မိသွားသည်။

"ဒေါ်မေစံရှား ဒီအမှုအကြောင်း သိနေတယ်လား"

"ဆိုပါတော့..။ တရားရုံးကိုလာရင်း စိတ်ဝင်စားမိလို့ နည်းနည်းလေ့လာကြည့်ခဲ့လို့ပါ။ ဒီနေ့ တရားရုံးမှာ ကျွန်မရှိနေပါတယ်"

"ဒေါ်မေစံရှား.. ဒါဆို ဦးထွေးနဲ့ရဲကောင်းမြတ် ဖြစ်ပျက်သွားတာကို သိတယ်ပေါ့"

"ဟုတ်ကဲ့.. မြင်လိုက်ပါတယ်"

"အေးဗျာ..။ အဲဒါပဲ ဒေါ်မေစံရှားရဲ့။ ကျွန်တော်စိတ်မကောင်းဖြစ်နေတာ။ အပြစ်ကြီးကျူးလွန်ထားတဲ့ တရားခံက လွတ်သွားပြီး တရားလိုကို အခု ကျွန်တော်က တရားခံအဖြစ်နဲ့ အချုပ်ထဲထည့်လိုက်ရတယ်။ စိတ်ထဲမှာ တအားထိခိုက်တယ်ဗျာ။ ညော့.. အဲဒါ ထားပါဦး။ အခု ဒေါ်မေစံရှားတို့လာရင်း ကိစ္စက ဘာပါလဲ။ ကျွန်တော်ဘာကူညီရမလဲ"

မေစံရှားက မျက်နှာကြည်ကြည်မြမြကလေးနှင့်ပင်..

"ကျွန်မတို့လာတာလည်း အဲဒီဦးထွေးအတွက်ပါ"

"ဟာ.. တကယ်လား။ ကူညီမယ်ဗျာ..။ ကူညီရုံမကဘူး။ ပူးပေါင်းဆောင်ရွက်ပါ့မယ်"

"နောက်တစ်ခုက ဦးထွေးရဲ့အမှုကိစ္စကိုလည်း ကျွန်မကပဲ အကျိုးဆောင်အဖြစ်နဲ့ ဆောင်ရွက်မှာပါ"

ရဲအုပ်အောင်မင်း နေရာမှ ဆတ်ခနဲထလိုက်ကာ လက်ကိုဆန့်ထုတ်ပေးလိုက်သည်။

"ဂုဏ်ပြုပါတယ် ဒေါ်မေစံရှား"

မေစံရှားကပါ မတ်တတ်ရပ်လိုက်ပြီး ရဲအုပ်အောင်မင်းကမ်းပေးသောလက်ကို လှမ္းရေးနှားလည်စွာ ဆုပ်ကိုင်နှုတ်ဆက်လိုက်သည်။ ကိုနေသော်ကားသံမှ ပြုံး၍..

"ကျွန်တော်တို့ အမှန်တရားတစ်ခုအတွက် ကြိုးစားကြတာပေါ့။ ဒါပေမဲ့ ခက်တော့ခက်ခဲမယ်နော်"

"ကျွန်မ မျှော်လင့်ထားပါတယ်"

"ကြားဖူးထားတဲ့သတင်းတွေနဲ့ ကျွန်တော် ဒေါ်မေစံရှားကို လေးစားနေတာ။ အခုတော့ ပိုပြီးကြည်ညိုသွားပြီဗျို့"

❦ ❦ ❦ ❦ ❦



"သားလေးအခြေအနေ ဘယ်လိုလဲ ဒေါက်တာ"

"ဘာမှ စိုးရိမ်စရာ မရှိပါဘူး"

"ဦးနှောက်တွေဘာတွေများ ထိခိုက်သွားနိုင်လား ဒေါက်တာ"

"မထိခိုက်နိုင်ပါဘူး။ အခုစမ်းသပ်စစ်ဆေးရသမျှရယ်၊ လူနာရဲ့ပြောဆိုမှုအနေအထားရယ် အားလုံးကောင်းပါတယ်။ အနာကိုပဲ ပြုစုကုသရမှာပါ။ မကြာခင် ဆေးရုံက ဆင်းလို့ရမှာပါ"

ဆရာဝန်က ရှင်းပြပြီး အခန်းတွင်းမှ ထွက်သွားသည်။ သူနာပြုဆရာမလေးလည်း ပါသွားသည်။

"တော်ပါသေးရဲ့ သားလေးရယ်။ ဦးနှောက်တွေဘာတွေ ထိခိုက်မှာမာမီက စိုးရိမ်နေတာ။ မသေကောင်းမပျောက်ကောင်းကွယ်။ အဲဒီလူကြီးကို မာမီတော့ လုံးဝမကျေဘူး။ ဒယ်ဒီရေ.. အဲဒီလူကို များများပြစ်ဒဏ်ကျအောင် လုပ်.. သိလား"

ဒေါ်ခင်ခင်ကြီးက ရဲကောင်းမြတ်၏ခေါင်းမှ ပတ်တီးကို တို့ထိစမ်းသပ်ရင်း သည်းသည်းလှုပ်အမူအရာများဖြင့် ဦးကျော်မြတ်ကို လှည့်ပြောသည်။

ဦးကျော်မြတ်က သူ့ဘေးတွင်ရပ်နေသော ရဲကောင်းမြတ်၏အကျိုး

ဆောင်အဖြစ် လိုက်ပေးခဲ့သည့် ရှေ့နေကြီးဦးမင်းထွေးနောင်ဘက် လှည့်ကာ..

"ရှေ့နေကြီး.. ဒီအမှု ဘယ်လိုလဲ"

ဟု မေးလိုက်သည်။

"ခေါင်းကို အပေါ်ယံထိခိုက်ပြီး ကွဲရှုရုံလောက်ပဲဖြစ်တာဆိုတော့ ဒါဟာ သာမန်နာကျင်စေမှုပဲ ဦးကျော်မြတ်။ မြို့နယ်တရားရုံးအဆင့်လောက်နဲ့ ပြီးပြီးတော့ အလွန်ဆုံး ထောင်ဒဏ်ခြောက်လ၊ တစ်နှစ်ပဲ"

ဦးမင်းထွေးနောင်က ဖြေသည်။

"ဟာ.. ကျုပ်သားကို မတရားထုရိုက်ထားတာဗျာ။ တကယ်က အသေသတ်တာဗျ။ ကံကောင်းလို့ အသက်ဘေးက ဝေးသွားတာ။ မကျေနပ်ဘူးဗျာ..။ ဒီလောက်နဲ့တင် မကျေနပ်နိုင်ဘူး။ ဒီ့ထက် ပြစ်မှုများများကျအောင် လုပ်ဗျာ။ ပြင်းထန်စွာနာကျင်စေမှုနဲ့ စွဲဗျာ"

ဦးကျော်မြတ်က မျက်နှာညိုမှောင်စွာ ပြန်ပြောသည်။

ဒေါ်ခင်ခင်ကြီးက ဝင်၍..

"ထောင်လေးငါးနှစ်ကျအောင် လုပ်ပစ်လိုက် ရှေ့နေကြီးရယ်။ ငွေ ဘယ်လောက်ကုန်ကုန်"

ဟု တိုက်တွန်းစကားဆိုသည်။

"ဟုတ်တယ်အန်ကယ်။ တော်ရုံနဲ့တော့ ကျွန်တော်လည်း မကျေနပ်နိုင်ဘူး"

ခုတင်ပေါ်မှ ရဲကောင်းမြတ်ကလည်း လှမ်းပြောသည်။

ရှေ့နေကြီး အကွက်ဝင်လာ၏။ သူ၏ပညာကို ထုတ်သုံးရတော့မည်။

"အခုလက်ရှိအနေအထားအရဆိုရင်တော့ သာမန်နာကျင်စေမှုနဲ့ပဲ စွဲနိုင်မှာ။ ပုဒ်မ ၃၂၃/၃၂၅ ပေါ့ဗျာ။ ပြင်းထန်စွာနာကျင်စေမှု ၃၂၄/၃၂၆ နဲ့ စွဲနိုင်ဖို့ဆိုရင်တော့ ဒီလိုလုပ်မှ ဖြစ်မယ်"

"ဘယ်လိုလဲ"

ဦးကျော်မြတ်၊ ဒေါ်ခင်ခင်ကြီးနှင့် ရဲကောင်းမြတ်တို့၏ မလှပသော နှလုံးသားများက တညီတညွတ်တည်း အာရုံဝင်စားလာကြသည်။

"အပေါ်ယံအနေအထားအရ ဒဏ်ရာမပြင်းထန်ပေမယ့် အတွင်းကိုထိသွားတဲ့သဏ္ဌာန် လုပ်ရမယ်။ ဦးနှောက်ကို ထိခိုက်တယ်ပေါ့ဗျာ။ ဆရာဝန်ကြီး Round လှည့်လာတဲ့အခါ မူးတယ်တို့ဘာတို့ ပြောရမယ်။ ပြီးတော့ ကယောင်ချောက်ချားပုံစံ နည်းနည်းလုပ်ပြရမယ်။ ဒါဆိုရင် ဆေးရုံက ချက်ချင်း





ဆင်းခိုင်းမှာမဟုတ်ဘူး။ ဆေးရုံမှာ ရက်နှစ်ဆယ်ကျော်အောင် နေရရင် ပြင်းထန်စွာနာကျင်စေမှုလို့ စွဲလို့ရပြီ"

ယုတ်မာသူတို့အား ကောက်ကျစ်သူက မသမာနည်းများကို သင်ပြပေးနေပြန်ပြီကော။

"အဲဒါ ကောင်းတယ်"

ဦးကျော်မြတ် ကျေနပ်စွာပြုံးသည်။

"အဲဒါဆိုရင် သူထောင်ဘယ်လောက်ကျနိုင်လဲ"

ဒေါ်ခင်ခင်ကြီးအမေး..။

"ထောင်ဒဏ် လေးငါးနှစ်အထိပေါ့"

ဦးမင်းထွေးနောင်အဖြေ..။

"ကြိုက်သွားပြီ ရှေ့နေကြီး။ အဲဒီအတိုင်း လုပ်မယ်။ ခင်ဗျားလည်း ခင်ဗျားဘက်ကနေ အစွမ်းကုန်လုပ်ဗျာ။ ငွေရေးကြေးရေးတော့ ဘာမှမပူနဲ့"

ဦးကျော်မြတ်က မီးစိမ်းပြသည်။

"ကျွန်တော့်ဘက်က အရည်အချင်းနဲ့ လုပ်ရည်ကို အခု ခင်ဗျားသား ရဲကောင်းမြတ်အမှုမှာ ခင်ဗျားတွေ့ပြီးပြီပဲဗျာ"

မီးစိမ်းမှာ အရှိန်ဖြင့်မောင်းဝင်ပြသည်က ရှေ့နေကြီး။ သူကျွမ်းကျင်ကုံလုံသည့်ပညာရပ်က အတ္တကြီးမှုနယ်ထဲမှာ..။

"သားလေး.. ရှေ့နေကြီးပြောတာ ကြားတယ်နော်"

ဒေါ်ခင်ခင်ကြီးက သားကို လှည့်၍မှာသည်။

"ကြားပါတယ် မာမီ"

"ဒါမှ သားကိုထိခိုက်အောင်လုပ်တဲ့ အောက်တန်းစားတွေကို ပညာပေးနိုင်မှာ။ မာမီက သားကို နေပြောက်ထိုးတာတောင် ခံချင်တာမဟုတ်ဘူး"

"သားသဘောပေါက်ပါတယ် မာမီ"

"ဒါဆိုရင် ရှေ့နေကြီး..။ အခု ကျွန်တော် ရဲစခန်းကို ဖုန်းဆက်ပြီး ဟိုရဲအုပ်ကို စကားပြောသင့်တယ်ထင်တယ်။ သူက သာမန်နာကျင်စေမှုလုပ်ရင် လုပ်ထားမှာ"

"ဆက်လေ"

ဦးကျော်မြတ်က သူ၏ဟန်းဖုန်းကိုထုတ်ကာ ဂဏန်းများကိုနှိပ်သည်။ ပြီးလျှင် နားမှာကပ်ကာ အခန်းအပြင်ထွက်သွားသည်။

ရှေ့နေကြီးနှင့် ဒေါ်ခင်ခင်ကြီးတို့သားအမိ အခန်းထဲမှာ ကျန်ခဲ့၏။

"ရှေ့နေကြီးကို ကျေးဇူးတင်ပါတယ်ရှင်။ ရှေ့နေကြီးကြောင့် ကျွန်မ သားလေး အပြစ်က လွတ်ရတာ"

"ဒါကတော့ဗျာ..။ ကျွန်တော်တို့ရှေ့နေဆိုတာကလည်း ကိုယ့်အလုပ် သည်နိုင်အောင် ကြိုးစားရတာပေါ့။ နိုင်မှလည်း ကျွန်တော်တို့ နာမည်တက် တာပေါ့"

"အန်ကယ်ကတော့ သိပ်တော်တာပဲ။ တရားရုံးမှာ အန်ကယ်တင်ပြ တာတွေက သိပ်ပညာပါတာပဲ"

ရဲကောင်းမြတ်ကလည်း သူ့အမြင်ကို ပြော၏။ ရှေ့နေကြီး ပီတိမျက် နှာပြုံးဖြီးဖြီးနှင့် ဘဝင်လေဟပ်နေတော့သည်။

စကြွေ၌ ဦးကောင်းမြတ်မှာ မျက်နှာနီနီကြီးဖြင့်..

"ဘယ်လိုလဲ ရဲအုပ်ကြီး။ ဟိုလူကို အာမခံပေးလိုက်ပြီလား"

"....."

"ဟာ.. ဒီလိုလုပ်လို့ ဘယ်ရမလဲကွ။ ဒါ.. သာမန်နာကျင်စေမှု မဟုတ်တာ။ ပြင်းထန်စွာနာကျင်စေမှုကွ။ အခုတောင် သတိရလာတော့ တောင် ပြောမြောက်ပြောနဲ့။ ဦးနှောက်တွေဘာတွေ ထိခိုက်သွားပုံရတယ်။ မင်းတပ်ထား တဲ့ပုဒ်မ ပြောင်းလိုက်ကွာ"

"....."

"အေးလေ.. ဆရာဝန်ကြီးကတော့ ဆေးစာပေးမှာပေါ့။ ဒါပေမဲ့ အခုဟာက ငါ့သားက အတော့်ကိုခံစားနေရတာ။ ဒါကို မင်းသဘောနဲ့မင်း လုပ်ချင်တိုင်းလုပ်လို့ ဘယ်ဖြစ်မလဲကွာ"

"....."

"ဘာဥပဒေအရလဲ၊ ငါလည်း ဥပဒေနားလည်တယ်။ ဒါ.. ပြင်းထန် စွာနာကျင်စေမှုပဲ။ ဟိုလူကို မင်းပြန်ဖမ်းပါ။ မင်း အဂတိလိုက်စားရင် ဘာဖြစ် သွားမယ်ဆိုတာ သိလား"

"....."

"အပြောမကြီးနဲ့ ငါ့လူ။ ကမ္ဘာကျော် ကျော်မြတ်ကွ။ အညာတြကျော် မြတ် မဟုတ်ဘူး။ ငါ့နောက်မှာ ဘယ်သူတွေရှိတယ်ဆိုတာ မင်းသိဖို့ကောင်း တယ်"

"....."

"ကောင်းပါပြီကွာ။ မကြောက်တတ်ဘူးဆိုရင်လည်း ပြီးတာပါပဲ





နောက်တော့မှ ကယ်ပါယူပါ မဖြစ်စေနဲ့။ အေး.. အခု ငါ့သဘောကို ပြောပြီးပြီ နော်။ ပြင်းထန်စွာနာကျင်စေမှု ပုဒ်မပြောင်း။ ဟိုလူ့ကို ပြန်ဖမ်းချုပ်။ ဒါပဲ.."

ဦးကျော်မြတ်က အပေါ်စီးမှပင် လေသံမာမာဖြင့် အမိန့်ပေးသလို ပြောကာ စကားကိုဖြတ်သည်။ ဒါက သူ့အကျင့်။ တခြားသူကို အလေးမမူ သည့်သဘော။ မိမိသဘောထားကိုသာ လက်ခံစေလိုသည့်သဘော။ တစ်နည်း အားဖြင့် ဖြိုခြောက်တတ်သည်မှာ သူ့သဘာဝ။

"ဘာစဲ့လဲ"

အခန်းထဲပြန်ဝင်လာတော့ ဒေါ်ခင်ခင်ကြီးက မေးသည်။

"ဟိုလူ့ကို အာမခံပေးလိုက်ပြီတဲ့"

"ဘာ.. အာမခံပေးလိုက်တယ်။ ဟုတ်လား.."

ဒေါ်ခင်ခင်ကြီး မျက်ဝန်းပြူးကြီးနှင့် အော်သည်။

"ရှေ့နေမေစံရွှားက အာမခံနဲ့ လာထုတ်သွားတာတဲ့"

"ဟင်.. လူပါးဝလိုက်တာ။ အဲဒီမေစံရွှားဆိုတာ ဘယ်သူလဲ၊ ရှေ့နေ ကြီး သိလား"

ဒေါ်ခင်ခင်ကြီးက ရှေ့နေကြီးဦးမင်းထွေးနောင်ကို လှမ်းမေးသည်။

"သိပါတယ်။ မဖြစ်ညစ်ကျယ်လေးပါ။ အဲ.. အကောင်သေးပေမယ့် အဆိပ်တော့ ရှိတယ်ဗျ"

ဦးမင်းထွေးနောင်ပေးသော မှတ်ချက်..။

"အဆိပ်ရှိရင် အဲဒီအဆိပ်ကို ချုပစ်ရမှာပေါ့ ရှေ့နေကြီးရဲ့"

ဦးကျော်မြတ်၏သဘောထားပေးမှုအဆုံး ရှေ့နေကြီးဦးမင်းထွေးနောင် တာ ခေါင်းညိတ်၏။ သူ၏ခေါင်းညိတ်မှုမှာ အနည်းငယ်တော့လေးကွေးတုံ့ဆိုင်း နေသည်။ သူ့မျက်လုံးများ၌ လျှို့ဝှက်ချက်များဖြင့်။ သူငယ်အိမ်လေးက မလှုပ် တလှုပ်။

ပွဲက ပြန်စပြီ။

❦ ❦ ❦ ❦ ❦

# ၃၃

မာလာက ခုတင်ပေါ်မှနေ၍ မျက်လုံးကြောင်တောင်ကလေးဖြင့် ခုတင်စောင်းတွင်ရပ်နေသော မလှမြင့်ကို ကြည့်သည်။ ပြီးတော့ မလှမြင့်ဘေးမှ သီတာကို ကြည့်ပြန်သည်။

ပြီးတော့ ဘေးဘက်ကို ကြည့်ပြန်သည်။

နှုတ်မှ ဘာမျှမပြော။ ဘာသံမျှ မထွက်။ မျက်လုံးအကြည့်မှာလည်း တစ်စုံတစ်ရာ ခံစားမှုမပါ။

သို့သော် တစ်ခုခုတော့ထူးခြားသည်ဟု မလှမြင့်ရော၊ သီတာပါ ထင်မိကြ၏။

သည်နေ့ တရားရုံးမှာ စီရင်ချက်ချသည်။ မာလာ ရှုံးသည်။ ရဲကောင်းမြတ် လွတ်သွားသည်။

တရားရုံးမှထွက်အလာတွင် ရဲကောင်းမြတ်နှင့်ဦးထွေး ဆုံသည်။ ဦးထွေးက ရဲကောင်းမြတ်အား လည်ပင်းညှစ်ကာ အုတ်ခဲနှင့်ထုသည်။ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဦးကျော်မြတ်က ရဲများကို ဦးထွေးအား ချက်ချင်းဖမ်းစေသည်။

ဦးထွေး ရဲစခန်းသို့ ပါသွားသည်။





"သမီးလေးဆီကိုပဲ မလှမြင့်တို့ သွားလိုက်ပါ။ ကျွန်တော့်အတွက် မပူနဲ့။ တော်ကြာ ဘယ်သူမှမတွေ့လို့ သမီးလေးတစ်ခုခုဖြစ်နေဦးမယ်"

ဦးထွေးစကားကြောင့် မလှမြင့်နှင့်သီတာတို့ မျက်ရည်များဖြင့် ဆေးရုံသို့ ရောက်လာရသည်။ မာလာ့အား ထိုအဖြစ်များကို မည်သို့ပြောရပါ့။ ပြောပြလျှင်ကော မာလာသည် သိနိုင်ပါလေစ။

မလှမြင့်က မာလာ့ကိုကြည့်နေရာမှ ဘေးတွင်ရှိနေသော သီတာ့ကို လှည့်ကြည့်လိုက်၏။ သီတာကလည်း မလှမြင့်ကို ပြန်ကြည့်နေသည်။

"သီတာရေ.. မာလာလိုက်ကြည့်နေပုံက တစ်မျိုးပဲ။ သူ့အဖေကို မတွေ့လို့ ရှာနေတာလား မသိဘူး"

"ဟုတ်တယ် ဒေါ်လေး။ သီတာလည်း အဲဒီလိုထင်တယ်"

"အဲဒါဆိုရင်တော့ မာလာ့အခြေအနေက တိုးတက်လာတာပဲ။ အဖေကို ရှာတတ်နေပြီ။ ဒါကို အစ်ကိုကြီးသာသိရင် ဘယ်လောက်ဝမ်းသာလိုက်လေမလဲနော်။ ဒါပေမဲ့.."

မလှမြင့် စကားမဆက်နိုင်တော့။ မျက်ရည်တွေက ပါးပြင်ပေါ်သို့ ဦးပိုးပေါက်ပေါက်စီးကျလာသည်။ ရှိုက်သံနှင့်အတူ စကားစ ပြတ်သွားသည်။

သီတာကလည်း အင့်ခနဲ ကျိတ်၍ရှိုက်လိုက်သည်။

မလှမြင့်နှင့်သီတာတို့ ဆေးရုံရောက်တော့ မာလာအိပ်ပျော်နေသည်။ မလှမြင့်နှင့်သီတာ ခုတင်ဘေးမှာ စိတ်မကောင်းစွာထိုင်၍ ဦးထွေးနှင့်မာလာ၏ ရှေ့ရေးကို ပြောဖြစ်ကြ၏။

သမီးမာလာက ဆေးရုံပေါ်မှာ..။

ဖခင်ဦးထွေးက အချုပ်ထဲမှာ..။

သူတို့သားအဖနှစ်ဦး၏ရှေ့ရေးကား အတိဒုက္ခများစွာဖြင့် မှောင်တွင်းနက်ထဲမှာ။ ဘေးမှနေ၍ ဝင်ကူချင်၊ ဖေးမချင်သော်လည်း မတတ်သာ။ ဘယ်ဘဝက ဝဋ်ကြွေးများပါလိမ့်ဟု တွေးတောကြေကွဲမဆုံးကြ။

ဟော.. သမီးလေးမာလာ အိပ်ရာကနိုးလာတော့ သူတို့ကို ကြောင်တောင်တောင်မျက်လုံးများဖြင့် ကြည့်သည်။ သူတို့အထင် မာလာက သူ့ဖခင်ကို မမြင်၍ ရှာသည်ပဲ။

သို့သော် သမီးကရှာတော့ ဖခင်က အနားမှာမရှိနိုင်တော့ပြီ။

မည်မျှရင်နာဖွယ်ကောင်းပါသနည်း။

"ဟင်.."

ရုတ်တရက် ခုတင်နားသို့ရောက်လာသော လူရိပ်များကြောင့် မလှမြင့်နှင့် သီတာတို့ မျက်ရည်များဖြင့် မော့ကြည့်မိကြပြီး အံ့သြသွားကြသည်။

"အစ်ကိုကြီး.."

"ဦးလေး.."

"အစ်ကိုကြီး ပြန်လွတ်လာပြီနော်"

မလှမြင့်နှင့် သီတာတို့ ဝမ်းသာအားရ နေရာမှထကာ ဦးထွေး၏လက်ကို ဆွဲကိုင်လိုက်ကြ၏။ ပြီးမှ ဦးထွေးဘေးမှ လူစိမ်းနှစ်ဦးကို ကြည့်မိကြ၏။ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး။

"ဟုတ်တယ် မလှမြင့်ရေ၊ ကျွန်တော်တို့ကို နတ်ကောင်းမ, တာပဲ၊ ကျွန်တော့်ကို ခဲ့စခန်းမှာ ဟောဒီသူတော်ကောင်းရှေ့နေမင်းတို့က အာမခံပြီး အချုပ်က ထုတ်ခဲ့တာပဲ"

ဦးထွေးက မေစံရှားနှင့် ကိုနေသော်တို့ဘက်လှည့်၍ ညွှန်ပြကာ ပြောလိုက်သည်။

"အို.. ကျေးဇူးတင်လိုက်တာရှင်"

"ဒါတင်မကဘူး မလှမြင့်ရေ၊ ရှေ့နေမလေးက သမီးကလေးအမှုကို နိုင်အောင် အထက်ရုံးကို အယူခံတင်မတဲ့။ အမှုကို သူလိုက်ပေးမတဲ့။ ကျွန်တော့်အမှုကိုလည်း သူလိုက်မယ်တဲ့"

"တ.. တကယ်လားဟင်.. တကယ်လား။ နိုင်.. နိုင်အောင်လုပ်ပေးပါ ဆရာမလေးရယ်။ မာလာကလေးက မတရားခံရတာပါ။ ဟောဟိုမှာကြည့်ပါ။ သူတို့သားအဖအဖြစ်က သိပ်ရင်နာစရာကောင်းပါတယ်။ မာလာကလေးဟာ သူ့အဖေကိုတောင် မမှတ်မိဘဲ ကြောင်တောင်တောင်ဖြစ်နေတာ"

မလှမြင့်က နှုတ်သွက်လျှာသွက်ဖြင့် တောင်းပန်ခယစကား ဆိုသည်။

သီတာကလည်း..

"ဟုတ်ပါတယ် မမရယ်.. ။ ကျွန်မသူငယ်ချင်းအဖြစ်က မမမြင်ထဲ့ အတိုင်းပါပဲ။ သူ့ကို ရက်ရက်စက်စက်၊ ယုတ်ယုတ်မာမာ လုပ်ခဲ့သူဟာ ခဲ့ကောင်းမြတ်ပါ။ သေချာပါတယ်"

မေစံရှား၏လက်ကို အားကိုးတကြီးဆုပ်ကိုင်ကာ ပြောသည်။

မေစံရှား ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ။ အကောင်းဆုံးဖြစ်အောင် ကျွန်မကြိုးစားပါ့မယ်"

"အစ်ကိုကြီး.. ဆရာမလေးရဲ့ ရှေ့နေခကို ဘယ်လို.."





မလှမြင့်စကားကို ဖြတ်၍..

"အဲဒီအတွက် ဘာမှစိတ်ထဲမထားပါနဲ့၊ ကျွန်မ မေတ္တာနဲ့ ကူညီတာပါ"

"ရှင်.."

"ဟုတ်တယ် မလှမြင့်ရေ၊ ဒီဆရာမလေးက အမှုလိုက်ခ ဘာမှမယူဘူးတဲ့။ ရုံးစရိတ်လိုရင် သူစိုက်ပါ့မယ်တဲ့။ အခုလည်း ဆေးဖိုးဝါးခဆိုပြီး ကျွန်တော့်ကို ပေးထားသေးတယ်"

ဦးထွေးစကားကြောင့် မလှမြင့်ရော၊ သီတာပါ မေစံရှားကို အံ့သြစွာ၊ ဆေးစားစွာ၊ အထင်ကြီးစွာ ကြည့်ကြသည်။

"သမီးလေး.."

ဦးထွေးက မာလာနားသို့ ကပ်သွားကာ ညင်သာစွာခေါ်ရင်း လက်ကလေးကို တယုတယဆုပ်ကိုင်လိုက်သည်။ မာလာကမူ မျက်လုံးကြောင်ကလေးဖြင့် မော့ကြည့်၏။ တုံ့ပြန်မှု ရှိ၊ မရှိ မသေချာ။

"သမီးလေး.. နေလို့ကောင်းရဲ့လားဟင်"

နဖူးမှဆံစများကို သပ်တင်ရင်း ဖခင်က ကြင်နာစွာပြုသမျှကို မာလာက ကျောက်ရုပ်လေးတစ်ရုပ်လို ငြိမ်၍ခံယူနေရ၏။ မာလာ့မျက်နှာ၌ ဆင်းသာမှု သို့မဟုတ် ပျော့ရွင်မှု သို့မဟုတ် ကြည်နူးမှု အရိပ်အယောင်များ သုံးဝမထင်လာ။

သားအဖနှစ်ဦး၏အဖြစ်ကိုကြည့်၍ မေစံရှားမျက်ရည်ဝဲနေသလို ကိုနေသော်က မောလျစွာ သက်ပြင်းချသည်။

"ရှားရေ.. ကြည့်ရတာ ကိုကို့ရင်ထဲမှာ ဆို့နေတာပဲ။ ရှားလုပ်မယ့် အလုပ်ဟာ သိပ်ကိုမှန်ကန်တာပဲ။ ဘယ်လောက်ပဲ အတားအဆီးကြီးများပါစေ။ နောက်မဆုတ်တမ်း ရင်ဆိုင်ကြတာပေါ့နော်"

မေစံရှားက အနားကပ်၍ တိုးတိုးပြောလိုက်သော ချစ်သူ၏စကားကြောင့် အားအင်တွေပြည့်ဝလာသလို ပြုံးလိုက်လေ၏။

❦ ❦ ❦ ❦ ❦

# ၃၄

ဒေါ်မြနှစ်က လေးပင်သောခြေလှမ်းများနှင့် အိမ်ပေါ်တက်လာကာ ဆွဲလာသောအိတ်နှင့် ထမင်းချိုင့်ကို ချသည်။ ပြီးလျှင် ထိုင်ခုံတစ်ခု၌ ပက်ခနဲ ထိုင်ချလိုက်၏။

အခန်းထဲမှ သောင်းထိုက်ထွက်လာကာ မိခင်၏ထိုင်ခုံဘေး ကြမ်း ပြင်ပေါ်၌ ထိုင်လိုက်ပြီး မိခင်ကိုမော့ကြည့်သည်။ မကြည်လင်သော မိခင်၏ မျက်နှာကိုကြည့်၍ အခြေအနေကို သူရိပ်မိသည်။

"အမေ.. ဒီနေ့ တရားရုံးစီရင်ချက်ကို ကြားခဲ့လား"

မပွင့်တပွင့်၊ မဝံ့မဇဲ့ မေးသည်။

ဒေါ်မြနှစ်က သက်ပြင်းရှည်နှင့်အတူ ခေါင်းညိတ်၏။

"အမေတို့ထင်တဲ့အတိုင်းပါပဲ။ ရဲကောင်းမြတ်တို့က စင်ပေါ်မှာ။ မာလာတို့ခများမှာတော့ မြေနိမ့်ရာ လှံစိုက်ပါပဲ"

ခပ်လေးလေး၊ ခပ်ညည်းညည်း ဆိုရှာ၏။

"စိတ်မကောင်းစရာပဲ အမေ။ သူတို့အဖြစ်က သနားစရာပဲ"

"ဒါတင်ဘယ်ကမလဲ သားရယ်။ အဖြစ်က ဒီ့ထက်ဆိုးသွားတယ်"

သောင်းထိုက် အလန့်တကြား နားမလည်သလို ကြည့်သည်။





"ဘာဖြစ်သေးလို့လဲ အမေ"

"တရားရုံးကထွက်လာတော့ ဝမ်းနည်းနေတဲ့ ကောင်မလေးရဲ့အဖေကို ရဲကောင်းမြတ်က သွားရိသတဲ့။ အဲဒီမှာ ပေါက်ကွဲပြီး မာလာ့အဖေက ရဲကောင်းမြတ်ကို လည်ပင်းထည့်စ်တယ်။ ပြီးတော့ အနားက အုတ်ခဲကျိုးနဲ့ ခေါင်းကိုထုသတဲ့"

"ဟင်.. ရဲကောင်းမြတ် သေရောလား"

"မသေပါဘူး။ ဝိုင်းဆွဲကြလို့ တစ်ချက်ပဲထုမိတယ်။ ဒါကလည်းဘေးကဆွဲတဲ့ကြားက လုပ်လိုက်တာဆိုတော့ သိပ်ပြီးဒဏ်ရာမများပါဘူး။ ခေါင်းတော့ ကွဲသွားမှာပေါ့။ ရဲကောင်းမြတ်က အခု ဆေးရုံမှာ။ မာလာရဲ့အဖေက အချုပ်ထဲမှာ.."

"ဟာ.. ဒုက္ခပေါ် ဒုက္ခဆင့်ကုန်ပြီ"

"အမှန်ပဲ သားရေ။ သမီးက ဆေးရုံမှာ။ အဖေက အချုပ်ထဲမှာ။ သူတို့ရှေ့ရေးက မတွေးရဲစရာပဲ"

ရဲကောင်းမြတ်က ချိန်ချိန်ဆဆဖြင့်..

"သား ရဲကောင်းမြတ်ကို ဆေးရုံမှာ သွားတွေ့သင့်သလားဟင် အမေ"

မေးသည်။

"တွေ့တာတော့ သွားတွေ့ပေါ့ သားရယ်။ သူငယ်ချင်းတွေပဲ။ လူမှုရေးဆိုတာက ရှိသေးတယ်"

"ဒါဆို မနက်ဖြန် သွားကြည့်မယ်နော်"

"အင်း.."

"အမေ.."

"ဟင်.."

"မာလာ့ကို တစ်ခါလောက် အမေသွားကြည့်ပေးပါလား။ သားကိုယ်တိုင် သွားချင်ပါတယ်။ သား သူ့မျက်နှာကို မကြည့်ရဲလို့ပါ အဗေ"

"အမေစဉ်းစားပြီးပါပြီ။ အမေသွားမှာပါ"

"ဒါဆို ဟိုအမှုက ပြီးသွားပြီးတော့ နောက်တစ်မှုဖြစ်မှာပေါ့နော်။ ဒီတစ်ခါ ရဲကောင်းမြတ်က တရားလိုပြန်ဖြစ်ပြီး မာလာ့အဖေက တရားခံဖြစ်နေမှာပေါ့"

"ဟုတ်တယ် သား"

"ထောင်ကျသွားရင်တော့ ဒုက္ခပဲ။ မာလာ့ကို ဘယ်သူကြည့်မလဲ"

သားအမိနှစ်ဦးစလုံး တိတ်ဆိတ်သွားသည်။ အတွေးကိုယ်စီနှင့်ဖြစ်၏ စေတနာကိုယ်စီနှင့်ဖြစ်၏။

ရီရီထိုက် ကျူရှင်မှပြန်လာပြီး အိမ်ပေါ်တက်လာသောကြောင့် ထို ကိစ္စကို စကားမဆက်ဘဲ ရပ်လိုက်ကြသော်လည်း မျက်နှာမကောင်းသော မိခင်နှင့် အစ်ကိုတို့ကိုကြည့်၍ ရီရီထိုက်ကလည်း ရိပ်မိသည်။

သူမကိုယ်တိုင်ပင် ကျူရှင်မှာ မာလာတို့အမှု စီရင်ချက်အကြောင်း မာလာ၏သူငယ်ချင်းအချို့ပြောသံကို ကြားခဲ့ရသည်မဟုတ်ပါလား။

❦ ❦ ❦ ❦ ❦

# ၃၅

"နင် အိမ်ပေါ်က ဆင်းသွားတော့"

"အစ်ကိုကြီး.."

"ငါ့ကို အစ်ကိုကြီးမခေါ်နဲ့။ နားခါးတယ်။ အရှက်မရှိတဲ့ နင့်မျက်နှာ၊ သစ္စာမရှိတဲ့ နင့်မျက်နှာကို ငါမကြည့်ချင်ဘူး"

မုန်တိုင်းကျနေသော ဦးကျော်မြတ်၏မျက်နှာကို အသည်းလေးက မဝံ့မရဲကြည့်ကာ ဦးကျော်မြတ်၏လက်ကိုဆွဲ၍ ရင်မှာအပ်သည်။ ဦးကျော်မြတ်က လက်ကိုဆောင့်ရုန်းလိုက်သည်။

"အစ်ကိုကြီးဘာတွေပြောနေတာလဲ။ အသည်းလေး နားမလည်ဘူး။ ဘာကြောင့် အသည်းလေးကို ခုလို ရက်ရက်စက်စက်စကားတွေ ပြောနေရတာလဲ"

ခပ်ချဲ့ချဲ့လေး ပြောသည်။

"အပိုတွေ ပြောမနေနဲ့။ နင်လုပ်တာ နင်မသိဘဲနေမလား"

ဦးကျော်မြတ်၏ မီးပုံကြီးကား လျော့မသွား။

"အသည်းလေးက ဘာလုပ်လို့လဲလို့"

ဦးကျော်မြတ်က တောက်တစ်ချက်ခတ်လိုက်သည်။

"နင် ဟိုမင်းသားတစ်လက်နဲ့ ဖြစ်ချင်တိုင်း ဖြစ်နေတာလေ"

အသည်းလေးမျက်နှာ မည်းခနဲဖြစ်သွား၏။ မျက်နှာပျက်သွားခြင်း ဖြစ်သည်။ မျက်လုံးတွေလွှဲလိုက်ပြီးမှ ချက်ချင်းပင် မျက်နှာကို ပြန်လည်ပြင်လိုက်ကာ..

"အစ်ကိုကြီးကလည်း..။ မလိုတဲ့လူတွေ လွှင့်တဲ့ ကောလာဟလကို အဟုတ်ကြီးလုပ်လို့"

ခပ်ညူညူပြော၍ ဦးကျော်မြတ်ရင်ခွင်ထဲတိုးဝင်ဖို့ ကြိုးစားသည်။ ဦးကျော်မြတ်က လက်မခံ။ အသည်းလေးကိုယ်ကို ခပ်ကြမ်းကြမ်းတွန်းပစ်လိုက်၏။ အသည်းလေး ဆက်တီပေါ် ခွေခနဲလဲကျသွားသည်။

သူမမျက်နှာလေးက ရဲသွားသည်။ အရှက်တရားနှင့်အတူ မာနလေးက လွှင့်ခနဲဝဲတက်လာသည်။

"အစ်ကိုကြီးနော်.. ကျွန်မကို ဒီလိုအနိုင်မကျင့်နဲ့"

"အနိုင်ကျင့်တာ မဟုတ်ဘူး။ အပြတ်ရှင်းနေတာ။ နင့်သတင်းတွေ ငါမယုံလို့ စုံစမ်းခိုင်းလိုက်တာ တစ်ခုမှမလွဲဘူး။ နင်က မုန်လာဥလုပ်ချင်သေးလို့လား။ နင်တို့ အရှက်မရှိတဲ့ပုံတွေ.."

ဦးကျော်မြတ်က အိတ်တစ်ခုထဲမှ ဓာတ်ပုံအချို့ကို ဆွဲထုတ်ကာ အသည်းလေးရှေ့သို့ ပစ်ချပြလိုက်သည်။

ဓာတ်ပုံတွေက ကြမ်းပြင်ပေါ်မှာ ပြန့်ကျဲသွား၏။

"အို.."

အသည်းလေးမြင်လိုက်ရသည်က မယုံကြည်ချင်စရာ။

သူနှင့် ထိုမင်းသားတို့၏ ပုံများ..။ ပုံများကလည်း ပီပီပြင်ပြင်ကြီးများဖြစ်၏။

"ကဲ.. နင်ဘာငြင်းချင်သေးလဲ။ မြွေဟောက်မ.. သွား.. ဒီအိမ်ပေါ်က ဆင်း။ နင်နဲ့ငါ ဘာမှမပတ်သက်တော့ဘူး။ ငါ့ကို ဘယ်တော့မှ ထပ်ပြီးဆက်သွယ်ဖို့ မကြိုးစားနဲ့"

"အစ်ကိုကြီး.. အသည်းလေး တောင်းပန်.."

"တော်စမ်း..။ မာယာတွေ ပြမနေနဲ့တော့။ နင့်လို အပျက်မကို ငါက တန်ဖိုးထားမြတ်နိုးမိတာ ငါ့အမှားပဲ"

"အစ်ကိုကြီး.. အဲဒီလိုတော့ ပြောဖို့မကောင်းဘူး"

"ဩော်.. အပျက်မပြောတော့ နာတယ်.. ဟုတ်လား။ နင် အပျက်





ပဲ မဟုတ်လား။ ငါ့ကိုလည်း ငွေရှိလို့ နင်ကပ်တာပဲမဟုတ်လား"

"အစ်ကိုကြီးကလည်း ဘာထူးလဲ။ အသက်ကြီးမှ တဏှာရူးပြီး ကျွန်မကို ငွေနဲ့မျှားတာ။ တကယ်ဆို ကျွန်မက အပျက်ဆိုရင် အစ်ကိုကြီးက ထည်း ခေါင်းသာသာပဲ"

"ဘာ.."

"ဖျန်း.."

ဦးကျော်မြတ်၏ ဒေါသက အမြင့်ဆုံးတက်သွားသည်။ လက်ကမြောက်လာကာ အသည်းလေးပါးပြင်ပေါ်သို့ ပြင်းစွာကျ၏။ အသည်းလေး ထည်ထွက်သွားကာ ကြမ်းပြင်ပေါ် ပုံခနဲကျသည်။

ထို့နောက်မှာတော့ ရှက်ခြင်း၊ ဒေါသဖြစ်ခြင်း၊ မခံမရပ်နိုင်ခြင်းများဖြင့် မကြားဝံ့မနာသာစကားလုံးများဖြင့် ပစ်ပေါက်ကာ အခန်းတွင်းသို့ အသည်းလေးဝင်သွားကာ တံခါးကို ဝုန်းခနဲဆောင့်ပိတ်သည်။

ထိုအခိုက်မှာပင်..

လက်ကိုင်ဖုန်းခေါ်သံက မြည်လာသည်။

ဒေါသကို မျိုသိပ်ကာ ဦးကျော်မြတ်ဖုန်းကိုဖွင့်သည်။ ရှေ့နေကြီးဦးမင်းထွေးနောင်ထံမှ ဖြစ်သည်။

"ဟဲလို.."

"အစ်ကိုကြီးဦးကျော်မြတ်လား"

"ဟုတ်တယ်ရှေ့နေကြီး။ ဘာထူးလို့လဲ"

"ထူးတယ်ဗျို့.. ထူးတယ်..။ ထူးတာမှ မထင်မှတ်တဲ့နေရာကနေ ကျွန်တော်တို့ကို စိန်ခေါ်လာတာပဲ"

"ဘာလဲဗျ..။ ရှင်းရှင်းပြောပါဗျာ"

"အစ်ကိုကြီးသား ရဲကောင်းမြတ်နဲ့ မာလာရဲ့အမှုကို အခု တိုင်းတရားရုံးကို တင်လိုက်ပြီ"

"ဘာ.."

"စောစောကပဲ သတင်းရလို့ စုံစမ်းတာ။ အသေအချာပဲ"

"သူတို့ ဒီလောက်မတတ်ပါဘူး"

"သူတို့ မတတ်ပေမယ့် လက်ဖက်ထုပ်က တတ်တယ်လေ။ ဦးထွေးကို အမခံနဲ့ အချုပ်ကထုတ်သွားတဲ့ ရှေ့နေမ မေစံရှားကပဲ အယူခံတက်တာ"

"ရှေ့နေကြီး.. ဒါဆို အခြေအနေက.."

"နောက်တစ်ပွဲ ရင်ဆိုင်ရမှာပေါ့"

"ကျွန်တော်တို့က အပေါ်စီးကပဲရှိနေမှာမဟုတ်လား"

တစ်ဖက်မှ အသံတစ်ခဏဆိုင်းသွားသည်။

ဦးကျော်မြတ် အားမလိုအားမရဖြစ်သွားသည်။

"ဘယ်လိုလဲ ရှေ့နေကြီး"

"ကျွန်တော်တို့က ခရိုင်ရုံးမှာတုန်းက သုံးခဲ့တဲ့ လက်နက်တွေကိုဆက်သုံးရမှာ။ ဘာမှပြောင်းလဲလို့မရဘူး။ ဒါကြောင့် တစ်ဖက်က ကျွန်တော်တို့ရဲ့တိုက်ကွက်တွေကို အစအဆုံးမြင်ပြီးသားမို့ သူတို့ဘက်က အချိန်ယူပြီး ပြင်ဆင်နိုင်တယ်"

"ဘာဖြစ်နိုင်လဲ"

"ကျွန်တော်တို့လုပ်ကွက်တွေကို သူတို့တိုက်ဖျက်သွားနိုင်တယ်"

"ခင်ဗျား သွေးကြောင်နေတာလား။ ဒီရှေ့နေမအစုတ်ပလုတ်မလေးကို ခင်ဗျားဘာမှုစရာရှိလဲ"

"မထင်နဲ့ အစ်ကိုကြီး။ မေစံရှားကို လျှော့တွက်လို့ မရဘူး"

"လုပ်စမ်းပါဗျာ..။ ရှိတဲ့တိုက်ကွက်တွေကို အကုန်သုံး။ ဒီလို ထင်ပြီးစိန်ခေါ်လာတာကို ကမ္ဘာကျော် ဦးကျော်မြတ်က တိမ်ပေါ်ကစောင့်မယ်။ ကျုပ်ဘက်ကလည်း အပြတ်ကိုလုပ်မှာ"

"တစ်ပွဲမှာ သူက တရားလို၊ ကျွန်တော်တို့က တရားခံ။ နောက်တစ်ပွဲမှာ သူက တရားခံ၊ ကျွန်တော်တို့က တရားလို။ နှစ်ပွဲပြိုင်တူ ကစားရမှာဆိုတော့ တစ်ခုရှိနေတာက စောစောက ကျွန်တော်ပြောသလို ကျွန်တော်တို့ဖဲချပ်တွေက အာလုံးဖွင့်ပြီး ဖြန့်ခင်းပြပြီးသားဖြစ်နေပြီ။ သူက မှောက်ထားတဲ့ဖဲချပ်တွေနဲ့ ရှိနေတာပဲ"

"ခင်ဗျား ရှိုးကစားဖူးတာပဲ။ နောက်ဆုံးဖဲချပ် မလှန်နိုင်အောင် ငွေနဲ့ခြောက်ပြီး ပြေးခိုင်းရမှာပေါ့"

"ကျွန်တော်သိသလောက် မေစံရှားက ငွေမကြောက်ဘူး"

"အသက်အန္တရာယ်တော့ ကြောက်မှာပေါ့ဗျာ"

"အဲဒါသည်း သူမကြောက်ဘူးဗျ"

"အဲဒီလောက်တောင်ပဲလား"

"ဟုတ်တယ်..။ တကယ့်သံမဏိခဲမလေးဗျ။ ဒါကြောင့် အစစအရာရာ ပြင်ဆင်ပြီး တိုက်ကွက်အားလုံးသုံးမှ ရမှာ"





"ဟာ.. ဒါဆိုရင်တော့ သိပ်ကြည့်ကောင်းမယ့် ပွဲကြီးပွဲကောင်းပေါ့။ ခဲမျိုးမှ ရင်ခုန်စရာကောင်းတာ။ ဟား.. ဟား.. ဟား.."

"ဒါပဲနော်။ ကြိုသိထားဖို့ အကြောင်းကြားတာ။ ကျွန်တော့်ဘက်ကသည်း ပြင်ဆင်ပါ့မယ်"

"ကောင်းပြီ ရှေ့နေကြီး"

ဗုန်းကို ပိတ်လိုက်သည်။

ငွေမကြောက်၊ အသက်အန္တရာယ်မကြောက်တဲ့ သံမဏိခဲမလေးတဲ့။ တစ်ပြိုင်တည်း နှစ်ပွဲကစားဖို့ စိန်ခေါ်လာသည့် ရှေ့နေမ။

"စော့.ချင်စမ်းလှတယ်"

စိတ်ထဲမှာ ကြိမ်းဝါးလှသည်။

ပြီးနောက် အသည်းလေးဝင်သွားရာ အခန်းဝနားသို့သွားကာ တံခါးကို ခေါက်လိုက်၏။

"မနက်ဖြန် ဒီအိမ်မှာ နင့်ကို မမြင်ချင်ဘူး"

ပြတ်သားသောစကားတစ်ခွန်းကိုပြောပြီး ထိုနေရာမှ ဦးကျော်မြတ်ကြည့်ထွက်လိုက်သည်။

ကမ္ဘာကျော် ကျော်မြတ်ဆိုသည်မှာ ကျားဖြစ်၏။ နွားမဟုတ်။ သေနင်္ဂကို ပိုင်နိုင်ကျွမ်းကျင်၏။ အချဉ်မဟုတ်။ တောကျွမ်းသည့် မုဆိုးဖြစ်၏။ သားကောင်မဟုတ်။

❦ ❦ ❦ ❦ ❦

# ၃၆

ဒေါ်မေစံရှား.. လာဗျို.. လာ..။ ကျွန်တော်လည်း ဒေါ်မေစံရှား[illegible]
ကို ဖုန်းဆက်ရင် ကောင်းမလားလို့တောင် စိတ်ကူးနေတာ"

ရဲစခန်းတွင်းသို့ဝင်လာသော မေစံရှားကို ရဲအုပ်အောင်မင်းက ဆီး[illegible]
၍ နှုတ်ဆက်လိုက်သည်။ မေစံရှားက အပြုံးဖြင့်တုံ့ပြန်ရင်း ရဲအရာရှိစားပွဲ[illegible]
တွင် ဝင်ထိုင်၏။

"အကြောင်းတစ်ခုခု ရှိနေလို့လား"

ဟုလည်း မေးလိုက်သည်။

"ဆိုပါတော့..။ ဒါနဲ့ ဒီနေ့တော့ တစ်ယောက်တည်းပါလား။ ကိုယ်[illegible]
တော်တပ်မှူးလေး မပါဘူးလား"

ရဲအုပ်အောင်မင်း၏ ရင်းနှီးကျွမ်းဝင်သော ရယ်ပွဲဖွဲ့စကား။

"ကိုကိုက သူ့မဂ္ဂဇင်းအလုပ်တွေနဲ့ ရှုပ်နေလို့ လိုက်မလာတာ[illegible]
ကဲ.. ပြောပါဦး။ အကြောင်းက.."

"ကျွန်တော်တို့ မျှော်လင့်ထားတဲ့ အတိုင်းပဲပေါ့ဗျာ။ မာလာရဲ့ အ[illegible]
အထက်ရုံးကိုတင်လိုက်ပြီဆိုတာ သူတို့သိသွားသလို ဦးထွေးအမှုကို ပြင်းထန်[illegible]
နာကျင်စေမှုနဲ့ ခရိုင်ရုံးတင်ဖို့ သူတို့ဖိအားပေးလာကြတယ်"





"ထင်သားပဲ။ ရဲကောင်းမြတ်အခြေအနေက ဆိုးလို့လား"

"ကျွန်တော် ဆေးရုံရောက်ပြီးပါပြီ။ ဆရာဝန်ကြီးနဲ့လည်း တွေ့ပြီးပါပြီ။ ဒဏ်ရာက ပြင်းပုံမရပါဘူး။ ဆရာဝန်ကြီးကလည်း မပြင်းထန်ဘူးလို့ ယူဆတာပါပဲ။ ဒါပေမဲ့ ရဲကောင်းမြတ်က ကယောင်ချောက်ချားတွေလျှောက်ပြောတာတို့ တစ်ခါတစ်ခါ မူးတယ်တို့ ဖြစ်နေလို့ ဦးနှောက်ပိုင်းဆိုင်ရာစမ်းသပ်စစ်ဆေးမှုတွေ လုပ်နေတယ်"

မေစံရှားက သဘောကျစွာ ပြုံးသည်။

"ဒါပေါ့.. ဒါ.. ရှေ့နေကြီးဦးမင်းထွေးနောင်ရဲ့ အကြံနေမှာပဲ။ ဆေးရုံမှာ ရက်နှစ်ဆယ်ကျော်နေရတယ်၊ အတွင်းမှာ ထိခိုက်မှုရှိတယ်၊ ကာလကြာရှည်စွာ ခံစားသွားရနိုင်တယ်ဆိုတာမျိုး ဖြစ်အောင်လုပ်နေတာ နေမှာပေါ့။ လုပ်ပါစေ..။ သူတို့လိုချင်တဲ့အတိုင်း ပြင်းထန်စွာနာကျင်စေမှုနဲ့ ခရိုင်ရုံးတင်ပေးလိုက်ပါ။ သူတို့လည်း ကိုအောင်မင်းအပေါ် အမြင်ကြည်သွားအောင်ပေါ့"

"ဒေါ်မေစံရှားအတွက် ပိုပြီးခက်ခဲသွားမလား။ အမှုက လေးသွားမလား"

ရဲအုပ်အောင်မင်းက စိုးရိမ်စိတ်ဖြင့် မေးသည်။

"ကိစ္စမရှိပါဘူး။ ကျွန်မမှာ ထွက်ပေါက်ရှိပါတယ်။ ကျွန်မက ဦးထွေးအတွက် လျှောက်လဲမှာက တစ်မျိုးပါ"

"ဒါဆိုလည်း အဲဒီလိုပဲ လုပ်ကြတာပေါ့"

မေစံရှားက တစ်ခဏစဉ်းစားပြီး..

"မာလာ့အမှုမှာ တရားရုံးကို ကိုအောင်မင်းတင်ပြခဲ့စဉ်က မာလာ့ဆီမှာတွေ့ခဲ့တဲ့ သုက်ပိုးကို DNA စစ်တော့ ရဲကောင်းမြတ်ရဲ့သွေးနဲ့ 'အို' ချင်းတူနေတာ ပါတယ်နော်"

"ပါပါတယ်"

"မာလာ့မှာလည်း ဒဏ်ရာဒဏ်ချက်တွေ တွေ့တယ်နော်"

"ဟုတ်ပါတယ်"

"ဒီအမှုမှာ တရားခံအကျိုးဆောင်ရှေ့နေကြီး ဦးမင်းထွေးနောင်က မာလာဟာ တစ်စုံတစ်ယောက်ရဲ့ အဓမ္မပြုကျင့်ခံရမှုကို မငြင်းဆိုခဲ့ဘူး။ သူ့အမှုသည် ရဲကောင်းမြတ်မဟုတ်ကြောင်းကိုသာ ရှောင်လွှဲပြီး ထွက်သွားခဲ့တာ။ ဒီနေရာမှာ သူတိုသုံးသွားတဲ့အကွက်ကို ကိုအောင်မင်းမြင်မိတယ်မဟုတ်လား"

ရဲအုပ်အောင်မင်း ခေါင်းညိတ်သည်။

"ကျွန်တော်တို့တင်ပြခဲ့တဲ့ တရားလိုပြသက်သေတွေကို တရားရုံးမှာ နှုတ်ပိတ်အောင် လုပ်ခဲ့တာပဲ ဒေါ်မေစံရှား"

"မှန်ပါတယ် ကိုအောင်မင်း။ တရားလိုပြသက်သေအားလုံးဟာ ရဲစခန်းမှာအစစ်ခံခဲ့စဉ်တုန်းက စကားတွေနဲ့ လုံးဝပြောင်းပြန်ဖြစ်အောင် ခြားနားပြီး ထွက်ဆိုသွားခဲ့တယ်။ ဒါဟာ မရိုးသားမှုပဲ။ ဒီမရိုးသားမှုကိုလုပ်တာ ဦးကျော်မြတ်ဖြစ်တယ်။ ဒါကို ကိုအောင်မင်းလက်ခံတယ်နော်"

"လက်ခံပါတယ်"

"တစ်ခါ.. ရဲကောင်းမြတ်ကို အခင်းဖြစ်တဲ့အချိန် Queen ဟိုတယ်မှာရှိနေကြောင်း ကုမ္ပဏီပိုင်ရှင်နှစ်ဦးကို တရားခံပြသက်သေထူပြီး အလီဘိုင်ပြခဲ့တယ်။ ရဲကောင်းမြတ် ဒီအမှုကို ကျူးလွန်တာမှန်တယ်ဆိုရင် ဒီသက်သေတွေဟာ မမှန်သက်သေတွေပဲ"

"ကျွန်တော်လည်း ဒီလိုပဲ ယုံကြည်တယ်"

"ဒီအမှုမှာ ကျွန်မတို့တက်က လုံးဝအားနည်းနေတယ်။ ကာယကံရှင်ဖြစ်တဲ့ မာလာဟာ ဘာကိုမှမမှတ်မိနိုင်တဲ့ ဝေဒနာရှင်ဖြစ်နေလို့ ကျူးလွန်သူကို မပြနိုင်ဘူး။ နောက်တစ်ခုက ကျူးလွန်ခံရချိန်မှာ မာလာဟာ မေ့ဆေးအရှိန်နဲ့ သတိမေ့နေတာမို့ ရှန်းကန်နိုင်ခြင်းမရှိခဲ့တဲ့အတွက် တရားခံရဲ့ကိုယ်မှာ ဘာဒဏ်ရာဒဏ်ချက်မှမရှိခဲ့သလို မာလာရဲ့လက်သည်းထဲမှာလည်း ဘာအသားစမှမတွေ့ခဲ့ရဘူး။ ဒါ.. ဟုတ်တယ်နော်"

"အမှန်ပဲ ဒေါ်မေစံရှား။ အဲဒီနှစ်ချက်သာ ကျွန်တော်တို့ဘက်ကရရင် သူတို့ ဘယ်လိုမှ မငြင်းနိုင်ဘူး"

"ဒါကိုတော့ ကျွန်မတို့ကြိုးစားလို့ မရနိုင်ဘူး။ ဒါပေမဲ့ သက်သေတွေက မမှန်မကန်ထွက်ဆိုတာနဲ့ မမှန်သက်သေတွေပြတာကိုတော့ ဖော်ထုတ်လို့ ရနိုင်အောင် ကြိုးစားရမှာပဲ"

ရဲအုပ်အောင်မင်းက တွေးတွေးဆဆဖြင့်..

"သိပ်တော့မလွယ်လှဘူး ဒေါ်မေစံရှား။ ဒီသက်သေတွေဟာ ဘယ်လိုနည်းနဲ့ ခြိမ်းခြောက်ခံထားရသလဲမှ မသိတာ"

ဟု ပြောသည်။

"ကျွန်မလည်း ဒါကိုတွေးမိပါတယ်။ ဒါပေမဲ့ ရတဲ့နည်းနဲ့ ကိုယ့်ဘက်ပါအောင် လုပ်ကြည့်ရမှာပဲ"

"ကျွန်တော့်အကူအညီ လိုသလား"





ရဲအုပ်အောင်မင်းက မေးသည်ကို မေစံရှားက ခေါင်းခါပြ၍ ဖြေသည်။

"ကိုအောင်မင်းကူညီမယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ နေပါစေ။ ကိုအောင်မင်းပါလာရင် ထိပ်တိုက်ဖြစ်ချင် ဖြစ်ကုန်မှာ။ ကျွန်မနည်းကျွန်မဟန်နဲ့ လုပ်ပါ့မယ်"

"လိုအပ်ရင် ပြောပါ။ ကျွန်တော့်ကို အားမနာပါနဲ့"

"ကျွန်မ တစ်ခုသိချင်တယ်"

"ပြောပါ ဒေါ်မေစံရှား"

"ကိုအောင်မင်း ဒီအမှုကိုတင်စဉ်တုန်းက အသုံးမချခဲ့တဲ့ လူတစ်ယောက် ရှိနေခဲ့တယ်။ ကျွန်မအမြင်ပြောရရင် အဲဒီလူဟာ ကျွန်မတို့အတွက် အကောင်းဆုံးအားပဲ ဖြစ်လိမ့်မယ်"

"ဘယ်သူ့ကို ပြောတာလဲ"

"ယမုံစားသောက်ဆိုင်မှာ ရဲကောင်းမြတ်နဲ့ အတူစားသောက်ပြီး အတူထွက်သွားကြတဲ့သူ.."

"ဒေါ်မေစံရှားပြောတာ မှန်ပါတယ်။ နောက်ပိုင်းမှ ကျွန်တော် အဲဒါကို တွေးမိတယ်"

"သူ့နာမည် ဘယ်သူလဲ၊ ဘယ်မှာနေလဲ ကျွန်မသိချင်တယ်"

"ကျွန်တော်စုံစမ်းပေးပါ့မယ် ဒေါ်မေစံရှား။ ဒေါ်မေစံရှားဆီကို ခေါ်လာပေးရမလား"

"ဟင့်အင်း.. သိရုံပဲ သိချင်တယ်။ ကျွန်မဘာ့သာ ဆက်ပြီးလှုပ်ရှားပါ့မယ်"

"ဒါဆို အမြန်ဆုံးသိရအောင် ကျွန်တော်လုပ်ပေးမယ်"

"ကျေးဇူးပါပဲရှင်"

"ကျွန်တော်က ကျေးဇူးတင်နေတာပါ ဒေါ်မေစံရှားရယ်"

နှစ်ယောက်သား ပြိုင်တူပြုံးမိကြ၏။

အမှန်တရားကို ရှေ့ရှုသောသူနှစ်ဦး၏ တူညီသောအပြုံးများဟု ဆိုရပါမည်။

"ကဲ.. ကျွန်မပြန်ဦးမယ်"

''ဘောလုံးပွဲတွေမှာ ဆယ့်တစ်ယောက်နဲ့ဆယ့်နှစ်ယောက် ကန်ကြတဲ့ ဘွဲ့တွေကို ကိုကိုကြည့်ဖူးလို့ပါ။ ကြည့်ရင်း ဒေါသထွက်ရတယ်လေ''

''ရှားကတော့ အသန့်ရှင်းဆုံးနဲ့ အနိုင်ရအောင် ကစားရမှာပဲ'' ထိုအခိုက်အတန့်ကလေးမှာပင်..

အခန်းဝ၌ လူရိပ်တစ်ခုပေါ်လာသည်။

''ဒါ.. ရှေ့နေဒေါ်မေစ်ရှားရုံးခန်း ဟုတ်ပါသလား''

မေးသံလည်း ပေါ်လာသည်။

အသက်ခြောက်ဆယ်စွန်းအရွယ် အင်ဒိုနီးရှားပါတီတ်ဆင်အင်္ကျီကို ကိုင်ဘောင်းဘီပေါ်တွင်ဖုံးလျက် ဝတ်ထားပြီး ပိုက်ဆံအိတ်ကြီးကြီးတစ်လုံးကို ချိုင်းတွင်ညှပ်ထားသည့် လူကြီးတစ်ယောက်။

ပါဝါနှင့် အဝေးကြည့် နှစ်မျိုးရောသောမျက်မှန်ကို တပ်ထားပြီး ဆံပင်ကိုနောက်လှန်ဖြီးကာ မျက်နှာအနေအထားက တည်တည်ခန့်ခန့်ကြီးနှင့် ဖြစ်၏။ တည်ခန့်သလို မာန်မာနအရောင်အသွေးများကြောင့် မျက်နှာကြောင်းနေသည်ဟု ကိုနေသော်က မြင်မြင်ချင်း တွေးမိသည်။

သူ့ကို မေစ်ရှားသိသည်။

တခြားသူမဟုတ်။

မေစ်ရှားထံသို့ မဖိတ်ခေါ်ဘဲ ရောက်လာသော ထိုည့်သည်ကြီးမှာ ဧည့်သည်လည်း မဟုတ်။ ငွေည့်သည်လည်း မဟုတ်။ ကြေးည့်သည်သည်း မဟုတ်။

ကမ္ဘာကျော်ဦးကျော်မြတ်ဆိုသည့် ပုဂ္ဂိုလ်ကျော်ကြီးပင်တည်း။

''ဟုတ်ပါတယ်ရှင့်''

မေစ်ရှားက ကွန်ပျူတာကိုပိတ်ရင်းက သူ့ကိုသိနေကြောင်း မပြဘဲ ဧည့်သည်တစ်ဦးကို အဖြေပေးသလိုပင် ရိုးရှင်းပြေပြစ်စွာဖြေလိုက်သည်။ ကိုနေသော်က လှမ်းကြည့်သည်ကိုလည်း မေစ်ရှားက အကြည့်ဖြင့်ပင် တုံ့ပြန်လိုက်၏။ အကြည့်ချင်း နားလည်သွားသည်။

''ဝင်ခဲ့မယ်နော်''

''ဟုတ်ကဲ့.. ငင်ခဲ့ပါရှင်။ ကြွပါ..''

မေစ်ရှားက ဖိတ်ခေါ်လိုက်သလို ကိုနေသော်က ထိုင်နေရာမှ ထကာ ဆင်ခုံကို ဝင်လာသူဦးကျော်မြတ်အတွက် ပြင်ဆင်ခင်းကျင်းပေးသည်။

ဦးကျော်မြတ်က ဝင်ထိုင်ကာ ချိုင်းကြားမှ သူ၏ပိုက်ဆံအိတ်ကြီးကို



# ၃၇

''ဒါဆို ဦးထွေးအမှုက ခရိုင်ရုံးမှာ ရင်ဆိုင်ရမှာပေါ့.. ဟုတ်လား''

ကိုနေသော်က ပြတင်းတံခါးချပ်များကို ဖွင့်ရင်းက လှည့်မေးသည်။ မေစ်ရှားက သူမ၏စားပွဲပေါ်မှ Laptop ကွန်ပျူတာပေါ်တွင် မှတ်တမ်းမှတ်ရာ အချို့ကို ရှာဖွေရင်း..

''ဟုတ်တယ် ကိုကို''

ဟု ဖြေလိုက်၏။

''အရင် မာလာ့အမှုကို ကိုင်တွဲရုံးပဲပေါ့''

''ဟုတ်တယ်''

''အဲဒီရုံးကို ဦးကျော်မြတ်တို့၊ ဦးမင်းထွေးနောင်တို့က ပိုင်ပုံရတယ် နော်''

မေစ်ရှားက ပြုံးလိုက်သည်။

''ဘယ်ကြိုးပိုင်းမှာပဲဖြစ်ဖြစ် ဒီလူနဲ့ဒီလူပဲ ပြိုင်ကြရမှာပါ ကိုကိုရယ်။ ဒိုင်လူကြီးက ဘယ်လိုက်ပြီး တစ်ဖက်ကို အမှတ်ပေးဖို့ ကြိုးစားရင် ကိုယ်က ပြိုင်ဘက်ကို အလဲထိုးရုံပဲရှိတာပေါ့။ မဟုတ်ဘူးလား''

ကိုနေသော်က စားပွဲခုံရှေ့မှာ ပြန်လာထိုင်သည်။

ချ။ လက်ထဲမှ လက်ကိုင်ဖုန်းကို ချသည်။

"ကျွန်မ ဘာများအကူအညီပေးရမလဲ။ ကျွန်မ မေစံရှားပါ"

ပျူငှာသောအပြော၊ ချိုမြသောအပြုံးနှင့် မေစံရှားက လမ်းဖွင့်လိုက်သည်။

"ကျုပ်က ဦးကျော်မြတ်ပါ။ ကမ္ဘာကျော်ကုမ္ပဏီပိုင်ရှင်ပါ"

"ဟုတ်ကဲ့"

"ကျုပ် အတွင်းရေးမှူးကိုလွှတ်ပြီး Date လုပ်ခိုင်းပြီးမှ လာဖို့ပါဗျ။ ဒါမေမဲ့ တွေ့ချင်စိတ်စောလာလို့ ချက်ချင်းထလာခဲ့တာ"

မေစံရှားက စူးရှသောမျက်ဝန်းများဖြင့် အကဲခတ်ကြည့်နေသည်။ ဘာမျှ ပြန်မပြော။ မိမိ ဦးထွေးကိစ္စတွင် ပါဝင်ကြောင်း၊ ရဲကောင်းမြတ်နှင့် မာလာတို့အမှုအား အထက်ရုံးသို့ မိမိကတင်ကြောင်း သူမသိ မဟုတ်။ သိနေမည်။ သိပါလျက် သူ အဘယ်ကြောင့် မိမိထံလာသနည်း။ မေစံရှားခေါင်းထဲမှာ အတွေးများအစီအရီ။

လာခြင်းကောင်းသော လာခြင်းမဟုတ်ဟုလည်း ထင်နေမိ၏။

ကိုနေသော်က ခပ်လှမ်းလှမ်းခုံတစ်ခုမှာထိုင်၍ စကားမဆို၊ ငြိမ်ကြည့်နေသည်။

"ဘဝတစ်ခု၊ အမှုတစ်ရာ ဆိုသလိုပါပဲ။ အသက်တစ်ရာမနေရပေမယ့် အမှုတစ်ရာ တွေ့ရတတ်တယ်လေ။ အမှုတွေ့တော့လည်း အဲဒီအမှုကို ဖြေရှင်းပေးနိုင်မယ့် အကျိုးဆောင်ကြီးတွေဆီကို ပြေးပြီးအပူကပ်ရတော့တာပဲ။ အင်း.."

ပြောပြီး သူ့ဘာသာ သက်ပြင်းချသည်။

ယခုထိ သူ့ရည်ရွယ်ချက်ကို မမြင်သာသေး။ သူ ဘယ်အကွက်ကို ချင်းချင်၍ လေပြည်ထိုးနေသည်လဲ။

"ဒီက ရှေ့နေဒေါ်မေစံရှားသတင်းတွေ ကျုပ်ကြားရပါတယ်။ အင်တန်ထက်မြက်တယ်ဆိုပဲ။ ဒါကြောင့် ကျုပ်ရောက်လာရတာပါ။ ကျုပ်ကိုကူညီင်မယ် ထင်ပါတယ်"

"ဘာများပါလိမ့်ရှင်"

ဦးကျော်မြတ်က မေစံရှားကိုသိလျက် မသိဟန်ဆောင်ကာ စကားကို သာသားပါပါအစမျိုးနေသလို 'မြွေမြွေချင်းခြေမြင်သည်' ဆိုသော စကားကဲ့သို့ မေစံရှားကလည်း သူ့ကိစ္စကို မသိဟန်ဆောင်ကာ ပြန်မေးသည်။ စစ်တုရင်ခုံ





ပေါ်မှာဆိုလျှင်တော့ အရုပ်များခင်းကာ အကွက်မပါသော နယ်ရုပ်များကို တောင်ရွှေ့လိုက်ကြခြင်းပင်ဖြစ်သည်။

"ကျုပ် အမှုအပ်ချင်ပါတယ်။ အမှုမှ နှစ်မှုတောင်အပ်ချင်တာ"

"ဘာအမှုပါလဲရှင်"

"တစ်ခုက ကျုပ်သားကို မတရားပြုကျင့်သူရယ်လို့ မတရားစွပ်စွဲခံထားရမှု၊ နောက်တစ်ခုက ကျုပ်သားကို စော်ကားမော်ကားရိုက်နှက်သွားလို့ ငြင်းထန်စွာနာကျင်စေမှုနဲ့ အရေးယူလိုမှု.."

မေစံရှားမျက်လုံးများ ကိုနေသော်ထံ တစ်ချက်ရွှေ့သွားသည်။ ကိုနေသော်က ခေါင်းကို ဆတ်ခနဲညိတ်သည်။

ဦးကျော်မြတ် ဘာအကွက်တက်ဖို့ ချောင်းလေသလဲ..။

"အမှုအခြေအနေကို သိပြီးမှ လက်ခံသင့်၊ မသင့် ကျွန်မက စဉ်းစားတတ်ပါတယ်။ ရပ်တည်လိုက်ပါပေးသင့်တဲ့ အမှုကိစ္စမှန်သမျှ ကျွန်မငြင်းပယ်လေ့မရှိပါဘူး"

မေစံရှားက သူအကွက်ဆင်လာဖို့ ဟ,ပေးလိုက်သည်။

"ကျုပ်က အမှုနိုင်ချင်ပါတယ်။ ရှေ့နေကြီးကို ထိုက်ထိုက်တန်တန် အကျိုးဆောင်ခ ပေးမှာပါ"

ဦးကျော်မြတ်၏အပျိုး။ တစ်ကွက်တက်လိုက်ခြင်းဖြစ်၏။ မျှားကွက်။

"ကျွန်မက ငွေကြေးပေါ်မူတည်ပြီး အမှုလက်ခံလေ့ မရှိပါဘူး"

မေစံရှား၏ တုံ့ပြန်စကားက မြန်၏။ တိုး၏။ ရှင်း၏။ ပြတ်၏။ မျှားချက်ကို ဖယ်ထုတ်လိုက်သည်။ ငါးမျှားချိတ်ကိုမြင်ကြောင်း မသိမသာပြလိုက်ခြင်းဖြစ်၏။

"ဒေါ်မေစံရှား လက်ခံဖို့ပဲ စဉ်းစားလိုက်ပါ။ ကျုပ်ဘက်က ဘာမှနောင့်နှေးတုံ့ဆိုင်းမှု မရှိစေရပါဘူး။ ဘာတစ်ခုမှ လိုအပ်ချက် မရှိစေရပါဘူး။ အဓိကကတော့ ကျုပ်ရဲ့ဂုဏ်သိက္ခာအတွက်ပါပဲ။ ကျုပ်ကလည်း ငွေကြေးဥစ္စာထက် ဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့သူမို့ပါ"

မျှားချက်ကို ဦးကျော်မြတ်က ပြန်မရုပ်သိမ်း။

"ကျွန်မသဘောထားကလည်း အဲဒီလိုပါပဲရှင်။ ကျွန်မတစ်ရပ်စာစိန်ကွေပုံပေးရင်တောင်မှ ကျွန်မဂုဏ်သိက္ခာကိုထိပါးမယ့် အမှုမျိုးဆို မလိုက်ပါဘူး။ ဒီတော့ အမှုကိစ္စအကြောင်း အရင်ပြောကြည့်ပါ"

"ကျုပ်သား မောင်ရဲကောင်းမြတ်က မာလာဆိုတဲ့မိန်းကလေးတစ်

ယောက်ကို အဝမ္မကျင့်ပြီး ပြင်းထန်စွာနာကျင်စေခဲ့တယ်လို့ အောက်ရုံးမှာ တရားစွဲဆိုခံရပါတယ်။ အမှန်က မဟုတ်ပါဘူး။ မဟုတ်လို့ အောက်ရုံးကနေ ကျုပ်သား မောင်ရဲကောင်းမြတ်ကို အမှုမှာ အပြစ်မရှိဘူးဆိုပြီး လွှတ်လိုက်ပါပြီ။ ဒါပေမဲ့ တစ်ဖက်က မကျေနပ်နိုင်ဘဲ အထက်ရုံးတက်သတဲ့။ အဲဒါ ကျုပ်သား ဘက်ကနေ..''

ဦးကျော်မြတ်က ပြိုင်ဘက်ကိုမိမိလူအဖြစ်စည်းရုံးသော သေနင်္ကျင့်သုံးလိုက်ခြင်းဖြစ်ကြောင်း မေစံရှားသိ၏။ မေစံရှားသိသလို ကိုနေသော်လည်း သိ၏။

မေစံရှား၏အသံ ညင်သာစွာထွက်လာသည်။

''အဲဒီအမှုဆိုရင်တော့ ဝမ်းနည်းပါတယ်ရှင်။ ကျွန်မက မာလာဘက်က အမှုအပ်တာကို လက်ခံပြီး ဖြစ်နေလို့ပါ''

လှပစွာ ငြင်းချက်ထုတ်လိုက်ခြင်းဖြစ်၏။

''အိုး.. တိုက်ဆိုင်လိုက်တာများ။ ဘယ်လိုဖြစ်တာပါလိမ့်။ ကျုပ်က အားကိုးပြီး လာခဲ့ရတာပါ။ ဒါဆို ဒီလိုလုပ်ပါလားကွယ်။ ဟိုဘက်က ရှေ့နေကြီးကို အမှုလိုက်ခ ဘယ်လောက်ပေးလဲ။ အဲဒါကို နှစ်ဆလျော်ပြီး ငြင်းလိုက်ပါ။ ကျုပ်က လျော်ဖို့လည်း ပေးပါ့မယ်။ ပြီးတော့ အမှုလိုက်ခကိုလည်း ဟိုဘက်က ထက် ငါးဆပေးပါ့မယ်''

မျှားချက်ကို ဦးကျော်မြတ် အလျှော့အတင်းပြု ဆွဲကစားသည်။ တင်းတင်းထပ်ဆွဲ၏။

မေစံရှားက အပြုံးဖြင့်ပင်..

''မဖြစ်နိုင်ပါဘူး အန်ကယ်။ ကတိစကားတစ်ခုက ငွေထက် တန်ဖိုးကြီးပါတယ်။ ကျွန်မကတိကို ကျွန်မ မဖျက်နိုင်ပါဘူး''

''ကျုပ်ဘက်က ဆယ်ဆပေးမယ်ကွယ်''

''အဆတစ်ရာ၊ အဆတစ်ထောင်ပေးလည်း ကျွန်မလက်မခံနိုင်ပါဘူး''

''ဟား.. ရှေ့နေကြီးက တယ်ခေါင်းမာတာပဲကိုး။ ကဲ.. ဒီအမှုကို လက်မခံရင် နောက်တစ်မှု။ ကျုပ်သားကို ဦးထွေးဆိုတဲ့လူက ရိုက်မှု''

''ဦးထွေးက ကျွန်မကို ငှားပြီးပါပြီ အန်ကယ်''

''ဖြစ်ရပြန်ပြီ။ ဒါ.. တကယ်ပဲလား''

''ဟုတ်ကဲ့ပါ''





ဦးကျော်မြတ်က ခေါင်းကိုဘယ်ညာယမ်းပြီး..

''ဒါဖြင့် ရှေ့နေကြီးက ကျုပ်အမှုအပ်တာကို လက်မခံဘဲ ကျုပ်နဲ့ ပြိုင်ရမယ့်လူဘက်က လိုက်ပါဖို့ လက်ခံတယ်ပေါ့''

ပြောမေး မေးသည်။

မေစံရှား ဘာမှပြန်မဖြေ။ နှုတ်ဖြင့်လည်း မဖြေ။ အမှုအရာဖြင့်လည်း စူးရှတောက်ပပြီး ခွန်အားကြီးသောမျက်လုံးများဖြင့်သာ တည့်တည့် ကြည့်ရင်း ပြုံးနေ၏။

''ဒါဆိုရင် ရှေ့နေကြီးက ကျုပ်လူမဖြစ်နိုင်ဘူးပေါ့။ ကျုပ်ပြိုင်ဘက် အစစ် ရပ်မယ်ပေါ့''

သည်စကားကိုလည်း မေစံရှားမဖြေ။ ဖြေဖို့မလိုဟုလည်း မေစံရှား ထင်သည်။

ဦးကျော်မြတ်က ဟက်ခနဲရယ်သည်။ ခြောက်ကပ်သော ရယ်သံ။

''ကျုပ်က ဘဝတစ်လျှောက်လုံးမှာ နိုင်တဲ့ဘက်ကပဲ နေခဲ့တဲ့သူနော် ရှေ့နေကြီး။ ကျုပ်ဘက်က အနိုင်ဆိုရင် ရှေ့နေကြီး အရှုံးဘက်မှာနေသလို ဖြစ်သွားမယ်''

ဒါလည်း မေစံရှား ပြုံးမြဲပြုံးလျက်။ နှုတ်တံ့မပြန်။

''ပြီးတော့ ကျုပ်သဘောထားကို ရှေ့နေကြီးသိအောင် ပြောချင်တယ်။ ကျုပ်က နိုင်ရမှ ကျေနပ်တဲ့သူ။ နိုင်အောင်လည်း လုပ်တဲ့သူ။ နိုင်အောင်လုပ်တဲ့ နည်းတွေကိုလည်း သိတဲ့သူ။ နိုင်အောင်လုပ်ဖို့ အင်အားတွေလည်း ပြည့်နေတဲ့သူ''

ဦးကျော်မြတ်စကားမှာ ခြိမ်းခြောက်သံပါလာသည်။ ကိုနေသော်က ကြားကိုတက်သူပီပီ မျက်နှာနီသွား၏။ ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်မိသွား သည်။

မေစံရှားက ကိုနေသော်အား စိုးရိမ်စွာလှမ်းကြည့်၏။ ခေါင်းကလေး ယမ်းသည်ဆိုရုံမျှ ပြသည်။ သည်းခံပါ၊ စိတ်မစောပါနှင့် ဟူသည့်သဘော။

''ဘယ်အရာမဆို အနိုင်နဲ့အရှုံး ဘက်နှစ်ဘက်ရှိတတ်ပါတယ်။ အမှု ဆိုတာက ဘောလုံးပွဲလို သရေမှ မရှိတာ။ နိုင်ရင် နိုင်မယ်။ မနိုင်ရင် ရှုံးမယ်။ ဒီနှစ်ခု တစ်ခုခုပါပဲ။ နိုင်ရင်လည်း သိက္ခာရှိစွာနိုင်ရမယ်။ ရှုံးရင်လည်း သိက္ခာရှိစွာရှုံးရမယ်။ ဒါက ကျွန်မရဲ့မူပါ''

မေစံရှားက လေအေးနှင့် ချိုသာစွာပြောသည်။ စကားမှာ နူးညံ့သည်

သာသလောက် တရားမှာ တားပါသည်ဟု ကိုနေသော်တွေးလိုက်သည်။

ဦးကျော်မြတ်ကလည်း သဘောပေါက်သည်။

ဦးကျော်မြတ်မျက်နှာ အညိုရောင်သမ်းသွား၏။

"ကျုပ်က ရှေ့နေကြီးရဲ့ဆုံးဖြတ်ချက်ကို အချိန်မီပြင်ချင်တယ်ဆို ပြင်နိုင်အောင်လို့ ပြောတာပါ။ နောင်တဆိုတာ ရယူကောင်းတဲ့အရာ မဟုတ် ပါဘူး"

စေတနာကို ရှေ့တန်းတင်သော ဝေဒနာစကား။

"မှန်တာပြော၊ မှန်တာလုပ်တဲ့အတွက် ကျွန်မမှာ နောင်တရစ မရှိနိုင်ပါဘူး အန်ကယ်။ မမှန်တာ ပြောမိ၊ လုပ်မိရင်သာ တစ်သက်လုံးနောင် ရနေရမှာပါ"

"ဒါဆို ကျုပ်တစ်ခုပြောမယ်။ တောင်းဆိုတယ်လို့ သဘောထား ကျုပ်ဘက် မလိုက်ချင် နေပါ။ ဟိုဘက် မလိုက်ပါနဲ့။ အဲဒီအတွက် ကျ မင်းလိုချင်တာ ပေးမယ်"

မေစံရှား မျက်နှာတည်သွားသည်။

"အန်ကယ်... ကျွန်မ စကားတစ်ခွန်းကြားဖူးပါတယ်။ သင် ကျွန်မ လက်သီးနဲ့ထိုးချင်သလား။ ထိုးပါ..။ အဲဒါ သင့်ရဲ့လွတ်လပ်ခွင့် ဖြစ်ပါတယ် အဲ.. ဒါပေမဲ့ သင့်ရဲ့လက်သီးဟာ ကျွန်ုပ်ရဲ့နှာသီးဖျားရောက်ရင်တော့ သင့် လွတ်လပ်မှုဟာ ကုန်ဆုံးသွားပါပြီ။ အဲဒါဟာ သင့်ရဲ့ကျူးကျော်မှု ဖြစ်သွား ပြီတဲ့"

ဦးကျော်မြတ် ပျက်နှာမည်းသွားပြီး မျက်လုံးများက စူးရဲသွားသည်။ မျက်လုံးများကို မှေးစင်းကာ ကြည့်သည်။ သူ့နှုတ်ခမ်းမှာ ဒေါသရောင် လိမ်းကျံလာ၏။

"မင်းကို စော်ကားတယ်လို့ ဆိုလိုချင်တာလား။ ကျုပ် စော်ကားထ မဟုတ်ဘူး။ အဲ.. တောင်းပန်နေတာလည်း မဟုတ်ဘူးနော်။ တောင်းဆိုတာ.. ကျုပ်က သဘောကောင်းပြီဆိုရင် သွေးကိုဖောက်ပြီး ပေးနိုင်တယ်။ အဲ.. သဘောဆိုးပြီဆိုရင်တော့ သွေးသောက်ဖို့လည်း ဝန်မလေးဘူး"

"ယောကျ်ားသားကြီးတစ်ဦးက မိန်းကလေးတစ်ဦးကို အခုလိုစကား တွေပြောတာ ဘေးလူကြားရင် ယဉ်ကျေးမှုမရှိလိုက်တာလို့ ပြောကြမှာ ကျွန် ုပ်ပါတယ်။ ဝမ်းနည်းပါတယ် အန်ကယ်။ ကျွန်မမှာ အလုပ်လုပ်ဖို့အချိန်တွေ အလဟဿအကုန်မခံနိုင်လို့ အန်ကယ့်စကားတွေကို ဒီမှာပဲရပ်စေချင်ပါတယ်





ကျွန်မသဘောထားကို အန်ကယ်သိပြီးပါပြီ။ ဘယ်လိုအကြောင်းကြောင့်နဲ့မှ ကျွန်မက ပြောင်းလဲတတ်တဲ့သူ မဟုတ်ပါဘူး"

ဦးကျော်မြတ် ဝုန်းခနဲထရပ်သည်။ မုန်တိုင်းမျက်နှာ၊ မီးမျက်နှာဖြင့် ကြည့်ပြီး..

"တစ်ချိန်ကျရင် မင်း ကျုပ်စကားတွေကို နားမထောင်မိတာ မှားလေ လို့ သိလာမှာပါ။ အဲ.. ဒုက္ခကိုမလို၊ သုခကို လိုချင်ရင်တော့ ကျုပ်ကိုရင် မကြိုးစားနဲ့။ ကျုပ်ဘက်ကိုလာ။ ဒါ.. နောက်ဆုံးပေးတဲ့ အခွင့်အရေးပဲ။ .. စဉ်းစားပြီးရင် အကြောင်းပြန်ပေါ့။ ကျုပ်သွားမယ်"

ပြောသည်။ ပြောပြီး သူ့ပစ္စည်းများကိုကောက်ယူကာ လှည့်ထွက် သည်။ ခြေလှမ်းတွေကို ဒေါနှင့်မောနှင့် မာကြမ်းစွာ စလှမ်းသည်။

မေစံရှားကပါ နေရာမှ ထ၍ရပ်လိုက်သည်။

"ကျွန်မ တစ်ခါတည်းအကြောင်းပြန်လိုက်ပါ့မယ် အန်ကယ်။ အန် ကယ်စောင့်နေရရင် ရင်မောနေမှာ စိုးလို့ပါ။ ကျွန်မက ဘာကိုမှ မလိုပါဘူး။ အန်တရားကိုပဲ လိုချင်သူပါ"

မေစံရှားစကားကြောင့် ဦးကျော်မြတ် ဒေါသငှိုက်ပိုတက်သွားပုံရသည်။ မေစံရှားစကားကို ရပ်၍နားထောင်ရာမှ ပြင်းထန်သောခြေလှမ်းများဖြင့် တစ် ဆုံးလှမ်းထွက်သွားသည်။ လှေကားမှဆင်းသွားသောခြေသံပင်လျှင် တဝုန်း ဝုန်းတဒိုင်းဒိုင်း။

ကိုနေသော်က နေရာမှ မေစံရှားကိုလှမ်းကြည့်၏။ မဲ့ပြုံးဖြင့်..

"အတော့်ကိုကြောက်စရာကောင်းတဲ့ လူကြီးပဲ။ ဒါ.. ရှားကို တမင် ကလက်သက် သွေးတိုးလာစမ်းတာ။ ချောကြည့်တယ်။ မရလို့ ခြောက်ကြည့် တယ်။ အင်း.. သကြိန်အမြောက်လို အသံသာရှိတာတော့ မဟုတ်ဘူးနော် သူကြည့်ရတာ ကောက်ကျစ်တဲ့ရုပ်ကြီး"

မည်သူမတာဝေဖန်သည်။ မေစံရှားကမူ ကြည်လင်သောမျက်နှာဖြင့် ပြုံးမျက် ပြန်ပြောသည်။

"ရှားကတော့ ကျေးဇူးတင်တယ် ကိုကို။ ဒါ.. ရှားကို သတိမလွတ် နဲ့လို့ သတိလာပေးသွားခြင်းပဲ"

❦ ❦ ❦ ❦ ❦

ယူလာသည်မှာ မနည်းမနော။

"ဒေါ်မေစံရှားကတော့ မာလာ့အမှုအတွက် အပြင်းအထန်ကြိုးစား နေတာပဲ ဦးလေး။ ဘာမှ မပူပါနဲ့။ ဒီတစ်ခါ နိုင်မှာပါ"

"ကျွန်တော့်အမှုကိစ္စကရော ဆရာ"

"အင်း.. ဦးလေးအမှုကတော့ ခရိုင်တရားရုံးကို တင်လိုက်ရတယ်။ ဘိဘက်က ညစ်ကွက်တွေ သုံးတယ်လေ။ ဦးနောက်ကိုထိပါတယ်လို့ ဖြစ် အောင်လုပ်တယ်။ ဆေးရုံမှာ ရက် ၂၀ ကျော်နေရအောင်လုပ်တယ်။ ဒါကြောင့် ပြင်းထန်စွာနာကျင်စေမှုလို့ တပ်လိုက်ရတယ်"

"ကျွန်တော့်အတွက်က ကိစ္စမရှိပါဘူး ဆရာ။ လုပ်ရဲရင် ခံရဲရမှာပေါ့။ သမီးကလေးအတွက် ပူနေရတာပါ။ တကယ်လို့ ကျွန်တော်ထောင်ကျသွားခဲ့ရင် သမီးလေး ဘယ်လိုကျန်နေခဲ့ရမှာလဲ။ သူ့မှာ အားကိုးစရာဆွေမျိုးလည်း ရှိ ဘာမဟုတ်ဘူး"

"ဒီလောက်လည်း အားမငယ်ပါနဲ့ ဦးလေးရယ်။ ဒေါ်မေစံရှားက ဦးလေးအမှုကိုလည်း ရအောင်ကယ်တင်မယ်လို့ ပြောပါတယ်။ နောက်ပြီးတော့ သည်း မာလာ့အတွက် ကျွန်တော်တို့ရှိနေတာပဲ။ ဘာမှပူစရာမရှိပါဘူး"

"ဆရာတို့၊ ရွှေနေမလေးတို့လို သူတော်ကောင်းတွေကိုတွေ့ရတာ ကျွန်တော်တို့သားအဖ ကံကောင်းတာပါပဲဗျာ။ မဟုတ်ရင် ကျွန်တော်တို့တော့ ဒုက္ခပင်လယ်မှာ ကယ်သူမရှိ ဖြစ်နေမှာ"

အခက်အခဲရှိလျှင် ပြောရန်နှင့် ရုံးချိန်းအတွက် မှာစရာရှိသည်များကို ကြားပြောဆိုပြီး ရဲအုပ်အောင်မင်းပြန်သွားသည်။ မအားလပ်သော တာဝန် များအကြားမှ မကြာမကြာလာရောက်အားပေးသူ ရဲအုပ်အောင်မင်းအား ဦးထွေး ကျေးဇူးတင်စွာ မေတ္တာပို့မိ၏။

ရဲအုပ်အောင်မင်းလိုပင် စေတနာဖြူစင်လှသော ရွှေနေမလေးမေစံ ရှားနှင့် သူ့ချစ်သူကိုလည်း ဦးထွေးမေတ္တာပို့ရပါသည်။

"ဒီက သမီးကလေးမာလာ ဟုတ်ပါတယ်နော်"

ခုတင်နားသို့ ညင်သာစွာကပ်လာကာ မေးလိုက်သောအသံကြောင့် ဦးထွေးမော့ကြည့်မိ၏။ မိမိနှင့်အရွယ်မကွာလှသော အမျိုးသမီးကြီးတစ်ဦး ဖြစ်၏။ သူမကို ဦးထွေးမသိပါ။

"ဟုတ်.. ဟုတ်ပါတယ်"

"ကျွန်မက မာလာ့သူငယ်ချင်းတစ်ဦးရဲ့ အမေပါ။ မမြန်စ်လို့ ခေါ်





ဦးထွေးက အိပ်ပျော်နေသောသမီးလေးကို ဘေးမှနေ၍ ငေးရင်း ကြည်နူးရင်း မျက်ရည်တွေ တွေတွေကျနေသည်။

အပြစ်ကင်းသော သမီးငယ်လေး၏မျက်နှာမှာ သူ့အမေနှင့်တူ သည်။ မျက်နှာဝိုင်းဝိုင်းဖောင်းဖောင်းကလေးဖြစ်ပြီး မျက်ခုံးထူထူ၊ နှာ စင်းစင်း၊ နူတ်ခမ်းဖူးဖူးကလေးနှင့်။ အသားအရေမှာ နုစိုဝင်းလက်နေ၏ ပင်ကိုစရိုက်ကလည်း သူ့အမေလိုပင်။

အေးဆေးသည်။ သိမ်မွေ့သည်။ ရိုးသားသည်။ စာနာတတ်သည်။ ကူညီတတ်သည်။ အပြောအဆို ညင်သာယဉ်ကျေးသည်။

သည်လို ချစ်စရာလေးများစုပုံနေသော သမီးငယ်ကလေးခမျာ ယခုတော့ စကားမပြောနိုင်သော၊ အတိတ်ကိုမေ့နေသော၊ ခြေလက်များမသန် စွမ်းသော ဒုက္ခိတမကလေး ဖြစ်နေရပြီ။ အတိတ်ဝဋ်ကြွေးရှိလျှင် ကျေပါစေဟု ဘုရားမှာ ဆုတောင်းရ၏။

မနက်က ရဲအုပ်အောင်မင်းရောက်လာကာ သမီးကလေး၏သတင်း ကို မေးသည်။ သူသည်လည်း သမီးကလေးကို နှမသဖွယ် တွယ်တာနေလေပြီ။ တစ်စွမ်းသမျှ အကူအညီတွေလည်း သူအပြီပေး၏။ မနက်ကပင် စားစရာတွေ

ပါတယ်''

''ဩော်.. ဟုတ်ကဲ့။ ထိုင်ပါခင်ဗျာ''

''သမီးကလေးမာလာ့အခြေအနေ သတင်းမေးရင်း လာကြည့်တာပါ။ ဟောဒီမှာ သမီးကလေးဖို့ စားစရာတွေ လက်ခံပေးပါဦး''

ကြွပ်ကြွပ်အိတ်နှင့်ထည့်လာသော မုန့်များ၊ သစ်သီးများနှင့် အိုဗာတင်းဘူးတို့ကို ဦးထွေးအား လှမ်းပေးသည်။

''အားနာစရာဗျာ..။ ဒါတွေ နောက်ယူမလာပါနဲ့။ ခုလို ဂရုတစိုက် လာကြည့်တာကိုပဲ ကျေးဇူးတင်လှပါပြီ''

ဒေါ်မြနှစ်က မာလာ့ကို ငုံ့၍ကြည့်နေသည်။ မာလာ့ကိုကြည့်နေသော ဒေါ်မြနှစ်မျက်နှာ၌ သမီးချင်းစာနာသောခံစားမှုများ ထင်ထင်ရှားရှားပေါ်နေ၏။

''အနာတွေ၊ ဒဏ်ရာတွေက ကောင်းသွားပေမယ့် သမီးကလေးခမျာ ဒုက္ခိတဖြစ်နေရတာပဲဗျာ။ စကားလည်း မပြောနိုင်၊ ခြေလက်တွေလည်း ကောင်းကောင်းမလှုပ်ရှားနိုင်၊ အတိတ်ကိုလည်း သတိမရနိုင်၊ သူ့ကိုယ်သူတောင် ဘယ်သူမှန်းမသိတဲ့ဘဝ။ ဖအေကိုတောင် ဖအေမှန်း မသိတဲ့ဘဝပါ''

ဦးထွေး၏ ဆို့နင့်စွာသော အပြော။

ဒေါ်မြနှစ်မျက်လုံးအိမ်မှာ မျက်ရည်စို့လာသည်။

လူတစ်ယောက်၏ အတ္တ၊ ရမ္မက်နှင့် ရက်စက်ယုတ်မာမှုက အခြားသူတစ်ယောက်ကို မည်မျှထိခိုက်စေပါလား။ လူတစ်ယောက်ကိုသာ မဟုတ်ပါ။ သူ့မိဘ၊ သူ့အသိုင်းအဝန်း၊ သူ့မိသားစုသိုက်မြိုက်တစ်ခုလုံးကို ဒုက္ခတွေတစ်နှင့်တစ်ပိုး ပေးလိုက်ခြင်းပါပဲ။

သည်ဖြစ်ရပ်မှာ..

မိမိတို့က တစ်စိတ်တစ်ပိုင်းပါဝင်ပတ်သက်နေခဲ့ပြီး မိမိတို့ပေါ် ကျရောက်မည့် ဘေးအန္တရာယ်ဆိုးများကြောင့် အမှန်တရားကို လျစ်လျူရှုထားခဲ့ရခြင်းက တာဝန်မဲ့လွန်းလှသည်ဟု ဒေါ်မြနှစ် သူ့ကိုယ်သူအပြစ်တင်နေမိသည်။

''အမှုအခြေအနေကရောဗာဒင်''

ဒေါ်မြနှစ်က အမှုအကြောင်းများ မသိထားသလို မေးလိုက်သည်။

''အမှုက စီရင်ချက်ချပြီးသွားပြီ။ သမီးကလေးကို စော်ကားတဲ့သူငယ်က အပြစ်က လွတ်သွားတယ်။ ဒါကို အခု ရှေ့နေဒေါ်မေစံရှားက တာဝန်ယူပြီး အထက်ရုံးကို အယူခံတင်ထားပါတယ်။ မကြာခင် အမှုပြန်စစ်တော့မှာပါ''

''ဩော်..''





အယူခံကိစ္စကို ဒေါ်မြနှစ် ယခုမှကြားသိရခြင်းဖြစ်သည်။

ရှေ့နေဒေါ်မေစံရှားတဲ့။ ဒေါ်မေစံရှားက တာဝန်ယူပြီး အထက်ရုံးကို အယူခံတင်သတဲ့။

ဒေါ်မေစံရှားနာမည်ကို ဒေါ်မြနှစ်ရင်းနှီးနေပါသည်။ မိမိတို့ရုံးမှ ဝန်ဆမ်းတစ်ဦးအား မလိုသူက အမှုဆင်ချောက်တွန်းခဲ့ပြီး ထောင်ကျလုဆဲဆဲတွင် ဒေါ်မေစံရှားက အမှုမှန်ကိုဖော်ထုတ်ပြီး ကယ်တင်ပေးခဲ့၍ ထိုသူ အပြစ်မှကင်းလွတ်သွားခဲ့သည်။ စေတနာဖြင့် ကူညီခဲ့ခြင်းဖြစ်ကြောင်း ထိုဝန်ထမ်းပြောပြချက်အရ သိခဲ့ရ၏။ ငယ်ငယ်ရွယ်ရွယ်ပင်ရှိသေးပြီး အလွန်ထက်မြက်သော ရှေ့နေမလေးတစ်ဦးဖြစ်ကြောင်းလည်း အများ၏ချီးကျူးသံ ကြားခဲ့ရသည်။

သို့ဆိုလျှင် မာလာ၏အမှုက တစ်မျိုးတစ်ဖုံ ပြန်လည်အသက်ဝင်လာပေလိမ့်မည်။ အမှုမှန် ပြန်ဖြစ်လာလိမ့်မည်။

''ကျွန်တော်တို့က အမှုမအပ်နိုင်ပါဘူးဗျာ။ သမီးလေးဆေးဖိုးဝါးခတောင် မတတ်နိုင်အောင် ဖြစ်နေတာ။ ဘယ်မှာ ရှေ့နေခပေးနိုင်မှာလဲ။ အဲဒါကို အဲဒီရှေ့နေ သူတောင်ကောင်းမလေးက အခကြေးငွေမယူဘဲ သူလိုက်ပေးပါရစေလို့ လာပြောတာ။ သမီးကလေးအမှုတင် မဟုတ်ပါဘူး။ ကျွန်တော့် အမှုပါ လိုက်ပေးမှာတဲ့''

''သိပ်ကိုချီးကျူးစရာကောင်းတဲ့ ရှေ့နေမလေးပါပဲရှင်။ အင်း.. သမီးကလေးမာလာ ကံကောင်းမှာပါ။ အဲဒီရှေ့နေမလေးက သိပ်တော်တာလို့လည်း သတင်းမွှေးနေတာရှင့်''

''ရဲအုပ်ကြီးကလည်း အဲဒီလိုပြောတာပါပဲ။ သူလိုက်တဲ့ အမှုတွေက နိုင်တာချည်းပဲတဲ့။ အင်း.. တော်ရုံ၊ ထက်မြက်ရုံ မကပါဘူးဗျာ။ စိတ်ထားကလည်း မွန်မြတ်လိုက်တာ မပြောပါနဲ့။ အခု သမီးကလေးရဲ့ ဆေးဖိုးဝါးခကို သူကပဲ တာဝန်ယူသွားတယ်လေ''

''ဟုတ်လား''

မည်မျှကြီးကျယ်မြင့်မြတ်သော မိန်းကလေးပါနည်း။

သူမ၏ ကိုယ်ကျိုးမငဲ့ အများအတွက် စေတနာ၊ မေတ္တာကြီးမားမှုနှင့် နှိုင်းစာလျှင် မိမိတို့က အတ္တနယ်ထဲမှ မရုန်းထွက်နိုင်သည်မှာ ရှက်ဖွယ်ပါတကား။ ဒေါ်မြနှစ်တွေးမိ၏။ မျက်နှာလည်း ပူမိ၏။

မိမိတို့ တာဝန်မဲ့မှု မိမိတို့အတ္တကြီးမှုကို တစ်နည်းနည်းဖြင့် ပြန်လည်ပေးဆပ်သင့်သည်ဟုလည်း ဒေါ်မြနှစ် မိမိကိုယ်ကို သတိပေးလိုက်သည်။

''ကဲ.. ကျွန်မကို ခွင့်ပြုပါဦး။ ကျွန်မက အလုပ်ကနေ လာရတာမို့ပါ''

''ဟုတ်ကဲ့.. ကျေးဇူးတင်ပါတယ်''

ဒေါ်မြနှစ် နှုတ်ဆက်ပြီး မာလာ့ကို တစ်ချက်ငဲ့ကြည့်ကာ ခုတင်နားမှ ခပ်လေးလေးခြေလှမ်းများဖြင့် ထွက်ခွာသွားသည်။

ဦးထွေးက သမီးကလေးအိပ်ပျော်နေသည်ကို အနေအထားပြုပြင်ပေးရင်း ကျွန်ခဲ့တဲ့။

သူတို့နှစ်ဦးစကားပြောနေစဉ် သူတို့စကားများကို နားစွင့်နေသူတစ်ဦးရှိနေခဲ့တဲ့။ ဘေးခုတင်မှ လူနာအမျိုးသမီးကို လာကြည့်သော မိန်းကလေးတစ်ဦးဖြစ်သည်။

ထိုသူကား..

ကမ္ဘာကျော်ဦးကျော်မြတ်က အသည်းလေးဟူ၍ တင်စားကာ ယုယပိုက်ထွေးထားရာမှ ကန့်ထုတ်ခြင်းခံခဲ့ရသော မော်ဒယ်လ်မလေး ပန်းမြရည်ပင်ဖြစ်လေသည်။

''ဒါ.. ငါလက်တုံ့ပြန်ဖို့ အခွင့်အရေးပဲ''

❦ ❦ ❦ ❦ ❦

# ၃၉

''ကျွန်တော့်ကို တွေ့ချင်တာ ဘာကိစ္စများရှိလို့လဲ''

သူရက မေးလိုက်သည်။

''အေးအေးဆေးဆေးပြောကြတာပေါ့ မောင်လေးရယ်။ လက်ဖက်ရည်အရင်သောက်ပါဦး''

မေစံရှားက အပြုံးဖြင့် တည်တည်ငြိမ်ငြိမ်ဆိုလိုက်၏။

ယမုံစားသောက်ဆိုင်ရှိ သူရကို မေစံရှားက ခေါ်ထုတ်လာကာ သည်လက်ဖက်ရည်ဆိုင်တွင် စကားပြောခြင်းဖြစ်သည်။

သူရမှာ လူငယ်တစ်ယောက်ဖြစ်ပြီး ပင်ကိုအားဖြင့် ရိုးသားမှုရှိသည်ဟု မေစံရှားအကဲခတ်မိ၏။ သို့ပါလျက် တရားရုံးတွင် သူရသည် ရဲစခန်းတုန်းကလိုမဟုတ်ဘဲ အဘယ့်ကြောင့် ပြောင်းလဲထွက်ဆိုပါသနည်း။

မေစံရှားက သူမ,လွယ်လာသော လည်သာလက်ပွေ့အိတ်၏ ဇစ်ကို ခွင့်ကာ အထဲကိုနှိုက်သည်။ မေစံရှားလက်တွင် ပါလာသည်က လက်ကိုင်ပတ်ဘစ်ထည်။ ဇစ်ကို ပြန်မပိတ်ဘဲ လက်ပွေ့အိတ်ကို စားပွဲပေါ်တင်လိုက်သည်။

''မမက ရှေ့နေပါ။ နာမည်က မေစံရှားပါ''

မိတ်ဆက်စကား..။

သူရက တလေးတစားဖြင့်..

''ဟုတ်ကဲ့''

ဟု ခေါင်းလေးညိတ်၍ ဆိုသည်။

''မင်းဆီက အကူအညီလိုချင်လို့ မမလာခဲ့ရတာပဲကွယ်။ မင်းကူညီနိုင်လိမ့်မယ်လို့ မမထင်ပါတယ်''

မေစံရွာက ခြေဆင်းပျိုးသည်။

''ဘာများပါလဲ''

လက်ဖက်ရည်သောက်ရင်း သူရပြန်မေးသည်။

''တလောက ခရိုင်တရားရုံးမှာ အမှုတစ်ခုစစ်ခဲ့တယ်။ မှဒိမ်းမှုပေါ့ကွယ်။ မတရားပြုကျင့်ခံရသူက မာလာ။ ပြုကျင့်သူက ရဲကောင်းမြတ်။ အဲ.. အမှုပြီးတော့ ရဲကောင်းမြတ်လွတ်သွားတယ်။ ဒါပေမဲ့ မမလေ့လာရသလောက် ရဲကောင်းမြတ်က ကျူးလွန်တာ အမှန်ပဲ''

သူရ ခေါင်းငုံ့သွား၏။ မလုံလဲသော သူရ၏မျက်နှာကိုကြည့်ရင်း မေစံရွာကျေနပ်စွာပြုံးသည်။

''ဒီအမှုကို မမက အထက်ရုံးကို အယူခံတင်ထားတယ်။ ဒါကြောင့် မှန်ကန်တဲ့သက်သေ လိုအပ်တယ်။ အဲဒီအမှုမှာ မောင်လေးက အရေးပါတဲ့သက်သေတစ်ဦးဆိုတာ မမသိထားတယ်။ စခန်းမှာ မောင်လေးထွက်ဆိုထားခဲ့တာ မမဖတ်ပြီးပြီ။ အခင်းဖြစ်တဲ့နေ့ ညနေပိုင်းက မောင်လေးတို့ယုံမုံစားသောက်ဆိုင်ကို ရဲကောင်းမြတ်နဲ့ သူ့သူငယ်ချင်းတစ်ယောက် လာကြတယ်။ စားသောက်ကြတယ်။ အဲဒီစားပွဲကို မောင်လေးက တာဝန်ယူစားပွဲထိုးရတယ်။ ဟုတ်တယ်မဟုတ်လား''

ပြောရင်းမှ တစ်ချက်တောက်မေးလိုက်သည်။

''ဟုတ်.. ဟုတ်ကဲ့''

သူရ ထစ်ထစ်ငေါ့ငေါ့ဖြေသည်။ တစ်ချက်သာမော့ကြည့်ပြီး ခေါင်းပြန်ငုံ့သွားသည်။ စားပွဲပေါ်မှာ သူအကြည့်စိုက်နေ၏။

''အဲဒီမှာ စားကြသောက်ကြရင်းနဲ့ ရဲကောင်းမြတ်က သူ့သူငယ်ချင်းကို မာလာ့အကြောင်းပြောတယ်။ သူက မာနခဲလေးကွ။ အဲဒီမာနခဲလေးရဲ့ အလံကို ငါက ရိုက်ချိုးမှာလို့ပြောတော့ သူ့သူငယ်ချင်းက အချစ်ဆိုတာ စားပြတိုက်ယူလို့မရဘူးလို့ ပြန်ပြောတယ်။ အဲဒါကို ရဲကောင်းမြတ်က ရယ်ပြီး ဒူးထောက်သွားရတဲ့နည်းလမ်းတွေ ရှိပါတယ်ကွာ။ ဒီည ကြည့်။ သူ့ကျူရှင်





အပြန်မှာ ငါ့လက်ခုပ်ထဲကရဖြေစ်အောင် လုပ်ပြမယ်လို့ ပြောပြန်တယ်။ သူ့သူငယ်ချင်းက မင်းမရနိုင်ပါဘူး။ မာလာက ကွန်ဖြေသိက္ခာရှိတယ်ကွလို့ပြောတော့ ရဲကောင်းမြတ်က ဟော့ကောင်.. သောက်မှာသာသောက်။ ပြီးရင် ငါနဲ့လိုက်ခဲ့။ မင်း ငါ့ကို ဆရာတင်သွားရမယ်။ ငါစီစဉ်ပြီးသား။ ဒီညပွဲသိမ်းပဲလို့ ပြန်ပြောတယ်။ ဟုတ်တယ်မဟုတ်လား''

သူရ ဆတ်ခနဲဖြစ်သွားသည်။ မျက်လုံးပြူးပြူးကလေးနှင့်..

''မ.. မဟုတ်ဘူးမမ။ အဲဒီလို..''

ထစ်ထစ်ငေါ့ငေါ့ဖြင့် ငြင်းစကားထွက်လာ၏။

မေစံရွာက လက်ကာပြလိုက်သည်။

''နေဦး.. မမပြောဦးမယ်။ သူတို့ စားသောက်ပြီး ထွက်သွားကြတယ်။ ရဲကောင်းမြတ်စီးနေကျ ပါဂျဲရိုးမီးခိုးရောင်နဲ့။ ဟုတ်တယ်နော်''

''အဲဒါတော့ ဟုတ်ပါတယ်''

မေစံရွာ ပြုံးလိုက်သည်။

''ဒါက မင်း ရဲစခန်းမှာပြောခဲ့တဲ့ စကားတွေပဲလေ။ ဟုတ်ရမှာပေါ့''

သူရ ပြူးပြူးပျာပျာနှင့်..

''ဆိုင်မှာ သူတို့ပြောခဲ့တဲ့စကားတွေ ဘယ်သေချာချာ ကျွန်တော် မကြားဘူး''

ငြင်းပြန်သည်။ သူ့မျက်လုံးတွေကို မေစံရွာက စိုက်ကြည့်နေတော့ သူရက ရင်မဆိုင်ရဲသလို အကြည့်လွှဲလိုက်သည်။ သူရ မျက်နှာပျက်နေပြီ။

''မင်းကြားခဲ့လို့ ဒီစကားတွေကို မမတို့ သိရတာ။ မင်းက မကြားဘူးလို့ ဘာကြောင့်ဖြစ်ရတာလဲ။ ကြား.. ကြားတယ်ပေါ့''

''သေသေချာချာမကြားတာ အမှန်ပဲ မမ''

''မကြားရင် ရဲစခန်းမှာ မင်း ဘာကြောင့် ဒီစကားတွေ ပြောသလဲ။ ဒီမှာ ရဲစခန်းတုန်းက မင်းပြောခဲ့တဲ့ ထွက်ချက်မိတ္တူ။ မင်းလက်မှတ်ပါ ပါတယ်။ ကြည့်..''

မေစံရွာက စားပွဲပေါ်သို့ မိတ္တူစာရွက်ကို ချပြသည်။ သူရလှမ်းကြည့်ပြီး ငြိမ်သွား၏။ စကားမပြန်။

''မမသိပါတယ် မောင်လေးရယ်။ မင်း အမှန်ကို သိပါတယ်။ သူတို့ပြောခဲ့တဲ့ စကားတွေ ရဲစခန်းမှာ မင်းပြန်ပြောပြတာ အမှန်တွေပါ။ ဒါပေမဲ့ တရားရုံးကျတော့ အခုလိုပဲ မင်း ဖြောင့်ကွယ်ကွယ်ပြီး ငြင်းတယ်။ အဲဒါ

ယ်သူသိသိ၊ မသိသိ ကိုယ်သိတယ်။ ကိုယ့်ဘာသာ တစ်သက်လုံးအရှက်ရ
စေမယ့်အလုပ်မျိုး မလုပ်မိဖို့ အရေးကြီးပါတယ်။ ဒါမှ လူပီသမှာ။ ဒါမှ
ယ့်အနာဂတ် ကောင်းမှာ''

သူရက ပင့်သက်ရှိုက်၍..

''ကျွန်တော့်အခက်အခဲကို မမကလည်း စာနာပေးပါဗျာ။ မမရဲ့
ားတွေကို ကျွန်တော်သဘောမပေါက်လို့ မဟုတ်ပါဘူး''

ခပ်တိုးတိုးပြောသည်။ ဝန်ခံမှုတစ်စိတ်တစ်ပိုင်း ပါလာသည်။

မေစံရွာရင်ထဲမှာ ကျေနပ်မှုလိုင်းလေးများ ဖြတ်ပြေးသွားသည်။

''မင်းကြောက်နေတာ ရှိတယ်ဆိုတာ မမသိပါတယ်။ အဲဒါကို မမ
ည်း စာနာပါတယ်။ ကဲပါလေ..မမ မင်းကို အတင်းမတိုက်တွန်းတော့ပါ
။ မင်း အရင်က တရားရုံးမှာ ထွက်ဆိုခဲ့သလိုပဲ ဒီတစ်ခါ တရားရုံးကျရင်
ည်း ဖြေပေါ့။ မင်းကို ဒုက္ခမရောက်စေချင်လို့ပါ''

သူရမျက်နှာ အနည်းငယ်ကြည်လင်သွား၏။ အသက်ရှူချောင်သွား
နဲ့ဖြင့်..

''ကျေးဇူးတင်ပါတယ် မမရယ်။ ဒီလို ကျွန်တော့်ကို နားလည်ပေး
ာ..''

ခပ်သွက်သွက် ပြန်ပြောသည်။

''ဟုတ်ပါပြီကွယ်။ အဲ.. တစ်ခုတော့ မမကို အသိပေးပါလား။ မောင်
လို သဘောထားပြီးတော့ပေါ့။ မင်းကို ဦးကျော်မြတ်က ခြိမ်းခြောက်ထား
ယ်မဟုတ်လား''

မေစံရွား မေးသည်။ သူရ အဖြေရကျပ်သလို ဖြစ်သွားပြီးမှ ဘေး
ယ်ညာကို အကဲခတ်လိုက်သည်။

''မမ ဘယ်သူ့ကိုမှ မပြောပါနဲ့နော်။ ဟုတ်ပါတယ်။ ကျွန်တော့်ကို
မှန်အတိုင်းပြောရင် အရှင်မထားဘူးလို့ ပြောလို့ပါ။ ဦးကျော်မြတ်ရဲ့ လူတစ်
ယောက်က လာပြောတာပါ။ ဘယ်သူလဲတော့ မသိပါဘူး။ လူမိုက်ပုံပါဗဲ့။
ွေးလည်း တချို့ပေးသွားပါတယ်။ တရားရုံးသွားတဲ့နေ့ကတောင် လမ်းကနေပြီး
အဲဒီလူက ကျွန်တော့်ကို ရပ်ပြပြီး သတိပေးတဲ့ဟန် လုပ်ပါသေးတယ်။ အဲဒါ
ကြောင့် ကျွန်တော်ဘာမှမပြောရဲတာပါ မမရယ်''

မေစံရွားက ကျေနပ်စွာ ခေါင်းညိတ်သည်။

''ဟုတ်ပါပြီလေ။ မမလည်း အဲဒီလိုထင်တာပါပဲ။ ကဲ.. မောင်လေး





ဘာကြောင့်လဲဆိုတာ မမသိနေတယ်။ မင်းကို တစ်စုံတစ်ယောက်က ခြိမ်း
ခြောက်ထားလို့ မဟုတ်လား''

''ဟို.. အဲဒီလို.. မ.. မဟုတ်ဘူး.. ဟို..''

''မင်းက နှုတ်ကသာ မဟုတ်ဘူးလို့ပြောနေတယ်။ မင်းမျက်လုံးတွေ
က ဟုတ်တယ်လို့ ဝန်ခံနေပါလား''

''ဗျာ..''

သူရ ခေါင်းပိုင့်သွား၏။

''မာလာကလေးဟာ မတရားအဝမ္မပြုကျင့်ခံရတယ်။ ပြီးတော့
အပြတ်ရှင်းဖို့ ခေါင်းကို ပြင်းထန်စွာ အကြိမ်ကြိမ်ထုရိုက်တာကို ခံရတယ်။
အခုတော့ တစ်ချိန်က လှပတဲ့ပန်းကလေးလိုရှိခဲ့တဲ့ မာလာကလေးဟာ လူစဉ်
မမီတဲ့ဘဝ ရောက်နေပြီ။ မင်း မသနားဘူးလား။ အခုလို မင်းက အမှန်တရား
ကို ဖုံးကွယ်ထားတော့ အမှုက မပေါ်နိုင်ဘဲ မာလာလေးခမျာ မြေမိုမ့်ရာလဲ့စိုက်
ဖြစ်ရပြန်တာပေါ့ကွယ်''

မေစံရွားက နူးညံ့သိမ်မွေသောလေသံဖြင့် ရှင်းပြသည်။ တင်းတစ်ခါ
လျော့တစ်လှည့်ဖြင့် အပါခေါ်ယူကြည့်ခြင်းဖြစ်သည်။

သူရ စကားမဖြန်။ သက်ပြင်းတွေခိုးချနေသည်ကို မေစံရွား သတိပြု
မိ၏။

မေစံရွား စကားဆက်သည်။

''မင်းကို ဦးကျော်မြတ်က ခြိမ်းခြောက်ထားလားဟင် မောင်လေး''

သူရ ဆတ်ခနဲ မော့လာ၏။

''မ.. မဟုတ်ပါဘူး''

''မင်းကို ဘေးအန္တရာယ်တစ်ခုခုကျစေမယ်လို့ ခြိမ်းခြောက်ထားရင်
မင်းဘက်ကနေ အဲဒီအန္တရာယ်ကို မမတို့ ကာကွယ်ပေးမယ်။ ရဲအုပ်ကြီးကို
မမ မေတ္တာရပ်ခံပြီး မင်းကို စောင့်ရှောက်စေမယ်။ ဘယ်လိုလဲ..''

သူရ ဘာမှပြန်မပြော။

''မာလာလေးကို နှမချင်းစာနာစွာနဲ့ စဉ်းစားပေးပါ မောင်လေးရယ်။
မင်းက မာလာ့အတွက် သိပ်ကိုအရေးကြီးတဲ့ ကယ်တင်ရှင်ပါပဲ''

သူရ ငြိမ်နေဆဲ။

''ဘဝမှာ မမတို့က ကောင်းတာ၊ မွန်မြတ်တာ၊ လူနတ်သာဓုခေါ်
တာမျိုးကို အတတ်နိုင်ဆုံး ရွေးပြီးလုပ်ကြရမှာပဲ မောင်လေး။ ကိုယ့်လုပ်ရပ်ဟာ

စိတ်ထဲမှာ ဘာမှမထားနဲ့။ မမပြောခဲ့တာတွေ မေ့ပစ်လိုက်တော့။ သူတို့ခိုင်းသ
ပဲ မင်းပြောပေတော့''

''ဟုတ်ကဲ့ပါ မမ''

''ကဲ.. မမသွားမယ်''

မေစံရှားက လက်ဖက်ရည်ဖိုးရှင်းသည်။ စားပွဲပေါ်မှာ တင်ထားသော
လည်သာလက်ပွေ့အိတ်ကို လှမ်းယူသည်။ ကိုင်ထားသော လက်ကိုင်ပဝါလေး
အထဲကိုထည့်သည်။ မပိတ်ရသေးသောဇစ်ကို ပိတ်သည်။

ပြီးလျှင် နေရာမှ ထလိုက်၏။

''မမကို အခုလို လက်ခံတွေ့ဆုံပြီး စကားပြောတာ မမကလည်
ကျေးဇူးတင်ပါတယ် မောင်လေးရယ်။ တရားရုံးကျမှပဲ တွေ့ကြတာပေါ့''

တရင်းတနှီး နှုတ်ဆက်စကားကိုဆိုလျက် မေစံရှားက ဆိုင်ထဲ
ဦးစွာထွက်ခွာသွားသည်။ သူရတစ်ယောက် မေစံရှားထွက်သွားသည့်ကို
ကြည့်ရင်း လေပူတစ်ချက်မှုတ်ထုတ်ကာ ထိုင်ရာမှထရန် ဟန်ပြင်လိုက်စဉ်..

ဆိုင်ထဲသို့ လူတစ်ယောက်ဝင်လာပြန်သည်ကို တွေ့လိုက်ရ၏။

သူကား သူရကို ယခင်တစ်ခါက ခြိမ်းခြောက်စကားဆိုခဲ့သည်
လမ်းမတော်ဖိုးတုတ်ဖင်တည်း။

❦ ❦ ❦ ❦ ❦

# ၄၀

ဗန်းဖြင့်ထည့်ယူလာသော ကော်ဖီပန်းကန်များကို ချပေးပြီးနောက်
ကိုနေသော်က သူ့ရှေ့တွင်ထိုင်နေသော မော်ဒယ်လ်မလေးပန်းမြရည်ကို
သောက်ပါဟု ပဋိသန္ဓာရစကား ဆိုလိုက်သည်။

ပန်းမြရည် ခေါင်းညိတ်သည်။

အအေးခန်းကော်ဖီဆိုင်ထဲမှာ လူတချို့သာရှိသည်။ ကိုနေသော်တို့က
ထောင့်ကျသောစားပွဲမှာ ရွေး၍ထိုင်နေခြင်းဖြစ်၏။

''ကျွန်တော်က ဒါရိုက်တာညွှန့်မြန်မာညီညီအောင်ရိုက်တဲ့ကားတွေကို
စတ်ညွှန်းရေးပေးပါတယ်။ ကျွန်တော်တို့ရိုက်တဲ့ ကားတစ်ကား.. အဲ.. သံစဉ်မဲ့
မြစ်ထင်တယ်။ ဟုတ်တယ်..။ အဲဒီသံစဉ်မဲ့မြစ်ထဲမှာ ပန်းမြရည်ပါတာ မှတ်မိလို့
ကိုညီညီအောင်ကို အကူအညီတောင်းပြီး ခုလို တွေ့ဆုံဖို့ စီစဉ်လိုက်ရတာပါ''

ကိုနေသော်က ကော်ဖီသောက်ရင်း စကားကို ရွေးစီ၍ နိဒါန်းပျိုး
သည်။ ပန်းမြရည်နှင့်ဦးကျော်မြတ်တို့အကြောင်း တစ်စွန်းတစ်စကြားထား
ပြင့် ပန်းမြရည်ထံမှ ဦးကျော်မြတ်နှင့်ပတ်သက်သောသတင်းတချို့ ရကောင်း
ရနိုင်ဖွယ်ရှိသည်ဟု တွက်ဆကာ ဤသို့စီစဉ်ရခြင်းဖြစ်သည်။

''ဟုတ်ကဲ့.. ကျွန်မက ဆရာ့နာမည်ကို ရင်းနှီးနေပါတယ်။ လူချင်း

သာ မဆုံဖူး။ မတွေ့ဖူးတာပါ။ ကျွန်မကိုတွေ့ချင်တာ အကြောင်းကိစ္စများ ရှိ
လို့လား''

ပန်းမြရည်က စကားကို သွက်လက်ချက်ချာစွာ ပြောတတ်သူဖြစ်သ
လိုရင်းရောက်အောင် စကားကို ဘယ်ကစရလျှင် ကောင်းမလဲဆ
ရုတ်တရက်စဉ်းစားမရဖြစ်နေသဖြင့် ပန်းမြရည်မျက်နှာကို ခဏငေးနေစဉ်..

ပန်းမြရည်က စကားဆက်သည်။

''တကယ်တော့ ကျွန်မကလည်း ဒေါ်မေစံရှားနဲ့ တွေ့ချင်နေတာ
ဒေါ်မေစံရှားက ဆရာ့ချစ်သူဆိုတာ သိထားလို့ ကျွန်မက ဆရာညီညီအောင်
ဆရာနဲ့ဆုံပေးဖို့ အပြောမှာ ဆရာကလည်း ကျွန်မကို တွေ့ချင်နေကြောင်
သိရလို့ ခုလို မြန်မြန်ဆန်ဆန်ဆုံတွေ့ဖြစ်တာပါပဲ''

ပန်းမြရည်စကားကို ထောက်ချင့်၍ ကိုနေသော်ခေါင်းထဲတွင် အတွေး
တစ်ခုဝင်လာ၏။ သူမက မေစံရှားနှင့် တွေ့ချင်သတဲ့။ အဘယ်ကိစ္စနည်း
သူနှင့်ဦးကျော်မြတ်ကိစ္စပင် ဖြစ်ရမည်။ ဦးကျော်မြတ်နှင့် ပြဿနာတက်
ကွဲပြဲသွားကြောင်း တချို့သတင်းရပ်ကွက်များက ဆိုကြပေရာ အကြောင်းတ
ခုခုတော့ ရှိနေပေမည်။

မိမိတို့လိုချင်သည်နှင့် သူမ၏ကိစ္စ တူညီနေလေမလား။

''ရှားနဲ့တွေ့ဖို့ဆိုရင်တော့ ဘာမှမပူပါနဲ့။ ကျွန်တော်စီစဉ်ပေးမှာပါ
အကူအညီဆိုရင်လည်း ရှားက ပေးဖို့ ဝန်မလေးပါဘူး''

ဟု ကိုနေသော်က စကားခံပြီးမှ..

''ကျွန်တော်ကလည်း အကူအညီတစ်ခု ပန်းမြရည်ဆီက တောင်း
ချင်လို့ပါ''

ဟု ဆက်ပြောလိုက်သည်။

''ဘာများပါလိမ့်။ ကျွန်မကလည်း တတ်နိုင်တာ ကူညီပါ့မယ်''

''ဒီလိုပါ..''

ဟု အစချီ၍ ကိုနေသော်က မာလာ၏အမှုအခင်းကိစ္စအကြောင်း
ပြည့်စုံစွာရှင်းပြသည်။ တရားရုံးတွင် ရှုံးနိမ့်ကြောင်းလည်း ပြောပြပြီး ယခုအခ
အထက်ရုံးသို့ အယူခံတင်ထားကြောင်း ဆက်ပြောသည်။

''ဒီအမှုမှာ မရိုးသားမှုတွေပါဝင်နေတာကို ကျွန်တော်တို့တွေးမိတယ်
အဲဒါကို တိကျသေချာအောင် စုံစမ်းနေတာပါ။ ပန်းမြရည်က ဦးကျော်မြတ်
ရင်းနှီးခဲ့သူမို့ သူ့သားရဲကောင်းမြတ်နဲ့ပတ်သက်ပြီး တစ်စွန်းတစ်စ ဘာများ





ကြားထားတာ၊ သိထားတာ ရှိသလဲဆိုတာ..။ အဲ.. ပန်းမြရည်ရဲ့ ကိုယ်နေ
ကိုယ်တာသိကွာကို ထိပါးစေမယ်ဆိုရင်တော့ ဘာမှမပြောပါနဲ့''

ကိုနေသော်စကားက အဖွင့်အပိတ်နှင့်ဖြစ်၏။

ပန်းမြရည် ပြုံးသည်။

''ဒါဆိုရင်တော့ ကျွန်မနဲ့ ရည်ရွယ်ချက်တူနေပြီ ဆရာ''

''ဟုတ်လား''

''ကျွန်မကလည်း ဒီအမှုအကြောင်းကို ကြားထားတယ်။ မာလာ
ကလေးတို့သားအဖကိုလည်း မမျှော်လင့်ဘဲ ဆေးရုံပေါ်မှာ တွေ့ခဲ့ရတယ်။
ဒီအမှုကိစ္စနဲ့ပတ်သက်လို့ ဦးကျော်မြတ်လုပ်ခဲ့တာကိုလည်း သိနေခဲ့တယ်။ ဒါ
ကြောင့်..''

''ပြောပါခင်ဗျာ..။ ပန်းမြရည်ပြောမယ့်စကားဟာ ဒုက္ခိတမကလေး
မာလာကို အားပေးကူညီခြင်းပါပဲ..''

❦ ❦ ❦ ❦ ❦

''ကျွန်မကူညီချင်ပါတယ်။ ဒါပေမဲ့..''

မသန်းမူက စကားကို ရပ်ပစ်လိုက်သည်။

မေစံရှားက မသန်းမူ၏မျက်နှာကို မျှော်လင့်တကြီးကြည့်နေ၏။

''ဒါပေမဲ့ ဘာဖြစ်လဲ မသန်းမူ''

မသန်းမူက အိမ်အပြင်သို့ ဟိုကြည့်သည်ကြည့် ကြည့်၍..

''ကျွန်မတို့က ဆင်းရဲပါတယ်။ ဘာအားကိုးမှလည်း မရှိပါဘူး။ ဒီ
အမှုအတွက် ကျွန်မတို့လင်မယားဟာ ဆွမ်းခံရင်းငှက်သင့် ဖြစ်နေရပါတယ်''

ဟု ပြောသည်။ စကားပြောတတ်သူပေပဲဟု မေစံရှားတွေးမိ၏။

မာလာ့အမှုအတွက် မသန်းမူနှင့် လာတွေ့ခြင်းဖြစ်သည်။ စည်းရုံးဖို့
လည်း ဖြစ်၏ သို့မဟုတ်လျှင်လည်း..

''ကျွန်မဘက်က မသန်းမူရဲ့အခက်အခဲတွေကို ဖြေရှင်းပေးမယ်၊

ကူညီပေးမယ်၊ အန္တရာယ်တွေကို ကာကွယ်ပေးမယ်ဆိုရင်ရော''

မေစံရှားက သွေးတိုးစမ်းလိုက်သည်။

မသန်းမူ ဆတ်ခနဲမော့ကြည့်၏။

''မဖြစ်နိုင်ပါဘူး။ ဆရာမလေးတို့ ကူညီမယ်ဆိုတာက အဝေးက၊ အန္တရာယ်က အနီးက။ ပြီးတော့ ဆရာမလေးတို့က အမြဲပဲ တာဝန်ယူကူညီနိုင်မှာမို့လား''

''တာဝန်ယူမယ်လေ။ အဲဒါဆို မသန်းမူက ကျွန်မတို့ကို ပြန်ကူညီမလား''

မသန်းမူ တွေသွားသည်။ တခဏစဉ်းစားနေဟန်ရှိသည်။

''မဖြစ်ပါဘူးရှင်။ အကောင်းဆုံးကတော့ ဆရာမလေး လက်လျှော့လိုက်ဖို့ပါပဲ''

''နေပါဦး မသန်းမူရယ်။ စဉ်းစားပါဦး..။ မသန်းမူလည်း မိန်းမ၊ ကျွန်မလည်း မိန်းမ၊ မာလာကလေးဟာလည်း မိန်းမပါ။ ဒီကိစ္စဟာ ကျွန်မတို့ မိန်းမတွေ အမုန်းဆုံးကိစ္စပါ။ အနစ်နာဆုံးကိစ္စပါ။ မိန်းမချင်း စာနာတဲ့အနေနဲ့ ပြန်စဉ်းစားပေးပါ''

''ကျွန်မ မစာနာလို့ မဟုတ်ပါဘူး။ သတင်းတွေ ကြားရတာလည်း စိတ်မကောင်းပါဘူး။ ခက်နေတာက..''

''ဘာလဲ။ မသန်းမူကို အန္တရာယ်ပေးမယ်လို့ ခြိမ်းခြောက်ထားလို့ မဟုတ်လား''

''ဟင်.. ဆရာမလေး ဘယ်လိုသိလဲ''

''သိတာပေါ့ရှင်။ အဲဒီလို ခြိမ်းခြောက်ထားလို့ ဘယ်သူကမှ အမှန်ကိုမပြောရဲတာ ကျွန်မရော၊ ရဲအုပ်ကြီးရော သိနေပါတယ်။ မသန်းမူ ရဲစခန်းမှာ အမှန်တွေပြောပြခဲ့တယ်ဆိုတာလည်း သိနေတာပါပဲ။ ကြည့်လိုက်တာနဲ့ မသန်းမူဟာ စိတ်နှလုံးနူးညံ့တယ်ဆိုတာ ကျွန်မအကဲခတ်မိပါတယ်။ ဒါကြောင့် အကူအညီတောင်းရတာပါ။ ဒီတစ်ခါ တရားရုံးကျရင်..''

မေစံရှားက စကားကိုဖြတ်ထားပြီး မသန်းမူကို ကြည့်နေသည်။

''ကျွန်မဘက်ကလည်း နားလည်ပေးပါရှင်။ ဆရာမလေးတောင်းတဲ့ အကူအညီကို မပေးချင်လို့ မဟုတ်ပါဘူး။ ပေးလိုက်တာနဲ့ ကျွန်မတို့ ခေါင်းနဲ့ ကိုယ် အိုးစားကွဲမှာပါ''

မေစံရှားက သက်ပြင်းချလိုက်သည်။





''မသန်းမူတို့ရဲ့ အခက်အခဲကို ကျွန်မနားလည်ပါတယ်။ ဒါကြောင့်လည်း အကူအညီတောင်းရပေမယ့် အားတော့မရှိပါဘူး။ ဟုတ်ပါတယ်လေ။ မသန်းမူတို့ရဲ့ အသက်အန္တရာယ်အတွက်ဆိုတော့လည်း ကျွန်မအကူအညီတောင်းတာက မမျှတဘူးဖြစ်နေပါတယ်။ ထားလိုက်ပါတော့။ ကျွန်မကပဲ အလျှော့ပေးရတော့မှာပေါ့။ ဘယ်တတ်နိုင်မလဲ''

''မကူညီနိုင်တာ ကျွန်မစိတ်မကောင်းပါဘူး''

''တစ်ခုတော့ ကျွန်မကို နောက်ဆုံးအနေနဲ့ ကူညီပါလားရှင်။ အဖြစ်မှန်လေးကိုတော့ ပြောပြပေးပါလား။ တရားရုံးမှာ မဟုတ်ပါဘူး။ အခု ဒီမှာပါ။ ကျွန်မသိချင်နေလို့ပါ''

မသန်းမူ အိမ်အပြင်ကို အကဲခတ်ကြည့်ပြီးမှ..

''အဲဒီညနေက တွေ့လိုက်ရတာတော့ အမှန်ပါပဲ ဆရာမလေးရယ်။ ကားက အကောင်းစားပဲ။ မီးခိုးရောင်ပါ။ ရဲကောင်းမြတ်က မာလာ့ကို ပါးစပ်ပိတ်ပြီး ကားပေါ်ဆွဲတင်တာပါ''

''ကျေးဇူးတင်ပါတယ် မသန်းမူရယ်။ ဒီစကားက တရားရုံးမှာ မသန်းမူပြောနိုင်ရင် သိပ်တန်ဖိုးရှိမှာပါပဲ''

''ကျွန်မလည်း ပြောချင်ပါတယ်။ ကျွန်မ မှန်တာကို အမြဲပြောတဲ့သူပါ။ အခုဟာက..''

''နေပါဦး..။ မသန်းမူကို အဲဒီလို မှန်တာပြောရင် အသက်အန္တရာယ်ပေးမယ်ဆိုပြီး လာခြိမ်းခြောက်တာ ဦးကျော်မြတ်ရဲ့လူ လူဆိုးတစ်ယောက်မဟုတ်လား''

''ဟုတ်ပါတယ်''

''အမှန်တွေလျှောက်ပြောရင် အသက်နဲ့ကိုယ် အိုးစားကွဲမယ်၊ သူတို့နိုင်းတဲ့အတိုင်း ပြောရမယ်ဆိုပြီး ငွေတော့ပေးသွားတယ်မဟုတ်လား''

''ဟုတ်.. ဟုတ်ပါတယ်''

❦ ❦ ❦

အမှန်ပဲ''

''အဲဒါပဲဗျာ...။ အဲဒီလို တရားရုံးမှာဖွင့်ပြောလိုက် ပြီးရော''

ကိုတင်ဦး ပြုံးတူးပြုံတဲ့နှင့်ကြည့်ကာ ခေါင်းခါသည်။

''မလုပ်နဲ့ဆရာ။ ကျုပ် အသက်ရှည်ရှည်နေချင်သေးတယ်။ အော့.. အဲဒါတော့ မလုပ်ပါရစေနဲ့။ ဟုတ်တိုင်းပြောလို့ မဖြစ်ဘူး''

''ကဲ.. မပြောရဲရင်လည်း နေဗျာ။ ဒါလေးတော့ ချလိုက်ဦး''

''အင်း.. ကိုယ့်ဆရာက မေတ္တာရပ်ခံတာဆိုတော့ ကျုပ်က ငြင်းရဲဘာပေါ့ဗျာ။ ကိုယ့်ဆရာကသာ လမ်းမတော်ဖိုးတုတ်ထက် ပိုပြီးမိုက်ကန်းရင်၊ ဒွိမ်းခြောက်တာကြမ်းရင်တော့ ကျုပ် တရားရုံးမှာ အမှန်ပြောဖြစ်မလားမသိဘူး။ ဟား.. ဟား.. ဟား..''

❦ ❦ ❦

''ညီမလေးနာမည်က တိမ်ပြာနော်''

''ဟုတ်ပါတယ် မမ''

''မမ တစ်ခု အကူအညီတောင်းချင်တာပါ။ ညီမလေးက ရီရီထိုက်ဘို့၊ မောင်သောင်းထိုက်တို့နဲ့ အိမ်ချင်းကပ်လျက်နော်''

''ဟုတ်ကဲ့''

''ကဲ.. အအေးသောက်ပါဦး။ အအေးသောက်ရင်း အေးအေးဆေးဆေးပြောကြတာပေါ့''

အအေးဆိုင်မှာက လူရှင်းနေသည်။ မေစံရှားနှင့်တိမ်ပြာ နှစ်ယောက်ဘဲရှိ၏။ တိမ်ပြာကျူရှင်မှအပြန် မေစံရှားက စောင့်၍တွေ့ဆုံခြင်းဖြစ်သည်။

တိမ်ပြာမှာ ငယ်ရွယ်သော်လည်း သွက်လက်ထက်မြက်သူဖြစ်ကြောင်း မေစံရှားအကဲခတ်၍ရသည်။

''မောင်သောင်းထိုက်တို့နဲ့ တော်တော်ရင်းနှီးလား''

''ဟုတ်ကဲ့..။ ရီရီထိုက်နဲ့ ရင်းနှီးပါတယ်။ အခန်းမတူပေမယ့် ညီ





''ဟုတ်တယ်..။ ပြောလို့ မဖြစ်ဘူးဗျ။ ပြောရင် ကျုပ်ခေါင်းပြုတ်မှာ''

ကိုတင်ဦးက ပြောသည်။

ကိုနေသော်က ကိုတင်ဦးရှေ့ရှိ ဖန်ခွက်ထဲသို့ အရက်ထပ်ငှဲ့ပေးရင်း..

''ဘာလို့ပြုတ်ရမှာလဲဗျာ။ ကျွန်တော်တို့ ရှိတာပဲ''

ပြောလိုက်သည်။

''ဟာ.. ခင်ဗျားတို့ရှိလည်း ဘာလုပ်နိုင်မှာလဲ။ ဟိုက လက်တစ်ကမ်းမှာဗျ။ ခဏခဏလာပြီး ဝမ်းနင်ပေးနေတာ''

''ဘယ်သူက လာပြီး ဝမ်းနင်ပေးတာလဲ''

ကိုတင်ဦးက အတော်ပင်မူးနေပြီ။ မူးအောင်လည်း ကိုနေသော်က အရက်တွေ အဆက်မပြတ်ငှဲ့ထည့်ပေးနေသည်။ 'သောက်ဗျာ' ဟုလည်း တွန်းအားပေးသည်။

''ကျုပ်က မူးရင် ပိုပြီးမှတ်မိတယ်ဗျ။ အဲဒီလူက လမ်းမတော်ဖိုးတုတ်တဲ့။ လက်မှာလည်း အရုပ်တွေနဲ့ဗျ။ စကားပြောတာလည်း ဘာပြတ်သဲမမေးနဲ့။ ကျုပ်ရှေ့ကို ငွေထုပ်ချပြီး ဒါကိုယူ၊ ဒါက ဆုပေးတာတဲ့။ ဆုမယူချင်ရင်တော့ ဒဏ်ပေးတာပဲ ရမယ်တဲ့။ မနက်ဖြန်မနက် မိုးလင်းတဲ့အခါ မျက်နာသစ်ဖို့ ခေါင်းမရှိချင်ဘူးလားတဲ့''

''ဟာ.. အဲဒီလိုပြောတာလား။ ဒါ.. ဒြိမ်းခြောက်တာပဲပေါ့။ မဟုတ်တာဗျာ''

''ရှူး.. တိုးတိုး။ မဟုတ်တာလို့ မပြောနဲ့။ ကြားသွားရင် ကိုယ့်လူမ်ခေါင်းပြုတ်သွားမယ်''

ကိုနေသော် ပြုံးလိုက်သည်။

''ခင်ဗျားက အဲဒီလောက်မူးရင် မှတ်မိတာပဲဗျာ။ ဟိုညက တွေ့ခဲ့တဲ့ကားဟာ ဘာကားလဲ။ တွေ့တဲ့လူဟာ ဘယ်သူဆိုတာ မှတ်မိမှာပေါ့''

''မှတ်မိတာပေါ့ဗျ။ ကားက ပါဂျီရိုးမီးခိုးရောင်ဗျ။ ကားမောင်းတဲ့ငနဲက အသက်နှစ်ဆယ်ကျော်လောက်ရှိမယ်။ ဆံပင်ရှည်ရှည်နဲ့။ ပုံက ရုပ်ရှင်မင်းသားနေတိုးနဲ့ ခပ်ဆင်ဆင်''

''သေချာပါတယ်ဗျာ။ ဦးကျော်မြတ်ရဲ့သား ရဲကောင်းမြတ်ပါ။ ခင်ဗျား တရားရုံးမှာ တွေ့လိုက်တယ်မဟုတ်လား''

''တွေ့လိုက်တယ်..။ သူပဲ။ ရဲကောင်းမြတ်.. ဟုတ်တယ်။ သူ

အစ်မလို ခင်ကြပါတယ်။ ကိုသောင်းထိုက်နဲ့ကတော့ နည်းနည်းစိမ်းပါတယ်"

"မောင်သောင်းထိုက်က အပေါင်းအသင်းများလား"

"သိပ်မများပါဘူး။ သူနဲ့ရင်းနှီးပြီး အိမ်ကိုဝင်ထွက်သွားလာတာက တော့ ဟို.. ကမ္ဘာကျော်ကုမ္ပဏီပိုင်ရှင်ရဲ့သား ကိုရဲကောင်းမြတ်ပါ"

"ညီမလေးတိမ်ပြာက ရဲကောင်းမြတ်ကိုလည်း ခင်တာကိုး"

"သူက လူသိများတယ် မမရဲ့။ ဒါကြောင့်ပါ"

မေစံရှား အချိန်အနည်းငယ်ခွဲပြီးမှ..

"ညီမလေးတိမ်ပြာ.. မာလာဆိုတဲ့မိန်းကလေးအကြောင်း ကြားဖူးလိုက်သလား"

အကြောင်းအရာကို စတင်ဘောင်ခတ်၍ မေးလိုက်သည်။

"ကြားမိတယ်မမ။ ဒီသီတင်းက ဟိုးလေးတကျော်ပဲဟာ။ အဲဒီမာလာ့အတွက် ညီမတောင် စိတ်မကောင်းဘူး"

တိမ်ပြာ၏ အဖြေသွက်သွက်။

တိမ်ပြာ၏ သဘောထားတစ်စွန်းတစ်စကိုလည်း မြင်လိုက်ရ၏။

"ဟုတ်တယ် ညီမလေး.. ။ ညီမလေးတို့လို မိန်းကလေးတွေ အတွက် အဲဒီလိုမှဒဿိမ်းကောင်မျိုးဟာ သိပ်ပြီးကြောက်စရာကောင်းတာ။ အဲဒီလိုကောင်မျိုးကို လွှတ်ပေးထားလို့ မရဘူး"

"ကိုရဲကောင်းမြတ်က အပြစ်မရှိဘူးဆိုပြီး လွှတ်သွားတယ်ဆို"

"ဟုတ်တယ်ကွယ့်။ ဒါကြောင့် မာလာရဲ့ဖခင်ခမျာ ပိုပြီးခံစားရတာပေါ့"

"ဘာဖြစ်လို့လွှတ်သွားတာလဲဟင်.. မမ"

"ရဲကောင်းမြတ်ကို အပြစ်ပေးနိုင်ဖို့ သက်သေမခိုင်လုံလို့ပေါ့ကွယ်။ ရှိတဲ့သက်သေကျတော့လည်း တရားရုံးမှာ မထွက်ဆိုရဲကြဘူးလေ"

"အိုး.. ဘာလို့ မထွက်ဆိုရဲရမှာလဲ။ ညီမသာဆိုရင် သိတာ၊ မြင်တာ ပြောမှာပဲ။ ဒါမှ အဲဒီလိုလူယုတ်မာ ထောင်ကျမှာ"

မေစံရှား ပြုံးသည်။

"ညီမလေးတိမ်ပြာရဲ့ စိတ်ဓာတ်ကိုတော့ မမသိပ်ချစ်သွားပြီ။ ဒါကြောင့်လည်း ညီမလေးနဲ့ စကားပြောကြည့်ဖို့ မမစဉ်းစားမိခဲ့တာ မှန်သွားပြီလို့ ဆိုရမယ်။ ဒါဖြင့် မမကို ညီမလေးသိတာ၊ မြင်တာ ပြောပြမလား။ အဲဒီနေ့ (.. ၊ .. ၊ ၂၀၀၇) ရက်နေ့ညက ရဲကောင်းမြတ်ကို ညီမလေးတွေ့မိလား"





တိမ်ပြာ တွေ့၍စဉ်းစားနေသည်။ ပြီး..

"မမပြောတာ မာလာမတရားကျင့်ခံခဲ့ရတဲ့ညည မဟုတ်လား" ပြန်မေး၏။

"ဟုတ်တယ် ညီမလေး"

"ညနေပိုင်းတော့ မတွေ့ဘူး။ ညဘက် ညီမလေးစာကျက်နေတုန်း ကိုသောင်းထိုက်ကို အိမ်လိုက်ပို့တာ တွေ့တယ်"

"ရဲကောင်းမြတ်ကို ပြောတာနော်"

မေစံရှား အားတက်သရောမေးသည်။

"ဟုတ်တယ် မမ။ ကိုရဲကောင်းမြတ်က ကိုသောင်းထိုက်ကို သူ့ရဲ့ပါဂျီရိုးနဲ့ လိုက်ပို့တာ။ ကားပေါ်က ကိုသောင်းထိုက်ဆင်းတော့ ခဏစကားပြောကြသေးတယ်။ ကိုသောင်းထိုက်က ကားတံခါးဖွင့်ဆင်းပြီးမှ ကားထဲကို ခေါင်းဝင်ပြီး တစ်စုံတစ်ခုပြောလိုက်တယ်။ ကိုရဲကောင်းမြတ်က ဒါ.. ငါ့အလုပ်ပါ။ မင်းအေးအေးသာနေလို့ ပြန်ပြောပြီး နောက်နေ့ဆုံဖို့ ချိန်းတာ ကြားလိုက်တယ်"

"ဘယ်အချိန်လောက်လဲ ညီမလေး"

"ညီမလေးက စာပွဲပေါ်မှာ စားပွဲတင်နာရီထားပြီး အချိန်နဲ့စာကြည့်တာမို့ အချိန်ကိုလည်း မှတ်မိပါတယ်။ ဆယ်နာရီမထိုးခင် ဆယ်မိနစ်ပါ"

မေစံရှား အလွန်ပင်ကျေနပ်သွား၏။

"ညီမလေး အခုပြောတာကို တရားရုံးမှာကော ပြောပြနိုင်မလား"

သွေးတိုးစမ်းလိုက်သည်။

"ပြောမယ် မမ"

"ကြိုက်သွားပြီ ညီမလေးရေ"

❦ ❦ ❦ ❦

# ၄၁

"ဆရာ.."

ရဲအုပ်အောင်မင်းရှေ့သို့ ဒုရဲအုပ်ဖြိုးကြီး လာရပ်သည်။ အမှုတွဲများ ဖြင့် အလုပ်ရှုပ်နေသော ရဲအုပ်အောင်မင်းက မော့ကြည့်သည်။

"ဖြိုးကြီး.. မင်းပြန်လာပြီလား။ အခြေအနေ.."

ဟု အလောတကြီးမေးသည်။

ဒုရဲအုပ်ဖြိုးကြီးက လက်မထောင်၍..

"ဆရာ့တပည့်ပါ ဆရာ။ အိုကေပါတယ်"

ဟု ဖြေသည်။

"ဆိုစမ်းပါဦး"

"ကျွန်တော် Queen ဟိုတယ်ကို သွားတယ်ဆရာ။ Queen ဟိုတယ်က သူတို့ဆီမှာ လုံခြုံရေးစနစ်အရ ဟိုတယ်ဝင်ပေါက်မှာ တပ်ဆင်ထားတဲ့ ကင်မရာတွေ ရှိတယ်။ အဲဒီကင်မရာကနေ ရိုက်ထားတဲ့ မှတ်တမ်းဗီစီဒီတွေကို နေ့အလိုက်သိမ်းထားတာရှိတယ်။ မန်နေဂျာရှင်းပြတာကတော့ အဲဒီမှတ်တမ်းတွေကို တစ်နှစ်ထိ သိမ်းထားတယ်တဲ့။ တစ်နှစ်ကျော်မှ ဖျက်ဆီးတယ်တဲ့။ ဒါကြောင့် မာလာအမှုဖြစ်တဲ့ (..၊ ..၊ ၂၀၀၇) ရက်နေ့တစ်နေ့လုံး မှတ်တမ်း





ဆင်ထားတဲ့ ဗီစီဒီချပ်တွေကို ကျွန်တော်ကြည့်ခဲ့တယ်။ မှတ်တမ်းရိုက်ထားတာဆိုတော့ အချိန်နာရီနဲ့ နေ့စွဲပါတယ်လေ။ အဲဒါ အဲဒီနေ့ညပိုင်း ညသန်းခေါင်ထိ မှတ်တမ်းထဲမှာ ဦးကျော်မြတ်လည်း မတွေ့ဘူး။ ရဲကောင်းမြတ်လည်း မတွေ့ဘူး။ ဦးဇာဂရလည်း မတွေ့ဘူး။ ဦးသူရိယလည်း မတွေ့ဘူး"

"မင်းသေသေချာချာကြည့်ခဲ့ရဲ့လား"

"ကြည့်ခဲ့ပါတယ် ဆရာ။ ကျွန်တော့်ကို ဆရာပေးလိုက်တဲ့ သူတို့ လေးယောက်ရဲ့ တတ်ပုံတွေကိုပြပြီး လက်ထောက်မန်နေဂျာပါ ဝိုင်းပြီးကြည့်ကြတာပါ"

"ဒါ.. သိပ်ကောင်းတဲ့ အချက်အလက်ပဲ"

"ပြီးတော့ သီးသန့်ခန်းကို ဘွတ်ကင်လုပ်တဲ့စာရင်းတွေ သူတို့မှာရှိတယ်ဆရာ။ အဲဒီမှာ ရှာတာလည်း အဲဒီနေ့က ဦးကျော်မြတ်တို့နာမည် လုံးဝ မတွေ့ဘူး"

"ဖျောက်"

ရဲအုပ်အောင်မင်း လက်ဖျောက်တီးလိုက်သည်။ အပြုံးဝင်းဝင်းဖြင့်..

"မင်းတော်တယ် ဖြိုးကြီး။ မင်းကို ငါ ညစာကျွေးမယ်"

"ဆရာ.. ဒါဆိုရင် ဦးကျော်မြတ်တို့ပြတဲ့ တရားခံပြသက်သေနှစ်ယောက်ဟာ အလိမ်ဆိုတာ သေချာပြီပေါ့နော်"

"ဒါပေါ့ကွ။ ဒါပေမဲ့ ဒီ့ထက်သေချာအောင် ဦးဇာဂရနဲ့ ဦးသူရိယတို့ အဲဒီအချိန်က ဘယ်မှာရှိနေတယ်ဆိုတာကို ပြနိုင်ရင် ပိုပြီးခိုင်လုံမယ်။ ဒီတော့ အဲဒါကို မင်းဆက်ပြီးတာဝန်ယူကွာ။ အခု မင်းရလာတဲ့ သတင်းအချက်အလက်ကို ငါ ဒေါ်မေစံရှားကို သတင်းပေးလိုက်ဦးမယ်"

"ကောင်းပါပြီဆရာ။ ဆရာ.. ညနေစာနော်"

"အေးပါ..။ စိတ်ချပါ.."

ဒုရဲအုပ်ဖြိုးကြီး အလေးပြုပြီး ပြန်ထွက်သွားသည်။

ရဲအုပ်အောင်မင်းက မေစံရှားထံ ဖုန်းဆက်ရန်အတွက် ဖုန်းကိုလှမ်းယူလိုက်သည်။

❦ ❦ ❦ ❦ ❦

# ၄၂

"ဟဲလို.. ကိုအောင်မင်းလား"

မေစံရှားက လက်ကိုင်ဖုန်းတွင်ပေါ်လာသော နံပါတ်ကိုကြည့်၍ ရဲ အုပ်အောင်မင်းထံမှဖြစ်ကြောင်း သိလိုက်သည်။ ထို့ကြောင့် ဖုန်းကို နားမှာကပ်ရင်း အဆောတလျင်ပြောလိုက်၏။

"ဟုတ်တယ်။ အခု မမေစံရှား ဘယ်မှာလဲ"

"ကျွန်မ အပြင်မှာ။ သက်သေတွေနောက် လိုက်နေတယ်"

"အခြေအနေကောင်းလား"

"သူတို့ကို ဦးကျော်မြတ်တို့က ခြိမ်းခြောက်ထားတာတော့ သေချာတယ်။ ကိုနေသော်ရတဲ့ သတင်းအရဆိုရင် ဦးကျော်မြတ်က လမ်းမတော်ဖိုးတုတ်ကို ငွေပေးပြီး ခိုင်းတာပဲ"

"လမ်းမတော်ဖိုးတုတ်.. ဟုတ်လား။ ဒီကောင်က လျင်တော့ အတော်လျင်တဲ့အကောင်။ နာမည်ရှိပေမယ့် တိတိကျကျ ဘာတစ်ခုမှ သူ့ကို အပိုင်ချည်လို့ မရသေးဘူး။ အတိမ်းအရှောင်ကလည်း တော်တယ်။ မိုက်တာတော့ ကမ်းကုန်ပဲ။ အဲ.. တစ်ခုရှိတာက သူက ဦးကျော်မြတ်လိုလူတွေအတွက် ငွေယူပြီး အလုပ်လုပ်တာမို့ အဲဒီလိုလူတွေရဲ့ နောက်ခံနဲ့ ဥပဒေကြိုးတန်းပေါ်





လျှောက်နေနိုင်တာပဲ"

"ဖြစ်နိုင်ရင် ကိုအောင်မင်း သူ့ကိုလည်း ခြေရာခံစေချင်တယ်"

"ဒါတော့ စိတ်ချ"

"ကျွန်မတို့ သက်သေတွေနဲ့တွေ့တာတော့ သက်သေတွေက တရားမြဲမှာ အမှန်အတိုင်းထွက်ဆိုဖို့ ဘယ်လိုမှမရဲဘူး ဖြစ်နေတာပဲ။ ကျွန်မတို့ကလည်း သူတို့ကို လုံးဝအာမခံချက်ပေးဖို့ဆိုတာ မလွယ်လှဘူး။ ဒါကြောင့် ကျွန်မတို့ အခြားနည်းတစ်နည်းကို သုံးရမှာပဲ"

"ဘာနည်းလဲ"

"အဲဒါတော့ နောက်မှပဲ ပြောပါ့မယ်ရှင်"

"ဟုတ်ပါပြီ။ ကျွန်တော်ကလည်း မမေစံရှားကို သတင်းကောင်းတစ်ခု ပေးမလို့ပါ"

"ဘာများလဲ ကိုအောင်မင်း"

"ဦးကျော်မြတ်တို့ဘက်က ရဲကောင်းမြတ်ဟာ အမှုအခင်းဖြစ်တဲ့ အချိန်မှာ Queen ဟိုတယ်မှာရှိခဲ့တယ်လို့ ဦးဇာဂရနဲ့ဦးသူရိယကို သက်သေထုပြီး အလီဘိုင်ပြခဲ့တယ်မဟုတ်လား။ အဲဒါကို ကျွန်တော်စုံစမ်းတော့ အဲဒီနေ့ အဲဒီအချိန်က Queen ဟိုတယ်ကို လာတဲ့ဧည့်သည်တွေထဲမှာ သူတို့မပါဘူး"

"သေချာလား ကိုအောင်မင်း"

"သေချာတယ်။ အဲဒီက လုံခြုံရေးကင်မရာက ရိုက်ထားတဲ့ ဗီစီဒီနဲ့ ဟိုတယ်ရဲ့ အထူးသီးသန့်ခန်းမှတ်တမ်းတွေကို သက်သေခံအဖြစ် ယူနိုင်တယ် မမေစံရှား"

"ဟာ.. သိပ်ကောင်းတဲ့သတင်းပဲ"

"အခု ဦးဇာဂရနဲ့ဦးသူရိယတို့ အဲဒီအချိန်က ဘယ်မှာရှိတယ်ဆိုတာကိုပါ စုံစမ်းခိုင်းထားတယ်"

"ချီးကျူးပါတယ် ကိုအောင်မင်းရယ်"

"အမှန်တရားအတွက်ပေါ့ဗျာ။ ဒါ.. ကျွန်တော့်ရဲ့တာဝန်ပါ"

"ကျွန်မကလည်း တရားရုံးတာဝန်ကျေအောင် ကြိုးစားမှာပါ"

"မမေစံရှား ဟိုကောင်လေးနဲ့ တွေ့ပြီးပြီလား"

"ဘယ်သူလဲ..။ မောင်သောင်းထိုက်ကို ပြောတာလား"

"ဟုတ်တယ် မမေစံရှား"

"မတွေ့ရသေးဘူး။ ဒါပေမဲ့ တွေ့ဖို့စီစဉ်ပြီးပြီ။ သူ့ဆီက ရလဒ်ကောင်း

တွေ့ရမှာ သေချာပါတယ်။ အဲဒီညည ဆယ်နာရီမထိုးခင် ရဲကောင်းမြတ်ထွ
မောင်သောင်းထိုက်ကို အိမ်လိုက်ပို့တယ်တဲ့။ မျက်မြင်သက်သေတစ်ယောက်
ကျွန်မရထားပြီ။ တရားရုံးမှာ သူက လိုပြသက်သေအဖြစ် ထွက်ပေးမယ်တဲ့

"ဟာ.. ဝမ်းသာစရာပဲ။ ကျွန်တော်တို့ဘက်က အလေးပြုန်သာထ
ပြီပေါ့နော်"

"မှန်ပါတယ်။ အမှန်တရားဆိုတာ အခိုက်အတန့်မှာ ခေါင်းလျှိုး
နေရတတ်ပေမယ့် အချိန်အခါသင့်ရင် ထင်ထင်ရှားရှားဖြစ်လာရတာ ဓမ္မထာ
ပါပဲ"

ကွန်ဂရက်ကျူလေးရှင်း မမေစံရှား"

"ကျွန်မကလည်း ကိုအောင်မင်းကို ကျေးဇူးတင်ပါတယ်"

❦ ❦ ❦ ❦ ❦

# ၄၇

စားပွဲတွင် ဂူဂူကြီးထိုင်နေသော ဦးကျော်မြတ်နားသို့ ဇနီးသည်ဒေါ်
ခင်ခင်ကြီး ချဉ်းကပ်လာသည်။ သူမလက်ထဲမှာ ဦးကျော်မြတ်၏လက်ကိုင်
ဖုန်းနှင့်။

"ဒယ်ဒီ.. ဖုန်း"

ခင်ပွန်းသည်၏မျက်နှာ ညိုနေသည့်မို့ မဝံ့မရဲကြည့်၍ ဒေါ်ခင်ခင်ကြီး
ပြောသည်။

"ဘယ်က ဖုန်းလဲ"

ဦးကျော်မြတ်က လှည့်၍မေးသည်။ သောက်ရန်ကိုင်ထားသော
ဘီယာခွက်ကို ပြန်ချ၍ မေးလိုက်ခြင်းဖြစ်သည်။

"မသိဘူး အစ်ကိုကြီး။ ခင်ခင်သိတဲ့နံပါတ် မဟုတ်ဘူး"

ဦးကျော်မြတ်က ဖုန်းကိုလှမ်းယူပြီး နားထောင်သည်။

"ဟဲလို"

တစ်ဖက်မှ အသံပေါ်လာ၏။

"ဆရာကြီး.. ကျွန်တော်ပါ"

လှမ်းမတော်ဖိုးတုတ်ဖြစ်သည်။

"အေး.. ပြော"

"အရေးကြီးလို့ သတင်းပို့တာပါ"

"ဘာသတင်းလဲ"

ဒေါ်ခင်ခင်ကြီး ပြန်ထွက်မသွားသေးဘဲ ဘေးမှ ရပ်၍ နားထောင်နေ၏။

"ကျွန်တော်တို့ ပြီးခဲ့တဲ့တရားရုံးမှာတုန်းက အပိုင်ကိုင်ထားတဲ့ သက်သေတွေကို ဟိုရှေ့နေမက လိုက်ပြီးစည်းရုံးနေတယ် ဆရာကြီး"

"ဘာ.."

ဦးကျော်မြတ်မျက်နှာ ခက်ထန်သွားသည်။ မျက်လုံးမှာ ဒေါသရောင်လက်သွား၏။

"ဟုတ်တယ်ဆရာကြီး။ ဒါပေမဲ့ ကျွန်တော်ကလည်း အဲဒီလူတွေနဲ့ ထပ်တွေ့ပြီးပါပြီ။ ထပ်ပြီး သတိပေးထားတယ်။ သူတို့ကလည်း ကျွန်တော်ပြောတဲ့အတိုင်း လုပ်ပါ့မယ်။ ရှေ့နေမကိုတော့ ခါထုတ်လိုက်ပါတယ်တဲ့"

"သေချာလား"

"သေချာပါတယ်။ ကျွန်တော်က ထပ်ပြီး ခပ်ကြမ်းကြမ်းခြောက်ထားပါတယ်"

"သက်သေသုံးယောက်စလုံးကို သူက လိုက်တာပဲလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒီရှေ့နေမက မလွယ်ပါလား။ အတော့်ကိုခေါင်းမာပြီး အတော့်ကို ခြေလှမ်းကျဲနေတယ်။ သူ့ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူး"

"ကျွန်တော် သူ့ကို ရှင်းလိုက်ရမလား"

ဦးကျော်မြတ် တွေ၍စဉ်းစားနေသဖြင့် အချိန်အနည်းငယ်ဆိုင်းသွားသည်။ ဒေါ်ခင်ခင်ကြီးက စိုးရိမ်မျက်နှာဖြင့် ရပ်နေရာမှ ဦးကျော်မြတ်ရှေ့ထိုင်ခုံမှာ ဝင်ထိုင်ရင်း အခြေအနေကို စောင့်ကြည့်နေသည်။

"အပြတ်ရှင်းလို့တော့ မဖြစ်ဘူးကွ။ ပြဿနာတစ်ခု ထပ်တိုးလာမယ်။ ငါတို့ဘက်ကို ရဲကလည်း စောင့်ကြည့်နေပုံရှိတယ်"

"ဒါဆို ရှေ့ဆက်မတိုးရဲအောင်ပဲ ဆုံးမလိုက်မယ်"

"အေး.. အဲဒီလောက်ပဲလုပ်။ သိပ်လက်မလွန်စေနဲ့။ ကြောက်သွားပြီး သူနောက်ဆုတ်သွားရင် ရပြီ"

"ဟုတ်ကဲ့.. စိတ်ချပါ ဆရာကြီး"





"အကြောင်းထူးရင် ငါ့ဆီထပ်သတင်းပို့"

"ဟုတ်ကဲ့"

လမ်းမတော်ဖိုးတုတ် ဖုန်းချသွားသည်။ ဦးကျော်မြတ် မျက်နှာမည်းမည်းကြီးဖြင့် ဖုန်းကိုပိတ်ရင်း..

"တော်တော်လူပါးဝတဲ့ ရှေ့နေမ"

ဟု ရေရွတ်သည်။

"ဘာတဲ့လဲ အစ်ကိုကြီး"

ဒေါ်ခင်ခင်ကြီးက သိချင်ဇောဖြင့် ဝင်မေး၏။

"ဟိုရှေ့နေမက ငါတို့ကိုင်ထားတဲ့ သက်သေတွေကို လိုက်စည်းရုံးနေသတဲ့"

ဦးကျော်မြတ်သည် ပြောရင်း ဘီယာခွက်ကိုလှမ်းယူကာ မော့သောက်တိုက်၏။

"စိုးရိမ်စရာရှိလား"

"ဖိုးတုတ်ကို ဆုံးမခိုင်းလိုက်ပြီ။ ကိစ္စမရှိပါဘူး"

"သားကိစ္စကရော"

"သားကိစ္စက ငါတို့အရေးသာပါတယ်။ ရဲက ငါတို့တောင်းဆိုတဲ့အတိုင်း ပြင်းထန်စွာနာကျင်စေမှုနဲ့ ခရိုင်ရုံးကို တင်ပေးတယ်"

"ဒါဆို ကျွန်မတို့ နှစ်မှုတစ်ပြိုင်တည်းရင်ဆိုင်ရမှာပေါ့"

"ဟုတ်တယ်။ ငါတို့ရှေ့နေကြီး ဦးမင်းထွေးနောင်ပြောတာကတော့ ရှေ့အပတ်မှာ စပြီး နှစ်မှုစလုံး တရားရုံးက စစ်လိမ့်မယ်တဲ့"

"သားကို ဆေးရုံက မဆင်းခိုင်းသေးဘူးလား"

"ဆင်းခိုင်းလို့ မရသေးဘူး။ ငါတို့စွဲထားတဲ့အမှု လေးအောင်ရယ်၊ အရင်အမှုက တရားရုံးပြန်ရောက်လို့ ရင်ဆိုင်ရတော့ ရဲက ပြန်ဖမ်းနိုင်တာရယ်ကြောင့် ဆေးရုံမှာနေတာ နှစ်မှုလုံးအတွက် အကောင်းဆုံးပဲ"

ဒေါ်ခင်ခင်ကြီး သက်ပြင်းချသည်။

"အဲဒီရှေ့နေမ ဝင်ရှုပ်တာနဲ့ ပြီးနေတဲ့အမှုက မပြီးနိုင်ဖြစ်ရတာ။ ခင်ခင် တွေ့ပြီး ရိုက်နှက်ပစ်လိုက်ချင်တယ်"

မခံမရပ်နိုင်ဖြစ်နေသော ဒေါ်ခင်ခင်ကြီးကိုကြည့်၍ ဦးကျော်မြတ်က မျက်နှာတင်းတင်းဖြင့်..

"ပြဿနာပိုရှုပ်ကုန်မယ်နော်။ မင်း အေးအေးဆေးဆေးနေ။ အဲဒီ

ရှေ့နေမကို လျှောက်တွက်လို့မရဘူးဆိုတာလည်း မင်းမှတ်ထား။ ငါတို့ရှေ့နေကြီး တောင် ဖြုံနေတယ်။ ငါတို့က ပါးပါးနပ်နပ်နဲ့ အကွက်ကျကျစီစဉ်ပြီးမှ အနိုင်ယူ ရမှာ''

သတိပေးစကား ဆိုသည်။

သူ့ဘက်ကလည်း အဲဒီလို အကွက်ချလုပ်မှာပဲ။ ကျွန်မတို့ထက် သူက ကျောသွားရင် ဘယ်လိုလုပ်မလဲ''

ဦးကျော်မြတ် မဲ့ပြုံးပြုံးလိုက်သည်။ အေးစက်သော ထိုအပြုံးမှာ ကြောက်မက်ဖွယ်ကောင်းကြောင်း ဒေါ်ခင်ခင်ကြီးသိလိုက်၏။

''ကျော်မြတ်ကို ဒီလိုလာကျောလို့တော့ ဘာရမလဲ။ ကျော်မြတ်က သေနင်္ကျမ်းတဲ့ ကျားပဲ''

❦ ❦ ❦ ❦ ❦

# ၄၄

မိုးချုပ်စပင်ရှိသေးသော်လည်း မီးမလာသဖြင့် လမ်းက မှောင်နေသည်။ လမ်းဘေးဝဲယာမှာကလည်း ခြံကျယ်ကြီးများနှင့် တိုက်ကြီးများ။ ထို တိုက်ကြီးများတွင် ထွန်းညှိထားသောမီးရောင် ရှိနေသော်လည်း အုံ့ဆိုင်းနေသော သစ်ပင်များ။ ပန်းပင်များ။ နံရံများကြောင့် လမ်းမပေါ်သို့ အလင်းရောင်က ရောက်မလာ။

သက်သေများနောက်သို့ မေစံရှားလိုက်ပြီး ရုံးပြန်အရောက်မှာ တခြားအမှုသည်တစ်ဦးရောက်လာ၍ အမှုအကြောင်းဆွေးနွေးရင်း အချိန်အတော်လင့်သွားသည်။

အမှုသည်ပြန်သွားတော့ ငါးနာရီခွဲနေပြီ။

''ကိုကို လိုက်ပို့မယ်''

ကိုနေသော်က ဤသို့အကြံပြုခဲ့၏။ သို့သော် မေစံရှားက ငြင်းသည်။

''မပို့နဲ့ ကိုကို။ ရတယ်.. ။ ရှားဘာ့သာ ပြန်ပါ့မယ်။ ရှားကို ပို့ပြီးမှ ဆိုရင် ကိုကိုပြန်ရမှာ ဝေးတယ်။ ပြီးတော့ ကို့ကို့မေမေက သိမ်နေကောင်းတာ မဟုတ်ဘူး။ စောစောပြန်ပါ''

''ရှားကို စိတ်မချဘူး''

မေစံရှားက ခပ်တိုးတိုးရယ်သည်။

''ကျေးဇူးတင်ပါတယ် ကိုကိုရယ်။ ကိုကိုစိတ်ပူတာ ရှားသိပါတယ်။ ရဲကောင်းမြတ်အမူအတွက် ဦးကျော်မြတ်ဘက်က အန္တရာယ်ပေးမှာစိုးတာ မဟုတ်လား။ မစိုးရိမ်ပါနဲ့။ ရှား ဘာမှမကြောက်ပါဘူး''

''ရှားမကြောက်တာ ကိုကိုသိတာပေါ့။ ဒါပေမဲ့ စိုးရိမ်တာက စိုးရိမ်တာပဲ။ ဦးကျော်မြတ်က လမ်းမတော်ဖိုးတုတ်ကို လက်ကိုင်တုတ်လုပ်ပြီး ခိုင်းနေတာမဟုတ်လား။ လူဆိုးဆိုတာ မှောင်ထဲမှာ နေတာ။ ရှားက အလင်းထဲမှာ မှောင်ထဲကနေ မကောင်းတာကြံစည်ချင် ကြံစည်နေမှာလေ''

''ရှားသတိရှိပါတယ် ကိုကိုရယ်။ ရှားဘာသာ Taxi နဲ့ ပြန်ပါ့မယ်။ ရှားကလည်း ကိုကို့ဘက်ကို တွေးပေးရမှာမို့ပါ။ ကိုကိုက ရှားကို လိုက်ပို့ပြီး မိုးကြီးအတော်ချုပ်မှ ပြန်ရင် ပြန်ရမှာ အဝေးကြီးဆိုတော့ ရှားက ကိုကို့ကို ပြန်ပြီးစိတ်ပူနေရပြန်ရောမဟုတ်လား''

သို့ဖြင့်ပင် 'လိုက်ပို့မယ်'၊ 'မပို့ပါနဲ့' အငြင်းအခုန်ဖြစ်ကြပြီး နောက်ဆုံးတွင် မေစံရှား၏သဘောကို ကိုနေသော်က အလျှော့ပေးခဲ့ရတော့၏။

ရုံးခန်းမှ အတူတူဆင်းခဲ့ကြပြီး..

''ဒါဆို ကိုကို Taxi ပေါ် ရှားကိုတင်ပေးလိုက်မယ်''

ဟု ဆိုကာ ကိုနေသော်က အင်္ဂါကားခေါ်ပေးသည်။

မေစံရှား အင်္ဂါကားဖြင့်ထွက်လာမှ ကိုနေသော်က သူစီးရမည့် ကားမှတ်တိုင်ဘက် ထွက်သွားသည်။

ကိုနေသော်မေတ္တာကို မေစံရှား ပိုမိုနားလည်ခံစားရပြီး အချစ်တွေ တိုးလာသည်ဟုပင် ဆိုရပါမည်။

မေစံရှားအတွက် ဘဝကြြင်ဖော်ကောင်း..။

မေစံရှားအတွက် သွေးသောက်ရဲဘော်ကောင်း..။

အင်္ဂါကားလေးပေါ်မှာ ချစ်သူ့အကြောင်းတွေး၍ ကြည်နူးဆွတ်ပျံ့သောရသကို ခံစားရသလို မာလာကလေးတို့သားအဖအကြောင်း တွေးပြန်တော့ ကရုဏာလှိုင်းများ ကြွလာရပြီး တစ်ဖက်မှ အတ္တကြီးလွန်းသော ကမ္ဘာကျော်ဦးကျော်မြတ်အကြောင်း ခေါင်းထဲဝင်လာပြန်တော့ မုန်းတီးရွံရှာစိတ်များ ဝင်လာရပြန်၏။

''ကျုပ်က သဘောကောင်းပြီဆိုရင် သွေးကိုဖောက်ပြီး ပေးနိုင်တယ်။ အဲ.. သဘောဆိုးရင်တော့ သွေးသောက်ဖို့လည်း ဝန်မလေးဘူး''





ဦးကျော်မြတ်ပြောခဲ့သောစကား..။

ပြောသည့်အတိုင်း လုပ်မည့်သူဆိုသည်ကို ရှားသံသယမရှိ။

ထို့ကြောင့်လည်း ကိုနေသော်စိတ်ပူရခြင်းဖြစ်သည်။

ကြည့်လေ..။ မောင်သူရ မသန်းမူ၊ ကိုတင်ဦးတို့ကို သူတို့က အသက်အန္တရာယ်ပေးမည်ဟု ဩဇိမ်းခြောက်ထားခဲ့သည်ပဲ။

မေစံရှားကို ငွေဖြင့်စည်းရုံးခဲ့ရာ မရသဖြင့် အန္တရာယ်ပေးမည့်နည်းဖြင့် ဟန့်တားဖို့ကြိုးစားမှာ မလွဲကောန်ပင်။

ရှေ့အပတ်ဆိုလျှင် တရားရုံးမှာ အမှုတွေစတင်ရင်ဆိုင်ရတော့မည်။

တိုင်းတရားရုံးမှာ မုဒိမ်းမှုနှင့် ပြင်းထန်စွာနာကျင်စေမှု။ တရားလိုက ဟာလာ။ တရားခံက ရဲကောင်းမြတ်။

ခရိုင်တရားရုံးမှာက ပြင်းထန်စွာနာကျင်စေမှု။ တရားလိုက ရဲကောင်းမြတ်။ တရားခံက ဦးထွေး။

''ဟာ.. ရှေ့မှာ လူတစ်ယောက်လဲနေပါလား''

အင်္ဂါကားမောင်းသူ လူကြီး၏ အထိတ်တလန့်စကား။

မှန်သည်။ မေစံရှားလှမ်းကြည့်လိုက်တော့ ကားမီးရောင်အောက် လမ်းမပေါ်မှာ လူတစ်ယောက် မှောက်ခုံကြီးလဲကျနေ၏။

ကားဆရာက ကားကို ထိုးရပ်သည်။

မေစံရှား ကားပေါ်မှ ဆင်းလိုက်၏။ သို့သော် မေစံရှားဆင်းလိုက်သည်က သတိလက်လွတ်တော့ မဟုတ်။ အခါက ညအခါ။ ပြီးတော့ မိမိက မိန်းမသားတစ်ဦးတည်း။ နောက်ပြီးတော့ ရန်ကုန်မှာ သည်လိုမြင်ကွင်းတွေ ဒန်တီးပြီး အမျိုးမျိုးသောအန္တရာယ်များ ပေးတတ်ကြသည်က မကြာခဏ။

အမှန်ပြောရလျှင် မေစံရှား ကားပေါ်မှဆင်းသည်မှာ လဲကျနေသူ အကွက်တစ်ခုခုဆင်ခြင်းဖြစ်မည်ဟု ယူဆချက်ကြောင့်ဖြစ်၏။

မေစံရှားဆိုသည်က ပန်းပွင့်ကလေးလို နူးညံ့သည်မှန်သော်လည်း သံမဏိလိုမာကျောမှုကို အချိန်အခါ၊ နေရာရွေး၍ လေ့ကျင့်မွေးမြူထားသူဖြစ်၏။ အန္တရာယ်ကို ရှောင်ပြေးခြင်းထက် တည့်တည့်ရင်ဆိုင်ချင်သည်။

ထင်သည့်အတိုင်းပါပဲ။

မေစံရှားက လဲကျနေသူကို ငုံ့အကြည့်၌ ထိုလဲကျနေသူက ကိုယ်ကို လှိမ့်လိုက်ပြီး လက်တွင်ဝှက်ကိုင်ထားသောဓားဖြင့် မေစံရှား၏ပိုက်ဆံသို့ ထိုးသွင်းလိုက်၏။ သူကား လမ်းမတော်ဖိုးတုတ်၏တပည့် မျက်ပြိုဖြစ်သည်။

"ကဲကွာ.. သေပေတော့"

သတိကို ကြိုးတင်စုစည်းထားသူ မေစံရှားအဖို့ ဒါမျိုးက ရိုးနေပြီဆို ရမည်။ ရှောင်လိုက်သည်။ ဓားက ဗိုက်ဘေးနားက ဝိုးခနဲဖြတ်သွား၏။ နောက် ကျလိုက်လျှင် အူတွေကိုဆွဲထုတ်မည့် ဓားချက်။

တစ်ဆက်တည်းမှာ မေစံရှားက လှုပ်ရှားလိုက်သည်။

ဓားကိုရှောင်လိုက်သည့်အရှိန်ကို ဆက်၍အသုံးချလိုက်၏။ ကျစ်လျစ် သွယ်လျသော ခန္ဓာကိုယ်ကို လှုပ်ပြက်သလို ထပ်မံလှည့်လိုက်ပြီး ညာဖနောင့် ဖြင့် ရန်သူ၏ဓားကိုင်လက်ကို နောက်ပြန်ကန်လိုက်၏။ အူရှိရှိဂါရီခေါ် ဘက်ကစ် ပင်ဖြစ်သည်။

"ဖျောက်"

ကန်ချက်က ဓားကိုင်လက်ကိုထိပြီး ဓားက လွင့်သွား၏။

ရန်သူမျက်ပြူက နေရာမှ လူးလဲပြီး ထသည်။ သို့သော် မျက်ပြူကို မေစံရှားက အခွင့်မပေးတော့။ သူ နေရာတွင် မတ်မတ်မရပ်နိုင်သေးမီပင် မေစံရှားက နေသားတကျနေရာယူပြီး ဘယ်လက်သီးကို ရှေ့ကိုဆန့်ထုတ်ကာ မျက်ပြူ၏ရင်ဝသို့ ထိုးထည့်လိုက်၏။ ဆိုင်ကင်ချူဒန်ဆုကီး ထိုးချက်။

"ဘုတ်"

"အွတ်"

အရှိုက်ကို တည့်တည့်ထိမှန်သဖြင့် မျက်ပြူ၏ညည်းသံနှင့် လူက ရှေ့ကို ခေါင်းစိုက်ကျလာသည်။

တစ်ဆင့် ထပ်၍တက်လိုက်သည်။

ဟိုက်ဂျီအော့အူချီ ညာပင့်တံတောင်က ဝိုးခနဲမြောက်တက်သွားကာ မျက်ပြူ၏မေးရိုးကို အရှိန်ပြင်းစွာကော့၍ ပင့်ရိုက်ထုတ်လိုက်သည်။

"ခွပ်"

"အား"

မျက်ပြူ မချိမဆံ့အော်ပြီး လူက နောက်သို့ ဖရိုဖရဲလန်ကျသွားသည်။

သွားပြီ.. ။ ချက်ချင်းပြန်မထနိုင်တော့။

ထိုအခိုက်မှာပင်..

မေစံရှားအား တစ်စုံတစ်ယောက်က ပြေး၍ နောက်မှ တုတ်နှင့်ရိုက် သည်။ တုတ်က မေစံရှား၏ခေါင်းကို ရည်ရွယ်၏။ ထိလိုက်လျှင်တော့ ခွပ်ခနဲ။ မြေပြင်ကို နမ်းရမည်မှာ မလွဲ။





သို့သော် တရားထိုင်သောအကျင့်က စိတ်ကိုထိန်းချုပ်နိုင်နင်းမှု ရရှိစေ ပြီး အာရုံများကို ပိုမိုရှင်သန်နိုးကြားစေသည်ဖြစ်ရာ နောက်မှပြေးဝင်လာသော ရန်သူနှင့် လေထဲတွင်ဝဲလာသော တုတ်၏လေတိုးသံကို မေစံရှားကြားလိုက်ရ၏။

ခြေကို ဘေးသို့ရွှေ့ကာ ခေါင်းကိုငဲ့ပေးလိုက်သည်။ တုတ်က ခေါင်းနှင့် ဆုံလက်မခန့်အကွာမှ ဝိုးခနဲဖြတ်သွား၏။

မေစံရှားက ကိုယ်ကိုတစ်ခြမ်းလှည့်လိုက်ကာ တုတ်ကိုင်လက်ကို ဘယ်လက်ဖြင့်ဖမ်းဆုပ်ပြီး ဘေးသို့ဆွဲချစဉ် ညာလက်သီးကို ဝင်လာသူ၏နံကြား သို့ ထိုးသွင်းလိုက်သည်။

"ဒုတ်"

"အင့်"

ထိသူကား လမ်းမတော်ဖိုးတုတ်ပင်တည်း။

ဖိုးတုတ်ဆိုသည်က အကြမ်းအရမ်း၊ အသက်အပုတ် ခေလှသူ ဟုတ်။ မိုက်သည့်နေရာမှာလည်း ကမ်းကုန်သူ။

ယခု မေစံရှားက သူ့တပည့်ကိုလည်း အနာတရဖြစ်စေခဲ့ပြီ။ သူ့ကို လည်း သာသာလေးနှင့် လှလှပပ အကွက်တစ်ကွက်ပြခဲ့ပြီ။ သည်တော့ မေစံရှားကို ဒေါသဖြင့် မဲပြပေါ့။

မေစံရှား နောက်တစ်ကွက်မတိုက်မီ ဘေးမှ သူခုန်ထွက်ကာ မြေပေါ် မှာ ဟန်ချက်ပြန်ယူပြီး တုတ်ကို လေထဲတွင် တဝီးဝီးမွှေ့လိုက်သည်။ မေစံရှား ကို ဝင်ရိုက်ဖို့ အကွက်ကိုလည်း ချောင်းသည်။

မေစံရှားက သူ့အာရုံ ထွေပြားစေရန်..

"ရှင်.. ဘယ်သူလဲ။ ဘာကြောင့် ကျွန်မကို နှောင့်ယှက်ရကာလဲ"

မေးခွန်းတွေမေးရင်း အသင့်အနေအထားယူကာ အသက်ကိုတစ်ဝ ရုံထားလိုက်သည်။ တစ်ပွဲတိုက်ခဲ့ပြီးသော်လည်း မေစံရှားမမောသေးပါ။ သွေးပူ လေ့ကျင့်ခန်းမျှသာ ရှိပါသေးသည်။

"သိပ်စွာလွန်းတဲ့ ရှေ့နေမကို ပညာပေးမလို့ပေါ့"

လမ်းမတော်ဖိုးတုတ်က ဒေါသသံဖြင့် ဖြေသည်။

"ရှင့်ကို ဘယ်သူက ခိုင်းသလဲ။ ဦးကျော်မြတ်လား"

"ဒါ.. မင်းသိဖို့ မလိုဘူး"

လမ်းမတော်ဖိုးတုတ်က ပြောပြောဆိုဆို တုတ်ဖြင့်ဝင်ရိုက်သည်။ မေစံရှားက နောက်ကိုတစ်လှမ်းဆုတ်၍ ရှောင်သည်။ တုတ်ချက်လွဲသွားသည်။

မေစံရှားအဖို့မှာက တရားရုံးကိုသွားသောဝတ်စုံနှင့်မို့ ဝတ်ထားသော ထဘီက ခြေကန်ချက်များကို အသုံးချ၍မရ ဖြစ်နေ၏။ ထို့ကြောင့် လက်တို့၏ ကွက်များကိုသာ အဓိကအားပြုရတော့မည်ဖြစ်သည်။

လမ်းမတော်ဖိုးတုတ်က လွဲသွားသောတုတ်ချက်ကို အရှိန်ပြန်သည်ပြီး လက်ပြန်တစ်ချက် ပြန်ရိုက်ပြန်၏။ မေစံရှားက ဘေးသို့ ခြေတစ်လှမ်းထွက်ကာ ကိုယ်ကိုယို၍ ရှောင်သည်။ တုတ်ချက်လွန်သွားစဉ် လမ်းမတော်ဖိုးတုတ်၏ အနေအထားက မေစံရှားရှေ့မှာ တစောင်းဖြစ်သွား၏။

မေစံရှားက ဘယ်ခြေကို ကွေးတင်ကာ ဘယ်ခြေထောက်ခြေဆစ်ဖြင့် လမ်းမတော်ဖိုးတုတ်၏ ဘယ်ခြေတံကောက်ကွေးကို ဆောင့်ကန်လိုက်သည်။ ကန်ဆက်ဆုဂါရီဖြစ်သည်။ အင်ကယ်ကစ်ဖြစ်သည်။ ကန်ချက်မိုသဖြင့် လမ်းမတော်ဖိုးတုတ် ဒူးခွေ၍ မြေပြင်သို့ ဒူးထောက်ကျသွား၏။

"အာ..."

အနေအထားကလည်း မေစံရှားကိုကျောပေးလျက် ဖရိုဖရဲဖြစ်သွားသည်။

မေစံရှားအလှည့် ပြန်ရောက်ပြီ။

ဘယ်ခြေရှေ့၊ ညာခြေနောက်ဖြင့် ခန္ဓာကိုယ်၏အရှိန်ဖြင့် ညာလက်ကို မြှောက်လိုက်ကာ ညာလက်ဝါးစောင်းအား ဖိုးတုတ်၏ အကာအကွယ်မဲ့နေသော လည်ကုပ်ပေါ်သို့ ပြင်းစွာရိုက်ချလိုက်သည်။ ရှူတိုဆကိုဆုအူချီ လက်ဝါးစောင်း ခုတ်ချက်။

"ဂုတ်"

"အား"

ဖိုးတုတ် အော်လျက် ရှေ့သို့ ဟပ်ထိုးဖြစ်သွားသည်။ မှောက်တော့ မသွားသေး။ တန်ပြန်တိုက်ဖို့ကား သူအခွင့်အရေးမရတော့။

မေစံရှားက ဘယ်တံတောင်ကို ထပ်မြှောက်လိုက်သည်။

"ယား"

အားကို တံတောင်တွင်ထည့်လျက် ဖိုးတုတ်၏လည်ကုပ်ခေါင်သို့ ဒုတိယ အကြိမ်အဖြစ် ထပ်မံထောင်းချလိုက်၏။ ဟိုက်ချီအိုရိုရှီအူချီ ထောင်းချက်။

"ဒုတ်"

"အီး"

လမ်းမတော်ဖိုးတုတ် အော်ညည်းလျက် မြေပြင်ပေါ် မှောက်ကျသွား





သည်။ ထိုအခိုက်အတန့်လေးမှာ ကားမီးရောင်က ဝင်းခနဲ မေစံရှားမျက်နှာပေါ် ကျလာ၏။ မီးရောင်ကြောင့် မေစံရှားမျက်လုံးများ ပြာသွား၏။

"ဆရာ.. ဆရာ.."

စောစောက မေစံရှားတိုက်ခိုက်ခဲ့ပြီး နာကျင်စွာလဲကျနေခဲ့သော သည့်ကျော်မျက်ပြက ပြေးလာပြီး သူ့ဆရာ လမ်းမတော်ဖိုးတုတ်အား ဆွဲထူသည်။

ကားစက်သံ ဆူညံလာကာ အရှိန်ဖြင့် မေစံရှားထံသို့မောင်းဝင်လာသည်ကို သတိပြုမိသဖြင့် မေစံရှား လမ်းဘေးသို့ လိမ့်ချလိုက်၏။ ကားက ဘေးမှ ဝေါခနဲဖြတ်သွားပြီး ရှေ့တွင် ကျွိခနဲထိုးရပ်သည်။

ဖိုးတုတ်ကို မျက်ပြက ဆွဲထူပြီး ထိုကားဆီသို့ပြေးသွားကာ ကားပေါ် တက်ပြီး ကားက ဝူးခနဲမောင်းထွက်သွားသည်။

မေစံရှား မြေပြင်မှပြန်ထလိုက်သောအခါ ကားမီးနီနီလေးကိုသာ မြင်လိုက်ရတော့၏။

"တူမ.. တူမ ဘာဖြစ်သွားသေးလဲ"

ယခုမှပင် မေစံရှား၏ကားဆရာက ပြေးလာကာ မေးဖော်ရ၏။ ဘစ်ချိန်လုံး ကြောက်ကြောက်နှင့် ကားနားမှာပင် ရပ်နေခဲ့သူ။

"ဘာမှမဖြစ်ပါဘူး ဦးလေး။ ရပါတယ်"

"ဒီကောင်တွေက တူမ ဒီလမ်းကပြန်မယ်မှန်းသိလို့ တမင်စောင့်ပြီး အန္တရာယ်ပေးတာပဲ။ ဘယ်ကလူဆိုးတွေလဲ မသိဘူး"

မေစံရှား ဘာမှပြန်မပြောဘဲ ကားဆီသို့ ပြန်လျှောက်လာသည်။

ကားထဲဝင်ကြတော့..

"တူမ.. ဒီကားနဲ့ပါလာမှန်း သူတို့ဘယ်လိုသိတာလဲ မသိဘူးနော်"

ကားဆရာက နားမလည်သလို ပြော၏။

"ကျွန်မ ဦးလေးကားပေါ်တက်တာကို တစ်ယောက်ယောက်က စောင့်ကြည့်ပြီး သူ့လူတွေကို ဖုန်းနဲ့လှမ်းပြောတာနေမှာပေါ့ ဦးလေးရယ်"

မေစံရှားက အေးဆေးစွာ ပြန်ပြောလိုက်၏။

"ဒါဆိုရင်တော့ တူမကို သေသေချာချာလုပ်ကြံတာပဲ။ တူမ ရဲစခန်းကို သွားတိုင်မလား"

"နေပါစေ ဦးလေး။ ကျွန်မ အိမ်ကိုပဲပြန်မယ်။ မနက်ဖြန်ကျမှ ကျွန်မ ရဲစခန်းကို သွားပြီးတိုင်ပါ့မယ်"

''တူမ သူတို့ကို သိလို့လား''

''မသိပါဘူး''

''အမြဲ သတိပိရိယနဲ့တော့ နေပါ တူမရယ်။ တူမက ရှေ့နေထဲ တယ်။ ဒါကြောင့် လူဆိုးတွေက ရန်ရှာတာနေမှာပဲ''

ကားဆရာက ကားကိုမောင်းထွက်ရင်း ပြောသည်။

'အင်း.. ဦးကျော်မြတ်ကတော့ ပွဲကြမ်းစပြုလာပြီပဲ'

မေစံရွှားစိတ်ထဲက ရေရွတ်မိ၏။ ရှေ့ မည်သို့ ထပ်မံအန္တရာယ်ဖြင့် မည် မသိ။

❦ ❦ ❦ ❦ ❦

# ၄၅

''ဟဲလို''

''မမခင်လား.. ။ ရာဇာပါ''

''ဟင်.. မင်း ဘာလို့ဖုန်းဆက်တာလဲ။ မင်းကို ဖုန်းမဆက်နဲ့လို့ ပြောထားတယ်မဟုတ်လား''

ဒေါ်ခင်ခင်ကြီး မျက်လုံးများပြူးကျယ်ကာ ခပ်လောလော၊ ခပ်မာမာ ပြောချလိုက်၏။ တစ်ဖက်မှ ရယ်သံကြားရသည်။ တော်သေး၏။ အိမ်မှာ ဦးကျော်မြတ်မရှိ၍.. ။

''မမခင်က စိမ်းကားနေလိုက်တာ။ ကျွန်တော့်ကို သတိမရဘူးလား''

''အပိုတွေ ပြောမနေနဲ့။ ဒီမှာ စိတ်ရှုပ်နေရတဲ့အထဲ''

''ကျွန်တော် ဟျောအောင်လုပ်ပေးမယ်လေ''

''သွားစမ်းပါ။ နောက်မှ မမခင်ပြန်ဆက်သွယ်မယ်။ မမခင် ဖုန်းချ လိုက်တော့မယ်''

''နေ.. နေပါဦး မမခင်။ ကျွန်တော်ပြောစရာရှိလို့ပါ''

''ဒါဆို.. မြန်မြန်ပြော''

''ကျွန်တော် ငွေအသုံးလိုနေလို့ မမခင်''

ဒေါ်ခင်ခင်ကြီး သက်ပြင်းချလိုက်သည်။

''မမခင်လာတော့ ပေးမယ်။ ဟုတ်ပြီလား။ ဒါပဲနော်''

ပြောပြောဆိုဆို ဖုန်းကိုလည်း ချလိုက်၏။ ပြီးလျှင် တယ်လီဖုန်းကို အကြောင်းမဲ့ငေးစိုက်ကြည့်နေမိသည်။

ရာဇာ..။ သူနှင့်မိမိ ဆုံတွေ့ခဲ့သည်မှာ အကြိမ်များခဲ့ပြီ။ သူ့ထံမှ မိမိလိုချင်သည်ကို ရသည်ကား မှန်ပါ၏။ သို့သော် သည်ကောင်လေးက ငွေအမြဲလိုနေသူဖြစ်သည်။ သူ့စကားကို မှန်းဆကြည့်ရသည်မှာ သူသည် လောင်းကစားတစ်ခုခုကို လုပ်နေပုံရသည်။ ကြာရှည်လျှင်ကား မလွယ်။ မိမိကို သူက ငွေတွင်းကြီးရထားသည်ဟု ထင်နေပုံရှိသည်။ လိုတိုင်း နှိက်နေ၏။ မဖြစ်..။ ဖြတ်မှဖြစ်မည်ဟု ဒေါ်ခင်ခင်ကြီးတွေးမိသည်။

ပြီးတော့ ဦးကျော်မြတ်ကလည်း ယခုတလော ပြဿနာရှုပ်ထွေးနေသည်။ ထိုကြားကပင် မိမိကိုလည်း တစ်စုံတစ်ခုသံသယရှိနေပုံပေါ်သည်။ ဘာပဲဖြစ်ဖြစ် ခေတ္တခဏမျှ ခြေငြိမ်နေဖို့ လိုအပ်သည်။

''ဟင်း..''

သက်ပြင်းချရပြန်၏။

မိမိဘဝကိုလည်း မိမိမကျေနပ်ချင်ပြန်။ ရွှေပုံငွေပုံပေါ် ဖင်ခုထိုင်ရုံလျက် ဦးကျော်မြတ်ထံမှ ကြင်နာယုယမှုများ အပြည့်အဝမရ၊ သူက တခြားမှာ အငယ်တွေရှိနေသည်။ ဒေါ်ခင်ခင်ကြီးသိသည်လည်း ရှိ၏။ မသိသည်လည်း ရှိ၏။ တလောက မော်ဒယ်လ်မလေးတစ်ဦးနှင့် ပြဿနာဖြစ်ခဲ့သေးသည်။

ယောကျ်ားများကား အဲ့သြဖွယ်။ 'ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့' ဟူသည်မှာ သူတို့ယောကျ်ားများပေတည်း။

''တီ.. တီ.. တီ..''

ဖုန်းက မြည်လာပြန်သည်။

ထိုင်ရာမှ ထမည်အပြုတွင် မြည်လာသည်ဖြစ်သောကြောင့် ဖုန်းကို ကောက်ကိုင်ရပြန်၏။

''ဟဲလို..''

''ဆရာကတော်လား''

အသံကို ဒေါ်ခင်ခင်ကြီး မကျက်မိ။

''ဟုတ်ပါတယ်''

''ဆရာကြီးမရှိဘူးလား''





''ပြန်မရောက်သေးဘူး''

''ဘယ်အချိန်လောက် ပြန်ရောက်မလဲ''

''မသေချာဘူး။ ဒီည ပြန်လာချင်မှ ပြန်လာမှာ။ သူ့ဟန်းဖုန်းကို ဆက်ကြည့်လေ''

''ကျွန်တော် ဟန်းဖုန်းကိုခေါ်တာ မရလို့''

''ရှင်က ဘယ်သူလဲ''

''ဆရာကြီးတပည့် ဖိုးတုတ်ပါ''

ဒေါ်ခင်ခင်ကြီး သိလိုက်ပြီ။ လမ်းမတော်ဖိုးတုတ်..။ ဦးကျော်မြတ်ထံ ဘိုတလောကပင် ဖုန်းဆက်သဖြင့် ဦးကျော်မြတ်က ရွှေနေမကို ပညာပေးဆုံးမခဲ့ တာဝန်ပေးခဲ့သူ။

''မှာစရာရှိရင် မှာခဲ့လေ''

ဖိုးတုတ်အသံ ပျောက်သွား၏။ ငြိမ်နေ၏။

''လာရင် ပြန်ပြောလိုက်မှာပေါ့။ ဟိုရွှေနေမကိစ္စလား..။ ပြီးသွားပြီလား''

တစ်ဖက်မှ အသံခပ်လေးလေး၊ ခပ်ဆိုင်းဆိုင်းဖြင့်..

''မအောင်မြင်ဘူး ဆရာကတော်။ အဲဒါ ဖုန်းဆက်တာပါ။ ဆရာကြီးကို ပြောပေးပါ။ ကျွန်တော် တစ်မျိုးစီစဉ်နေပါတယ်လို့''

''ဟင်.. မင်းတို့ကလည်း။ ဒီမိန်းကလေးတစ်ယောက်ကိုများ ဒီလောက်ခက်ခက်ခဲခဲ..''

''အရမ်းကိုမလွယ်တဲ့ ရွှေနေမပဲ ဆရာကတော်။ ကဲ.. ဒါပါပဲ။ ကျွန်တော် နောက်မှပဲ ဆရာကြီးဆီကို ထပ်ဆက်သွယ်ပါ့မယ်''

ဒေါ်ခင်ခင်ကြီး ဖုန်းကိုချလိုက်သည်။

အရမ်းကိုမလွယ်တဲ့ ရွှေနေမတဲ့။ လမ်းမတော်ဖိုးတုတ်ကပင် သည်သို့မှတ်ချက်ချရပါလား။

သို့ဆိုလျှင်တော့ ကျားနှင့်ဆင် လယ်ပြင်မှာ တွေ့ကြတော့မည်ပေါ့။

''တီ.. တီ.. တီ..''

''ဟာ.. လာပြန်ပြီ ဒီဖုန်းက..''

ဒေါ်ခင်ခင်ကြီး စိတ်တိုစွာ ဖုန်းကိုကောက်ကိုင်ရပြန်ပါ၏။

''ဟဲလို..''

''ဒေါ်ခင်ခင်ကြီးပါလားခင်ဗျာ''

အသံက ဒေါ်ခင်ခင်ကြီးနှင့် စိမ်းသည်။

"ဟုတ်ပါတယ်။ ရှင်က ဘယ်သူလဲ"

"ကျွန်တော် ဒေါ်ခင်ခင်ကြီးရဲ့ မိတ်ဆွေပါ"

"ရှင်.. ရှင်က ဘယ်သူလဲ"

ဒေါ်ခင်ခင်ကြီး နားမလည်စွာ ထပ်မေးသည်။ ဖုန်းထဲမှာ ရယ်သံကြားရ၏။

"ဒေါ်ခင်ခင်ကြီးရဲ့ မိတ်ဆွေပါဆို"

ဒေါ်ခင်ခင်ကြီး စိတ်ပိုတိုသွားသည်။

"ရှင့်ကို ကျွန်မ မသိဘူး။ ဖုန်းသရဲ.."

ဖုန်းကို ချမည်ဟု ရွယ်လိုက်စဉ်..

"ဒေါ်ခင်ခင်ကြီးအတွက် သေရေးရှင်ရေး အရေးကြီးဘဲ့ကိစ္စတစ်ခုပြောဖို့ရှိလို့ပါ"

ဟူသော စကားသံကြောင့် ဖုန်းကိုမချဖြစ်။

"ဘာလဲ..။ မြန်မြန်ပြော"

"ကျွန်တော့်မှာ ရုပ်ရှင်တစ်ခွေရှိတယ်။ သိပ်ကောင်းတာပဲ။ အချစ်ဇာတ်လမ်း"

"ရှင်.."

"ဖုန်းကို မချပစ်နဲ့နော်။ ဒေါ်ခင်ခင်ကြီးစိတ်ဝင်စားမယ့် ဇာတ်လမ်းမို့ပါ"

"ရှင် ဘာတွေပြောနေတာလဲ"

"ရုပ်ရှင်ဇာတ်လမ်းလေ။ မင်းသားက နည်းနည်းငယ်တယ်။ မင်းသမီးက နည်းနည်းကြီးတယ်။ မမထားနဲ့အပါ ဇာတ်လမ်းမျိုးပေါ့။ အဟက်.. ဟက်.."

"ပေါက်ကရတွေ လျှောက်မပြောနဲ့"

မိမိနှင့်ရာဇာကို ရည်ရွယ်သည်ဟု တွေးမိ၍ ဖုန်းကိုချပစ်လိုက်ဖို့ တစ်ဖက်ကစဉ်းစားမိသော်လည်း တစ်ဖက်ကမူ ဘာအကြောင်းများလဲဟု သိချင်ပြန်သဖြင့် ဖုန်းကို ဆက်ကိုင်ထားမိ၏။

"ရာဇာနဲ့ ဒေါ်ခင်ခင်ကြီးတို့ရဲ့ ဇာတ်လမ်းကလေးပါ"

"ဘာ.."

အာမေဋိတ်သံ ကျယ်လောင်စွာထွက်သွား၏။ ရင်ထဲကို မီးစနှင့်ထိုး





ထိုက်သလို ပူသွားသည်။ ခေါင်းပေါ်မှာ မီးတောက်များ..။ လက်ဖျားမှာ ဆေ..။

"ကျွန်တော်က စဉ်းစားနေတာ။ အဲဒီကားလေးကို ဒေါ်ခင်ခင်ကြီး ကြည့်ဖို့ ပြန်ပေးရမလား။ ဒါမှမဟုတ် ဦးကျော်မြတ်ကြည့်ဖို့ ပို့လိုက်ရမလား ဆိုတာ"

ဒေါ်ခင်ခင်ကြီး ရင်တွေတဒိုင်းဒိုင်းခုန်ကာ တစ်ကိုယ်လုံးတုန်နေ၏။ မျက်နှာက မင်နီအိုးမှောက်ကျထားသလို နီရဲနေကာ လူက ချောက်ကြီးထဲ ထွင့်ကျသွားသလို ခံစားနေရ၏။ သူမနှင့်ရာဇာတို့ကို တစ်စုံတစ်ဦးက ဗီဒီယို ရိုက်ထားလိုက်လေသလား။

"ရှင်.. ရှင်.. မဟုတ်တာတွေ"

"ဟာ.. ဘယ့်နဲ့ မဟုတ်တာတွေရမှလဲ။ ဟုတ်တာတွေပါ။ ဘာလဲ..။ ဒေါ်ခင်ခင်ကြီး ကြည့်ဖို့ စိတ်မဝင်စားဘူးလား။ ဒါဆို ဦးကျော်မြတ်ဆီကိုပဲ ပို့ရတော့မှာပေါ့"

"ရှင်.. အို.. အဲဒီလို.. မ.. မလုပ်ပါနဲ့"

"ဟာ.. အမျိုးမျိုးပါလားဗျာ"

"ရှင် မဟုတ်တာတွေ လျှောက်ပြောနေတာကိုး"

"သြော်.. ဒေါ်ခင်ခင်ကြီးက ကျွန်တော်ဖြီးနေတယ်ထင်လို့လား။ ကဲပါလေ.. ဒါဆိုလည်း ဇာတ်ဝင်ခန်းတချို့ကို စတေဓာတ်ပုံကူးပြီး ပို့လိုက်ပါ့မယ်။ ပြီးတော့မှ ဆက်ဆွေးနွေးတာပေါ့။ ဒါပဲနော်"

"နေ.. နေပါဦး"

တစ်ဖက်လူက ဖုန်းကိုချသွားသည်။

ဖုန်းခွက်ကိုကိုင်ရင်း ဒေါ်ခင်ခင်ကြီး လူနှင့်စိတ် တခြားစီဖြစ်သွား၏။ လောကကြီးမှ မြေလျှိုးမိုးပုံထွက်ပြေးချင်လောက်အောင် စိတ်ရှုပ်သွားသည်။

'ဘယ်သူလဲ။ ဘယ်လိုလုပ်ပြီး ရိုက်ထားတာလဲ။ ရာဇာနဲ့ ပေါင်းကြီ တာလား။ အရှက်တော့ကွဲပြီ။ အရှက်ကွဲရုံမက ဘဝပါ ပျက်သွားနိုင်တယ်။ သုတို့ ငွေညှစ်တာပဲ။ ငါဘယ်လိုလုပ်ရမလဲ။ ဓာတ်ပုံတွေ ပို့လိုက်မတဲ့။ ဘုရား.. ဘုရား.. အဲဒီဓာတ်ပုံတွေ ဦးကျော်မြတ်မြင်သွားရင်..'

ဒေါ်ခင်ခင်ကြီးမျက်လုံးအိမ်ထဲမှ မျက်ရည်များ စီးကျလာ၏။

ဘယ်သူမပြု မိမိမှုပါလား။

❦ ❦ ❦ ❦ ❦

# ၄၆

"မေစံရှား ဘာလုပ်ချင်လဲ"

ရဲအုပ်အောင်မင်း၏ အမေး။

ညက အိမ်အပြန်လမ်းတွင် ဖြစ်ပျက်ခဲ့သောကိစ္စအား မေစံရှားက အတူနေ ဒေါ်လေးကြင်ကြင်ကို မပြောပြခဲ့။ ဒေါ်လေးစိတ်ပူမှာစိုး၍ ဖြစ်သည်။ သို့သော် ကိုနေသော်ကိုတော့ ဖွင့်ပြောရသည်။ ဖွင့်၍တိုင်ပင်ရသည်။

"ကိုကို ဒါ့ကြောင့် စိတ်မချဘူးပြောတာ။ ဒီကိစ္စ ရဲအုပ်အောင်မင်းကို ပြောပြသင့်တယ်"

ကိုနေသော်က အကြံပေးခဲ့၍ ရဲအုပ်အောင်မင်းနှင့် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

"ဒါက ဦးကျော်မြတ်စေခိုင်းချက်လို့ ထင်တာပဲကိုအောင်မင်း။ ဒါပေမဲ့ သက်သေတော့ မရှိဘူး"

ကိုနေသော်က ဝင်ပြောသည်။

"တိုင်တန်းချက်တစ်ခုအနေနဲ့တော့ ရှိနေစေချင်တယ် ကိုအောင်မင်းရဲ့။ ဒီကိစ္စက ဒီလောက်နဲ့ပြီးလိမ့်မယ်မထင်ဘူး။ အမှုက အခု စတောင်မစ





သေးဘူး။ အမှုမှာ ကျွန်မတို့ဘက်က သာသွားရင် ဒီ့ထက်ပိုပြီးပြင်းထန်တဲ့ တံ့ပြန်ချက်တွေ လာနိုင်တယ်"

မေစံရှားက တွေးတွေးဆဆပြောသည်။

ရဲအုပ်အောင်မင်း ခေါင်းညိတ်၏။

"ကျွန်တော်လည်း ကိုနေသော်တို့ မမေစံရှားတို့နဲ့ သဘောထားတူပါတယ်။ ဒါဟာ ဦးကျော်မြတ်လက်ချက်ပါ။ တစ်ချိန်မှာ တိကျသေချာစွာပေါ်လာရင် အရေးယူနိုင်ဖို့ ကျွန်တော်တို့ တိုင်ချက်ဖွင့်ထားသင့်ပါတယ်။ ပြီးတော့ ဒီ့ထက်ပိုပြီး ဒုက္ခပေး၊ ဟန့်တားလာဖို့ အကြောင်းကလည်း သေချာသလောက်ပါပဲ။ မမေစံရှား ပိုပြီးသတိထားဖို့ လိုပါလိမ့်မယ်"

"ကိုအောင်မင်းတို့အနေနဲ့ ရှားကိုရော၊ သက်သေတွေကိုပါ ကာကွယ်မှုပေးဖို့ စီစဉ်ပေးနိုင်မလား"

ကိုနေသော့်အမေးကြောင့် သက်ပြင်းရှိုက်သည်။ အားတံ့အားနာအမှုအရာဖြင့်..

"အမှန်တော့ ကိုနေသော်ပြောသလို ကျွန်တော်တို့ဘက်က ကာကွယ်မှုပေးသင့်တာ အမှန်ပါ။ ဒါပေမဲ့ လက်ရှိအနေနဲ့က စခန်းမှာရှိတဲ့အင်အားရယ်၊ နေ့စဉ်ကြုံတွေ့နေရတဲ့ အမှုအခင်းတွေရယ်၊ တခြားတာဝန်တွေရယ်နဲ့ မမျှမတတာဝန်ထမ်းဆောင်နေရတာမို့ အဲဒီလို ကြိုတင်ကာကွယ်မှုပေးဖို့က အခက်အခဲရှိပါတယ်"

ဖြည်းလေးတံ့ဆိုင်းစွာ ပြောသည်။

"ကျွန်မနားလည်ပါတယ် ကိုအောင်မင်း။ ဒါကြောင့်လည်း သက်သေတွေကို အမှန်ပြောပေးပါ၊ ရှင်တို့ကို ကျွန်မတို့က ကာကွယ်ပေးမယ်လို့ အခိုင်အမာ ကျွန်မ မပြောရဲခဲ့တာပါ။ တကယ်လို့ ကျွန်မတို့က ကာကွယ်ပေးမယ်လို့ တာဝန်ယူထားပြီးမှ တစ်စုံတစ်ခုဖြစ်ခဲ့ရင် ကျွန်မတို့အပြစ်ပဲဖြစ်မယ် မဟုတ်ဘူးလား"

မေစံရှားက ဝင်ပြောသည်။

"ကျွန်တော်တို့အားနည်းချက်ပါပဲ"

ရဲအုပ်အောင်မင်းက စိတ်မကောင်းစွာ ပြောသည်။

"ဒါပေမဲ့ တစ်ခုတော့ ကျွန်မအနေနဲ့ မဖြစ်မနေတောင်းဆိုစရာရှိပါတယ်"

"ဘာလဲ.. မေစံရှား။ ပြောပါ"

''ကျွန်မ ရဲကောင်းမြတ်သူငယ်ချင်း မောင်သောင်းထိုက်နဲ့ တွေ့ဖို့ စီစဉ်ထားတယ်။ သူ့ဆီက ကျွန်မတို့အတွက် အရေးကြီးတဲ့ သက်သေခံချက် ရမယ်လို့ မျှော်လင့်ပါတယ်။ သူ့ဘက်က အဲဒီလို သက်သေခံချက်ပေးနိုင်ဖို့ သူ့တစ်ယောက်အတွက်တော့ ကျွန်မတို့ ကာကွယ်မှု မဖြစ်မနေပေးရလိမ့်မယ်။ သူနဲ့ သူ့မိသားစုပေါ့''

''မမေစံရှားက သူ့ကို ရအောင်စည်းရုံးပါ။ အဲဒါတော့ ကျွန်တော် ဖြစ်အောင်ကြိုးစားမယ်။ သူ့အိမ်ဝန်းကျင်မှာ ကျွန်တော်တို့ စောင့်ကြပ်ပေးမယ်။ သူတို့အသွားအလာကို ကျွန်တော်တို့ လိုက်ပေးမယ်''

''အဲဒါဆိုရင်တော့ ဝမ်းသာစရာပါပဲ''

ကိုနေသော်က ဝင်၍..

''ဒါနဲ့ ဦးဇာဂရန်နဲ့ ဦးသူရိယတို့ အလီဘိုင်ပြတဲ့အချိန် ဘယ်မှာရှိတယ် ဆိုတာကို ကိုအောင်မင်းစုံစမ်းလို့ရပြီလား''

မေးသည်။

''ဖြုံးကြိုးလိုက်နေတယ်။ ရမှာပါ..။ မပူပါနဲ့''

ရဲအုပ်အောင်မင်းက တာဝန်ယူစကား ဆိုသည်။

''ကဲ.. ဒါဆိုရင် ကျွန်မတို့ကို ခွင့်ပြုပါဦး။ ကျွန်မ မောင်သောင်းထိုက်နဲ့ ချိန်းထားတဲ့ဆီကို သွားစရာရှိသေးတယ်''

''ကောင်းပါပြီ မမေစံရှား။ မမေစံရှားပြောတဲ့ မောင်သောင်းထိုက်ဆီ လုံခြုံရေးကိစ္စတော့ ကျွန်တော့်တာဝန်ထားပါ။ ဖြစ်နိုင်အောင် ကျွန်တော်စီစဉ်ပါ့မယ်''

ကိုနေသော်နှင့်မေစံရှား ထိုင်ရာမှ ထသည်။

ရဲအုပ်အောင်မင်းက အတူယှဉ်တွဲထွက်သွားသော ကိုနေသော်နှင့် မေစံရှားကိုကြည့်ကာ 'စိတ်တူကိုယ်တူရှိကြတယ်၊ လိုက်လည်းလိုက်ဖက်တယ်' ဟု အားကျစွာတွေးရင်း ကျန်ရစ်သည်။

❦ ❦ ❦ ❦ ❦

# ၄၇

စားသောက်ဆိုင်၏ သီးသန့်ခန်းကလေးထဲမှာ မေစံရှားရှိနေသည်။ နေသော်က အတူလိုက်ပါဖို့ တောင်းဆိုသော်လည်း လူနည်းနည်းနှင့် စကား သည်က မောင်သောင်းထိုက်တို့အဖို့ အဆင်ပြေမည်ဟု စဉ်းစားကာ ယောက်တည်းလာခဲ့ခြင်းဖြစ်၏။

မောင်သောင်းထိုက်နှင့်တွေ့ဖို့ စီစဉ်ရာ၌ တိမ်ပြာ၏အကူအညီ ပါဝင် သည်။ တိမ်ပြာက ဦးစွာ မောင်သောင်းထိုက်၏မိခင် ဒေါ်မြနှစ်နှင့် တွေ့ပေးခဲ့ရာ နားပြောပြချက်အချို့ကို ဒေါ်မြနှစ်က လိုလိုလားလားလက်ခံခဲ့၏။ သူမက သူမ၏သားကို လက်ခံနိုင်ရန် ဖျောင်းဖျပေးမည်ဟု ကတိပြုခဲ့၏။

ဒေါ်မြနှစ်မှာ ရိုးသားဖြောင့်စင်း၍ စိတ်နလုံးမှန်ကန်သောသူဖြစ် ကြောင်း မေစံရှားအကဲခတ်၍ရခဲ့သည်။

တရားဥပဒေရေးရာကိစ္စများ၌ အချို့သောသူတို့မှာ မိမိ၏အကျိုး ပါလျှင် တရားရုံး၌ သက်သေအဖြစ်လိုက်ပါလိုခြင်း မရှိကြသည်ကို သောအားဖြင့် တွေ့ရ၏။ ဒေါ်မြနှစ်ကား ထိုသို့မဟုတ်။ ပညာတတ်လည်း ၍ ခန်ထမ်းတစ်ဦးလည်းဖြစ်ရကား ဒေါ်မြနှစ်အတွေးအခေါ်တို့မှာ မြင့်မားလှ ာဝန်ယူသောအရာလည်း သဘောပေါက်သူဖြစ်၏။ ထို့ကြောင့် အဆင်

ပြေသည်ဟု ဆိုရပေမည်။

အခန်း၀၌ စားပွဲထိုးလူငယ်လေးပေါ်လာပြီးနောက် သူ့၏နောက်ထူ
ဒေါ်မြနှစ်တို့သားအမိကို တွေ့လိုက်ရ၏။

''အစားအသောက်တွေကို ဆယ့်ငါးမိနစ်လောက်နေပြီးမှ ပို့ပေး
ကွယ်။ မမတို့ စကားအရင်ပြောလိုက်ဦးမယ်''

မေစံရှားက ကြိုတင်မှာထားသော စားစရာများကို ချရမည့်အ
အား စားပွဲထိုးလေးကို ပြောလိုက်၏။ စားပွဲထိုးလေး ပြန်ထွက်သွားသည်

''ထိုင်ပါ အန်တီ။ မောင်လေးလည်း ထိုင်''

မေစံရှားက ခရီးဦးကြိုပြု၏။ ဒေါ်မြနှစ်နှင့် မောင်သောင်းထိုက်တို့
မေစံရှားနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံများတွင် ဝင်ထိုင်သည်။

ဒေါ်မြနှစ်မျက်နှာမှာ တည်ငြိမ်နေသော်လည်း မောင်သောင်းထိုက်
မူ မစဉ့်မရဲနှင့်။

စိတ်လှုပ်ရှားနေပုံ ပေါ်နေ၏။

''အချိုရည်လေး အရင်သောက်ပါဦး။ သောက်ရင်း စကားပြော
တာပေါ့''

စားပွဲထိုးလေး ကြိုတင်ချထားပေးသော အချိုရည်ဘူးများကို သူ
သားအမိထံ ထိုးပေးရင်း မေစံရှားက စိမ်းနေသည်ကို ရင်းနှီးစေရန် လမ်း
လိုက်၏။

''ဟုတ်ကဲ့''

''ကျွန်မက အန်တီတို့အိမ်မှာ လာတွေ့ဖို့ပါပဲ။ ဒါပေမဲ့ အန်တီတို့
ကို ကျွန်မဝင်ထွက်သွားလာရင် တစ်ဖက်က သတင်းရပြီး အနှောင့်အယှ
တစ်ခုခု ဖြစ်လာမှာစိုးလို့ ခုလိုစီစဉ်ရတာပါ''

''ဟုတ်ကဲ့။ ။ ကျွန်မသဘောပေါက်ပါတယ်။ ဟောဒါက ကျွန်မ
မောင်သောင်းထိုက်ပါပဲ''

ဒေါ်မြနှစ်က ပြန်လည်မိတ်ဆက်ပေး၏။ မောင်သောင်းထိုက်က
စားသောအမူအရာဖြင့် ခေါင်းကိုသာသာညွတ်သည်။ ယခုထိ သူ့မျက်နှာ
လှုပ်ရှားနေသောစိတ်ကို ဖတ်ရှုနေရသေးသည်ဟု မေစံရှားထင်သည်။

''မောင်လေးနဲ့အန်တီ စကားပြောပြီးကြပြီ မဟုတ်လား''

''ပြောပြီးပါပြီ''

''မမက ရှေ့နေပါ။ နာမည်က မေစံရှားပါ။ မာလာကလေးတို့





အရေ့ ရင်နာစရာအဖြစ်ကို တွေ့မိပြီး စိတ်ထိခိုက်ခံစားရတဲ့အတွက် သူတို့
ဘက်က အမှုလိုက်ပေးဖို့ မမကပဲ မေတ္တာရပ်ခံပြီး တာဝန်ယူခဲ့တာပါ။ ငွေကြေး
ကြောင့်မဟုတ်ဘဲ သူတို့သားအဖအပေါ် မေတ္တာစိတ်ကြောင့် ဒီအမှုမှာ ဝင်ပါ
ခြင်းပါပဲ။ အမှန်တရားပေါ်ပေါက်စေဖို့ ရည်ရွယ်ချက်နဲ့ပါ''

မေစံရှားက မောင်သောင်းထိုက်တို့သားအမိ မိမိဘက်ပါစေရန် ခြေ
ခံလိုက်သော စကားဖြစ်သည်။

''ဟုတ်ကဲ့။ ။ အမေက ပြောပြပါတယ်''

''ခုလို မောင်လေးတို့ကိုတွေ့ဆုံဖို့ မမက ဒီအမှုကိုကိုင်တဲ့ ရဲအရာရှိနဲ့
သည်း ဆွေးနွေးတိုင်ပင်ပြီးခဲ့ပါပြီ။ ရဲအရာရှိကလည်း မောင်လေးတို့မိသားစုရဲ့
ဘဝရေး၊ ဘေးအန္တရာယ်ကင်းရေးကို တာဝန်ယူစောင့်ရှောက်ပါ့မယ်လို့ ကတိ
ပေးလိုက်ပါတယ်။ မောင်လေးက မမတို့ကို တရားရုံးမှာ အကူအညီပေးဖို့
ခိုင်းပြောပြီးပြီဆိုတာနဲ့ မမတို့ဘက်ကလည်း မောင်လေးတို့ကို အပြည့်အဝကာ
ကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိသွားပါပြီ။ ဒါကြောင့် ဘာကိုမှ စိုးရိမ်ကြောင့်ကြမှု
ဖြစ်ပါနဲ့နော်''

မောင်သောင်းထိုက် ခေါင်းညိတ်သည်။ ဒေါ်မြနှစ်ကလည်း စိတ်ဝင်
စားနားထောင်နေ၏။

''မာလာကလေးရဲ့ အခြေအနေကိုတော့ အန်တီလည်း တွေ့ခဲ့ပြီးပြီမို့
သနားစရာဘယ်လောက်ကောင်းသလဲဆိုတာ မောင်လေးသိနေလောက်ပါပြီ။
ပြီးသနားစရာကောင်းတာက ခုလို မတရားခံရတာကို အမှန်တရားက မပေါ်
ဘဲ ငုပ်လျှိုးနေတာပါ။ တရားခံက အောင်ပွဲခံနေတာ မခံချင်စရာပါပဲ။ ဒီလိုသာ
တရားခံကို လွတ်ကင်းခွင့်ပေးနေရင် နောက်ထပ် ဒါမျိုးတွေကို ဒီတရားခံက
ကျူးလွန်ဦးမှာပဲ။ မောင်လေးရဲ့ညီမလေးတောင် သူ့စက်ကွင်းက လွတ်ချင်မှ
လွတ်မှာ''

''ဟုတ်ပါတယ်''

''ပြီးခဲ့တဲ့တရားရုံးမှာ အမှုမှန်မပေါ်ခဲ့ရတာက ခိုင်မာတဲ့သက်သေ
မရခဲ့လို့ပါ။ အခုတော့ မမမှာ တခြားသက်သေတစ်ချို့ ရနေပါပြီ။ ဒါပေမဲ့
အတိုက်ခံဆုံးနဲ့ အခိုင်မာဆုံး သက်သေခံနိုင်တာက ဒီလောကမှာ တစ်ယောက်
တည်းရှိပါတယ်။ အဲဒါက မောင်လေးပါ။ မာလာ့ကို ကယ်တင်ဖို့ တစ်ဦးတည်း
သော ကယ်တင်နိုင်ခွင့်ရှိသူက မောင်လေးပါ။ ဒါကြောင့် မောင်လေးကို မမ
က မေတ္တာရပ်ခံရခြင်းပါ''

"ကျွန်တော် နားလည်ပါတယ်"

မောင်သောင်းထိုက်၏စိတ်ဓာတ်များ ခိုင်မာမြဲမြံလာစေဖို့ ရည်ရွ
လျက် မေစံရှားက အပို့စကားကို ပြောရခြင်းဖြစ်သည်။ မောင်သောင်းထိုက်
အမှုအရာက အားရဖွယ် တက်ကြွလာကြောင်း တွေ့လိုက်ရ၍ မေစံရှားကျေ
သွားသည်။

"မမကို လက်ခံပြီးတွေ့တယ်ဆိုကတည်းက မမတို့ရဲ့မျှော်လင့်ချ
တွေကို မောင်လေးပေးမယ်လို့ ဆုံးဖြတ်ခဲ့ပြီးဖြစ်မယ်ဆိုတာ မမသိပါတ
မမသိတာ ပြောရရင်လည်း မောင်လေးက အခင်းဖြစ်တဲ့ညနေက ရဲကော
မြတ်နဲ့ အတူရှိခဲ့တယ်။ ယမုံစားသောက်ဆိုင်မှာ အတူဘီယာသောက်ခဲ့တ
ပြီးတော့ အတူထွက်သွားကြတယ်။ မာလာ့ကို ကားပေါ်ဆွဲတင်ရာမှာ မောင်
ပါတယ်။ မာလာ့ကို ရဲကောင်းမြတ်မတရားပြုမူတာကိုလည်း မောင်လေး
မြင်ကိုယ်တွေ့ရှိခဲ့တယ်။ မာလာ့ကို ရိုက်နှက်ပြီး သေပြီအထင်နဲ့ သွားပြီးပစ်
မှာလည်း မောင်လေးပါသွားတယ်။ ပြီးမှ မောင်လေးကို ရဲကောင်းမြတ်
အိမ်ကိုပြန်လိုက်ပို့တယ်။ အိမ်ပြန်ရောက်တော့ ဆယ်နာရီထိုးဖို့ ဆယ်မိနစ်
ဟုတ်တယ်မဟုတ်လား"

အမှန်စင်စစ် ဤစကားများကို မေစံရှား တွေးဆ၍ပြောခဲ့ခြင်း
ဖြစ်၏။ သေချာတိကျ သိ၍မဟုတ်။ သူရနှင့်ဆုံတွေ့ခဲ့ခြင်းနှင့် တိမ်ပြာ၏ပြေ
ချက်များအရ ပြန်ရောက်ချိန်သိခြင်းတို့သည်သာ အမှန်ဖြစ်၏။ ကြားမှ
ဆက်များမှာ မေစံရှား၏တွေးလုံးများသာဖြစ်ပေသည်။

မေစံရှားစကားကြောင့် မောင်သောင်းထိုက် မျက်လုံးတွေဝိုင်းသွား
ဒေါ်မြနှစ်သည်လည်း အံ့အားတသင့်။

မောင်သောင်းထိုက်ဘာမျှမငြင်းဆန်သည်ကပင် မေစံရှားစကား
မှန်ကန်ကြောင်း သက်သေဖြစ်နေပေပြီ။

မေစံရှား ကျိတ်၍ပြုံးလိုက်၏။

"ပြီးခဲ့တဲ့တရားခွင်မှာ မောင်လေးပျောက်နေတယ်။ တစ်ဖက်
မောင်လေးကို ဖျောက်ထားတယ်။ ဒါဟာ မောင်လေးကို အမှုမပတ်စေခုဏ်
စေတနာ မဟုတ်ဘူး။ သူတို့ ရှောင်ထွက်ဖို့ကြိုးစားရာမှာ ခလုတ်ကန်သင်
မှာ စိုးလို့ပဲ။ တကယ်ဆို ဒီအမှုမှာ မောင်လေးဟာ ကြီရာပါတရားခံဖြစ်တယ်

"ဗျာ.."

အံ့သြတကြီး တုန်တုန်လှုပ်လှုပ်ထွက်လာသော အာမေဋိတ်သံ။





လန့်တုန်လှုပ်သောမျက်လုံးများ။ ဖြူဖျော့သွားသောမျက်နှာ။ ဒေါ်မြနှစ်သည်ပင်
မျက်နှာငယ်သွား၏။

မေစံရှား စကားဆက်လိုက်သည်။

"တကယ်လို့သာ မောင်လေးမဖော်ထုတ်ခဲ့ရင်လည်း အခုတရားရုံးမှာ
မမနဲ့ ရဲအရာရှိက ပေါ်အောင်ဖော်မှာပဲ။ အဲဒါဆိုရင် မောင်လေးဟာ ရဲကောင်း
မြတ်နဲ့အတူ အပြစ်ကျမှာပဲ။ ဒါကြောင့် မမက ဆွေးနွေးတာပါ။ မောင်လေးက
အမှုမှန်ကိုဖော်ထုတ်ပြီး သက်သေအဖြစ်ရပ်တည်မယ်ဆိုရင် မမတို့က မောင်
လေးကို အမှုကနေဖယ်ထုတ်ပြီး အပြစ်လွတ်အောင် လုပ်ပေးလို့ရတယ်။ ဒါ
က မောင်လေးနဲ့အန်တီ စဉ်းစားဖို့ပါ"

မောင်သောင်းထိုက်တို့သားအမိ အကြည့်ချင်းဆုံသွားကြ၏။ မောင်
သောင်းထိုက်ကို မိခင်ဖြစ်သူက ပံ့ပိုးဆုံးဖြတ်ပေးသည့်ဟန်ဖြင့် ခေါင်းဆတ်ပြ
သည်။

မောင်သောင်းထိုက် မေစံရှားကို မျက်နှာမူလိုက်သည်။

"ကျွန်တော် အရင်ကတည်းက ထုတ်ပြောဖို့ စဉ်းစားထားတာပါ။
ဒါပေမဲ့ မမပြောသလောက် သဘောပေါက်ထားလို့ မဟုတ်ဘူး။ မာလာ့ကို
သနားလို့ပါ။ အခု ဆုံးဖြတ်ပြီးပါပြီ။ အမေကလည်း ကျွန်တော့်ကို တိုက်တွန်း
လို့ပါ။ ဒါပေမဲ့ မမပြောသလို ကျွန်တော့်ကို အပြစ်ကလွတ်အောင်တော့
ကြိုးစားပေးပါ"

ပထမဆုံးထွက်လာသော စကား။ ရဲရင့်မှန်ကန်သော နှလုံးသား၏
ပြယုဂ်။ မေစံရှား နှစ်နှစ်ကာကာပြုံး၍..

"စိတ်ချပါ..။ မမ ကတိပေးပါတယ်။ မောင်လေးက ဘာမှ ဝင်ပြီး
ကျူးလွန်တာမှ မဟုတ်ဘဲ။ အတင်းဆွဲခေါ်လို့ ကန့်လန့်ကန့်လန့်ပါခဲ့ရတာ
မဟုတ်လား။ ဘာမှမစိုးရိမ်ပါနဲ့"

"နောက်တစ်ခုက မမအစမှာပြောသလို ကျွန်တော်တို့မိသားစုကို
တော့ ကာကွယ်ပေးပါ။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ရဲကောင်းမြတ်တို့
အကြောင်း သိတယ်။ ကျွန်တော်ပြောရင် ကျွန်တော့်ကိုရန်ရှာမှာ သေချာတယ်။
သူ ကျွန်တော့်ကို သတိပေးထားတယ်"

"အဲဒါလည်း စိတ်ချပါ။ မမတို့ စီစဉ်ပြီးသားပါ။ လုံးဝမပူပါနဲ့"

"ဒါဆို ကျွန်တော် အားလုံးပြောမယ်"

"တရားရုံးမှာပါ မောင်လေးက သက်သေအဖြစ် ထွက်ရမှာနော်။

မမက မောင်လေးကို ကြိုရာပါတရားခံဘဝကနေ တရားလိုပြသက်သေအဖြစ် ပြောင်းလဲပစ်ရမှာ''

''ဟုတ်ကဲ့ပါ..။ ကျွန်တော် သက်သေလုပ်ပါ့မယ်''

ပြတ်သားတိကျသောအဖြေကို မောင်သောင်းထိုက်က ပေး၏။ မိခင်ဖြစ်သူ ဒေါ်မြနှစ်ကပါ ဝင်၍..

''ကျွန်မတို့သားအဓိက စိတ်တူကိုယ်တူဆုံးဖြတ်ပြီးသားပါ။ တူမကြီး စိတ်ချပါ''

အတည်ပြုပေးသည်။

''ကျေးဇူးတင်လိုက်တာရှင်။ ကျွန်မတို့တော့ မာလာ့ကို ကယ်တင်နိုင်တော့မှာ သေချာသွားပါပြီ။ ကဲ.. မောင်လေးကြီးတွေ့ခဲ့ရတာကဲ့ မမကို အသေးစိတ်ပြောပြပေတော့''

မေစံရှား ဝမ်းသာအားတက်စွာ ပြောလိုက်သည်။ မောင်သောင်းထိုက်ကိုလည်း ချီးကျူးလေးစားစွာ ကြည့်လိုက်မိ၏။

''ဟုတ်ကဲ့.. ပြောပြပါ့မယ်။ နေရာတွေကိုလည်း လိုက်ပြပါ့မယ်''

မောင်သောင်းထိုက်ကလည်း တောက်ပသောမျက်လုံးများဖြင့် ပြန်ပြော၏။

❦ ❦ ❦ ❦ ❦



စားပွဲပေါ်မှ ရုံးတွင်းသုံးဖုန်းက အသံပေါ်လာသည်။

''ဘော့စ်.. ညည့်သည်ရောက်နေပါတယ်။ ရှေ့နေကြီးပါ''

အတွင်းရေးမှူးမလေး၏ အသံ..။

''ဝင်လာခိုင်းလိုက်ပါ''

တံခါးဖွင့်လာပြီး ရုံးခန်းတွင်းသို့ ရှေ့နေကြီးဦးမင်းထွေးနောင်ဝင်လာသည်။ ဦးကျော်မြတ်က ဆုံလည်ကုလားထိုင်မှထ၍ စားပွဲကိုပတ်ကာ ဆိုဖာဆက်တီရှိရာသို့လာရင်း..

''ထိုင်.. ရှေ့နေကြီး''

ဟု ဦးမင်းထွေးနောင်ကို နှုတ်ဆက်သည်။

ဆိုဖာဆက်တီ၌ နှစ်ဦးသား မျက်နှာချင်းဆိုင်ထိုင်မိကြလျှင်..

''အမှုစစ်တော့မယ် အစ်ကိုကြီး''

ဦးမင်းထွေးနောင်က စကားစသည်။

''ရှေ့နေကြီးဘက်က ပြင်ဆင်စရာတွေ၊ ညှိနှိုင်းစရာတွေ အခြေအနေဘယ်လိုလဲ''

ဦးကျော်မြတ်က ပြန်မေး၏။

"ကျွန်တော်ဘက်ကတော့ အဆင်သင့်ပဲ။ ကျွန်တော်စိတ်ပူနေတာက အရင်တစ်ခါသက်သေတွေက ကျွန်တော်တို့လိုချင်သလို ဒီတစ်ခါ ဖြစ်ပါ့မလား ဆိုတာပဲ"

"မပူပါနဲ့ဗျာ။ ဒါ.. ကျုပ်အပိုင်းပါ။ ရှေ့နေကြီးအပိုင်းကိုသာ ပိုင်အောင် က,ပါ"

"ကျွန်တော်စိုးရိမ်နေတာ တစ်ခုရှိတယ်"

"ဘာကိုလဲ ရှေ့နေကြီး"

"အရင်တစ်ခါ တရားရုံးမှာ ကျွန်တော်တို့က ရဲကောင်းမြတ်ရဲ့သူငယ်ချင်းကို ဖျောက်ထားခဲ့တယ်။ ဒါကို မေစံရှားက ရှာတွေ့သွားမလားဆိုတာ.."

"သောင်းထိုက်ဆိုတဲ့ ကောင်လေးကို ပြောတာလား"

"ဟုတ်တယ်"

ဦးကျော်မြတ် တွေသွားသည်။ မျက်ခုံးတွေတွန့်ကွေးသည်အထိ စဉ်းစားလိုက်ပြီး..

"သူက အန္တရာယ်ရှိနိုင်လား"

ပြန်မေး၏။

"ရှိနိုင်တယ်"

"ဒါဆိုရင် သူ့ကိုပါ ကျုပ်တို့က ဟိုသုံးယောက်လိုပဲ စည်းရုံးရမှာပေါ့ ရှေ့နေကြီးရာ..။ မခက်ပါဘူး။ သူက ပိုပြီးတော့လွယ်မှာပါ။ သားရဲ့သူငယ်ချင်းလည်းဖြစ်တယ်။ ပြီးတော့ သူလည်း အပြစ်မကင်းဘူးဆိုတော့လေ.."

"သူ့ကို ကိုင်ထားနိုင်ထားရင်တော့ ပြဿနာမရှိလောက်တော့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့က မေစံရှားကို လုံးဝလျှော့တွက်လို့မရဘူး။ သူက ရှေ့နေအလုပ်သာ မကဘူး။ စုံထောက်အလုပ်ပါ တော်တာ။ ပြီးတော့ သူက ကျားသစ်လိုပဲ။ လက်သည်းဝှက်ထားပြီး လိုတဲ့အခါမှ ထုတ်သုံးတာ"

"ဟား.. ဟား.. ဟား.."

ဦးကျော်မြတ်က သဘောကျစွာရယ်သည်။

"ရှေ့နေကြီးက မေစံရှားကို တော်တော်ဖြုံနေပုံရတယ်။ ရှေ့နေကြီး ပြောတာကို ကျုပ်မငြင်းလိုပါဘူး။ သူနဲ့တွေ့ဖူးလို့ သူ့စိတ်ဓာတ်ကိုတော့ ကျုပ်အကဲခတ်မိပြီးသားပါ။ ဒါပေမဲ့ ရှေ့နေကြီးရ။ ရန်သူကို လျှော့မတွက်သင့်သလို သိပ်ပြီးတော့လည်း မြှင့်ပြီးပူပန်စိုးရိမ်မနေရဘူးဗျ"

"ကျွန်တော်က အမှုနိုင်ဖို့ပါ။ ဒီအမှုက ကျွန်တော်ရဲ့ဂုဏ်သိက္ခာရော





အစ်ကိုကြီးရဲ့ဂုဏ်သိက္ခာရော လောင်းကြေးထပ်ထားရတာမို့ပါ"

"ကဲပါလေ.. မပူပါနဲ့။ ကျုပ်စီစဉ်ပါ့မယ်။ ရှေ့နေကြီးက တရားရုံးကိစ္စကို အာရုံစိုက်ပါ"

"ကောင်းပါပြီ။ ဒါဆို ကျွန်တော်ကို ခွင့်ပြုပါဦး"

ရှေ့နေကြီးဦးမင်းထွေးနောင် ထိုင်ရာမှ ထသည်။ ရပ်လိုက်ပြီး..

"ဒါနဲ့ ရဲကောင်းမြတ်ရဲ့အခြေအနေ.."

ဟု မေး၏။

"ကောင်းနေပါပြီ။ ဒါပေမဲ့ ဆေးရုံက မဆင်းသေးဘူးလေ"

"သူ့ကိုလည်း အရင်တစ်ခါ တရားရုံးမှာထွက်ဆိုခဲ့တာတွေအတိုင်း ထွက်ဆိုဖို့ သတိပေးပေးပါ။ အရင်ရုံးမှာ ပြောခဲ့တာတွေနဲ့ မကွဲလွဲစေချင်ဘူး"

"စိတ်ချပါ ရှေ့နေကြီး"

"ကဲ.. ကျွန်တော်သွားပြီ"

ရှေ့နေကြီးဦးမင်းထွေးနောင် အခန်းတွင်းမှ ထွက်သွားပြီးနောက် ဦးကျော်မြတ် ထိုင်ရာမှ ထကာ စားပွဲရှိရာသို့ ပြန်လာ၏။

'ဟိုကောင်ဘာလုပ်နေလဲ မသိဘူး။ သတင်းလည်းမပို့ဘူး' ဟု တွေးနေဆဲ ဖုန်းသံက မြည်လာသည်။

ဖုန်းကို ကောက်ယူနားထောင်လိုက်သည်။

"ဆရာကြီး.. ကျွန်တော်ပါ"

လမ်းမတော်ဖိုးတုတ်ဖြစ်သည်။

"အေး.. မင်းဘာလို့ပျောက်နေတာလဲ။ အမှုစစ်ဖို့ရက်က ကပ်လာပြီ။ မင်းကိုခိုင်းထားတာတွေ ဘယ်လိုလဲ"

"ရှေ့နေမအတွက် အစီအစဉ်တစ်ခုလုပ်နေပါတယ် ဆရာကြီး"

"မြန်မြန်လုပ်။ ပီပီပြင်ပြင်လုပ်..။ ပြီးတော့ ငါထပ်ခိုင်းစရာရှိတယ်"

"ဟုတ်ကဲ့"

"ငါ့ဆီ လာခဲ့ဦး။ မင်းထပ်ပြီးသတိပေးရမယ့်လူတစ်ယောက် ရှိနေတယ်"

"ဟုတ်ကဲ့"

"အချိန်ဆွဲလို့ မရဘူး။ အခုလာခဲ့"

"ဟုတ်ကဲ့ပါ"

ဖုန်းကို ပြန်ချလိုက်သည်။

ဖိုးတုတ်လာလျှင် ရဲကောင်းမြတ်၏သူငယ်ချင်း သောင်းထိုက်ကိုပါ ထပ်မံသတိပေးခိုင်းရမည်။ သောင်းထိုက်မလှုပ်နိုင်မှ ဖြစ်လိမ့်မည်။

ပြီးတော့ မေစံရှား..။

မေစံရှား တရားခွင်ကို ရောက်မလာရဲအောင်လည်း ဖိုးတုတ်ကို အပြတ်အသတ်လုပ်ခိုင်းရတော့မည်။

"ငါ့ကိုမှ စိန်ခေါ်ရဲသလား မေစံရှားရယ်"

❦ ❦ ❦ ❦ ❦



"ဒါ..သမီးလေးစားဖို့ပါ"

မေစံရှားကမ်းပေးသော ကြွပ်ကြွပ်အိတ်ကို ဦးထွေးက လှမ်းယူရင်း အားနာစွာကြည့်သည်။

"ဆရာမလေးကို ကျွန်တော်အရမ်းအားနာနေမိပြီ။ ဆရာမလေးရဲ့ ကျေးဇူးတွေ ကျွန်တော်တို့သားအဖပေါ်မှာ အရမ်းများနေပြီ။ စားစရာတွေဘာတွေ ယူမလာပါနဲ့တော့ ဆရာမလေးရယ်"

"ရပါတယ် ဦးလေးရယ်။ ကျွန်မအဖို့ ဘာမှအပန်းမကြီးပါဘူး။ မာလာ့ကို ချစ်လို့ ပေးချင်ကျွေးချင်လို့ပါ"

ခုတင်ပေါ်မှ မာလာကမူ မျက်လုံးကြောင်လေးဖြင့် လှမ်း၍ကြည့်နေ၏။ မာလာ၏ကျန်းမာရေးမှာ ပြန်လည်၍နာလန်ထူစပြုနေပြီဖြစ်သော်လည်း အသိကား ပြန်မရသေး။

ကိုနေသော်က ရုပ်မြင်သံကြားစက်တစ်လုံးကို ခုတင်ဘေးရှိ ခုံတစ်လုံးပေါ် တင်လိုက်သည်။ ဆယ့်လေးလက်မစက်ကလေးဖြစ်၏။ ပြီးလျှင် DVD ဖွင့် စက်ပြားပြားကလေးကိုပါ ခုံပေါ်သို့ ထပ်၍တင်လိုက်ပြန်သည်။

"အဲ..အဲဒါက ဘာလုပ်ဖို့လဲဟင်"

ဦးထွေး နားမလည်။ ဦးထွေးနောက်မှ မလှမြင့်ကလည်း နားမလည်စွာကြည့်နေ၏။ ကိုနေသော်က ဘာမျှမပြောဘဲ စက်များကို နေရာချပြင်ဆင်နေစဉ် မေစံရှားက..

"ကျွန်မ ဆရာဝန်ကြီးနဲ့ တိုင်ပင်ဆွေးနွေးပြီး ခွင့်တောင်းခဲ့တာပါ။ ဒီရုပ်မြင်သံကြားစက်နဲ့ မာလာကို ပြစေချင်တာပါ။ ရုပ်ရှင်ခွေတွေ ယူလာပါတယ်။ အခွေတွေကို ရွေးပြီးယူလာတာပါ။ ဒီရုပ်ရှင်တွေမှာ လူဆိုးတွေနဲ့ မင်းသမီး တိုက်ကြခိုက်ကြတဲ့အခန်းတွေ ပါပါတယ်။ တချို့အခန်းတွေက မာလာရဲ့အဖြစ်နဲ့ ဆင်တူနေခဲ့မယ်ဆိုရင် မာလာရဲ့အသိစိတ်ကလေး ပြန်ရအောင်လို့ပါ။ ပြန်သတိရအောင် တစ်နည်းတစ်လမ်းစမ်းကြည့်တာပါ ဦးလေး

ရှင်းပြသည်။

"အဲဒါဆိုရင် သမီးလေး သတိတွေပြန်ရနိုင်မလားဟင်"

"မျှော်လင့်ရတာပဲ ဦးလေး"

"ဆရာမလေးကတော့ ကျွန်တော်တို့သားအဖအတွက်ပဲ တွေးနေတာပဲနော်။ ဆရာမလေးကျေးဇူးကို တစ်သက်မမေ့ပါဘူးဗျာ"

"စိတ်ထဲမထားပါနဲ့ ဦးလေးရယ်။ ကျွန်မတို့အဖို့ ကုသိုလ်ရတဲ့ ကိစ္စပါ။ ဟိုတစ်ခါက ဦးလေးပြောဖူးတယ်မဟုတ်လား။ မလှမြင့်က မာလာ့ကို ချွေးသုတ်ပေးဖို့ လက်ကိုင်ပဝါနဲ့ မျက်နှာနားကပ်လိုက်တာကို မာလာက လန့်ပြီးပုတ်ထုတ်တယ်မဟုတ်လား။ ဒါဟာ မာလာ့ရဲ့ တံ့ပြန်မှုတစ်ခုပဲ။ သူ့ရဲ့မသိစိတ်ထဲမှာ သူကြုံတွေ့ခဲ့ရတဲ့ အဖြစ်ဆိုးတွေ ရှိနေတယ်။ ကျွန်မအထင်တော့ သူ့ကို ရဲကောင်းမြတ်က မေ့ဆေးလက်ကိုင်ပဝါနဲ့အုပ်တာကို သူ့မသိစိတ်က မှတ်မိနေပုံပဲ။ ဒါကြောင့် ရုပ်ရှင်ကားတွေမှာ အဲဒီလိုအကွက်တွေပါလာရင် သူ့ရဲ့မှတ်ဉာဏ်ကို ပြန်ကောင်းဖို့ အထောက်အကူဖြစ်နိုင်မယ်လို့ ထင်မိတယ်။ ဆရာဝန်ကြီးကလည်း အဲဒါကို ထောက်ခံတယ်"

"ကျေးဇူးတင်ပါတယ် ဆရာမလေးရယ်။ ကျွန်တော်တို့ ဆရာမလေးရဲ့ အစီအစဉ်အတိုင်း ကြိုးစားကြည့်ပါမယ်"

ကိုနေသော်က DVD ခွေတစ်ခုကို စက်ထဲထည့်ပေးပြီးသည်ထိ ပြင်ဆင်ပေးပြီး..

"ဖွင့်ဖို့ အသင့်အနေအထား အားလုံးပြင်ပေးထားတယ် ဦးလေး ဖွင့်တာ၊ ပိတ်တာ၊ အခွေလဲတာတွေ ကျွန်တော်ပြပါ့မယ်"





ဦးထွေးအား စိတ်ရှည်စွာ ပြသည်။ မလှမြင့်ကလည်း ဘေးမှနေ၍ မှတ်သည်။

"ကျွန်မတို့အိမ်က စက်နဲ့ သိပ်မကွာပါဘူး။ ကျွန်မမှတ်မိပါတယ်"

မလှမြင့်၏စကား။

"ရုပ်ရှင်ကြည့်ရင်း မာလာလေးဘာထူးခြားလာလဲဆိုတာလည်း သတိထားပြီး ကြည့်ရှုအကဲခတ်ပေးပါ။ လိုအပ်ရင် ဆရာဝန်ကြီးနဲ့ ဆရာဝန်၊ ဆရာမတွေကို ပြောပါ"

မေစံရှားက မှာသည်။

"ဟုတ်ကဲ့..။ ဒါနဲ့ အမှုအတွက်ကရောဟင် ဆရာမလေး..။ ကျွန်တော်ဘာပြင်ဆင်ထားရမလဲ"

စိတ်ပူစွာမေးနေသော ဦးထွေးအား အပြုံးဖြင့်..

"စိတ်မပူပါနဲ့။ ဦးလေး သိတာ၊ မြင်တာ၊ ခံစားရတာကို ရိုးရိုးရှင်းရှင်းနဲ့ အမှန်အတိုင်းပြောဖို့ပါပဲ။ ဦးလေးကို ကျွန်မက ကြိုတင်ပြီး ဘာမှသင်မထားချင်ဘူး။ ဦးလေးတို့ဘက်မှာ ဖုံးကွယ်စရာ၊ လိမ်လည်စရာ ဘာမှမှမရှိတာ။ လုပ်ကြိုထွက်ဆိုစရာလည်း ဘာမှမလိုပါဘူး။ တရားရုံးမှာ ကျွန်မမေးတဲ့အခါမှာဖြစ်ဖြစ်၊ တစ်ဖက်ကရှေ့နေကြီးကမေးတဲ့အခါမှာဖြစ်ဖြစ် စိတ်မလှုပ်ရှားဖို့ပဲ မှာချင်ပါတယ်။ အထူးသဖြင့် တစ်ဖက်ရှေ့နေကြီးကတော့ ဦးလေးကို အားနည်းချက်ရှာပြီး ဆွမှာ၊ ဆွဲမှာ၊ ထောက်မှာပါပဲ။ ဒါပေမဲ့ မကြောက်ပါနဲ့။ သိနေ၊ မြင်နေ၊ တွေ့နေခဲ့တာကို တိတိကျကျပဲ ဖြေပါ။ မသိတာကို မသိဘူးပဲ ဖြေပါ"

ဟု မေစံရှားက လုံးစေ့ပတ်စေ့မှာကြားသည်။

"ဟိုသက်သေတွေက အမှန်အတိုင်းပြောမှာတဲ့လားဟင်"

ဦးထွေးက မယုံမရဲရှိနေသည့်အတိုင်း မေးရှာသည်။

"အဲဒါကိုလည်း ခေါင်းထဲမထားပါနဲ့။ သူတို့ဖြေချင်တာ ဖြေပါလိမ့်မယ်။ သူတို့ထက်ကောင်းတဲ့ သက်သေတွေ ကျွန်မမှာ ရထားပါတယ်။ ဘာမှမစိုးရိမ်ပါနဲ့"

"ရဲအုပ်ကြီးလာသွားတုန်းကလည်း အဲဒီလိုပဲ ပြောပါတယ်။ ဆရာမလေးက မနေမနားလှုပ်ရှားနေတယ်တဲ့။ သူ့ဘက်ကလည်း ဆရာမလေးအတွက် အထောက်အကူဖြစ်နိုင်တာတွေကို ရနိုင်သမျှ စုံစမ်းစစ်ဆေးထားပါတယ်တဲ့။ အသေအချာနိုင်မှာပါလို့ ပြောသွားပါတယ်"

"ရဲအုပ်ကြီးတို့လည်း တကယ်ကို စိတ်ရင်းစေတနာနဲ့ ကြိုးစားနေကြ

တာပါ။ ကျွန်မတို့ နိုင်ရမယ်လို့ ယုံကြည်ပါတယ်''

''ဆရာမလေးရယ်..။ ကျွန်တော့်အမှုက မနိုင်ရင် နေပါစေ။ ကျွ
တော်ကျွူးလွန်တာ ကျွန်တော်ခံယူပါ့မယ်။ သမီးလေးအမှုမှာတော့ အ
ပေါ်ပြီး ကျွူးလွန်သူကို အပြစ်ပေးနိုင်အောင် ကြိုးစားပေးပါ။ သမီးလေး
အမှန်တရားပေါ်လာရင် ကျွန်တော်ကျေနပ်ပါတယ်''

မလှမြင့်ကလည်း ဝင်၍..

''ဟုတ်ပါတယ် ဆရာမလေးရယ်။ ကျွန်မတို့က အရင်တစ်ခါ အ
ခဲ့ရတာကို မခံမရပ်နိုင်ဖြစ်ခဲ့ရပါတယ်။ ကိုယ်က ခံလည်းခံရသေး။ အမှုလည်း
ရှုံးရသေးဆိုတော့ အရမ်းကိုစိတ်ထိခိုက်ခဲ့ရပါတယ်''

ဟု ပြောသည်။

''ဒီတစ်ကြိမ်မှာတော့ အမှန်တရားက ကျွန်မတို့ကို စောင့်ရှောက်
ပါ။ ဘုရားကလည်း ကြည့်မနေတော့ပါဘူးရှင်''

''ကဲ.. ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ လုပ်စရာလေးတွေ ရှိနေ
လို့ပါ''

ကိုနေသော်က မေစံရှားအား တစ်ချက်ကြည့်ပြီး ဝင်ပြောသည်။

''ကောင်းပါပြီခင်ဗျာ။ ဆရာလေးလည်း ဆရာမလေးနဲ့အတူလိုက်
ကျွန်တော့်တို့အတွက် ဒုက္ခခံပေးနေရတာ အားနာလှပါတယ်''

ဦးထွေးက အားနာစကား ထပ်မံဆိုပြန်တ။ ကိုနေသော်တ၊လက်
လည်း ဆုပ်ကိုင်လှုပ်ယမ်းကာ အားကိုးတကြီး ကျေးဇူးတင်သောအမူအရာ
ကို ပြသည်။

နှုတ်ဆက်ပြီး ထွက်လာကြသောအခါ..

''ရှား.. သွားစရာရှိသေးတယ်လေ။ အဲဒါကြောင့် ကိုကိုက စက
ဖြတ်လိုက်ရတာ''

''ရှားသိပါတယ် ကိုကို၊ တရားသူကြီးကိုတွေ့ဖို့ သူ့အိမ်ကို သွားရ
ကိုကိုပါ လိုက်မယ်မဟုတ်လား''

''လိုက်မှာပေါ့။ ကိုကိုမပါရင် ညကြီးမိုးချုပ် ရှားတစ်ယောက်တည်း
ဖြစ်နေမှာပေါ့။ အရင်တစ်ခါလို ရှားကိုအန္တရာယ်ပြုလာတာမျိုး ထပ်အဖြစ်မ
နိုင်ပါဘူး''

''စိုးရိမ်တယ်ပေါ့''

''ဒါပေါ့ ရှားရယ်။ အသည်းနှလုံးနှစ်ခုက တစ်ခုတည်းဖြစ်နေတာ





ကိုတို့က နှလုံးသားချင်းဆက်တဲ့ အမြွာလေ''

''ပြောတတ်တယ်။ စာရေးဆရာမို့ အပြောကောင်း..''

''ဟင့်အင်း..။ ရှေ့နေမလေးလောက်တော့ အပြောမကောင်းပါဘူး။
ချစ်လို့ပါ''

''ကြော်ငြာတွေဝင်တာ သိပ်များနေပြီနော် ကိုကို''

နှစ်ဦးသား ရယ်သံများ ခပ်တိုးတိုးလွင့်ပျံသွားသည်။

❦ ❦ ❦ ❦

# ၅၀

လက်ထဲတွင်တွေ့လိုက်ရသော စာတ်ပုံများကြောင့် ရှက်သွေး
မျက်နှာပေါ် ဖြန်းခနဲခုန်တက်လာသည်။ လက်တွေတဆတ်ဆတ်တုန်ကာ
တွေတလှပ်လှပ်ခုန်သွားသည်။ စာတ်ပုံများပင် လက်မှနေ၍ ကြမ်းပြင်ပေါ်
ကျသွားသည်။

"ဘုရား.. ဘုရား.."

ဒေါ်ခင်ခင်ကြီးဦးနှောက်ထဲမှာ ပူနေသည်။

ဒါ.. ဘယ်လိုဖြစ်တာလဲ။

မိမိနှင့်ရာဇာတို့၏ပုံများဖြစ်သည်။ ပုံများက လျှို့ဝှက်သောပုံများဖြစ်
မည်သူက မိမိတို့နှစ်ဦးကို ချောင်း၍ရိုက်ထားခဲ့ပါသနည်း။ ဗီဒီယိုရိုက်ထား
ဟုဆိုပေရာ ထိုအခွေသာ အခြားသူများ၏လက်သို့ ရောက်သွားလျှင်
လူ့လောကတွင်ပင် နေဖို့မကောင်းတော့။ ဦးကျော်မြတ်သာ မြင်လျှင်မူကား

ဆန္ဒအလိုနောက် မဆင်မခြင်လိုက်ခဲ့မိသည်ကို ယခုမှ ဒေါ်ခင်
ကြီး နောင်တရမိ၏။ သို့သော် နောင်တက နှောင်းနေပေပြီ။

"တီ.. တီ.. တီ.."

ရုတ်တရက် ဖုန်းက မြည်လာသဖြင့် ရင်တွေပိုတုန်သွားသည်





စာတ်ပုံပို့လိုက်သူ၏ ဖုန်းပေပဲလား။

အိမ်မှာ ဦးကျော်မြတ်မရှိ၍ တော်သေးသည်ဆိုရမည်။

ခုန်လှုပ်နေသောရင်၊ အေးစက်နေသောလက်ဖြင့် ဒေါ်ခင်ခင်ကြီး
ဖုန်းကိုကောက်ယူလိုက်ရင်း ဖုန်းကို နားမှာ မဝံ့မရဲကပ်သည်။

"ဟဲလို.."

"ဒေါ်ခင်ခင်ကြီးလား"

မှန်ပါသည်။ ယခင်တစ်ခါ ဆက်သူပေပဲ။

"ဟုတ်ပါတယ်"

"အသံတွေပင် မထွက်ချင်။ တစ်ဖက်လူ၏ မခိုးမခန့်ရယ်သံ ကြားရ
သည်။

"ပို့လိုက်တဲ့စာတ်ပုံတွေ ရပြီပေါ့။ ကြည့်ပြီးပြီပေါ့နော်"

"....."

"ပုံတွေက စိတ်ဝင်စားစရာကောင်းတယ်မဟုတ်လား"

"....."

"ကျွန်တော် မဟုတ်တာတွေ ပြောတာမဟုတ်ဘူးဆိုတာ ယုံပြီ
မဟုတ်လား"

"ရှင် ဘာရည်ရွယ်ချက်နဲ့ ပြောနေတာလဲ"

"ဒေါ်ခင်ခင်ကြီး အဲဒီအခွေကို လိုချင်သလားလို့ပါ"

"ရှင် ဘာလိုချင်လဲ"

"လူတွေရဲ့ သည်းခြေကြိုက်ကတော့ ငွေပေါ့ဗျာ"

"ကောင်းပြီ..။ ဘယ်လောက်ပေးရမလဲ။ ဘယ်မှာ လာပေးရမှာလဲ။
ပြော.."

"....."

"ဒါပေမဲ့ ရှင့်ဘက်က ကတိတော့ပေးရမယ်။ ဒီအခွေ ကျွန်မကိုပြန်
ပေးပြီးရင် နောက်ထပ်ပြဿနာထပ်မရှာရဘူး"

"....."

"ရှင် ကတိတည်ပါ။ ဦးကျော်မြတ်ကို ရှင်အသိပေးလိုက်လို့ကတော့
ရှင့်ကို ကျွန်မ အလွတ်ပေးမှာမဟုတ်ဘူး"

"....."

"ဒါပဲ"

ဖုန်းကိုချလိုက်ပြီးသည့်တိုင် ဒေါ်သန့်ခံပြင်းခြင်းများက ပြေလျော့မသွား။ ငွေ.. ။ သူတောင်းသည့် ငွေပမာဏကို ဒေါ်ခင်ခင်ကြီးပေးနိုင်သည်။ သို့သော် သည်ကိစ္စက တစ်ကြိမ်နှင့်ပြီးပြတ်မည်မဟုတ်။

မိမိကို အခွေပေးသည်ဆိုသော်ငြား သူတို့မွားယူထား၍ရသည်။ သို့ဆိုလျှင် သည်တစ်သက် မိမိ လာည်ပင်းညှစ်ခံရ၍ ဆုံးနိုင်ဖွယ်မရှိတော့။ မသေမချင်း သူ့ကို အခွန်ဘဏ္ဍာပေးဆက်နေရမည့်ကိန်း။

ဒါကို ဒေါ်ခင်ခင်ကြီးတွေးမိ၏။

သို့ဖြစ်လျှင် မည်သို့လုပ်မည်နည်း။

ပြီးတော့ ထိုသူသည် မည်သူဖြစ်မည်နည်း။ ရာဇာမဟုတ်လျှင်တောင်မှ ရာဇာနှင့်ဆက်နွယ်သူဖြစ်ရမည်။ ရာဇာသစ္စာဖောက်ခြင်းဖြစ်ရမည်။ ရာဇာ့အကြံ ပါရမည်။ သင်း လူလိမ်၊ လူကောက်၊ လူယုတ်မာ။

ဒေါ်သက အရှိန်မြင့်တက်ကာ နှလုံးကို ဆောင့်တိုးသည်။ ရင်ထဲက အောင့်၍ပင်လာ၏။ နေရာမှ အဆောတလျင်ထကာ အိပ်ခန်းထဲပြေးဝင်ခဲ့သည်။ ဆေးပုလင်းကို ရှာရသည်။ ဆေးလုံးလေးတွေကို ရေနှင့်မျှောချလိုက်သည်။

သို့တိုင်..

ရှက်ဒေါသကတော့ ဆေးသောက်၍ မပြေနိုင်။

''သိမယ် ရာဇာရေ..''

ဒေါ်ခင်ခင်ကြီး စိတ်ထဲမှ ကြုံးဝါးလိုက်၏။

❦ ❦ ❦ ❦ ❦

# ၅၁

တရားသူကြီးဦးဒီပါ ညည့်ခန်းတွင်းဝင်လာ၍ ကိုနေသော်နှင့်မေစံရှား ဘ နေရာမှ ထလိုက်သည်။ အရှိအသေပေးသည့်သဘောဖြစ်၏။

''ထိုင်ပါ.. ထိုင်ကြပါ''

ဦးဒီပါက ရင့်ကျက်တည်ငြိမ်သော အပြုံးမျက်နှာဖြင့် လှမ်းပြောပြီး မေစံရှားတို့ရှေ့မှ ဆက်တီတွင် ဝင်ထိုင်၏။ မေစံရှားတို့လည်း ပြန်ထိုင်လိုက်ကြသည်။

''အန်ကယ့်ကို အနှောင့်အယှက်ပေးသလို ဖြစ်ရတာကိုတော့ ခွင့်လွှတ်ပေးပါ အန်ကယ်''

မေစံရှား၏ နိဒါန်းစကား။

''ရပါတယ် သမီးရယ်။ အန်ကယ်က သမီးကို လေးစားပြီးသားပါ။ သမီးတွေ့ချင်တယ်လို့ ခွင့်တောင်းကတည်းက သမီးကို အန်ကယ် လိုလိုလားလားခွင့်ပြုခဲ့တာ သမီးအသိပါ။ ပြော.. အန်ကယ်ဘာကူညီရမလဲ''

ဦးဒီပါ၏ အပြောအဆိုနှင့် မျက်နှာသွင်ပြင်လျာတို့မှာ မာန်မာန၊ အတ္တအရိပ်အရောင်များ ကင်းသည်ဟု ကိုနေသော်အကဲခတ်မိ၏။ လေးပင်သစ်သားအိမ်အိုကြီး၌ နေသည်ဟူသော အချက်သည်ပင် ဦးဒီပါ၏ဂုဏ်သတင်းဖြစ်

သည်ဟု ဆိုရမည်။ ဦးဒီပါ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်သိက္ခာအား ဤမခမ်းနားသော အနေအထိုင်၊ အဆင်အပြင်တို့က သက်သေအခိုင်အမာပြုနေသည်ဟုလည်း ကိုနေသော်တွေးမိသည်။

"ရှေ့နေတစ်ယောက်က တရားသူကြီးတစ်ယောက်ကို လာတွေ့တယ်ဆိုတဲ့အတွက် အန်ကယ့်ဂုဏ်သိက္ခာကိုထိခိုက်မှာ သမီးစိုးပါတယ်။ ဒီပူပန်မှုနဲ့ပဲ အားနာနာနဲ့ သမီးလာရတာပါ။ ဒါကလည်း အန်ကယ့်ကို စိတ်အနှောင့်အယှက်ပေးဖို့ မဟုတ်သလို သမီးကိုယ်ကျိုးအတွက်လည်း မဟုတ်ပါဘူး"

မေစံရှားက ပြေပြစ်ချေင်စွာ စကားကို ရွေးချယ်၍ပြောသည်။ ဦးဒီပါဆိုသည်က ရှေ့နေကို တရားရုံးပြင်ပ၌ လက်ခံတွေ့ဆုံတတ်သူမဟုတ်။ မေစံရှားတို့လောကမှာ ဦးဒီပါက သတင်းမွှေးသည်။ ခိုင်မာပြတ်သားသော၊ ရိုးသားဖြောင့်မတ်သော ဦးဒီပါကို ချဉ်းကပ်၍ မရနိုင်ကြောင်း အားလုံးက သိကြသည်။ ထိုဦးဒီပါက လက်ခံတွေ့ဆုံခြင်းအတွက်လည်း မေစံရှားဂုဏ်ယူမိပါ၏။

"အန်ကယ် သဘောပေါက်ပါတယ်။ သမီးဟာ သမီးရဲ့ကိုယ်ကျိုးအတွက် မလုပ်ဘူးဆိုတာကို ယုံကြည်လို့လည်း အန်ကယ်က သမီးကိုတွေ့တာပါ"

"အမှုတစ်ခုကို သမီးက အကျိုးဆောင်အဖြစ် လိုက်ရပါတယ်။ သမီးကပဲ အယူခံတက်ပေးတဲ့အမှုလို့ပြောရင် ရပါတယ်။ အမှုက အဓမ္မမှုနဲ့ ပြင်းထန်စွာနာကျင်စေမှုပါ"

ဦးဒီပါက အမှုအကြောင်းကို စသည်နှင့် သိနေပုံရ၏။ ခေါင်းညိတ်သည်။

"အမှုအကြောင်း အန်ကယ်လ်ဖတ်ပြီးပါပြီ။ မာလာဆိုတဲ့မိန်းကလေး အမှု မဟုတ်လား"

"ဟုတ်ပါတယ် အန်ကယ်။ ဒီအမှုဟာ အောက်ရုံးမှာ တရားလိုဘက်က ရှုံးနိမ့်ခဲ့ရတဲ့အမှုပါ။ ဒီအမှုကို သမီးတွေ့တော့ အမှန်တရားပျောက်ဆုံးနေတယ်လို့ ခံစားရတဲ့အတွက် သမီးကပဲ ဝင်ပြီး အထက်ရုံးကို တက်ပေးဖို့ ကြိုးစားခဲ့တာပါ။ အမှုရှုံးခဲ့ရတာကို သမီးလေ့လာတွေ့ရှိရသလောက်ဆိုရင် သက်သေတွေက အမှန်ကို မထွက်ဆိုနိုင်ခဲ့တာကြောင့်ပါ"

"ပြောပါဦး"

"ပြစ်မှုကျူးလွန်သူကို ထုတ်ဖော်နိုင်ဖို့ အဓိကကျတဲ့ စော်ကားခံရသူ မိန်းကလေးဟာ ကျူးလွန်သူရဲ့လက်ချက်နဲ့ အသက်မသေပေမယ့် အသိဉာဏ်





ပျောက်ဆုံးနေတဲ့ အနေအထားမှာ ရောက်နေလို့ တရားရုံးမှာ သူက ဘာမှ မထွက်ဆိုနိုင်ခဲ့ပါဘူး။ တစ်ခါ မျက်မြင်သက်သေတွေဟာလည်း ရဲစခန်းမှာတုန်းက အမှန်ကိုပြောခဲ့ပေမယ့် တရားရုံးမှာကျတော့ ဖုံးကွယ်ရှောင်လွှဲထွက်ဆိုတာတွေ့ရပါတယ်"

ဦးဒီပါက မေစံရှား၏စကားကို လေးလေးနက်နက်နားထောင်ပြီး တွေးဆနေပြီးမှ..

"သမီးက ဘာကြောင့် သက်သေတွေဟာ အမှန်ကို ဖုံးကွယ်ရှောင်လွှဲထွက်ဆိုတယ်လို့ ပြောနိုင်လဲ"

မေးသည်။ ချိန်ချိန်ဆာဆ အမေး။ မေးသင့်သော မေးခွန်း။

ကိုနေသော်က မေစံရှားကို တစ်ချက်ငဲ့ကြည့်၏။ မေစံရှားက သူမ၏ သက်ပွေ့အိတ်ကိုဖွင့်ကာ အထဲမှ တစ်စုံတစ်ရာကို ဆွဲထုတ်သည်။ ကက်ဆက်တိပ်ခွေကလေးဖြစ်သည်။ ကက်ဆက်တိပ်ခွေလေးကို ဦးဒီပါ၏ရှေ့ ဆက်တီစားပွဲပေါ်သို့ မေစံရှားက တရိုတသေတင်ပေးလိုက်သည်။

"ဒါဟာ သမီး အဲဒီသက်သေတွေနဲ့ သွားတွေ့စဉ်က ဖမ်းထားတဲ့ အသံတွေပါတဲ့ တိပ်ခွေပါ။ ဒီအခွေဟာ တရားရုံးကိုတင်ပြဖို့ တရားမဝင်ပေမယ့် နောက်ကွယ်က အဖြစ်အပျက်အမှန်ကို အမှုကြားနာစစ်ဆေးမယ့် တရားသူကြီးတစ်ယောက်အနေနဲ့ အန်ကယ်နားထောင်ကြည့်စေချင်လို့ပါ။ ဒီတိပ်ခွေလေးကို အန်ကယ်အချိန်ရရင် နားထောင်ကြည့်ပေးပါ။ ဒါဆိုရင် ပြီးခဲ့တဲ့တရားရုံးမှာ အမှုရှုံးခဲ့ရတဲ့အကြောင်းကို အန်ကယ်မှန်းဆမိမှာပါ"

"အန်ကယ်နားထောင်ပေးပါ့မယ်။ ဒါပေမဲ့ ဒါဟာ တရားစီရင်မှုမှာ အကျိုးသက်ရောက်စေရမယ်လို့တော့ အန်ကယ်မပြောဘူးနော်"

"သမီးသဘောပေါက်ပါတယ် အန်ကယ်။ သမီးအနေနဲ့ ပြုသင့်၊ မပြုသင့် အတော်ချင့်ချိန်စဉ်းစားပြီးမှ အန်ကယ့်ကို အားကိုးတကြီးနဲ့ မိုက်မိုက်မဲမဲ တွေ့ဆုံတင်ပြဖြစ်တာကို အန်ကယ်နားလည်ခွင့်လွှတ်ပေးပါ။ အန်ကယ်ရဲ့ ဆုံးဖြတ်နိုင်ခြင်းကို သမီးက ဝင်ရောက်စွက်ဖက်တာ မဟုတ်ဘူးလို့လည်း နားလည်လက်ခံမှေးပါ။ ဒါဟာလည်း သမီးက အမှန်တရား ငုပ်လျှိုးနေတာကို ပေါ်လာစေချင်တဲ့ စေတနာတစ်ခုတည်းကြောင့်ပါ အန်ကယ်"

"ဒီအတွက်တော့ သမီးလည်း စိတ်ထဲမှာ မထားပါနဲ့။ သမီးမို့ အန်ကယ်လက်ခံတာကိုတော့ သမီးကလည်း သဘောပေါက်ပေးပေါ့"

"ကျေးဇူးတင်ပါတယ် အန်ကယ်။ ကဲ.. သမီးတို့ကို ခွင့်ပြုပါဦး"

''ကောင်းပါပြီ''

ဦးဒီပါက ခေါင်းညိတ်သည်။ မေစံရှားနှင့် ကိုနေသော်တို့ နေရာမှ ထကာ ဦးဒီပါကို ရှိသေလေးစားစွာနှုတ်ဆက်ပြီး ဧည့်ခန်းထဲမှ ထွက်လာခဲ့ကြသည်။ ဧည့်ခန်းထဲမှာ ဦးဒီပါက သူတို့ကိုငေး၍ ကျန်ခဲ့သည်။

အိမ်ခန်းတွင်းမှ ဦးဒီပါ၏ငိုသံသည်က ထွက်လာပြီး..

''ရှင် ဘယ်သူ့ကိုမှ အမှုအတွက်နဲ့ လက်ခံမတွေ့ဆုံဘူးလို့ ပြောခဲ့ပြီးတော့ ဘာဖြစ်လို့ ဒီရှေ့နေမလေးကို တွေ့ရတာလဲ''

ဟု မေးသည်။

ဦးဒီပါက ထိုင်ရာမှထရင်း ကက်ဆက်တိပ်ခွေလေးကိုယူကာ..

''တခြားရှေ့နေတွေနဲ့ မတူလို့ပေါ့ကွာ။ သူက ဒီအမှုကို ငွေကြေးမယူဘဲ စေတနာ၊ မေတ္တာနဲ့ လိုက်ပေးတာလို့ ငါကြားခဲ့လို့ပါ။ ပြီးတော့ ဒီကလေးမလေးဟာ ငါ့လိုပဲ သိပ်ပြီးခေါင်းမာတဲ့ ရှေ့နေမလေးကွ။ သူ့အကြောင်း ငါကောင်းကောင်းသိတယ်။ မိုးခါးရေသောက်တဲ့လူတွေထဲမှာ သူမပါဘူး။ ဒါကြောင့်ပဲ''

ဟု ပြောသည်။ ပြီး.. ဇနီးသည်၏လက်ကို ဖမ်းဆုပ်ကာ..

''ကြုတုန်း မင်းကို ငါတစ်ခုပြောချင်ပါသေးတယ်။ တရားသူကြီးမိုက်တစ်ယောက်ကို စိတ်ရှည်ရှည်နဲ့ သည်းခံပြီးပေါင်းသင်းနေတဲ့ မင်းကို ငါသိပ်ကျေးဇူးတင်ပါတယ်ဆိုတာ''

ဟုလည်း ပြောလိုက်သည်။

ဇနီးသည်က..

''ရှင့်စိတ်ချမ်းသာသလို ကျွန်မလည်း စိတ်ချမ်းသာပါတယ်။ ကျွန်မတို့ အပူစာမစားဘဲ အအေးစာစားနေတဲ့အတွက် ဒီဘဝမှာ ချမ်းသာသလို နောက်ဘဝမှာလည်း ချမ်းသာမှာပါပဲ။ ကျွန်မတို့ရဲ့ချမ်းသာမှုက သူများနဲ့တော့ မတူဘူးပေါ့ရှင်''

ဟု ပြန်ပြောသည်။

''အဲဒါကြောင့်လည်း မင်းကို ငါသိပ်ချစ်ရတာပဲပေါ့ ဖိန်းမရယ်''

''အိုး.. အတိုးကြီးဖြစ်နေမှ.. ကလေးကလားစကားတွေ''

❦ ❦ ❦ ❦ ❦

# ၅၂

''ဟဲလို''

''ဆရာကြီး.. ကျွန်တော်ပါ။ ဖိုးတုတ်ပါ''

''အေး.. ပြော''

''ဆရာကြီးခိုင်းတဲ့အတိုင်း ကျွန်တော် သောင်းထိုက်တို့အိမ်ကို သွားတယ်။ သူတို့မိသားစု မရှိဘူး ဆရာကြီး''

''မရှိဘူး.. ဟုတ်လား''

''ဟုတ်ပါတယ်။ အိမ်ကိုတော့ ပိတ်ထားပါတယ်။ ပတ်ဝန်းကျင်ကို မေးကြည့်တော့ နယ်ကဆွေမျိုးတစ်ယောက် နာရေးရှိလို့ သွားကြတာတဲ့။ ဘယ်နာရေးပြီးရင် ဘုရားဖူးဆက်သွားကြမှာ။ တော်တော်နဲ့ ပြန်ရောက်မှာမဟုတ်ဘူးလို့ သိရပါတယ်''

''ဟုတ်လား။ သေချာလား''

''သေချာပါတယ် ဆရာကြီး။ ကျွန်တော် နှစ်ဦးသုံးဦးမေးကြည့်တော့ အတိုင်းလိုအဖြေပဲ ရပါတယ်''

''ကောင်းပြီ။ တစ်ပြဿနာရှင်းတာပေါ့။ ဒါပေမဲ့ မင်း သူတို့ ပြန်လာက်၊ မရောက်တော့ စောင့်ကြည့်ထား''

"ဟုတ်ကဲ့ပါ"

"ဟိုရှေ့နေမ ကိစ္စရော"

"ဒီည အစီအစဉ်ရှိပါတယ် ဆရာကြီး"

"ပိရိသေသပ်ပါစေ"

"စိတ်ချပါ"

❦ ❦ ❦ ❦ ❦

"ဟဲလို.. ရဲအုပ်ကြီး။ ဘာထူးလို့လဲ"

"ကျွန်တော်တို့ သောင်းထိုက်တို့မိသားစုကို ခေတ္တနေရာပြောင်းပြီး နေခိုင်းလိုက်တာ မှန်သွားတယ် မမေစံရှား။ သောင်းထိုက်တို့မိသားစု အကြောင်း လူတစ်ယောက်လာပြီးစုံစမ်းတယ်လို့ သတင်းရတယ်။ ကျွန်တော်တို့က သူတို့မိသားစု နယ်သွားတယ်။ ရက်တော်တော်ကြာမယ်လို့ ပတ်ဝန်းကျင်ကို သတင်းလွှင့်ခိုင်းခဲ့တာလည်း ကွက်တိကျသွားတယ်"

"ကျေးဇူးပဲ ရဲအုပ်ကြီး။ လေးစားပါတယ်"

"သောင်းထိုက်တို့မိသားစုကို အခုထားတဲ့ တိုက်ခန်းနားမှာလည်း ကျွန်တော့်လူတစ်ယောက်ကို တာဝန်ချထားပါတယ်"

"သိပ်ကိုကောင်းတဲ့ စီစဉ်မှုပါပဲ"

"ဒုရဲအုပ်ဖြိုးကြီးဆီကလည်း အခြေအနေထူးပြီ မမေစံရှား။ ဦးအောင်နဲ့ ဦးသူရိယတို့ အဲဒီအခင်းဖြစ်တဲ့နေ့က ဘယ်နေရာမှာရှိခဲ့တယ်ဆိုတာ သက်သေတွေ ရနေပြီ။ သူတို့ကို တရားရုံးကို ခေါ်လို့ရနိုင်တယ်"

"ဒီ့ထက်ကောင်းတဲ့ လုပ်ရပ်တောင် ဒီလောက်ကောင်းမှာ မဟုတ်ဘူးနော်"

"ဟာ.. မမေစံရှားက နောက်နေပြန်ပြီ"

"တကယ်ပြောတာပါ။ ကျွန်မတို့ဘက်က အရေးသာဖို့ သေချာသွားပါပြီ။ တစ်ခုကောင်းတာက အောက်ရုံးမှာ သူတို့ဆင်ပြီး သူတို့ချိုးထားတဲ့





ဆွေက ဒီအထက်ရုံးမှာ ပြင်မရတော့လို့ ကျွန်မတို့က သူတို့ရိုက်ကွက်တွေကို သိနေတာပဲ။ သူတို့ဆင်ထားသမျှကိုလည်း ချေဖျက်နိုင်ပြီး ကျွန်မတို့ဘက်က လည်း ဖိတိုက်နိုင်တဲ့အင်အားတွေ ရှိလာမှတော့ သူတို့ဖရိုဖရဲဖြစ်ဖို့ သေချာနေပြီ"

"ဒါပေမဲ့ ကမ္ဘာကျော်ဦးကျော်မြတ်က လျှောက်တွက်လို့ မရဘူးနော် မမေစံရှား။ ပြီးတော့ မမေစံရှားတို့ရဲ့ ဘော်ဒါကြီး ဦးမင်းထွေးနောင်ကလည်း ဆာမည်ကြီးနော်"

"ရဲအုပ်ကြီးပြောတာ မှန်ပါတယ်။ သတိတော့ လုံးဝလွတ်လို့မရတာ အမှန်ပဲ"

"မမေစံရှား.."

"ရှင်.."

"အမှုအတွက်ချည်း အာရုံအပြည့်စိုက်မနေနဲ့ဦး။ ကိုယ့်ကျန်းမာရေး လည်း ဂရုစိုက်ဦး။ ပြီးတော့ အန္တရာယ်.."

"ဟုတ်ကဲ့.. စိတ်ချပါ။ ကျွန်မသတိထားပါ့မယ်။ သတိပေးတာ ကျေးဇူးပါပဲ"

"ကျေးဇူးစကားတွေ သိပ်မပြောနဲ့ဗျာ။ ဒီပွဲက ကျွန်တော့်ဂုဏ်သိက္ခာကိုလည်း ပြန်ဆယ်ရတဲ့ပွဲပါ။ အမှုမှန်ပေါ်မှ ကျွန်တော်လည်း ရှက်နေရတဲ့ဘဝက လွတ်မှာ။ ကျွန်တော်ကတောင် မမေစံရှားကို ကျေးဇူးတင်ရမှာပါ။ ဟေ့.. ဒါနဲ့ အခု မမေစံရှား ဘယ်မှာလဲ။ ရုံးမှာလား"

"မဟုတ်ဘူး။ လမ်းမှာ.."

"တစ်ယောက်တည်းလား။ ကိုယ်ရံတော်တပ်မှူးကြီး မပါဘူးလား"

"ပါတာပေါ့ရှင်။ ကျွန်မတို့က နှလုံးသားချင်းဆက် အမြွာပဲဟာ"

"ဟာ.. သိပ်ကောင်းတဲ့ စကားပါလား"

"ကိုကိုက စာရေးဆရာပဲလေ။ သူပြောတဲ့စကားကို ကျွန်မက ပြန်သုံးတာ"

"ကဲ.. နှစ်ယောက်ဆိုတော့ မနှောင့်ယှက်တော့ဘူး။ ဖုန်းချလိုက်ပြီ"

"အိုကေ ကိုအောင်မင်း"

❦ ❦ ❦ ❦

# ၅၃

"သမီး နောက်ကျလိုက်တာကွယ်"

အိမ်ခန်းတံခါးကိုဖွင့်ပေးပြီး တွေ့တွေ့ချင်း ဒေါ်လေးကြင်ကြင်က ပြောသည်။ မိခင်မဟုတ်သော်လည်း မိခင်နှင့်မခြား ချစ်ခင်တွယ်တာသူ ဒေါ်လေးကြင်ကြင်၏မျက်နှာမှ စိုးရိမ်ကြောင့်ကြမှုကို မေစံရှားတွေ့ရသည်။

"လမ်းမှာ ကိစ္စတစ်ခုရှိနေလို့ပါ ဒေါ်လေးရယ်"

မေစံရှားက အိမ်ခန်းတွင်းသို့ လှမ်းဝင်ရင်း ပြန်ပြောသည်။ ဒေါ်လေးကြင်ကြင်က တံခါးကို ပြန်ပိတ်ရင်း..

"ညမိုးချုပ်ဆိုတော့ ဒေါ်လေးက စိတ်ပူတာပေါ့။ သမီးအလုပ်က ရှေ့နေဆိုတော့ တော်ကြာ လူဆိုးသူခိုးတွေက လိုက်လံရန်ပြုတာမျိုး ကြုံမှာစိုးလို့ ပြောတာပါ။ ဖြစ်နိုင်ရင် နောက်ကို စောစောပြန်ပါကွယ်"

ဟု ပြောသည်။

နံရံပေါ်မှ နာရီကို လှမ်းကြည့်မိသည်။ ညရှစ်နာရီထိုးတော့မည်။

"ဒေါ်လေးကို စိတ်ပူစေမိတာ တောင်းပန်ပါတယ်။ ဒါပေမဲ့ ရှားကို စိတ်ချပါ ဒေါ်လေးရယ်။ ရှား သတိရှိပါတယ်။ အခုလည်း ကိုကိုလိုက်ပို့တာပါ"

"ဟဲ့.. မောင်သော်ပါတယ်လား။ ဘယ်မှာလဲ။ ပြန်သွားပြီလား"





"ဟုတ်တယ်ဒေါ်လေး။ သူက ပြန်ရမှာ ဝေးလို့ အိမ်ပေါ်မတက်တော့ဘူးဆိုပြီး ပြန်သွားတာ။ ဒေါ်လေးကိုတောင် ပြောလိုက်ပါတဲ့။ ဒေါ်လေးတူမကို အိမ်အရောက် ပို့ခဲ့ပါတယ်တဲ့"

ဒေါ်လေးကြင်ကြင်၏မျက်နှာ ပြုံးရိပ်ယောင်သမ်းသွား၏။

"သမီးတို့နှစ်ယောက်လည်း ယူလိုက်ကြပါတော့လားကွယ်"

လွယ်လာသော သားရေလက်ပွေ့အိတ်နှင့် ဆွဲလာသော အမှုတွဲများပါသည့်အိတ်ကို ဆက်တီစားပွဲပေါ်ချရင်း မေစံရှားလည်း ပြုံးမိ၏။

"အဲဒီစကားကို ကိုကို့ရှေ့မှာ မပြောနဲ့နော်။ သူ ဖိုးကျိုင်းတုတ်ဖြစ်သွားမယ်"

"နှစ်ဖက်မိဘတွေကလည်း သဘောတူထားတာပဲ။ ဒေါ်လေးကလည်း မောင်သော့်ကို သားလိုချစ်တာပဲ။ သူနဲ့သမီး ချစ်သူဖြစ်တာလည်း နှစ်မနည်းတော့ဘူးပဲဟာ။ သမီးက ဘာကြောင့် အချိန်ဆွဲနေရတာလဲ"

"ဒေါ်လေးလို အပျိုကြီးဘဝနဲ့ နေကြည့်ချင်သေးလို့ပေါ့"

"မိရှားနော်..။ ဒေါ်လေး အတည်ပြောနေတာ။ ထောင်တန်တဲ့စကား ရယ်ပေါ့သတဲ့"

မေစံရှားက ဒေါ်လေးကြင်ကြင်ကို မျက်နှာချင်းဆိုင်ကာ ဒေါ်လေး၏လက်မောင်းများကို ဆုပ်ကိုင်လိုက်သည်။

"သမီးနဲ့ကိုကို သဘောတူညီမှု ရပြီးသားပါ ဒေါ်လေးရယ်။ နှစ်နည်းနည်းပဲစောင့်ပါ။ ဒေါ်လေးဖြစ်စေချင်သလို ဖြစ်ရပါစေမယ်"

"ဒေါ်လေးကတော့ အမြန်ဆုံးဖြစ်စေချင်တာပဲ"

"အခုလည်း ကိုကိုက ရှားဘေးမှာ အရိပ်လိုပါပဲ ဒေါ်လေးရယ်။ ဒေါ်လေးမပူပါနဲ့"

"ကဲ.. ထားတော့။ ဒေါ်လေး မငြင်းတော့ဘူး။ ရေမိုးချိုး။ ဒေါ်လေး ထမင်းပွဲပြင်ထားမယ်"

"ဟုတ်ကဲ့.."

မေစံရှား အိပ်ခန်းရှိရာသို့ လှည့်လိုက်သည်။ စားပွဲပေါ်က သားရေလက်ပွေ့အိတ်ကို ကောက်ယူမည်ပြုလိုက်စဉ်..

"သြော်.. ဒေါ်လေး မေ့နေလိုက်တာ။ ညနေက သမီးရဲ့အမှုသည် ဟောင်းတစ်ယောက် လာသွားတယ်။ သမီးကို လာကန်တော့သွားတာ"

ဒေါ်လေးကြင်ကြင်က မီးဖိုခန်းဘက်သွားနေရာမှ ရပ်၍ လှမ်းပြော၏။

ဒေါ်လေးကြင်ကြင်၏စကားကြောင့် မေစံရှား၏လူပ်ရှားမှု တန့်သွားသည်။ နားမလည်နိုင်စွာဖြင့် မော့ကြည့်မိ၏။

''ဒေါ်လေးက ဘာလို့ယူထားလိုက်ရတာလဲ''

''ဒေါ်လေးလည်း သမီးအကြောင်းသိလို့ အတန်တန်ငြင်းတာပါဟဲ့။ သူကလည်း မရမက အတင်းပြောပြီး ထားခဲ့တာ''

''ဘယ်သူတဲ့လဲ။ ယောကျ်ားလား။ မိန်းမလား''

''မိန်းမပဲကွယ့်။ အသက်လေးဆယ်လောက်ရှိမယ်။ နာမည်က မြမြတဲ့။ သမီးက သူ့အမှုကို စေတနာအပြည့်အဝနဲ့ လိုက်ပေးခဲ့လို့ပါတဲ့။ သတိုးတာနဲ့ ဝင်လာပြီး ကန်တော့တာပါတဲ့''

မေစံရှား တွေသွားသည်။

''မမြမို့.. သမီးရဲ့အမှုသည်တွေထဲမှာ ဒီနာမည်မရှိခဲ့ဘူး ဒေါ်လေး''

စဉ်းစားရင်း ခပ်လေးလေးပြောလိုက်သည်။

''ဒေါ်လေးကတော့ ဘယ်သိမလဲ။ သမီးမမှတ်မိတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ဟောဟိုမှာ ပန်းသီးတွေပါတဲ့အိတ်ရယ်၊ ပက်ကင်ဘူးတစ်ဘူးရယ်''

ဒေါ်လေးကြင်ကြင်ညွှန်ပြရာသို့ မေစံရှားလှမ်း၍ကြည့်လိုက်၏။ စားခုံပေါ်တွင် စောစောကပင်ရှိနေခဲ့ပြီး မိမိသတိမထားလိုက်မိသည့် အိတ်တစ်အိတ်နှင့် ဘူးတစ်ဘူး။

''ပက်ကင်ဘူးကတော့ အဝတ်အစားအသုံးအဆောင်တစ်ခုခု ဖြစ်မှာပဲထင်တယ်''

ဒေါ်လေးကြင်ကြင်က ပြောပြီး မီးဖိုဘက် ထွက်သွားသည်။

မေစံရှားသည် အိပ်ခန်းဘက်သို့ မသွားနိုင်သေးဘဲ မမြမို့ဆိုသည့် နာမည်ကို ထပ်မံတွေးကြည့်နေမိ၏။ တွေ့၍ကား မရ။

မမြမို့ဆိုသည့်နာမည်ကား မေစံရှားနှင့် လုံးဝစိမ်းနေ၏။

ဘယ်သူပါလိမ့်။

ထို မမြမို့ထားခဲ့သော အိတ်နှင့်ဘူးကို စိတ်ဝင်စားစွာငဲ့ကြည့်နေမိစဉ် မီးဖိုထဲမှ ဒေါ်လေးကြင်ကြင်လှမ်းပြောသံက ပေါ်လာ၏။

''ဒေါ်လေးက သူ့ကို စောင့်ခိုင်းသေးတယ်။ သူက သွားစရာရှိသေးလို့ မစောင့်တော့ဘူးတဲ့။ နောက်တစ်ခါမှပဲ အချိန်ယူပြီးလာမယ်လို့ပြောပြီး ပြန်သွားတာပဲ''

''ပုံပန်းက ဘယ်လိုလဲ''





မေစံရှားက အသံမြှင့်၍ ပြန်မေးလိုက်သည်။

''သားသားနားနားပါပဲ။ ဒါပေမဲ့ ပညာတတ်၊ အဆင်မြင့်မြင့်ထဲကဟော့ ဟုတ်ဟန်မတူဘူး။ လာတာတော့ တက္ကစီနဲ့ပဲ။ ဒေါ်လေး ဝရန်တာကဖွင့်ကြည့်တော့ တက္ကစီနဲ့ပြန်သွားတာ တွေ့တယ်''

ဒေါ်လေးကြင်ကြင်၏အဖြေက ပြည့်စုံသင့်သလောက် ပြည့်စုံသော်လည်း မေစံရှား၏အာရုံ၌ မမြမို့ကို နာမည်ရော၊ လူပါ ပုံဖမ်း၍မရ။

ဘယ်သူလဲဟူသော အတွေးက ထပ်ပေါ်လာ၏။ သိချင်စိတ်လည်း ပေါ်လာ၏။ ဘူးထဲမှာ စာတွေဘာတွေများ ရေးထားတာ ပါသလား..။

အမှုသည်ဟောင်းတစ်ဦးက ယခု ဘာကြောင့် ထပ်မံပြီး လက်ဆောင်သာပေးပါသနည်း။

မေစံရှားက ပက်ကင်ဘူးကို လှမ်းယူလိုက်သည်။

ဘူးအရွယ်က သိပ်မကြီးမားလှ။ တစ်ပေ ၌ ရှစ်လက်မအရွယ် အကျယ်ရှိပြီး အမြင့်က ခြောက်လက်မလောက်သာရှိမည်။ အလေးချိန်ကတော့ အနည်းငယ်ရှိ၏။ ဘာပါလိမ့်..။ အပေါ်က ပက်ကင်ပေါ်အပြာရောင်နှင့်ပတ်ထား ဖဲပြားလေးပင် အပေါ်မှစည်းထားသေးသည်။ ပက်ကင်ဘူးလှလှလေးပါပဲ။

ထိုအချိန်တွင် မေစံရှားအာရုံထဲ၌ တစ်စုံတစ်ခုပင်ကျလာသလို လေးပင်သွားသည်။ စိတ်ထဲတွင် စနိုးစနောင့်ဖြစ်သွားသည်။ သံသယတစ်ခု ဝင်လာသည်။

အန္တရာယ်ရနံ့ ရလိုက်သည်ဟု ထင်သည်။

သတိကြီးစွာဖြင့် မေစံရှားက ပက်ကင်ဘူးပေါ်မှ ဖဲပြားကို ဖြုတ်လိုက်၏။ အပေါ်မှပတ်ထားသော ပက်ကင်ပေါ်ကို ခွာလိုက်၏။ အထဲမှာ ကတ်ထူဘူးတစ်ခုပေါ်လာ၏။ ကတ်ထူဘူးကိုကပ်ထားသော တိပ်အစများကို တစ်ခုချင်းဖြည်းဖြည်းခွာ၏။ မျက်လုံးများက တည်ငြိမ်စူးစိုက်စွာ ဘူး၌အာရုံနှစ်ထား၏။

အသက်ကို တစ်ဝကျူသွင်းလိုက်သည်။

ပက်ကင်ဘူးကို လက်နှင့်မဖွင့်ဘဲ ဆက်တီစားပွဲပေါ်တင်လိုက်သည်။

ပြီး.. အနားမှာ အသင့်ရှိနေသော စတီးပေတံကလေးကို လှမ်းယူကာ ကတ်ထူဘူးအဖုံးကို ထိုး၍ ဖြည်းညင်းစွာ ကော်မ,လိုက်သည်။

''ရှူး''

ထင်သည့်အတိုင်းပါပဲ။ အသံတစ်ခုနှင့်အတူ ပက်ကင်ဘူးထဲမှ အရာတစ်ခု အပေါ်သို့ ရုတ်တရက်ထိုးထောင်ထွက်လာသည်။

မေစံရှားက ခြေတစ်လှမ်းနောက်ဆိုဆုတ်လိုက်၏။

ဘူးထဲမှထွက်လာသောအရာကား အနက်ကွက်များပါရှိသော ပါးပျဉ်းထောင်နေသည့် မြွေတစ်ကောင်။ ဘူးထဲတွင် ကာလအတန်ကြာ ဖိနှိပ်ထည့်သွင်းထားခြင်းခံထားရ၍ ဒေါသဖြစ်နေဟန်တူ၏။ ဘူးကိုဖွင့်လိုက်သည်နှင့် ပါးပျဉ်းထောင်၊ မာန်ထလာသည်။ သို့မဟုတ် မူလကပင် အဆိပ်ပြင်းသော အန္တရာယ်ကြီးစွာပေးနိုင်သည့်မြွေမျိုး ဖြစ်ချင်ဖြစ်လိမ့်မည်။ ဘာမြွေလဲဟူ၍မူ မေစံရှားမသိ။

အန္တရာယ်ဟူသောအသိက မေစံရှားကို လှုံ့ဆော်လိုက်၏။

လက်တွင်ကိုင်ထားသော စတီးပေတံစောင်းဖြင့် စောင်နေသော မြွေ၏ခေါင်းကို အားထည့်ကာ ရိုက်ထည့်လိုက်သည်။ လက်အလှုပ်နှင့် အရှိန်ထမြန်သောကြောင့် မြွေက လှမ်း၍အန္တရာယ်ပြုချိန်၊ ပေါက်ချိန် မရလိုက်။

စတီးပေတံက မြွေ၏ခေါင်းကို ပြင်းစွာထိမှန်သံ 'ခွပ်' ဟူသောအသံနှင့်အတူ မြွေက ဘူးထဲမှ အပြင်သို့ လွှင့်စဉ်ကျသွား၏။ ဆက်တီစားပွဲပေါ်သို့ ဖတ်ခနဲပြုတ်ကျကာ ထိုမှတစ်ဆင့် ကြမ်းပြင်ပေါ်သို့ ကျသွားသည်။

ခေါင်းမှ ဒဏ်ရာကြောင့် ကြမ်းပြင်ပေါ်တွင် မြွေက လူးလွန့်နေသည်။ သို့သော် ပါးပျဉ်းထောင်နိုင်ခြင်း မရှိတော့။

မေစံရှားက စတီးပေတံစောင်းဖြင့်ပင် မြွေ၏ဦးခေါင်းအား အပေါ်စီးကာ သုံးလေးချက်ဆင့်ရိုက်လိုက်သည်။

"ဖုန်း.."

"ဖုန်း.."

"ဖုန်း.."

အသံများကြောင့် ဒေါ်လေးကြင်ကြင်က မီးဖိုခန်းထဲမှပြေးထွက်လာကာ..

"သမီး.. ဘာလဲ။ ဘာဖြစ်တာလဲ"

အလောတကြီး စိုးရိမ်စွာမေးသည်။ ပြီးမှ မေစံရှားရိုက်နေသောမြွေကို တွေ့ကာ မျက်လုံးပြူးသွားသည်။

"ဟင်.. မြွေ.. မြွေ.."

မြွေက မလှုပ်ရှားနိုင်တော့။

မေစံရှား သက်ပြင်းချ၍ ရပ်လိုက်သည်။

"မြွေ.. ဒီမြွေက ဘယ်ကရောက်လာတာလဲ"





ဒေါ်လေးယူထားလိုက်တဲ့ မမြှိုလာကန်တော့သွားတယ်ဆိုတဲ့ ဟက်ကောင်ဘူးထဲက ထွက်လာတာလေ"

"ဟင်.. ဟုတ်လား။ ဘုရား.. ဘုရား.. ကံသီပေလို့ပဲ"

"လန့်မနေပါနဲ့တော့ ဒေါ်လေးရယ်။ ပြီးသွားပါပြီ"

မျက်လုံးမျက်ဆံပြူးနှင့် ရင်ကိုဖိထားသော ဒေါ်လေးကြင်ကြင်ကို မေစံရှားနှစ်သိမ့်လိုက်ပြီးမှ..

"ဒါ.. သမီးကို တမင်လုပ်ကြံတာပဲ ဒေါ်လေး"

ဟု ပြောလိုက်သည်။

"ဒေါ်လေး.. ဒေါ်လေးမသိလို့ပါကွယ်။ မသိလို့ ယူထားလိုက်မိတာ"

"ဒေါ်လေးအပြစ် မဟုတ်ပါဘူး။ သမီးတို့ ရှေ့လျှောက် သတိထားဖို့ လိုပြီဆိုတာ ပြတာပါပဲ"

"သမီးကို ဘယ်သူက ဒီလိုလုပ်တာလဲ။ သမီးက အားလုံးအပေါ် ဆတနာ၊ မေတ္တာပဲ ထားတာ။ ဘယ်သူက သမီးကို မုန်းတာလဲ။ ဘယ်သူက သမီးကို သေအောင်ကြံစည်တာလဲ"

ဒေါ်လေးကြင်ကြင် မချင့်မရဲဖြစ်နေသည်။

မေစံရှား ပြုံးလိုက်သည်။

"ဒေါ်လေးရယ်.. သမီးက ကောင်းသူကယ်ဖို့ ကြိုးစားတာ။ ကောင်းသူတွေ ချစ်ပေမယ့် မကောင်းသူတွေကတော့ မုန်းမှာပေါ့။ မဆန်းပါဘူး။ ဟုတ်ပါ.. အဲဒါ ထားလိုက်ပါတော့။ ဒေါ်လေးထမင်းပွဲပြင်ပြီးရင် သမီးတို့ ထမင်းစားရအောင်။ ဒီမြွေကို လွှင့်ပစ်ပြီး သမီးရေချိုးလိုက်ဦးမယ်"

"အင်း.. အင်း.. ကောင်းပြီသမီး"

ဒေါ်လေးကြင်ကြင်က မြွေသေကို ရွံရှာစက်ဆုပ်စွာ တစ်ချက်လှမ်းကြည့်ပြီး မီးဖိုထဲ ပြန်ဝင်သွားသည်။

မြွေကို လွှင့်ပစ်ရန် မေစံရှားက စတီးပေတံဖြင့်ပင် ကော်ယူလိုက်သည်။ မေစံရှားမျက်ဝန်း၌ ဦးကျော်မြတ်၏ပုံရိပ်ကို ဖျတ်ခနဲမြင်ယောင်လိုက်၏။

"တစ်ချိန်ကျရင် မင်း ကျူပ်စကားတွေကို နားမထောင်မိတာ မှားလေခြင်းလို့ သိလာမှာပါ။ အဲ.. ဒုက္ခကိုမလို၊ သုခကိုလိုချင်ရင်တော့ ကျူပ်ကို ခေါ်ဆိုင်ဖို့ မကြိုးစားနဲ့"

အသံကိုလည်း ကြားယောင်မိသည်။

❦ ❦ ❦ ❦ ❦

# ၅၄

"ဒါ.. ဦးကျော်မြတ်လက်ချက်ပဲ"

ကိုနေသော်က မခံမရပ်နိုင်စွာ ပြောလိုက်သည်။

"ကျွန်တော်လည်း ဒီလိုပဲယူဆတယ်"

ရဲအုပ်အောင်မင်းကလည်း သဘောတူ လက်ခံသည်။

ညက ပက်ကင်ဘူးထဲက မြွေကိစ္စကို မေစံရှားက ကိုနေသော်ကို ပြောပြသည်။ ကိုနေသော်က ရဲအုပ်အောင်မင်းကို အသိပေးသင့်သည်ဟု ယူဆကြောင်း ပြောသည်။ သို့ဖြင့် မေစံရှားနှင့်ကိုနေသော် ရဲအုပ်အောင်မင်းထံ သွားကာ အကျိုးအကြောင်းပြောပြခြင်းဖြစ်၏။

"နှစ်ခါရှိပြီဗျ။ အရင်တစ်ခါက လမ်းမှာတိုက်ခိုက်တာ။ အဲဒီတုန်းက ဖိုးတုတ်တို့ဖြစ်မယ်။ ဦးကျော်မြတ်ရဲ့ကီပင် ပန်းမြရည်ပြောစကားအရဆိုရင် ဦးကျော်မြတ်က ဖိုးတုတ်ကိုတပည့်မွေးပြီး ခိုင်းနေတာပဲ။ အခုတစ်ခါလည်း ဖိုးတုတ်တို့အုပ်စုက ကြံတာဖြစ်မယ်။ နောက်က ကြိုးကိုင်တာ ဦးကျော်မြတ်ပဲ"

ကိုနေသော်က ထပ်ပြောသည်။

မေစံရှားက ငြိမ်နေရာမှ..

"ရှားတို့မှာ ခိုင်လုံတဲ့သက်သေအထောက်အထားမရှိတော့ သူတို့ကို





ဖွပ်စွဲလို့၊ အရေးယူလို့ မရနိုင်ဘူးနော် ရဲအုပ်ကြီး။ ရှားတို့သတိထားကြလို့ပဲ ရမယ်'

အေးဆေးတည်ငြိမ်သောမျက်နှာဖြင့်ပင် ပြောသည်။

"မှန်ပါတယ်။ ပိုပြီးသတိထားဖို့တော့ လိုလာပြီ မမေစံရှား။ ကျွန်တော်ကလည်း အဲဒါတွေတွေးမိလို့ အစီအစဉ်တစ်ခု လုပ်ထားပါတယ်။ ဖြိုးကြီးလုပ်နေပါတယ်"

ရဲအုပ်အောင်မင်းစကားကို ကိုနေသော် စိတ်ဝင်စားစွာဖြင့်..

"ဘာအစီအစဉ်လဲ ကိုအောင်မင်း"

ဝင်မေးသည်။

"သူတို့အန္တရာယ်က ကာကွယ်နိုင်ဖို့နဲ့ သူတို့လှုပ်ရှားမှုတွေကို သိနိုင်ဖို့ ပေါ့ဗျာ"

"ရဲအုပ်အောင်မင်းက ယေဘုယျသဘောကိုသာ ပြော၏။ အတိအကျမပြော။ မေစံရှားက နားလည်စွာ ခေါင်းညိတ်သည်။

"ကျေးဇူးတင်ပါတယ်ရှင်။ အခုကိစ္စက ကျွန်မတို့ ပူးပေါင်းဆောင်ရွက်မှု အောင်မြင်မယ့် အနေအထားပါ"

"သန်ဘက်ခါ ရုံးချိန်းစပြီနော်"

"ဟုတ်ကဲ့"

"မမေစံရှား ဘာအစီအစဉ်တွေ ရှိသေးလဲ။ ကျွန်တော့်ဘက်က တရားရုံးကိုတင်ပြပေးဖို့ သက်သေတွေ၊ သက်သေခံတွေနဲ့ ပတ်သက်ပြီး ဘာလိုမယ် ထင်လဲ"

"ဟင့်အင်း.. ပြည့်စုံပါတယ်။ ကိုအောင်မင်းဆောင်ရွက်ထားတာတွေ ကောင်းပါတယ်"

"မာလာ့ဆီကိုရော ရောက်သေးသလား"

"ရောက်ပါတယ်။ ဆရာဝန်ကြီးနဲ့ဆွေးနွေးပြီး မာလာ့ရဲ့ မေ့နေတဲ့ အသိဉာဏ် ပြန်ရဖို့ ကျွန်မတို့ တစ်ခုစီစဉ်ထားတယ်။ အခုအမှုမှာဖြစ်ခဲ့တဲ့ ဖြစ်စဉ်မျိုးနဲ့ကိုက်ညီတဲ့ ရုပ်ရှင်ဇာတ်လမ်းတွေ ရွေးပြီး မာလာ့ကို ပြခိုင်းထားတယ်။ တစ်ခုခု အကျိုးသက်ရောက်မှု ရှိနိုင်ပါတယ်။ ဒါပေမဲ့ ခုထိတော့ တရားရုံးမှာ အစစ်ခံနိုင်ဖို့အနေအထားကို မရသေးဘူး"

"အရင်တစ်ခါ တရားရုံးမှာ စစ်ဆေးစဉ်ကတော့ မာလာ့ကို ရုံးခေါ်နိုင်တဲ့အနေအထား လုံးဝမရှိလို့ မခေါ်ခဲ့ရဘူး။ အခုတစ်ကြိမ်မှာရော"

''တရားရုံးကို ခေါ်ပါ့မယ်။ မာလာရဲ့အခြေအနေကို တရားသူကြီးရော၊ ပရိသတ်ရော မြင်စေချင်ပါတယ်။ ပြီးတော့ ရဲကောင်းမြတ်ကို မာလာနဲ့ စေချင်တယ်''

''မေစံရှားစိတ်ကူး မှန်ပါတယ်။ ရဲကောင်းမြတ်ကလည်း မာလာ့ကိုနှင်းရင် တစ်မျိုးတစ်မည်ဖြစ်သွားမယ်လေ''

''ရှား.. ရဲအုပ်ကြီးကို ရှားစိတ်ကူး ပြောဦးလေ''

ကိုနေသော်က ကြားဖြတ်၍ သတိပေးသည်။ ရဲအုပ်အောင်မင်းက ကိုနေသော်နှင့် မေစံရှားကို တစ်လှည့်စီကြည့်သည်။

''ဘာများလဲ မမေစံရှား''

မေစံရှားက ပြုံးလိုက်သည်။

''ကလေးဆန်တာကလေးတစ်ခု လုပ်ကြည့်ချင်လို့ပါ''

ရဲအုပ်အောင်မင်းက မေစံရှားကို စိုက်ကြည့်နေ၏။

''ကျွန်မ မြွေကိုက်ခံရလို့ ဆေးရုံရောက်နေတယ်။ တရားရုံးကို လာခဲ့တောင် မသေချာဘူးဆိုတာမျိုး တစ်ဖက်ကိုသိအောင် လုပ်ပေးလိုက်ရင် သူတို့တယ်လိုနေမလဲ။ ဝမ်းသာသွားကြမှာပဲ။ ပြီးတော့ သူတို့ သွေးအေးသွားမယ်။ တရားရုံးကျမှ ကျွန်မ ဖြန်းခနဲပေါ်လာရင် သူတို့ဘယ်လိုနေမလဲ''

မေစံရှားစကားကြောင့် ရဲအုပ်အောင်မင်း သဘောကျစွာ တဟားဟားရယ်သည်။

''ကောင်းတယ်.. ကောင်းတယ်..။ မမေစံရှားလည်း နားလို့ရတာပေါ့။ စိတ်ဓာတ်စစ်ဆင်ရေးတစ်မျိုးလို့လည်း ဆိုနိုင်တာပေါ့။ ဟား.. ဟား.. ဟား.. ဒီအစီအစဉ်လေးက မဆိုးဘူး။ Fancy ဇာတ်လမ်းလေးပေါ့။ ဘာလဲ..။ ကိုနေသော်ဇာတ်ညွှန်းရေးတာလား''

❦ ❦ ❦ ❦ ❦

# ၁၅

ည..။

လမ်းမီးရောင်တွေရှိ၍ အမှောင်က မင်းမမှုနိုင်သော်လည်း လူကပြတ်နေ၍ လမ်းပေါ်မှာ ရှင်းနေသည်။

ကားအသွားအလာကလည်း ကျဲပါးလှသည်။

မိန်းကလေးတစ်ဦးက ပလက်ဖောင်းပေါ်မှာ ခပ်သုတ်သုတ်လျှောက်နေ၏။ အလုပ်မှအပြန် နောက်ကျ၍ အိမ်ကိုအသောဖြန်လာပုံမျိုးဖြစ်သည်။

နောက်မှ ကားတစ်စီးက အရှိန်လျှော့၍ ခပ်ဖြည်းဖြည်းလိုက်လာသည်။

မိန်းကလေးက မသိ။ သူမ၏အာရုံက သူမအိမ်ဆီသို့သာ။

ထိုစဉ်..

ကားက မိန်းကလေးဘေး လမ်းပေါ်မှာထိုးရပ်သည်။ ကားတံခါးပွင့်လာကာ လူတစ်ယောက် ကားပေါ်မှဆင်းလာသည်။ ပုံက လူမိုက်ရုပ်မျိုးဖြစ်သည်။

မိန်းကလေးက ထိုသူကို တစ်ချက်သာလှည့်ကြည့်ပြီး သူမ၏လမ်းကို သူမဆက်လျှောက်သည်။ အနည်းငယ်တော့ လန့်သွားပုံရှိသည်။

ကားပေါ်မှဆင်းလာသူက မိန်းကလေးဘေးသို့ အလျင်အမြန်ချဉ်း ကပ်လိုက်ပြီး မိန်းကလေး၏လက်ကို လှမ်းဆွဲသည်။

"အိုး.. ရှင်ဘာလုပ်တာလဲ"

"မိန်းကလေးက အလန့်တကြားပြန်အော်ကာ လက်ကိုဆောင့်ရုန်းသည်။

လူဆိုးက မိန်းကလေးလက်ကို မလွှတ်ဘဲ ကျန်လက်တစ်ဖက်က ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါတစ်ခုကို ဆွဲထုတ်ကာ မိန်းကလေး၏မျက်နှာကို အုပ်လိုက်သည်။ မိန်းကလေးက ဝူးဝူးဝါးဝါးအော်ရင်း၊ ရုန်းကန်ရင်းကပင် တဖြည်းဖြည်းအားပျော့ကာ ပျော့ကျသွားသည်။

လူဆိုးက သဘောကျစွာပြုံးလိုက်ပြီး ပျော့ခွေသွားသောမိန်းကလေးကို ပွေ့ယူလိုက်၏။ ပြီးလျှင် ကားဆီသို့ ပွေ့ခေါ်သွားသည်။

ကားအတွင်းမှ တစ်ယောက်က နောက်က ကားတံခါးကို ဖွင့်ပေးသည်။ လူဆိုးက မိန်းကလေးကို ကားပေါ်တင်လိုက်ပြီး အပြင်မှ ကားတံခါးပိတ်သည်။ ထို့နောက် ကားပေါ်ပြန်တက်ကာ ကားကို တရကြမ်းမောင်း၍ ထွက်သွားသည်။

"အင်း.. အင်း.. အင်း.."

ဦးထွေးက သမီးကလေးမာလာ၏မျက်နှာကို လှမ်းကြည့်လိုက်၏။ ရုပ်မြင်သံကြားပေါ်မှ ရုပ်ရှင်ကိုလှမ်းကြည့်နေသော မာလာကလေး၏မျက်နှာ၌ ချွေးများပြန်ကာ မျက်လုံးများက ပြူးကျယ်နေသည်။ နှုတ်မှလည်း ဗလုံးဗထွေး အသံများ ထွက်နေ၏။

"သမီးလေး.. သမီးလေး.."

ဦးထွေးက မာလာ၏ဘေးသို့ ကပ်သွားကာ လက်ကိုဆုပ်ကိုင်ရင်း မေးသည်။ အနားရှိ မလှမြင့်ကလည်း မာလာ့ဘေး၌ ကပ်၍ထိုင်လိုက်သည်။ မာလာက ရုပ်ရှင်ကို မကြည့်တော့ဘဲ မျက်နှာလွှဲကာ တအူးအူးအော်နေ၏။

မာလာ့မျက်နှာမှ ကြောက်လန့်ရိပ်က သိသိသာသာ။

"မလှမြင့်"

"ရှင်"

"ရုပ်ရှင်ပိတ်လိုက်ပါ"

"ဟုတ်ကဲ့"

မလှမြင့် ထိုင်ရာမှထသွားကာ ရုပ်မြင်သံကြားခလုတ်ကို ပိတ်သည်။





DVD ပြစက်ကို ပိတ်သည်။

"သမီးလေး"

ဦးထွေးက သမီးဖြစ်သူ၏ဘေးသို့ ပြောင်းထိုင်ပြီး မာလာ့၏ကိုယ်ကလေးကို ဖက်ထားကာ မျက်နှာကို စူးစမ်းသလို ကြည့်လိုက်၏။ မာလာက ဦးထွေး၏လက်များကို ခပ်တင်းတင်းပြန်ဆုပ်ထားသည်။

"သမီးလေး ကြောက်သွားလို့လား"

ဦးထွေးအမေး..။

မာလာက ဦးထွေးကို မော့ကြည့်သည်။ နှုတ်များမှ တအူးအူးအသံ ပေါ်လာတော့။ မျက်လုံးများကမူ ယခင်လို ကြောင်မနေတော့ဘဲ ခံစားမှု အရိပ်အယောင်များ ပါနေသည်ဟု ဦးထွေးက ထင်မိ၏။

မလှမြင့်က ဘေးမှရပ်၍ အကဲခတ်နေရာမှ..

"ကဲ.. သမီး ပြန်လဲ့မလား"

မေးသည်။

မာလာက မလှမြင့်ကို တစ်ချက်လှမ်းကြည့်၏။ ပြီးတော့ ဦးထွေးကို တစ်ချက်ပြန်မော့ကြည့်၏။ ခေါင်းတစ်ချက်ညိတ်လိုက်သည်ကို ဦးထွေးတွေ့ရသည်။

ရင်မှာ လှိုက်ခနဲခုန်ကာ ဝမ်းသာမှုလှိုင်းက ဖျတ်ခနဲလူးလွန့်သွား၏။

သမီးလေး တိုးတက်လာပြီ။

ဦးထွေးနှင့် မလှမြင့်တို့ အကြည့်ချင်းဆုံသွားကြ၏။

ထိုအခိုက်မှာ ရဲအုပ်အောင်မင်း ခုတင်နားသို့ ရောက်လာခဲ့သည်။

မလှမြင့်က မာလာကို အိပ်ရာပေါ်သို့လဲ့ချပြီး သိပ်ပေးစဉ် ဦးထွေးက နေရာမှ ထလိုက်ကာ ရဲအုပ်အောင်မင်းအား ကြိုဆိုသည်။

"ရဲအုပ်ကြီး ဘယ်ကလှည့်လာတာလဲ"

ရဲအုပ်အောင်မင်းက ပြုံး၍..

"ဒီကိုပဲလာတာ။ မာလာ့အခြေအနေ ဘယ်လိုရှိလဲ"

မေးသည်။ မာလာ့ကိုလည်း လှမ်း၍ကြည့်သည်။

"ကျွန်တော်တို့ ဆရာမလေးဒေါ်မေစံရှားရဲ့အကြံအတိုင်း ရုပ်ရှင်တွေ ပြတယ်။ ဒီနေ့ ရုပ်ရှင်ကိုကြည့်ပြီးတော့ သမီးလေး တုန်လှုပ်ချောက်ချားနေတယ်။ ရုပ်ရှင်က မိန်းကလေးတစ်ယောက်ကို မေ့ဆေးနဲ့အုပ်ပြီး ဖမ်းခေါ်သွားတဲ့ အတ်လမ်းလေ.."

"ဒါ.. ဝမ်းသာစရာပဲ ဦးလေး။ ဒါ.. သူတို့ပြန်မှပေးလာတာ။ ဒါ.. ကောင်းတဲ့လက္ခဏာပဲ"

"ဟုတ်တယ် ရဲအုပ်ကြီး။ သမီးလေးကြည့်တဲ့မျက်လုံးတွေက ကျွန်တော်တို့ကို မှတ်မိလာတဲ့သဘောတွေ တွေ့ရတယ်။ စောစောက မလှမြင့်ဝေ အိမ်ရာပေါ်ပြန်လဲမလားမေးတာကို ခေါင်းညိတ်ပြတယ်။ အရင်က ဒီလိုမဟုတ်ဘူး"

"ဒါဆိုရင်တော့ အနေးနဲ့အမြန် လုံးဝပြန်ကောင်းလာတော့မှာပဲ ဦးလေး။ ဦးလေး ဘာမှမပူနဲ့တော့"

"ဒါနဲ့ မနက်ဖြန် ကျွန်တော်တို့အမှု စစစ်တော့မယ်နော်"

"ဟုတ်တယ် ဦးလေး။ မနက်ဖြန် စပြီ။ ကျွန်တော်နဲ့ မမေစံရှားတို့ မာလာ့ကို ရုံးကိုခေါ်သွားဖို့ စိတ်ကူးကြတယ်။ မေးဖို့ပြုဖို့တော့ ရည်ရွယ်ချက် မရှိပါဘူး"

"ဆရာမလေး နေကောင်းရဲ့လား ရဲအုပ်ကြီး"

ရဲအုပ်အောင်မင်းက ဦးထွေးကို ထူးဆန်းစွာကြည့်လိုက်မိ၏။

"ကောင်းပါတယ်။ ဘာဖြစ်လို့လဲ"

"ညက ကျွန်တော့် သမီးလေးကိုစောင့်ရင်း အိပ်မက်တစ်ခုမက်တယ်။ ဆရာမလေးကို မီးတွေဝိုင်းနေတာတွေ့ရတယ်။ အဲဒါ ဆရာမလေးကို စိတ်ပူလို့ပါ"

မေတ္တာတရား၏ အသွားအပြန်သဘောကို ရဲအုပ်အောင်မင်းသဘော ပေါက်လိုက်သည်။ မေစံရှား၏ မေတ္တာတရားက ဦးထွေးတို့၏နှလုံးသားကို မေတ္တာပေါက်ပွားခဲ့စေသည်ပဲ။ ရဲအုပ်အောင်မင်း ကျေနပ်စွာပြုံးမိ၏။

မေစံရှား အန္တရာယ်ကြုံခဲ့ရကြောင်းကိုမူ အသိမပေးတာ ကောင်းပြီဟု ဆုံးဖြတ်လိုက်၏။ မူလက ပြောဖို့ရည်ရွယ်ပြီး လာခဲ့သည်မှန်သော်လည်း ဦးထွေးကို စိတ်သောကမရောက်စေချင်၍ ဆုံးဖြတ်ချက်ပြောင်းလဲလိုက်ခြင်းဖြစ်သည်။

သို့သော်..

မေစံရှား ယခုအချိန်တွင် ဆေးရုံရောက်နေလောက်ပြီ။

❦ ❦ ❦ ❦ ❦

# ၅၆

မှောင်ရိပ်ကျသော တစ်နေရာမှာ ကားနက်တစ်စီးရပ်ထားသည်။ ကားအတွင်းမီးကို ပိတ်ထားသဖြင့် ကားထဲမှာထိုင်နေသူကို အပြင်မှ ပီပီမမြင်နိုင်။ မည်သူမည်ဝါဟူ၍ မကွဲပြား။

နေရာကလည်း လူပြတ်သောနေရာ။ အချိန်က ညကာလ။

မည်သည့်အကြံနှင့် ထိုကား ရပ်နေပါသနည်း။

မည်သူ့ကို စောင့်နေသနည်း။

ကားထဲမှာ ထိုင်နေသူက သူ၏လက်ပတ်နာရီကို ငုံ့ကြည့်၏။ ညကြည့်မီးဖြင့် နာရီလက်တံများကို မြင်ရသည်။ ကိုးနာရီထိုးဖို့ ငါးမိနစ်။

သူ ရှေ့ကိုမျှော်ကြည့်နေသည်။

မကြာမီ ကားမီးရောင်တစ်ခုကို အဝေးမှ လှမ်းမြင်ရ၏။

ကားက သည်နေရာသို့ ဦးတည်၍လာသည်။ နီးလာသည်။ ပြီးတော့ လှမ်းမကမ်းမှာ ရပ်သွားသည်။ ကားမီးပိတ်သွားသည်။

ပထမရပ်ထားသောကားက ကားရှေ့မီးကို ဖွင့်လိုက်၏။ ပြီး.. ငြိမ့်ပိတ်သွား၏။ ပြီး.. ပြန်ဖွင့်၏။ ပြီးလျှင် ပြန်မှိတ်၏။ နှစ်ကြိမ်..။

ဒုတိယရောက်လာသောကားကလည်း ကားရှေ့မီးကို ပိတ်ထားဆုမှ

ဖွင့်၏။ ပြီး.. ပြန်မှိတ်သည်။ ပြီး.. ပြန်ဖွင့်၏။ ပြီးလျှင် ပြန်မှိတ်၏။ နှစ်ကြိမ်..

တစ်ခဏငြိမ်သွားသည်။

ထို့နောက် ကားနှစ်စီးစလုံးမှ ကားတံခါးများ ပွင့်လာ၏။ ကားထဲ

လူများ အသီးသီးထွက်လာကြ၏။

ရပ်စောင့်နေသောကားထဲမှ ထွက်လာသူက ယောကျ်ားတစ်ဦးဖြစ်၏

ဘောင်းဘီအနက်၊ ကုတ်အနက်နှင့်။ ညအချိန် ဦးထုပ်က ဆောင်းထားသေး

သည်။ မျက်နှာအောက်ပိုင်းကိုလည်း ပဝါဖြင့် စည်းထားသည်။ သူက လက်ဘဉ်း

စက္ကူအိတ်ကြီးတစ်အိတ်ကို ကိုင်ထားသည်။

ဒုတိယရောက်လာသောကားထဲမှ ထွက်လာသူက အမျိုးသမီးဖြစ်၏

အချိုးအဆက်ကျနလှပသော်လည်း အသက်အရွယ်ကတော့ မငယ်လှ။ သူမက

လည်း လက်မှာ အိတ်တစ်လုံးကို ဆွဲထားသည်။

သူနှင့်သူမတို့ ကားများဆီမှ ရှေ့သို့တိုးလာကြပြီး မျက်နှာချင်းဆိုင်

ရပ်လိုက်ကြသည်။ တစ်ဦးကိုတစ်ဦး ကြည့်နေသည်။

''ပစ္စည်းပါရဲ့လား''

အမျိုးသမီးက မေး၏။ အသံမှာ မာပြတ်၏။

''ပါပါတယ်။ ငွေကော''

အမျိုးသားက ပြန်မေးသည်။ အသံက သြသည်။ မပီမသဖြစ်၏

''ရော..''

အမျိုးသမီးက အိတ်ကို ကမ်းပေးသည်။ အမျိုးသားက လှမ်းယူပြီး

သူကိုင်ထားသောစက္ကူအိတ်ကို လှမ်းပေး၏။ အလဲအလှယ်မှာ တစ်ခဏနှင့်

ပြီးသွားသည်။

''နောက်ထပ်မနှောင့်ယှက်ပါနဲ့''

''စိတ်ချပါ''

လူချင်းခွဲကာ ကျောခိုင်း၍ မိမိတို့ကားရှိရာသို့ ပြန်လှည့်သွားကြသည်

ကားပေါ်သို့ အသီးသီးပြန်တက်ကာ ကားကို ဦးတည်ထားသည့်အတိုင်း ပြိုင်တူ

မောင်းထွက်ကြ၏။

ကားနှစ်စီး ဘေးချင်းယှဉ်၍ ဖြတ်သွားကြသည်။

အမျိုးသားက ဘေးကိုလှည့်မကြည့်။ ရှေ့ကိုသာ ဦးတည်၍ မောင်း

သွား၏။

အမျိုးသမီးကမူ ဘေးမှကားအဖြတ်တွင် မောင်းသူကို ငဲ့ကြည့်သည်။





ပြီးလျှင် ပြုံးလိုက်သည်။

နာကျင်ပြုံး.. ။

ကားနောက်မီးနီနီများ ကျောခိုင်းဝေးကွာသွားကြသည်။

❦ ❦ ❦ ❦ ❦

၅၇

ဆေးရုံ၏စကြီလမ်းအတိုင်း ဦးကျော်မြတ် တစ်လှမ်းချင်း ဂ္ဂနွေရွာ လှမ်းလျှောက်လာသည်။ ခြေလှမ်းမှန်မှန်၊ ခြေသံရဲရဲနှင့်..။ ရင်ကိုကော့ ခေါင်းကိုမော့လျက်..။

ပြင်ပဆေးရုံမို့ စုံစမ်းရလွယ်သည်။ ကောင်တာမှာ မေးလိုက်သည်နှင့် လူနာ၏အခန်းကို တန်း၍သိသည်။ အခန်းအမှတ် ၂၀၉..။ ဒုတိယထပ်သို့ ဓာတ်လှေကားဖြင့်တက်လာခဲ့ပြီး အခန်း ၂၀၉ ရှိရာသို့ ဦးကျော်မြတ် လျှောက်လာခြင်းဖြစ်သည်။

ဖြတ်သန်းလာရာ အခန်းနံပါတ်များကို ဦးကျော်မြတ်က မျက်လုံးဖြင့် ပင် ရွှေ့လျားကြည့်ရှုလာသည်။ ၂၀၆၊ ၂၀၇၊ ၂၀၈..။

"ဆရာကြီး..ကျွန်တော်တို့ အောင်ပြီ"

"ဘာလဲကွ"

"ရှေ့နေမ ဆေးရုံရောက်သွားပြီ"

"သေချာလား"

"သတင်းရတာပဲ။ ဆရာကြီး သွားလေ့လာကြည့်ပါ"

တပည့်ကျော် လမ်းမတော်ဖိုးတုတ်ထံမှ ရသောဖုန်းကြောင့် ဦးကျော်





မြတ်ရောက်လာခြင်းဖြစ်၏။

အခန်းအမှတ် ၂၀၉ ရှေ့မှာ ရပ်လိုက်သည်။

ထိုအချိန်တွင် အခန်းတံခါးမှန်လာ၏။ ထွက်လာသူမှာ ကိုနေသော်။

ဦးကျော်မြတ်ကိုမြင်သည်နှင့် ကိုနေသော်၏မျက်နှာ နီရဲသွားသည်။

"ခင်ဗျား ဘာလာလုပ်တာလဲ"

ဒေါသသံဖြင့် တုန်ခတ်နေသောအမေး။

ယင်းနှင့်ဆန့်ကျင်စွာ ဦးကျော်မြတ်က အပြုံးဖြင့်ကြည့်သည်။

"ကျုပ်မိတ်ဆွေ ရှေ့နေမလေး ဆေးရုံတက်ရတယ် သတင်းကြားလို့ လာမေးတာပါ။ ရုတ်တရက်ထွက်လာရလို့ ပန်းစည်းတွေ၊ ပန်းသီးတွေ ဝယ်မလာနိုင်တာ ခွင့်လွှတ်ပါ။ ဘာဖြစ်လို့ ဆေးရုံတက်ရတာလဲ။ အခြေအနေကရော ဘယ်လိုလဲ"

"မလိုပါဘူး။ ခင်ဗျားလာကြည့်ဖို့ မလိုသလို ခင်ဗျားသတင်းမေးဖို့လည်း မလိုဘူးထင်ပါတယ်"

"ဒီလောက်ကြီး စိမ်းကားရင့်သီးတဲ့စကားတွေ မပြောပါနဲ့ မောင်ရင်ရယ်။ အလုပ်ကတခြား၊ လူမှုဆက်ဆံရေးက တခြားလေ။ လူလူချင်း မေတ္တာထားပြီး ဆက်ဆံရမှာပဲ မဟုတ်လား"

ကိုနေသော် ပြုံး၏။ မဲ့ပြုံး..။

"သူတော်ကောင်းဆီက သူတော်ကောင်းစကားကို ကြားရတာ ကျက်သရေလည်းရှိ၊ စိတ်ချမ်းသာစရာလည်း ကောင်းပါတယ်။ အနှစ်သာရရှိပြီး အင်မတန်မြင့်မြတ်တဲ့ စကားလုံးတွေကို တရားမရှိတဲ့သူတွေဆီက ကြားရတာ နှမြောဖို့ကောင်းတယ်။ အကောင်းဆုံးအကြံပေးချင်တာကတော့ ခင်ဗျား ဒီကနေ လှည့်ပြန်ဖို့ပါပဲ"

"အထဲကို ဝင်ပြီးကြည့်ခွင့် မပေးတော့ဘူးလား မောင်ရင်။ ကျုပ်မိတ်ဆွေရဲ့မျက်နှာလေးကို ကြည့်ပြီး အားပေးချင်လို့ပါ"

"ဆရာဝန်ကြီးက တခြားဘယ်သူနဲ့မှ တွေ့ခွင့်မပြုဘူး။ ဆရာဝန်ကြီး ခွင့်ပြုရင်တောင် ကျွန်တော်က ခွင့်မပြုနိုင်ဘူး"

"ဝမ်းနည်းစရာပါပဲလား"

"ဦးကျော်မြတ်က ကျေနပ်ခြင်းကို ဖုံးကွယ်မရသောမျက်နှာဖြင့် အခန်းတံခါးမှန်ချပ်ကိုဖြတ်ကာ အတွင်းကိုကြည့်သည်။

"အိုး..ဆေးပိုက်တွေ တန်းလန်းနဲ့ပါလား။ အသက်အန္တရာယ် စိုးရိမ်

ရလား''

''ဘာမှ စိုးရိမ်စရာမရှိပါဘူး။ မေစံရွာဟာ မသမာသူတွေရဲ့လက်ချက်နဲ့ ဘယ်တော့မှ မသေနိုင်ဘူး။ သူ့ကို သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ စောင့်ရှောက်ပေးနေတယ်''

''စိတ်မကောင်းပါဘူး။ ဒါဆို မနက်ဖြန် တရားရုံးကို လာနိုင်ပါ့မလား၊ ကျုပ်က တရားရုံးမှာ သူ့ကို တွေ့ဖို့ စောင့်နေမှာ''

''မစိုးရိမ်ပါနဲ့။ သူအရောက်လာမှာပါ''

''ကောင်းပါလေ့ကွယ်။ လာနိုင်အောင် ကြိုးစားပါ။ လာနိုင်ပါစေလို့ ကျုပ်ဆုတောင်းပါတယ်။ ကဲ.. ကျုပ်ကို ပြန်ခွင့်ပြုပါဦး''

''ပြန်သင့်တာ ကြာပါပြီ''

ဦးကျော်မြတ်က အပြုံးတဝင့်ဝင့်ဖြင့် ကိုနေသော်ကိုကြည့်ပြီး ပြန်ရန် လှည့်လိုက်၏။ ပြီးမှ ခြေလှမ်းမရွေ့သေးဘဲ ခေါင်းပြန်ငဲ့ကာ..

''တစ်ခုတော့ ပြောချင်တယ်''

ဟု ပြောသည်။

ကိုနေသော် ဘာမှပြန်မပြောဘဲ စိမ်းစိမ်းစူးစူးကြည့်နေ၏။

''ကျုပ်ကိုယှဉ်ပြိုင်တဲ့သူတွေဟာ ဘာကြောင့်မှန်း မသိဘူး။ ကံမကောင်းခြင်းတစ်ခုခုကို လက်ဆောင်ရသွားတတ်ကြတယ် မောင်ရင်။ အဲ့ကြောင့် ကျုပ် သူ့ကို မေတ္တာနဲ့ပြောခဲ့တာ။ ဒုက္ခကိုမလို၊ သုခကိုလိုချင်ရင် ကျုပ်ကိုရင်ဆိုင်ဖို့ မကြိုးစားပါနဲ့လို့။ သူကမှ နားမထောင်တာပဲ။ အင်းလေ.. ဖြစ်ပြီးမှတော့ စိတ်မကောင်းရုံကလွဲပြီး ဘာရှိတော့မှာလဲ။ သွားပြီ မောင်ရင်''

ဦးကျော်မြတ် အလာတုန်းကလိုပင် ခြေလှမ်းမှန်မှန်ဖြင့် ပြန်ထွက်သွားသည်။

ကိုနေသော်က အခန်းတွင်းမဝင်သေးဘဲ ရပ်ကျန်ခဲ့၏။

ဆေးရုံပေါ်မှဆင်းပြီး ကားဆီသို့ပြန်ရောက်သည်နှင့် ဦးကျော်မြတ်က သူ့ဖုန်းကို ဖွင့်သည်။

''ဟဲလို.. ရှေ့နေကြီး''

''.....''

''ဘာမှမစိုးရိမ်နဲ့တော့..။ ခင်ဗျားပြိုင်ဘက်ကြီး ကြိုးပိုင်းထဲမရောက်နိုင်တော့ဘူး။ ဆေးရုံပေါ်မှာ မျောမျော့ပဲ''

''.....''





''မနက်ဖြန် တရားရုံးကျမှ တွေ့မယ်။ ရှေ့နေကြီး တစ်ဖက်သတ်ထိုးပြင်ဆင်ထားပေတော့''

ဖုန်းကိုပိတ်ကာ ကားထဲသို့ဝင်သည်။ ပြီးလျှင် ကားကလေးကို အရှိန်အဝါးမောင်းထွက်သွားသည်။

ဆေးရုံဒုတိယထပ် မှန်ပြတင်းမှ ရပ်ကြည့်နေသော ကိုနေသော်ကို ဂရုမစိုက်မြတ်မြင်မသွား..။

❦ ❦ ❦ ❦ ❦

ဟု ခပ်တိုးတိုးပြောသည်။

"သူတို့ဘက်က ခုထိ ဘယ်သူမှရောက်မလာသေးဘူးနော်"

ဒေါ်ခင်ခင်ကြီးက အခန်းဝသို့လှမ်းကြည့်ရင်း ပြောဇာ။

ဦးကျော်မြတ် ပြုံးလိုက်သည်။

"ခင်ခင်.. မင်းယောကျ်ားအကြောင်း သိတယ်မဟုတ်လား။ ဘယ်နှစ်ကလဲပြုတာ ကြုံခဲ့ရဖူးလို့လဲ။ ဒီနေ့ တရားလိုကောင်မလေးကလည်း သေနိုင်၊ တရားလိုအကျိုးဆောင်ရွေ့နေမလေးလည်း မလာနိုင်ဆိုတော့ ပွဲကဆစ်ဇက်သတ်ကြီးကို ဖြစ်နေမှာ"

"ရွှေနေမလေးက မလာနိုင်ဘူးတဲ့လား။ အစ်ကိုကြီး ဘယ်လိုသိလဲ"

"ခင်ခင်ကို မပြောဖြစ်သေးလို့ပါ။ ရွှေနေမလေး ဆေးရုံရောက်နေတယ်လေ။ မြွေကိုက်ခံရလို့"

"ဟင်.. ဟုတ်လား"

"သေမလား၊ ရှင်မလား တစ်ခုခုပဲ။ နောက်ဆုံး မသေဘူးဆိုရင်ကောင် တရားခွင်လာပြီး အစ်ကိုကြီးမျက်နှာကိုကြည့်ဖို့ သူမတဲ့တော့ပါဘူးကွာ။ ဟင်း.. ဟင်း.. မှတ်သွားလောက်ပါပြီ.. မှတ်သွားလောက်ပါပြီလေ"

ရွှေနေကြီးဦးမင်းထွေးနောင်က အကျိုးဆောင်ခံမှု လှမ်းကြည့်သဖြင့် ဦးကျော်မြတ်က ပြုံးပြလိုက်သည်။ ထိုအပြုံး၊ ထိုအကြည့်တွေမှာ အဓိပ္ပာယ်များစွာပါဝင်သည်။ အောင်နိုင်သူများ၏ ပီတိရိပ်များ.. ။ ကျေနပ်မှုများ.. ။

တရားရုံးဝန်ထမ်းများပင် တရားခွင်များရှိရာသို့ စင်လာကြပြီ။ မကြာမီ တရားသူကြီး ကြွရောက်လာတော့မည်။

ဦးကျော်မြတ် နာရီကိုငုံ့ကြည့်ရင်း ဝင်းဝင်းပပ ထပ်မံပြုံးနေမိဇာ။

ထိုအချိန်မှာပင်..

တရားခွင်တွင်းသို့ လူသုံးယောက်ဝင်လာဇာ။

ဦးထွေး၊ မလှမြင့်နှင့် မာလာ.. ။

"ဟင်.. "

ဦးကျော်မြတ်ရော၊ ဒေါ်ခင်ခင်ကြီးပါ အံ့အားသင့်သွားဇာ။ ရဲကောင်းမြတ်မျက်လုံးတွေ အထိတ်တလန့် ပြူးကျယ်သွားဇာ။ ဦးမင်းထွေးနောင်ပင်လျှင် ယုံကြည်ရခိုင်းကို မဖုံးဖိနိုင်။

ဦးထွေးနှင့်မလှမြင့်က မာလာကလေးကို တစ်ဖက်စီမှတွဲကာ ထိုင်ခုံများရှိရာသို့ ခေါ်လာသည်။ မာလာကလေး၏မျက်နှာမှာမူ ခံစားမှုကင်းမဲ့နေဆဲ





တိုင်းတရားရုံး.. ။

အမှုစစ်မည့်အချိန်က နီးကပ်နေပြီဖြစ်ဇာ။

တရားခွင်သို့ ဦးကျော်မြတ်နှင့် ဇနီးဖြစ်သူဒေါ်ခင်ခင်ကြီး ရောက်ရှိပြီး၊ တရားခံအဖြစ် ရင်ဆိုင်စစ်ဆေးခံရမည့် ရဲကောင်းမြတ်သည်လည်း ခဏနှင့်အတူ ရောက်ရှိနေပြီ။ တရားလိုပြဿနာသေဖြစ်သော သူရ ကိုတင့်အမသန်းမူတို့လည်း ရောက်ရှိနေပြီ။ တရားခံအကျိုးဆောင်အဖြစ် လိုက်ပါဆောင်ရွက်မည့် ရွှေနေကြီးဦးမင်းထွေးနောင်သည်လည်း ရောက်ရှိနေခဲ့ပြီ။

တရားခွင်သို့ ရောက်ရှိမလာကြသေးသူများမှာ ဦးထွေးနှင့် တရားဖြစ်သည့် မာလား ပြီးတော့ တရားလိုအကျိုးဆောင်အဖြစ် ဆောင်ရွက်မည့် ရွှေနေမလေး မေစံရွှား။

ရဲကောင်းမြတ်က တရားခံထိုင်ခုံတွင် ထိုင်နေရသော်လည်း မူးမေ့ခြင်းက မာမာတင်းတင်းရှိနေဇာ။ ဘာကိုမျှအမှုမထားသည့်သဘောနှာန်က အံ့သားပေါ်နေဇာ။

ဦးကျော်မြတ်က ဇနီးသည်၏မျက်နှာကို ငဲ့ကြည့်ပြီး..

"ဘာမှမပူပါနဲ့ ခင်ခင်"

ပင်ဖြစ်သည်ဟု ဆိုရမည်။ အရပ်ကလေးတစ်ရပ်ပမာသာ ဖခင်တို့နေရာခေး
သောနေရာ၌ ဝင်ထိုင်ရှာ၏။ မျက်လုံးကလေးတွေ ကြောင်တောင်တောင်နှင့်...

''အစ်ကိုကြီး.. ဟိုကောင်မလေး..''

ဒေါ်ခင်ခင်ကြီးက တုန်ယင်သောအသံနှင့် ဦးကျော်မြတ်အား ကမ်း
ပြော၏။

''အသာနေပါ..။ သူက ဘာမှအရေးမပါပါဘူး။ သူမှ ဘာမှမခြောက်
နိုင်တာ''

ဦးကျော်မြတ်က ကွန်ဖြေမပျက် ဟန့်တားလိုက်သည်။

တရားခွင်စဖို့ အချိန်ရောက်ပြီ။

ဦးမင်းထွေးနောင်ကလည်း နာရီကိုကြည့်ပြီး မိန့်မိန့်ထည်ထည်ကြီး
ပြီးလိုက်သည်။

သို့သော်..

''ဟာ..''

တံခါးဝ၌ ပေါ်လာသောလူတစ်ယောက်။

သူကား ရှေ့နေမလေးမေစံရှား၏ချစ်သူ ကိုနေသော်ဖြစ်၏။

ပြီးနောက်..

ကိုနေသော်နောက်မှ ပေါ်ထွက်လာသူကား မာလာ၏အကျိုးဆောင်
အဖြစ် လိုက်ပါဆောင်ရွက်ရန် တာဝန်ယူထားသော ရှေ့နေမလေးမေစံရှား...။

❦ ❦ ❦ ❦

ဦးကျော်မြတ် အသက်ရှူရပ်သလို ဖြစ်သွား၏။ ဒါ.. ဘယ်လိုဖြစ်ထား
လဲ။ မနေ့ကပင် ဆေးရုံပေါ်မှာ ပိုက်တွေတန်းလန်းနှင့်..။ ယခု တရားခွင်
ဝင်ရောက်လာပုံက သူမ၏ရှိမြဲပုံစံအတိုင်း ကွန်ဖြေရရ၊ တည်တည်ငြိမ်ငြိမ်
ကြည့်ကြည့်သန့်သန့်၊ ခန့်ခန့်ထည်ထည်။

မျက်လုံးဝိုင်းကြီးများဖြင့်ကြည့်ပြီး ပါးစပ်အဟောင်းသားဖြစ်နေသော





ကျော်မြတ်အား ဒေါ်ခင်ခင်ကြီးက..

''ဟို.. ဟိုမှာ.. ရှေ့.. ရှေ့နေမလေးမဟုတ်လား''

ဟု သရဲတစ္ဆေကို မြင်လိုက်ရသလို ချောက်ချောက်ချားချား ကပ်၍
မြာလိုက်သကဲ့သို့ အကျိုးဆောင်ခံမှ ရှေ့နေဦးမင်းထွေးနောင်ကလည်း နား
သည်နှိုင်စွာ၊ အံ့သြတုန်လှုပ်စွာသော မျက်လုံးများဖြင့် မေစံရှားကိုကြည့်နေ
မှ ဦးကျော်မြတ်ကို 'ဘယ်လိုဖြစ်တာလဲ' ဟူသောအကြည့်ဖြင့် လှမ်းကြည့်၏။

ရဲကောင်းမြတ်သည်လည်း ကြက်သေသေကာ တင်းမာသောအမူ
အရာ၊ ဂရုမထားသောဟန်များ ရုတ်ခြည်းပျောက်ကွယ်လျက် ဂနာမငြိမ်မျက်
ဝန်းများဖြင့် ဖခင်ကို လှမ်းကြည့်ရှာ၏။

ကိုနေသော်က ပြုံးရိပ်ပြုံးယောင်မျက်နှာဖြင့် သူတို့အားကြည့်နေသူ
များကို အမှုမထားဟန် တည်ငြိမ်ရဲဝံ့စွာ မာလာတို့ထိုင်နေရာ ထိုင်ခုံများရှိရာ
သို့ လှမ်းဝင်လာသလို မေစံရှားသည်လည်း ရဲဝံ့သော၊ တည်ငြိမ်သော ခြေလှမ်း
များဖြင့် အကျိုးဆောင်ထိုင်ခုံရှိရာသို့ လျှောက်လှမ်းသွားသည်။ သူမ၏မျက်နှာ
သည် ဖြူစင်ရိုးသားမှုဖြင့် ကြည်လင်နေသလို ဖော်ရွေ၍ မာန်မာနကင်းသော
အပြုံးဖြင့် ချိုမြနေ၏။ တောက်ပစူးရှသော မျက်လုံးများမှာ ရွှေ့လျားကစားခြင်း
မပြုဘဲ သူမ၏အလုပ်တွင်သာ အာရုံနှစ်ထားသလိုရှိနေ၏။ ထိုင်ခုံတွင် ဝင်ထိုင်
လိုက်သည်မှာပင် ကွန်ဖြေသိက္ခာရှိစွာဖြင့်..။

ထိုအခိုက်အတန့်ကလေးတွင်..

တရားသူကြီးဦးဒီပါသည် ကေသရာဇာခြင်္သေ့မင်းကဲ့သို့ ရဲဝံ့တည်
ကြည်ခြင်းဟန်ပန်ဖြင့် အခန်းတွင်းသို့ ဝင်ရောက်လာလေသည်။

တရားခွင်ရှိ လူအားလုံး တရားသူကြီးအား မတ်တတ်ရပ်၍ အရို
အသေပေးလိုက်ကြသည်။

❦ ❦ ❦ ❦ ❦

''လေးစားရပါသော တရားသူကြီးမင်းရှင့်..။

တရားခွင်မှာ ရောက်ရှိနေတဲ့ တရားလိုဖြစ်သူ မိန်းကလေးမာလာဟာ
ဘရားခံဖြစ်သူရဲ့ လက်ချက်နဲ့ အသိတရားကင်းမဲ့တဲ့အနေအထားကို ရောက်ရှိ
နေတာကို တရားသူကြီးမင်းနဲ့တကွ အားလုံးသောပရိသတ်များအမြင်ပဲဖြစ်ပါ

တယ်။ သူမဟာ ပြစ်မှုကျူးလွန်သူတရားခံကို ကိုယ်တိုင်မြင်တွေ့ခဲ့သူဖြစ်ပါလို့ တရားခံဖြစ်သူရဲ့ ကြိမ်ဖန်များစွာထုရိုက်ခံခဲ့ရမှုကြောင့် ဦးနှောက်မှတ်ဉာဏ်များ ချို့တဲ့ခဲ့ရရှာပြီး အာရုံကြောထိခိုက်မှုကြောင့် ခန္ဓာကိုယ်ပါ လှုပ်ရှားမှုမသန်မစွမ်း ဖြစ်ခဲ့ရပါတယ်။ ဒါကို ဆရာဝန်ကြီးရဲ့ဆေးစာမှာလည်း ဖော်ပြထားပြီး အဲဒီဆေးစာကိုလည်း တရားရုံးကို တင်သွင်းထားခဲ့ပြီးဖြစ်ပါတယ်။

ဒါကြောင့် တရားလိုမိန်းကလေးကို မေးမြန်းခွင့်မပြုဘဲ တရားလိုသက်သေများကိုသာ မေးမြန်းခွင့်ပြုပါရန် လေးစားစွာပန်ကြားလျှောက်ထားအပ်ပါတယ်''

မေစံရှား၏အသံက တရားခွင်အတွင်း ပီသကြည်မြ ရှင်းလင်းပြတ်သားစွာ ပေါ်ထွက်လာသည်။

❦ ❦ ❦ ❦ ❦

''အခင်းဖြစ်ပွားခဲ့တဲ့ (၈.၈.၂၀၀၇) ရက်နေ့ည‌နေက မောင်သူရ အလုပ်လုပ်တဲ့ ယမုံစားသောက်ဆိုင်ကို ဟောဟိုမှာထိုင်နေတဲ့ မောင်ရဲကောင်မြတ်နဲ့ သူငယ်ချင်းတစ်ယောက် လာရောက်ပြီးစားသောက်ကြတယ်ဆိုတာ မှန်ပါသလား''

''မှန်ပါတယ်''

''မောင်သူရက မောင်ရဲကောင်းမြတ်တို့စားသောက်တဲ့စားပွဲကို စာရွက်ထိုးပေးရတယ်ဆိုတာ မှန်ပါသလား''

''မှန်ပါတယ်''

''မောင်သူရက် မောင်ရဲကောင်းမြတ်နဲ့ သူ့သူငယ်ချင်းကို စားပွဲထိုးပေးရတာဆိုတော့ မောင်ရဲကောင်းမြတ်ရဲ့သူငယ်ချင်းကိုလည်း သေသေချာချာတွေ့လိုက်မိမှာပေါ့နော်။ အဲဒီသူငယ်ချင်းဟာ ဟောဒီဓာတ်ပုံပိုင်ရှင်မဟုတ်လား''

မေစံရှားက ဓာတ်ပုံတစ်ပုံကို မောင်သူရအား ထုတ်ပြသည်။ မောင်သူရက အသေအချာကြည့်သည်။





''ဟုတ်ပါတယ်''

''သူ့နာမည်က မောင်သောင်းထိုက်လို့ ခေါ်ပါတယ်။ အဲဒီမောင်သောင်းထိုက်နဲ့ ရဲကောင်းမြတ်ဟာ စားရင်းသောက်ရင်း မိန်းကလေးတစ်ယောက်အကြောင်း ပြောခဲ့ဆိုခဲ့ကြတယ်။ အဲဒါကို စားပွဲထိုးရင်း မော်ငသူရက်ကြားခဲ့တယ်။ 'ဒီညသူ့ကျူရှင်အပြန်မှာ ငါ့လက်ခုပ်ထဲကရေဖြစ်အောင်ညှစ်ပြမယ်' လို့ ရဲကောင်းမြတ်က ပြောခဲ့တာကို မောင်သူရကြားခဲ့တယ်မဟုတ်လား''

''ကျွန်ုပ် . . ကျွန်တော် သေသေချာချာမကြားပါဘူး''

''မောင်သူရ . . ကျွန်မကိုကြည့်ပြီး သေသေချာချာ၊ ရဲရဲဝံ့ဝံ့ပြောပါ။ ဘာကြောင့် ကျွန်မကို တည့်တည့်မကြည့်ရဲတာလဲ။ ကျွန်မက မောင်သူရကို ဘာမှအန္တရာယ်မပေးပါဘူး''

''ဟုတ်ကဲ့''

''မောင်သောင်းထိုက်က ရဲကောင်းမြတ်ကို 'မင်း သူ့ကို မရနိုင်ပါဘူး။ သူက ကွန်ဖြေသိက္ခာရှိတယ်ကွ' လို့ ပြောတဲ့အခါမှာ ရဲကောင်းမြတ်က 'ဟော့ကောင် . . သောက်မှာသာသောက်။ ပြီးရင် ငါနဲ့လိုက်ခဲ့။ မင်း ငါ့ကို ဆရာတင်ဘွားရမယ်။ ငါ စီစဉ်ပြီးသား။ ဒီညပွဲသိမ်းပဲ' လို့ ပြန်ပြောတယ်မဟုတ်လား''

''ကျွန်ုပ် . . ကျွန်တော် မကြားမိပါဘူး''

''မောင်သူရ . . ကျယ်ကျယ်ဖြေပေးပါ။ မကြားရင် မကြားဘူးဆိုတာ တရားရုံးမှာ အမှန်အတိုင်းပြောနိုင်ပါတယ်။ ဘာလဲ . . ။ တရားသူကြီးမင်းကို ကြောက်နေလို့လား''

''မ . . မဟုတ်ပါဘူး''

''ဒါဖြင့် . . ကျွန်မကို ကြောက်လို့လား။ ဒါမှမဟုတ် တခြား ကြောက်စရာရှိနေလို့လား''

ဦးမင်းထွေးနောင် ထိုင်ရာမှ ဆတ်ခနဲထသည်။

''ကန့်ကွက်ပါတယ်။ အကျိုးဆောင်က အမှုနဲ့မဆိုင်တာတွေ ပြောနေ၊ မေးနေပါတယ်''

''ကျွန်မက တရားရုံးအတွေ့အကြုံမရှိလို့ ကြောက်ရွံ့နေပုံရတဲ့ မောင်သူရကို အားပေးနေတာပါ။ ခြိမ်းခြောက်နေတာ မဟုတ်ပါဘူး။ ပြီးတော့ သူက ကျွန်မတို့ရဲ့ တရားလိုပြသက်သေပါ''

တရားသူကြီး ဦးဒီပါက . .

"ဆက်မေးပါ"

ဟု ခွင့်ပြုသည်။ ဦးမင်းထွေးနောင် ပြန်ထိုင်သွားသည်။

မေစံရှားက ပြုံး၍..

"ရဲကောင်းမြတ်နဲ့ မောင်သောင်းထိုက်တို့ စားသောက်ပြီး အတူတူ ထွက်သွားကြတယ်ဆိုတာ မှန်ပါသလား"

"မှန်ပါတယ်"

"စားသောက်ဆိုင်ထဲက အတူတူထွက်ပြီး ရဲကောင်းမြတ်ရဲ့ကာနဲ့ အတူတူထွက်သွားကြတာနော်"

"ဟုတ်ပါတယ်"

"ဘယ်အချိန်လောက်ရှိမလဲ မောင်သူရ"

"မိုးမချုပ်ခင်လေးပါ"

"ငါးနာရီခွဲလောက် ဖြစ်မှာပေါ့"

"အဲဒီအချိန်လောက် ဖြစ်မှာပါ"

"ကျေးဇူးတင်ပါတယ်"

❦ ❦ ❦ ❦ ❦

"(..၊..၊၂၀၀၇) အင်္ဂါနေ့ညနေက မသန်းမူဟာ ခါတိုင်းလိုမဟုတ်ဘဲ မိုးချုပ်စမှာ ဆိုင်သိမ်းတယ်ဆိုတာ ဟုတ်ပါသလား"

"ဟုတ်ပါတယ်ရှင်။ ခါတိုင်းက ကိုးနာရီကျော်ကျော်မှ ဆိုင်သိမ်းတာပါ။ အဲဒီညကတော့ ကျွန်မယောကျ်ား ဖျားနေတာနဲ့ ဆိုင်စောစောသိမ်းတာပါ"

"ဘယ်အချိန်လောက် ရှိမလဲ"

"အတိအကျတော့ မသိဘူးရှင့်။ ငါးနာရီခွဲလောက် ရှိမယ်ထင်တယ်"

"အဲဒီလို ဆိုင်သိမ်းပြီး ပြန်တော့ မိုးစုပ်စုပ်မချုပ်သေးဘဲ မှောင်ရီပျိုးစမှာပဲ ဖြစ်မှာပေါ့နော်။ အဲဒါဆိုတော့ ခပ်လှမ်းလှမ်းကို လှမ်းပြီး သဲသဲကွဲကွဲ မြင်နိုင်လောက်တာပေါ့။ ကြည့်ရတာ မသန်းမူက မျက်လုံးကောင်းပုံပါပဲ





နေ်တယ်နော်"

"ဟုတ်ကဲ့.. ကောင်းပါတယ်"

"လမ်းကြားလေးထဲရောက်ချိန်မှာ မသန်းမူဟာ ပါဂျဲရိုးမီးခိုးရောင်ကားတစ်စီး ရပ်ထားတာကို တွေ့တယ်မဟုတ်လား"

"ကားတော့ ကားပဲ။ ဘာကားလဲ ကျွန်မ မသိဘူးရှင့်"

"ကားအမျိုးအစားမသိဘူးလား။ ဖြစ်နိုင်ပါတယ်။ ဒါဖြင့် မသန်းမူကြည့်ပါဦး။ ကားပုံစံက ဟောဒီလိုပုံမျိုး မဟုတ်လား"

မေစံရှားက မဂ္ဂဇင်းတစ်အုပ်ထဲက ကားပုံကို ထောင်ပြသည်။

"အဲဒါမျိုး ဟုတ်ပါတယ်"

"ဒါ.. ပါဂျဲရိုးပါ မသန်းမူ။ ဒါဆို မသန်းမူတွေ့တာ ပါဂျဲရိုးကားပေါ့နော်..။ အရောင်က မီးခိုးရောင်မဟုတ်လား"

"အဲ.. အပြာထင်တယ်ရှင့်"

"ထင်တယ်ဆိုတာ မသေချာတဲ့သဘောပဲ။ အပြာ မသေချာတဲ့သဘောပဲ။ ဒါဟာ မီးခိုးရောင်လည်းဖြစ်နိုင်တယ်ဆိုတဲ့ သဘောပေါ့နော်"

ရှေ့နေကြီးဦးမင်းထွေးနောင် ထိုင်ရာမှ ထသည်။

"လမ်းကြောင်းပေးပြီး လိုရာအတင်းဆွဲမေးတဲ့ မေးခွန်းမျိုးမို့ ကန့်ကွက်ပါတယ်"

"ကျွန်မ ဆွဲမမေးပါဘူးရှင်။ အဖြေသဲကွဲအောင် မေးရတာပါ"

တရားသူကြီး ဦးဒီပါက..

"မေးပါ"

ဟု ခွင့်ပြုသည်။

ဦးမင်းထွေးနောင် မကျေမချမ်း ပြန်ထိုင်သွား၏။

"အဲဒီကားနားမှာ ရပ်နေတဲ့ကောင်လေးက အိမ်ပြန်လာတဲ့ မိန်းကလေးတစ်ယောက်ကို လက်ကိုင်ပဝါနဲ့ ပါးစပ်ပိတ်ပြီး ကားပေါ်ကို အတင်းဆွဲတင်သွားတာကို မသန်းမူတွေ့လိုက်တယ်ဆိုတာ မှန်ပါသလား"

"မှန်ပါတယ်"

"အဲဒီမိန်းကလေးက ဟောဟိုမှာထိုင်နေတဲ့ မိန်းကလေးမဟုတ်လား"

မသန်းမူက မာလာ့ကို လှမ်းကြည့်သည်။

"ဟုတ်ပါတယ်"

"အဲဒီမိန်းကလေးက မတရားပြုကျင့်ခံရပြီးနောက် နှုတ်ပိတ်ထဲ့အနေနဲ့ ခေါင်းကို ပြင်းစွာထုရိုက်ပြီး သတ်တာကို ခံခဲ့ရပါတယ်။ ကံသီတို့သေရွာက ပြန်လာခဲ့ရတာပါ။ ဒါပေမဲ့ မှတ်ဉာဏ်တွေချွတ်ယွင်း၊ နှုတ်တွေဆွံ့အခန္ဓာကိုယ်မသန်မစွမ်း ဖြစ်ခဲ့ရပါတယ်။ ဒါကို မသန်းမူ မိန်းကလေးချင်းကိုယ်ချင်းစာမိမှာပေါ့နော်။ မသန်းမူသာ အဲဒီလိုဖြစ်ခဲ့ရင် ဘယ်လိုခံစားရမလဲ"

"ကျွန်မ မပြောတတ်ပါဘူး"

မသန်းမူအသံ လေးလံသွား၏။

"ထားပါ..။ ကျွန်မဆက်မေးပါရစေ။ အဲဒီမိန်းကလေး မာလာတို့အမေ့ ကားပေါ်ဆွဲတင်သွားသူဟာ ဟောဟိုက တရားခံထိုင်ခုံမှာ ထိုင်နေတဲ့သူ မဟုတ်လား"

မသန်းမူအကြည့်များ ရဲကောင်းမြတ်ထံ ရွှေ့သွားသည်။ ရဲကောင်းမြတ်က မသန်းမူကို မကြည့်။

"ဟင့်အင်း.. မဟုတ်ပါဘူး"

"သူမဟုတ်ဘူး.. ဟုတ်လား။ မသန်းမူ မမှတ်မိလို့လား"

"မှတ်မိပါတယ်"

"ဒါဖြင့်.. သူပေါ့"

"ဟင့်အင်း.. သူမဟုတ်ဘူးပြောတာ"

"မာလာ့ကို သဲသဲကွဲကွဲမြင်ရပြီး မှတ်မိသလို မာလာ့ကို အမေ့ ကားပေါ်ဆွဲတင်သူကိုလည်း မသန်းမူ သေချာမြင်လိုက်မှာပါ။ သေသေချာချာ ကြည့်ပေးပါ။ မသန်းမူရဲ့အဖြေဟာ အမှန်တရားအတွက် သိပ်ကိုအရေးကြီးပါတယ်"

မသန်းမူက ခေါင်းငုံ့ပြီး..

"သူမဟုတ်ပါဘူး"

ခပ်တိုးတိုးဖြေသည်။

"ခေါင်းမော့ပြီး ကျယ်ကျယ်ဖြေပေးပါ မသန်းမူ။ တရားသူကြီးက မသန်းမူရဲ့မျက်နှာကို မြင်ရအောင်ရယ်၊ မသန်းမူရဲ့စကားကို ပီပီသသကြားရအောင်ရယ်ပါ။ ဘာမှကြောက်စရာမရှိပါဘူး။ ကျွန်မတို့က မသန်းမူကို အမှန်မဖြေဘူးလို့ဆိုပြီး အန္တရာယ်ပေးမှာ မဟုတ်ပါဘူး။ မကြောက်ပါနဲ့"

"အကျိုးဆောင်က သက်သေကိုမေးတဲ့မေးခွန်းဟာ တရားရုံးကို ထင်ယောင်ထင်မှားဖြစ်အောင် လုပ်နေသလိုမျိုး ဖြစ်နေပါတယ်။ ကန့်ကွက်





ပါတယ်"

"မဟုတ်ပါဘူး။ မသန်းမူက ရိုးသားနုံအတဲ့သဘောနဲ့ ကြောက်နေ ပုန်ရှိလို့ ကျွန်မက အားပေးတာပါ"

တရားသူကြီး ဦးဒီပါက..

"အခုမေးနေတဲ့ မေးခွန်းတွေမှာ ရုံးတော်အနေနဲ့ ထင်ယောင်ထင်မှားဖြစ်စရာ မပါပါဘူး။ မေးပါ"

ဟု ခွင့်ပြုသည်။

❦ ❦ ❦ ❦ ❦

"အဲဒီညက ကိုတင်ဦးအိမ်ပြန်လာတော့ လမ်းမှာ ကားတစ်စီးနဲ့ ရင်ဆိုင်တိုးခဲ့တယ်နော်"

"ဟုတ်ပါတယ်"

"အဲဒီကားမောင်းလာသူက လမ်းပေါ်မှာ ကိုးရိုးကားရားလျှောက်လာတဲ့ ကိုတင်ဦးကို သေချင်လို့လားလို့ ဆဲသွားတယ်နော်"

"ကျွန်တော်ကတော့ တောင်းပန်သွားတယ်လို့ ထင်တာပါပဲ"

"ထားပါ..။ ဆဲတာပဲဖြစ်ဖြစ်၊ တောင်းပန်တာပဲဖြစ်ဖြစ်..။ အဲဒီသူကို ကိုတင်ဦးမြင်လိုက်တာတော့ သေချာတာပေါ့နော်"

"သေချာတာပေါ့"

"အဲဒီကားမောင်းသူဟာ ဟောဟိုက တရားခံထိုင်ခုံမှာ ထိုင်နေတဲ့သူ မဟုတ်လား"

ကိုတင်ဦးက ကြည့်သည်ဆိုရုံမျှ လှမ်းကြည့်ပြီး..

"မဟုတ်ပါဘူး"

ဟု ဖြေသည်။ မေစံရှားက ပြုံး၍ ခေါင်းညိတ်သည်။

"ကိုတင်ဦးရဲ့အဖြေဟာ အမှုမှန်ပေါ်ဖို့ အဓိကကျနေပါတယ်။ အဖြေတစ်ခုကို လေးလေးနက်နက်ပေးစေချင်ပါတယ်။ ဒီအဖြေပေးဖို့ ကြိုတင်သတ်

မှတ်ထားသလိုမျိုးနဲ့ ပြနေတဲ့သူကို သေသေချာချာမကြည့်တဲ့နဲ့ မဟုတ်ပါဘူး။ ဖြေလိုက်တာကို ကျွန်မအံ့သြမိပါတယ်။ ထားပါလေ။ ကားကို ဘာကားလဲဆို မေးရင်လည်း နွားလှည်းမဟုတ်တာ သေချာတယ်လို့ ဖြဦးမှာမဟုတ်လား။ ကျွန်မတော်ပါပြီ။ ဆက်မမေးတော့ပါဘူး''

❦ ❦ ❦ ❦ ❦

# ၁၉

တိုင်းတရားရုံးမှနေ၍ မေစံရွှားက မာလာ့ကိုတွဲ၍ ပြန်ထွက်လာသည်။ မာလာ့ကို တစ်ဖက်မှတွဲလာသူမှာ ဦးထွေးဖြစ်၏။

တရားရုံးရှေ့တွင် လူများရှုပ်လျက်ရှိသည်။

''ကိုကို.. မာလာ့အတွက် အဒ္ဒားကားခေါ်ပေးပါ''

မေစံရွှားက နောက်မှပါလာသူ ကိုနေသော်ကို လှည့်၍ပြောသည်။

''ရွှားတို့ ဒီကစောင့်လေ။ ကိုကိုခေါ်လာခဲ့မယ်''

ကိုနေသော် ထွက်သွားသည်။ မလှမြင့်က မာလာ့နားကပ်လာကာ မျက်နှာမှ ချွေးများကို လက်ကိုင်ပဝါဖြင့် သုတ်ပေးရန်ပြင်သည်။ ဒါကို မာလာက မျက်လုံးပြူးကြီးဖြင့်ကြည့်ကာ 'အူး.. အူး' ဟု အော်လိုက်၏။

ဦးထွေးက..

''သမီး.. သမီးကို ချွေးသုတ်ပေးမှာလေ''

ယုယကြင်နာစွာ ကပ်၍ချော့လိုက်၏။

မေစံရွှားက ဘာမှမပြောဘဲ ထိတ်လန့်နေဟန်ရှိသော မာလာ့ကို စိုက်ငေးကြည့်နေ၏။

မလှမြင့်က..

"အဲဒီလိုပဲ ဆရာမလေးရဲ့။ အရင်တစ်ခါ ဆေးရုံမှာတုန်းကလည်း ဒီလိုပဲ"

ဟု မေစံရှားကို လှည့်ပြောသည်။

ထိုအချိန်တွင် တရားရုံးထဲမှ ရဲကောင်းမြတ်နှင့် ရဲနှစ်ဦး ထွက်လာသည်။ ရဲကောင်းမြတ်တို့နောက် မလှမ်းမကမ်းမှ ဦးကျော်မြတ်နှင့် ဒေါ်ခင်ခင်ကြီးတို့က ရှေ့နေကြီးဦးမင်းထွေးနောင်နှင့်အတူ ပါလာသည်။

မေစံရှားက ရဲများကို လှမ်းကြည့်လိုက်၏။

ရဲများကလည်း မေစံရှားကို လှမ်းကြည့်သည်။

ပြီးလျှင် ရဲနှစ်ဦးက ရဲကောင်းမြတ်အား မေစံရှားတို့ရှေ့သို့ ဖြတ်ခေါ်လာသည်။

မေစံရှားက မာလာလေး၏လက်မောင်းကို ဆုပ်ကိုင်နှစ်သိမ့်ပေးနေရာမှ ရဲကောင်းမြတ်ဘက်သို့ လှည့်ပေးလိုက်၏။

မာလာ့မျက်လုံးများနှင့်တည့်တည့်သို့ ရဲကောင်းမြတ်ရောက်လာသည်။ ရဲကောင်းမြတ်က မာလာ့ကို မသိမသာ ဖျတ်ခနဲလှမ်းကြည့်သည်။

မာလာ့အမြင်၌ ရဲကောင်းမြတ်မျက်နှာ ထင်ထင်ရှားရှားဖြစ်သွား၏။

"အား.. အား.. အူး.."

မာလာအထိတ်တလန့်ဖြစ်ကာ သူမ၏လက်မောင်းကို ဆုပ်ကိုင်ထားသော မေစံရှားနှင့်ဦးထွေးတို့၏လက်များမှ ရုန်းကန်ရင်း အော်ဟစ်လိုက်သည်။

မာလာ့အော်သံကြောင့် ရဲကောင်းမြတ်လန့်သွားသည်။ မာလာ့ကို လည်း စိုးရွံ့စွာ လှမ်းကြည့်သည်။

မာလာသည်မူ ရဲကောင်းမြတ်ကိုကြည့်ရင်း မျက်လုံးမျက်ဆံပြူးနှင့် အော်ဟစ်ရင်း ရုန်းကန်နေသည်။

ရဲနှစ်ဦးက ရဲကောင်းမြတ်ကိုခေါ်၍ တဖြည်းဖြည်းဝေးသွားသည်ထိ မာလာတုန်လှုပ်ချောက်ချားအော်ဟစ်နေဆဲ။

"ဦးလေး.. ဒါ.. ရဲကောင်းမြတ်ကို မာလာမှတ်မိတဲ့ လက္ခဏာပဲ"

မေစံရှားက ဦးထွေးကို ပြောလိုက်သည်။

"ဟုတ်တယ်"

ဟု ဦးထွေးက ပြောရင်း မာလာ့ကို ရင်ခွင်တွင်းထွေးပွေ့ကာ ပခုံးကို ပွတ်၍ ချော့မော့သည်။

အနားတွင် ကားတစ်စီးထိုးရပ်လာ၏။





ကိုနေသော်ငှားလာသော အငှားကား။ အငှားကားပေါ်မှ ကိုနေသော်ဆင်းလာ၏။

"ဦးလေးနဲ့မလှမြင့်.. ကားပေါ်တက်ပါ"

မေစံရှားက ဦးထွေးကို မျက်ရိပ်ပြကာ ခပ်တိုးတိုးပြောလိုက်သည်။ ဦးထွေးက ခေါင်းညိတ်သည်။ မေစံရှားက မာလာ့ကိုတွဲထားလိုက်ပြီး ဦးထွေးနှင့်မလှမြင့်က ကားတစ်ဖက်သို့ထွက်သွားကာ တံခါးဖွင့်၍ တက်သည်။

မေစံရှားက အနားမှာလာရပ်သော ကိုနေသော်ကို ကြည့်လိုက်သည်။

ကိုနေသော်က လက်ကိုင်ပဝါတစ်ထည်ထုတ်လိုက်ကာ ဖြုန်းခနဲမာလာ့၏ပါးစပ်ကို လက်ကိုင်ပဝါဖြင့်အုပ်၍ မေစံရှားဖွင့်ပေးထားသော ကားတံခါးမှ မာလာ့ကို ကားနောက်ခန်းသို့ တွန်းသွင်းလိုက်သည်။

ရုတ်တရက်ကြုံလာသော ဖြစ်ရပ်ကြောင့် မာလာအလွန်တရာကြောက်လန့်သွားကာ 'အူးအူးအားအား' အော်လိုက်သည်။ ကိုနေသော်ကပါကားထဲသို့လိုက်ဝင်ပြီး မာလာ့ကို ချုပ်ကိုင်ထားလိုက်ရာ မာလာ အကြောက်အကန်ရုန်းကန်အော်ဟစ်ရင်း သတိလစ်သွားတော့သည်။

ဦးထွေးက သမီးဖြစ်သူကို ကိုနေသော်လက်မှ ဆွဲယူကာ ရင်ခွင်ထဲတွင် ပွေ့ထားလိုက်၏။ စိုးရိမ်သောမျက်နှာဖြင့် မာလာ့ကို လှုပ်၍လည်းခေါ်နေ၏။ မလှမြင့်ကလည်း မျက်နှာတွင် သွေးမရှိတော့သလိုကြည့်ရင်း တုန်နေ၏။

"သမီး.. သမီးလေး.."

ကားဆရာ ကြောင်ငေးပြီး နားမလည်စွာ ကြည့်နေ၏။

"မောင်းပါ ကားဆရာ။ ဘာမှမဖြစ်ပါဘူး"

ကိုနေသော်က ကားဆရာကိုပြောပြီး ကားတွင်းမှ ပြန်ထွက်လိုက်၏။

မေစံရှားက ကားတံခါးပိတ်ပေးရင်း ပြတင်းမှ ခေါင်းငုံ့ကာ..

"ဦးလေး.. စိတ်မပူပါနဲ့။ ကျွန်မတို့ ဆရာဝန်ကြီးရဲ့ ခွင့်ပြုချက်ယူတုန်းက ဆရာဝန်ကြီးပြောခဲ့တယ်မဟုတ်လား။ သူ ကြောက်လန့်ပြီး မေ့သွားနိုင်တယ်လို့လေ။ မကြာခင် သတိပြန်ရလာမှာပါ။ ဆေးရုံရောက်ရောက်ချင်း ဆရာဝန်ကြီးဆီ သတင်းပို့ပါ။ ကျွန်မတို့ နောက်ကလိုက်လာခဲ့ပါ့မယ်။ သွားကြတော့"

ဟု ပြောလိုက်သည်။ ဦးထွေး ခေါင်းညိတ်သည်။

ကားဆရာက ကားကို မောင်းထွက်သွား၏။

ကားထွက်သွားရာကို မေစံရှားနှင့်ကိုနေသော် ငေးကြည့်ရင်း ကျန်

ရစ်ခဲ့ကြစဉ် အနားသို့ လူတစ်ယောက်လာရပ်သည်။

အခြားသူမဟုတ်။ ရဲအုပ်အောင်မင်းဖြစ်သည်။

"ချီးကျူးပါတယ် မမေစံရှား။ ဒီနေ့ တရားခွင်မှာ မမေစံရှားမေးတာတွေ ကောင်းပါတယ်။ ပြီးတော့ သူတို့ကို စိတ်ချောက်ချားအောင်၊ တုန်လှုပ်အောင် လုပ်လိုက်တာလေးကလည်း ထိရောက်မှုရှိတာပါပဲ။ တရားခွင်ထဲကို မမေစံရှားဝင်လာချိန်မှာ သူတို့တွေရဲ့မျက်နှာအပြောင်းအလဲကိုကြည့်ပြီး ကွန်တော်အားရကျေနပ်သွားတယ်။ ဒါ.. စိတ်ဓာတ်ရေးရာ စစ်ဆင်မှုတစ်မျိုးပဲ"

မေစံရှား ပြုံးလိုက်သည်။

"ရှေ့တစ်ပတ်ခုံးချိန်းကျမှ သူတို့အသက်ရှူမှားသွားစေမယ့်သက်သေတွေကို ထုတ်မယ်လေ။ ဒီနေ့တော့ သူတို့တက်က အသာစီးပဲဆိုတဲ့ အသိမျိုးကို သူတို့ကို ပေးထားပါတယ်"

"မနက်ဖြန် ခရိုင်ရုံးမှာ ရုံးချိန်းစမယ်နော်"

"ဦးထွေးအမှုလား"

"ဟုတ်တယ်"

"အဲဒါလည်း သူတို့ကို ရှေ့ကတာထွက်စောပေးပြီး ရှေ့ကဦးဆောင်ပြေးခိုင်းရမှာပါပဲ။ ရှားတို့က မှေးလိုက်ရုံပဲရှိမယ်။ ကျော်ပြေးချင်လို့ မရဘူး"

"အခြေအနေ ကောင်းပဲ့မလား"

"ဘုရားက ကြည့်မနေပါဘူး ကိုအောင်မင်းရယ်"

"ကဲ.. မမေစံရှားတို့ ဘာစားပြီးပြီလဲ။ ကျွန်တော်ကျွေးမယ်"

"မစားတော့ပါဘူး။ နောက်မှပဲ စားကြတာပေါ့။ ကျွန်မတို့ ဆေးရုံလိုက်သွားလိုက်ဦးမယ်"

"ဒါဆိုလည်း ကောင်းပါပြီဗျာ။ မနက်ဖြန် ခရိုင်ရုံးမှာ တွေ့ကြတာပေါ့"

ရဲအုပ်အောင်မင်း နှုတ်ဆက်ပြီး အနားမှပြန်ထွက်သွားသည်။ မမေစံရှားက ကိုနေသော်ဘက်လှည့်၍ ပြုံးပြလိုက်၏။

"ကဲ.. ကိုကိုရေ။ ရှားတို့အတွက် အငှားကားခေါ်ပါဦး။ ဆေးရုံလိုက်သွားရအောင်"

ကိုနေသော်က ရှားလက်ကို ဖျတ်ခနဲဆွဲလိုက်သည်။

"သွားစို့.. ။ စောစောကပဲ ကားကိုပြောထားခဲ့တာ။ ဟိုမှာ.."

❦ ❦ ❦ ❦ ❦

# ၆၀

စားသောက်ဆိုင်အတွင်းဖွင့်ထားသော တီးလုံးနှင့် သီချင်းသံက သာယာငြိမ့်ညောင်းစွာရှိနေလင့်ကစား သီးသန့်ခန်းစားပွဲတစ်ခုတွင် ထိုင်၍စားနေကြသောသူသုံးဦးမှာ မျက်နှာများ၌ အလိုမကျဒေါသများနှင့် မှိုင်းမှုန်နေ၏။

ဦးကျော်မြတ်ရယ်၊ ဒေါ်ခင်ခင်ကြီးရယ်၊ ဦးမင်းထွေးနောင်ရယ်။

"ကျွန်တော်တော့ လုံးဝနားမလည်နိုင်ဘူး အစ်ကိုကြီး"

ဇွန်းနှင့်ခက်ရင်းကိုချကာ ဦးမင်းထွေးနောင်က ပြောရင်း ဦးကျော်မြတ်၏မျက်နှာကို ကြည့်သည်။

"ဟုတ်တယ် အစ်ကိုကြီး.. ။ မြွေကိုက်ခံရပြီး ဆေးရုံမှာ မျော့မျော့ပဲ ဆိုတဲ့သူက ဒီနေ့တရားခွင်မှာ ထင်တိုင်းကြိသွားလိုက်တာ"

ဒေါ်ခင်ခင်ကြီးကလည်း မကျေမချမ်းပြော၏။

"ကျုပ်လည်း ဘယ်လိုမှမတွေးတတ်အောင်ပါပဲ ရှေ့နေကြီး။ မနေ့က ကျုပ်ကိုယ်တိုင် ဆေးရုံကို သွားခဲ့တာ။ ပိုက်တန်းလန်းနဲ့ လူပ်တောင်မလူပ်ဘူး"

"အဲဒါဆို ဒီနေ့ သူ ဘာကြောင့် တရားရုံးကို လာနိုင်တာလဲ"

"ကျုပ်လည်း အဲဒါကို စဉ်းစားမရတာ.."

"ဒါ.. ကျွန်တော်တို့ကို တမင်သက်သက် အရှုံးလုပ်ပြီး စိတ်ဓာတ် ရေးရာအရ တိုက်စစ်ဆင်တာပဲ"

ဦးမင်းထွေးနောင်က မှတ်ချက်ချသည်။

ဦးကျော်မြတ်က စားနေသောဖွန်းခက်ရင်းကို ချလိုက်ပြီး ရောစိခွက်ကို မော့သောက်သည်။ ရေခွက်ကို ပြန်ချရင်း..

"ဟိုကောင်ကလည်း သေသေချာချာလုပ်ခဲ့တာပဲ။ သူ ဖုန်းနဲ့သတင်းပို့လို့ ကျူပ်က confirm ဖြစ်အောင် ဆေးရုံကို လိုက်သွားတာ။ ဒီကိစ္စကို ကျူပ်ရှက်မိတယ်ဗျာ"

မေးရိုးကြီးတင်းနေအောင် အံကိုကြိတ်ထားပြီး ပြောသည်။

"ဒါပေမဲ့ ဒီနေ့ တရားရုံးမှာတော့ မေစံရှားရဲ့ တရားလိုပြသက်သေတွေက ကျွန်တော်တို့ကို ဘာမှ ဒုက္ခပေးနိုင်လောက်အောင် မဖြေခဲ့ပါဘူး။ ကျွန်တော်တို့စီစဉ်ထားတဲ့အတိုင်း ဟိုရုံးမှာတုန်းကလိုပဲ ထွက်ကြတာပါ။ ပူစရာတော့ သိပ်မရှိပါဘူး"

ဦးမင်းထွေးနောင်၏စကား။

"ရှေ့နေကြီးက အဲဒီလိုပြောပေမယ့် ကျူပ်က စိတ်ပူနေတယ်။ ဒီနေ့ ဒီရှေ့နေမမေးတဲ့ မေးခွန်းတွေက တရားသူကြီးကို သံသယဖြစ်အောင်လုပ်သွားတာ ခင်ဗျားတွေ့လား"

ဦးကျော်မြတ်က မေးသည်။ ဒေါ်ခင်ခင်ကြီးကမူ ဥပဒေသဘောကို နားမလည်၍ တစ်ခွန်းမျှဝင်မမေး။ စားရင်းသောက်ရင်း နားစွင့်နေရုံသာ..။

"တွေ့ပါတယ်"

"ဒီတရားသူကြီးကို ခင်ဗျားမပိုင်ဘူးလား"

"ကျွန်တော်တို့လောကမှာတော့ ဒီတရားသူကြီးက သံမဏိဒါလို့ နာမည်ရတယ်။ ဘာနဲ့မှ တိုက်စားလို့ မရဘူး"

"ဒါဆို ကျူပ်တို့ အရေးလှပါ့မလား"

"မပူပါနဲ့။ ဘာသက်သေမှ မရှိတာ"

"ကောင်မလေးကို သူတို့ တရားရုံးကို ခေါ်လာပြီလေ"

"စကားမှ မပြောနိုင်တာ။ အရေးမပါပါဘူး"

"ဒီရှေ့နေမက ဘာတွေဉာဏ်များဦးမလဲ မသိဘူး။ ကျူပ် သူ့ကို လျှော့တွက်မိသလို ဖြစ်နေပြီ"

"မနက်ဖြန် ဟိုရုံးမှာ တွေ့ရဦးမှာပဲ"





"အဲဒီရုံးမှာတော့ ခင်ဗျား အပေါ်စီးကနေ ရသလောက် ဖိပြီးရိုက်ထားပေတော့"

"စိတ်ချပါ"

တီးလုံးသံလေးတစ်ခုက စကားဝိုင်းကို ကျော်လွန်ထွင်းဖောက်လာသည်။ ဦးကျော်မြတ်က သူ၏အိတ်ထဲမှ ဖုန်းကို ထုတ်ယူလိုက်သည်။ ဖုန်းကို ခွင့်၍ နားမှာကပ်သည်။

"ဟဲလို.."

"....."

"ဟေ့ကောင်.. မင်းလုပ်တာနဲ့ ငါတို့ အရှုံးဖြစ်ကုန်ပြီ"

ဦးမင်းထွေးနောင်နှင့် ဒေါ်ခင်ခင်ကြီးက ဦးကျော်မြတ်ကို ငေးကြည့်နေကြ၏။ ဖိုးတုတ်ဆီကဖြစ်ကြောင်း သူတို့ရိပ်မိသည်။

"....."

"အင်း.. ဟိုလူတွေကတော့ အရင်လိုပါပဲ။ ပိုင်ပါတယ်။ ဘာမှ ပြောင်းလဲမသွားဘူး။ အဲဒီအတွက်ကတော့ မင်းတာဝန်ကျေပါတယ်။ ရှေ့နေမကိစ္စကတော့ မင်းမသေချာတာပဲ"

"....."

"ဆင်ခြေတွေ မပေးနဲ့။ မင်းညံ့ရင် ညံ့တယ်ဝန်ခံ"

"....."

"နေဦး.. ခဏနေဦး။ ဆက်တိုက်ကြီး မဖြစ်ဘူး။ ဒါဟာ ငါတို့ဘက်ကို မြားက ညွှန်နေတာ။ သူက မရိပ်မိဘဲနေမှာ မဟုတ်ဘူး"

"....."

"အေး.. ငါထပ်ပြောမယ်။ ဒါနဲ့ နေဦး..။ ဟိုကောင်လေး သောင်းဆိုက်တို့သားအမိတွေ ပြန်ရောက်ပြီလား"

"....."

"ကောင်းတယ်။ သူတို့အိမ်ကို စောင့်ကြည့်ထား။ သူတို့ပြန်ရောက်သောရင်၊ ဒါမှမဟုတ် ထူးခြားတာရှိရင် ငါ့ဆီသတင်းပို့"

"....."

"အေး.. ဒါပဲ"

ဦးကျော်မြတ် ဖုန်းကိုပိတ်လိုက်သည်။

ဖုန်းပြောသောကိစ္စကို ဘာမှမပြောဘဲ..

"ရှေ့အပတ်ရုံးချိန်းမှာ မေစံရွား ဘာအကွက်တက်လာမယ်ဆိုတာ စောင့်ကြည့်မယ်။ သူတက်မယ့်အကွက်တွေကို ရှေ့နေကြီး ကြိုတွေးထား စစ်တုရင်ခုံပေါ်မှာ 'ချက်' ဆိုပြီး ကိုယ့်ဘုရင်ကြီး ပြေးပေါက်မရှိ မိနေတော့ ငါကြိုမတွေးမိလေခြင်းဆိုတဲ့ နောင်တမျိုး ကျုပ်မလိုချင်ဘူးနော်"

ဦးကျော်မြတ်က ရှေ့နေကြီးကို သတိပေးလိုက်သည်။ ရှေ့နေကြီး ဦးမင်းထွေးနောင် မျက်နှာကွက်ခနဲပျက်သွား၏။

"အဲဒါ ကျွန်တော့်အပိုင်းပါ။ စိတ်ချပါ"

"ရှေ့နေကြီးကို အားကိုးယုံကြည် စိတ်ချထားတာနော်။ ကျုပ်ဘက် က ရှေ့နေကြီးကို လိုအပ်ချက်မရှိ ဖြည့်ဆည်းပေးထားတာ။ ရှေ့နေကြီးသိ အတိုင်း ကျုပ်က အရှုံးမလိုချင်ဘူး။ အနိုင်ပဲ.."

"အရင်ပွဲကို ကြည့်လေဗျာ။ ကျုပ်လုပ်ခဲ့တာ"

"အဲဒါက ပြီးပြီလေ။ ခုပွဲကမှ တကယ့်ပွဲ။ ဘာမဟုတ်တဲ့ ရွေးချယ် လေးနဲ့ကျမှ အလဲအကွဲဖြစ်ရရင်တော့ မျက်နှာကိုဓားနဲ့လှီးပစ်ဖို့ပဲ ကောင်းသွား မယ်"

"ကျွန်တော်ကလည်း ကျွန်တော့်သိက္ခာသရဖူကို ကာကွယ်ရမှာပေါ့ အစ်ကိုကြီးရဲ့"

"ကျုပ်ရဲ့သိက္ခာသရဖူက ပိုပြီးအရေးကြီးတယ်ဆိုတာ မမေ့ပါနဲ့"

ဒေါ်ခင်ခင်ကြီးကမူ ကျားဘုရင်နှစ်ဦးကိုကြည့်ရင်း ငြိမ်နေရာ၏ သို့သော် သူမ၏ရင်ထဲမှာလည်း လှိုင်းတွေထန်နေ၏။ သူမ၏ခေါင်းထဲမှာ ဦး ကျော်မြတ်တို့သုံးနှုန်းလိုက်သော 'သိက္ခာသရဖူ' ဟူသောစကားက စွဲမြဲသွား သည်။

'ငါလည်း ငါ့သိက္ခာသရဖူကို ကာကွယ်ရမှာပဲ ရာဇာ'

ဒေါ်ခင်ခင်ကြီးစိတ်ထဲက အဓိဋ္ဌာန်။

❦ ❦ ❦ ❦ ❦

# ၆၁

"သမီးလေးသတိပြန်ရနေပြီ ဆရာမလေး"

ဆေးရုံသို့ မေစံရွားတို့ ရောက်လျှင်ရောက်ချင်း ဦးထွေးက ဆီး၍ ပြောသည်။ မေစံရွားတို့ ဝမ်းသာသွားကြသည်။ အဆောင်ဝတွင်ပင် ဦးထွေးနှင့် ဆွေခြင်းဖြစ်၏။ မေစံရွားနှင့်ကိုနေသော် အကြည့်ချင်းဆုံသွားကြ၏။

"အားလုံးကို ပြန်မှတ်မိနေပြီလား"

မေစံရွားနှင့်ကိုနေသော်တို့ ပြိုင်တူမေးမိကြ၏။

"အို.. အဲဒီလို မဟုတ်သေးဘူး ဆရာမလေး။ ကားပေါ်မှာ သတိမေ့ သွားတာကနေ ပြန်သတိရလာတာကို ပြောတာ"

အပျော်လေးများ ရုတ်ခြည်းဒီဂရီပြန်ကျသွားရသည်။

"ဘာထူးခြားသေးလဲ"

"ထူးတော့ ထူးခြားလာပြီလို့ ပြောရမှာပဲ ဆရာမလေး။ သူ့အကြည့် တွေမှာ အသိတွေ၊ ခံစားမှုလေးတွေ တွေ့ရတယ်လို့ ဆရာဝန်ကြီးက ပြောတယ်။ ကုတ်တယ်.. ။ ကျွန်တော်တို့၊ မလှမြင့်တို့ကို မှတ်မိလာပုံရှိတယ်။ ပြီးတော့ ကားလည်း တစ်ခွန်းပြောတယ်"

"ဘာပြောတာလဲ"

''ခွေး.. တဲ့''

''ခွေး.. ဟုတ်လား''

''ဟုတ်တယ်။ ကျွန်တော်တို့အထင်တော့ သူ အဖြစ်အပျက်ကို နည်းနည်းပြန်သတိရပုံပဲ။ ဒါကြောင့် သူ့မျက်နှာမှာ ကြောက်လန့်တဲ့ပုံသဏ္ဌာန်ရော၊ ဒေါသဖြစ်တဲ့ပုံသဏ္ဌာန်ရော တွေ့လိုက်ရတယ်။ ခွေးဆိုတာ ဟိုကောင်ကို သူ ဒေါသတကြီးနဲ့ အဲဒီတုန်းက ဆဲခဲ့၊ ပြောခဲ့တဲ့ စကားလုံးထင်တာပဲ။ ဆရာဝန်ကြီးကတော့ တိုးတက်မှုရလာပြီတဲ့။ လုံးဝပြန်ကောင်းဖို့ မဝေးတော့ဘူးတဲ့''

''အခု မာလာက ဘာလုပ်နေလဲ''

''ဆရာဝန်ကြီးက ပြန်နားပါစေဆိုပြီး ဆေးတစ်လုံးထိုးပေးသွားတယ်။ သမီးလေး ပြန်အိပ်ပျော်နေတယ်''

မေစံရှားနှင့်ကိုနေသော် ခုတင်နားသို့ရောက်သောအခါ နှစ်နှစ်ခြောက်ခြောက်အိပ်ပျော်နေသော မာလာ့ကို တွေ့ရသည်။ အပြစ်ကင်းစင်ပြီး ကလေးငယ်တစ်ယောက်လိုရှိနေသော မျက်နှာနုနုကလေးမှာ ယခင်ကထက်စာလျှင် ပို၍ အသက်ပါနေသည် ထင်ရသည်။

''သမီးကလေးသာ အားလုံးမှတ်မိလိုက်ရင် တရားရုံးမှာ ထွက်ဆို ချက်ပေးနိုင်မှာပဲနော်။ အဲဒါဆိုရင် သိပ်ကောင်းမှာ..''

ဦးထွေးက မချင့်မရဲပြောရှာ၏။

''အဲဒီအတွက် မပူပါနဲ့ ဦးလေးရယ်။ အဓိကကျတာက မာလာ နေကောင်းလာဖို့ပါ။ မကောင်းသူတွေက သူပြုတဲ့ကံအတိုင်း သူ့လမ်း သူသွားရမှာပါ။ ဒါက ဘုရားဟောအတိုင်းပါဗဲ''

''မလှမြင့်ရော မတွေ့ပါလား''

ကိုနေသော်၏အမေး..။

''သမီးလေးအတွက် ဆေးသွားဝယ်နေတယ်။ သူ့ခမျာလည်း ပင်ပန်းရှာပါတယ်။ သွေးမတော်သားမစပ်ပေမယ့် ဆေးရုံမှာ တစ်ချိန်လုံး စောင့်ရှောက်ပေးနေတာ''

''ခင်ရာဆွေမျိုးဆိုတဲ့ စကားလိုပေါ့ ဦးလေးရယ်''

''ကျွန်တော့်ဆွေမျိုးထဲမှာ ထိပ်ဆုံးကနေရာပေးရမယ့်သူတွေကတော့ ဆရာမလေးတို့နှစ်ဦးနဲ့ ရဲအုပ်ကြီးတို့လည်း ပါပါတယ်''

''ဦးလေး မနက်ဖြန် ရုံးချိန်နော်''





''ကျွန်တော်မမေ့ပါဘူး ဆရာမလေး''

''ကဲ.. ကျွန်မတို့ ပြန်ဦးမယ်။ အလုပ်လေးတွေ ရှိနေသေးလို့ပါ''

''ကောင်းပါပြီ''

''မနက်ဖြန် တရားရုံးကျမှပဲ ဆုံမယ်နော်''

''ဟုတ်ကဲ့''

မေစံရှားနှင့်ကိုနေသော် ဆေးရုံမှ ပြန်ဆင်းလာကြသည်။

''မာလာကလေး မကြာခင်ပြန်ကောင်းတော့မှာ သေချာနေပါပြီ။ ဒေ.. ဘုရားမ, တာပါပဲ''

''ဟုတ်တယ်ကိုကို။ ရှားတို့ သားရွှေအိုးထမ်းကိန်း ကြုံရတော့မှာပါ''

''ဩော်.. ရှား''

''ဘာလဲကိုကို''

''ရှား မဆာဘူးလား''

မေစံရှား ပြုံးသည်။ လက်မှနာရီကို ပင့်ကြည့်ရင်း..

''ကိုကိုဆာနေပြီမဟုတ်လား''

ပြန်မေးသည်။

''ဆာတာမှ ဗိုက်ထဲမှာ တိုက်ပွဲဖြစ်နေသလိုပဲ''

မေစံရှား ခစ်ခနဲရယ်လိုက်သည်။

''အချိန်လည်းကြည့်ဦးလေ။ နေ့လယ်သုံးနာရီတောင် ထိုးတော့မယ်''

''ရှားဘာစားမလဲ''

''တစ်ခုခုပေါ့..။ ဒီနားမှာ အဆင်ပြေတာ စားကြတာပေါ့''

ထိုစဉ်..

မေစံရှား၏လက်ကိုင်ဖုန်းက တီးလုံးသံစဉ်လေး ထွက်လာသည်။

မေစံရှားက ဖုန်းကို ထုတ်ယူနားထောင်သည်။

''ဟဲလို''

''.....''

''မောင်သောင်းထိုက်လား..။ မင်းတို့ နေရတာ အဆင်ပြေရဲ့လား''

''.....''

''အင်းလေ..။ မင်းတို့အတွက် ရဲအုပ်ကြီးက လုံခြုံရေးစီစဉ်ပေးထားဘာ။ မင်းတို့ကို ရှေ့တစ်ပတ်ရုံးချိန်းမှာ ခေါ်မယ်။ အပြင်သွားရင် သတိထားသွားနော်''

"....."

"ဒီနေ့ တရားခွင်ကတော့ အရင်သက်သေတွေပဲ မေးတာ။ သူတို့ကတော့ မင်းသိတဲ့အတိုင်း ဘာမှမပြောဘူးပေါ့။ ဒါကြောင့် မမက မင်းနဲ့တိမ်ပြာကိုပဲ အားထားတာ"

"....."

"ဟုတ်တယ်။ ရှေ့တစ်ပတ်မှာ မင်းနဲ့တိမ်ပြာ နှစ်ယောက်ကို တစ်ပြိုင်တည်းခေါ်မှာ။ အဲဒီကျရင်လည်း ရဲအုပ်ကြီးကပဲ မင်းတို့အသွားအပြန်ကို စီစဉ်ပေးလိမ့်မယ်။ သူစီစဉ်ပေးတဲ့အတိုင်း လုပ်ပါ"

"....."

"အကြောင်းကိစ္စရှိရင် သူ့ကိုရော၊ မမကိုရော ပြောနိုင်တယ်။ မင်း အမေနဲ့ ညီမလေးရော နေထိုင်ကောင်းကြလား"

"....."

"အေးပါကွယ်.. ။ မမတို့၊ ရဲအုပ်ကြီးတို့က မင်းကို ကျေးဇူးတင်နေကြတာပါ။ ချီးလည်းချီးကျူးပါတယ်ကွယ်"

"....."

"ကောင်းပြီမောင်သောင်းထိုက်"

မေစံရွာက ဖုန်းကိုပိတ်လိုက်သည်။ ကျေနပ်မျက်နှာဖြင့် ကိုနေသော်ကို ကြည့်သည်။

"ဒီနေ့အခြေအနေကို မေးတာ။ သူလည်း စိတ်ဓာတ်သိပ်ပြင်းပြနေတယ် ကိုကို။ အင်း.. လူငယ်တွေရဲ့နှလုံးသားဟာ သိပ်ကိုလေးစားကြည်ညိုစရာ ကောင်းတာပဲ။ ရဲရင့်ထက်ပြက်တဲ့နေရာမှာ ရှားတို့ထက် သာတယ်။ တစ်ချိန်မှာ သူတို့ရဲ့လက်ထဲ ရှားတို့ရဲ့နိုင်ငံကို အပ်ရမှာ။ သိပ်ကျေနပ်စရာကောင်းတာပါပဲ"

"ရှား.."

"ဟင်.. ဘာလဲကိုကို"

"ကိုကိုနဲ့ ရှားလည်း အဲဒီလိုကလေးမျိုး မမွေးချင်ဘူးလား"

"အိုး.. ဘာမှန်းလည်းမသိဘူး။ သွား.."

မေစံရွာမျက်နှာနီထွေးထွေးကိုကြည့်၍ ကိုနေသော် တဟားဟား။

❦ ❦ ❦ ❦ ❦



ခရိုင်တရားရုံး.. ။

ရဲကောင်းမြတ်က တရားလို၊ ဦးထွေးက တရားခံ။

ရဲကောင်းမြတ်ဘက်က အကျိုးဆောင်ရွက်နေက ဦးမင်းထွေးနောင်၊ ဦးထွေးဘက်က အကျိုးဆောင်ရွက်နေက မေစံရွာ။

သည်အမှုမှာက လွှို့ဝှက်မှု၊ ကောက်ကွေ့မှု မများ။

"အဲဒီနေ့က ကျွန်တော်တို့က တရားရုံးကနေ ထွက်လာတာပါ။ ကျွန်တော့်အဖေရယ်၊ အမေရယ်၊ ကျွန်တော်ရယ်ပါ"

"ဘယ်တရားရုံးလဲ"

"ဒီတရားရုံးပါပဲ"

"တရားရုံးကို ဘာကိစ္စနဲ့ သွားတာပါလဲ"

"ကျွန်တော့်ကို မတရားစွပ်စွဲခံရတဲ့အမှုကို ရင်ဆိုင်တာပါ။ တရားရုံးက ကျွန်တော်အပြစ်မရှိကြောင်း ဆုံးဖြတ်ခဲ့ပါတယ်။ အဲဒီ တရားရုံးဆုံးဖြတ်ချက်ချတဲ့နေ့မှာ ဖြစ်ခဲ့ရတာပါ"

"တရားရုံးက ထွက်လာတော့ ဘာဖြစ်လဲ"

"တရားရုံးရှေ့ လက်ဖက်ရည်ဆိုင်နားမှာ အဲဒီအမှုမှာ ရုံးသွားတဲ့

မိန်းကလေးရဲ့ ဖခင်ဖြစ်တဲ့ ဦးထွေးနဲ့ အမျိုးသမီးတစ်ဦး၊ မိန်းကလေးတစ်ဦးတို့ ရှိနေပါတယ်။ ကျွန်တော် အနားကိုရောက်တော့ သူတို့ကို အားပေးချင်၊ နှစ်သိမ့်ချင်တဲ့စိတ် ပေါ်လာတာနဲ့ ဦးထွေးကို စိတ်မကောင်းကြောင်း ပြောလိုက်မိပါတယ်"

"ဘာသဘောနဲ့ ပြောတာလဲ"

"သမီးအတွက် ခံစားနေရတဲ့ ဖခင်တစ်ယောက်ကို ကျွန်တော့်မိတ်တွေရဲ့အချစ်နဲ့ နှိုင်းယှဉ်စာနာပြီး သနားမိလို့ပါ။ သူ့သမီးက မတရားစော်ကားခံခဲ့ရတာကိုး"

"ဒါ.. သိပ်မြင့်မြတ်တဲ့ စိတ်ထားပါပဲ။ အဲဒီတော့ ဘာဆက်ဖြစ်သလဲ ပြောပါဦး"

"ကျွန်တော် မထင်မှတ်ထားပါဘူး။ ကျွန်တော့်ကို ဦးထွေးက မုန်းတီးတဲ့မျက်လုံးတွေနဲ့ကြည့်ပြီး အသံနက်ကြီးနဲ့ အော်ပါတယ်။ ပြီးတော့ ကျွန်တော့်ကို လည်ပင်းညှစ်တော့တာပါပဲ။ ကျွန်တော်လည်း ထင်မှတ်မထားတော့ ဘာမှ မကာကွယ်နိုင်ခဲ့ပါဘူး။ ဘေးလူတွေကလည်း အံ့အားသင့်နေကြလို့ ရုတ်တရက် ဝင်မဆွဲနိုင်ကြပါဘူး။ ကျွန်တော်လည်း သူ့လက်ကို ဖြေဖို့ကြိုးစားရင်း နောက်ဆုတ်လိုက်တာ သူရော၊ ကျွန်တော်ရော လဲကျသွားပါတယ်"

"အဲဒါဆိုတော့ လည်ပင်းညှစ်တာ လွတ်သွားရောလား"

"လဲကျတော့ လည်ပင်းညှစ်တာက လွတ်သွားပေမယ့် လဲကျတော့ ကျွန်တော်က အောက်ကဖြစ်နေပါတယ်။ ဦးထွေးက ကျွန်တော့် အပေါ်ကဖိထားပြီး အနားကအုတ်ခဲကျိုးပိုင်းနဲ့ ကျွန်တော့်ခေါင်းကို ထုလိုက်ပါတယ်။ ကျွန်တော့်မျက်လုံးထဲ မီးတွေပွင့်သွားပြီး ကျွန်တော်လည်း သတိလစ်သွားပါတယ်"

"ဘယ်အချိန်မှာ သတိပြန်ရလဲ"

"ဆေးရုံရောက်မှပါ"

❦ ❦ ❦ ❦ ❦



"မောင်ရဲကောင်းမြတ်ဟာ ဒီတရားရုံးမှာပဲ အဲဒီနေ့က မာလာဆိုတဲ့ မိန်းကလေးကို အမေမပြုကျင့်စော်ကားပြီး နှုတ်ပိတ်အသေသတ်ဖို့ ကြိုးစားခဲ့လို့ အမှုရင်ဆိုင်ခဲ့ရတာကို စီရင်ချက်နာခံဖို့ လာတာနော်"

"ကျွန်တော်က အဲဒီပြစ်မှုကို မကျူးလွန်ခဲ့ပါဘူး။ မတရားစွပ်စွဲခံရတာပါ"

မေစံရှားက ပြုံးလိုက်သည်။ မျက်နှာနီသွားသော ရဲကောင်းမြတ်ကို အပြုံးဖြင့်ကြည့်၍..

"ဒီမေးခွန်းလေးနဲ့ ဘာကြောင့် မောင်ရဲကောင်းမြတ် ဒေါသဖြစ်သွားရတာပါလဲ"

"ကျွန်တော့်ကိုမေးတဲ့ ခင်ဗျားမေးခွန်းက ရိတိတိပါနေတာကိုး"

"ဒီအမှုက မောင်ရဲကောင်းမြတ်ရင်ဆိုင်ခဲ့ရတာ အမှန်ပဲလေ။ ကျွန်မက မမှန်တာကိုမေးတာမှ မဟုတ်တာ။ ထားပါလေ..။ အဲဒီမေးခွန်းကလေးကို ရိတယ်ထင်လို့ မောင်ရဲကောင်းမြတ်က မခံချင်ဖြစ်တာပေါ့နော်။ ကျွန်မဝမ်းနည်းပါတယ်။ စိတ်မကောင်းပါဘူး"

မေစံရှားက မဲ့ပြုံးယဲ့ယဲ့ဖြင့်ကြည့်၍ ပြောလိုက်သည်။ ခနဲ့သံ၊ သရော်သံကို တမင်ထည့်၍ ပြောလိုက်ခြင်းဖြစ်သည်။

"ခင်ဗျားပြောတဲ့အသံနဲ့ မျက်နှာက ကျွန်တော့်ကို ထပ်ရိနေသလိုပဲ"

မေစံရှားက အံ့သြဟန်ပြုလိုက်သည်။

"အလို.. ကျွန်မမောင်လေးအရွယ် အခုလို တရားရုံးရောက်ရတာကို ကိုယ်ချင်းစာနာလို့ သနားစိတ်နဲ့ ပြောမိတာပါကွယ်။ ဟင်း.. ဟင်း.."

ရဲကောင်းမြတ်၏ရှေ့နေကြီး ဦးမင်းထွေးနောင်က ထိုင်ရာမှ ထ၍ ကန့်ကွက်သည်။

"မလိုအပ်တဲ့ စကားတွေနဲ့ ကျွန်တော့်အမှုသည်ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်နေပါတယ်"

တရားသူကြီးက မေစံရှားအား..

"အကျိုးဆောင်ကြီး.. ဆိုင်တာကိုပဲ မေးပါ"

ဟု ပြောသည်။

ဦးမင်းထွေးနောင် ကျေနပ်စွာပြန်ထိုင်သွားသည်။

"ကောင်းပါပြီ။ ကျွန်မ ဆိုင်တာပဲ မေးပါမယ်။ အဲဒီနေ့က မောင်ရဲကောင်းမြတ်ဟာ ဦးထွေးကို စိတ်မကောင်းပါဘူးလို့ ပြောခဲ့တာ မှန်တယ်နော်"

မေစ်ရှားက တည်တည်ငြိမ်ငြိမ်ဖြင့် မေးလိုက်သည်။

''မှန်ပါတယ်''

''ကျွန်မတို့ရဲ့ နေ့စဉ်ပြောဆိုနေတဲ့ စကားတွေမှာ စကားလုံးတွေရဲ့ အနက်အဓိပ္ပာယ်ဟာ ပြောသူရဲ့အမူအရာနဲ့ လေသံ၊ ဟန်ပန်တွေအပေါ်မှာ လိုက်ပြီး အမျိုးမျိုးပြောင်းလဲသွားတယ်ဆိုတာ လက်ခံပါသလား''

ရဲကောင်းမြတ် မဖြေ။

''ဖြေပါ''

''ကျွန်တော်မသိဘူး''

''ကျွန်မ ဥပမာတစ်ခုပြောမယ်။ စောစောက ကျွန်မက မောင်ရဲကောင်းမြတ်ကို စိတ်မကောင်းပါဘူးလို့ပြောတော့ မောင်ရဲကောင်းမြတ်ဟာ ခင်ဗျားပြောတဲ့ အသံနဲ့ မျက်နှာက ကျွန်တော့်ကိုရိုင်းနေသလိုပဲလို့ စိတ်ဆိုးဉီးပြောခဲ့တယ်နော်''

ရဲကောင်းမြတ် ဘာမှပြန်မပြော။

မေစ်ရှားက ရဲကောင်းမြတ်ကို စိုက်ကြည့်သည်။

''ဒါဟာ ပြောသူရဲ့ မျက်နှာနဲ့အသံက စကားလုံးရဲ့အဓိပ္ပာယ်ကို ပြောင်းလဲစေတယ်ဆိုတဲ့ သဘောပါပဲ။ စိတ်မကောင်းပါဘူးဆိုတဲ့စကားဟာ ရင်ထဲ၊ အသည်းနှလုံးထဲက လာတဲ့စကားဖြစ်ပြီး မျက်နှာနဲ့အသံကလည်း ရင်ထဲ၊ အသည်းနှလုံးထဲကလို ရိုးရိုးသားသား၊ နှစ်နှစ်ကာကာ ရှိနေမယ်ဆိုရင် ကျွန်မပြောတဲ့ 'စိတ်မကောင်းပါဘူး' ဆိုတာကို မောင်ရဲကောင်းမြတ်ဒေါသဖြစ်မှာ မဟုတ်ပါဘူး။ မှန်ပါတယ်နော်''

ရဲကောင်းမြတ်မဖြေ။

''မှန်တယ်မဟုတ်လား''

''မှန်တယ်ဗျာ.. မှန်တယ်..''

စိတ်တိုစွာ ရဲကောင်းမြတ် ခပ်ဆတ်ဆတ်ဖြေသည်။

မေစ်ရှား ထပ်မံပြုံးလိုက်သည်။

''အဲဒီအခင်းဖြစ်တဲ့နေ့က မောင်ရဲကောင်းမြတ်က ဉီးထွေးကိုပြောခဲ့တဲ့ 'စိတ်မကောင်းပါဘူး' ဆိုတဲ့စကားဟာ ဘယ်လိုအဓိပ္ပာယ်ရှိသလဲဆိုတာ တရားသူကြီးမင်းနဲ့တကွ ပရိသတ်များပါ မြင်နိုင်အောင် အဲဒီနေ့က ရိုက်ခဲ့တဲ့ ဗီဒီယိုမှတ်တမ်းလေးတစ်ခုကို ပြန်ပြီးပြပါ့မယ်''

မေစ်ရှားက သူမ၏အကျီးဆောင်စားပွဲပေါ်တင်ထားသော Laptop





ကွန်ပျူတာကို အဖုံးလှန်ဖွင့်ကာ ခလုတ်ကလေးများနှိပ်လျက် တရားသူကြီးနှင့်
ကွ အများမြင်သာအောင် ဖွင့်ပြလိုက်သည်။

Laptop ကွန်ပျူတာပေါ်၌ အရုပ်များပေါ်လာသည်။

တရားရုံးမြင်ကွင်း..။

တရားရုံးမှ လူများထွက်လာပုံ..။

ဉီးထွေး၊ မလှမြင့်နှင့် သီတာတို့ ထွက်လာပြီးနောက် ဉီးထွေး မချိတင်
ဘဲ ဝမ်းပန်းတနည်း ငိုရှိုက်နေပုံ။

ဘေးမှ မလှမြင့်နှင့် သီတာတို့ နှစ်သိမ့်နေပုံ။

ရဲကောင်းမြတ်နှင့် မိဘများ ပြုံးပျော်စွာထွက်လာကြပုံ။

ရဲကောင်းမြတ်က ဉီးထွေးရှေ့အရောက် ရပ်၍ 'စိတ်မကောင်းပါဘူး'
ကာ ပြောလိုက်ပုံ..။

မေစ်ရှားက ကွန်ပျူတာခလုတ်များကိုနှိပ်ကာ မြင်ကွင်းကိုရပ်လိုက်
သည်။ Still ဖြင့် ရဲကောင်းမြတ်၏မျက်နှာကို စိမ်းကာ ပုံကြီးချဲ့လိုက်သည်။
ကွန်ပျူတာမျက်နှာပြည့် ချဲ့ပြလိုက်သော ရဲကောင်းမြတ်မျက်နှာကို တရားသူကြီး
မြင်သာအောင် တရားသူကြီးစားပွဲပေါ် သွား၍တင်ပေးသည်။

တရားသူကြီးက ကွန်ပျူတာကို အသေအချာကြည့်ရှုနေ၏။

တရားခွင်တစ်ခုလုံး တီးတိုးသံများထွက်ပေါ်နေရာမှ ပြန်ငြိမ်သွား
သည်။

တရားသူကြီးကြည့်ပြီးလျှင် မေစ်ရှားက ကွန်ပျူတာကို ပရိသတ်နှင့်
ကွ ရဲကောင်းမြတ်မြင်သာအောင် ပြန်လှည့်ပြလိုက်သည်။

ကွန်ပျူတာဖန်သားပြင်ပေါ်မှာ..

ရဲကောင်းမြတ်၏ အောင်နိုင်သောမျက်နှာပေး၊ နှုတ်ခမ်းထောင့်စွန်း
ကလေး ကွေးကျဲရုံအပြုံး။

မဲ့ပြုံး၊ လှောင်ပြုံး၊ သရော်ပြုံး..။

မေစ်ရှားက ရဲကောင်းမြတ်၏မျက်နှာကို ကြည့်လိုက်သည်။

ရဲကောင်းမြတ် မျက်လုံးတွေလွဲသွားသည်။

❦ ❦ ❦ ❦ ❦

# ၆၃

"မမေစံရှား.. အဲဒါတွေ ဘယ်တုန်းက ဘယ်လိုစိတ်ကူးနဲ့ ရိုက်ထားတာလဲ"

တရားခွင်မှထွက်လာပြီးနောက် မေစံရှား၊ ကိုနေသော်နှင့် ရဲအုပ်အောင်မင်းတို့ လက်ဖက်ရည်ဆိုင်၌ ထိုင်ကြစဉ် ရဲအုပ်အောင်မင်းက မေးလိုက်ခြင်းဖြစ်သည်။ ဦးထွေးတို့ကား ပြန်သွားခဲ့ပေပြီ။

"ပထမအမှု စီရင်ချက်ချတဲ့နေ့ကပါ။ အမှုစီရင်ချက်က မာလာတို့ရှုံးလိမ့်မယ်ဆိုတာ တွေးမိနေတယ်။ ဒီအမှုရှုံးရင် မိအေးနှစ်ခါနာဆိုသလို ကာယကံရှင်မိန်းကလေးဖြစ်တဲ့ မာလာရဲ့ဖခင်ဟာ ရင်ထဲမှာ မချိမဆံ့ခံစားရလိမ့်မယ်။ ဘယ်လိုမှ ကျေနပ်နိုင်ဖွယ်ရာ ရှိမှာမဟုတ်ဘူး။ ဒါဆိုရင် ဒီပထမတရားရုံးရဲ့ စီရင်ဆုံးဖြတ်ချက်ပေါ် မူတည်ပြီး ကိစ္စတွေ ပြီးပြတ်ငြိမ်းအေးမသွားဘဲ နောက်ထပ်ပြဿနာတစ်ခု ဖြစ်လာနိုင်ဖွယ်ရှိတယ်လို့လည်း ကျွန်မခံစားမိတယ်။ ဒါကြောင့် လိုရမည်ရဆိုပြီး ရိုက်ထားလိုက်တာပါ။ ဒါရိုက်တာကတော့ ဟောဒီဆရာကြီးလေ"

မေစံရှားက ပြုံး၍ အဖြေပေးရင်း ကိုနေသော်ကို ညွှန်ပြသည်။

"ရိုက်ချက်ကလည်း ကောင်းတယ်ဗျာ။ ပြီးတော့ ဒီနေ့ မမေစံရှားက





လိုချင်တဲ့အကွက်ကိုရောက်အောင် ရဲကောင်းမြတ်ကို ဆွဲခေါ်သွားတာ ပညာသားပါလှတယ်။ ဦးမင်းထွေးနောင်လည်း ဘာမှဝင်မကယ်လိုက်နိုင်ရှာဘူး။ ဒီတစ်ကွက်နဲ့ မမေစံရှားအရေးသာသွားပြီ"

ရဲအုပ်အောင်မင်းက ချီးကျူးစကားနှင့် ဝမ်းသာအားရစကား ဆိုသည်။

"အဲဒီတုန်းကတော့ ခုလို ဒီအခွေကို အသုံးချဖို့ လိုလိမ့်မယ်မထင်ခဲ့ဘဲ ရိုက်ခဲ့တာပါ။ အခုတော့ ရေကန်အသင့်၊ ကြာအသင့် ဖြစ်သွားတယ်"

မေစံရှားက စားပွဲထိုးလေးလာချသော လက်ဖက်ရည်ခွက်များကို ကိုနေသော်နှင့် ရဲအုပ်အောင်မင်းရှေ့သို့ ပို့ပေးရင်း ပြောသည်။

"မမေစံရှားက အကြားအမြင်တွေ ဘာတွေများ ရနေသလားဗျာ"

"မဟုတ်ပါဘူးရှင်"

"မနေ့က တိုင်းတရားရုံးအယူခံမှာ နှုတ်ပိတ်ခံနေရတဲ့ သက်သေတွေကို သူတို့လည်းအခက်မတွေ့စေဘဲ တရားသူကြီးလည်း တွေးဆလို့ရအောင်မေးခဲ့၊ ပြောခဲ့တာတွေလည်း သိပ်လှတယ်ဗျာ။ ဦးမင်းထွေးနောင်မျက်နှာကြီးမည်းနေတာပဲ"

ကိုနေသော်က မေစံရှားကို တစ်ချက်လှမ်းကြည့်၏။ မေစံရှားနှင့် အကြည့်ချင်းဆုံသည်။ မေစံရှားက ခေါင်းညိတ်လျက်..

"ကိုအောင်မင်းကို အသိမပေးရသေးတာ တစ်ခုရှိတယ်။ အခုတော့ အသိပေးချင်တယ်"

စကားစသည်။

"ဘာများလဲ မမေစံရှား"

ရဲအုပ်အောင်မင်း စိတ်ဝင်စားသွားသည်။

မေစံရှားက အသံနှိမ့်လျက်..

"ကျွန်မက သက်သေဖြစ်တဲ့ မောင်သူရတို့၊ မသန်းမူတို့၊ ကိုတင်ဦးတို့ကို သွားပြီးစည်းရုံးခဲ့တာ ကိုအောင်မင်းသိတယ်နော်"

"သိပါတယ်"

"အဲဒီတုန်းက သူတို့တွေအနေနဲ့ အခုတရားရုံးမှာလည်း အမှန်မထွက်ဆိုနိုင်ဘူးဆိုတဲ့အကြောင်း ကျွန်မသိခဲ့ရပါတယ်။ ဒါလည်း ကိုအောင်မင်းသိပြီးသားပါ"

"ဟုတ်ကဲ့.."

"အဲဒီလို စည်းရုံးလို့မရပေမယ့် အလွတ်သဘောအနေနဲ့ ကျွန်မကို ပြောပြပါ။ တွေ့ခဲ့၊ မြင်ခဲ့၊ ကြားခဲ့တာ အမှန်မဟုတ်လားမေးတော့ သူတို့ဝန်းခဲ့ကြတယ်။ သူတို့ ကြောက်လို့ မပြောရဲတာပါဆိုတာလည်း ထုတ်ပြောခဲ့ကြတယ်။ အဲဒါကို ကျွန်မက သူတို့မသိအောင် တိပ်နဲ့ဖမ်းထားခဲ့တယ်"

"ဟုတ်လား"

ရဲအုပ်အောင်မင်း အံ့အားသင့်သွားသည်။

"ဒီတိပ်ခွေဟာ တရားရုံးကိုတော့ တရားဝင်တင်ပြနိုင်တဲ့ သက်သေခံပစ္စည်း မဟုတ်ဘူး။ ဒါကြောင့် ကျွန်မတို့ တရားသူကြီးကို အလွတ်သဘောနဲ့ နားထောင်ပေးဖို့ ကြိုပြီးပေးအပ်ခဲ့တယ်"

"ဟာ.. သိပ်ကောင်းတဲ့စိတ်ကူးပဲဗျာ။ ဒါဆို တရားသူကြီးက အမှန်တရားကို ချင့်ချိန်စဉ်းစားလို့ ရသွားနိုင်တာပေါ့"

ရဲအုပ်အောင်မင်းက မေစံရှားအား လေးစားအထင်ကြီးစွာကြည့်၍ အားပါးတရပြောလိုက်သည်။

"ဒါကိုတော့ ကိုအောင်မင်းကလည်း လျှို့ဝှက်ထားပေးပါ။ တရားသူကြီးအတွက် တရားစီရင်ရေးကို အနှောင့်အယှက်ဖြစ်စေမှာ စိုးလို့ပါ။ တရားသူကြီးကိုလည်း ကျွန်မတို့က ကြိုတင်စည်းရုံးတာမဟုတ်ကြောင်း တောင်းပန်ခဲ့ရပါတယ်"

"အင်း.. ဒီတရားသူကြီးကလည်း နာမည်ကြီးဗျ။ သံမဏိကြီး.. ဘယ်ရွေ့နေကိုမှ လက်ခံတာမဟုတ်ဘူး။ မမေစံရှားကို လက်ခံတာဟာ ဂုဏ်ယူစရာပါပဲ"

"ကိုအောင်မင်း.. ဒီနေ့လက်ဖက်ရည် ကျွန်မတိုက်မှာနော်"

မေစံရှားက ရယ်ပွဲဖွဲ့သည်။

"ဟာဗျာ.. လက်ဖက်ရည်သောက်ချင်လို့ မြွောက်စကားပင့်စကား ခီးကျူးစကားပြောတာ မဟုတ်ပါဘူး။ စိတ်ရင်းနဲ့ ပြောတာပါ။ လက်ဖက်ရည် ကျွန်တော်တိုက်ပါ့မယ်"

"ကျွန်တော်တို့တိုက်ပါရစေ ရဲအုပ်ကြီးရာ"

ကိုနေသော်က ရယ်၍ ဝင်ပြောသည်။

ရဲအုပ်အောင်မင်းက ကိုနေသော်ဘက်လှည့်၍..

"ကိုနေသော်.. ခင်ဗျား မမေစံရှားရဲ့အချစ်ကိုရတာ သိပ်ကံထူးတာပဲဗျာ။ ဒီလောက် ရှာမှရှားအောင်တော်တဲ့သူမျိုးကို ခင်ဗျားရွေးချယ်နိုင်တာလည်း





ခီးကျူးပါတယ်"

ဟု အပြုံးမျက်နှာဖြင့် ပွင့်လင်းရင်းနှီးစွာ ဆိုသည်။

"ကျွန်တော် လက်ဖက်ရည် ဒကာခံပါ့မယ်ဆိုဗျာ။ လက်ဖက်ရည်တင်ကာဘူး။ မုန့်ပါစား"

ကိုနေသော်က ပြန်ပြော၏။ ကိုနေသော်စကားကြောင့် အားလုံးခါခနဲ ရယ်လိုက်မိကြသည်။

"မမေစံရှား.. သတိတော့ ထားဦးနော်"

လက်ဖက်ရည်တစ်ငုံသောက်ပြီး ခွက်ကိုပြန်ချကာ ရဲအုပ်အောင်မင်းက ပြောသည်။

"ဟိုလူတွေအန္တရာယ်လား"

"ဟုတ်တယ်"

"ကျွန်မ သတိထားပါတယ်။ အိမ်မှာလည်း ဒေါ်လေးကို သတိထားဖို့ ပြောထားပါတယ်"

"ဒီလူတွေ မမေစံရှားကို မဲလာဖို့ သေချာတယ်။ ဖြစ်နိုင်ရင် ဒီအမှုတွေ တရားရုံးမှာမပြီးပြတ်ခင် မမေစံရှားကို အကြီးအကျယ်ဒုက္ခပေးလိမ့်မယ်လို့ ကျွန်တော်ထင်နေတယ်"

"စိတ်ချပါ။ ကျွန်မမှာ ကိုယ်ခံရတော်တပ်မှူးကြီးရှိပါတယ်။ ကျွန်မမေတ္တာရပ်ခံချင်တာကတော့ မောင်သောင်းထိုက်တို့မိသားစုလုံခြုံရေးကို ဂရုစိုက်ပေးဖို့ပါပဲ"

"အဲဒီအတွက် မပူပါနဲ့။ နေရာကလည်း စိတ်ချရတဲ့နေရာပါ။ ပြီးတော့ လုံခြုံရေးအမြဲချထားပေးထားပါတယ်"

အပြင်တွင် နေသည် ပွင့်လျက်ရှိ၏။

ရာသီဥတုကလည်း ကြည်လင်လျက်ရှိနေသည်။

❦ ❦ ❦ ❦ ❦

# ၆၄

ရာဇာက တိုက်ခန်းတံခါးကို ဖွင့်လိုက်သည်။ အပြင်တွင်ရပ်နေသူမှာ ဒေါ်ခင်ခင်ကြီးဖြစ်၏။ မိတ်ကပ်တွေ၊ နှုတ်ခမ်းနီတွေနှင့်..။ အပြိုးတစ်ပွင့်က ညုတုတုမျက်လုံးများနှင့်အတူ။

"ဘာလဲ..။ မျက်လုံးကြီးပြူးပြီး ကြည့်နေလိုက်တာ။ မမခင်ကို သရဲလာခြောက်တယ် ထင်နေတာလား မသိဘူး။ ဘယ်လိုလဲ ကိုယ်တော်။ အထဲကိုဝင်ဖို့ မခေါ်တော့ဘူးလား"

ခရာတာတာ၊ ချဲချဲနွဲ့နွဲ့ ပြောစကား။

"ဟာ..မမကလည်းဗျာ။ ကျွန်တော်က မထင်မှတ်ဘဲ မမခင် ရောက်လာလို့ အံ့ဩသွားလို့ပါ။ ကျွန်တော်က မျှော်နေရသူပါဗျာ"

ရာဇာကလည်း ရောင်းသူဝယ်သူ အသံတူ ပြန်ပြောသည်။

ဒေါ်ခင်ခင်ကြီးက ရာဇာ့ကိုယ်လုံးကို သူမကိုယ်လုံးနှင့် မသိမသာ တိုက်ကာ တိုက်ခန်းတွင်းသို့ လှမ်းဝင်လာ၏။ ရာဇာက အခန်းတံခါးကို ပြန်ပိတ်သည်။

တနွဲ့နွဲ့လှမ်းလျှောက်သွားသော ဒေါ်ခင်ခင်ကြီး၏နောက်ပိုင်းအလှ ကိုငေးရင်း ရာဇာက ပြိုးလိုက်သည်။





ဒေါ်ခင်ခင်ကြီးက ဆက်တီပေါ်တွင်ထိုင်ချလိုက်ကာ လွယ်လာသော ဆလင်းဘက်ကို စားပွဲပေါ်ချလိုက်၏။ အနားသို့ကပ်လာသောရာဇာ့ကို မျက်လုံးကလေးထောင့်ကပ်၍ ကြည့်လိုက်သည်။

"မမခင်က မင်း မမခင်ကို မှတ်မိပါ့မလားလို့တောင် ထင်နေတာ"

ရာဇာက ဒေါ်ခင်ခင်ကြီးဘေးတွင် ကပ်၍ထိုင်ချလိုက်၏။ အသားချင်းထိသွား၏။

"ရင်ထဲစွဲနေတဲ့ ပုံရိပ်ပါဗျာ မမခင်ကလည်း။ အင်း.. ကျွန်တော်ကတာ စိုးရိမ်နေတာ။ မမခင် ကျွန်တော့်ကို မေ့များသွားပြီလားလို့။ လူလည်းမလာ၊ ဖုန်းခေါ်တော့လည်း စကားကောင်းကောင်းပြောလို့မရ"

"မင်းကို ဖုန်းမဆက်နဲ့လို့ မမခင်မှာထားသားပဲ။ အခုရက်တွေမှာက သားရဲ့ကိစ္စနဲ့ မမခင်တို့ ခေါင်းခြောက်နေကြတာ"

"အခု အခြေအနေကောင်းလား"

"ဆိုပါတော့..။ ဒါပေမဲ့ အမှုက မပြီးသေးဘူးလေ"

ဒေါ်ခင်ခင်ကြီးက ပြောရင်း ရာဇာ့ကိုကြည့်သည်။ သူ ဘာထူးခြားသလဲ။ ဓာတ်ပုံနှင့်ဗီဒီယိုခွေကိစ္စနှင့်ပတ်သက်၍ သူဘာပြောမလဲ။ သူ မသိချင်ဟန်ဆောင်နေတာလား။ အကဲခတ်ကြည့်၊ စူးစမ်းကြည့်။

"မမခင်..အေးအေးဆေးဆေးပဲနော်"

"ဘာဖြစ်လို့လဲ"

"မမခင်သောက်ဖို့ တစ်ခုခုစီစဉ်မလို့"

"ဟင့်အင်း..မသောက်တော့ဘူး။ မမခင်မှာ သွားစရာကိစ္စတွေမြိုသေးတယ်။ မင်းကို သတိရလို့ အချိန်လုပြီး ဝင်လာရတာ"

"ဟာ..မမခင်ကလည်းဗျာ။ မတွေ့တာ ကြာပြီဟာကို။ အချိန်များများ မပေးနိုင်ဘူးလား"

"အရေးကြီးကိစ္စ ရှိနေလို့ပါကွယ်။ မင်းက အဲဒီလိုပဲ လောဘကိုကြီးတယ်"

ဒေါ်ခင်ခင်ကြီးက ရာဇာ့ကို ပခုံးချင်းတိုက်ကာ မျက်စောင်းထိုးသည်။ ပြီးလျှင် စားပွဲပေါ်ကဆလင်းဘက်ကို ကောက်ယူကာ ထိုင်ရာမှ ထလိုက်၏။ ရာဇာက တဟဲဟဲရယ်ရင်း မော့ကြည့်နေဆဲ။

ဒေါ်ခင်ခင်ကြီး ဆက်တီရှိရာမှ အတွင်းခန်းဘက်သို့ လှမ်းထွက်သွားသည်။ အိပ်ခန်းတံခါးကိုတွန်းဖွင့်ကာ ဝင်သွားသည်အထိ ရာဇာက ငေးကြည့်

နေပြီးမှ ထိုင်ရာမှ ထလိုက်သည်။ ထမင်းစားခန်းဘက်သို့ ရာဇာထွက်လာပြီး ရေခဲသေတ္တာထဲမှ ပုလင်းပြားပြားကလေးတစ်ခုကိုထုတ်ယူကာ ဖန်ခွက်တစ်ခုကိုယူ၍ ထည့်သည်။ ပယင်းရောင်အရည်ကြည်များ။ ပြီးတော့ ထမင်းစားပွဲဘေးရှိ ထိုင်ခုံတစ်ခုံကို ဆွဲယူကာ အရသာခံသောက်သည်။

ဒေါ်ခင်ခင်ကြီးကို အချိန်ပေးထားခြင်းဖြစ်၏။

ကြည့်ရသည်မှာ ဒေါ်ခင်ခင်ကြီးသည် ဗီဒီယိုခွေကိစ္စနှင့်ပတ်သက်၍ မိမိကို သံသယဖြစ်ဟန်မရှိ။ ဘာမျှမပြောသေး။ အိပ်ခန်းထဲကျလျှင် ပြောပြကောင်း ပြမည်။ သူမ,ပြောလျှင်တော့ မိမိဘက်က အမူအရာလုံဖို့ အရေးကြီး၏။

ရွှေဥမှန်မှန်ဥပေးသော ငန်းမကြီးအား လက်လွတ်ခံ၍ မဖြစ်။

ယစ်ရွှေရည်၏အရှိန်လေး တက်လာသည်နှင့် ထိုင်ရာက ထလိုက်သည်။ အိပ်ခန်းဆီသို့ ခြေလှမ်းကို ဦးတည်လိုက်သည်။

အိပ်ခန်းတံခါးကို တွန်းဖွင့်ရင်း..

"မမခင်ရေ.. မောင်လာပြီနော်"

ဟု ပြောလိုက်သည်။

ဒေါ်ခင်ခင်ကြီး ခုတင်ပေါ် မရောက်သေး။

ခုတင်ဘေးရှိ စားပွဲခုံကလေးဘေးတွင် အခန်းဝင်ပေါက်ကို ကျောပေး၍ ရပ်နေဆဲဖြစ်၏။ လာခဲ့သည့်ပုံစံအတိုင်း အပြောင်းအလဲမရှိသေး..။

"ဟင်.. မမခင်ကလည်း။ အချိန်မရဘူးလည်းပြောသေး၊ နေတော့လည်း အေးအေးဆေးဆေး"

ရာဇာက နောက်မှနေ၍ အသာအယာချဉ်းကပ်သွားကာ ဒေါ်ခင်ခင်ကြီး၏ ကိုယ်ခန္ဓာငွားငွားစွင့်စွင့်ကြီးကို နောက်ဘက်မှသိုင်းဖက်ရင်း ပြောလိုက်သည်။

ဒေါ်ခင်ခင်ကြီးက စားပွဲပေါ်တင်ထားသော ဆလင်းဘက်အိတ်ကို ဖွင့်၍ အတွင်းသို့နှိုက်နေရာမှ..

"ရာဇာ.."

ဟု ခပ်တိုးတိုးပြန်ခေါ်သည်။ လူက မလှုပ်ရှား။ ငြိမ်လျက်..။

"ဘာလဲ မမခင်"

"မမခင်နဲ့ မင်းအကြောင်းကို သိနေတဲ့သူ ရှိတယ်။ မမခင်ကို ငွေညှစ်တယ်။ အဲဒါ ဘယ်သူဖြစ်မလဲ"

"ဟင်.. ဟုတ်လား"





ရာဇာက ဒေါ်ခင်ခင်ကြီးကို ဖက်ထားဆဲမှပင် အံ့သြဟန်ပြုလိုက်၏။ တစ်ဆက်တည်း 'မမခင်ကို ဘယ်လိုငွေညှစ်တာလဲ' ဟု ပြန်မေးလိုက်သည်။

"တတ်ပုံတွေပို့တယ်။ သူ့မှာ ဗီဒီယိုခွေရှိတယ်တဲ့။ ငွေပေးရမယ်တဲ့။ မမခင်လည်း အကျပ်ရိုက်သွားပြီး ပြဿနာတက်မှာစိုးတာနဲ့ ပေးလိုက်ရတယ်"

"ဟာ.. ဘယ်ကောင်ကများ ဒီလိုလုပ်တာလဲ မသိဘူး"

"မင်းမသိဘူးလား ရာဇာ။ တတ်ပုံရိုက်တယ်၊ ဗီဒီယိုရိုက်တယ်ဆိုတာ ဒီအခန်းထဲမှာ မင်းနဲ့မမခင်ရှိနေတုန်း ရိုက်တာ။ ဒီတိုက်ခန်းထဲကပဲ ချောင်းပြီးရိုက်တာပဲ ဖြစ်မယ်"

"မမခင်က ကျွန်တော့်ကို မယုံတဲ့သဘောလား။ အဲဒါ ကျွန်တော် ဘာမှမသိဘူး။ ကျွန်တော်က မမခင်ကိုပဲ ချစ်.."

ဒေါ်ခင်ခင်ကြီးက သူမ၏ကိုယ်လုံးကို ဆတ်ခနဲလှည့်လိုက်၍ ရာဇာက ဖက်ထားသည်ကို အလိုက်သင့်လျှော့ပေးကာ စကားလည်း တစ်ဝက်တစ်ပျက်မှာပင် ရပ်သွားသည်။

သည်မှာ..

ဒေါ်ခင်ခင်ကြီး၏ စူးရှခက်ထန်သော မျက်လုံးများကို ရာဇာမြင်လိုက်ရ၏။ အမုန်းမျက်လုံး..။

နှုတ်ခမ်းကို နာနာကြည်းကြည်းကိုက်ထားပုံကို ရာဇာမြင်လိုက်ရ၏။ ဒေါသခွန်အား..။

ဒေါ်ခင်ခင်ကြီး အဖြစ်မှန်ကိုသိနေသည်မှာ သေချာကြောင်း ရာဇာ ခေါင်းထဲတွင် ဖျတ်ခနဲ မီးနီပြသွား၏။ ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားလေ၏။

ဘယ်လိုဖြေရှင်းရပါ့။ ဘယ်နည်းလမ်းကို ရွေးရပါ့။

သို့သော် ရာဇာ ဘာမျှမတွေးနိုင်၊ အဖြေမရှာနိုင်တော့။ ရာဇာနောက်ကျသွားခဲ့ပြီ။ အရာရာ နောက်ကျသွားခဲ့ပြီ။

ဘယ်ဘက်ရင်အုံကို စူးခနဲဝင်လာသောအရာ။

"အ.."

ရာဇာ အလန့်တကြားအော်ကာ ငုံ့ကြည့်မိ၏။

လက်အိတ်စွပ်ထားသော ဒေါ်ခင်ခင်ကြီး၏လက်က ဓားကို ဆတ်ခနဲ ပြန်ဆွဲထုတ်ကာ အရှိန်ဖြင့် ဒုတိယအကြိမ် ရင်အုံကို ထပ်မံထိုးသွင်းလိုက်သည်။ အားကုန်ပါပဲ။

"အား.. မမ.. မမခင်"

❦ ❦ ❦ ❦ ❦

# ၆၅

မြင်ကွင်းက မြင်မကောင်း။

အိပ်ခန်းတွင်း ကြမ်းပြင်မှာတစောင်းလိမ်လျက် လဲနေသော ရာဇာ၏ ရင်အုံတွင် ဓားတစ်ချောင်းက စိုက်ဝင်လျက်။ ဒဏ်ရာမှ သွေးများက တိရှပ် အကျီအဝါရောင်တွင် အကွက်ကြီးစွန်းကွက်လျက်ရှိပြီး ကြမ်းပြင်ပေါ်မှာပင် သွေးကွက်သွေးစက်များ ရှိနေ၏။

ရာဇာ့မျက်လုံးကြီးတွေ ပြူးနေသည်က အံ့သြခြင်းကို ဖော်ပြနေသည်။

သေဆုံးသူ၏မျက်လုံးက စကားပြောတတ်ကြောင်း ရဲအုပ်အောင်မင်း သိထားသည်။ ရာဇာသည် မမျှော်လင့်ထားသူတစ်ဦး၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရခြင်းဖြစ်ဟန်တူ၏။

"ဖြိုးကြီးရေ.. အသေအချာလုပ်ကွာ။ တံခါးတွေ၊ ပစ္စည်းတွေမှာ လက်ဗွေရာကျန်၊ မကျန် စစ်ဆေး။ သဲလွန်စလည်းရှာ"

ရဲအုပ်အောင်မင်းက ဒုရဲအုပ်ဖြိုးကြီးကို တာဝန်ပေးရင်း ကိုယ်တိုင်ကလည်း အလောင်းဘေးတွင် မုဆိုးဒူးထောက်ထိုင်ကာ အလောင်းအနေအထား၊ ဒဏ်ရာပုံပန်းနှင့် အလောင်းဝန်းကျင်ကို လေ့လာကြည့်ရှုသည်။

ရဲတပ်ကြပ်ကြီးအုန်းသန်းက အလောင်းနှင့်တကွ အခန်းအနေ





ထားတို့ကို ရှုထောင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက်ယူသည်။ မြေပုံရေးဆွဲမှတ်ထားသည်။

ဒုရဲအုပ်ဖြိုးကြီးက သဲလွန်စနှင့် လက်ဗွေရာများ ရှာဖွေလျက်ရှိ၏။

ရာဇာ၏သူငယ်ချင်းတစ်ယောက် ရာဇာ့ထံရောက်လာရာ ခေါ်မရသဖြင့် ထူးဆန်းသည်ဟု တွေးဆပြီး ရဲစခန်းသို့ဖုန်းဆက်အကြောင်းကြားရာမှ ရဲအုပ်အောင်မင်းတို့ ရောက်လာရခြင်းဖြစ်သည်။

တံခါးက အတွင်းမှ လော့ချထား၏။ လက်ကိုင်ဘုလုံးတပ်ကျွန်းတံခါးမှ အထဲမှခလုတ်နှိပ်လျက် အပြင်မှဆွဲပိတ်သွားလျှင်လည်း တံခါးက ပိတ်သွားမည်သာ။ ကျွန်းတံခါးအပြင်က သံပန်းတံခါးမှာမူ သော့ခတ်ထားခြင်းမရှိ။ ထို့ကြောင့်လည်း ရာဇာ၏သူငယ်ချင်းက အထဲတွင် ရာဇာရှိနေသည်၊ အပြင်ထွက်သွားခြင်းမဟုတ်နိုင်ဟု ယူဆခဲ့ခြင်းဖြစ်၏။

ရဲအုပ်အောင်မင်းတို့ တံခါးကို ဖွင့်ဝင်ခဲ့ရသည်။

အထဲရောက်တော့ ရာဇာသေဆုံးနေသည်ကို တွေ့ကြရ၏။

အလောင်း၏အပူချိန်၊ သွေးကွက်များစေးကပ်ခြောက်နေပုံနှင့် ညှိနေသောအသားရောင်ကြောင့် ယမန်နေ့ကပင် သေဆုံးခဲ့ဖွယ်ရှိသည်ဟု ရဲအုပ်အောင်မင်းခန့်မှန်းသည်။

"လက်ဗွေရာမကျန်ဘူး ဆရာ။ လူသတ်သမားဟာ လက်အိတ်အသုံးပြုသွားပုံရတယ်"

ဒုရဲအုပ်ဖြိုးကြီးက သတင်းလာပို့သည်။

"တံခါးလက်ကိုင်တွေမှာ၊ ပစ္စည်းတွေမှာ လုံးဝ လက်ဗွေရာမရှိတာလား"

"ဟုတ်ကဲ့"

"ဒါဆို မင်းပြောသလို လက်အိတ်စွပ်ပြီး သတ်ခဲ့ပုံပဲ။ ဓားလက်ကိုင်မှာလည်း ငါတို့ လက်ဗွေမရနိုင်ဘူး"

"ဟုတ်တယ်"

"ဒါဆို သိမ်းကွာ"

"ဟုတ်ကဲ့"

"ဓားနဲ့ထိုးတော့ ထွက်တဲ့သွေးဟာ လက်အိတ်မှာ ပေမှာ သေချာတယ်။ ဒါတောင်မှ သွေးစသွေးနတွေ ဘယ်မှာမှ မတွေ့ဘူးလား"

"မတွေ့ဘူးဆရာ။ လူသတ်သမားဟာ လက်အိတ်ကို ရေချိုးခန်းမှာ

ရေနဲ့ဆေးကြောပြီးမှ အမြန်ပြန်ထွက်သွားပုံရတယ်''

''အိပ်ခန်းထဲမှာဖြစ်တာကိုထောက်တော့ လူသတ်သမားဟာ ဒိန်းဖြစ်ဖို့များတယ်လို့ ပြောနိုင်တယ်။ ရာဇာ့ကို သတ်ဖို့လာတဲ့ ယောကျ်ားဟာ ယောက်ယောက်ဆိုရင် ဥပဒေခန်းတို့၊ ထမင်းစားခန်းတို့မှာ သတ်နိုင်တယ်။ ပြီးတော့ သူနဲ့ရင်းနှီးကျွမ်းဝင်တဲ့အထဲက ဖြစ်နိုင်တယ်။ ရာဇာ့မှာ ချစ်သူရှိလား တွဲနေတဲ့သူ ဘယ်သူရှိလဲ စုံစမ်းရမယ်။ မနေ့ညနေပိုင်းက ဒီအခန်းကို ဘယ် သူလာလဲဆိုတာ မျက်မြင်သက်သေရှာရမယ်။ ဘေးခန်းတွေ၊ အောက်ခန်း တွေမှာ မင်းစုံစမ်း''

''ဟုတ်ကဲ့..''

ဒုရဲအုပ်ဖြိုးကြီးက ရဲအုပ်အောင်မင်း၏အမိန့်အတိုင်း စားကို ခေါ် တကျသိမ်းသည်။ ပြီးလျှင် မျက်မြင်သက်သေရှာရန် အပြင်သို့ထွက်သွားသည်။

''ဆေးရုံကို ဖုန်းဆက်ပြီး အလောင်းသယ်ဖို့ အကြောင်းကြားခဲ့ကွာ''

ရဲအုပ်အောင်မင်းက လှမ်း၍ မှာသည်။

ထို့နောက် သက်သေခံသဲလွန်စမတွေ့သည်ကို မကျေမချမ်းဖြင့် အလောင်း၏ဝန်းကျင်ကို သေချာစွာ လိုက်လံကြည့်ရှုပြန်သည်။

ကြိုးစားမှုကား အချည်းနှီးမဖြစ်။

ခုတင်အောက်အစပ်၌ ပစ္စည်းလေးတစ်ခု..။

အမျိုးသမီးသုံး ပစ္စည်းလေးဖြစ်၏။ နှုတ်ခမ်းနီဘူးကလေး..။

❦ ❦ ❦ ❦ ❦

# ၆၆

တိုင်းတရားရုံး..။

မာလာနှင့် ရဲကောင်းမြတ်အမှု..။

ရှေ့နေမလေး မေစံရှားက တိမ်ပြာကို တရားလိုပြသက်သေအဖြစ် စစ်မေးသည်။

''ညီမလေးနာမည်က ဘယ်သူပါလဲ''

''တိမ်ပြာပါ''

''ညီမလေးက ကျောင်းသူလား''

''ဟုတ်ကဲ့..။ ကျောင်းသူပါ''

''ညီမလေး ဒီဓာတ်ပုံရှင်ကို သိသလား''

မေစံရှားက ဓာတ်ပုံတစ်ပုံကို တိမ်ပြာအား ပြသည်။ မောင်သောင်းဆိုက်၏ပုံဖြစ်သည်။

''ဟုတ်ကဲ့.. သိပါတယ်။ ကျွန်မတို့နဲ့ အိမ်ချင်းကပ်လျက်ကပါ။ သူ့နာမည်က ကိုသောင်းထိုက်ပါ''

တိမ်ပြာ့အဖြေကြောင့် တရားခံခုံတွင်ရှိနေသော ရဲကောင်းမြတ် မျက်လုံးပြူးသွားသလို ဦးကျော်မြတ်သည်လည်း တုန်လှုပ်သွား၏။ တရားခံအကျိုး

ဆောင် ဦးမင်းထွေးနောင်သည်လည်း မျှော်လင့်မထားသောသက်သေ ပေါ်လာ၍ အံ့အားတသင့်ဖြစ်သွားသည်။

"ညီမလေးကို တစ်ခုမေးချင်ပါတယ်။ သေချာစဉ်းစားပြီး ဖြေပေးပါ (..၊..၊၂၀၀၇) အဂါနေ့ညက ညီမလေး ဘယ်အချိန်အိပ်လဲ"

"စာကျက်ပြီးမှ အိပ်ပါတယ်။ ဆယ့်တစ်နာရီခွဲလောက်ပါ"

"ညီမလေးရဲ့ စာကြည့်စားပွဲက အိမ်ရဲ့ဘယ်နားမှာ ရှိသလဲ"

"အိမ်ရှေ့မျက်နှာစာ သံဆန်ကာကို မျက်နှာမူပြီး ကပ်ထားပါတယ်"

ဦးမင်းထွေးနောင်က မေစံရှားဘာတွေလျှောက်မေးနေသလဲဟု နားမလည်စွာ ငေးကြည့်နေ၏။ တစ်ခုခုများ မေစံရှား အကွက်သစ်ထုတ်၍ သုံးလေသလား။

"ဒါဆိုရင် ညီမလေးစာကျက်ချိန် အိမ်ရှေ့လမ်းကို လှမ်းကြည့်ရင် မြင်ရမှာပေါ့"

"မြင်ရပါတယ်"

"အဲဒီညက မီးလာသလား"

"လာပါတယ်။ ကျွန်မတို့အိမ်ရှေ့နဲ့ ကိုသောင်းထိုက်တို့အိမ်ရှေ့ ကြားတည့်တည့်မှာ ဓာတ်မီးတိုင်ရှိပါတယ်"

"ဒါဆိုရင် အဲဒီညက မောင်သောင်းထိုက်အိမ်ပြန်လာတာကို ညီမလေးသတိထားမိလား"

"ဟုတ်ကဲ့..။ ကိုသောင်းထိုက် ကျွန်မစာကျက်နေတုန်း ညဆယ်နာရီမထိုးမီ ဆယ်မိနစ်မှာ အိမ်ပြန်လာတာကို တွေ့ပါတယ်"

"အချိန်အတိအကျ ဘာကြောင့်ပြောနိုင်ပါသလဲ"

"ကျွန်မရဲ့ စာကြည့်စားပွဲပေါ်မှာ စားပွဲတင်နာရီ တင်ထားပါတယ်။ ကျွန်မက ဘာသာရပ်တွေကို အချိန်ဇယားနဲ့ စာကျက်တတ်လို့ပါ။ ကိုသောင်းထိုက်ပြန်လာချိန်မှာ ကျွန်မက နာရီကို ကြည့်လိုက်မိလို့ပါ"

"ညဆယ်နာရီထိုးဖို့ ဆယ်မိနစ်နော်..။ သေချာတယ်နော်"

"သေချာပါတယ်"

"မောင်သောင်းထိုက်က တစ်ယောက်တည်းပြန်လာတာလား"

ရဲကောင်းမြတ်မျက်လုံးတွေ ပို၍ပြူးကျယ်လာခဲ့ပေပြီ။

"မဟုတ်ပါဘူး။ ကိုသောင်းထိုက်ကို သူ့သူငယ်ချင်း လိုက်ပို့တာပါ"

"သူ့သူငယ်ချင်းကို ညီမလေးသိလား။ ဘယ်သူလဲ"





"သိပါတယ်။ ခါတိုင်းလည်း ကိုသောင်းထိုက်တို့အိမ်ကိုလာတာ တွေ့ပါတယ်"

"သူ့နာမည်ကို သိလား။ နေဦး ညီမလေး..။ ညီမလေးပြောတဲ့ မောင်သောင်းထိုက်ရဲ့သူငယ်ချင်းဆိုတာ ဒီတရားခွင်ထဲမှာ ပါသလား။ ရှာကြည့်ပါ။ တွေ့ရင် ပြပါ"

တိမ်ပြာက အခန်းကို ဝေ့ကြည့်သည်ဆိုရုံမျှကြည့်ပြီးနောက် ရဲကောင်းမြတ်ထံတွင် အကြည့်များရပ်သွားသည်။

"ဟိုအစ်ကိုကြီးပါ။ ဟုတ်ပါတယ်။ သူပါ..။ နာမည်က ကိုရဲကောင်းမြတ်ပါ"

ရဲကောင်းမြတ် ရင်တွေတဒိန်းဒိန်းခုန်သွားသည်။ မျက်နှာတွင် ချွေးများပြန်လာ၏။ အမူအရာတွေ တည်ငြိမ်အောင်ကြိုးစားသော်လည်း မရတော့။

"ဟုတ်ပါပြီ။ အဲဒီညက မောင်သောင်းထိုက်ကို ရဲကောင်းမြတ်က လိုက်ပို့တယ်လို့ ညီမလေးဘာကြောင့်ပြောနိုင်လဲ"

"ကိုရဲကောင်းမြတ်က ကားနဲ့လိုက်ပို့တာမို့လို့ပါ"

"ကားက ဘာကားလဲ။ ဘာအရောင်လဲ"

"ပါဂျဲရိုးပါ။ မီးခိုးရောင်ပါ"

"အဲဒီညက မောင်သောင်းထိုက်ကို ရဲကောင်းမြတ်လိုက်ပို့တဲ့မြင်ကွင်းနဲ့ ညီမလေး တွေ့မိ၊ ကြားမိတာတွေကို ပြန်ပြီး သေသေချာချာပြောပြနိုင်မလား"

"ပြောပြနိုင်ပါတယ်။ ကားရပ်သံကြားလို့ ကျွန်မက စာကျက်ရာကနေ လှမ်းကြည့်လိုက်တော့ ကားတံခါးဖွင့်ပြီး ကိုသောင်းထိုက်ဆင်းလာတာ တွေ့ပါတယ်။ အောက်ရောက်မှ ကားပြတင်းကနေ အထဲကို ခေါင်းဝင်ပြီး တစ်စုံတစ်ခုကို ပြောလိုက်ပါတယ်။ ကိုရဲကောင်းမြတ်က 'ဒါ..ငါ့အလုပ်ပါ။ မင်းအေးအေးသာနေ။ မနက်ဖြန် ငါတို့ဆုံနေကျ လက်ဖက်ရည်ဆိုင်မှာ ဆုံမယ်' လို့ ပြန်ပြောပါတယ်။ ပြီးတော့ ကားစက်နှိုးပြီး ကားပြန်ထွက်သွားပါတယ်"

"နည်းနည်းလောက် ညီမလေး။ သေချာရှင်းလင်းအောင် မေးချင်ပါတယ်။ မောင်သောင်းထိုက်ပြောတဲ့စကားကို ညီမလေးစာကျက်တဲ့နေရာက သေချာပီသစွာ ကြားနိုင်ရဲ့လား။ ကားထဲက ကားမောင်းသူဟာ ရဲကောင်းမြတ်ပါလို့ ဘာကြောင့်တိတိကျကျပြောနိုင်လဲ"

မေစံရှားက တရားခံအကျိုးဆောင်ထောက်ပြလာမည့်အချက်ကို ကြို

တင်၍ ပိတ်ဆို့တားရန် ကြိုးစားလိုက်ခြင်းဖြစ်၏။

"ကျွန်မတို့အိမ်နဲ့ ကိုသောင်းထိုက်တို့အိမ်က ကပ်လျက်ပါ။ အိမ်ခုံ
ချင်း နှစ်ပေလောက်ပဲ ကွာပါတယ်။ ပြီးတော့ ကျွန်မတို့အိမ်က အိမ်ရှေ့လမ်း
ဆယ်ပေလောက်ပဲကွာပါတယ်။ ဒါကြောင့် ကိုသောင်းထိုက်တို့ကို သေသေချာ
ချာမြင်ရသလို ညအချိန် လမ်းထဲမှာ လူသံသူသံတိတ်ဆိတ်နေတာမို့ စကား
ကို ကြားလိုက်ရခြင်းဖြစ်ပါတယ်။ လူတွေကို သေသေချာချာ၊ သဲသဲကွဲ
မြင်ရတာကတော့ လမ်းမီးရောင်ကြောင့်ရယ်၊ ကိုသောင်းထိုက်ကားပေါ်ကဆင်း
ချိန်မှာ ကားအတွင်းမီးဖွင့်ထားတာကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ကားမောင်း
သူဟာ ကိုရဲကောင်းမြတ်ဖြစ်ကြောင်း တိတိကျကျပြောနိုင်တာပါ"

"ကျေးဇူးတင်ပါတယ် ညီမလေး"

မေစံရှားက တရားသူကြီးကို ဦးညွှတ်လျက်..

"ကျွန်မမေးချင်တာ ပြည့်စုံသွားပါပြီ"

ဟု တင်ပြလျက် ပြန်ထိုင်သွားသည်။

တရားသူကြီးဦးဒီပါက ဦးမင်းထွေးနောင်ကို လှမ်းကြည့်၏။

"တရားခံအကျိုးဆောင်ကြီးက ပြန်လှန်မေးခွန်းများ မေးနိုင်ပါ
တယ်"

ဦးမင်းထွေးနောင်က ဦးကျော်မြတ်ကို တစ်ချက်လှမ်းကြည့်ပြီး
ထိုင်ခုံက ထသည်။ သူ့သဏ္ဌာန်၊ သူ့ဟန်ပန်က လေးကွေးတုံ့ဆိုင်းနေ၏

❦ ❦ ❦ ❦ ❦

"ကျွန်မထပ်မံတင်ပြထားတဲ့ တရားလိုပြသက်သေ (၅) ကို မေးခွင့်
ပြုပါ"

"မေးပါ"

"တရားလိုပြသက်သေ (၅) ဖြစ်တဲ့ မောင်သောင်းထိုက်ရောက်နေပါပြီ
လား။ သက်သေအဖြစ် အစစ်ခံဖို့ လာပါ"





စောစောက တရားခွင်အတွင်း၌ မောင်သောင်းထိုက်မရှိသေး။ ခေါ်သံ
ကြားမှ တရားခွင်အတွင်းသို့ မောင်သောင်းထိုက်ဝင်လာသည်။ မောင်သောင်း
ထိုက်ကို လိုက်ပို့သူမှာ ရဲအုပ်အောင်မင်းဖြစ်သည်။

မောင်သောင်းထိုက်ကို မြင်လိုက်ရသဖြင့် တရားခံခုံမှ ရဲကောင်းမြတ်
တစ်ယောက် ထိုင်ရာမှ ထလိုက်မိမတတ် ဖြစ်သွားသည်။ မျက်နှာက သွေးမရှိ
တော့သလို ဖြူဖျော့သွား၏။ အံ့ဩနားမလည်မှုများ၊ မယုံကြည်နိုင်မှုများ၊
ဒေါသများဖြင့် စူးစူးရဲရဲလှမ်းကြည့်လိုက်သော်လည်း ထိုမျက်လုံးများတွင် ဂနာ
မငြိမ်မှုများ၊ တုန်လှုပ်ချောက်ချားမှုများကို ထိန်းချုပ်ဖုံးကွယ်၍မရ၊ ရင်တွေတုန်
ကာ လက်ဖျားခြေဖျားတွေ ချက်ချင်းအေးစက်သွားသည်။

ဦးကျော်မြတ် ကြက်သေသေကာ "ဒါ.. ဘယ်လိုဖြစ်တာလဲ။ ဒီ
ကောင် ဘယ်ကနေ ဘယ်လိုရောက်လာတာလဲ" ဟု နှုတ်မှ လွှတ်ခနဲထွက်သွား
သည်။ ဒေါ်ခင်ခင်ကြီးသည်လည်း တုန်တုန်ယင်ယင်ဖြစ်သွားကာ ဦးကျော်မြတ်
ထက်မောင်းကို ချောက်ချောက်ချားချားဆုပ်ကိုင်လိုက်မိ၏။

ဦးမင်းထွေးနောင်သည်လည်း ဦးကျော်မြတ်ကိုတစ်လှည့်၊ မောင်
သောင်းထိုက်ကိုတစ်လှည့် ကြည့်ရင်း အကြီးအကျယ်မျက်နှာပျက်နေသည်။
သွားပြီ။ မိမိတို့ဆင်ထားခဲ့သမျှ အမှုတစ်ခုလုံးကို မေစံရှား မြေလှန်ဖျက်ဆီးပေ
တော့မည်။ မိမိတို့ အလူးအလဲ ထိုးစစ်ဆင်ခံရပေတော့မည်။

မောင်သောင်းထိုက်ကမူ ရဲကောင်းမြတ်ကိုရော၊ တရားခွင်ရှိ လူများ
အားလုံးကိုပါ မည်သူ့ကိုမျှမကြည့်ဘဲ သက်သေထွက်ဆိုရမည့်နေရာသို့ အေး
ဆေးစွာလျှောက်ဝင်လာပြီး ရပ်လိုက်သည်။

ပြီးနောက် တရားသူကြီးရှေ့တွင် မှန်ကန်စွာထွက်ဆိုပါမည်ဟု ကျမ်း
သစ္စာကျိန်ဆိုလိုက်သည်။

ထို့နောက်မှာတော့..

မေစံရှား၏မေးခွန်းများက ရဲကောင်းမြတ်၏လည်ကို ကြိုးဖြင့် တစ်ရစ်
ပြီးတစ်ရစ် ချည်နှောင်လာသလို..

မောင်သောင်းထိုက်၏အဖြေများကလည်း မေစံရှားချည်သမျှ ကြိုး
များကို ခိုင်မာအောင် ထုံးဖွဲ့ပေးနေသည်သို့..။

ယမုံစားသောက်ဆိုင်တွင် ရဲကောင်းမြတ်နှင့်သူ စားသောက်ရင်း
ပြောခဲ့သော စကားများ..။

လမ်းချိုးကလေးထဲမှစောင့်၍ မာလာကျူရှင်မှအပြန်တွင် ရဲကောင်း

မြတ်က မေ့ဆေးဖြင့် မာလာ့ကိုအုပ်ကာ ကားပေါ်သို့ဆွဲတင်ခဲ့ပုံများ..။

ရဲကောင်းမြတ်တို့ပိုင် ဂိုဒေါင်တစ်လုံးသို့ ခေါ်သွားပြီး ရဲကောင်းမြတ်က မာလာအား အဓမ္မပြုကျင့်ကြောင်းများ..။

မာလာသတိရလာလျှင် ရဲကောင်းမြတ်ကို ဖော်ထုတ်နိုင်သည်ဖြစ်၍ ကိစ္စရှင်းနှုတ်ပိတ်ရန် ရဲကောင်းမြတ်က ဂိုဒေါင်တွင်းရှိ သံချောင်းဖြင့် မာလာ ခေါင်းကို ထုရိုက်ခဲ့ကြောင်းများ..။

မာလာသေဆုံးသွားပြီဟု ယူဆ၍ ကားနှင့်တင်ယူကာ လူရှင်းသော နေရာ၌ သွားရောက်ပစ်ခဲ့ပုံများ..။

ပြီးမှ သူ့အား ရဲကောင်းမြတ်က အိမ်လိုက်ပို့ခဲ့ပုံများ။ ပါးစပ်ပိတ်ထား မပိတ်ရင် မာလာ့နောက်လိုက်ရမယ်ဟု ကြိမ်းဝါးသတိပေးခဲ့ပုံများ..။

သက်သေခံပစ္စည်းအထောက်အထားများနှင့်တကွ မေစံရှားက မောင်သောင်းထိုက်ကို ထောင့်စေ့အောင် အကွက်ကျကျမေး၍ တရားခံအကျိုးဆောင်ကြီး ပျော့ကွက်ရှာမရအောင် ကျေနပ်သည့်ထိ မေးပြီးမှ ပြန်ထိုင်သွားသည်။

ဦးမင်းထွေးနောင်အဖို့မူ မောင်သောင်းထိုက်ကို ပြန်လှန်မေးခွန်းများ မေးသာမေးရ၏။ မေစံရှားထိုက်စစ်ဆင်ထားခဲ့မှုအောက်မှာ ဖရိုဖရဲသာ..

❦ ❦ ❦ ❦ ❦

# ၆၇

တရားခွင်ပြီးပြီးချင်း ရဲအုပ်အောင်မင်းက မောင်သောင်းထိုက်ကို တရားရုံးမှ ချက်ချင်းပြန်ခေါ်သွားသည်။ ဦးကျော်မြတ်တို့ထွက်လာသောအခါ မောင်သောင်းထိုက်ကို မမြင်ရတော့။

ရဲကောင်းမြတ် အံတကြိတ်ကြိတ်။

"ဒီကောင် သစ္စာဖောက်တာပဲ။ ခွေးကောင်.."

နှုတ်မှ မကျေမနပ် ကျိန်ဆဲရေရွတ်သည်။

ဦးကျော်မြတ်က..

"ကိစ္စမရှိဘူး သား။ သူလည်း ဒီကိစ္စမှာ ပါနေတာပဲ။ တို့ရှေ့နေကြီးက ဒါကို တိုက်ဖျက်သွားမှာပါ"

ဟု ရဲကောင်းမြတ်ကို နှစ်သိမ့်မှုပေးသည်။ နှစ်သိမ့်မှုပေးပင်ပေးငြားသော်လည်း သူကိုယ်တိုင်ကမူ ရင်တွေပူနေ၏။

မောင်သောင်းထိုက်ကို သူတို့မမေ့မလျော့သတိထားခဲ့ကြသည်ကြားမှ မထင်မှတ်ဘဲ တရားခွင်မှာ ဘွားခနဲပေါ်လာသည်။ သူ့ကို ဘယ်လိုရှာပြီးခဲ့သနည်း။ မည်သို့စည်းရုံးခဲ့သနည်း။ တရားရုံးသို့ ပေါ်မလာမီ သူဘယ်မှောက်နေသနည်း။

စိတ်ကူးသစ်စာပေ

ဦးကျော်မြတ်တို့ မျက်လှည့်ပြခံခဲ့ရသည်။

ဒါသည် မေစံရှားလက်ချက်ပေပဲ။ မေစံရှားတိုက်ကွက်ပေပဲ။ အား
ရှေ့နေမ။

ရှေ့နေကြီးဦးမင်းထွေးနောင်က တရားရုံးမှာ ဦးကျော်မြတ်နာ
၍..

"ဒါ.. ဘယ်လိုဖြစ်ရတာလဲအစ်ကိုကြီး။ ဒီသောင်းထိုက်ဆိုတဲ့ ကော
ကလေးကို ကျွန်တော်တို့က အမှုမှာ ခြေရာဖျောက်ထားတာ။ အခု ဘယ်
ပေါ်လာတာလဲ"

မေးသည်။

"ကျုပ်လည်း မပြောတတ်တော့ဘူး။ ကျုပ်လူတွေကို သူ့ကို ဆော
ကြည့်ခိုင်းထားတာ။ သူတို့မိသားစု နယ်သွားနေကြတယ်လို့ပဲ သတင်းရတာ
တကယ်တော့ မေစံရှားအကြံဉာဏ်တွေပဲ ရှေ့နေကြီး။ သောင်းထိုက်ကို ဆည်း
ပြီး ကျွန်တော်တို့မျက်ခြည်ပြတ်အောင် လုပ်ထားတာ။ ရှေ့နေမနဲ့ ရဲအုပ်ကော
မင်း ပေါင်းပြီး တစ်နေရာရာမှာ သူတို့ကို ဝှက်ထားပုံပဲ"

ဦးကျော်မြတ်၏ မချင့်မရဲအဖြေ..။

"ဒါကြောင့် ကျွန်တော်ပြောခဲ့တာ။ မေစံရှားကို လျှော့မတွက်သင့်
လို့.."

"အင်း.. ကျုပ်နည်းနည်းပေါ့လျော့သွားတယ်လို့ ဝန်ခံရမှာပဲ။ ကျုပ်
သူ့ကို ဒီလောက်ထင်မထားခဲ့ဘူး။ ခင်ဗျား ဒီနေ့ တရားရုံးမှာ သောင်းထိုက်
မေးတဲ့ မေးခွန်းတွေကိုလည်း ကျုပ်အားမရဘူးဗျာ"

"ဒါက ဖြုန်းခနဲ့ မထင်မှတ်တဲ့နေရာက ပေါ်လာတဲ့ ရန်သူလေ
သူ့ကို တိုက်ခိုက်ဖို့ ကျွန်တော့်မှာ ပြင်ဆင်ထားတာမှ မရှိတာ"

"ကျုပ်တို့ ဘယ်လိုဆက်လုပ်မလဲ"

ဦးကျော်မြတ်အမေးကို ဦးမင်းထွေးနောင် ရုတ်တရက်အဖြေမပေး
သူ့တွင် ဖြေရန် အသင့်မရှိ။ ဟိုလှည့်သည်လှည့်ဖြင့် အချိန်အတန်ကြာစဉ်း
ပြီးမှ..

"ဒီကောင်လေးပေါ်လာတော့ ကျွန်တော်တို့ ဟိုရုံးမှာ ဆင်ထား
ရှောင်လွှဲပြီး လျောထွက်ရေးလမ်းကြောင်းက လုံးဝအကွက်ပျောက်သလို
သွားပြီ အစ်ကိုကြီး။ ဒီကောင်လေးရဲ့ ထွက်ချက်တွေက ခိုင်မာနေတယ်။
ကလည်း ဒီကောင်လေးထွက်ချက်အရ အခင်းဖြစ်နေရာက သံတုတ်ကို ရွာ





ပြီး သက်သေခံအဖြစ် တင်လာတာ။ သံတုတ်မှာ ကောင်မလေးရဲ့ဆံပင်လည်း
တွေ့ခဲ့ပုံရှိတယ်။ အဲဒါဆိုရင် ငြင်းမရအောင် ကျွန်တော်တို့ ချည်မိတုပ်မိနေပြီ"

ခပ်လေးလေးဖြေသည်။ အဖြေမှာ အသံက ပျော့လျက်..။ မွန်းကျပ်
နေဟန်များ အထင်အရှား..။

"ဒါဖြင့် ရှေ့ရုံးချိန်းတွေမှာ ခင်ဗျားဘယ်လိုထုချေမလဲ"

"ကျွန်တော်တို့က ဦးဇာဂနဲ့ ဦးသူရိယကို အရင်ရုံးမှာ တင်ပြထား
တာဆိုတော့ ဒီရုံးမှာ တခြားလမ်းကြောင်းပြောင်းလို့ မရနိုင်တော့ဘူး"

"သူတို့ရဲ့ ထွက်ဆိုချက်က အရာရောက်ပါ့မလား"

"ကြိုးစားကြည့်ရမှာပဲ"

ဦးကျော်မြတ် ခေါင်းကို လေးပင်စိတ်ပျက်စွာ ယမ်းနေသည်။ ဦးကျော်
မြတ်နှင့် ဦးမင်းထွေးနောင်တို့၏ စကားကို နားထောင်နေသော ဒေါ်ခင်ခင်ကြီး
မှာ တစ်စုံတစ်ရာအကြံဝင်၍မပေးနိုင်ဘဲရှိနေ၏။ သူမ မျက်နှာပျက်နေသည်မှာ
သွေးပင်မရှိတော့..။

"အခုအတိုင်းဆိုရင် ကျွန်မတို့ ရှုံးတော့မှာပေါ့နော်"

ဦးကျော်မြတ်က ဒေါသဖြင့် ဖနီးဖြစ်သူကို ငဲ့ကြည့်၏။

"ပါးစပ်ပုပ်ကြီးနဲ့ မပြောစမ်းနဲ့"

"ရှုံးရင်တော့ သားလေးဒုက္ခရောက်ပြီ၊ ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ
ဟင်"

ဦးမင်းထွေးနောင်က ဝင်၍..

"ကျွန်တော်တို့က တရားရုံးမှာ မေစံရှားတိုက်ကွက်တွေကို ချေဖျက်
နိုင်မယ့်နည်းလမ်း ရှာပါ့မယ်။ အစ်ကိုကြီးက အခြားနည်းလမ်းတွေ ရှာကြည့်
ပါဦး"

ခပ်တိုးတိုးအကြံပြုသည်။

"ခင်ဗျားက ဘာလုပ်စေချင်တာလဲ"

ဦးကျော်မြတ်က ဦးမင်းထွေးနောင်ကို စိုက်ကြည့်ပြီး မေးသည်။

ဦးမင်းထွေးနောင်က ပတ်ဝန်းကျင်ကို တစ်ချက်ငဲ့ကြည့်အကဲခတ်ပြီး
မှ ဦးကျော်မြတ်နားသို့ ထပ်မံတိုးကပ်ကာ လေသံမှုဖြင့် ပြောသည်။

"အကောင်းဆုံးနည်းလမ်းကတော့ တစ်ခုပဲရှိတယ်။ မေစံရှားကို
စည်းရုံးဖို့ပဲ"

❦ ❦ ❦ ❦ ❦

ဦးထွေးက မျက်ရည်ဝိုင်းနေသောမျက်လုံးများဖြင့် မေစံရှား၏လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်ကာ..

"တူမရယ်.. တူမရဲ့ကြိုးစားမှုတွေကို ဒီနေ့ ကျွန်တော် ထင်ထင်ရှားရှားတွေ့လိုက်ရပြီ။ ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်။ ဒီအတိုင်းဆို ကျွန်တော့်သမီးလေးအမှုဟာ အမှုမှန်ဖြစ်လာတော့မှာပါ"

ဝမ်းသာတုန်ခိုက်စွာ ပြောသည်။

မလှမြင့်ကလည်း ဝင်၍..

"တရားရုံးမှာရှိတဲ့ လူတွေအားလုံးကတော့ ဆရာမလေးကို အရမ်းချီးကျူးနေကြတယ်။ ကျွန်မတို့နိုင်မှာ သေချာတယ်တဲ့"

ဟု အားပါးတရပြောသည်။

"ပွဲက မပြီးသေးဘူး မလှမြင့်ရဲ့"

"မမက တိမ်ပြာနဲ့ကိုသောင်းထိုက်ကို တရားရုံးရောက်အောင် ခေါ်လာနိုင်တာက မာလာ့အမှုကို နိုင်ဖို့သေချာသွားစေတာပေါ့။ ကျွန်မသူငယ်ချင်းကို မတရားစော်ကားထားတဲ့ လူယုတ်မာတော့ သွားပြီ။ ကိုသောင်းထိုက်တရားရုံးထဲဝင်လာတဲ့အချိန်ကဆိုရင် အဲဒီကောင် သရဲခြောက်ခံလိုက်ရသလို လန့်ဖျပ်သွားတာ မြင်လိုက်ရတယ်။ ကျွန်မ သိပ်အားရတာပဲ"

သီတာကပါ မေစံရှားလက်မောင်းကို ဆုပ်ကိုင်၍ ပွင့်လင်းစွာပြောသည်။

"ကျွန်မကို ကျေးဇူးမတင်ကြပါနဲ့။ မောင်သောင်းထိုက်နဲ့ တိမ်ပြာကို သာ ကျေးဇူးတင်ကြရမှာ။ သူတို့ရဲ့ ဖြောင့်မတ်တဲ့စိတ်တတ်နဲ့ ရဲရင့်တဲ့သတ္တိကို ချီးကျူးကြရမှာပါ"

မေစံရှားက ပီတိနှင့်အတူ ရိုးရှင်းစွာပြန်ပြော၏။

"ဟာ.. ဒီလိုဘယ်ဟုတ်မလဲ။ သူတို့ကို ကျေးဇူးတင်ချီးကျူးရမှာ အမှန်ပေမယ့် တူမအစွမ်းအစကြောင့် ခုလိုဖြစ်လာရတာပါ။ အရင်တရားရုံးမှာ ဟုန်းက သူတို့တွေ ပျောက်နေတာလေ"

ဦးထွေးမျက်နှာတွင်မူ အပျော်ရိပ်များဖြင့် ကြည်လင်လန်းရွှင်လျက်ရှိနေ၏။

ကိုနေသော်က..

"မောင်သောင်းထိုက်ကို ရဲအုပ်ကြီးက လုံခြုံရေးအပြည့်အဝပေးထားရတာ။ ပြီးတော့ ကျွန်တော်တို့လုပ်ချင်သမျှကို ရဲအုပ်ကြီးက အပြည့်အဝ





ထောက်ပံ့အားဖြည့်ခဲ့တာ။ သူ့ကျေးဇူးလည်း မမေ့ပါနဲ့ ဦးလေးရယ်"

ဟု ဝင်ပြောသည်။

"ဆရာလေးနဲ့ ဆရာမလေးကတော့ တကယ်ပါပဲ။ သူများကျေးဇူးတွေချည်း ပြောနေတယ်"

မလှမြင့်စကား..။

"ဟုတ်တယ်။ မမနဲ့အစ်ကိုကြီးက ကိုယ့်ကိုယ်ကိုယ် သိပ်နှိမ့်ချတာပဲ"

သီတာ၏ ထောက်ခံမှု။

မေစံရှားက ပြုံးလိုက်သည်။

"အမှုမှန်ပေါ်လာရင် ကျွန်မတို့ကြိုးစားရကျိုးနပ်ပါပြီ။ ဒါပေမဲ့ ရှေ့ကို တစ်ဖက်က ဘာတွေထပ်ပြီး လုပ်လာဦးမလဲဆိုတာ အတိအကျမခန့်မှန်းနိုင်သေးဘူး။ ဦးကျော်မြတ်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက တော်ရုံလူမဟုတ်ဘူး။ ပြီးတော့ ရှေ့နေကြီးဦးမင်းထွေးနောင်ဆိုတာလည်း ဝါရင့်သမ္ဘာရင့် ရှေ့နေကြီးပါ။ ကျွန်မတို့ အများကြီးကြိုးစားရဦးမယ်"

ဦးထွေးက..

"တူမလေးတို့လည်း သတိထားပါကွယ်။ တော်ကြာ တူမလေးတို့ကို ဒုက္ခတွေဘာတွေ ပေးလာမှဖြင့် မခက်လား"

စိတ်ပူစကား ပြောသည်။

"ဟုတ်တယ်..။ သူတို့က ယုံရတာမဟုတ်ဘူး။ ကြည့်ပါလား။ ဟိုနေ့က သက်သေတွေဆိုရင် အမှန်ကိုမပြောရဲကြဘူး"

မလှမြင့်က ဝေဖန်ချက်ဝင်ပေးသည်။ သီတာကတော့ ထိုအကြောင်းနှင့်ပတ်သက်၍ ဘာမျှဝင်မပြော..။

"ကျွန်မတို့အတွက် မပူပါနဲ့။ အဓိကကတော့ ကျွန်မတို့က အမှုနိုင်ဖို့ကြိုးစားနေသလို ဦးလေးတို့ကလည်း မာလာ့ကို ဂရုစိုက်ပေးပါ။ အခု မာလာ့အခြေအနေ အရမ်းတိုးတက်လာတယ်မဟုတ်လား"

"ဟုတ်တယ် တူမ။ ကျွန်တော်တို့ကို မှတ်မိစပြုနေပြီ။ စကားလည်း တစ်ခွန်းစနှစ်ခွန်းစ ထွက်လာပြီ။ ကျွန်တော်တို့ပြောရင်လည်း နားလည်တဲ့မျက်လုံးတွေနဲ့ ကြည့်တယ်။ အရင်ကဆို အရုပ်လိုဖြစ်နေတာ"

"ကဲ.. ကျွန်မတို့ကို ခွင့်ပြုပါဦး။ ကျွန်မ ရဲအုပ်ကြီးကို တွေ့စရာရှိသေးလို့ပါ"

မေစံရှားက စကားဖြတ်၍ ခွင့်တောင်းသည်။

"တူမတို့ကို ပြီးမှပဲ ကန်တော့တော့မယ်နော်"

ဦးထွေးက တောင်းပန်သလို ပြော၏။

"အဲဒါတွေ စိတ်ထဲမှာ မထားပါနဲ့။ ကျွန်မတို့က ဆွေမျိုးတွေဖြစ်နေပါပြီ"

မေစံရှားနှင့်ကိုနေသော်တို့ နှုတ်ဆက်ပြီး ထွက်ခွာသွားသောအခါ မလှမြင့်က ကြည့်ပြီး..

"သူတို့ကို အားကျချီးကျူးလိုက်တာနော်။ သူတို့နှစ်ယောက် စိတ်တူကိုယ်တူရှိကြတယ်။ သိပ်ပြီးသဘောမနောကောင်းကြတဲ့ စုံတွဲပဲ"

နှစ်လိုစွာ ပြောသည်။

"သီတာလည်း မမမေစံရှားကို အရမ်းအားကျတယ်။ သူ့လို ရှေ့နေလုပ်မယ်လို့ သီတာစိတ်ကူးမိတယ်"

သီတာ၏ရင်ထဲက ဆန္ဒပေါ်ထွက်လာသည်။

ဦးထွေးကလည်း ထောက်ခံမှတ်ချက်စကား ဆိုလေ၏။

"ငါ့တစ်သက်မှာ ဒီလိုတော်ပြီး ဒီလောက်ပြည့်ဝတဲ့ မိန်းကလေးမျိုး မတွေ့ဖူးသေးဘူး။ သိပ်ကြည်ညိုဖို့ကောင်းတာပဲ"

❦ ❦ ❦ ❦ ❦

"ကိုအောင်မင်း.. မောင်သောင်းထိုက်တို့ကို ပိုပြီးဂရုစိုက်ပေးပါနော်"

မေစံရှား၏ မေတ္တာရပ်ခံစကားကြောင့် ရဲအုပ်အောင်မင်း ပြုံးလိုက်သည်။

"စိတ်ချ.. လုံးဝစိတ်ချထားပါ။ ဒီအမှုမှာ မမေစံရှား ရှေ့ကပြောနေသမျှ ကျွန်တော် နောက်က အပြည့်အဝပံ့ပိုးပေးနေမှာ။ မပူပါနဲ့"

"အရင်ရက်တွေက ဒီအမှုမှာ မောင်သောင်းထိုက်ပေါ်လာမယ်တို့ သူတို့ထင်မှတ်ထားချင်မှ ထားမှာလေ။ ဒီနေ့ မောင်သောင်းထိုက်ပေါ်လာပြီး ပြီးတော့ မောင်သောင်းထိုက်က သူတို့အတွက် အဓိကဆူးငြောင့်ခလုတ်လေ။





သူတို့ မကျေနပ်တာ သေချာတယ်။ ဒါကြောင့် မောင်သောင်းထိုက်ကို အန္တရာယ်ထင်ခုခု ပေးနိုင်တယ်"

"ဒါကြောင့်လည်း တရားခွင်ပြီးပြီးချင်း မောင်သောင်းထိုက်ကိုခေါ်ပြီး ကျွန်တော်ပြန်လာတာလေ။ သူတို့ကို မျက်ခြည်ဖြတ်ထားခဲ့တာ။ အင်း.. ကျွန်တော်က သူတို့ မောင်သောင်းထိုက်ထက်ပိုပြီး မမေစံရှားကို ပစ်မှတ်ပြုလာလိမ့်မယ်လို့ထင်တယ်။ မမေစံရှား သတိထားစေချင်တယ်။ ကျွန်တော်က မမေစံရှားအတွက် စိတ်ပူတာ"

"ခုလို စိတ်ပူပေးတာ၊ သတိပေးတာ ကျေးဇူးပါပဲ။ ကျွန်မသတိထားပါမယ်"

ကိုနေသော်ကလည်း မမေစံရှားကို ပိုပြီးဂရုစိုက်ပေးပါဗျာ။ ဒီတိုက်ပွဲမှာ သူက စစ်သူကြီးဗျ။ သူ့ကိုထိခိုက်လို့ မဖြစ်ဘူး"

ကိုနေသော် ပြုံးသည်။ အရယ်ကလေးပါစွက်၍..

"ကျွန်တော်က အဲဒါကြောင့် အိမ်ကို တစ်ခါတည်း အပြီးခေါ်ထားချင်တာ။ တစ်စက္ကန့်၊ တစ်မိနစ်မလပ် ကြည့်နေလို့ရတယ်လေ"

ဟု ပြောသည်။

မေစံရှား ချိုမျက်စောင်းမြားကလေး ပစ်လွှတ်ပြီး..

"အရေးထဲကျရင် ကိုကိုက ဖျာဝင်ခင်းတော့တာပဲ။ ဒီလိုနည်းနဲ့ရှားကို အပိုင်သိမ်းလို့ရမယ် ထင်လို့လား"

ဟု ရယ်ချင်စိတ်ကိုထိန်း၍ ပြန်ပြောသည်။

ရဲအုပ်အောင်မင်းက သူတို့ချစ်သူနှစ်ဦးကိုကြည့်၍ သဘောကျစွာ ရယ်နေသည်။

"တကယ်အားကျတယ်ဗျာ"

ဟုလည်း ရယ်ရင်း ပြော၏။

မေစံရှားက ကူန္ဒေပြန်ဆည်ပြီး..

"ဩော်.. ဒါနဲ့ကိုအောင်မင်း.. သူတို့ဘက်က ဦးဇာဂရတို့ ထုတ်လာတဲ့အခါကျရင် ကျွန်မတို့ဘက်က ချေဖျက်ဖို့တွေ ရှိတယ်နော်။ ကိုဖြိုးကြီးရှာထားတဲ့ သက်သေတွေ တရားရုံးပါလာဖို့ အရေးကြီးတယ်"

ဟု အလုပ်အကြောင်း စကားပြန်စသည်။

"ဒီအတွက် စိတ်ချပါ"

"ဦးထွေးအမှုကတော့ ခဏအချိန်ဆွဲထားချင်တယ်။ မာလာ့အမှုကို

အရင်ပြီးပြတ်ချင်တယ်''

''ဒါဆို မမေစံရှား တရားရုံးကို ခွင့်တင်ပြီး ရက်ချိန်းတစ်ပတ်နှစ်ပတ်လောက် ရွှေနိုင်အောင် ကြိုးစားပေါ့''

''ကျွန်မလည်း အဲဒီလိုစိတ်ကူးထားပါတယ်။ ဒါကလည်း ရည်ရွယ်ချက်ရှိလို့ပါ။ မာလာ့အမှု ရလဒ်ကောင်းမှ ဦးထွေးအမှုကို ကျွန်မလျှောက်ထားတာ ကောင်းမှာမို့ပါ''

''ကျွန်တော်သဘောပေါက်ပါတယ်။ မမေစံရှား သတိတော့မလွတ်ပါနဲ့နော်။ သူတို့ဘက်က မမေစံရှားကို အနှောင့်အယှက်ဖြစ်ဖြစ်၊ အကြမ်းနည်းနဲ့ဖြစ်ဖြစ် တစ်နည်းနည်းသုံးပြီး သိမ်းသွင်းလာလိမ့်မယ်လို့ ကျွန်တော်ထင်နေတယ်''

''ဟုတ်ကဲ့ပါ။ ဟုတ်ကဲ့''

မေစံရှားနှင့် ကိုနေသော်တို့ ထိုင်ရာမှ ထကြသည်။ ကူညီပါရစေသော ဆိုင်းဘုတ်ကလေးကို နေရာအနေအထားပြင်ရင်း ရဲအုပ်အောင်မင်းက။

''ကူညီပါရစေဗျာ။ မမေစံရှားနဲ့ကိုနေသော် မင်္ဂလာပွဲအတွက်''

ဟု ခင်မင်ရင်းနှီးစွာ နှုတ်ဆက်စကားဆိုသည်။

ကိုနေသော်က မေစံရှားကို 'ဘယ်လိုလဲ' ဟူသောမျက်နှာပေးဖြင့် ခပ်ပြုံးပြုံးကြည့်သည်။

မေစံရှားက မဲ့ပြုံးကလေးဖြင့် တုံ့ပြန်ရင်း။

''ရဲအုပ်ကြီးရေ။ ကျွန်မကတော့ အချစ်ကို ဒုတိယနေရာမှာပဲ ထားတယ်''

ဟု ပြန်ငဲ့ပြောကာ ရုပ်နေရာမှ လှမ်းထွက်လာ၏။ ကိုနေသော် ဘေးမှပါသွားသည်။

ရဲအုပ်အောင်မင်း တဟားဟားရယ်ရင်း ကျန်ခဲ့သည်။

''ကိုနေသော်ရေ။ ကြိုးစားထား''

❦ ❦ ❦ ❦ ❦

# ၆၈

အမှုအတွက် အချက်အလက်အထောက်အထားများကို စုစည်းကာ လျှောက်လဲရမည့်အစီအစဉ်အတိုင်း ရှေ့နောက်ချိန်ဆကာ ရေးချပြီးနောက် ပြန်ဖတ်သည်။ ကျေနပ်မှုမရှိသေးသည့်ကိုပြင်၍ ကျေနပ်မှုရပြီးကာမှ ကွန်ပျူတာထဲမှာ ရိုက်ထည့်သည်။

စိတ်တိုင်းကျ ပြီးပြည့်စုံအောင်ပြင်ဆင်ပြီး မေစံရှား ကွန်ပျူတာလုတ်ကို မိတ်သည်။

''ဝင်ခွင့်ပြုပါ''

အသံတစ်သံ ပေါ်လာ၏။ ရုံးခန်းဝမှ ဖြစ်သည်။

မေစံရှားအလုပ်လုပ်နေဆဲမှာပင် သူမရောက်ရှိနေကာ မေစံရှားအလုပ်တွင် အာရုံစိုက်နေသည်ကို ငေးကြည့်နေပုံရ၏။ မေစံရှား ကွန်ပျူတာကို ပိတ်လိုက်မှ ခွင့်တောင်းလိုက်ခြင်းဖြစ်သည်။

မေစံရှား အသံလာရာသို့ လှမ်းကြည့်လိုက်၏။ အမျိုးသမီးကြီးတစ်ဦး။ ဒုန္နာကိုယ်က အသက်အရွယ်နှင့်စာလျှင် အနည်းငယ်ဖွံ့ဖြိုးမှုပိုသည်ဟု ဆိုနိုင်ပုံတစ်ပါး အသားအရေနှင့် ရုပ်ကာ၊ အရပ်အမောင်းတို့က ဆွဲဆောင်မှုရှိနေပြီး ခေတ်မီသော မွမ်းမံပြင်ဆင်မှုများ၊ တောက်ပပြိုးပြက်သော အဆင်တန်ဆာ

များဖြင့် ခန့်ညားလှပနေသော အမျိုးသမီးကြီး..။

မေစံရှား မှတ်မိလိုက်ပါ၏။

ကမ္ဘာကျော်ဦးကျော်မြတ်၏ဇနီး ဒေါ်ခင်ခင်ကြီး။

တရားရုံးတွင် ဦးကျော်မြတ်နှင့်အတူ တွေ့ခဲ့ရသောကြောင့် ဦးကျော်မြတ်၏ဇနီးဖြစ်ကြောင်း မေစံရှားခန့်မှန်းသိရှိခြင်းဖြစ်၏။

"ဟုတ်ကဲ့.. ဝင်ခဲ့ပါရှင်"

မေစံရှားက ဝင်လာသောဧည့်သည်ကို မိတ်ဆွေ၊ ရန်သူ မခွဲခြားကျေပွန်သောပျူငှာမှုဖြင့် ပင်ကိုအတိုင်း ချိုသာဖော်ရွေစွာ ဖိတ်ခေါ်လိုက်သည်။

ဒေါ်ခင်ခင်ကြီးက လှပခန့်ထည်စွာ အတွင်းသို့ လှမ်းဝင်လာ၏။

"ထိုင်ပါ မမ"

အဒေါ်အရွယ်ပင်ဖြစ်သော်လည်း သူမလိုလူမျိုးတွေက အန်တီခေါ်လျှင် မကြိုက်တတ်သည်မို့ မေစံရှားက 'မမ' ဟု သုံးနှုန်းလိုက်ခြင်းဖြစ်သည်။

ဒေါ်ခင်ခင်ကြီး ကျေနပ်သွားပုံရှိ၏။

မေစံရှား၏အလုပ်စားပွဲရှေ့ ထိုင်ခုံတွင် ဝင်ထိုင်ပြီး လွယ်လာသော နိုင်ငံခြားဖြစ် မိကျောင်းသားရေအိတ်ကို စားပွဲပေါ်ချသည်။ ဝင်ထိုင်ပုံ၊ အိတ်ကို ချပုံမှာ ကြိမ်ဖန်များစွာလေ့ကျင့်ထားသလို ဟန်နှင့်မာန် ပါလှသည်ဟု မေစံရှား ထင်သည်။

"ကျွန်မဘာကူညီရမလဲ မမ"

မေစံရှားက ဒေါ်ခင်ခင်ကြီးကို သိနေသယောင် စတင်၍ နိဒါန်းပျိုးသည်။

ဒေါ်ခင်ခင်ကြီးက နန်းဆန်သောအပြုံးဖြင့်..

"မမကို သိမယ်ထင်ပါတယ်။ မမက ကမ္ဘာကျော်ဦးကျော်မြတ်ရဲ့ ဇနီးပါ။ ခင်ခင်ကြီးလို့ ခေါ်ပါတယ်"

မိတ်ဆက်သည်။

"ဘြော်.. ဟုတ်မယ်.. ဟုတ်မယ်။ ကျွန်မက မြင်ဖူးတယ်တော့ ထင်သား။ တရားရုံးမှာ တွေ့ဖူးတာဖြစ်မယ်။ ရုတ်တရက်မမှတ်မိတာ ခွင့်လွှတ်ပါနော်"

"ရပါတယ်ကွယ်"

မေစံရှားက ဘာမျှထပ်မပြောဘဲ ဒေါ်ခင်ခင်ကြီး၏ စကားအလာကို စောင့်နေလိုက်သည်။ ဒေါ်ခင်ခင်ကြီးက ချိုပြုံးဖော်ရွေလျက် မာန်မာနကင်း





သော်လည်း ကူန္ဒြေသိက္ခာဖြင့် တည်ငြိမ်သော မေစံရှားကိုကြည့်ပြီး ရုတ်တရက် စကားစရှာမရနိုင် ဖြစ်နေသည်။

မိနစ်အနည်းငယ်လွန်လာမှ..

"အင်း.. မမက မေစံရှားဆီကို ညီမလေးတစ်ယောက်လို သဘောထားပြီး အကူအညီတောင်းချင်လို့ ရောက်လာရတာပါပဲ။ အပူကပ်တယ်လို့ ပြောရင်လည်း ရမှာပေါ့ကွယ်"

"ဟုတ်ကဲ့"

ပါးစပ်ဟလိုက်သည်နှင့် အူဘယ်နှခွေရှိသည်ကို မြင်မိသော်လည်း မေစံရှားက ဟန်မပျက်နားထောင်နေလိုက်သည်။ သူမ ဘယ်ကဲ့သို့ သူ့ဖဲသူဝေ၊ သူ့ဖဲသူချိုး ချိုးလာမည်ကို အစအဆုံးစောင့်ကြည့်နေလိုက်ခြင်းလည်းဖြစ်သည်။

"မမက ရဲကောင်းမြတ်အမေဆိုတာတော့ ညီမလေးသိပြီးနေမှာပါ။ လာတာကလည်း သားအတွက် ရတက်မအေးတဲ့ မိခင်တစ်ယောက်အနေနဲ့ လာရတာပါပဲ"

အခင်းစကား၊ အပျိုးစကား။

"ဟုတ်ကဲ့"

"ညီမလေးက မိခင်နေရာကို မရောက်သေးပေမယ့် အတွေးအခေါ်ရှိတဲ့ မိန်းကလေးတစ်ယောက်အနေနဲ့ မိခင်တစ်ယောက်က သားဆိုးသားမိုက်တစ်ယောက်အတွက် ဖြစ်နေရတဲ့ ပူပန်သောကကို စာနာနိုင်လိမ့်မယ် ထင်ပါတယ်"

"ဟုတ်ကဲ့"

"အဖြစ်တွေကတော့ ညီမလေးသိပြီးတဲ့အတိုင်းပါပဲ။ အင်မတန်ကို စိတ်ထိခိုက်ရလောက်အောင် ရှုပ်ထွေးနေတယ်လေ။ အဲဒီအတွက် မမမှာ အိပ်မပျော်ခဲ့ရတဲ့ညတွေ များလှပါပြီ"

"ဟုတ်ကဲ့"

မေစံရှားက စိတ်ရှည်စွာ သည်းခံနားထောင်နေသည်။ သူမ ရှေ့ဆက်မည့်စကားကို သိနေပြီဆိုသည့်တိုင် တစ်စုံတစ်ရာမဟန့်တား။

"ညီမလေးဆီကို မမရဲ့ခင်ပွန်းက သားအတွက် အားကိုးတကြီး လာပြီးအမှုအပ်ခဲ့တယ်ဆိုတာလည်း မမသိရပါတယ်။ ညီမလေးက တစ်ဖက်အမှုသည်တွေကို လက်ခံပြီးသားဖြစ်နေလို့ ငြင်းခဲ့တယ်လို့လည်း သိရပါတယ်။ ဟုတ်တယ်နော်.."

"ဟုတ်ကဲ့"

"ဒီလိုပါကွယ်..။ အခုအခြေအနေရောက်မှ မမတို့ဘက်က ပြောင်း လဲလိုက်ပါပေးဖို့ဆိုတာကို မမ မတောင်းဆိုပါဘူး။ တောင်းဆိုလို့လည်း မဖြစ်နိုင်ဘူးလေ။ ဒါပေမဲ့ မမတို့ဘက်က လိုက်ပေးတဲ့ ဦးမင်းထွေးနောင်ကို မမ အားမရဘူး။ သဘောမကျဘူး"

မေစံရှားက ပြုံးလိုက်၏။

"ဦးမင်းထွေးနောင်ဆိုတာ ကျွန်မတို့လောကမှာ အားလုံးက လေးစား အထင်ကြီးရတဲ့ ဝါရင့်သမ္ဘာရင့် ရှေ့နေဟောင်းကြီးတစ်ဦးပါ မမ"

"ထားပါကွယ်..။ သူဘယ်လောက်တော်တော် မမကတော့ သဘော မကျတာ အမှန်ပဲ။ မမခင်ပွန်းကို မလွန်ဆန်ရဲလို့သာ သူ့ကို မမ လက်ခံထား တာပါ။ အင်း.. မမပြောချင်တာကတော့.."

ဒေါ်ခင်ခင်ကြီးက စကားကို ရပ်ပစ်လိုက်၏။ ဆက်ပြောရမည့်စကား လုံးကို ရွေးချယ်နေတာလား။ ပြောရန် သင့်၊ မသင့် ပြန်လည်ချင့်ချိန်နေတာ လား။ သို့မဟုတ် ဆက်ပြောရမှာ ရွံ့နေတာလား။

မေစံရှားကမူ ဣန္ဒြေရရ တည်တည်ကလေး ရှိနေ၏။ ကြည့်နေ၏။

တစ်ခဏကြာသွားပြန်သည်။

"မမရဲ့ အပူသောကကို ငြိမ်းပေးတဲ့အနေနဲ့ ညီမလေးကူညီပါလို့ မမတောင်းပန်ချင်ပါတယ်ကွယ်"

ဒေါ်ခင်ခင်ကြီး ပြန်လည်ခံသော ခြေဆင်း။

"ကျွန်မနားမရှင်းဘူး မမ"

"မမလည်း ညီမလေးကိုပြောရမှာ အားနာတာရော၊ စကားလုံးရွေး မရတာရောကြောင့် ပြောတာ လိုရင်းမရောက် ဖြစ်နေတာပါ။ ဘယ်လိုပြော မလဲ..။ ညီမလေးက မမကို ကူညီပါ။ သားအပြစ်မကျအောင်ပေါ့လေ"

"ကျွန်မ တရားသူကြီးမဟုတ်ဘူး မမရဲ့။ တရားသူကြီးက အဆုံး အဖြတ်ပေးမှာပါ"

"မှန်ပါတယ်။ ဒါပေမဲ့ တရားသူကြီးရဲ့အဆုံးအဖြတ်ဟာ ညီမလေးရဲ့ တင်ပြချက်ပေါ်မှာ မူတည်နေတယ်လေ။ မဟုတ်ဘူးလား"

"ကျွန်မရဲ့တင်ပြချက်က အရေးမကြီးပါဘူး။ အမှုရဲ့ ဖြစ်စဉ်အမှန်က သာ အရေးကြီးတာပါ"

ဒေါ်ခင်ခင်ကြီး ခေါင်းယမ်းသည်။





"ညီမလေးအပေါ်မှာ တည်တယ်လို့ပဲ မမက သုံးသပ်မိပါတယ်။ ဒါကြောင့်.."

ဒေါ်ခင်ခင်ကြီးက သူမ၏သားရေဆလင်းဘက်ကိုဖွင့်ကာ အထဲမှ တစ်စုံတစ်ရာကို နှိုက်ယူပြီး မေစံရှား၏ရှေ့သို့ ချပေးလိုက်သည်။ ချက်လက်မှတ် တစ်ခုဖြစ်သည်။

ချက်လက်မှတ်ပေါ်က ကိန်းဂဏန်းများက သိန်းငါးဆယ်ဖြစ်ကြောင်း မေစံရှားတွေ့လိုက်ရ၏။

"မမက ကျေးဇူးဆပ်တာပါ"

မေစံရှားက ချက်လက်မှတ်ကို လုံးဝစိတ်ဝင်စားဟန်မပြဘဲ..

"ကျွန်မကမှ မမအတွက် ဘာမှမဆောင်ရွက်ပေးနိုင်တာပဲ။ ကျေးဇူး ဆပ်စရာ မလိုပါဘူး"

"မဟုတ်ဘူး..။ မမကျေးဇူးဆပ်တာကို ယူပါ။ မမကို ပြန်ကူညီပါ"

မေစံရှား ပြုံးလိုက်ရပြန်၏။

"ကျွန်မက မမပေးတဲ့ငွေကို ယူပြီး တရားရုံးမှာ လွဲချော်လျှောက်လဲ ပေးရမှာလား.."

အမေး..။ ပြီးတော့ စူးစမ်းကြည့်။

ဒေါ်ခင်ခင်ကြီးက မေစံရှားစိတ်ဝင်စားလက်ခံဟန်ရှိသည်ဟု အား တက်လာဟန်ဖြင့်..

"အဲဒီလိုပေါ့..။ ဟုတ်ပါတယ်။ ညီမလေးက သားအပြစ်မကျအောင် ထွက်ပေါက်ပေးဖို့ပါ"

ခပ်လောလောပြောသည်။

"မဖြစ်နိုင်ပါဘူး မမ။ အဲဒီလိုလုပ်လို့ မရပါဘူး။ အမှုအတိုင်းပဲ သွားရမှာပါ။ ကျွန်မလက်နဲ့ ရေးထားတာကို ကျွန်မခြေနဲ့ ပြန်မဖျက်နိုင်ပါဘူး"

"အဲဒီလိုလုပ်ဖို့ မသင့်ရင်လည်း ဒီလိုလုပ်ပါလားကွယ်"

"ဘယ်လိုလဲ"

"အဲဒီဘက်ကနေ ညီမလေး အကျိုးဆောင်အဖြစ် လိုက်ပေးနေတာ ကနေ ရှောင်ထွက်ပေးပါလား"

"ကျွန်မက သူတို့ကို ကတိပေးထားတာ။ ကျွန်မက ကိုယ်ထွေးထား တဲ့ တံတွေးကို ကိုယ်ပြန်မျိုတဲ့အလုပ်မျိုး မလုပ်တတ်ပါဘူး"

ဒေါ်ခင်ခင်ကြီး မျက်နှာပျက်သွားသည်။

ဘာပါ''

''လူဆိုတာ အခါ၊ ဒေသနဲ့ လူပေါ်မူတည်ပြီး စဉ်းစားဆုံးဖြတ်ရတယ်။ ဒါမှ ကြီးပွားမှာ၊ ချမ်းသာမှာ..''

''ဘုရားဟောတဲ့ ချမ်းသာမှုဟာ စိတ်ပါပဲ မမ''

ဒေါ်ခင်ခင်ကြီး နေရာမှ ဝုန်းခနဲထသည်။ ချက်လက်မှတ်ကို ဆလင်းဘက်ထဲ ပြန်ထည့်ကာ..

''မင်း.. ဘယ်လိုမှလက်မခံဘူးဆိုရင်လည်း ရှိပါစေတော့။ ဒီတော့လည်း ငါတို့က လုပ်သင့်လုပ်ထိုက်တာ၊ လုပ်လို့ရမှာကိုပဲ လုပ်ရတော့မှာပေါ့''

နွှတ်ခမ်းကိုကွေးညွတ်လျက် ခပ်မဲ့မဲ့အနေအထားဖြင့် ပြောသည်။ လေသံမှာ ရင့်ရော်မာဆတ်လျက်ရှိ၏။ ဒေါ်သအရှိန်ကြောင့် အသံတွေ အနည်းငယ်တုန်ခါနေ၏။

မေစံရှားက အပြုံးမပျက်ဘဲ..

''ကိုယ်ပြုသည့်ကံ၊ ပဲ့တင်သံ၊ ကိုယ့်ထံပြန်လာသည်တဲ့၊ မမလမ်းကို မမရွေးနိုင်ပါတယ်''

အေးဆေးကြည်မြစွာ ပြောလိုက်သည်။

''ကောင်းပြီလေ..။ မင်းလုပ်တဲ့ကံ ပဲ့တင်သံ မင်းဆီကို ဘယ်လိုပြန်လာမလဲဆိုတာ ကြည့်ကြသေးတာပေါ့''

ဒေါ်ခင်ခင်ကြီးက စိမ်းစိမ်းစူးသောမျက်လုံးဖြင့်ကြည့်ကာ ပီးလျှံလိုရဲရဲနီသောစကားများဖြင့် ပစ်ပေါက်လျက် နေရာမှ ချာခနဲလှည့်ထွက်သွားသည်။ ခြေသံတွေ ပြင်းလွန်းစွ..။ တံခါးမှတ်ပြီး သစ်သားလှေကားမှ ဆင်းသွားသော ဒေါ်ခင်ခင်ကြီး၏ခြေသံတွေက တဝုန်းဝုန်း တဝုန်းဝုန်း..။

မေစံရှား၏နှုတ်ခမ်းမှာမူ အပြုံးကလေးက ကြည်လင်စွာ တွယ်ငြိနားခိုဆဲ..။

❦ ❦ ❦ ❦ ❦



''မမ အကူအညီတောင်းတာပါကွယ်။ မမကို စာနာနားလည်ပေးပါ''

''ကျွန်မ မမကို စာနာနားလည်ပါတယ်။ ဒါပေမဲ့ ကျွန်မကိုလည်း နားလည်စာနာပေးပါ။ မေစံရှားဆိုတဲ့ ဘာမဟုတ်တဲ့ အညတြရှေ့နေမလေးဟာ သူ့ယုံကြည်ချက်ကို ငွေနဲ့ ဘယ်တုန်းကမှ မလဲခဲ့ဘူး။ ဘယ်တော့မှလည်း လဲမှာမဟုတ်ဘူးဆိုတာကို''

ဒေါ်ခင်ခင်ကြီးမျက်နှာမှာ ဖြူဖွေးဝင်းဝါနေရာမှ နီရောင်သမ်းသွားသည်။ အညိုဘက်သို့ ကူးပြောင်းသွားတော့မည့် အနေအထား။

''မမက ညီမလေးကျေနပ်တဲ့အထိ လိုက်လျောပါ့မယ်''

ဒေါ်ခင်ခင်ကြီးက စားပွဲပေါ်မှ ချက်လက်မှတ်ကို ပြန်ယူကာ ဆလင်းဘက်ထဲ ပြန်ထည့်သည်။ ပြီးနောက် ဆလင်းဘက်ထဲမှ အခြားစာရွက်တစ်ရွက်ကို ထုတ်ယူကာ မေစံရှားရှေ့သို့ ချသည်။ ချက်လက်မှတ်အသစ်။ သိန်းတစ်ရာ..။

မေစံရှား ပြုံးလိုက်၏။ သိက္ခာရောင်ဖြင့် ထုံမွှမ်းထားသောအပြုံး

''ပြန်သိမ်းလိုက်ပါ မမ။ ဒီချက်မဟုတ်ဘဲ ကျွန်မလိုသလောက်ဂဏန်းတွေ ရေးသွင်းလို့ရနိုင်တဲ့ Blank Cheque ပေးလည်း ကျွန်မ မယူပါဘူး။ ကျွန်မပြောပြီးပါပြီ။ ကျွန်မယုံကြည်ချက်၊ ကျွန်မခံယူချက်ကို ငွေနဲ့မလဲပါဘူးလို့..''

ဒေါ်ခင်ခင်ကြီး မျက်နှာမည်းသွားလေပြီ။

''မင်းလည်းအကျိုးရှိ၊ မမတို့လည်း အကျိုးရှိတဲ့လမ်းကို ရွေးပါ။ မင်းလည်း အကျိုးမရှိ၊ မမတို့လည်း အကျိုးမရှိတဲ့လမ်းကို မရွေးပါနဲ့''

ဒေါ်ခင်ခင်ကြီး ထပ်ပြော၏။ ယခုစကားဌာနမှ အသုံးအနှုန်းက အနည်းငယ်ပြောင်းသွားခဲ့ပြီဖြစ်၏။ 'ညီမလေး' မဟုတ်တော့။ 'မင်း'.. တဲ့။ လေသံကလည်း မပျော့ပျောင်း၊ မချိုမြတော့..။

''ကျွန်မက အမှန်တရားဆိုတဲ့လမ်းကိုပဲ ရွေးတာပါ''

မေစံရှားက ပီသပြတ်သား တည်ငြိမ်စွာ ပြန်ပြောသည်။

''ဒါဖြင့် မမပြောတာ မင်းလုံးဝလက်မခံဘူးပေါ့''

''ဝမ်းနည်းပါတယ် မမ''

''မင်း သိပ်ခေါင်းမာတဲ့ ရှေ့နေမလေးပဲ။ ဒါဟာ မိုက်မဲမှုတစ်ခုလို့ မင်းမထင်ဘူးလား''

''သူတော်ကောင်းတွေ နှစ်သက်လက်ခံတဲ့ အလုပ်ကိုပဲ ကျွန်မလုပ်

# ၆၉

"တရားလိုအကျိုးဆောင်က ပြန်လှန်မေးခွန်းများ မေးနိုင်ပါတယ်"

တရားသူကြီး၏ခွင့်ပြုချက်အရ မေစံရှား ထိုင်ရာမှ ထသည်။ တရားသူကြီးကို ဦးညွှတ်အရိုအသေပေးသည်။ ပြီးနောက် တရားခံပြသက်သေ ဦးသူရိယကို မျက်နှာမူလိုက်သည်။

"ဦးသူရိယက အခင်းဖြစ်တဲ့နေ့ (..၊ ..၊ ၂၀၀၇) အဂါနေ့ ညနေ (၆) နာရီခွဲက ည (၁၀) နာရီထိ Queen ဟိုတယ်မှာ ကမ္ဘာကျော်စီးပွားရေး လုပ်ငန်းစုပိုင်ရှင် ဦးကျော်မြတ်၊ Top ကုမ္ပဏီပိုင်ရှင် ဦးဇာဂရ၊ ဦးကျော်မြတ်ရဲ့သား ရဲကောင်းမြတ်တို့နဲ့အတူ ရှိနေခဲ့တယ်။ ညစာစားရင်း ကမ္ဘာကျော်လုပ်ငန်းစုမှာ ရဲကောင်းမြတ်က ဆက်ခံဆောင်ရွက်မယ့်အကြောင်းတွေ အသိပေးပြောတာကို နားထောင်ခဲ့ရတယ်လို့ ထွက်ဆိုခဲ့တယ်နော်"

"မှန်ပါတယ်"

"ဦးသူရိယတို့ Queen ဟိုတယ်မှာ ရှိနေချိန်ဟာ မာလာဆိုတဲ့မိန်းကလေး အဝမ္မပြုကျင့်ခံရပြီး နှုတ်ပိတ်တဲ့အနေနဲ့ သံချောင်းနဲ့ ခေါင်းကိုရိုက်သတ်တာ ခံခဲ့ရတဲ့အချိန်ဆိုတာ သိပါသလား"

"မသိပါဘူး"





"ဟိုတယ်တွေဟာ ဟိုတယ်ရဲ့လုံခြုံရေးစနစ်အရ ဟိုတယ်ရဲ့ ဗဟိုဝင်ပေါက်မှာ လုံခြုံရေးကင်မရာတွေတပ်ထားပြီး ဟိုတယ်တွင်း ဝင်ထွက်သွားလာသူတွေကို ရိုက်ကူးမှတ်တမ်းတင်ထားရှိတယ်ဆိုတာ သိပါသလား"

ဦးသူရိယ စက္ကန့်ပိုင်းမျှ ကြောင်ငေးသွားသည်။

"ဟုတ်.. ဟုတ်ကဲ့.. ကြားဖူးပါတယ်"

"Queen ဟိုတယ်လည်း ဒီစနစ်ကို သုံးပါတယ်။ (..၊ ..၊၀၇) ရက်နေ့ ညနေပိုင်းကနေ ညသန်းခေါင်ချိန်ထိ Queen ဟိုတယ်ရဲ့ လုံခြုံရေးကင်မရာက ရိုက်ကူးထားတဲ့ ဗီစီဒီချပ်တွေကို ကျွန်မယူလာပါတယ်။ ဒီမှာပါ..။ ဒါကို တရားသူကြီးမင်းကို ကျွန်မအပ်ပါတယ်"

မေစံရှားက ဗီစီဒီချပ်များကို တရားသူကြီးထံလျှောက်သွားပြီး တရားသူကြီးရှေ့မှောက် တင်ပြပေးသည်။ ပြီးမှ ပြန်လှည့်ကာ ဦးသူရိယကို စေ့စေ့ကြည့်ပြီး..

"ရဲအရာရှိရယ်၊ ဟိုတယ်က မန်နေဂျာနဲ့ လက်ထောက်မန်နေဂျာရယ်၊ ကျွန်မရယ် အဲဒီမှတ်တမ်းတွေကို အကြိမ်ကြိမ်ကြည့်ခဲ့ပါတယ်။ ဒါပေမဲ့ ဦးသူရိယ၊ ဦးဇာဂရ၊ ဦးကျော်မြတ်နဲ့ ရဲကောင်းမြတ်တို့ကို မတွေ့ခဲ့ရပါဘူး။ အဲဒါ ဘာကြောင့်လို့ ထင်ပါသလဲ"

ဦးသူရိယ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ အဖြေထွက်မလာ။ မေစံရှားကို အကြည့်ရင်မဆိုင်ရဲဘဲ အကြည့်လွှဲသွားသည်။

"ဦးကျော်မြတ်ထွက်ဆိုခဲ့ရာမှာလည်း Queen ဟိုတယ်မှာ ဧည့်ခံဆုံတွေ့ဖို့ သီးသန့်ခန်းကို Booking လုပ် စီစဉ်ပြီး ပြုလုပ်ခဲ့တာလို့ ပါရှိခဲ့သလို ဦးသူရိယရဲ့ထွက်ဆိုချက်မှာလည်း သီးသန့်ခန်းမှာ စားသောက်စကားပြောခဲ့တယ်လို့ ပါခဲ့တယ်နော်"

"ဟုတ်.. ဟုတ်.. ဟုတ်ပါတယ်"

"Queen ဟိုတယ်ရဲ့ သီးသန့်ခန်းကို ကြိုတင် Booking လုပ်ထားတဲ့ စာရင်းဇယားတွေကို ရဲအရာရှိနဲ့ ကျွန်မတို့ ကြည့်ရှုခဲ့တဲ့အခါမှာ ဦးကျော်မြတ်နာမည်နဲ့ရော၊ ကမ္ဘာကျော်ကုမ္ပဏီနာမည်နဲ့ရော၊ ဦးသူရိယတို့နာမည်နဲ့ရော Booking လုပ်ခဲ့တာ၊ သီးသန့်ခန်းမှာ စားသောက်ခဲ့တာတွေ ဘာတစ်ခုမှ မတွေ့ခဲ့ရပါဘူး။ အဲဒီစာရင်းဇယားမိတ္တူတွေ ကျွန်မယူလာပါတယ်"

မေစံရှားက တရားသူကြီးထံ စာရင်းဇယားစာရွက်များ တင်ပြပေးအပ်သည်။

"အဲဒါ ဘယ်လိုဖြစ်တယ်လို့ ထင်ပါသလဲ ဦးသူရိယရှင့်"

ဦးသူရိယ ချွေးများပြန်လာကာ ခေါင်းကို မသိမသာငုံ့ထားခဲ့ အဖြေမပေး။

"ဦးသူရိယ အဲဒီ (၀၁၊ ၀၁၊ ၂၀၀၇) နေ့ ညနေနဲ့ ညအချိန်မှာ တကယ် ရောက်ရှိနေတာက Utopia ဟိုတယ်ရဲ့ စားသောက်ခန်းမှာပါ။ ဦးသူရိယနဲ့ အတူ ဦးဇာဂရလည်း ရှိနေပါတယ်။ ပြီးတော့ Blue Sky ကုမ္ပဏီက ဦးသော်တာအောင်လည်း ရှိပါတယ်။ အဲဒီမှာ စားကြသောက်ကြရင်း ဦးသော်တာအောင်နဲ့ ဦးသူရိယတို့ စကားများပြီး ထိုးကြကြိတ်ကြမယ့်အဆင့်ထိ ရောက်ခဲ့တို့ ဟိုတယ်ဝန်ထမ်းအချို့က ဝင်ပြီး ဆွဲခဲ့လွဲခဲ့ကြရပါတယ်။ ဟောဟိုမှာထိုင်နေတဲ့ လူငယ်ကလေးနှစ်ဦးဟာ အဲဒီတုန်းက ဦးသူရိယတို့ဂုံ ဆွဲခဲ့ကြတဲ့ ဟိုတယ်ဝန်ထမ်းတွေ ဖြစ်ပါတယ်။ ပြီးတော့ သူတိုရှေ့မှာထိုင်နေတာ ဦးသော်တာအောင်မဟုတ်လား။ ဦးသူရိယ ကြည့်စမ်းပါဦး.."

ဦးသူရိယ လှမ်းကြည့်ပြီး မျက်နှာပျက်သွားသည်။ ခေါင်းလည်း ငိုက်စိုက်ဖြစ်သွားသည်။

"တရားရုံးမှာ မမှန်မကန်သက်သေခံခြင်းဟာ ဥပဒေကိုချိုးဖောက်ရာရောက်လို့ ပြစ်ဒဏ်စီရင်ခြင်းခံရနိုင်တယ်ဆိုတာ ဦးသူရိယသိပါသလားရှင်"

ရှေ့နေကြီးဦးမင်းထွေးနောင် ခေါင်းကြီးကိုငုံ့လျက် နဖူးမှချွေးများကို သုတ်နေသည်။ ဦးကျော်မြတ်က မည်းညစ်သောမျက်နှာဖြင့် နေရာမှ ဖြုတ်ခနဲထကာ အခန်းတွင်းမှ ထွက်သွားသည်။ ဒေါ်ခင်ခင်ကြီး ရင်ဘတ်ကိုဖိလျက်...။

❦ ❦ ❦ ❦ ❦

# ၇၀

"မင်း.. ဘာတစ်ခုမှ အားမကိုးရပါလား ဖိုးတုတ်။ အခု သောင်းထိုက်ဆိုတဲ့ကောင်က တရားခွင်ရောက်လာပြီး သက်သေခံတယ်။ သောင်းထိုက်ကို စုံစမ်းခိုင်းတုန်းက မင်းက နယ်ကို ခရီးထွက်နေတယ်တဲ့။ တကယ်က ရှေ့နေမနဲ့ရဲအုပ်ပေါင်းပြီး သူတို့ သောင်းထိုက်ကို တခြားတစ်နေရာပို့ထားတာ။ ဒါကို မင်းမသိဘူးမဟုတ်လား"

ဦးကျော်မြတ်က သူနိုင်သောသူကို မဲ၍ဟောက်နေသည်။ ဖိုးတုတ် ခေါင်းမဖော်ရဲ၊ ဧည့်ခန်းတွင်း ဂနာမငြိမ်စွာ ဦးကျော်မြတ်လျှောက်ရင်း တောက်တစ်ချက်ခတ်လိုက်ပြန်သည်။

ဒေါ်ခင်ခင်ကြီးက ဧည့်ခန်းတစ်နေရာမှာ ငြိမ်ကုပ်၍ထိုင်ရင်း သူ့ခင်ပွန်းသည်ကို ကြည့်နေ၏။

"မင်း သောင်းထိုက်ကို မြေလှန်ရှာ။ တွေ့ရင် ရှင်းပစ်။ ကျန်တာ ငါတာဝန်ယူတယ်"

ဦးကျော်မြတ်အသံ ဟိန်းထွက်လာ၏။

"ဟုတ်.. ဟုတ်ကဲ့"

လူပ်ရှားလာသူက ဒေါ်ခင်ခင်ကြီး..။

စိတ်ကူးသစ်စာပေ

"အို.. အစ်ကိုကြီး။ သောင်းထိုက်ကိုရှင်းလည်း ဒီအမှုမှာ ဘာမ
သက်သာစရာ မရှိတော့ဘူးလေ။ သောင်းထိုက်က ထွက်ဆိုပြီးသွားပြီ။ ပြီးတော့
သောင်းထိုက်တစ်ခုခုဖြစ်တာနဲ့ ရဲက ခင်ခင်တို့ဘက်ကို မြားဦးလှည့်လာမှာ"

ဒေါ်ခင်ခင်ကြီး အရဲစွန့်ဝင်ပြောသည်။

"အဲ.. အဲဒါ ဟုတ်တယ်ဆရာကြီး"

ဖိုးတုတ်က ဝင်၍ထောက်ခံသည်။

"ဒါပေမဲ့ ဒီကောင်ကြောင့် ငါ့သားဒုက္ခရောက်ရမှာ။ သူ့ကို ပြန်ပြီး
ခံစားစေရမယ်။ ဒါမှ ငါကျေနပ်နိုင်မှာ"

"အစ်ကိုကြီး.. စိတ်ကိုလျှော့ပါဦး။ စဉ်းစားပါဦး။ သောင်းထိုက်က
အစ်ကိုကြီးအခဲမကျေသလို ခင်ခင်လည်း မကျေပါဘူး။ ဒါပေမဲ့ အခုမလုပ်သင့်
ဘူး။ နောင်တစ်ချိန်ချိန်ကျမှ လုပ်ချင်လုပ်ပါ။ အခု အရေးကြီးတာက သား
အပြစ်ကလွတ်ဖို့ပါ။ အဲဒါကို ဦးစားပေးလုပ်ရမှာမဟုတ်လား"

"မင်းက ဘာစိတ်ကူးရလို့လဲ"

ဦးကျော်မြတ်က လှည့်၍မေးသည်။ ဒေါ်ခင်ခင်ကြီးက မဝံ့မရဲဖြင့်..

"လျှောက်လဲချက် မပေးရသေးဘူးလေ။ အဲဒါက ရှေ့နေမမေစံရှားနဲ့
အပိုင်း မဟုတ်လား။ သူ လျှောက်လဲချက်မပေးနိုင်အောင်လုပ်ရင် မဖြစ်ဘူး
လား"

ပြောသည်။ မိန်းမဉာဏ်၊ မိန်းမအကြံ.. ။

ဦးကျော်မြတ် တွေ၌စဉ်းစားသည်။ ဖိုးတုတ်ကတော့ ခိုင်းသမျှ နာခံ
ရန် အသင့်.. ။

"အဲဒီရှေ့နေမကတော့ အဓိကရုန်သူပဲ။ ပြီးနေတဲ့အမှုကို သူက
ပြန်အသက်သွင်းတာ။ ပြီးတော့ သူပဲ ငါ့သားကို ကြိုးကွင်းစွပ်မယ့်သူတွေ
ရှာလာတာ။ သူ့ကို ဖယ်ရှားဖို့ ငါလည်းကြိုးစားဖူးတယ်။ ဖိုးတုတ်လည်း
နှစ်ကြိမ်လုပ်ဖူးတယ်။ မင်းလည်း အပျော့ခွဲနဲ့ သူ့ကိုစည်းရုံးဖူးတယ်။ အပျော့
လည်းမရ၊ အကြမ်းလည်းမရတာက သူကွ။ သူ့ကိုလည်း ငါက အမှုန့်ခြေဖစ်
ချင်နေတာ"

ဦးကျော်မြတ်၏ ပေါက်ကွဲစကား။

"သူ့ကို မရရင် သူ့အညာတစ်ခုခုကို ကိုင်ရမှာပေါ့။ သူကတော့
သတိထားနေမယ်၊ ရဲကလည်း သူ့ကိုဂရုစိုက်နေမယ်ဆိုတော့ သူ့ကို အခုလော
လောဆယ်မှာ ဘယ်လိုမှလုပ်လို့ရမှာမဟုတ်ဘူး။ ဒီတော့..."





ဒေါ်ခင်ခင်ကြီးက ပြောလက်စ စကားကို ရပ်လိုက်၏။
ဦးကျော်မြတ်က ဇနီးသည်ကို သည်တစ်ခါတော့ အထင်ကြီးစွာ
ကြည့်၏။ ပြီး.. မေးခွန်းထုတ်သည်။
"မင်းအကြံက ဘာလဲ"

❦ ❦ ❦ ❦ ❦

# ၇၁

သည်နေ့ တိုင်းတရားရုံးမှာ မာလာ့အမှုအတွက် မေစံရှားက ခဲ
ကောင်းမြတ်အပြစ်ရှိကြောင်းနှင့် အရေးယူအပြစ်ပေးပါမည့်အကြောင်း စွဲချက်
တင် လျှောက်လဲမည့် အရေးကြီးသောနေ့ဖြစ်သည်။ တရားခံရှေ့နေကြီး
လည်း ထုချေလိမ့်မည်။

မေစံရှားအိမ်မှ တရားရုံးသို့ အရောက်ပို့ရေးနှင့် တရားရုံးမှအပြစ်
အိမ်အရောက်ပို့ရေး လုံခြုံမှုအတွက် တာဝန်ယူစောင့်ရှောက်ပေးနေရသည့်
ကိုနေသော်သည် မေစံရှားအိမ်သို့သွားရန် အိမ်မှ စောစောထွက်လာခဲ့သည်။

ကိုနေသော်နေသည်က မြို့သစ်မှာ..။

အိမ်နှင့်ကားမှတ်တိုင်က အနည်းငယ်လှမ်းသည်။ မေစံရှား၏အိမ်သို့
သွားရန် စီးရမည့်ကားက လမ်းမကြီးမှာဖြစ်၍ ကိုနေသော်က ဖြတ်လမ်း
အသုံးပြုလေ့ရှိသည်။ ရပ်ကွက်တွင်းမှထွက်၊ ရပ်ကွက်အစွန်ရှိ ဘုန်းကြီးကျောင်း
ဝင်းကိုဖြတ်၊ ကွက်လပ်တစ်ခုကိုကျော်ကာ ကားလမ်းမကြီးဆီသို့ လျှောက်
သည်။

ယနေ့လည်း ခါတိုင်းသွားနေကျလမ်းအတိုင်းပင်။

ဘုန်းကြီးကျောင်းဝင်းကိုပတ်ပြီး ကွက်ဝပ်ကိုဖြတ်ကျော်ဖို့ မြေလမ်း





ကလေးအတိုင်း ဆင်းလာခဲ့သည်။ ကွက်လပ်၏အဆုံး လမ်းမကြီး၏အစပ်မှာ
ရပ်နေသည့် ဆလွန်းကားတစ်စီးကို သူသတိမမူမိ။ ကားက စက်ဖုံးဖွင့်ကာ
ဒရိုင်ဘာက ပြင်နေသည်မို့ ကားပျက်၍ ပြင်နေသည်ဟုပင် ယူဆစရာရှိ၏။

သူ့အာရုံက မေစံရှားထံသို့ စောစောရောက်ရေးဖြစ်သည်။ စောစော
ရောက်ပြီးလျှင် လိုအပ်သောကိစ္စများကို ဆွေးနွေးအကြံပေးရန်ဖြစ်သည်။
မိမိနေထိုင်ရာဝန်းကျင်မှာ မိမိကို မုန်းသူ၊ အန္တရာယ်ပေးမည့်သူကလည်း
မရှိ၍ သတိလက်လွတ်နေခြင်းလည်း ဖြစ်နိုင်၏။

ကားလမ်းမကြီးတစ်ဖက်မှာက လယ်ကွင်းကျယ်ကြီးများ..။

မြေလမ်းကလေးမှ ကားလမ်းမကြီးပေါ်အတက်တွင် ရပ်ထားသော
ဆလွန်းကားနောက်ခန်းမှ လူနှစ်ယောက်ထွက်လာသည်။ ဒါကို ကိုနေသော်ဂရု
မထားမိ။ သူတို့ကိစ္စနှင့် သူတို့ဟုပင် စိတ်က ထင်ထားသည်။ ကားပျက်၍
ကားဆရာက ပြင်သည်။ ကားပေါ်ပါလာသူများက အပြင်သို့ ခြေဆန့်လက်
ဆန့်ထွက်လာခြင်းဟု သူက မှတ်ထင်ပုံရ၏။

ကားမှတ်တိုင်ရှိရာသို့ လှမ်းမျှော်ကြည့်ပြီး ကားလေးဘေးမှ အမှုမဲ့
အမှတ်မဲ့ သူဖြတ်သည်။ ဒါသည်ပင် သူ့အမှား..။

သည်မှာပင် မမျှော်လင့်သောဖြစ်ရပ်က ပေါ်လာ၏။ သတိတစ်ချက်
လွတ်သွားခြင်း၏ ရလဒ်ဟု ဆိုရမည်။

ကားဘေးတွင် ရပ်နေသူနှစ်ယောက်ထဲမှ တစ်ယောက်က ကိုနေသော်
သူတို့ကိုအကျော်တွင် နောက်မှနေ၍ ကိုနေသော့်ခေါင်းအား တုတ်ဖြင့် ခပ်ဆဆ
ရိုက်ချလိုက်သည်။

"ခွပ်"

"အား"

ကိုနေသော့်မျက်ဝန်း၌ မီးများပွင့်သွားသည်။ ကြယ်တွေ၊ လတွေ
စုံသွားသည်။ လူက ရှေ့သို့ ဟပ်ထိုးလဲကျသည်။ မျက်လုံးထဲမှာ မှောင်သွား၏။

လူဆိုးများကလည်း လျင်မြန်လွန်းလှသည်။

ကားမြင်နေဟန်ဆောင်နေသည့်သူက ကားဖုံးကို ဂျိုင်းခနဲအမြန်ပိတ်
ကာ ကားမောင်းသူနေရာသို့ ပြန်ဝင်သည်။ ကားဘေးမှ လူနှစ်ဦးက လဲကျနေ
သော ကိုနေသော်ကို ပွေ့ယူကာ ကားနောက်ခန်းသို့ သွင်းလိုက်ကြသည်။

အချိန်ဘာမျှမကြာလိုက်။

လူရှင်းနေသောနေရာမှာမို့ ပတ်ဝန်းကျင်ကလည်း သတိမထားမိ

ဒေါ်လေးကြင်ကြင်က မျက်လုံးဝိုင်းဝိုင်းကြီးနှင့် မေစံရှားကို ကြည့်သည်။

''သမီးကို ဒုက္ခပေးသလိုမျိုးကို ပြောတာလား''

''ဟုတ်တယ် ဒေါ်လေး''

''ဘုရား.. ဘုရား.. အဲဒီလို မဖြစ်ပါစေနဲ့''

ဒေါ်လေးကြင်ကြင် ရင်ကိုဖိကာ ဘုရားတ,သည်။ မေစံရှားက နာရီကို ငုံ့ကြည့်ပြီး..

''ရှား တရားရုံးကို အချိန်မီရောက်ဖို့လည်း အရေးကြီးတယ် ဒေါ်လေးရဲ့။ ဒီအတိုင်းဆို ကိုကို့ကို စောင့်လို့မဖြစ်တော့ဘူး။ သွားနှင့်မှ ဖြစ်မယ်။ ရှားသွားပြီးမှ ကိုကိုရောက်လာရင် တရားရုံးကိုသာ လိုက်ခဲ့ဖို့ ဒေါ်လေးပြောလိုက်တော့နော်''

ပြောသည်။ ပြောပြောဆိုဆို ဆလင်းဘက်နှင့် Laptop ကွန်ပျူတာကို ကောက်ချွဆွဲလိုက်သည်။

''သမီး ဘာနဲ့သွားမှာလဲ''

''အငှားကားနဲ့ပဲ သွားမယ် ဒေါ်လေး''

''သမီးကိုလည်း တစ်ယောက်တည်း ဒေါ်လေးစိတ်မချဘူး။ ဒေါ်လေး အဖော်လိုက်ခဲ့ပေးရမလား''

''မလိုက်နဲ့ ဒေါ်လေး။ ရတယ်။ ဒီမှာပဲ ကိုကို့ကိုစောင့်ပေးပါ။ လာရင် ရှားပြောသလို တရားရုံးကို လွှတ်လိုက်ပါ။ နာရီဝက်၊ တစ်နာရီ ကြာလို့မှ မရောက်လာရင် ဒေါ်လေး ရှားဆီကို ဖုန်းဆက်ပေးပါ''

''အေး.. ကောင်းပြီ''

''ဒေါ်လေးလည်း သတိဝီရိယနဲ့ နေပါနော်''

''အေးပါကွယ်''

မေစံရှား ကသုတ်ကရက်နှင့် အိမ်ခန်းတွင်းမှထွက်ကာ လှေကားအတိုင်း ခပ်သုတ်သုတ်ဆင်းသွားသည်။ လူက မမောသော်လည်း စိတ်က မောနေ၏။

'ချစ်သောကိုကို ဘာမှမဖြစ်ပါစေနှင့်'

❦ ❦ ❦



လိုက်။

ကားကလေးက နေရာမှ ဝေါခနဲပြေးထွက်သွားသည်။

လမ်းမတော်ဖိုးတုတ်နှင့် တပည့်များနောက်သို့ ကိုနေသော်ပါသွားခဲ့ပြီး ကိုနေသော်၏အသွားအလာကို စောင့်ကြည့်ပြီး အသေအချာအင်အစဉ်ဆွဲ လူပ်ရှားခဲ့သော ဖိုးတုတ်။ သည်တစ်ခါ လွဲချော်မှုမဖြစ်ဖို့ အရေးကြီးသည်လေ။ လွဲချော်လျှင် ဆရာကြီးက ဂျ်တစ်ကြိမ်တွင် သူ့ကို ခွင့်လွှတ်တော့မည်မဟုတ်။

ကိုနေသော်ကား ကားပေါ်တွင် ငြိမ်သက်လျက်..။

❦ ❦ ❦ ❦ ❦

''မောင်သော်လည်း ခုထိ ရောက်မလာပါလား''

မီးဖိုထဲမှ ထွက်လာရင်း ဒေါ်လေးကြင်ကြင်က စိတ်ပူစွာပြောသည်။

''ဟုတ်တယ် ဒေါ်လေးရဲ့။ ခါတိုင်းနေ့တွေက ခုလိုနောက်မကျဘူး''

မေစံရှားသည်လည်း နာရီတကြည့်ကြည့်နှင့် စိုးရိမ်စွာ ထိုင်ရာမှ ထလိုက်၊ ပြတင်းမှ မျှော်ကြည့်လိုက်နှင့်..။

''ကားပဲ အဆင်မပြေလို့လား။ လူပဲ နေမကောင်းလို့လား''

ဒေါ်လေးကြင်ကြင်က ဖြစ်နိုင်ရာကို တွေး၍ ပြောသည်။

''နေမကောင်းဘူး၊ မလာနိုင်ဘူးဆိုရင် ကိုကို ရှားဆီဖုန်းဆက်မှာပေါ့ ဒေါ်လေးရဲ့။ ခု.. ဖုန်းမဆက်ဘူးဆိုတော့ နေမကောင်းတာတော့ မဖြစ်နိုင်ဘူး လမ်းမှာများ တစ်ခုခု..''

''အင်း.. သူ့ဆီကလာရတဲ့ခရီးက အဝေးသား သမီးရဲ့။ ကားက နှစ်ဆင့်ပြောင်းစီးရတာ။ အဆင်မပြေရင် ဒီလိုပဲ ကြာတတ်တာပေါ့''

''ကိုကိုက အဲဒီလို လမ်းမှာကြာတတ်တဲ့အချိန်ကို ကြိုပေါင်းပြီး အိမ်က စောစောထွက်လေ့ရှိတယ် ဒေါ်လေး။ ရှားတော့ စိတ်ပူတယ်။ ကိုကို့ကို များ ဟိုလူတွေ..''

ကားမောင်းရင်းကပင် ဦးကျော်မြတ်က ဖုန်းကိုဖွင့်၍ နားထောင်လိုက်သည်။

''ဟဲလို...''

''ဆရာကြီး... ကျွန်တော် ဖိုးတုတ်ပါ''

''အေး... ပြော''

''ဟိုလူပါလာပြီ ဆရာကြီး။ ကျွန်တော်တို့လက်ချက်နဲ့ မေ့နေတုန်းပဲ''

''သတိရအောင်လုပ်...။ ပြီးရင် စာရေးခိုင်း။ သူ့ဟာမဆီကို အမြန်ဆုံးပို့။ တရားခွင်မစမီ စာရောက်ဖို့ အရေးကြီးတယ်''

''စိတ်ချပါ။ ဆရာကြီး ရုံးရောက်နေပြီလား''

''သွားနေတုန်းပဲ...။ လမ်းမှာပဲ ရှိသေးတယ်။ သေသေချာချာလုပ်၊ ပီပီရိရိလုပ်။ ကြားလား...''

''ဟုတ်ကဲ့''

ဦးကျော်မြတ်က ဖုန်းကိုပိတ်ရင်း ပြုံးသည်။ ဘေးမှ ဒေါ်ခင်ခင်ကြီးက 'ဘယ်လိုလဲ' ဟူသောအကြည့်ဖြင့် ကြည့်၏။ ဦးကျော်မြတ်က ခေါင်းဆတ်ပြသည်။ ဒေါ်ခင်ခင်ကြီး ပြုံးသွားသည်။

''အင်း... ရှေ့နေမတော့ အရူးမီးဝိုင်းဖြစ်သွားမှာပဲ အစ်ကိုကြီး''

''ဒါပေါ့ကွာ... သူ့ချစ်သူနဲ့ အမူနဲ့ ဘယ်ဟာကိုရွေးမလဲ။ ကြည့်ကြသေးတာပေါ့''

ဦးကျော်မြတ်က ကားစက်ရှိန်ကို မြှင့်လိုက်သည်။

❦ ❦ ❦ ❦ ❦

ဦးထွေး ဂနာမငြိမ်ဖြစ်နေ၏။ ထိုင်ဇနရာမှ အခန်းဝသို့ တမျှော်မျှော်ကြည့်ရင်း ရင်ထဲက ပူစပ်ပူလောင်ဖြစ်နေသည်။

''ဆရာမလေးတို့ ခုထိ မရောက်လာသေးဘူး။ ဘာဖြစ်နေလဲ မသိဘူး''





''လာမှာပေါ့ အစ်ကိုကြီးရယ်။ ဒီနေ့က အရေးကြီးတဲ့နေ့ပဲဟာ''

''ခါတိုင်းဆို သူတို့အစောကြီးရောက်တာ။ ဒီနေ့ ဘာကြောင့် နောက်ကျရတာလဲ။ တစ်ခုခု အခက်အခဲကြုံနေလို့လား''

''အစ်ကိုကြီးက ဘာအခက်အခဲကို တွေးမိလို့လဲ''

''မလှမြင့်... နင်မသိဘူး။ ဆရာမလေးထုတ်မပြောပေမယ့် ငါရိပ်မိတယ်။ ဟိုဘက်က သိပ်ပြီးသြဇာပါဝါကြီးတဲ့သူ။ အခုလို သူ့သားအရေးနိမ့်မယ်ဆိုရင် ဆရာမလေးကို မဟုတ်တရုတ်တွေ ကြဲချင်ကြဲမှာ''

''အို... ဘုရားရေ။ အဲဒါဆို ဒုက္ခပဲ''

''ဒါကြောင့် ငါစိတ်ပူတာ မလှမြင့်''

''ဟိုလူကြီးတွေတော့ ရောက်နေပြီနော်။ ကြည့်ရတာ အေးအေးဆေးဆေးပဲ''

''အေး... သူတို့ အေးအေးဆေးဆေးဖြစ်နေတာကို ငါက စိုးရိမ်တာ။ သူတို့ အေးဆေးနေတာဟာ အကြောင်းရှိလို့ပဲ''

''ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ''

''ရဲအုပ်ကြီးလည်း မတွေ့သေးဘူး။ မလှမြင့်... နင် ဒီမှာ သမီးလေးနဲ့နေဦး။ ငါ ရုံးရှေ့ကို ထွက်ကြည့်ဦးမယ်''

''ဟောာ... အစ်ကိုကြီး... ဟို... ဟိုမှာ ဆရာမလေးလာပြီ။ ဆရာလေးတော့ မပါဘူး။ တစ်ယောက်တည်း...''

မလှမြင့်က တရားရုံးစကြိမ် ခပ်သုတ်သုတ်လျှောက်ဝင်လာသောမေစံရှားကို လက်ညှိုးညွှန်ပြရင်း ပြောသည်။ မေစံရှားကိုမြင်မှ ဦးထွေးသက်ပြင်းချနိုင်သည်။

''ဟူး... တော်ပါသေးရဲ့။ မလှမြင့်... ငါ ဆရာမလေးကို စကားသွားပြောလိုက်ဦးမယ်။ သမီးလေး ခဏနေဦးနော်''

ဦးထွေးက မလှမြင့်နှင့် သမီးလေးမာလာကို ပြော၍ ထိုင်ရာမှ ထသည်။ စိတ်လောနေသောကြောင့်လားမသိ။ ထိုင်ခုံကိုတွန်းမိပြီး ထိုင်ခုံကလဲသွားသည်။

❦ ❦ ❦ ❦ ❦

"ဖျန်း"

မျက်နှာပြင်ကို အရှိန်နှင့်လာ၍ထိတွေ့သော ရေများကြောင့် ကိုနေသော် သတိမေ့နေရာမှ လူးလွန့်လာ၏။ မျက်လုံးတွေ ဖွင့်ကြည့်သည်။

အစပထမသော် ဝိုးတဝါး။ ပြီးမှ အမြင်ကြည်လင်လာ၏။ ငံ့ကြည့်နေသော မျက်နှာသုံးခု။ မျက်နှာစိမ်းသုံးယောက်..။

ဘယ်သူတွေလဲ..။ ဘယ်ရောက်နေတာလဲ..။

ရုတ်တရက် စဉ်းစားမရ။

ခေါင်းက အုံ့ခဲနာကျင်နေသည်။

"သတိရလာပြီလား"

ကြင်နာသော မေးခွန်းမဟုတ်။ ခပ်လှောင်လှောင်မေးလိုက်သော မေးခွန်းဖြစ်သည်။ ခေါင်းဆောင်ဖြစ်ဟန်တူသူ၏ အသံ။ ထိုသူက ဆံပင်တိုတို ဂင်တိုတိုနှင့်..။ ပုံက လူမိုက်ရုပ်။

သည်တော့မှ ကိုနေသော့်ခေါင်းထဲမှာ သတိရလာသည်။

မနက်က မေစံရှားထံသွားရန် အိမ်ကထွက်အလာ ကားလမ်းမပေါ်မှ ကားတစ်စီးနှင့်လူသုံးယောက်။ မိမိ ကားဘေးမှအဖြတ်တွင် သူတို့က မိမိကို နောက်မှရိုက်ခဲ့ခြင်း..။

ကိုနေသော် လဲနေရာမှ လူးလဲထလိုက်သည်။ ခေါင်းက မိုက်ခဲ့ မူးသွားသည်။ ကိုယ်ကို မနည်းထိန်း၍ နေလိုက်ရ၏။ ထိုင်လျက်သားမှ မထနိုင်သေး။

"မထနဲ့..။ ငြိမ်ငြိမ်နေ"

အမိန့်ပေးသံ။

"မင်းတို့က ဘယ်သူတွေလဲ။ ငါ့ကို ဘယ်ခေါ်လာတာလဲ"

ကိုနေသော်က ဒေါသဖြင့် မေးလိုက်သည်။

"အဲဒါတွေ မင်းသိဖို့ မလိုဘူး။ ငါတို့ပြောတာ နားထောင်။ ငါတို့ခိုင်းတာ လုပ်။ ဟေ့ကောင်..စာရွက်နဲ့ဘောပင်ယူခဲ့"

ခေါင်းဆောင်က နောက်တစ်ယောက်ကို လှည့်ပြော၏။ ထိုတစ်ယောက် ဘေးမှနေ၍ လှည့်ထွက်သွားသည်။

မိမိရောက်နေသောနေရာကို ကိုနေသော် မျက်လုံးဝေ့ပြီး အကဲခတ်လိုက်သည်။ ဂိုဒေါင်ဟောင်းကြီးတစ်လုံးဖြစ်သည်။ ပစ္စည်းသေတ္တာဟောင်းများ စက္ကူပုံးများ ရှိနေသည်။ အသုံးမပြုတော့သော သိုလှောင်ရုံတစ်ခု ဖြစ်နိုင်သည်။





တည်နေရာကိုတော့ မှန်းဆ၍ မရနိုင်။

မေစံရှားကို ကိုနေသော် ဖျပ်ခနဲသတိရသည်။

'ရှား အိမ်ကစောင့်နေမှာပဲ။ ငါမရောက်လာလို့ ရှားစိတ်ပူနေလိမ့်မယ်။ တရားရုံးက ဒီနေ့ အရေးကြီးတယ်။ ငါ့ကိုစောင့်နေရင် ရှား နောက်ကျမှာ။ ခု ဘယ်အချိန်ရှိပြီလဲ။ တရားရုံးရောက်ချင် ရောက်နေလောက်ပြီ။ သူတို့က ငါ့ကို ဘာကြောင့်ခေါ်လာတာလဲ။ ရဲကောင်းမြတ်အမှုနဲ့ ပတ်သက်နေသလား။ သူတို့က ဦးကျော်မြတ်လူတွေလား'

အတွေးတွေက ခေါင်းထဲမှာ စီနေသည်။ နာကျင်ကိုက်ခဲနေသော ခေါင်းကြောင့် အတွေးက မကြည်လင်။ အဖြေကိုလည်း စဉ်းစားမရ။ မီးစင်ကြည့်၍ က,ရမည်ဟု ကိုနေသော်ဆုံးဖြတ်လိုက်သည်။

"ရော့..စာရွက်နဲ့ဘောပင်"

ခေါင်းဆောင်က သူ့ရှေ့မှာ စာရွက်နှင့်ဘောပင်ကိုချကာ ခပ်မာမာ ပြောသည်။

"ဘာလုပ်ဖို့လဲ"

"စာရေးဖို့..။ ရေး.."

"ဘာဖြစ်လို့ ရေးရမှာလဲ"

"အံမာ..မင်းသေချင်လို့လား"

ခေါင်းဆောင်ဖြစ်သူ၏လက်တွင် ဓားတစ်လက်ကို မြင်လိုက်ရ၏။ ဓားမြှောင်တစ်လက်..။ အရောင်တလက်လက်နှင့်။ ဘေးမှ လူနှစ်ယောက်က ရပ်လျက်။ တစ်ယောက်က တုတ်တစ်ချောင်းနှင့်။ ကျန်တစ်ယောက်က ချိန်းကြိုးနှင့်..။

လောလောဆယ် သူတို့က သုံးယောက်။ မိမိက တစ်ယောက်။ ပြီးတော့ သူတို့မှာ လက်နက်တွေရှိသည်။ မိမိက ဘာမျှမရှိ။ ချက်ချင်း ထ၍ ရင်ဆိုင်ဖို့ရာ အခါအခွင့်မသင့်သေး..။

နောက်တစ်ခုက သူတို့ရည်ရွယ်ချက်ကို သိအောင် လုပ်ရဦးမည်။

"ရေးစမ်း..။ မင်းငနဲမ မေစံရှားဆီကို..ရေး"

"ဘာ.."

"စာရေးခိုင်းနေတာ။ ဒီနေ့အမှုကို ရပ်လိုက်ပါလို့။ မဟုတ်ရင် ငါ့ကို သတ်တော့မှာလို့"

"မရေးဘူး"

"ဟေ့ကောင်.. မင်း.."

ခေါင်းဆောင်လုပ်သူက ဓားကို မြောက်ကာ အပေါ်မှ မိုးလိုက်သည်။ တုတ်ကိုင်ထားသူကလည်း တုတ်ကို အသင့်ပြင်လိုက်သည်။ ချိန်းကြိုးနှင့်[illegible] ယောက်ကတော့ ဘာမျှမပြော၊ မလုပ်ဘဲ ငြိမ်၍ရပ်ကြည့်နေ၏။

ကိုနေသော် စဉ်းစားသည်။

'သေချာပြီ။ ဒီလူတွေဟာ ဦးကျော်မြတ်ရဲ့လူတွေပဲ။ ဒီနေ့ တရားခွင်မှာ ရှားက အပြီးသတ်လျှောက်လဲမှာ။ ဒါကို မလုပ်နိုင်အောင် ငါ့ကိုဖမ်းထားပြီး ခြိမ်းခြောက်တာပဲ။ ငါဘာလုပ်ရမလဲ'

"မင်း.. အသက်မသေချင်ရင် ရေး"

အမိန့်ပေးသံ ထပ်မံပေါ်လာ၏။ ဂင်တိုတိုဓားသမား၏ အမိန့်သံ ပြတ်ပြတ်။

'ငါ.. ရေးရမလား။ ငါရေးလိုက်ရင် ရှား တုန်လှုပ်ချောက်ချားသွားမှာပဲ။ ငါ့ကြောင့် ရှား တရားခွင်က ထွက်လာခဲ့ရင်.. အို.. မဖြစ်ဘူး။ မရေးဘူး မာလာ့အတွက်က အရေးကြီးတယ်'

"ဟေ့ကောင်.. ပြောနေတယ်။ မြန်မြန်ရေး။ ဘာငိုင်နေတာလဲ တွေ့လား.. ဒီမှာဓား"

ဂင်တိုတိုလူဆိုး၏ ဓားဦးက ကိုနေသော်၏လည်ပင်းကို လာထောက်သည်။

'ငါ စာမရေးရင်လည်း ငါပျောက်နေလို့ ရှားစိတ်ပူနေမှာပဲ။ ငါ ဘယ်မှာရောက်နေမှန်း မသိရင် ရှားစိတ်ဒုက္ခပိုရောက်မယ်။ ငါရှိနေတာကို ရှားသိရင် တစ်နည်းနည်းနဲ့ ရှားလှုပ်ရှားနိုင်တယ်။ ရေးတာက ပိုပြီးအကျိုးမှီမယ်။ ဒါပေမဲ့ ရှား တရားရုံးကို အရှုံးပေးထွက်မလာဖို့လည်း ငါအသိပေးရမယ်'

ဓားဦးက ကိုနေသော်လည်ပင်းထဲသို့ အနည်းငယ်စူးဝင်လာ၏။

"ရေးစမ်း"

လူဆိုးခေါင်းဆောင်၏ ငေါက်ငမ်းသံ။

ကိုနေသော်က မော့၍..

"ဘာရေးရမှာလဲ"

ဟု ပြန်မေးလိုက်သည်။

"ငါပြောသလို လိုက်ရေး"

ကိုနေသော်က ဘောပင်ကို ကောက်ယူလိုက်သည်။

❦ ❦ ❦ ❦ ❦



တရားရုံးသို့လည်း ကိုနေသော်ရောက်မလာသေး၍ မေစံရှား၏စိုးရိမ်ခေမှတ်များ မြင့်တက်လာရသည်။

အချိန်က အတော်နောက်ကျနေခဲ့ပြီ။

အိမ်ကိုလိုက်သွားနေ၍ နောက်ကျနေခြင်းလား။ အိမ်ရောက်လျှင် ဒေါ်လေးကြင်ကြင်က မေစံရှား မစောင့်တော့ဘဲ တရားရုံးသွားပြီဖြစ်ကြောင်း ပြောလိမ့်မည်။ သူ အငှားကားနှင့်လိုက်လာလျှင် အချိန်ဘာမှမကြာ။ တရားရုံးကို ရောက်လာနိုင်သည်။

ယခု တရားခွင်ပင် စတော့မည်။

ကိုနေသော် ဘာဖြစ်နေပါသနည်း။

ဦးကျော်မြတ်တို့ ကိုနေသော်ကို ဒုက္ခပေးလေပြီလား။

ထိုင်ရာမှ ထ၍ ဦးကျော်မြတ်တို့ရှိရာသို့ မေစံရှား တစ်ချက်ဝေ့ကြည့်သည်။ သူတို့မျက်နှာတွေက အေးဆေးတည်ငြိမ်နေပါလား။ ဒါသည်ပင် သူတို့နောက်ကွယ်မှာ တစ်ခုခုအပိုင်ကြံစည်ထား၍ ဖြစ်နိုင်သည်။

'ကိုကို သူတို့လက်ထဲ ရောက်နေပြီလား'

မီးစတစ်ခု ရင်ဝကို ထိုးလိုက်သလို ခံစားရ၏။ 'ငါဘာလုပ်ရမလဲ' ဟု မေစံရှားအပြေးအလွှားစဉ်းစားလိုက်သည်။ တရားရုံးမှာ ရဲအုပ်အောင်မင်းကိုလည်း မတွေ့ရသေး။ သူနှင့်တိုင်ပင်ရလျှင် ကောင်းမည်ဟု မေစံရှားတွေးမိ၏။

လက်ကိုင်ဖုန်းကိုယူကာ တရားခွင်အဟွင်းမှ မေစံရှား အခန်းပြင်သို့ ထွက်လိုက်သည်။

ထိုအချိန်မှာပင် ဖုန်းခေါ်သံတီးလုံးကလေးတစ်ခုက ပေါ်လာ၏။

မေစံရှား ဖုန်းကိုကြည့်လိုက်သည်။ အိမ်နားမှ ဖုန်းနံပါတ်ဖြစ်သည်။ ဒေါ်လေးကြင်ကြင် ဖုန်းဆက်ခြင်းဖြစ်ကြောင်း သိလိုက်၏။ ဘာအကြောင်းထူးမလဲ။

"ဟဲလို.. ဒေါ်လေး ပြော"

"မောင်သော် ခုထိရောက်မလာဘူး။ သမီးဆီကို ရောက်ပြီလား"

ဒေါ်လေးကြင်ကြင်၏စကားကြောင့် မေစံရှားပိုမောသွားသည်။

"ဒီလည်းမရောက်သေးဘူး ဒေါ်လေး"

"ဒုက္ခပဲ။ ဘာများဖြစ်နေလဲ မသိဘူး"

"ဒေါ်လေး စိတ်မပူပါနဲ့။ ခဏနေရင် သူ ဒီကို ရောက်ချင်ရောက်

လာမှာပါ။ ဒါပဲနော် ဒေါ်လေး။ တရားခွင်စတော့မှာမို့ သမီး အထဲပြန်ဝင်
တော့မယ်''

''ကောင်းပြီ သမီး။ အကြောင်းရှိရင် ဒီကို ဖုန်းပြန်ဆက်''

''ဟုတ်ကဲ့ပါ''

မေစံရှား ဖုန်းကိုပိတ်လိုက်ပြီး ရဲအုပ်အောင်မင်းရှိရာအခန်းသို့ ဖုန်းခြေ
ခေါ်လိုက်သည်။

''ဟဲလို..''

''ရဲအုပ်အောင်မင်းနဲ့ စကားပြောချင်လို့ပါ''

''ကျွန်တော် တာဝန်ကျ ဒုရဲအုပ်ဖြိုးကြီးပါ။ ခုပြောနေတာ ဒေါ်မေစံ
ရှားလား''

''ဟုတ်ပါတယ်''

''ဆရာ စောစောကပဲ အပြင်ထွက်သွားတယ်။ ဖုန်းတစ်ခုဝင်လာပြီး
ထွက်သွားတာ။ နယ်ထိန်းကြီးနဲ့ ရဲတပ်သားသုံးယောက်ပါ ခေါ်သွားတယ်
ဘာကိစ္စတော့ ပြောမသွားဘူး။ ကျွန်တော့်ကို Stand by စောင့်နေဖို့ပဲ
သွားတယ်။ ဒေါ်မေစံရှား ဘာကိစ္စရှိလဲ။ ပြောပါ''

''ကျွန်မဆီကို ရောက်လာဖို့ ချိန်းထားတဲ့ ကိုနေသော် ခုထိရောက်
မလာဘူး။ အဆက်အသွယ်လည်း မရဘူး ဖြစ်နေတယ်။ အဲဒါ ကိုအောင်မင်း
ဆီကို သတင်းပို့တာ။ ကိုနေသော် တစ်ခုခုများဖြစ်နေသလားလို့''

''ဟုတ်တယ်။ စဉ်းစားစရာပဲ။ ကဲ.. ဘာမှတော့ စိတ်ပူမနေပါနဲ့
ကိုနေသော်ကလည်း ကလေးမှ မဟုတ်တာ။ ဆရာနဲ့ အဆက်အသွယ် ရင်
ကျွန်တော်ပြောပြလိုက်ပါ့မယ်။ အကြောင်းထူးရင် ကျွန်တော် ဒေါ်မေစံရှားဆီ
ဆက်သွယ်ပါ့မယ်''

''ကျေးဇူးပါပဲ ကိုဖြိုးရယ်''

မေစံရှား ဖုန်းပြန်ပိတ်လိုက်ရသည်။ အရေးထဲမှာ ရဲအုပ်အောင်မင်း
အလုပ်ရှုပ်နေသည်။ ဘယ်လိုလုပ်ရပါ့။

တရားခွင်ကလည်း စတော့မည်။

ရင်ထဲမှာ ဖြစ်ပေါ်နေသော အပူလှိုင်းများကြောင့် မေစံရှား စိတ်
လှုပ်ရှား မကပ်မိသလို ဖြစ်နေ၏။ သက်ပြင်းကိုရှိုက်တာ တရားခွင်ပြန်ဝင်
ပြင်လိုက်စဉ် ရုံးရှေ့လက်ဖက်ရည်ဆိုင်မှ စားပွဲထိုးကောင်လေး ရောက်လာပြီး..

''မမအတွက်.. စာ''





ဟု ဆိုကာ စာတစ်စောင်ပေးသည်။

''ဘယ်ကစာလဲ။ ဘယ်သူပေးလိုက်တာလဲ''

စာကို လှမ်းယူရင်း မေစံရှားက မေးလိုက်၏။ စာမှာ စာအိတ်ညို
ညှိုရည်ရှည်ကြီးနှင့် ဖြစ်၏။ ရုံးစာပုံစံမျိုး ဖြစ်၏။ လိပ်စာတော့ ရေးမထား။
စာအိတ်ကို သေချာစွာပိတ်ထားသည်။

''လက်ဖက်ရည်လာသောက်တဲ့ အမျိုးသမီးတစ်ယောက်က ပေးခိုင်း
သွားတာပါ''

''အမျိုးသမီး.. ဟုတ်လား။ ဘယ်သူတဲ့လဲ''

''နာမည်တော့ ပြောမသွားဘူး။ စာဖတ်ရင် မမ သူ့ကို သိပါတယ်တဲ့။
မမရဲ့အမှုသည်တစ်ယောက် နေမှာပေါ့''

''ကျေးဇူးပါဗဲကွယ်''

စားပွဲထိုးလေး ပြန်ထွက်သွားသည်။

စာ.. ။ မိမိထံ မရောက်ဖူး၊ မလာဖူးသော စာမျိုးမို့ ဘာများလဲဟု
မေစံရှားတွေးသည်။

တရားခွင်တွင်း၌ ရှေ့နေကြီးဦးမင်းထွေးနောင်က နေရာယူပြီး အသင့်
ဖြစ်နေသည်။ တရားရုံးဝန်ထမ်းများ တရားရုံးထဲဝင်သွားကြသည်ကို တွေ့ရ
သဖြင့် မေစံရှား တရားခွင်ထဲသို့ ပြန်ဝင်လာခဲ့ရ၏။

နေရာ၌ပြန်ထိုင်လိုက်ရသော်လည်း စာပါအကြောင်းအရာကို မေစံ
ရှား သိချင်စိတ်က ပြင်းပြနေသည်။ စာက ကိုနေသော်ရောက်မလာခြင်းနှင့်
ဆက်သက်နေသလား။ ဦးကျော်မြတ်တို့နှင့် ပတ်သက်နေသလား။

တရားသူကြီးရောက်မလာသေးသည်ဖြစ်၍ မေစံရှားသည် စာအိတ်
ကို ကပျာကယာဖောက်လိုက်ပြီး အထဲမှ စာရွက်ကို ဆွဲထုတ်သည်။

စာရွက်ကို ဖြန့်လိုက်သည်ဆိုလျှင်ပင် လက်ရေးသေးသေး ညီညီ
လေးတွေကို တွေ့လိုက်ရပြီး ရင်ထဲမှာ ဝုန်းခနဲ လှိုင်းတစ်လုံးလာရိုက်သည်။
ဆက်ရေးက ကိုနေသော်လက်ရေး..။

စာကို အသေဖတ်လိုက်သည်။

**ရှား..**

*ဒီနေ့ အမှုကို ရပ်လိုက်ပါ..။*

*မဟုတ်ရင် ရှားနဲ့ကိုကို ပြန်တွေ့ရမှာ မဟုတ်တော့ဘူး..။*

**နေသော်**

"ဟာ.."

ရှားမျက်လုံးတွေ ပြာသွားသည်။ ရှားတစ်ကိုယ်လုံး နေရာမှ ထွင်ပြောက်သွားသလို ခံစားလိုက်ရ၏။ ပူလောင်သော မီးတောက်ချော်ရည်များ ရင်ထဲကို ဖြတ်စီးလာသည်သို့..။

'ဒါ.. ကိုကို့လက်ရေး အမှန်ပဲ။ ကိုကို သူတို့လက်ထဲ ရောက်နေပြီ ကိုကို့အသက်နဲ့ မာလာအမူကို အလဲအလှယ်လုပ်တာပဲ။ မိုက်ရိုင်းလိုက်တာ'

မေစံရှား စာကို နောက်တစ်ခေါက်ပြန်ဖတ်သည်။

စာအောက်ခြေမှာ ထိုးထားသော ကိုနေသော်လက်မှတ်က ထိုးနေလက်မှတ်နှင့် အနည်းငယ်ကွာခြားနေသည်ကို တွေ့ရ၏။ လက်မှတ်၏ အကွေ့အညွှန့်လေးများမှာ အမှန်ခြစ်အမှတ်အသားလေးတစ်ခု။ 'ဒါ.. ဘာသဘောလဲ အခြေအနေကောင်းတယ်။ ဆက်လုပ်ပါဆိုတဲ့ သဘောလား။ ကိုကိုက သူ့အုပ်တွေမှာ အမှန်ခြစ်အမှတ်အသားလေးကို ထည့်တတ်တယ်။ မားမားမတ် ရပ်တဲ့သဘော။ အမှန်တရား ထာဝရဆိုတဲ့သဘောလို့ ကိုကိုက အဓိပ္ပာယ်ဖွင့်ဖူးတယ်။ ဒါဟာ ကိုကိုက သူ့သဘောထားကို ငါ့ကိုပေးတာပဲ။ ဟော.. အမှူကိုရပ်လိုက်ပါဆိုတဲ့နောက်က ချထားတဲ့ပုဒ်မက တစ်မျိုးပါလား။ ဒါ.. ကြက်ခြေခတ်လေးပဲ။ အမှူကို ရပ်ဖို့ သဘောမတူဘူး။ မရပ်နဲ့လို့ ပြထားသလကွဏာပဲ။ ကိုကိုကတော့ သူများလက်ထဲရောက်ပြီး အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတာတောင် သူ့အသက်ကို လောင်းကြေးထပ်ပြီး ငါ့ကို လက်မလျှော့ခိုင်းနေပါလား။ ငါဘာလုပ်ရမလဲ၊ ငါဘာလုပ်သင့်သလဲ'

မေစံရှား၏ အသည်းနှလုံးထဲမှ လွန်ဆွဲပွဲ။

တစ်ဖက်က မိမိအသက်မက ချစ်ရသော ချစ်သူ..။

တစ်ဖက်က မိမိအသက်မက မြတ်နိုးရသော အမှန်တရား..။

တစ်နည်းအားဖြင့်..

တစ်ဖက်သောချိန်ခွင်မှာ မိမိချစ်သူ၏အသက်။ ကျန်ချိန်ခွင်တစ်ဖက်မှာက တရားမျှတမှုကို စောင့်မျှော်နေသည့် မာလာကလေး။ အမှန်တရားချိန်ခွင်ကို ကိုင်ထားရသည့် မေစံရှား၏လက်။ ဘယ်ဘက်ကို အလေးပေးရမည်နည်း။

❦ ❦ ❦



ဦးကျော်မြတ်က စာကိုကိုင်၍ ပြင်းထန်သောအားပြိုင်မှု၏ ရွေးချယ်ရလမ်းကို ဖွေရှာနေသည့် မေစံရှား၏မျက်နှာကို လှမ်းကြည့်ကာ အောင်နိုင်ဝင့်ကြွားစွာ ပြုံး၍နေ၏။

စာက အချိန်မီရောက်လာခဲ့သည်။

နေသော်က မိမိတို့လက်ထဲမှာ..။

မေစံရှား ဘာတတ်နိုင်သေးသနည်း။ ရွေးစမ်း.. ရွေးစမ်း..။ မင်းဘယ်လမ်းကို ရွေးမလဲ မေစံရှား။ မင်းချစ်တဲ့ ချစ်သူကို ရွေးမလား။ မင်းချစ်တဲ့ အမှန်တရားကို ရွေးမလား။

ဒေါ်ခင်ခင်ကြီးကလည်း မေစံရှား ပြင်းစွာလှုပ်ရှားခံစားနေရသည်ကို ကြည့်ပြီး ခင်ပွန်းဖြစ်သူကို လက်မောင်းချင်းတိုက်၍ ပြသည်။

ဦးကျော်မြတ်နှင့် ဒေါ်ခင်ခင်ကြီး အပြုံးချင်းဖလှယ်မိကြ၏။

ရှေ့နေကြီးဦးမင်းထွေးနောင်သည်မူ ထိုကိစ္စကို ကြိုတင်မသိရှိထားသောကြောင့် မေစံရှား စာတစ်စောင်နှင့် ဘာဖြစ်နေသနည်းဟု စူးစမ်းစွာကြည့်နေ၏။ ပြီးတော့ ဦးကျော်မြတ်တို့ထံ လှမ်းကြည့်သည်။

ဦးကျော်မြတ်တို့ ကျေနပ်စွာ မြှိန့်မြှိန့်ကြီးပြုံးနေပါလား။

တစ်ခုခုတော့ သေနင်္ဂဗျူဟာကို ဦးကျော်မြတ်သုံးလိုက်ပြီဟု ဦးမင်းထွေးနောင် သဘောပေါက်လိုက်၏။

ဦးကျော်မြတ်အကြောင်း သူကောင်းကောင်းသိသည်။

အတ္တအရာတွင် ကေရာဇဖြစ်သော ဦးကျော်မြတ်သည် သေနင်္ဂကို ကျွမ်းသော ကျားဘုရင်လည်းဖြစ်သည် မဟုတ်ပါလား။

❦ ❦ ❦

"အစ်ကိုကြီး.. ဆရာမလေးရဲ့မျက်နှာကို ကြည့်စမ်းပါဦး"

မလှမြင့်က ဦးထွေးနားသို့ကပ်၍ ပြောလိုက်သည်။

"ဟုတ်တယ်..။ ငါလည်း ကြည့်နေတာ။ ဆရာမလေး အပြင်းထန်

ထွက်သွားပြီး ပြန်ဝင်လာတော့ စာတစ်စောင်ပါလာတယ်။ စာကို ဖတ်ပြီး ဆရာမလေး တစ်ခုခုကို အကြီးအကျယ်တုန်လှုပ်ခံစားနေရပုံပဲ။ ဘာအကြောင်း ကြောင့်လဲသာ မသိတာ..''

ဦးထွေးကလည်း တိုးတိုးပြန်ပြောသည်။

''ဒီနေ့..ဆရာလေး ရောက်မလာဘူး။ အဲဒါ ဆရာလေးမှာများ ပြဿနာတစ်ခုခုရှိနေလား မသိဘူး''

မလှမြင့်၏ ထင်မြင်ချက်..။

''ငါလည်း အဲဒီလိုပဲ ထင်တယ်''

''ဆရာမလေး မျက်နှာအိုနေတယ်နော်။ မျက်ရည်တွေ ဝေနေပုံပဲ။ အရမ်းခံစားနေရပုံပေါ်တယ်။ ကျွန်မတို့ သွားမေးကြည့်မလား''

ဦးထွေးက ခေါင်းကိုယမ်းသည်။

''မမေးသင့်ဘူးထင်တယ်။ ဆရာမလေးက လိုအပ်ရင် ငါတို့ကို ပြောမှာပါ။ ဆရာမလေးကို ငါတို့မနှောင့်ယှက်သင့်ဘူး''

''ဟင်း..''

ဦးထွေးနှင့် မလှမြင့်တို့၏ သက်ပြင်းချသံများ ပြိုင်တူဖြစ်သွား၏။ သူတို့ဘေးမှ မာလာကလေးသည်လည်း မေစံရှားရှိရာသို့ ကြောင်ငေးငေးလေး ငေးကြည့်နေလေသည်။

❦ ❦ ❦ ❦ ❦

ဆရာကြီးဆီက အမိန့်မရမချင်း မင်းကောင်းကောင်းနေ။ ရုတ်ရုတ် ရုတ်ရုတ် လုပ်တာနဲ့ မင်းအသက်အပြုတ်ပဲ''

ဂင်တိုတိုခေါင်းဆောင်၏ ရက်စက်သောမျက်နှာနှင့် ဦးနှောက်အသိ ပညာမဲ့မှုကို ကိုနေသော်အကဲခတ်မိ၏။ သည်လိုလူမျိုးက ကိုယ်ပိုင်အတွေး အဆ မရှိ။ သခင်ခိုင်းသမျှကို သစ္စာရှိစွာလုပ်တတ်သော ခွေးလိမ္မာအဆင့်မျိုး သာဖြစ်ကြောင်း ကိုနေသော်ကောင်းကောင်းနားလည်သည်။





ယခုအခြေအနေမှာ မိမိက ရှုံးနိမ့်နေသူ။ သူတို့လက်ခုပ်ထဲက ရေ။ ဒေါသဖြင့် ရန်လိုတုံ့ပြန်နေ၍ အကျိုးမရှိ။ အရာမထင်နိုင်။ အချိန်နှင့် အခွင့် အခါကို စောင့်ရမည်။ လောလောဆယ်မှာ သည်းခံနေရမည်။ အဆိပ်မရှိသော ရေမြွေလို နေပြမှ ရမည်။ ပါးပျဉ်းထောင်လျှင် ပေါက်ခွင့်မရဘဲ အသက်ဆုံးသွား နိုင်သည်။

''မင်းတို့ခိုင်းတာ ငါလုပ်ပေးပြီးပြီပဲ။ ငါ့ကို ပြန်လွှတ်ပေါ့''

သွေးတိုးစမ်းကြည့်၏။

''ဆရာကြီးဆီက အမိန့်ရမှ လွှတ်နိုင်မှာ။ မင်းစကားမရှည်နဲ့''

''မင်းတို့ဆရာကြီးက ဘယ်သူလဲ။ ဘာကြောင့် ငါ့ချစ်သူကို အမှုလိုက် တာ ရပ်ခိုင်းရတာလဲ''

သိနေပြီးသားဖြစ်သော်လည်း တိကျခိုင်မာသော အဖြေရစေရန် မေးခွန်းထုတ်ကြည့်၏။

''အဲဒါ မင်းသိဖို့မလိုဘူး။ ငါတို့လည်း မသိဘူး''

''မင်းတို့က ပြဿနာပဲကွာ။ ငါ့မှာက အလုပ်တွေရှိသေးတယ်''

''အေးပါ..။ မင်းကို ငါတို့ကလည်း ခေါ်မထားချင်ပါဘူး။ ဟိုမှာ အိုကေလို့ မီးစိမ်းပြတာနဲ့ မင်းကိုပြန်လွှတ်မှာပါ။ အဲ..မီးနီပြနေရင်တော့ မင်းလည်း သွေးချင်းချင်းနီမှာပဲ''

ဒါကတော့ သူတို့ရည်ရွယ်ချက်အစစ်အမှန် ဖြစ်နိုင်၏။ မေစံရှားက တရားရုံးကို စွန့်ခွာလာလျှင် မိမိကို လွှတ်ပေးမည်ဖြစ်ပြီး မေစံရှားက အလျှော့ မပေးလျှင် သူတို့ မိမိကို ဒုက္ခဆက်ပေးမည်မှာ အမှန်ပင်။

မေစံရှားကလည်း အမှန်တရားအတွက် သူတို့ထံ ဒူးထောက်မည် မဟုတ်။

မိမိကလည်း မေစံရှားကို လက်မမြှောက်ရန် စာတွင် မိမိသဘော ထားကို ဖော်ပြခဲ့သည်။

အမှန်တရားတစ်ခုအတွက် သွေးကို ရင်းသင့်ရင်းရမည်။ နှလုံးသား ကို ရင်းသင့်ရင်းရမည်။ အသက်ကို ရင်းသင့်ရင်းရမည်။

အချစ်နှင့်အသက်အတွက် မိမိတို့က မတရားအနိုင်အထက်ပြုသူများ ကို ဒူးထောက်အရှုံးမပေးနိုင်။ ရာဇဝင်တွင် သွေးကြောင်သည်ဟု စာတင်မခံ နိုင်။ လှေခွက်ချည်းကျန်ပါစေ။ အလံမလှဲနိုင်။

အမှန်တရားအတွက် နောက်ဆုံးစက္ကန့်ထိ ကြံ့ကြံ့ခံရင်ဆိုင်သွားမည်

ဟု ကိုနေသော်ဆုံးဖြတ်သည်။

''မောင်မဲ.. သူ့ကို ကြိုးတုပ်ထားလိုက်''

ဂင်တိုတိုခေါင်းဆောင်က အမိန့်ပေးသည်။ သူသည် မေစံရှားကို လမ်းတွင် အန္တရာယ်ပြုခဲ့သူ၊ မေစံရှားကို ဖြေပို့ပြီး ရှင်းဖို့ကြိုးစားခဲ့သူ၊ သက်သေများကို နှုတ်ပိတ်ခြိမ်းခြောက်ခဲ့သူ လမ်းမတော်ဖိုးတုတ်ဖြစ်မည်ဟု ကိုနေသော်ခန့်မှန်းမိ၏။

မောင်မဲဟုအခေါ်ခံရသော ချိန်းကြိုးကိုင်သကောင့်သားက နိုင်လွန်ကြိုးတစ်ချောင်းယူလာကာ ကိုနေသော်အား တိုင်တစ်လုံးကို လက်နောက်ပြန်ယှက်စေပြီး လက်ကောက်ဝတ်အား ကြိုးနှင့်တုပ်သည်။

''မျက်ပြ.. မင်း အပြင်မှာသွားစောင့်နေ။ ငါ ခဏနားလိုက်ဦးမယ်''

''ဟုတ်ကဲ့''

တုတ်ကိုင် မျက်ပြက ဂိုဒေါင်တံခါးကိုဟ,ကာ အပြင်ထွက်သွား၏။ ဂင်တိုတိုခေါင်းဆောင်ဖိုးတုတ်က ကိုနေသော်အား ကောင်းကောင်းနေဟု သတိပေးကာ သေတ္တာဟောင်းများရှိရာသို့ လျှောက်သွားပြီး သေတ္တာတစ်လုံးပေါ်မှ အရက်ပုလင်းနှင့်ဖန်ခွက်ကို ဆွဲယူ၏။ ဖန်ခွက်ထဲ အရက်ထည့်ကာ သေတ္တာတစ်လုံးပေါ် ထိုင်ချပြီးနောက် အရက်ကို တစ်ရှိန်ထိုးမော့သောက်၏။ ရေသောက်သည့်ပမာပင်..။

မောင်မဲ ကိုနေသော်ကို ကြိုးဖြင့် ဖြည်းလေးစွာတုပ်နေ၏။ ကိုနေသော်က ခန္ဓာကိုယ်ကို ငြိမ်ထားပေးပြီး ခေါင်းက အလုပ်လုပ်နေသည်။

'သူတို့က သုံးယောက်၊ ငါကတစ်ယောက်တည်း။ ပြီးတော့ ငါ့ကို ကြိုးတုပ်ထားတာ။ ငါဘာလုပ်မလဲ။ အဲဒီ ဂင်တိုတိုကောင် သောက်နေပုံကတော့ မကြာခင် အရှိန်လွန်အောင် မူးမယ့်ပုံပဲ။ ခဏစောင့်ပြီး လူပ်ရှားကြည့်ရမယ်။

အင်း.. ဒီအချိန်ဆို တရားခွင်စလောက်ပြီ။ ရှား ဘယ်လိုနေမလဲ။ ရှား သိပ်ခံစားနေရမှာပဲ၊ ဒါပေမဲ့ ရှား သူ့ရဲ့ယုံကြည်မှုကို ရပ်တန့်ပြောင်းလဲစမ်မှာ မဟုတ်ဘူး။ ဒါ.. ငါသိပ်ချစ်တဲ့ သူ့စိတ်ဓာတ်နဲ့ အတူပဲ။ တောင့်ထားရှား၊ နည်းနည်းမှ မတုန်လှုပ်နဲ့။ ကိုကိုလည်း ကိုကို့ဘဝ်သာ အကောင်းဆုံးရင်ဆိုင်မယ်''

အတွေးများ...။

ထိုစဉ် နားထဲသို့ တိုးသဲ့သောလေသံကလေး ဝင်လာ၏။

''ကြိုးကို ဖြေလို့ရအောင် ချည်ထားတယ်''





နောက်ကလာသောအသံ။ မောင်မဲအသံဖြစ်သည်။ ကိုနေသော်အံ့သြသွားသည်။

'မောင်မဲက ငါ့ကို လွှတ်စေချင်တာလား။ မောင်မဲက ဘယ်သူလဲ' မောင်မဲက ထိုင်ရာမှ ထလိုက်ပြီး..

''ကြိုးချည်ပြီးပြီဆရာ''

ဟု သူ့ဆရာကို လှမ်းသတင်းပို့သည်။

''မင်း အပြင်ကိုသွားပြီး မျက်ပြကို ငါ့ဆီလွှတ်လိုက်ဦး။ မင်းက မသောက်တော့ အပြင်မှာ ခဏစောင့်။ မျက်ပြကို ငါက တိုက်ရဦးမယ်''

''ဟုတ်ကဲ့''

မောင်မဲက ကိုနေသော်ကို အဝိပ္ပါယ်ပါပါ တစ်ချက်ကြည့်ပြီး အပြင်သို့ထွက်သွားသည်။

❦ ❦ ❦ ❦ ❦

မေစံရှားက သက်ပြင်းရှိုက်ကာ အသက်ကို တစ်ဝမ်းလိုက်ပြီး ထိုင်ရာမှ ထလိုက်သည်။ တရားသူကြီးကို ဦးညွှတ်လိုက်သည်။

မေစံရှားထံသို့ ရောက်လာခဲ့သောစာသည် အမှုတွဲအောက်သို့ ရောက်သွားခဲ့ပြီ။

မိမိအသည်းနှလုံးကို ဖဲ့ဖြွေသည့်နှင့် ပမာတူသော သွေးလိမ်းထားသည့် အမှုန်တရားကို ဦးထိပ်ရွက်ရန် မေစံရှားဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

မေစံရှားရပ်နေဟန်က ဝုံဝုံကြွားကြွား။ ခံစားမှုကို ရင်၌ဖိသိပ်ထားလိုက်သည်။ ယခုအချိန်၌ အမှုန်တရားမှလွဲ၍ သူမထံတွင် အခြား ဘာမျှမရှိ။

မေစံရှား၏ လျှောက်လဲခွဲဆိုတော့မည့်အနေအထားကို သဘောပေါက်လိုက်သော ဦးကျော်မြတ်မှာ ကျောက်ရုပ်ကြီးလို တောင့်တောင့်ကြီးဖြစ်သွားသည်။

'အား.. မေစံရှားဆိုတာ ဒီလောက်တောင် အသည်းနှလုံးက ခိုင်

ကားပေါ်မှာ မောင်သောင်းထိုက်က ရမ်းရမ်းကားကားမလုပ်ဖို့ ပြောတာကို ရဲကောင်းမြတ်က လက်မခံသလို မောင်သောင်းထိုက်က သူမလိုက်လိုက်ပြောတာကိုလည်း လက်မခံဘဲ ကားနဲ့ လမ်းကြားလေးအရောက် မောင်းသွားခဲ့ပါတယ်။ ဒီနေရာမှာ ဖြတ်ပြီးတင်ပြရရင် မောင်သောင်းထိုက်ဟာ နွမ်းပါးပြီး သဘောထားကောင်းတဲ့သူမို့ ရဲကောင်းမြတ်ရဲ့ အရှိန်အဝါသြဇာကို လွန်ဆန်နိုင်ခဲ့တာ ဖြစ်ပါတယ်။ ရဲကောင်းမြတ်ရဲ့အပြုအမူကို ထောက်ခံအားပေးခဲ့တာမဟုတ်ကြောင်း တင်ပြလိုပါတယ်။

လမ်းကြားကလေးထဲရောက်တော့ ရဲကောင်းမြတ်က 'မင်းကားထဲမှာနေ' လို့ပြောပြီး သူက ကားအပြင်ကိုထွက်ပြီး မာလာ့ကိုစောင့်ပါတယ်။ မာလာပြန်လာချိန်နဲ့ ကွက်တိလို ဖြစ်သွားပါတယ်။ လမ်းထိပ်မှာ မာလာနဲ့ လမ်းခွဲပြီး သီတာ သူ့အိမ်ကိုပြန်သွားလို့ မာလာတစ်ယောက်တည်း ပြန်လာခဲ့တာ ဖြစ်ပါတယ်။ အနားလည်းရောက်ရော ရဲကောင်းမြတ်က ဘာမပြောညာမပြောနဲ့ မာလာ့အနားကပ်ပြီး လက်ကိုဆွဲ၊ မေ့ဆေးလက်ကိုင်ပဝါနဲ့အုပ်ပြီး အသင့်ဖွင့်ထားတဲ့ ကားတံခါးကနေ ကားထဲကို ဆွဲသွင်းပါတယ်။ ဒါကို ကွမ်းယာဆိုင်သိမ်းပြီး ပြန်လာတဲ့ မသန်းမူ (လိုပြ–၂) လှမ်းမြင်ပါတယ်။ (လိုပြ–၂) ဖြစ်တဲ့ မသန်းမူက ရဲကောင်းမြတ်ပါလို့ မပြောပေမယ့် (လိုပြ–၅) ဖြစ်တဲ့ အတူပါသွားသူ မောင်သောင်းထိုက်ရဲ့ အစစ်ခံချက်မှာ ဒီအချက်ဟာ ပီပြင်ထင်ရှားစွာပါပြီးဖြစ်ပါတယ်။

အဲဒီနောက်တော့ ရဲကောင်းမြတ်ဟာ သူ့ဖခင်ရဲ့ ပစ္စည်းသိုလှောင်တဲ့ ဂိုဒေါင်တစ်လုံးဆီကို ကားမောင်းပြီး သွားခဲ့ပါတယ်။ ကားပေါ်မှာတော့ သတိမေ့နေတဲ့ မာလာရယ်၊ ကြောက်ပြီးတုန်နေတဲ့ မောင်သောင်းထိုက်ရယ် ပါသွားခဲ့ပါတယ်''

❦ ❦ ❦ ❦ ❦



ကျည်လှချည်လား'

အံ့သြမှုဖြင့် ကြက်သေသေသွားသည်ဟု ဆိုရမည်။ ဒေါ်ခင်ခင်ကြီးခမျာလည်း အဖြစ်အပျက်ကို မယုံကြည်နိုင်လောက်အောင်ဖြစ်နေသည်။ ဦးတို့၏ အကြီးမားဆုံးသောထိုးနှက်ချက်သည် မေစံရှားအဖို့ မြူမှုန်မျှ မယိမ်းယိုင်သွားစေနိုင်ပါလား။

မေစံရှားအသံက တရားခွင်အတွင်း ပီသပြတ်သားစွာ ပေါ်ထွက်လာသည်။

''လေးစားအပ်ပါသော တရားသူကြီးမင်းရှင့်..။

ဒီကနေ့ ကျွန်မရဲ့အမှုသည်ဖြစ်တဲ့ မာလာဆိုတဲ့ မိန်းကလေးကို တရားခံဖြစ်တဲ့ ရဲကောင်းမြတ်က မတရားအဓမ္မပြုကျင့်ခဲ့ရုံမက သူ့ရဲ့ မတရားပြုကျင့်မှုကို နှုတ်ပိတ်ပစ်ဖို့အတွက် စော်ကားပြုကျင့်ခံရသူ မာလာကို အသေသတ်ခဲ့မှုဟာ မှန်ကန်ခိုင်မာနေတာကြောင့် ကျူးလွန်သူတရားခံကို အပြစ်ပေးပါရန် ကျွန်မတင်ပြလျှောက်ထားလိုပါတယ်။

မာလာဟာ (..၊..၊၂၀၀၇) နေ့ ညနေ (၆) နာရီလောက်မှာ သူငယ်ချင်းဖြစ်သူ သီတာနဲ့အတူ အင်္ဂလိပ်စာဆရာမဆီမှာ စာသင်ကြားပြီး ပြန်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ ရဲကောင်းမြတ်ဟာ သူ့ရဲ့ပါဂျီရိုး မီးဝိုးရောင်ကားနဲ့ လမ်းကြားကလေးက စောင့်ဆိုင်းနေခဲ့ပါတယ်။ ရဲကောင်းမြတ်ဟာ အဲဒီက် မလာခင် ယမုံစားသောက်ဆိုင်မှာ သူငယ်ချင်းဖြစ်တဲ့ မောင်းသောင်းထိုက်နဲ့ အတူ ဘီယာသောက်ခဲ့ပါတယ်။ ဘီယာသောက်ရင်း မာလာ့အကြောင်း ပြောခဲ့ကြပါတယ်။ မောင်သောင်းထိုက်က 'အချစ်ကို စားပြတိုက်ယူလို့ မရဘူး' ပြောတာကို ရဲကောင်းမြတ်က 'ဒူးထောက်သွားရတဲ့နည်းလမ်းတွေ ရှိပါတယ်ကွာ။ ဒီညကြည့်။ သူ့ကျူရှင်အပြန်မှာ ငါ့လက်ခုပ်ထဲကရေဖြစ်အောင် လုပ်ပြမယ်' လို့ ပြောပါတယ်။ မောင်သောင်းထိုက်က 'သူက ကွန်ဖြေသိက္ခာရှိတဲ့ မိန်းကလေး။ မင်းမရနိုင်ပါဘူး။ မလုပ်ပါနဲ့' လို့ တားမြစ်ခဲ့ပါတယ်။ ဒါကို ရဲကောင်းမြတ်က 'ဟော့ကောင်.. သောက်မှာသာသောက်။ ပြီးရင် ငါနဲ့လိုက်ခဲ့မင်း ငါ့ကို ဆရာတင်သွားရမယ်။ ငါစီစဉ်ပြီးသား။ ဒီညပွဲသိမ်းပဲ' လို့ ပြန်ပြောပါတယ်။ အဲဒီနောက် ရဲကောင်းမြတ်ဟာ မောင်သောင်းထိုက်ကိုခေါ်ပြီး ယမုံစားသောက်ဆိုင်က ထွက်ခဲ့ပါတယ်။ ဒါကို ယမုံစားသောက်ဆိုင်က စားပွဲထိုးလေး မောင်သူရ (လိုပြ–၁) က မြင်ကြောင်း ထွက်ဆိုခဲ့သလို မောင်သောင်းထိုက် (လိုပြ–၅) ကလည်း တိကျစွာထွက်ဆိုခဲ့ပြီးဖြစ်ပါတယ်။

"ဆရာ.. ကျွန်တော်က ငွေလိုနေပြီ ဆရာရဲ့။ မစ,ပါဦး"

"အေးပါကွာ။ ဒီကိစ္စပြီးရင် ဆရာကြီးဆီက အချီကြီးထပ်ရမှာပါ။ မင်းကို ငါများများပေးပါ့မယ်။ အရင်တစ်ခါပေးခဲ့တာ ကုန်ပြီလား"

"မိန်းမက အသုံးအဖြုန်းကြီးတယ် ဆရာရဲ့။ ရတာနဲ့ သုံးလိုက်တာ ဝေါခနဲပဲ"

"မပူနဲ့။ ဒီတစ်ခါရမှာက မင်းမိန်းမကို ဆွဲကြိုးတစ်ကုံးလောက် အနည်းဆုံးဆင်ပေးနိုင်ပါ။ ဟား.. ဟား.. ဟား.."

"ဆရာကော ဆရာ့မိန်းမကို စိန်တစ်ဆင်စာလောက် မဆင်ပေးနိုင်ဘူးလား"

"ဟာကွာ.. အဲဒီလောက်တော့ ဆရာကြီးက ဘယ်ပေးမှာလဲ။ သူကလည်း အငယ်လေးတွေ၊ အနှောင်းလေးတွေ၊ အထွေးလေးတွေကို ပေးရကမ်းရ၊ ဆင်ရမြန်းရသေးတာ မဟုတ်လား။ ဟဲ.. ဟဲ.."

ဖိုးတုတ်နှင့်မျက်ပြီ နှစ်ယောက်ကတော့ ရေချိန်ကိုက်စပြုနေပုံရသည်။ စကားသံတွေက အာလေးလျှာလေးဖြစ်နေရုံမက လူတွေက ဟိုယိမ်းသည်ထိုး ဖြစ်၍နေပြီ။ အချိန်ကတော့ သင့်လာပြီဆိုရမည်။

ဂိုဒေါင်တံခါးက အသာလေးဟ,လာကာ ခေါင်းတစ်လုံးပြူလာ၏။ မောင်မဲဖြစ်မည်။ ကိုနေသော်ကို လှမ်းကြည့်ခြင်းဖြစ်၏။ ဖိုးတုတ်ထံသို့လည်း မျက်လုံးဝေ့ကြည့်သည်။ ပြီးတော့ တံခါးကို ပြန်စေ့သွားသည်။

ခန္ဓာကိုယ်က ဟန်မပျက် မလှုပ်မရှားအနေအထားဖြင့်နေလျက် နောက်ဘက်မှ လက်ပြန်ချည်ထားသောကြိုးများကို ကိုနေသော်ကြိုးစား၍ဖြေနေသည်မှာ တဖြည်းဖြည်း ဖြေ၍ရလာ၏။ ကြိုးက မောင်မဲပြောခဲ့သလို သေချာစွာချည်နှောင်ထားခြင်းမဟုတ်ဘဲ ရစ်ပတ်ရုံသာရှိနေသဖြင့် ဖြေ၍ရခြင်းလည်းဖြစ်၏။

သို့ဖြစ်လျှင် မောင်မဲသည် အန္တရာယ်ပေးမည့်သူမဟုတ်။ မိတ်ဆွေဖြစ်နိုင်သည်ဟု ကောက်ချက်ချမိသည်။ မောင်မဲကို တိုက်ခိုက်ဖို့မလိုဟုလည်း ကိုနေသော်တွေးမိ၏။

မိမိရင်ဆိုင်ရမည်မှာ ဖိုးတုတ်နှင့် မျက်ပြီသာ..။

ထွက်ပေါက်ကို အကဲခတ်ရှာဖွေကြည့်သောအခါ ရှေ့ဘက် မောင်မဲဝင်ထွက်ရာ တံခါးရှိသလို နောက်ဘက်တွင်လည်း တံခါးရှိနိုင်၏။ စောစောက မျက်ပြီအပေါ့သွားရန် နောက်ဘက်သို့ ထွက်သွားဖူးသည်။ တံခါးဖွင့်သံ၊ ပိတ်သံ





ကြားခဲ့ရသည်။

လက်နက်.. လက်နက် ဘာရနိုင်မလဲ။

မိမိနှင့်မလှမ်းမကမ်းရှိ သေတ္တာတစ်လုံးပေါ်မှာ သစ်သားပိုင်းတစ်ခုကို တွေ့ရ၏။ အရှည်သုံးလေးပေခန့်ရှိမည်။

ကြိုးက လုံးဝပြေသွားခဲ့ပြီ။

တစ်ခဏမျှ ငြိမ်၍ အသက်ကိုမှန်မှန်ရှူကာ အားအင်တွေပြည့်လာအောင် ကြိုးစားလိုက်သည်။ စိတ်ကို တတ်နိုင်သမျှ ငြိမ်အောင် အာရုံတွေကို စုစည်းလိုက်သည်။

ပြီးသည်နှင့် နေရာမှ ရုတ်ခြည်းခုန်ထလိုက်၏။

သေတ္တာပေါ်မှ သစ်သားပိုင်းကို ပြေး၍ဆွဲကာ အရက်ရှိန်နှင့် ဖရုသဝါစာတွေပြောနေသော မျက်ပြီနှင့်ဖိုးတုတ်ရှိရာသို့ ကိုနေသော် တစ်ဟုန်ထိုးပြေးသွားသည်။

မထင်မှတ်ဘဲ တုတ်ကိုင်၍ပြေးလာသော ကိုနေသော်ကို မြင်လိုက်ရသဖြင့် ဖိုးတုတ် အလန့်တကြား ထိုင်ရာမှ ထသည်။

"ဟေ့.. ဟေ့ကောင်.."

မျက်ပြီက ကျောပေးနေသူမို့ ဖိုးတုတ်နောက်မှ အသိဝင်လာသူဖြစ်၏။

သူတို့ထက် ကိုနေသော်က မြန်နေသည်။

ကိုနေသော် ပြေးသွားရင်း လွှဲ၍ရိုက်လိုက်သောတုတ်ချက်က ထိုင်ရာမှ ထလိုက်သော နီးနေသည့် မျက်ပြီ၏ခေါင်းကို မိတ်ဆက်သွားသည်။

"ခွပ်.."

"အား.."

❦ ❦ ❦

"ရဲကောင်းမြတ်ဟာ ဂိုဒေါင်ကိုဖွင့်၊ မာလာကိုပွေ့ချီပြီး ဂိုဒေါင်ထဲ ခေါ်သွားပါတယ်။ မောင်သောင်းထိုက်ကို ကားထဲမှာ စောင့်ခိုင်းထားခဲ့ပါတယ်။ မောင်သောင်းထိုက်ဟာ ဘာလုပ်ရမှန်းမသိဘဲ ကားထဲမှာ ကြောက်ကြောက် လန့်လန့်ရှိနေဆဲမှာ ရဲကောင်းမြတ်က သတိမေ့နေတဲ့ မာလာ့ကို အဓမ္မပြုကျင့် စော်ကားပါတယ်။ မာလာရဲ့ခန္ဓာကိုယ်က ဒဏ်ရာတွေဟာ အဓမ္မပြုကျင့်ခံရ ခြင်းဖြစ်ကြောင်း ဆရာဝန်ကြီးရဲ့ဆေးစာ (သက်သေခံ–၁) က ဖော်ပြခဲ့သလို မာလာရဲ့မိန်းမကိုယ်မှာတွေ့ရတဲ့ သုက်သွေးထဲက သွေးအမျိုးအစားဟာ 'အို' သွေးဖြစ်ကြောင်း ဆရာဝန်ရဲ့ဆေးစာမှာ တွေ့ရှိရပါတယ်။ ရဲကောင်းမြတ်ရဲ့သွေး ဟာလည်း အိုသွေးဖြစ်တာမို့ ဒီသက်မဲ့သက်သေတွေကလည်း ရဲကောင်းမြတ် ဟာ မာလာ့ကို အဓမ္မပြုကျင့်ကြောင်း ဖော်ပြနေပါတယ်။ (လိုပြ–၅) ဖြစ်သူ မောင်သောင်းထိုက်ရဲ့ ထွက်ဆိုအစစ်ခံချက်မှာလည်း ဒီအချက်ကို တရားသူကြီး ကြားနာခဲ့ရပြီး ဖြစ်ပါတယ်။

အဲဒီနောက် ရဲကောင်းမြတ်ဟာ အပြင်ထွက်လာပြီး မောင်သောင်း ထိုက်ကို သူ့လိုပဲ ပြုကျင့်ဖို့ ဆွယ်ပါတယ်။ မောင်သောင်းထိုက်က ငြင်းပါတယ်။ မောင်သောင်းထိုက်က မာလာသတိရလာရင် တိုင်ကြားမှာဖြစ်လို့ ငါတို့ထောင် ထဲဝင်ကိန်းရောက်ပြီလို့ ကြောက်လန့်တကြားပြောတော့ 'ရှင်းပစ်ရမှာပေါ့' လို့ ရဲကောင်းမြတ်က ပြောပါတယ်။ 'ပြဿနာပိုကြီးသွားမယ်' လို့ မောင် သောင်းထိုက်က တားပေမယ့် မရပါဘူး။ 'ငါ ရှင်းမယ်။ မင်း ပါးစပ်တော့ပိတ် ထား။ ပါးစပ်မပိတ်ရင် မင်း သူ့နောက်လိုက်ရမယ်' လို့ ရဲကောင်းမြတ်က ပြောပြီး ဂိုဒေါင်ထဲပြန်ဝင်သွားပါတယ်"

❦ ❦ ❦

မျက်ပြိက မထနိုင်တော့။

ဖိုးတုတ်က သူ၏ဝားမြောင်ကို ဆွဲထုတ်ချိန်မရတော့။ မျက်ပြိကို ရိုက်လိုက်သဖြင့် အရှိန်လွန်သွားသော ကိုနေသော်ကို ဖိုးတုတ်က ဝင်ထိုးသည်။





သို့သော် လူက မူးပြီး ယိုင်နေ၍ ကိုနေသော်က ကောင်းစွာရှောင်တိမ်းလိုက်နိုင် သည်။

ပြီးလျှင် ဖိုးတုတ်ကို သူကိုင်ထားသောတုတ်ဖြင့် လှည့်၍ရိုက်သည်။ ဖိုးတုတ်က တုတ်ချက်ကိုရှောင်ကာ ကိုနေသော်ကို ဝင်ပူးသည်။ နှစ်ဦးသား လုံးထွေးကာ မည်သူ့မည်သူကိုမျှ မထိုးမကြိတ်နိုင်ဘဲ ကိုနေသော်၏လက်မှ တုတ်က လွတ်ကျသွား၏။

ဖိုးကုတ်က ကိုနေသော်ထက်စာလျှင် အားပိုသန်သူဖြစ်ရကား နှစ်ဦး သား လုံးထွေးရင်း လဲကျရာ၌ ကိုနေသော်က အောက်ကရောက်သွားပြီး ဖိုး တုတ်က အပေါ်စီးရသွားသည်။ ဖိုးတုတ်သည် ကိုနေသော်အား လက်နှစ်ဖက် ဖြင့် လည်ပင်းညှစ်ဖို့ အားကုန်ထုတ်သုံးသည်။ ကိုနေသော်က လက်ဖနောင့်ဖြင့် ဖိုးတုတ်၏မေးကို ပင့်ထောက်ကာ တွန်းခွာထားသဖြင့် ဖိုးတုတ်၏လည်ပင်းညှစ် ချက်က မထိရောက်။

အပြန်အလှန်အားကုန်တိုက်ခိုက်နေကြဆဲမှာပင် ကိုနေသော်က ရုန်း၍ ဘေးသို့လှိမ့်ထွက်လိုက်သည်။ လူချင်းကွာသွားသည်။ နှစ်ယောက်စလုံး နေရာမှ လူးလဲထကာ မတ်တတ်ရပ်ပြီး ပြန်လည်တိုက်ခိုက်ရန် ရင်ဆိုင်လိုက် ကြ၏။

မောင်မဲကား ဝင်မလာ။

ဖိုးတုတ်က ကိုနေသော်ကို ဝင်ထိုးသည်။ ကိုနေသော်က ဖိုးတုတ်၏ လက်သီးချက်ကို ဘယ်လက်ဖြင့် ရိုက်ထုတ်ပယ်ရှားကာ ညာလက်သီးဖြင့် ဖိုးတုတ်၏မျက်နှာကို အားကုန်ထိုးသွင်းလိုက်သည်။

"ခွပ်.."

ဖိုးတုတ်၏မျက်နှာကိုထိကာ ဖိုးတုတ်အရှိန်တန့်သွားပြီး ဒေါသရှိန်ဖြင့် မျက်နှာကြီးနီသွားသည်။

"သေပေတော့"

ဖိုးတုတ်က ကိုနေသော်ထံ ဒေါသတကြီး တရကြမ်းဝင်လာကာ အဆက်မပြတ်ထိုးကြိတ်သည်။ ကိုနေသော်က ခံစစ်အနေအထားဖြင့် နောက်ကို ဆုတ်ရ၏။ မျက်နှာကိုမထိအောင် ကာကွယ်ရ၏။ ကံက ဆိုးချင်တော့ နောက် အဆုတ်မှာ လဲနေသောမျက်ပြိကို တိုက်မိကာ ကြမ်းပြင်သို့ ကိုနေသော်ဖင်ထိုင် လဲကျသည်။ ဖိုးတုတ် အသာစီးရသွားခဲ့ပြီ။

ဖိုးတုတ်သည် စောစောက မျက်ပြိကိုင်ခဲ့သောတုတ်အား ကောက်

ယူကာ ကိုနေသော်အား အပေါ်မှစီးမိုး၍ရိုက်ရန် ပြင်လိုက်၏။

ကိုနေသော် နှေးနေ၍ မရတော့။

ပြန်ထရန်လည်း အချိန်မရတော့။ ကြမ်းပြင်ကို လက်ဖြင့်အားပြုထောက်လိုက်ကာ ဖိုးတုတ်၏အောက်ပိုင်းအား မိမိ၏ခြေဖြင့် ပတ်ကန်လိုက်သည်။ ဖိုးတုတ်က ထိုအချိန်တွင် ကိုနေသော်ကို ရိုက်ချသည်။ ကိုနေသော်၏ကန်ချက်က ဖိုးတုတ်၏ခြေတံကောက်ကွေးကို ပြင်းစွာထိသဖြင့် ဒူးက ခွေညွှတ်သွားလေရာ ရိုက်ချက်လွဲပြီး တုတ်ချက်က ကြမ်းပြင်သို့ ကျသည်။

"ဒေါက်.."

ကိုနေသော် အချိန်မဆိုင်းတော့။

ကြမ်းပြင်မှ ခုန်ထသည်။ ပြီးလျှင် ဟန်ချက်မဲ့နေသော ဖိုးတုတ် ပြန်မတ်မလာမီ ဘယ်ညာလက်သီးတွဲများဖြင့် ဝင်၍ထိုးသည်။ မျက်နှာ ချက်ကောင်းများထိပြီး ဖိုးတုတ် နောက်သို့လန်သွား၏။

ကိုနေသော်က ဘယ်လက်သီးကို ဖိုးတုတ်၏ဝမ်းဗိုက် အရှိုက်ကို တစ်ချက်ပစ်သွင်းလိုက်သည်။

"ဘုတ်.."

"အွတ်.."

ဖိုးတုတ် အော်ညည်းလျက် ရှေ့သို့ယိုင်လာရာ ကိုနေသော်ညာလက်က မြောက်တက်သွားပြီး လက်ဝါးစောင်းဖြင့် ဖိုးတုတ်၏လည်ကုပ်ဆီသို့ အားကုန်ခုတ်ချလိုက်၏။

"ဒုတ်.."

"အား.."

ဖိုးတုတ် ကြမ်းပြင်ပေါ်သို့ မှောက်ကျသွား၏။

ထိုအချိန်တွင် ဂိုဒေါင်တံခါးက ဝုန်းခနဲပွင့်လာသည်။ မောင်မဲ၏ မျက်နှာ ပေါ်လာသည်။

ကိုနေသော် ဆုံးဖြတ်ချက်ပြောင်းလိုက်သည်။ ဖိုးတုတ်ကို ဆက်လက်မတိုက်တော့ဘဲ တအီးအီးညည်းတွားပြီး ပြန်ကုန်းထနေသော ဖိုးတုတ်အား တွန်းပစ်ကာ ဂိုဒေါင်နောက်ဘက်သို့ ပြေးဝင်ခဲ့တော့သည်။

"ဟေ့.. ဟေ့ကောင်.. မောင်မဲ.. လိုက်.. လိုက်.."

ဖိုးတုတ်၏အော်ဟစ်သံ နောက်ဘက်ဆီမှ ကြားရ၏။ လိုက်လာသော ခြေသံကား ခပ်ဝေးဝေးတွင် ကျန်ခဲ့ကြောင်း ကိုနေသော်သိသည်။



"ရဲကောင်းမြတ်က မာလာ့ခေါင်းကို သံတုတ်နဲ့ရိုက်ပြီး သေပြီအထင်နဲ့ ဂိုဒေါင်ထဲကနေ မာလာ့ကို ထမ်းထွက်လာပါတယ်။ မောင်သောင်းထိုက်က သွေးအလိမ်းလိမ်းဖြစ်နေတဲ့ မာလာ့ကိုမြင်ပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားပါတယ်။ ရဲကောင်းမြတ်က 'သွားပြီ.. ပြီးသွားပြီ' လို့ပြောပြီး ကားနောက်ခန်းထဲကို မာလာ့ကို ထိုးထည့်ပါတယ်။

မာလာ့ကိုရိုက်တဲ့ သံတုတ်ကို သက်သေခံပစ္စည်းအဖြစ် တင်ပြထားပြီး သံတုတ်မှာတွေ့ရတဲ့သွေးဟာ မာလာရဲ့သွေးနဲ့ ဘီသွေးအမျိုးအစား တူနေတာတွေ့ရပါတယ်။ သံတုတ်မှာတွေ့ရတဲ့ ဆံပင်ဟာလည်း မာလာရဲ့ဆံပင်ဖြစ်ကြောင်း စီအိုင်ဒီသိပ္ပံနှင့်တတ်ခွဲစစ်ဆေးရေးဌာနရဲ့ ပြန်ကြားစာမှာ ဖော်ပြထားတာကို တရားသူကြီးစစ်ဆေးကြည့်ရှုပြီးဖြစ်ပါတယ်။

ပြီးနောက် ရဲကောင်းမြတ်ဟာ မာလာရဲ့ခန္ဓာကိုယ်ကို သွားပြီးစွန့်ပစ်ခဲ့ပါတယ်။ အဲဒီနေရာက ကားပြန်ထွက်အလာမှာ (လိုပြ–၃) ကိုတင်ဦးနဲ့ လမ်းမှာဆုံတွေ့ခဲ့တာ ဖြစ်ပါတယ်။ အဲဒီကနေ ရဲကောင်းမြတ်က မောင်သောင်းထိုက်ကို အိမ်လိုက်ပို့ပါတယ်။ မောင်သောင်းထိုက်တို့အိမ်ရှေ့ကို ရဲကောင်းမြတ်ရောက်ရှိတာကို မောင်သောင်းထိုက်တို့အိမ်နဲ့ အိမ်ချင်းကပ်နေသူ တိမ်ပြာ (လိုပြ–၄) က စာကျက်ရင်းကနေ တွေ့ခဲ့ပါတယ်။ အချိန်က ဆယ်နာရီထိုးဖို့ ဆယ်မိနစ်ပါ။ လမ်းမီးရောင်နဲ့ ကားအတွင်းမီးရောင်ကြောင့် တိမ်ပြာဟာ ရဲကောင်းမြတ်ကို သေချာစွာမြင်လိုက်ရတာဖြစ်ပြီး ကားကလည်း ပါဂျဲရိုးမီးခိုးရောင်ဖြစ်ကြောင်း တိမ်ပြာက ထွက်ဆိုထားပြီးဖြစ်ပါတယ်။ ပြီးတော့ ရဲကောင်းမြတ်ရဲ့ 'ဒါ.. ငါ့အလုပ်ပါ။ မင်း အေးအေးသာနေပါ' လို့ ပြောတဲ့အသံလည်း တိမ်ပြာက ကြားလိုက်ရကြောင်း ထွက်ဆိုထားပါတယ်။

ဒီဖြစ်စဉ်ကိုကြည့်ရင် ရဲကောင်းမြတ်ဟာ မာလာ့ကို ကျူရှင်ကအပြန်မေ့ဆေးနဲ့အုပ်ပြီး ကားပေါ်ဆွဲတင်သွားတယ်။ သူ့ဖခင်ရဲ့ ပစ္စည်းသိုလှောင်ရာ ဂိုဒေါင်မှာ မာလာ့ကို မတရားအဓမ္မပြုကျင့်တယ်။ ပြီးတော့ နှုတ်ပိတ်တဲ့အနေနဲ့ သံတုတ်နဲ့ ခေါင်းကိုရိုက်သတ်တယ်။ ပြီးမှ သေပြီထင်ပြီး သွားပြီးစွန့်ပစ်တယ်။ ဒီဖြစ်စဉ်ဟာ ထင်ထင်ရှားရှားပေါ်လွင်နေပါတယ်။ ဒါကို တရားခံအကျိုးဆောင်ရှေ့နေကြီးက မာလာမတရားပြုကျင့်ခံရတာ ရဲကောင်းမြတ်နဲ့မဆိုင်ကြောင်း အခင်းဖြစ်ချိန်က ရဲကောင်းမြတ်ဟာ Queen ဟိုတယ်မှာ ဖခင်ဦးကျော်မြတ်၊ Golden Arrow ကုမ္ပဏီပိုင်ရှင် ဦးသူရိယနဲ့ Top ကုမ္ပဏီပိုင်ရှင် ဦးဇာဂရတို့နဲ့ အတူရှိနေကြောင်း အလီဘိုင်ပြပြီး ရဲကောင်းမြတ်ပြစ်မှုမကျူးလွန်ကြောင်း

ထုချေထားပါတယ်။ တကယ်တော့ အဲဒီနေ့၊ အဲဒီအချိန်က Queen ဟိုတယ်မှာ သူတို့တွေ မဆုံတွေ့ခဲ့ကြောင်း၊ မရှိခဲ့ကြောင်းကို ဟိုတယ်ရဲ့လုံခြုံရေးစနစ်အရ ရိုက်ထားတဲ့ ဗီစီဒီ (သက်သေခံ–၅) အရရယ်၊ သီးသန့်ခန်းစားပွဲ ကြိုတင် Booking လုပ်တဲ့စာရင်း (သက်သေခံ–၆) အရရယ် Utopia ဟိုတယ်မှာ အဲဒီအချိန်က ဦးသူရိယနဲ့ဦးဇာဂရတို့ ရောက်ရှိနေကြောင်း Blue Sky ကုမ္ပဏီပိုင်ရှင် ဦးသော်တာအောင် (လိုပြ–၆) ရဲ့ ထွက်ဆိုချက်အရရယ်၊ ဝန်ထမ်းလေးနှစ်ဦး (လိုပြ–၇နဲ့ လိုပြ–၈) ရဲ့ ထွက်ဆိုချက်အရရယ် ရှင်းလင်းနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဒီအချက်ဟာ မမှန်မကန်သက်သေပြု ရှောင်လွှဲထွက်ဆိုချက်ဖြစ်ကြောင်း ထင်ရှားနေတာ တရားသူကြီးမင်း သိပြီးဖြစ်ပါတယ်။

ဒါကြောင့် ဒီဖြစ်စဉ်ကို ကျူးလွန်ခဲ့သူဟာ အထက်ပါသက်သေများ သက်သေခံချက်များအရ ရဲကောင်းမြတ်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်နေတာ ဖြစ်တဲ့အတွက်..''

❦ ❦ ❦

ဂိုဒေါင်ထဲမှ ကိုနေသော်ပြေးထွက်ခဲ့သည်။ နောက်မှလိုက်လာသူ မောင်မဲမှာ အဝေးတွင် ပြတ်ကျန်ခဲ့၏။

ဂိုဒေါင်အပြင်တွင် သစ်ပင်ကြီးများပေါက်ရောက်နေသော ခြံဝန်းကျယ်ကြီးဖြစ်ကြောင်း ကိုနေသော်တွေ့လိုက်ရ၏။ ဂိုဒေါင်မှာ လမ်းကိုမျက်နှာမူပြီး ဆောက်ထားသည်ဖြစ်ရာ ဂိုဒေါင်ရှေ့ကိုပြန်ထွက်ရန် မလွယ်ကူဟု တွေးမိ၏။ ရှေ့ကိုပြန်ထွက်လျှင် လူဆိုးများနှင့် ပြန်လည်ဆုံတွေ့ရနိုင်သည်။ မဖြစ်..။

ထို့ကြောင့် ခြံနောက်ဘက်ကိုသာ ဆက်၍ပြေးထွက်လာခဲ့၏။

သစ်ပင်ကြီးများကြားမှ ပြေးလာပြီးနောက် အတန်ကြာလျှင် ကာရံထားသော အုတ်တံတိုင်းကို တွေ့ရသည်။ အုတ်တံတိုင်းမှာ ခြောက်ပေခန့်မြင့်မည်ဖြစ်ပြီး အုတ်တံတိုင်းပေါ်တွင် သံဆူးကြိုးများဖြင့် ကာရံထားသေးသည်။

ကိုနေသော် နေရာရွေးလိုက်သည်။





အုတ်တံတိုင်းကို ခုန်၍ဆွဲခိုကာ ခန္ဓာကိုယ်ကို နံရံကိုခြေကန်လျက် အပေါ်သို့ဆွဲတင်လိုက်သည်။ အုတ်တံတိုင်းပေါ်မှ သံတိုင်ငုတ်ကိုဆွဲ၍ အပေါ်ကိုတက်သည်။ သံဆူးကြိုးကို ခွကျော်သည်။ ပြီးမှ တစ်ဖက်သို့ ပြန်ခုန်ချလိုက်သည်။ ခက်ခက်ခဲခဲတက်ကာ အုတ်တံတိုင်းပေါ်မှ ပြန်ခုန်ချလိုက်ရသည့် အတွက် မြေပြင်ပေါ်ကိုကျတော့ လူက မောချင်နေသည်။ ခြေသလုံးမှာလည်း သွပ်ဆူးကြိုးနှင့်ခြစ်မိသော ဒဏ်ရာ။ ပုဆိုးကလည်း အကွဲကွဲအပြဲပြဲ။

သို့သော်..

ကိုနေသော် နားမနေနိုင်။

လူဆိုးတွေ လိုက်လာကောင်းလိုက်လာနိုင်သည်မို့ ရှေ့သို့ ဆက်၍ပြေးခဲ့ရသည်။ ရှေ့မှာကလည်း ခြံကျယ်ကြီးများဖြစ်၍ လူသွားလမ်းကြားကလေးအတိုင်း ပြေးထွက်ခဲ့ရခြင်းဖြစ်၏။

မကြာမီ ကားများမောင်းသွားသံကို ကြားရသည်။

ကားလမ်းမကြီးနှင့်နီးနေကြောင်း သတိပြုမိပြီး အားတက်သွားသည်။

❦ ❦ ❦

ဦးကျော်မြတ်သည် မည်းမှောင်သောမျက်နှာဖြင့် ဒေါသတကြီး နေရာမှထကာ တရားခွင်အပြင်သို့ တစ်ရှိန်ထိုးထွက်သွားသည်။ ဒေါ်ခင်ခင်ကြီးမှာ မျက်နှာငယ်ကလေးနှင့်ရှိနေသော ရဲကောင်းမြတ်ထံသို့ ပြေးသွားကာ အားပေးနေ၏။

ဦးမင်းထွေးနောင်ကား ခေါင်းကြီးငုံ့လျက် သူ၏စာရွက်စာတမ်းများကို သိမ်းဆည်းနေသည်။

မေစံရှားထွက်လာရာသို့ ဦးထွေးလိုက်လာသည်။ မလှမြင့်က မာလာ့ကိုတွဲ၍ နောက်မှ ဖြည်းဖြည်းလိုက်လာ၏။

''ဆရာမလေး.. ဆရာမလေး..''

ဦးထွေး၏ခေါ်သံကြောင့် မေစံရှား၏ခြေလှမ်းများကို တန့်ရပ်လိုက်

ရသည်။

ဦးထွေးက မေစံရှား၏မျက်နှာကို အကဲခတ်ကြည့်ရင်း..

''ဆရာမလေး ဘာအခက်အခဲတွေ ရှိနေလဲဟင်။ ကျွန်တော် ဘာလုပ်ပေးရမလဲ''

ဟု မေးလိုက်သည်။

ရင်ထဲတွင် ပူပြင်းလောင်မြိုက်နေသော်လည်း မေစံရှားက ဦးထွေးအား အားယူ၍ ပြုံးပြလိုက်သည်။ သူတို့ကို မိမိတို့ အပူမပေးချင်ပါ။ သူတို့ကြောင့်ဖြစ်ရသည်ဟူသော စိတ်သောကကိုလည်း မရစေချင်ပါ။

''ဘာမှမဖြစ်ပါဘူး ဦးလေး။ ဘာအခက်အခဲမှ မရှိပါဘူး။ ကျွန်မ လျှောက်လဲတာ ဘာလိုအပ်လို့လဲ''

''မလိုပါဘူး။ ဆရာမလေးလျှောက်လဲတာ သိပ်ကိုကောင်းပါတယ်။ ပရိသတ်တွေအားလုံးက သိပ်သဘောကျနေတာပါ။ ဟိုလူကြီးဆိုရင် တချူးချူး တရဲရဲနဲ့ မျက်နှာကြီးမည်းပြီးတော့တောင် ထွက်သွားတယ်။ အဲ.. ကျွန်တော် ပြောတာက ဆရာမလေး တစ်ခုခုပြဿနာရှိနေတယ်ထင်လို့ပါ''

''ဟင့်အင်း.. ဘာမှပြဿနာမရှိပါဘူး''

''ဟုတ်ရဲ့လား ဆရာမလေးရယ်။ ကျွန်တော်တို့ကြောင့် ဆရာမလေး..''

ဦးထွေး၏စကားကိုဖြတ်ကာ..

''ဦးလေးရယ်.. မဟုတ်တာ ဘာတွေတွေးနေလဲ။ ကျွန်မ ဘာမှမဖြစ်ပါဘူး။ စိတ်မပူပါနဲ့''

ဟု မေစံရှားက အလောတကြီးပြောလိုက်သည်။

''ဒီနေ့ ဆရာလေးကို မတွေ့ဘူး။ ဆရာလေး ဘာကြောင့်ရောက်မလာတာလဲဟင်''

မေစံရှားရင်ထဲသို့ အပူစီးကြောင်းက ဝင်လာပြန်၏။ မျက်ရည်က ဝဲချင်လာသဖြင့် မနည်းထိန်းလိုက်ရသည်။

''အလုပ်ရှိနေလို့ပါ''

အသံကိုပါ စိတ်လှုပ်ရှားမှုမပေါ်လွင်အောင် ကြိုးစားပြောလိုက်ရ၏။

အနားသို့ မလှမြင့်နှင့်မာလာ ရောက်လာသည်။

''ဆရာမလေး သိပ်တော်တာပဲ။ အရမ်းကျေးဇူးတင်တာပဲ။ ဒီတစ်ခါ မာလာနိုင်ပါပြီ''





ဟု မလှမြင့်က ပြောသည်။

မေစံရှားက ပြုံးလျက် မာလာကလေး၏လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်သည်။ မာလာကလေး၏ မျက်လုံးအကြည့်မှာ ခံစားမှုပါနေကြောင်း မေစံရှားသတိပြုလိုက်မိ၏။ အပူထဲမှာမှ အအေးက တိုးဝင်ဖြတ်သန်းသွားသည်။

''ညီမလေး.. ဘာမှမစိုးရိမ်နဲ့နော်။ ညီမလေးကို မတရားစော်ကားတဲ့သူကို အပြစ်ပေးနိုင်တော့မယ်။ ကျေနပ်နော်။ နေကောင်းအောင်လည်း နေနော်''

မေစံရှားက မာလာအား မေတ္တာလွှမ်းသောအကြည့်ဖြင့်ကြည့်လျက် ဦးသာယာယစွာ ပြောလိုက်သည်။ ခေါင်းမည်တ်ပြသော်လည်း မာလာကလေးသည်ကြည့်နေပုံမှာ နားလည်နေသည့်ဟန်။

''ကဲ.. ကျွန်မကို ခွင့်ပြုပါဦး။ ကိစ္စလေးတစ်ခုရှိလို့..''

မေစံရှား စကားဖြတ်လိုက်သည်။

''ဟုတ်ကဲ့..''

မေစံရှား ဦးထွေးတို့အနားမှ အသော့နှင့်သောခြေလှမ်းများဖြင့် ထွက်ခွာခဲ့၏။

'ကိုကိုတယ်မှာလဲ။ ဘယ်ရောက်နေလဲ၊ ကိုကိုဒုက္ခရောက်နေပြီလား။ ကိုကို့ကို အချိန်မီကယ်နိုင်ပါ့မလား'

အတွေးများဖြင့် မေစံရှားရင်ထဲမှာ ငိုချလိုက်သည်။ နှုတ်ခမ်းကိုကိုက်ထား မျက်ရည်တွေပိုးပိုးပေါက်ပေါက်ကျမလာအောင်တော့ ထိန်းထားရင်း.. ရဲစခန်းကို ဖုန်းဆက်ရမည်။

ပြီးတော့..

❦ ❦ ❦

ခြံဝင်းထဲသို့ ရဲကားပြာကလေးပြေးဝင်လာကာ ဂိုဒေါင်ရှေ့တွင် ထိုး ရပ်သည်။ ကားပေါ်မှ ရဲအုပ်အောင်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များ ခုန်ဆင်းလိုက်ကြသည်။ လူများဖြန့်ကာ နေရာယူလိုက်ကြသည်။ သေနတ်များက အသင့်..။

ရဲအုပ်အောင်မင်းက ဂိုဒေါင်နှင့် အနီးဝန်းကျင်ကို အကဲခတ်လိုက်၏။

"ဝင်မယ်"

ရဲအုပ်အောင်မင်း အမိန့်ပေးလိုက်ပြီး မိမိကပင် အချက်ပြပြီးနောက် ရှေ့မှဦးဆောင်၍ တံခါးဝသို့ ပြေးကပ်သည်။ အထဲမှ အသံကို နားစွင့်သည်။ ဘာသံမျှ မကြားရ။

တံခါးကိုလည်း သော့ခတ်မထား။

ရဲအုပ်အောင်မင်း သူ့လူများကို ထပ်မံအချက်ပြရင်း တံခါးကိုဆွဲဖွင့်ကာ အထဲသို့ မုဆိုးမျက်လုံးဖြင့်ကြည့်လျက် ကျားတစ်ကောင်၏လျင်မြန်ခြင်းမျိုးဖြင့် ခုန်ဝင်လိုက်သည်။

သေနတ်ကိုချိန်ရင်း ပစ်မှတ်များကို ရှာလိုက်သော်လည်း ဂိုဒေါင်အတွင်းမှာ အားလုံးရှင်းနေသည်။ လူရိပ်လူယောင်ပင် မမြင်ရ။

"ငါတို့ နောက်ကျသွားပြီ။ တို့ ဟိုနေရာကို အရင်ဝင်နေတာနဲ့ နောက်ကျသွားတာဖြစ်မယ်"

ရဲအုပ်အောင်မင်းက အနားတွင်ရှိနေသော ရဲတပ်ကြပ်ကြီးအုန်းသန်းအား ပြောလိုက်သည်။

"ဆရာ.. ဟိုနောက်ဘက်က တံခါးပွင့်နေတယ်"

"ဟုတ်လား.. သွားကြည့်စမ်း။ သူတို့ထွက်ပြေးတာ မကြာသေးရင် မိနိုင်တယ်"

ရဲအုပ်အောင်မင်း၏အမိန့်ကြောင့် ရဲတပ်ကြပ်ကြီးအုန်းသန်းနှင့် ရဲသားနှစ်ဦး ဂိုဒေါင်နောက်ဘက်သို့ ပြေးထွက်သွားကြ၏။

ရဲအုပ်အောင်မင်းက ဂိုဒါင်ကို လှည့်လည်စစ်ဆေးသည်။ လဲပြိုနေသော အရက်ပုလင်း၊ ဖန်ခွက်နှင့် ကြမ်းပြင်ပေါ်မှ တုတ်ပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး..

'ဒီမှာ သူတို့စခန်းချသွားတာ အမှန်ပဲ။ ဒါဆို ကိုနေသော်လွတ်သွားသလား၊ သူတို့နဲ့ပါသွားသလား တစ်ခုခုပဲ'

ဟု တွေးသည်။

ရဲတပ်ကြပ်ကြီး ပြန်ရောက်လာကာ..





"ဘာမှ အစအနမတွေ့တော့ဘူး ဆရာ"

ဟု သတင်းပို့သည်။

"လှဦးက သတင်းပို့တာတော့ အတိအကျပဲ။ ကိုနေသော်ကို ရိုက်ပြီး ခေါ်လာတယ်။ မမေစံရှားကို ခြိမ်းခြောက်မယ်တဲ့၊ ဒါပေမဲ့ သူက နေရာကို ကြိုမပြောနိုင်ဘူး။ ငါတို့က ဦးကျော်မြတ်ရဲ့ ဟိုဂိုဒေါင်ထင်ပြီး လိုက်သွားတော့ နေရာလွဲသွားတာပေါ့။ အဲဒီမှာမတွေ့မှ ငါတို့ ဒီကိုလိုက်လာရတာ။ နာရီပိုင်းလောက် နောက်ကျသွားတယ်။ ဒီဂိုဒေါင်က မသုံးတော့တဲ့ ဂိုဒေါင်ဟောင်းဖြစ်မယ်"

"ဒါဆို ကျွန်တော်တို့ ဘာဆက်လုပ်ရမလဲ"

"ဒီမှာ ရဲသားနှစ်ယောက်လောက် တာဝန်ချထားဖို့ ဒီက နယ်မြေစခန်းမှူးကို တင်ပြရမှာပဲ။ ငါတို့ကတော့ စခန်းပြန်ပြီး လှဦးဆီက သတင်းပို့တာကို ထပ်စောင့်တာပေါ့"

"ဟုတ်ကဲ့ ဆရာ.."

"သွားစို့"

"ဟုတ်.."

❦ ❦ ❦

ဦးကျော်မြတ်က သူ့ကားကို လမ်းဘေးသစ်ပင်များအုံ့ဆိုင်းနေသော လမ်းချိုးကလေးထဲသို့ ချိုးဝင်ပြီး ရပ်လိုက်သည်။ ရပ်ထားသောနေရာမှနေ၍ ဂိုဒေါင်ဟောင်းရှိရာသို့ လှမ်း၍ကြည့်လိုက်သည်။

မိမိ၏ဂိုဒေါင်ဟောင်းရှေ့၌ ရဲကားလေးတစ်စီးကို လှမ်းမြင်ရ၏။ ရဲသားအချို့ကိုလည်း တွေ့ရသည်။ ပြဿနာတော့ ရှိနေပြီ။

ဂိုဒေါင်ရှိရာသို့ အလောတကြီးမဝင်ဘဲ လမ်းပေါ်မှ အရိပ်အကဲကို ကြိုတင်အကဲခတ်မိသည့်အတွက် ကံကောင်းသွားသည်။ မိမိသာ အမှတ်မဲ့ ဂိုဒေါင်ဆီရောက်သွားလျှင် ရှုပ်ထွေးသွားနိုင်သည်။

ယခုအနေအထားအရဆိုလျှင် ရှေ့နေမလေးမေစံရှား၏ချစ်သူ ကိုနေသော်ကို ဖိုးတုတ်တို့ဖမ်းခေါ်လာခဲ့သည့်ကိစ္စအား ရဲက သတင်းရသွားပုံသေသည်။ အဘယ်သို့ သတင်းရသွားပါသနည်း။

ရဲများက ဖိုးတုတ်တို့ရှိရာကို လိုက်လာနိုင်သည်ဆိုခြင်းကပင်လျှင် ပြဿနာမသေးတော့ကြောင်း ဦးကျော်မြတ်တွေးမိ၏။ ယခုဆိုလျှင် ဖိုးတုတ်တို့ကိုပဲ မိသွားပြီလား မဆိုနိုင်။ ကိုနေသော်ကရော..။

ဦးကျော်မြတ် ခေါင်းပူစွာတွေးနေဆဲမှာပင် ဂိုဒေါင်ထဲမှ ရဲအုပ်အောင်မင်းနှင့် ရဲများပြန်ထွက်လာသည်ကို ဦးကျော်မြတ်လှမ်းမြင်ရ၏။ ပြီးလျှင် ရဲအုပ်အောင်မင်းနှင့် ရဲများ ကားပေါ်တက်ကာ ပြန်မောင်းထွက်လာကြသည်ကိုလည်း တွေ့ရသည်။

ရဲကားက ကားလမ်းမကြီးပေါ်မှာ အရှိန်ဖြင့်ဖြတ်ပြေးသွားသည်။

ကြည့်ရသည်မှာမူ ဖိုးတုတ်တို့ကို ဖမ်းမိပုံတော့ မရ။ ဖိုးတုတ်တို့က် ကားပေါ်မှာ မတွေ့။ သူတို့လွတ်သွားပုံပေါ်သည်။

"ဟူး.. တော်ပါသေးရဲ့"

ဦးကျော်မြတ် သက်ပြင်းချလိုက်နိုင်သည်။ တစ်ထစ်တော့စိတ်အေးရပြီဟု ဆိုနိုင်၏။ သို့သော် ဖိုးတုတ်တို့နှင့်ကိုနေသော် ဘယ်မှာနည်း။

"တီ.. တီ.. တီ.."

ဖုန်းတီးလုံးမြည်သံက အတွေးထဲဖြတ်ဝင်လာ၍ နားထောင်လိုက်၏။

"ဟဲလို.."

"ဆရာကြီး.. ကျွန်တော်ပါ"

"ဖိုးတုတ်.. မင်းတို့ ဘယ်မှာလဲ"

"စွန့်တွေလာလို့ ခြံကနေ ထွက်လာရတယ်။ လှောင်အိမ်ထဲက ကြက်က ထွက်ပြေးသွားတယ်"

ဖိုးတုတ်က လမ်းဘေးတစ်နေရာရာမှ ဖုန်းဆက်နေခြင်းဖြစ်နိုင်သည်။ စကားဝှက်တွေနှင့် ပြောနေသည်။

"မင်းတို့ ဘာမှမဖြစ်ဘူးပေါ့"

"မဖြစ်ဘူး ဆရာကြီး။ ကျွန်တော်တို့ ထွက်ပြေးတဲ့ကြက်ကို လိုက်ဖမ်းလိုက်ဦးမယ်"

ဦးကျော်မြတ် ဆုံးဖြတ်လိုက်သည်။

"မဖမ်းနဲ့တော့။ ဖမ်းရင် ပြဿနာပိုရှုပ်ကုန်မယ်။ လုံခြုံတဲ့တစ်နေရာ





မှာ မင်းတို့ပြန်နေ။ ဟုတ်လား.."

"သဘောပေါက်ပါပြီ"

"ဒါပဲ..။ နောက်နေ့မှ ငါ့ဆီဖုန်းခေါ်"

"ဆရာကြီး ရုံးမှာ အခြေအနေဘယ်လိုလဲ"

ဦးကျော်မြတ် အံကိုကြိတ်လိုက်၏။

"အဲဒီရှေ့နေမက သံမဏိခဲပဲ။ မင်းစာ အချိန်မီရောက်ပါတယ်။ ဒါပေမဲ့ မဖြို့ဘူး။ နောက်မဆုတ်ဘူး"

"ဟာ.."

"မထူးဘူးကွာ..။ အဲဒီရှေ့နေမကိုပဲ ငရဲပို့ချင်တယ်"

"ကျွန်တော်စီစဉ်လိုက်ပါ့မယ် ဆရာကြီး"

"ပိပိရိရိ၊ သေသေသပ်သပ်နဲ့ အပိုင်လုပ်။ ဘာသဲလွန်စမှ မကျန်စေနဲ့။ မင်းကို ငါအခုပေးတာထက် နှစ်ဆပေးမယ်"

"အိုကေ.. ဆရာကြီး"

ဖုန်းကို ပိတ်လိုက်သည်။ မျက်လုံးတွေမှေးစင်းကာ အံကိုတင်းထားသော ဦးကျော်မြတ်မျက်နှာမှာ နာကြည်းဒေါသများဖြင့် စိမ်းညှိုင်းမှောင်နေသည်။

"မင်းဘယ်လောက်အသက်ပြင်းမလဲ ငါထပ်ကြည့်လိုက်မယ် မေစံရှား"

❦ ❦ ❦ ❦ ❦

"ဟဲလို"

"ရှား.. ကိုကိုပါ"

"ဟင်.. ကိုကို.. ကိုကို အခု ဘယ်မှာလဲ။ ကိုကို ဘာဖြစ်သေးလဲ"

"ကိုကိုက ရှားရဲ့ကိုကိုပဲ ရှားရယ်။ ဘာဖြစ်ရမှာလဲ။ ဟိုကောင်တွေကို ဖိုက်ပြီး ထွက်ပြေးလာတာပေါ့။ ဟိုကောင်တွေ မှောက်ကျန်ခဲ့တယ်"

"ရှားအရှင်းစိတ်ပူနေတာ ကိုကိုရယ်။ ရင်ထဲမှာ ဆို့ပြီး.."

"တော်ပြီ ရှား။ လေပူတွေ မှုတ်ထုတ်လိုက်တော့။ အခု ကိုကိုပြန်လာနေပြီ။ မကြာခင် ဆုံမယ်"

"ဘယ်မှာဆုံမလဲ။ ရှား ဘယ်ကစောင့်ရမလဲ"

"ခဲအုပ်အောင်မင်းဆီကနေ စောင့်ပါ။ သူ့ကိုလည်း တင်ပြစရာရှိတာ တင်ပြရမယ်လေ"

"ကောင်းပြီ ကိုကို"

"ရှား.."

"ဟင်.."

"ရှား.. တရားရုံးမှာ ဘယ်လိုလဲ"

"ရှားက ကိုကို့ရှားပဲ ကိုကိုရယ်။ ဘယ်လိုရမလဲ..။ မိစ္ဆာကောင်ကို အပြစ်ပေးဖို့ အခိုင်အမာလျှောက်လဲပစ်လိုက်တာပေါ့"

"ခ်ီးကျူးပါတယ် ရှား"

"ဟင့်အင်း.. ကိုကို့ကို ရှားက ချီးကျူးရမှာပါ။ လေးစားလည်း လေးစား၊ ကျေးဇူးလည်း တင်ရမှာပါ။ သူတို့လက်ထဲ ရောက်နေတာတောင် ကိုကိုက ရှားကို လက်မလျှော့၊ နောက်မဆုတ်ဖို့ အသိပေးတယ်လေ"

"ဒါကတော့ ကိုကိုက ရှားရဲ့ကိုကိုပဲလေ"

"အင်း.. ဟုတ်တာပေါ့။ ရှားကလည်း ကိုကိုပေးတဲ့ သတ္တိတွေကို ရင်ထဲအပြည့်ထည့်ပြီး လုပ်လိုက်တာပေါ့။ ကိုကို့ရဲ့ ရှားပဲဟာ"

ပင့်သက်တွေကြားမှ ရယ်သံများ နန်းကြိုးထဲမှတစ်ဆင့် အပြန်အလှန်ကူးစက်ပေါင်းဖက်သွားကြသည်။

တစ်ယောက်က 'ကိုကိုက ရှားရဲ့ကိုကို'.. တဲ့။

တစ်ယောက်ကလည်း 'ရှားက ကိုကို့ရဲ့ရှား'.. တဲ့။

နှလုံးသားချင်း တစ်ထပ်တည်းကျသူတွေမှာတော့ အရာရာသည် မည်သို့မျှခွဲခြားချိန်မရနိုင်ပါချေတကား..။

❦ ❦ ❦ ❦ ❦

# ၇၂

ပင်လယ်ပြင်ထဲသို့ နေလုံးကြီးက တဖြည်းဖြည်းချင်း နစ်ဝင်နေသည်။ ကောင်းကင်ပြာပြာပေါ်မှာ နေဝင်ဆည်းဆာ၏လွှမ်းမိုးမှုကြောင့် ပုစွန်ဆီရောင် တောက်နေသလို ရဲပြင်ပြာလဲ့လဲ့ပေါ်သို့လည်း ပုစွန်ဆီရောင်များက ဖိတ်ကျလျက်ရှိသည်။ တလှုပ်လှုပ်လှိုင်းကလေးများမှာ တဖျပ်ဖျပ်တလက်လက်..။

လွှမ်းမောစရာကောင်းလွန်းလှသည့် ကမ်းစပ်သောင်ပြင်သည် ဆော့ကစားနေသော ကလေးများ၊ လမ်းလျှောက်လေ့လာခံနေသူများ၊ နေဝင်ဆည်းဆာကို ရှုမြင်းခံစားနေသူများဖြင့် အသက်ဝင်နေသည်။

သောင်ပြင်ပေါ်သို့ တအိအိပြေးတက်လာသော လှိုင်းလုံးကလေးများနှင့် ထိလုထိခင် သောင်စပ်သဲပြင်ဖြူလွလွပေါ်မှာ ရပ်နေသော ခြေထောက်နှစ်စုံ ရှိနေ၏။ လူနှစ်ယောက်..။

အတိအကျဆိုရသော် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး။

ထို့ထက်ခိုင်မာသေချာစွာဖော်ပြရလျှင် အယ်ဒီတာစာရေးဆရာ ကိုနေသော်နှင့် ရှေ့နေမလေး မေစံရှားတို့ပင်တည်း။

သူတို့မျက်လုံးများက ဟိုးအဝေး နေဝင်ဆည်းဆာအလှဆီသို့ ငေးရီလျက်..။

သူတို့ရင်မှာ ပင်လယ်ပြင်ကို ဖြတ်သန်းလာသော လေနုအေးနှင့် အတူ အေးမြလန်းဆန်းလျက်..။

ကိုနေသော်က မေစံရှားကို မြတ်နိုးစွာငဲ့ကြည့်ပြီး ပြုံးလိုက်သည်ပြီးတော့ မေစံရှားညာလက်ဖဝါးနုနုကို သူ၏ဘယ်ဘက်ဖြင့် ဖွဖွညင်ညင် ဆုပ်ကိုင်လိုက်သည်။

မေစံရှားက ကိုနေသော်ကိုပြန်ကြည့်ပြီး ပြုံးပြသည်။ အပူအပင်ကင်းမဲ့သော အပြစ်မြူမတင်သည့် သန့်စင်သောအပြုံးက ကိုနေသော်ရင်ထဲသို့တိုင် စိမ့်ဝင်သွားသည်။

"ရှား.. ပျော်ရဲ့လား"

"ပျော်တာပေါ့"

"ကိုကိုလည်း ပျော်တယ်။ ရှားပါလို့"

"ရှားလည်း ကိုကိုပါလို့ ပျော်တာပေါ့"

အပြုံးချင်း ဖလှယ်မိကြ၏။

ကိုနေသော်က နောက်ပြန်လှည့်ကြည့်ရင်း..

"ဒေါ်လေးကြင်ကြင်တို့ ဘယ်ရောက်နေလဲ မသိဘူး"

ဟု ပြောသည်။

"မာလာလေးနဲ့ သောင်ပြင်မှာ လမ်းလျှောက်နေမှာပေါ့"

မေစံရှားက ပြန်ဖြေသည်။

ကိုနေသော်က မေစံရှား၏မျက်နှာကို ကြည့်မဝသလို တစိမ့်မက်မက် ကြည့်နေပြီးမှ လေပူတစ်ချက်မှုတ်ထုတ်ကာ..

"မာလာ့အမူမှာ ရှား တော့်တော့်ကို စိတ်ပန်းလူပန်းဖြစ်ခဲ့ရတယ်နော်"

ဟု ကြင်နာစွာ မြောလိုက်သည်။

မေစံရှားက ရှိမြဲအပြုံးဖြင့်..

"ကိုကိုလည်း ပင်ပန်းခဲ့တာပါပဲ။ ပင်ပန်းရုံမကဘူး။ ဖိုးတုတ်တို့လက်ထဲမှာ အသက်ပါမလိုတောင် ကြုံခဲ့ရတာနော်"

စာနာနားလည်မှုအပြည့်စကားကို ဆိုသည်။

"ဘာပဲပြောပြော သေနင်္ကျမ်းတဲ့ အတ္တကျားကြီးကို ကိုကိုတို့ ခြေလဲဖမ်းဆီးနိုင်ခဲ့တာ ဂုဏ်ယူရမှာပါပဲ"

"ကိုအောင်မင်းကိုလည်း ရှားကျေးဇူးတင်တယ် ကိုကို။ သူလည်း





အရမ်းပင်ပန်းခဲ့တာ။ သူ့အကူအညီနဲ့မို့ ရှားတို့ အနိုင်ရခဲ့တာ"

"ကိုကိုကျေနပ်ပိတိအဖြစ်ရဆုံးကတော့ မာလာလေး အကောင်းဟာတိုပြန်ဖြစ်လာတာကိုပဲ။ ဦးလေးဦးထွေးကလည်း အဲဒါကို ဝမ်းသာမဆုံးဖြစ်နေတာ။ မိဘမေတ္တာဆိုတာ ဒါပဲနော်"

"ဦးထွေးနဲ့မာလာတို့သားအဖဟာ ထင်းဖြစ်နေရာကနေ မှန်ကင်းဘဝကို ပြန်ရခဲ့တဲ့အတွက် ရှားတို့အဖို့ ဖော်မပြနိုင်တဲ့အကျိုးအမြတ်လို့ ဆိုရမှာပေါ့"

"ဒါကြောင့် သူတို့က ရှားနဲ့ကိုကို့ကို သိပ်ကျေးဇူးတင်နေတာ။ ဘယ်လိုကျေးဇူးဆပ်ရမလဲမသိဘူးလို့တောင် တဖွဖွပြောနေတာ"

"ရှားက အဲဒါကို ပြန်ပြောလိုက်တယ်လေ။ ဘာမှထပ်ပေးဖို့ မလိုပါဘူးလို့။ ရှားတို့ အများကြီးရပြီးပါပြီလို့လေ"

"သူတို့ရဲ့မေတ္တာတွေကို မဟုတ်လား"

"ဒါပေါ့"

"ကိုကိုကတော့ ဇာတ်သိမ်းပိုင်းကလေးကို ခုထိမြင်ယောင်နေသေးတယ် ရှားရယ်"

"ဘာလဲ ကိုကိုက ဝတ္ထုရေးဖို့ ခံစားမှုလေးကို သိမ်းထားမယ်ပေါ့။ ဟုတ်လား.."

"အဲဒီလိုပြောရင်လည်း ရတာပေါ့ ရှားရယ်။ ကိုကိုတို့ဘုရားရှင်ရဲ့ ဝမ္မအနှစ်က 'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား' ဆိုတာမဟုတ်လား။ မကောင်းမှုကိုဆောင်တဲ့ ဦးကျော်မြတ်တို့ ဇာတ်သိမ်းပိုင်းကို ကိုကို့မျက်စိထဲက မထွက်ဘူး။ ဦးထွေးအတွက် ရှားလျှောက်လဲချက်ပေးပြီး တရားရုံးက ထွက်လာတော့လေ"

❦ ❦ ❦ ❦ ❦

ထိုနေ့က..

တရားရုံးမှအထွက် မေစံရှားနှင့်ကိုနေသော်တို့ ဦးထွေး၊ မလှမြင့်နှင့် မာလာတို့ ဝန်းရံလိုက်ပါလာကာ မေစံရှား၏လျှောက်လဲမှုအား ကျေးဇူးစကား များပြောနေကြစဉ် ရှေ့သို့ ဦးကျော်မြတ် ဘွားခနဲရောက်လာသည်။ ဒေါ်ခင်ခင်ကြီးက ဦးကျော်မြတ်၏ဘေးမှာ..။

မေစံရှားတို့အားလုံး ဦးကျော်မြတ်ကို တအံ့တသြကြည့်လိုက်မိကြစဉ်..

အမှန်းရဲရဲတောက်သော မျက်လုံးများ၊ သံချောင်းလို ထောင်ထအောင်တင်းနေသော မေးရိုး၊ ဒေါသတွေနှင့်တဆတ်ဆတ်တုန်နေသောနှုတ်ခမ်း မှန်တိုင်းကျကောင်းကင်လို မည်းမှောင်နေသောမျက်နှာနှင့်..

အတ္တအစိုင်အခဲများကို ဖုံးမနိုင်ဖိမရဖြစ်လျက်..

မောဟကျင်စက်နှင့် အတို့ခံလိုက်ရသူပမာ..

ဦးကျော်မြတ်သည် မေစံရှားကိုရိုက်ရန် သူ၏လက်ကို ရွယ်မြှောက်လိုက်လေသည်။

သို့သော်..

လေထဲသို့မြောက်သွားသော ဦးကျော်မြတ်၏လက်သည် မေစံရှားထံသို့ ထိပါးစော်ကားသည်ထိ ရောက်ရှိမလာနိုင်ခဲ့။

'ချပ်' ခနဲအသံတစ်ခုနှင့်အတူ..

ရဲအုပ်အောင်မင်း၏ လက်ထိတ်ခတ်ခြင်းကို ခံလိုက်ရသည်။

ဦးကျော်မြတ်၏ ဒေါသမြားဦး လှည့်သွားသည်။

"ဟင်.. မင်း.. ဒါ.. ဒါ.. ဘာ.. ဘာလုပ်တာလဲ"

ရဲအုပ်အောင်မင်းက တည်ငြိမ်စွာပြုံးသည်။

"ဖမ်းတာလေ"

"ဘာကွ..။ ငါ့ကို ဘာထင်လို့လဲ။ ဘာကြောင့်ဖမ်းတာလဲ"

"အတိအကျဆုံးပြစ်မှုတွေကတော့ ရှေ့နေမလေးမေစံရှားကို လုပ်ကြံမှု၊ ရှေ့နေမလေးမေစံရှားရဲ့ချစ်သူ ကိုနေသော်ကို ပြန်ပေးဆွဲမှု၊ တရားရုံးရဲ့ တရားစီရင်မှုကို ထိပါးနှောင့်ယှက်မှုတွေပဲ"

"မင်းက ဘာသက်သေရှိလို့ ငါ့ကို ဒီလိုလာစွပ်စွဲနေတာလဲ"

"သက်သေ.. ဟုတ်လား။ အခိုင်အမာသက်သေတွေကို ရထားပါတယ်ဗျာ။ ခင်ဗျားတပည့် လမ်းမတော်ဖိုးတုတ်ကို ဖမ်းမိထားပြီလေ။ သူက





ထုတ်ဖော်အစစ်ခံခဲ့ပြီလေ"

"ဘာ.."

"ဖိုးတုတ်ကို ခင်ဗျားစေခိုင်းနေတာတွေသိလို့ ဖော်ထုတ်ရအောင် ဖိုးတုတ်တို့အဖွဲ့ထဲကို ကျွန်တော်က ကျွန်တော့်လူကို ထည့်ထားလိုက်တာလေ။ သူက ခင်ဗျား ဖိုးတုတ်ကိုခိုင်းတာတွေ အားလုံးမှတ်တမ်းပြုထားပြီဆိုတော့ ခင်ဗျားတပည့်ဖိုးတုတ် ဝန်မခံလို့လည်း မရတော့ဘူးပေါ့။ ဖိုးတုတ်ဝန်ခံတော့ ဖိုးတုတ်ရဲ့ဆရာကြီးခမျာလည်း ဟဲ.. ဟဲ.. ဘယ်ပြေးလို့ လွတ်တော့မှာလဲဗျာ"

ကိုနေသော်က ရဲအုပ်အောင်မင်းဘေးမှ ရဲတပ်ကြပ်လေးကို အံ့သြစွာလှမ်းကြည့်သည်။ ဖိုးတုတ်တို့အဖွဲ့ထဲက မောင်မဲ။ မိမိကို ကြိုးဖြင့်တုပ်စဉ်က တကယ်မတုပ်ဘဲ ဟန်ပြသာ ကြိုးဖြင့်ချည်ထားခဲ့သူ။

ဦးကျော်မြတ် ဇက်ကျိုးကျသွားသည်။

"အို.. မလုပ်နဲ့.. အဲဒီလိုမလုပ်နဲ့"

ဒေါ်ခင်ခင်ကြီးက ရဲအုပ်အောင်မင်းစကားများကို အံ့သြမှင်တက်မိနေရာမှ သတိဝင်လာပြီး ဦးကျော်မြတ်ကိုခတ်လိုက်သော လက်ထိတ်အားဝင်ဆွဲရင်း တားသည်။

ထိုခဏ၌ပင်..

နောက်ထပ် ချပ်ခနဲအသံတစ်ခု ပေါ်ထွက်လာပြန်၏။

"ဟင်.. နင်.. နင်တို့.."

ဒေါ်ခင်ခင်ကြီး မျက်လုံးများပြူးကျယ်သွား၏။ အထိတ်တလန့် သွေးဆုတ်ဖြူရော်သွားသောမျက်နှာ..

ရဲတပ်ကြပ်ကြီးအုန်းသန်းက ဒေါ်ခင်ခင်ကြီး၏လက်ကို လက်ထိတ်ခတ်လိုက်ခြင်းပင်ဖြစ်၏။

ရဲအုပ်အောင်မင်းက ပြတ်သားစွာဝင်ပြောလိုက်သည်။

"ရာဇာ့ကို သတ်မှုနဲ့ ဖမ်းတာပါ ဒေါ်ခင်ခင်ကြီး။ ကဲ.. ရဲစခန်းကို လိုက်ခဲ့ကြပါ"

❦ ❦ ❦

"သဘာဝစကားနဲ့ ပြောရရင်တော့ ကိုယ်စိုက်ပျိုးတာ ကိုယ်ရိတ်သိမ်းရတာပဲပေါ့ ကိုကိုရယ်။ ဓမ္မစကားနဲ့ ပြောရရင်တော့ ကိုယ်ပြုသည့်ကံ ပဲ့တင်သံ ကိုယ့်ထံပြန်လာတာပဲပေါ့"

"မှန်တာပေါ့ ရှားရယ်။ လူတွေကိုထိန်းကျောင်းပေးနေတဲ့ ဥပဒေစည်းကမ်းဘောင်ကိုကျော်ရင် ဥပဒေက အပြစ်ပေးမှာဖြစ်သလို တရားဓမ္မက် ကျော်လွန်ဖောက်ဖျက်ရင်လည်း လောကက အပြစ်ပေးမှာပဲ။ ကိုကိုတို့ သတိနဲ့ နေကြဖို့ လိုတာပေါ့"

ကိုနေသော်က မေစံရှား၏လက်ကလေးကို ပိုမိုနွေးထွေးစွာ ဆုပ်လိုက်ပြီး ရင်ဘတ်ဆီသို့ ဆွဲယူကပ်ထားလိုက်ကာ မေစံရှား၏မျက်နှာကို လေးစားအထင်ကြီးစွာ စိုက်ကြည့်နေသည်။ မေစံရှားက ပြန်မော့ကြည့်ရင်း နားမလည်ဟန်ဖြင့်..

"ကိုကို ဘာလို့စိုက်ကြည့်နေတာလဲ"

မေးသည်။

"ချစ်လို့.. အဲ.. အဲဒါတင် မဟုတ်သေးဘူး။ လေးစားလို့..။ အို.. အဲဒါလည်း မပြည့်စုံသေးဘူး။ ကြည်ညိုလို့"

"ဟောတော်.. ကိုကို ဘာတွေလျှောက်ပြောနေမှန်တာတုံး"

"ရင်ထဲရှိတာ ပြောတာ။ အသည်းနှလုံးထဲရှိတာ ပြောတာ"

"ဘာဖြစ်လို့အဲဒီလောက်သည်းသည်းလှုပ်ဖြစ်ရတာလဲ ကိုကိုရဲ့"

"ဦးထွေးအမှုနဲ့ပတ်သက်ပြီး ရှားလျှောက်လဲခဲ့တဲ့ စကားတွေအတွက် ချစ်ခင်မြတ်နိုး လေးစားကြည်ညိုမဆုံးလို့ပါ ရှားရယ်"

"ကိုကိုကတော့ ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြန်ပြီ။ ကိုကိုမြှောက်တာနဲ့ ရှား လေထဲမြောက်တက်ပြီး ကောင်းကင်ပေါ်ရောက်သွားတော့မှာပဲ"

မေစံရှားက ပြောပြီး ရယ်နေသည်။

ကိုနေသော်ကမူ မရယ်ဘဲ မေစံရှားကို ရင်ခွင်တွင်း ဆွဲသွင်းလိုက်သည်။

"အို.. ကိုကို.. လူတွေနဲ့"

ဟူသော မေစံရှား၏ ရှက်ရွံ့စွာငြင်းဆန်ရုန်းကန်မှုကို အလျှော့မပေးဘဲ တင်းတင်းတိုး၍ ပွေ့ဖက်ထားလိုက်သည်။

"ထောင်တန်တဲ့စကား ရယ်ပေါ့သတဲ့။ ကိုကို ရယ်စရာပြောတာ မဟုတ်ဘူး။ မြှောက်ပြောတာလည်း မဟုတ်ဘူး။ တရားရုံးမှာ ရှားနောက်ဆုံး





တင်ပြလျှောက်လဲခဲ့တာတွေ ကိုကို့ရင်ထဲ၊ အသည်းနှလုံးထဲမှာ စွဲနေတယ်။ ကိုကို ဒီဝတ္ထုကိုရေးရင် အဲဒီစကားတွေကို တစ်လုံးတစ်ပါဒမကျန်အောင် စာဖတ်သူကို ရေးပြီးတင်ပြမယ်။ ရှားရဲ့လျှောက်လဲချက်တွေဟာ တရားခွင်တစ်ခုသာ ကြားနာခဲ့ရတာမဟုတ်ဘဲ စာဖတ်ဖရိသတ်များအားလုံး၊ ဖြစ်နိုင်ရင် လောကကြီးတစ်ခုလုံး ကြားနာစေချင်တယ်။ ဖန်ဖန်တလဲလဲ နားဆင်သုံးသပ်ကြစေချင်တယ် ရှားရယ်"

❦ ❦ ❦ ❦ ❦

ဦးထွေးအား ပြင်းထန်စွာနာကျင်စေမှုဖြင့် တရားစွဲဆိုခဲ့မှုများအား မေစံရှားက တရားခွင်တွင် နောက်ဆုံးထုချေတင်ပြလျှောက်လဲခဲ့သည်။ မေစံရှား၏ ပင်ကိုအရည်အသွေးအတိုင်း ရင်နှင့်ခံစား၍ ကျိုးကြောင်းကျန်စွာ ပြီသသ၊ ကြည်ကြည်မြမြ လျှောက်လဲခဲ့သော စကားများမှာ တရားခွင်တွင် နှစ်ပေါင်းများစွာပဲ့တင်ကျန်ခဲ့မည်ဟု ဆိုချင်ပါသည်။

မေစံရှားသည် တရားသူကြီးအား အရှိအသေပေးလိုက်သည်။

"လေးစားအပ်ပါသော ပညာရှိတရားသူကြီးမင်းရှင့်..။ မြန်မာစကားမှာ ကြားနာရခက်ခဲတဲ့စကားကိုပြောရင် 'နားနဲ့မနာ ဖဝါးနဲ့နာပါ' လို့ စကားပလ္လင်ခံလေ့ရှိပါတယ်။ ယခု ကျွန်မတင်ပြလျှောက်လဲမယ့်စကားများကို 'နားနဲ့မနာ နှလုံးသားနဲ့နာပေးပါ' လို့ ဦးစွာပထမ လေးစားစွာ မေတ္တာရပ်ခံပန်ကြားလိုပါတယ်။

တရားဥပဒေဆိုတာဟာ ပြစ်မှုကျူးလွန်သူကို အပြစ်ပေးရုံမျှသာ ကဒိပ္ပာယ်ရှိတာ မဟုတ်ပါဘူး။ ပြစ်မှုမကျူးလွန်အောင် ကြိုတင်ကာကွယ်တားဆီးနိုင်ခြင်းကသာ တရားဥပဒေရဲ့အနှစ်သာရလို့ ကျွန်မခံယူပါတယ်။ တစ်နည်းအားဖြင့် တရားဥပဒေဆိုတာ လောကကြီးကို အကျည်းတန်တဲ့ ပြစ်မှုဖြစ်ရပ်တွေက ကာကွယ်ပြီး အပြစ်ကင်း လှပတဲ့ လောကကြီးဖြစ်အောင် လုပ်ပေးဖို့ တာဝန်ရှိတယ်လို့လည်း ကျွန်မမြင်ပါတယ်။

ကျွန်မတို့မြတ်စွာဘုရားရှင်ရဲ့ တရားဓမ္မသဘောအရလည်းကောင်း၊

လောကသဘာဝအရလည်းကောင်း ဓမ္မဓိဋ္ဌာန်ကျတဲ့စကားကို ပြောရရင် အကြောင်းကြောင့်အကျိုးဖြစ်ရတယ်ဆိုတာ တရားသူကြီးမင်း နားလည်လက်ခံပြီး ဖြစ်ပါလိမ့်မယ်။

ယခုအမှုမှာ ကျွန်မရဲ့အမှုသည် ဦးထွေးဟာ ပြင်းထန်စွာနာကျင်စေမှုနဲ့ စွဲချက်တင်ခံရတာ ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မရဲ့ဦးထွေးဟာ 'အပြစ်မထိုက်ဘူး' လို့ ကျွန်မ ရဲရဲဝံ့ဝံ့၊ ခိုင်ခိုင်မာမာ တင်ပြလျှောက်လဲချင်ပါတယ်။

တရားသူကြီးမင်းရှင့်..

ဒီအမှုရဲ့ဖြစ်စဉ်ကို ကျွန်မ အကျဉ်းချုပ် ပြန်သုံးသပ်ပြပြီး တင်ပြပါမယ်။

ကျွန်မအမှုသည် ဦးထွေးရဲ့ တစ်ဦးတည်းသောသမီးငယ် မာလာဟာ ကျူရှင်ကအပြန်မှာ လူငယ်တစ်ယောက်ရဲ့ မတရားဖမ်းဆီးခေါ်ဆောင် အဓမ္မပြုခြင်းကို ခံလိုက်ရပါတယ်။ အဲဒီကျူးလွန်စော်ကားသူဟာ အဓမ္မပြုကျင့်ရုံမကဘူး။ အမှုပေါ်မှာစိုးတဲ့အတွက် မာလာ့ကို နှုတ်ပိတ်တဲ့အနေနဲ့ ခေါင်းကို သံတုတ်နဲ့ အကြိမ်များစွာထုပြီး သတ်ဖြတ်ခဲ့ပါတယ်။ ပြီးတော့ လူသူမနီးတဲ့ နေရာတစ်ခုမှာ သွားရောက်စွန့်ပစ်ခဲ့ပါတယ်။ ကံကောင်းလို့ မာလာဟာ အသက်မသေဘဲ သေတွင်းကလွတ်ခဲ့ပေမယ့် အသံမဲ့၊ စကားမပြောနိုင်တဲ့ ဒုက္ခိတမလေး ဖြစ်သွားခဲ့ရပါတယ်။ ဒီအဖြစ်မှာ အားနည်းနွမ်းပါးလှတဲ့ ဖခင်ဖြစ်သူ ဦးထွေးဟာ တရားရုံးသည်သာ တစ်ခုတည်းသော အားကိုးအားထားပြုရာဆိုပြီး အပြစ်ကျူးလွန်သူကို အရေးယူပေးဖို့ ဦးတိုက်လျှောက်ထားခဲ့ပါတယ်။ ဒီတရားရုံးမှာပါပဲ..။

ဒါပေမဲ့ ဒီအမှုကိုကြားနာစစ်ဆေးပြီးတဲ့အခါ တရားရုံးက ပြစ်မှုကျူးလွန်သူ ရဲကောင်းမြတ်ကို အပြစ်မပေးနိုင်ခဲ့ဘဲ အမှုကနေ ကွင်းလုံးကျွတ်လွှတ်ခဲ့ပါတယ်။ ဒါဟာ အပြစ်ရှိသူကို ထိုက်တန်တဲ့ပြစ်ဒဏ် မချပေးခဲ့ဘဲ မကောင်းမှုပြုသူကို ထပ်မံပြီး မကောင်းမှုပြုဖို့ အားပေးထောက်ခံသလို ဖြစ်ခဲ့ရပါတယ်။ သမီးကလေး အဖြစ်ဆိုးနဲ့ကြုံခဲ့ရလို့ ရင်ထုမနာဖြစ်နေရတဲ့ ဖခင်ကြီး ဦးထွေးဟာ တရားရုံးရဲ့စီရင်ချက်ကြောင့် နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းဆိုသလို မချိတင်ကဲ ဖြေမဆည်နိုင် ဖြစ်ခဲ့ရပါတယ်။ ဒီလိုခံစားရတာကို တရားခွင်မှာ အဲဒီနေ့က ရိုက်ကူးထားခဲ့တဲ့ ဗီစီဒီမှတ်တမ်း ဖွင့်ပြပြီးဖြစ်ပါတယ်။

အဲဒီလို ယူကျုံးမရဖြစ်နေတဲ့ ဖခင်ကို တရားခွင်မှာ အနိုင်ရခဲ့တဲ့ ရဲကောင်းမြတ်က အမှုအရာနဲ့၊ စကားလုံးနဲ့ စော်ကားခဲ့ပြန်ပါတယ်။ ဒါကြောင့်





မတရားခံခဲ့ရတဲ့ မာလာလေးရဲ့ဖခင် ဦးထွေးဟာ သွေးစိမ်းရှင်ရှင်ထွက်နေတဲ့ နှလုံးသားကို ဓားဦးနဲ့ထိုးဆွတာ ခံလိုက်ရသလိုဖြစ်ပြီး သတိလက်လွတ်နဲ့ ရဲကောင်းမြတ်ကို လည်ပင်းညှစ်၊ ထုရိုက်တာ ဖြစ်သွားခဲ့ရပါတယ်။ ဒါဟာ ဖြစ်စဉ်ပါ..။

ဒီအပေါ်မှာ ကျွန်မ ပြန်လည်သုံးသပ်ပြီး ကျွန်မရဲ့အမှုသည်မှာ အပြစ်မရှိကြောင်း အချက်နှစ်ချက်နဲ့ တင်ပြလျှောက်လဲလိုပါတယ်။

နံပါတ် (၁) က ကျွန်မရဲ့အမှုသည် ဦးထွေးမှာ အပြစ်မရှိပါ။

ဒါကို ပေါ်လွင်ထင်ရှားအောင် ကျွန်မပြပါ့မယ်။ အစမှာ ကျွန်မတင်ပြခဲ့သလို အကြောင်းကြောင့် အကျိုးဖြစ်ရတာပါ။ ကြားဖြတ်တင်ပြလိုတာက အဲဒီအမှုကို အထက်ရုံးကို ဆက်လက်အယူခံတင်ပြခဲ့ရာမှာ တိုင်းတရားရုံးက ကြားနာစစ်ဆေးခဲ့ပြီး ကျူးလွန်သူရဲကောင်းမြတ်ဟာ အဓမ္မပြုကျင့်မှုနဲ့ အသက်သေအောင်အားထုတ်ပြီး ပြင်းထန်စွာနာကျင်စေမှု ထင်ရှားလို့ ခိုင်မာတဲ့ ပြစ်ဒဏ်ကို ယမန်နေ့ကပဲ တိုင်းတရားရုံးရဲ့ စီရင်ချက်အမှတ် (..၊..၊၂၀၀၇) နဲ့ ချမှတ်စီရင်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီစီရင်ချက်မိတ္တူကိုလည်း တရားသူကြီးကို တင်ပြပါတယ်။

ကျွန်မစကားကို ပြန်ကောက်ပါမယ်။ အကယ်၍ ယခုတရားရုံးကသာ ကျူးလွန်သူ ရဲကောင်းမြတ်ကို ထိုက်တန်တဲ့ပြစ်ဒဏ် ချမှတ်ပေးနိုင်ခဲ့မယ်ဆိုရင် မကောင်းမှုကျူးလွန်သူ ရဲကောင်းမြတ်ဟာလည်း သူ့ရဲ့ကျူးလွန်မှုကို နောင်တရသွားမှာဖြစ်ပြီး ကျူးလွန်ခံရသူ ကာယကံရှင်မိသားစုဟာလည်း ဖြေသိမ့်ရာရခဲ့မှာ အမှန်ပဲဖြစ်ပါတယ်။ အခုလို ဦးထွေးက ရဲကောင်းမြတ်ကို ပြုမူခဲ့တဲ့ အကျည်းတန်ဖြစ်ရပ် ထပ်မံပေါ်ပေါက်လာမှာ မဟုတ်တာလည်း မြေကြီးလက်ခတ်မလွဲ သေချာလှပါတယ်။

နံပါတ် (၂) အနေနဲ့ တရားသူကြီးမင်းနဲ့ တရားရုံးတော်က စဉ်းစားဆင်ခြင်ပေးဖို့ကတော့ ကျွန်မရဲ့အမှုသည်ဟာ ဒီဖြစ်ရပ်မှာ စိတ်ပေါ့သွပ်သူရဲ့ ပြုလုပ်မှုမျှသာဖြစ်တဲ့အတွက် ပြစ်မှုမမြောက်ကြောင်း ဖြစ်ပါတယ်။ ရာဇသတ်ကြီးပုဒ်မ (၈၄) မှာ 'စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုသော်လည်းကောင်း၊ မတော်မမှန်သည်ကိုသော်လည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်' လို့ ပြဆိုထားပါတယ်။

ကျွန်မ ရှင်းလင်းတင်ပြ လျှောက်လဲပါရစေ..။

စိတ်ပေါ့သွပ်မှု၊ ရူးသွပ်မှုဆိုတာ အသိဉာဏ်ပျောက်ဆုံးမှုဖြစ်ပါတယ်။ အမှား အမှန်၊ တရားမျှတ မမျှတ၊ သင့် မသင့်ဆိုတဲ့ ပင်ကိုအသိ ရှိနေတဲ့သူဟာ ရူးသွပ်သူဖဟုတ်ဘဲ အဲဒီအသိပျောက်ဆုံးနေသူဟာ ရူးသွပ်သူဖြစ်တယ်လို့ ဆိုချင်ပါတယ်။

ကျွန်မရဲ့အမှုသည် ဦးထွေးဟာ သမီးလေးရဲ့ ရင်နာစရာအဖြစ်ကို တရားရုံးက မစာမနာ၊ မညာမတာ အပြစ်ကျူးလွန်သူကို လွတ်စေလို့ အမိန့်ခု မှတ်မှုကြောင့် ရင်ထဲမှာ နာကျင်မှုကလွဲပြီး ဘာမှမသိတဲ့အချိန် ပြစ်မှုကျူးလွန်ခဲ့သူက အမှုအရာ၊ စကားလုံးတွေနဲ့ စော်ကားတာ ခံလိုက်ရတဲ့အခါ..

အဲဒီအချိန်ကလေး..

အဲဒီအခိုက်အတန့်ကလေးမှာ..

အမှား၊အမှန်၊ တရားမျှတ,မမျှတ၊ သင့်,မသင့်၊ ဥပဒေနဲ့ ညီ, မညီ စတဲ့အသိတရားတွေ လုံးဝပျောက်ဆုံးပြီး သူ့မျက်စိထဲမှာ အမှောင်၊ သူ့ရင်ထဲမှာ ဟင်းလင်းပြင် ဖြစ်သွားခဲ့ရပါတယ်။ အဲဒါကို အဓိပ္ပာယ်ဖွင့်ရရင် အဲဒီတဒင်္ဂလေးမှာ ကျွန်မရဲ့အမှုသည် ဦးထွေးဟာ ရူးသွပ်သွားခဲ့ပါတယ်။ အမှန်ကို ရူးသွပ်သွားခဲ့တာပါ။ အသေအချာကို ရူးသွပ်သွားခဲ့တာပါ။

ဒါကို ပိုမိုရှင်းလင်းသိသာအောင် ကျွန်မဥပမာပြပါမယ်။ ဖြစ်ရပ်တစ်ခုကို စဉ်းစားရာမှာ အဲဒီအချိန်၊ အဲဒီကာလ၊ အဲဒီပြုလုပ်သူရဲ့နေရာကို ဝင်ကြည့်မှသာ အမှန်တရားကို အနီးစပ်ဆုံးရမယ်လို့ ကျွန်မထင်ပါတယ်။ ကိုယ်ချင်းစာနာကြည့်ရမယ်ဆိုတဲ့ စကားလုံး သုံးနိုင်ပါတယ်။ ကဲ.. တရားသူကြီးမင်းနဲ့တကွ တရားလိုအကျိုးဆောင်ကြီး၊ ကြွရောက်လာတဲ့ပရိသတ်များအားလုံး ခေတ္တခဏ မျှ မျက်လုံးကလေးတွေ မှိတ်ထားပေးကြပါ။ မိမိခေါင်းထဲမှာရှိနေတဲ့ အသိပညာတွေ၊ မိမိရင်ထဲမှာရှိနေတဲ့ တံခြားခံစားမှုတွေ အားလုံးကို ခေတ္တမျှ ဖယ်ထားပေးပါ။ ပြီးရင် ကျွန်မတို့ ဒီဖြစ်ရပ်ကို နှလုံးသားနဲ့ နာကြားကြည့်ရအောင်ပါ။

တရားသူကြီးမင်းရဲ့ သမီးလေး..

တရားလိုအကျိုးဆောင်ကြီးရဲ့ သမီးလေး..

ပရိသတ်ကြီးရဲ့ သမီးလေး..

ကျွန်မရဲ့ သမီးလေး..

အဲဒီ ချစ်လှစွာသောသမီးကလေးကို တစ်စုံတစ်ယောက်က အဝမ္မပြုကျင့်တာ ခံရမယ်။ ပြီးတော့ နှုတ်ပိတ်တဲ့အနေနဲ့ အသေသတ်ခဲ့တဲ့အခါမှာ ကံသီလို့ မသေပေမယ့် အသိဉာဏ်မဲ့၊ စကားဆွံ့အ၊ ခန္ဓာကိုယ်မသန်စွမ်းတဲ့





ဒုက္ခိတမ, ကလေး ဖြစ်သွားမယ်။ ကျူးလွန်စော်ကားသူက မိမိတို့ရှေ့ကိုလာပြီး အမှုအရာနဲ့၊ စကားလုံးနဲ့ ထိပါးစော်ကားမယ်ဆိုရင်..

အဲဒီအချိန်ကလေး..

အဲဒီအခိုက်အတန့်ကလေးမှာ..

ဖခင်ဖြစ်တဲ့ တရားသူကြီးမင်း၊ တရားလိုအကျိုးဆောင်ရှေ့နေ ကြီး၊ ပရိသတ်ကြီးနဲ့ ကျွန်မတို့ရင်ထဲမှာ ဘယ်လိုခံစားရပါ့မလဲ။ မှားတာ မှန်တာ၊ သင့်တာ မသင့်တာ၊ မျှတတာ မမျှတတာ၊ ဥပဒေနဲ့ ညီတာ မညီတာ အဲဒီအချိန်မှာ တွေးတောဆင်ခြင်နိုင်ကြပါ့မလား။ အသိတွေ ရှိနေပါဦးမလား။ ရူးသွပ်မသွားဘူးလား.. ။

နှလုံးသားချင်း ချိန်ထိုးစာနာပေးပါ.. ။

ခံစားပေးပါ.. ။

နားလည်ပေးပါ.. ။

ကျွန်မ တောင်းပန်ပါတယ်။

ကျွန်မ ပန်ကြားအပ်ပါတယ်။

ကျွန်မ မေတ္တာရပ်ခံပါတယ်။

အဲဒါဆိုရင် ကျွန်မလိုပဲ ကျွန်မရဲ့အမှုသည် ဦးထွေးမှာ အပြစ်မရှိဘူးဆိုတာ အမှန်ကို အမှန်အတိုင်း သိမြင်လာကြမယ် ထင်ပါတယ်။

ကျွန်မ ထပ်ပြောပါရစေ။ ကျွန်မရဲ့အမှုသည် ဦးထွေးမှာ အပြစ်မရှိပါဘူး။ ကျွန်မရဲ့အမှုသည် ဦးထွေးမှာ အပြစ်မရှိပါဘူး။ ကျွန်မရဲ့အမှုသည် ဦးထွေးမှာ အပြစ်မရှိပါဘူး။ ဟောဒီ ကျွန်မရဲ့ပါးပြင်ပေါ်ကျလာတဲ့ မျက်ရည်တွေကို သက်သေပြုပြီး ကျွန်မ တင်ပြအပ်ပါတယ်။

ကျွန်မရဲ့လျှောက်လဲတင်ပြချက်ကို 'နားနဲ့မနာ နှလုံးသားနဲ့ နာပေးကြပါ.. ။

နားနဲ့မနာ နှလုံးသားနဲ့နာပြီး ဆင်ခြင်သုံးသပ်ပေးကြပါ.. ။

နားနဲ့မနာ နှလုံးသားနဲ့နာပြီး စီရင်ဆုံးဖြတ်ပေးကြပါလို့ ကျွန်မ အနှေးအညွတ် ပန်ကြားတောင်းပန်ပါတယ်ရှင့်''

❖

နေဖိုးသော်